အောင်မြင်မှုလမ်းကြောင်း —

ဒစ်ဂျစ်တယ်နည်းပညာခေတ်တွင် အမျိုးသမီးပိုင် စီးပွားရေးလုပ်ငန်းများ မည်သို့ အသွင်ကူးပြောင်းကြသနည်း။

အင်ဒိုနီးရှား၊ ကမ္ဘောဒီးယား၊ မလေးရှားနှင့် မြန်မာနိုင်ငံတို့နှင့်ပတ်သက်သော လေ့လာမှုများ

woomentum

KONRAD ADENAUER STIFTUNG

သက်ဆိုင်မှုမရှိကြောင်းငြင်းဆိုချက်

ပါဝင်သောအကြောင်းအရာများသည် အယ်ဒီတာအဖွဲ့၊ Woomentum နှင့် Konrad-Adenauer-Stiftung တို့၏ ထင်မြင်ယူဆချက်များနှင့် ပတ်သက်သော ထင်ဟပ်မှုရှိရန် မလိုအပ်ပေ။ ထို့ကြောင့် အကြောင်းအရာများနှင့် ပတ်သက်သော ထင်မြင်ယူဆချက်များသည် စာရေးသူများမှအပ အခြားမည်သည့် အဖွဲ့အစည်းကိုမျှ ထင်ဟပ်မည် မဟုတ်ပေ။ မိမိတို့သည် စဉ်းစားချင့်ချိန်ဉာဏ်ရှိသော လူသားများဖြစ်သောကြောင့် ထိုအမြင်များနှင့်ပတ်သက်ပြီး ပြောင်းလဲရန်၊ ပြင်ဆင်ရန်နှင့် ပြန်လည်သုံးသပ်ရန်တို့အတွက် ဆောင်ရွက်နိုင်သည်။

Konrad-Adenauer-Stiftung နှင့် ပတ်သက်သော အကြောင်းအရာများ

လွတ်လပ်မှု၊ တရားမျှတမှုနှင့် စည်းလုံးညီညွတ်မှုတို့သည် Konrad-Adenauer-Stiftung(KAS) ၏ အခြေခံ စည်းမျဉ်းများ ဖြစ်သည်။ KAS သည် ဂျာမနီခရိယာန်ဒီမိုကရက်တစ်ပြည်ထောင်စု (CDU) ဖြင့် အနီးကပ်ဆက်စပ် နေသော နိုင်ငံရေးအဖွဲ့အစည်းတစ်ရပ် ဖြစ်သည်။ CDU ၏ တွဲဖက်တည်ထောင်သူနှင့် ဂျာမနီဖက်ဒရယ်သမ္မတ နိုင်ငံ၏ အကြီးအကဲအဖြစ် Konrad Adenauer (1876- 1967) သည် ခရိယာန်လူမှုရေး၊ ကွန်ဆာဗေးတစ်ပါတီနှင့် လစ်ဘရယ်ပါတီတို့၏ ထုံးတမ်းအစဉ်အလာများနှင့် ပတ်သက်ပြီး လိုက်နာကျင့်သုံးခဲ့သည်။

၎င်း၏ အမည်သည် ဂျာမနီ၏ ဒီမိုကရက်တစ်ပြန်လည်ထူထောင်မှုဟူသော အနက်နှင့်တူပြီး နိုင်ငံခြားရေးရာ မူဝါဒများ၊ ပေါင်းစည်းထားသော ဥရောပဆိုင်ရာအမြင်များနှင့် လူမှုဈေးကွက်စီးပွားရေးဆီသို့ ဦးတည်မှုများနှင့် ပတ်သက်ပြီး ညှိနှိုင်းဆောင်ရွက်ထားသည်။ ၎င်းသည် မိမိတို့၏ ရည်ရွယ်ချက်နှင့် တာဝန်နှစ်မျိုးလုံးနှင့်ပတ်သက်ပြီး ၎င်း၏ အသိဉာဏ်ပညာအမွေအနှစ်ကို အသုံးပြုကာ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ မိမိတို့သည် ဥရောပနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကြိုးပမ်းမှုများဖြင့် လူသားများအား လွတ်လပ်ပြီး ဂုဏ်သိက္ခာရှိစွာ နေထိုင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသည်။ မိမိတို့သည် ဂျာမနီနိုင်ငံအား ၎င်း၏ နိုင်ငံ့တာဝန်များနှင့် ပတ်သက်ပြီး ဆောင်ရွက်နိုင်ရန်လည်း ပံ့ပိုးကူညီပေးလျက်ရှိသည်။

© COPYRIGHT 2020

Woomentum, Singapore Office
21 Woodlands Close
#08-44
Primz Bizhub
Singapore (737854)
Website: http://woomentum.com
Facebook: www.facebook.com/Woomentum

Konrad-Adenauer-Stiftung, Japan Office
OAG-Haus 4F
7-5-56 Akasaka, Minato-ku
Tokyo, 107-0052 Japan
Website : http://www.kas.de/japan/en
Facebook : https://www.facebook.com/KAS.Japan

ယခုစာအုပ်ကို အောက်ပါအတိုင်း အမည်ပေးပါ။
KAS et al.(2020) အောင်မြင်မှုလမ်းကြောင်း–ဒစ်ဂျစ်တယ်နည်းပညာခေတ်တွင် အမျိုးသမီးပိုင်စီးပွားရေး လုပ်ငန်းများ မည်သို့ အသွင်ကူးပြောင်းကြသနည်း။ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယား၊ မလေးရှားနှင့် မြန်မာနိုင်ငံတို့နှင့် ပတ်သက်သော လေ့လာမှုများ Myanmar, KAS Publishing, Berlin

ISBN 978-4-9906899-8-8

Woomentum မှ စကားချီး

Mouna Aouri

ဒစ်ဂျစ်တယ်နည်းပညာများသည် မိမိတို့၏ နေထိုင်မှု၊ အလုပ်အကိုင်၊ တီထွင်ဖန်တီးမှုများနှင့် ပတ်သက်သော နည်းလမ်းများကို အခြေခံကျစွာ ပြောင်းလဲပေးသည်။ ဒစ်ဂျစ်တယ်နည်းပညာသည် ကဏ္ဍတိုင်းနှင့် ပတ်သက်ပြီး အကျိုးသက်ရောက်မှုရှိစေကာ လုပ်ငန်းတိုးတက်မှုအတွက်တံခါးအသစ်များကို ဖွင့်လှစ်ပေးရုံမျှမက ၂၁ ရာစုတွင် လုပ်ငန်းဆောင်ရွက်သော အခြေခံနည်းလမ်းများကို အသွင်ကူးပြောင်းပေးသည်။ COVID-19 ကြောင့် ဒစ်ဂျစ်တယ်နည်းပညာ အသုံးပြုမှုများကို ပိုမိုစိတ်ဝင်စားလာကြပြီး လက်ခံကျင့်သုံးမှုနှုန်းလည်း တိုးတက်လာခဲ့သည်။

ဒစ်ဂျစ်တယ်နည်းပညာ အသုံးပြုမှုနှင့်ပတ်သက်သည့် အဆုံးမရှိသော ဖြစ်နိုင်ခြေရှိသည့် အလားအလာများသည် နည်းပညာအသွင်ကူးပြောင်းမှုခရီးကို မည်သည့်နေရာမှ စတင်ရန် သေချာမှုမရှိသော လုပ်ငန်းငယ်များအတွက် စိန်ခေါ်မှုများဖြစ်သည်။ မိမိတို့သည် မည်သည့် မဟာဗျူဟာကို လက်ခံကျင့်သုံးသင့်သနည်း။ ထိုမဟာဗျူဟာနှင့် ပတ်သက်ပြီး မည်သို့သင်ယူရမည်နည်း။ ထိုမဟာဗျူဟာကို အကောင်အထည်ဖော်နိုင်ရန် မည်သူက ကူညီမည်နည်း။ မိမိအသုံးပြုလိုသော နည်းပညာကို ရရှိနိုင်ပါသလား။ မရရှိနိုင်ပါက မိမိ၏ ပြည်တွင်းတွင် မိမိ၏ဘတ်ဂျက်ဖြင့် တတ်နိုင်သော နည်းပညာများ ရှိပါသလား။ နည်းပညာအသစ်ကို အသုံးပြုနိုင်ရန်အတွက်ဗဟုသုတ၊ ပွင့်လင်းသော အတွေးအခေါ်နှင့် ရေရှည်တည်တံ့သော အခြေခံအဆောက်အအုံများ လိုအပ်သည်။ ၎င်းတို့သည် လုပ်ငန်းများအောင်မြင်စေရန် အရေးကြီးသော ပါဝင်ပတ်သက်သူများအနေဖြင့် အဆိုပါမေးခွန်းများကို ဖြေဆိုရန်နှင့် အကြံပြုချက်များ စီစဉ်ပေးရန်တို့အတွက် ကြိုးပမ်းထားသော ထိုသုတေသန၏ဦးတည်ချက် ဖြစ်သည်။

ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုခြင်းသည် အဘယ်ကြောင့် အလွန်အရေးကြီးသနည်း။ ထိုနည်းပညာကို အသုံးပြုခြင်းသည် လိုအပ်ချက်တစ်ရပ် သို့မဟုတ် အပိုဈေးချယ်မှုတစ်ရပ် ဖြစ်ပါသလား။ ထိုမေးခွန်းများသည် ဖြေကြားသူများနှင့် အသိုက်အဝန်းများ၏ အဖွဲ့ဝင်များထံမှ မကြာခဏ ကြားရသော မေးခွန်းများ ဖြစ်သည်။ အရှေ့တောင်အာရှ၏ ဒစ်ဂျစ်တယ်စီးပွားရေးသည် ၂၀၂၅တွင် အမေရိကန်ဒေါ်လာ ၃၀၀ ဘီလီယံခန့်အထိ ရှိလာနိုင်သည်ဟု ခန့်မှန်းရသည်။ အမျိုးသမီးလုပ်ငန်းရှင်များသည် ၎င်းတို့၏ လုပ်ငန်းများနှင့် သင့်လျော်မှုရှိရန်၊ လိုအပ်သော ဆောင်ရွက်မှုများကို ပြင်ဆင်ထားရန်နှင့် တိုးတက်မှုရှိရန်တို့နှင့်ပတ်သက်ပြီး ကြိုတင်စီစဉ်ဆောင်ရွက်ထားခြင်းဖြင့် ဒစ်ဂျစ်တယ်စီးပွားရေး၏ တစ်စိတ်တစ်ပိုင်းဖြစ်စေရန် စိတ်ခါတ်ရေးရာအရလည်း ပြင်ဆင်ထားသင့်သည်။ မိမိတို့သာလျှင်မက မိမိတို့၏ မိသားစုများ၊ အသိုက်အဝန်းများနှင့် လူမှုအသိုက်အဝန်းတို့ကို လုပ်ပိုင်ခွင့်ပေးခြင်းဖြင့် ဒစ်ဂျစ်တယ်နည်းပညာတော်လှန်ရေးသည် ရေရှည်တွင် ကျားမဆိုင်ရာ စိန်ခေါ်မှုများကို ကျော်လွှားရန်အတွက် အမျိုးသမီးလုပ်ငန်းရှင်များကို ကူညီနိုင်ကြောင်း ခိုင်မာစွာ ယုံကြည်ထားသည်။

အမျိုးသမီးလုပ်ငန်းရှင်များသည် ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုနိုင်ရန် မည်သို့ ဆောင်ရွက်မည်နည်း။ ယနေ့အချိန်တွင် အမျိုးသမီးလုပ်ငန်းရှင်များသည် မိသားစုတာဝန်များသာမက လုပ်ငန်းတာဝန်များကိုပါ ဆောင်ရွက်ကြရသော်လည်း တစ်ခါတစ်ရံတွင် အိမ်ထောင်ဖက်များထံမှ ပံ့ပိုးမှုများကို မရရှိတတ်ကြပေ။ အမျိုးသမီးလုပ်ငန်းရှင်များသည် လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ပြစ်တင်ဝေဖန်မှုများခံရမည်ကို စိုးရိမ်ကြသောကြောင့် အမျိုးသားများအသုံးပြုသော ကွန်ရက်ချိတ်ဆက်ဆောင်ရွက်မှုဆိုင်ရာ နည်းလမ်းများကို အသုံးမပြုနိုင်ကြဆဲပင် ဖြစ်သည်။

ယနေ့အချိန်တွင် အမျိုးသမီးများအား လိုအပ်သော ပြောင်းလွယ်ပြင်လွယ်ဖြစ်မှုများနှင့်ပတ်သက်ပြီး စီစဉ်ပေးထားခြင်းဖြင့် ထိုပြဿနာများကို ဖြေရှင်းရန် ကူညီနိုင်မည့် tools များရှိသည်။ ဒစ်ဂျစ်တယ် tools များသည် အမျိုးသမီးများအား လုပ်ငန်းဖြစ်စဉ်များနှင့်ပတ်သက်ပြီး အချိန်တိုတိုဖြင့် အကျိုးထိရောက်မှု ရှိစေရန်၊ ထုတ်လုပ်မှု တိုးတက်စေရန်၊ ကုန်ကျစရိတ်သက်သာစေရန်နှင့် ဝင်ငွေတိုးတက်စေရန်တို့အတွက် ကူညီနိုင်သည်။

စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အောင်မြင်မှုများ၊ ရုန်းကန်မှုများနှင့်ပတ်သက်ပြီး မျှဝေပေးခဲ့သော အင်ဒိုနီးရှား၊ မြန်မာ၊ မလေးရှားနှင့် ကမ္ဘောဒီးယားတို့မှ အမျိုးသမီးလုပ်ငန်းရှင် ၈၆ ဦးအား ကျေးဇူးတင်ရှိပါသည်။ COVID-19 ကပ်ရောဂါကို ရင်ဆိုင်နေစဉ်အတွင်း ၎င်းတို့၏ စီးပွားရေးလုပ်ငန်းများနှင့် ပတ်သက်သော စိန်ခေါ်မှုများကို ရဲရင့်မှုနှင့် စိတ်ဓါတ်ကြံ့ခိုင်မှုတို့ဖြင့် ဖြတ်ကျော်ဆောင်ရွက်နိုင်ခဲ့သည့်အတွက် အထင်ကြီးလေးစားမိပါသည်။

အွန်လိုင်းနှင့် ပြင်ပတွေ့ဆုံမှုများဖြင့် သုတေသနပြုစုရာတွင် ပါဝင်ပေးခဲ့ကြသော လုပ်ငန်းကျွမ်းကျင်သူ ပညာရှင် ၄၇ ဦး၊ မူဝါဒချမှတ်သူများ၊ ပုဂ္ဂလိကဏ္ဍနှင့် ကျွမ်းကျင်သူပညာရှင်များအဖွဲ့မှ ဦးဆောင်သူများအားလည်း ကျေးဇူးတင်ရှိပါသည်။

မိမိသည်လည်း အမျိုးသမီးလုပ်ငန်းရှင်တစ်ဦးဖြစ်သည့်အတွက် အမျိုးသမီးလုပ်ငန်းရှင်များ ရင်ဆိုင်နေရသော စိန်ခေါ်မှုများနှင့်ပတ်သက်ပြီး သိရှိနားလည်သောကြောင့် ၎င်းတို့၏ အောင်မြင်မှုအတွက် အတားအဆီး ဖြစ်နေသော အချက်များကို အသိအမှတ်ပြုနိုင်ပါသည်။ ထိုအတားအဆီးများကို ဖော်ထုတ်ပြီးမှသာလျှင် မိမိတို့ အနေဖြင့် အဖြေရှာမှုများကို ဖန်တီးနိုင်မည် ဖြစ်သည်။ ယခုစာအုပ်သည် အမျိုးသမီးပိုင် SMEs များကို ပံ့ပိုးပေး
နိုင်မည့် ဂေဟစနစ် တိုးတက်စေရန်အတွက် အကြံပြုချက်များကို စီစဉ်ပေးမည် ဖြစ်သည်။

ယခုစာအုပ်သည် အရှေ့တောင်အာရှနှင့်ပတ်သက်သော အကြောင်းအရာအခြေအနေများကို သိရှိလိုပြီး ခေါင်းစဉ်ကို စိတ်ပါဝင်စားမှုရှိသော ကမ္ဘာပေါ်ရှိ စာဖတ်သူများထံသို့ ရောက်ရှိနိုင်သည်။ မိမိအနေဖြင့် ယခုစာအုပ်ကို ခမာ၊ မြန်မာနှင့် Bahasa Indonesia တို့သို့ ဘာသာပြန်ဆိုပေးထားပါသည်။ ယခုစာအုပ်အတွက် ကြိုးပမ်းပေးကြသော Woomentum အဖွဲ့၊ နိုင်ငံအသီးသီးမှ သုတေသနပြုစုသူများအားလုံး၊ အစီရင်ခံစာရေးသားသူများ၊ အယ်ဒီတာ များနှင့် ဒီဇိုင်နာများကို ကျေးဇူးတင်ရှိပါသည်။

ကျားမတန်းတူညီမျှဖြစ်မှုနှင့်ပတ်သက်ပြီး များစွာပံ့ပိုးကူညီပေးသည့် Konrad-Adenauer-Stiftung (KAS) ဖြင့် မိတ်ဖက်ဆောင်ရွက်ရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိပါသည်။ COVID-19 ကာလအတွင်း KAS Tokyo office မှ စီမံခန့်ခွဲပေးမှုဖြင့် နိုင်ငံ ၄ နိုင်ငံတွင် တစ်ပြိုင်တည်း သုတေသနပြုစုနိုင်ခဲ့ပါသည်။ မိမိတို့အနေဖြင့် ဒစ်ဂျစ်တယ်နည်းပညာများမရှိပဲ ဆောင်ရွက်နိုင်မည်မဟုတ်ပေ။

Sincerely,

Mouna Aouri
Founder & CEO of Woomentum

*Source: Google/Temasek Holdings/Bain & Company Annual report 2020

Konrad-Adenauer-Stiftung မှ စကားချီး

Rabea Brauer **Cristita Marie Perez**

အမျိုးသမီးများအား အောင်မြင်သောလုပ်ငန်းရှင်များ ဖြစ်လာနိုင်စေရန်အတွက် ကြိုးပမ်းရာတွင် အဓိက အတားအဆီးများမှာ ကန့်သတ်ပမာဏထက် ကျော်လွန်နေသည်။ တစ်ခါတစ်ရံတွင် ပြည့်မီခြင်းမရှိသော လိုအပ်ချက်များကြောင့် ဘဏ်ချေးငွေဆိုင်ရာ အာမခံမှု မရရှိနိုင်ခြင်း ဖြစ်သည်။ တစ်ခါတစ်ရံတွင် သင်၏လုပ်ငန်း နောက်ကွယ်ရှိ မိသားစုတာဝန်များမှ လွတ်မြောက်ရန် မစွမ်းဆောင်နိုင်ပေ။ နည်းပညာမရှိခြင်းသည် ဒစ်ဂျစ်တယ် နည်းပညာဆိုင်ရာ အဖြေရှာမှုများနှင့်ပတ်သက်သော ဆိုးကျိုးများကို ဖြစ်စေသေည်။

၎င်းတို့သည် အောင်မြင်မှုလမ်းကြောင်း သုတေသန ပရောဂျက်၏ အဓိကရှာဖွေတွေ့ရှိမှု အချို့ဖြစ်သည်။ ဒစ်ဂျစ်တယ်နည်းပညာခေတ်တွင် အမျိုးသမီးပိုင်စီးပွားရေးလုပ်ငန်းများ မည်သို့အသွင်ကူပြောင်းပုံနှင့် ပတ်သက်ပြီး ဖော်ပြထားသည်။ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယား၊ မလေးရှားနှင့် မြန်မာနိုင်ငံတို့နှင့်ပတ်သက်ပြီး လေ့လာခဲ့သည်။ ပရောဂျက်သည် လုပ်ငန်းများနှင့်ပတ်သက်သော ဗဟုသုတများမျှဝေနိုင်ရန်၊ စိန်ခေါ်မှုများ ဖြေရှင်းနိုင်ရန်နှင့် အခွင့်အလမ်းများရရှိနိုင်ရန်တို့အတွက် လုပ်ငန်းရှင်များ၊ လုပ်ငန်းဆိုင်ရာပညာရှင်များ၊ ပူးပေါင်းဦးဆောင်ရွက်သူများနှင့် ရင်းနှီးမြှုပ်နှံသူများကို ဆက်သွယ်ပေးသော Woomentum နှင့် အာရှရှိ လူမှုစီးပွားစီမံခန့်ခွဲမှုဆိုင်ရာ အဖွဲ့အစည်း(SOPAS)၊ Konrad-Adenauer-Stiftung (KAS) regional program တို့အကြား ပူးပေါင်းဆောင်ရွက်မှုတစ်ရပ် ဖြစ်သည်။

ယခုပရောဂျက်သည် အာရှရှိ အမျိုးသမီးပိုင် အငယ်စားနှင့် အလတ်စားလုပ်ငန်းများ (WSMEs) များအကြား ဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာ အသိပညာနှင့် ဦးဆောင်မှုရာထူးများနှင့်ပတ်သက်ပြီး အမျိုးသမီးများအား တိုးတက်စေရန်အတွက် ဆောင်ရွက်ပေးသော SOPAS ၏ အရေးကြီးသော အစိတ်အပိုင်းတစ်ရပ် ဖြစ်သည်။ တစ်ဦးချင်းအင်တာဗျူးများ၊ ပညာရှင်များနှင့်အင်တာဗျူးများ၊ WSMES များနှင့် အကြံပေးဆွေးနွေးမှုများ၊ အစိုးရအဖွဲ့အစည်းများနှင့် အရှေ့တောင်အာရှ ၄ နိုင်ငံ၏ လုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များသည် အမျိုးသမီး လုပ်ငန်းရှင်များရရှိနိုင်သော အခွင့်အလမ်းအသစ်များကို ဖော်ပြရန်၊ ဒစ်ဂျစ်တယ်နည်းပညာ၏ အကျိုးသက်ရောက်မှုများကို တိုင်းတာရန်နှင့် ၎င်း၏စိန်ခေါ်မှုများကို အကဲဖြတ်ရန်တို့အတွက် ဆောင်ရွက်ထားသည်။

သုတေသနသည် WSMEs များနှင့်ပတ်သက်သော အောက်ပါကဏ္ဍများကို ဆောင်ရွက်ရန်အတွက် ဒစ်ဂျစ်တယ်နည်းပညာ၏ အကျိုးသက်ရောက်မှုများကို လေ့လာနိုင်သည်။ (၁)ငွေကြေးရရှိမှု၊ (၂)သင်ကြားပြသမှု၊ ကွန်ရက်ချိတ်ဆက်ဆောင်ရွက်မှုနှင့် ကျွမ်းကျင်မှုများ၊ (၃)လုပ်ငန်းဖြစ်စဉ်နှင့် စီမံခန့်ခွဲမှု၊ (၄)COVID-19 အကျပ်အတည်းဆိုင်ရာစီမံခန့်ခွဲမှု၊ နိုင်ငံ ၄ နိုင်ငံတွင် WSME များအနေဖြင့် အများဆုံးကြုံတွေ့ရသော စိန်ခေါ်မှုများနှင့်ပတ်သက်ပြီး မိတ်ဆက်အခန်းတွင် မီးမောင်းထိုးပြသထားသည်။ ထိုအခန်းတွင် ဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာ အခွင့်အလမ်းများနှင့်ပတ်သက်သော အကျိုးကျေးဇူးများရရှိနိုင်ရန်အလို့ငှာ အမျိုးသမီးလုပ်ငန်းရှင်များအား အားပေးရန် အစိုးရများနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများအတွက် မူဝါဒနှင့် လက်တွေ့ကျသော အကြံပြုချက်များ နှစ်မျိုးလုံး ပါဝင်သော ယေဘူယျမူဘောင်တစ်ရပ်ကိုလည်း ဆွေးနွေးထားသည်။

အောက်ဖော်ပြပါအခန်းများတွင် ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ မလေးရှားနှင့် မြန်မာတို့နှင့်ပတ်သက်သော လေ့လာမှုများ ပါဝင်သည်။ နိုင်ငံများနှင့်ပတ်သက်သော လေ့လာမှုများသည် ပထမအခန်းတွင် မိတ်ဆက်ပေးထားသော ယေဘူယျ ရှာဖွေတွေ့ရှိမှုများအတွက် အသေးစိတ် လေ့လာဆန်းစစ်မှုတစ်ရပ်ကို စီစဥ်ပေးထားသည်။

အမျိုးသမီးပိုင် SMEs များသည် အရှေ့တောင်အာရှစီးပွားရေးတွင် သိသာထင်ရှားသည့် အခန်းကဏ္ဍမှ ပါဝင်နေသောကြောင့် မိမိတို့အနေဖြင့် အမျိုးသမီးပိုင် SMEs များကို စီမံခန့်ခွဲသော မူဝါဒမူဘောင် (ယဉ်ကျေးမှုနှင့် လူမှုရေးဆိုင်ရာ အကြောင်းအရာ) များတွင် ယခုသုတေသနကို ပါဝင်စေလိုသည်။

Rabea Brauer
Director, Social and Economic Governance Program Asia (SOPAS)
Country Representative, KAS Japan

Cristita Marie Perez
Senior Program Manager, Social and Economic Governance Program Asia (SOPAS)
KAS Japan

ကျေးဇူးတင်လွှာ

ယခုအစီရင်ခံစာသည် အထူးသဖြင့် COVID-19 ကာလတွင် အရှေ့တောင်အာရှရှိ အမျိုးသမီးပိုင် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအား ဒစ်ဂျစ်တယ်နည်းပညာမှ စီစဉ်ပေးသော အခွင့်အလမ်းများနှင့် ရင်ဆိုင်နေရသော စိန်ခေါ်မှုများနှင့်ပတ်သက်ပြီးအလင်းပြရန် Konrad-Adenauer-Stiftung နှင့် Woomentum တို့အကြားပူးတွဲကြိုးပမ်းမှုတစ်ရပ်ဖြစ်သည်။ထိုသုတေသနအတွက်စိတ်ကူးကို Mouna Aouri နှင့် Socheata Touch တို့မှအစပြုအကောင်အထည်ဖော်ခဲ့ပြီး KAS မှအပြည့်အဝမတည်ပေးခဲ့သည်။ Mouna Aouri သည် Juliana Tyan ၏အကူအညီဖြင့်ပရောဂျက်ကိုစီစဉ်ညွှန်ကြားခဲ့သည်။

နိုင်ငံမျိုးစုံပါဝင်သော ယခုအစီရင်ခံစာနှင့်ပတ်သက်ပြီး Talitha Amalia မှ စီမံခန့်ခွဲပေးထားသည်။ အစီရင်ခံစာ၏ တွဲဖက်စာရေးသူများနှင့် တွဲဖက်အယ်ဒီတာများမှာ Talitha Amalia, Anuradha Rao နှင့် Suhaila Binte Zainal Shah တို့ ဖြစ်ကြသည်။ ယခုစာအုပ်ကို မဇာခြည်လွင်မှဘာသာပြန်ဆိုပေးထားပါသည်။

လေ့လာမှုများကို အောက်ပါအတိုင်း ဆောင်ရွက်ခဲ့သည်။

၁) အင်ဒိုနီးရှားနှင့်ပတ်သက်သော သုတေသနကို Farah Aulia and Nenden Sekar Arum တို့၏ ကူညီမှုဖြင့် Talitha Amalia မှ ဦးဆောင်ရေးသားခဲ့သည်။

၂) မြန်မာနှင့်ပတ်သက်သော သုတေသနကို မစုလင်းမြတ်မှ ကူညီပေးခဲ့ပြီး မစုမွန်မှ ဦးဆောင်ရေးသားခဲ့သည်။

၃) မလေးရှားနှင့်ပတ်သက်သော သုတေသနကို Lim Zhen Hui, Nadhilah Zainal Abidin နှင့် Amani Mohamad Husaini တို့ မှကူညီပေးခဲ့ပြီး Tina Leong မှ ဦးဆောင်ရေးသားခဲ့သည်။

၄) ကမ္ဘောဒီးယားနှင့်ပတ်သက်သော သုတေသနကို Sar Senkethya မှ ကူညီပေးခဲ့ပြီး Sophorn Tous မှ ဦးဆောင်ရေးသားခဲ့သည်။ ကမ္ဘောဒီးယားနှင့်ပတ်သက်သော လေ့လာမှုကို Talitha Amalia နှင့် Suhaila Binte Zainal Shah တို့မှ ကူညီပေးခဲ့ပြီး Anuradha Rao မှ ဦးဆောင်ရေးသားခဲ့သည်။

ထိုစာအုပ်ကို ပြင်ဆင်နေစဉ်အတွင်း KAS နှင့် Woomentum တို့မှ လုပ်ဖော်ကိုင်ဖက်အများအပြားသည် တန်ဖိုးမဖြတ်နိုင်သော နည်းပညာဆိုင်ရာ အကြံပြုချက်များနှင့် ဝေဖန်မှုများ ပေးခဲ့ကြသည်။ ပရောဂျက်အဖွဲ့သည် အစိုးရအရာရှိများ၊ ရင်းနှီးမြှုပ်နှံသူများ၊ လုပ်ငန်းရှင်များ၊ လုပ်ငန်းဆိုင်ရာ အဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များ၊ ပညာရပ်ဆိုင်ရာ အသိုက်အဝန်းများနှင့် အခြားအရေးကြီးသော ပါဝင်ပတ်သက်သူများဖြင့် အင်တာဗျူးများနှင့် အတွေ့အကြုံမျှဝေမှုတို့မှတဆင့် သုတေသနတွင် ပါဝင်သော ပညာရှင်များနှင့် အကြံပေးဆွေးနွေးသူများ အားလုံးထံမှ တန်ဖိုးရှိသော ပါဝင်မျှဝေမှုများကိုလည်း အသိအမှတ်ပြုခဲ့ကြသည်။ အဖွဲ့အနေဖြင့် ထိုကျေးဇူးတင်လွှာများတွင် ကျေးဇူးတင်ကြောင်းပြောကြားရန် ကျန်ရှိသွားသောသူများအား တောင်းပန်ကြောင်း ပြောကြားလိုပါသည်။

မာတိကာ

Woomentum မှ စကားချီး ii
Konrad-Adenauer-Stiftungထံမှ စကားချီး iv
ကျေးဇူးတင်လွှာ vi
မာတိကာ vii
ကိန်းဂဏန်းများစာရင်း ix
ဇယားများစာရင်း xii
Boxes များ၏ စာရင်း xiii
အတိုကောက်များ xiv
စီမံခန့်ခွဲမှုဆိုင်ရာ အကျဉ်းချုပ် ၁
အရေးကြီးသောပြဿနာများ ၁
အရေးကြီးသောရှာဖွေတွေ့ရှိမှုများ ၂
အစိုးရအဖွဲ့အစည်းများအတွက် အရေးကြီးသော အကြံပြုချက်များ ၃
WSMEs များထံသို့ ပံ့ပိုးမှုများ စီစဉ်ပေးသော အဖွဲ့အစည်းများအတွက် အရေးကြီးသော အကြံပြုချက်များ ၄
၁။ အရှေ့တောင်အာရှတွင် အမျိုးသမီးပိုင်SMEs များအတွက် ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုမှု ၇
၁.၁ မိတ်ဆက် ၈
၁.၂ နည်းပညာ ၁၂
၁.၃ ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုမှုမှပေးသော လုပ်ငန်းအခွင့်အလမ်းအသစ်များ ၁၆
၁.၄ ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုရာတွင် WSMEs များမှ ရင်ဆိုင်ရသော စိန်ခေါ်မှုများ ၂၂
၁.၅ အရှေ့တောင်အာရှ၏ SME ဖွံ့ဖြိုးတိုးတက်မှုအတွက် ကျားမဆိုင်ရာ မျှတသော ဒစ်ဂျစ်တယ်နည်းပညာနှင့်ပတ်သက်သည့် ဂေဟာစနစ်တစ်ရပ်ဖန်တီးရန် အရေးကြီးသော အကြံပြုချက်များ ၂၈
၁.၆ နိဂုံး ၃၂
၁.၇ မှတ်စုများ ၃၃
၂။ အင်ဒိုနီးရှားနှင့်ပတ်သက်သော လေ့လာမှု ၃၇
၂.၁ အကျဉ်းချုပ် ၃၈
၂.၂ နိုင်ငံ၏နောက်ခံအကြောင်းအရာ ၄၀
၂.၃ နည်းလမ်း ၄၂
၂.၄ အင်တာဗျူးမှရှာဖွေတွေ့ရှိမှုများ ၄၅
၂.၅ WSMEs များအတွက် ဒစ်ဂျစ်တယ်နည်းပညာအသွင်ကူးပြောင်းမှုနှင့်ပတ်သက်သော အနာဂတ် ၆၈
၂.၆ နိဂုံး ၇၈
၂.၇ မှတ်ချက်များ ၇၉
၃။ မြန်မာနိုင်ငံနှင့်ပတ်သက်သော လေ့လာမှု ၈၃
၃.၁ အကျဉ်းချုပ် ၈၄
၃.၂ နိုင်ငံနှင့်ပတ်သက်သော နောက်ခံအကြောင်းအရာ ၈၆
၃.၃ နည်းပညာ ၈၉
၃.၄ အင်တာဗျူးမှရှာဖွေတွေ့ရှိမှုများ ၉၂

၃.၅ WSMEs များအတွက် ဒစ်ဂျစ်တယ်နည်းပညာအသွင်ကူးပြောင်းမှုအနာဂတ် ၁၀၃
၃.၆ နိဂုံး ၁၀၉
၃.၇ မှတ်ချက်များ ၁၂၀
၄။ မလေးရှားနှင့်ပတ်သက်သော လေ့လာမှု ၁၂၅
၄.၁ အကျဉ်းချုပ် ၁၂၆
၄.၂ နိုင်ငံနှင့်ပတ်သက်သော နောက်ခံအကြောင်းအရာ ၁၂၈
၄.၃ နည်းပညာ ၁၃၂
၄.၄ အင်တာဗျူးမှရှာဖွေတွေ့ရှိမှုများ ၁၃၆
၄.၅ WSMEs များအတွက် ဒစ်ဂျစ်တယ်နည်းပညာအသွင်ကူးပြောင်းမှုအနာဂတ် ၁၅၈
၄.၆ နိဂုံး ၁၆၉
၄.၇ မှတ်ချက်များ ၁၇၀
၅။ ကမ္ဘောဒီးယားနိုင်ငံနှင့်ပတ်သက်သော လေ့လာမှု ၁၇၃
၅.၁ အကျဉ်းချုပ် ၁၇၄
၅.၂ နိုင်ငံနှင့်ပတ်သက်သော နောက်ခံအကြောင်းအရာ ၁၇၆
၅.၃ နည်းပညာ ၁၈၀
၅.၄ အင်တာဗျူးမှရှာဖွေတွေ့ရှိမှုများ ၁၈၃
၅.၅ WSMEs များအတွက် ဒစ်ဂျစ်တယ်နည်းပညာအသွင်ကူးပြောင်းမှုအနာဂတ် ၁၉၉
၅.၆ နိဂုံး ၂၀၄
၅.၇ မှတ်ချက်များ ၂၀၅
နောက်ဆက်တွဲ ၂၀၈
နောက်ဆက်တွဲ-က-အင်ဒိုနီးရှားနိုင်ငံ၏ ပညာရှင်များနှင့် အကြံပေးဆွေးနွေးသူများ ၂၀၈
နောက်ဆက်တွဲ-ခ-အင်ဒိုနီးရှားနိုင်ငံ၏ အချက်အလက်ကောက်ယူမှုနှင့် လေ့လာဆန်းစစ်မှု ၂၁၂
နောက်ဆက်တွဲ-ဂ-အင်ဒိုနီးရှားတွင် သက်ဆိုင်ရာ SME နှင့် သတင်းအချက်အလက် ဆက်သွယ်မှုနှင့်နည်းပညာ (ICT) စည်းမျဉ်းများနှင့်ပတ်သက်သော သုံးသပ်မှု ၂၁၄
နောက်ဆက်တွဲ-ဃ-မြန်မာနိုင်ငံရှိ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများနှင့် ပတ်သက်သော အနက်ဖွင့်ဆိုချက် ၂၁၅
နောက်ဆက်တွဲ-င-မြန်မာနိုင်ငံ၏ အကြံပေးဆွေးနွေးသူများ ၂၁၆
နောက်ဆက်တွဲ-စ-ကမ္ဘောဒီးယားရှိ ဖြေဆိုသူ ပညာရှင်များ ၂၁၈
နောက်ဆက်တွဲ-ဆ-ကမ္ဘောဒီးယား၏ အကြံပေးဆွေးနွေးသူများ ၂၁၉

ကိန်းဂဏန်းများ၏ စာရင်း

၁.၁- သုတေသနဆိုင်ရာ ကဏ္ဍများ ၁၅

၁.၂- ဒစ်ဂျစ်တယ်နည်းပညာမှပေးသောလုပ်ငန်းနှင့်ပတ်သက်သည့် အခွင့်အလမ်းသစ်များ ၁၆

၁.၃- အင်ဒိုနီးရှား၊ မြန်မာ၊ မလေးရှားနှင့် ကမ္ဘောဒီးယားရှိ WSME လုပ်ငန်းရှင်များမှ အသုံးပြုထားသော ဒစ်ဂျစ်တယ်နည်းပညာနယ်ပယ်များ ၂၁

၁.၄- အရှေ့တောင်အာရှ၏ SME ဖွံ့ဖြိုးတိုးတက်မှုအတွက် ကျားမဆိုင်ရာ မျှတမှုနှင့်ပတ်သက်သော ဂေဟစနစ်တစ်ရပ်ဖန်တီးရန်အတွက် အရေးကြီးသောအကြံပြုချက်များ ၂၈

၂.၁- အင်ဒိုနီးရှား၏ ၂၀၁၈ GDP တွင် လုပ်ငန်းများ၏ ပါဝင်မှု ၄၀

၂.၂- လုပ်ငန်းကဏ္ဍများရှိ လုပ်ငန်းရှင်များနှင့်ပတ်သက်သော လေ့လာစမ်းစစ်မှု ၄၃

၂.၃- SE နှင့် ME ၏ ငွေကြေးရရှိမှုဆိုင်ရာ ရင်းမြစ်များနှင့်ပတ်သက်သော လေ့လာစမ်းစစ်မှု ၄၅

၂.၄- အမျိုးသမီးလုပ်ငန်းရှင်များမှ ရှာဖွေတွေ့ရှိခဲ့သော ပြင်ပမှ ငွေကြေးရရှိမှုဆိုင်ရာ ရင်းမြင်းများနှင့်ပတ်သက်သော လေ့လာစမ်းစစ်မှု ၄၆

၂.၅- ငွေကြေးရရှိမှုအတွက် ဒစ်ဂျစ်တယ်နည်းပညာအသုံးမပြုသော လုပ်ငန်းရှင်များ၏ အကြောင်းပြချက်များ ၄၇

၂.၆- သင်ကြားပြသမှု၊ ကွန်ရက်ချိတ်ဆက်ဆောင်ရွက်မှုနှင့် ကျွမ်းကျင်မှုများရရှိရာတွင် ဒစ်ဂျစ်တယ်နည်းပညာလက်ခံအသုံးပြုမှုနှင့်ပတ်သက်ပြီး အကျိုးသက်ရောက်စေသောအချက်များ ၄၉

၂.၇- WSME လုပ်ငန်းရှင်များမှ အများဆုံးအသုံးပြုသော ဒစ်ဂျစ်တယ်tools များ ၅၂

၂.၈- လုပ်ငန်းဖြစ်စဉ်များနှင့် စီမံခန့်ခွဲမှုတွင် ဒစ်ဂျစ်တယ်နည်းပညာလက်ခံအသုံးပြုမှုကို အကျိုးသက်ရောက်စေသောအချက်များ ၅၅

၂.၉- COVID-19 ကာလအတွင်း ဒစ်ဂျစ်တယ်နည်းပညာပေါ်ပေါက်လာမှု ၅၇

၂.၁၀- WSME လုပ်ငန်းရှင်များအကြား ရှာဖွေတွေ့ရှိထားသော ဒစ်ဂျစ်တယ်နည်းပညာလက်ခံကျင့်သုံးမှုဆိုင်ရာ ထိပ်ပိုင်းစိန်ခေါ်မှု(၅)ရပ် ၅၉

၂.၁၁- အင်တာဗျူးမှ ရှာဖွေတွေ့ရှိမှုများပေါ်တွင် အခြေခံထားသောဒစ်ဂျစ်တယ်toolsများ၏စာရင်း ၆၁

၂.၁၂- WSME လုပ်ငန်းရှင်များအကြား ဒစ်ဂျစ်တယ်နည်းပညာလက်ခံကျင့်သုံးမှုဆိုင်ရာ ထက်သန်မှုပုံစံ ၆၂

၂.၁၃- ဒစ်ဂျစ်တယ်နည်းပညာမှ ဖြစ်ပေါ်စေသော လုပ်ငန်းနှင့်ပတ်သက်သည့် အခွင့်အလမ်းများ ၆၄

၂.၁၄- အကြံပေးဆွေးနွေးမှုနည်းလမ်း ၇၁

၂.၁၅- လက်တွေ့ကျသော မူဝါဒဆိုင်ရာ အကြံပြုချက်များ ၇၄

၃.၁- အာဆီယံဖွံ့ဖြိုးတိုးတက်မှုဘဏ်outlook 2020 မှ ယူဆောင်ထားသော မြန်မာနိုင်ငံ၏ GDP တိုးတက်မှုနှုန်း ၂၀၁၉ ၈၆

၃.၂- WSME လုပ်ငန်းရှင်များ၏ လုပ်ငန်းလုပ်သက် ၉၁

၃.၃- ငွေကြေးရရှိမှု၊ သင်ကြားပြသမှု/ကွန်ရက်ချိတ်ဆက်မှု/ကျွမ်းကျင်မှုများနှင့် လုပ်ငန်းဖြစ်စဉ်များနှင့် စီမံခန့်ခွဲမှုတို့အတွက် စိန်ခေါ်မှုဆိုင်ရာ နှိုင်းယှဉ်ချက်များ ၉၂

၃.၄- အငယ်စားနှင့် အလတ်စားလုပ်ငန်းများအကြား ငွေကြေးရရှိမှုအတွက် အတားအဆီးများဆိုင်ရာ နှိုင်းယှဉ်မှု ၉၇

၃.၅- WSMEs များမှ လိုအပ်သည့် သင်ကြားပြသမှုဆိုင်ရာ ခေါင်းစဉ်များနှင့်ပတ်သက်သော နှိုင်းယှဉ်မှု ၉၉

၃.၆- မြန်မာနိုင်ငံရှိ WSMEs များ၏ ဒစ်ဂျစ်တယ်နည်းပညာ အသုံးပြုသော သက်တမ်းဆိုင်ရာ နှိုင်းယှဉ်မှု ၁၀၀

၃.၇- SE လုပ်ငန်းရှင်များမှ အသုံးပြုသော ဒစ်ဂျစ်တယ်tools အမျိုးအစားများ ၁၀၁
၃.၈- ME လုပ်ငန်းရှင်များမှ အသုံးပြုသော ဒစ်ဂျစ်တယ်tools အမျိုးအစားများ ၁၀၂
၃.၉- ဒစ်ဂျစ်တယ်နည်းပညာ လက်ခံကျင့်သုံးမှုနှင့်ပတ်သက်သော WSMEs များ၏ ယုံကြည်စိတ်ချရမှုအဆင့် ၁၀၅
၃.၁၀- WSMEs များမှ ဒစ်ဂျစ်တယ်နည်းပညာရရှိရန်အတွက် အတားအဆီးများ ၁၀၆
၄.၁- အင်တာနက်နှင့်မိုဘိုင်းဖုန်းဆိုင်ရာ ထိုးဖောက်မှု ၁၂၈
၄.၂- GDP တွင် ဒစ်ဂျစ်တယ်နည်းပညာပါဝင်မှု ၁၂၈
၄.၃- စီးပွားရေးတွင် SME ပါဝင်မှု ၁၂၉
၄.၄- SMEs များ၏ အနက်ဖွင့်ဆိုချက် ၁၂၉
၄.၅- အသေးစားလုပ်ငန်းများတွင် ပါဝင်သော SMEs အရေအတွက် ၁၃၀
၄.၆- SEs နှင့် Mes အရေအတွက် ၁၃၀
၄.၇- အမျိုးသမီးပိုင်SMEs ခန့်မှန်းအရေအတွက် ၁၃၁
၄.၈- သုတေသနဆိုင်ရာ နည်းလမ်း ၁၃၂
၄.၉- သုတေသနဆိုင်ရာ ကဏ္ဍများ ၁၃၃
၄.၁၀- အင်တာဗျူးထားသော WSMEs ကဏ္ဍများ ၁၃၄
၄.၁၁- အင်တာဗျူးထားသော WSMEs ကဏ္ဍခွဲများ ၁၃၄
၄.၁၂- အင်တာဗျူးထားသော WSMEs ကဏ္ဍများ(ဆက်ရန်) ၁၃၅
၄.၁၃- အင်တာဗျူးထားသော ပညာရှင်များ၏ ပရိုဖိုင်း ၁၃၅
၄.၁၄- ငွေကြေးရရှိမှုရင်းမြစ် ၁၃၆
၄.၁၅- WSMEs များမှ လက်ခံကျင့်သုံးသော အခွင့်အလမ်းများvs ငွေကြေးရရှိမှု နှင့်ပတ်သက်သော အခွင့်အလမ်းသစ်များ ၁၃၇
၄.၁၆- WSMEs များမှ ငွေကြေးရရှိမှုဆိုင်ရာ အခွင့်အလမ်းသစ်များနှင့်ပတ်သက်သော စိန်ခေါ်မှုများ ၁၃၉
၄.၁၇- WSMEs များမှ လက်ခံကျင့်သုံးသော သင်ကြားပြသမှု၊ ကွန်ရက်ချိတ်ဆက်မှုနှင့် ကျွမ်းကျင်မှုများနှင့်ပတ်သက်သော အခွင့်အလမ်းသစ်များ ၁၄၀
၄.၁၈- WSMEs များအကြား သင်ကြားပြသမှု၊ ကွန်ရက်ချိတ်ဆက်မှုနှင့် ကျွမ်းကျင်မှုဆိုင်ရာ အခွင့်အလမ်းများနှင့်ပတ်သက်သော စိန်ခေါ်မှုများ ၁၄၁
၄.၁၉- WSMEs များမှ အသုံးပြုသော လုပ်ငန်းဖြစ်စဉ်များနှင့် စီမံခန့်ခွဲမှုဆိုင်ရာအသွင်းကူးပြောင်းမှု များနှင့်ပတ်သက်သော အခွင့်အလမ်းသစ်များ ၁၄၃
၄.၂၀- WSMEs များအကြား အသုံးပြုသော လုပ်ငန်းဖြစ်စဉ်များနှင့် စီမံခန့်ခွဲမှုဆိုင်ရာ အသွင်းကူး ပြောင်းမှုများနှင့်ပတ်သက်သော အခွင့်အလမ်းသစ်များအတွက် စိန်ခေါ်မှုများ ၁၄၄
၄.၂၁- အကျပ်အတည်းဆိုင်ရာ စီမံခန့်ခွဲမှုနှင့်ပတ်သက်သော ဆောင်ရွက်မှုများ လက်ခံကျင့်သုံးမှု ၁၄၆
၄.၂၂- အကျပ်အတည်းဆိုင်ရာ စီမံခန့်ခွဲမှုနှင့်ပတ်သက်သော ဆောင်ရွက်မှုများ လက်ခံကျင့်သုံးချိန်တွင် တွေ့ကြုံရသော စိန်ခေါ်မှုများ ၁၄၇
၄.၂၃- ကဏ္ဍငှရပ်တွင် WSMEs များမှ လက်ခံအသုံးပြုသော ထိပ်ပိုင်းအခွင့်အလမ်းသစ်များ ၁၄၈
၄.၂၄- Jovie Chong(ဘယ်ဘက်မှ၃ဦးမြောက်)(Credit-ကမ္ဘာ့မြေကြီးကို သတိပေးခြင်း(M) Sdn Bhd) ၁၄၉
၄.၂၅- WSMEs များမှရင်ဆိုင်ရသော ထင်ရှားမှုအရှိဆုံး စိန်ခေါ်မှုများ ၁၅၃
၄.၂၆- အခွင့်အလမ်းများ vs စိန်ခေါ်မှုများ ၁၅၄
၄.၂၇- စိန်ခေါ်မှုများအကြား ဆက်သွယ်မှု ၁၅၄
၄.၂၈- WSMEs ၁၈ခုအကြား ဒစ်ဂျစ်တယ်နည်းပညာလက်ခံကျင့်သုံးမှုအဆင့် ၁၅၅
၄.၂၉- WSMEs ၁၈ခုအကြား ဒစ်ဂျစ်တယ်နည်းပညာ လက်ခံကျင့်သုံးမှုအဆင့် ၁၅၆

၄.၃၀- WSMEs ၁၈ခုအကြား လုပ်ငန်းဆိုင်ရာလှုံ့ဆော်မှုနှင့် သင်ကြားပြသမှုများဆိုင်ရာ အစီအစဉ်များနှင့်ပတ်သက်သော အတွေ့အကြုံ ၁၅၇
၄.၃၁- ကဏ္ဍ-၁နှင့်ပတ်သက်သော အဓိကအကြောင်းအရာများ ၁၅၈
၄.၃၂- ကဏ္ဍ-၂နှင့်ပတ်သက်သော အဓိကအကြောင်းအရာများ ၁၅၉
၄.၃၃- Salient Themes on Pillar 3 ကဏ္ဍ-၃နှင့်ပတ်သက်သော အဓိကအကြောင်းအရာများ ၁၆၁
၄.၃၄- ကဏ္ဍ-၄နှင့်ပတ်သက်သော အဓိကအကြောင်းအရာများ ၁၆၂
၄.၃၅- ပြင်ဆင်ထားသော LDJ နည်းလမ်း ၁၆၃
၄.၃၆- အကြံပေးဆွေးနွေးမှုဆိုင်ရာ ပရိုဖိုင်း ၁၆၃
၄.၃၇- အကြံပေးဆွေးနွေးပွဲ(မလေးရှား) ၁၆၄
၄.၃၈- အကျိုးသက်ရောက်မှုနှင့် ကြိုးပမ်းမှုဆိုင်ရာ ပုံစံ ၁၆၅
၄.၃၉- တိုးတက်သောအယူအဆ လက်ခံကျင့်သုံးမှုနှင့်ပတ်သက်သော အဖြေရှာမှုနည်းလမ်းများ ၁၆၅
၄.၄၀- အကြံပြုထားသော SME လှုံ့ဆော်မှုအစီအစဉ်၏ အင်္ဂါရပ်များ ၁၆၈
၅.၁- ကုမ္ပဏီသက်တမ်းနှင့်ပတ်သက်သော အကြောင်းအရာ ၁၈၁
၅.၂- လုပ်ငန်းရှင်၏ လုပ်ငန်းလုပ်သက်နှင့်ပတ်သက်သော အကြောင်းအရာ ၁၈၂
၅.၃- လုပ်ငန်းရှင်များ၏ လုပ်ငန်းကဏ္ဍခွဲများ ၁၈၂
၅.၄- အသုံးပြုသော ငွေကြေးမတည်မှုဆိုင်ရာ ရင်းမြစ်များ ၁၈၄
၅.၅- သင်ကြားပြသမှုနှင့်ပတ်သက်သော အခွင့်အလမ်းရရှိမှု ၁၈၅
၅.၆- ကျွမ်းကျင်မှုတည်ဆောက်ခြင်းနှင့်ပတ်သက်သော အခွင့်အလမ်းရရှိမှု ၁၈၆
၅.၇- သင်ကြားပြသမှု၊ ကွန်ရက်ချိတ်ဆက်မှုနှင့် ကျွမ်းကျင်မှုတည်ဆောက်ခြင်းတို့နှင့်ပတ်သက်သော အခွင့်အလမ်းများရရှိမှုဆိုင်ရာ အတားအဆီးများ ၁၈၇
၅.၈- လုပ်ငန်းများတွင် နည်းပညာအသုံးပြုခြင်းနှင့်ပတ်သက်သော အကျိုးကျေးဇူးများ ၁၈၈
၅.၉- WSME လုပ်ငန်းရှင်များမှ အသုံးပြုသော ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုမှုပုံစံများ ၁၈၉
၅.၁၀- WSME လုပ်ငန်းရှင်များအား COVID-19 ၏ အကျိုးသက်ရောက်မှုများ ၁၉၀
၅.၁၁- WSME လုပ်ငန်းရှင်များမှ ရင်ဆိုင်ရသော စိန်ခေါ်မှုများ ၁၉၂
၅.၁၂- ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုမှုနှင့်ပတ်သက်သော ကျားမဆိုင်ရာ အခြေခံအတားအဆီးများ ၁၉၅

ဇယားစာရင်း

၁.၁- အင်ဒိုနီးရှား၊ မြန်မာ၊ မလေးရှားနှင့် ကမ္ဘောဒီးယားရှိ SME များ၏ နှစ်စဉ်ဝင်ငွေနှင့်ပတ်သက်ပြီး အမျိုးအစားခွဲခြင်း ၁၂
၁.၂- ကဏ္ဍခွဲများမှ WSME လုပ်ငန်းရှင်များ ၁၃
၁.၃- ယခုသုတေသနအတွက် လုပ်ငန်းရှင်များ၏ ပရိုဖိုင်းအကျဉ်းချုပ်နှင့်အရေအတွက် ၁၄
၁.၄- ၂၀၁၉တွင် အရှေ့တောင်အာရှနိုင်ငံများ၏ ကွန်ရက်ဆိုင်ရာ အဆင်သင့်ဖြစ်မှုညွှန်းကိန်း ၂၂
၃.၁- ဖြေကြားသူများနှင့်ပတ်သက်သော SME အခန်းကဏ္ဍများ ၉၀
၃.၂- WSMEs များအတွက် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ ၁၁၂
၅.၁- SME အနက်ဖွင့်ဆိုချက်(ရင်းမြစ်-စက်မှုလက်မှုဝန်ကြီးဌာန) ၁၇၈
၅.၂- လုပ်ငန်းရှင်များမှ အသုံးပြုသော ဒစ်ဂျစ်တယ်tools များ ၁၈၀
၅.၃- COVID-19 မှ အကျိုးသက်ရောက်မှုခံရသော WSMEs များအတွက် အခွင့်အလမ်းများ ပေါ်ပေါက်လာမှု ၁၉၆

Box များ၏ စာရင်း

၁.၁- ကမ္ဘာ့ဘဏ်ဒစ်ဂျစ်တယ်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများနှင့်ပတ်သက်သော အစီရင်ခံမှုမှ ဖော်ပြထားသော အနက်ဖွင့်ဆိုချက်များ ၂၀
၃.၁- မြန်မာနိုင်ငံ၏ လက်ရှိဒစ်ဂျစ်တယ်နည်းပညာ အသုံးပြုမှုအခြေအနေ ၈၇
၃.၂- ကမ္ဘာ့ဘဏ်၏ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ဖြေလျှော့မှုအဆင့်၂၀၂၀ ၉၃
၃.၃- ၂၀၂၀တွင် လုပ်ငန်းစတင်ဆောင်ရွက်သော မြန်မာနိုင်ငံငွေချေးငွေဆိုင်ရာ အဖွဲ့အစည်း ၉၇

အတိုကောက်များ

ACWO	ASEAN Confederation of Women's Organizations အမျိုးသမီးအသင်းများဆိုင်ရာ အာဆီယံအဖွဲ့အစည်း
ADB	Asian Development Bank အာဆီယံဖွံ့ဖြိုးတိုးတက်မှုဘဏ်
API	Application Programming Interface Programming စနစ်အသုံးပြုခြင်း
AI	Artificial Intelligence အသိဉာဏ်ပစ္စည်းတု
ASEAN	Association of Southeast Asian Nation အရှေ့တောင်အာရှနိုင်ငံများအဖွဲ့အစည်း
B2B	Business-to-Business လုပ်ငန်း–လုပ်ငန်း
B2B2C	Business-to-Business-to-Customer လုပ်ငန်း–လုပ်ငန်း–customer
B2C	Business-to-Consumer လုပ်ငန်း–consumer
BIM	Building Information Modelling သတင်းအချက်အလက်ဆိုင်ရာ ပုံစံတည်ဆောက်ခြင်း
BNI	Business Networking International နိုင်ငံတကာလုပ်ငန်းဆိုင်ရာ ကွန်ရက်ချိတ်ဆက်မှု
CCRIS	Central Credit Reference Information System ဗဟိုချေးငွေဆိုင်ရာ ရည်ညွှန်းမှုသတင်းအချက်အလက်စနစ်
CEO	Chief Executive Officer အမှုဆောင်အရာရှိချုပ်
CIES	Cambodia Inter-censal Economic Survey ကမ္ဘောဒီးယား၏ သုတေသနဆိုင်ရာ စီးပွားရေးကွင်းဆင်းစစ်ဆေးမှု
COVID-19	Coronavirus Disease 2019 ကိုရိုနာရောဂါ ၂၀၁၉
CRM	Customer Relationship Management Customer ဆက်ဆံရေးဆိုင်ရာ စီမံခန့်ခွဲမှု
CWEA	Cambodian Women Entrepreneur Association ကမ္ဘောဒီးယားအမျိုးသမီးလုပ်ငန်းအဖွဲ့အစည်း
DEDC	Digital Economy Development Committee ဒစ်ဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ
DFS	Digital Financial Services ဒစ်ဂျစ်တယ်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများ
DIY	Do It Yourself မိမိကိုယ်တိုင်ပြုလုပ်ပါ

Digital ID	Digital Identification ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုမှု
DKN2030	Dasar Keusahawanan Nasional 2030
DOSM	Department of Statistics Malaysia မလေးရှားစာရင်းဌာန
e-Books	Electronic Books အီလက်ထရောနစ်စာအုပ်များ
e-Commerce	Electronic Commerce အီလက်ထရောနစ်ကုန်သွယ်ရေး
ECF	Equity Crowdfunding ရှယ်ယာတန်ဖိုးနှင့်ပတ်သက်သော အများထံမှ ငွေချေးခြင်း
EDCF	Economic Development Cooperation Fund စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ရန်ပုံငွေ
ESOs	Electronic System Operators အီလက်ထရောနစ်စနစ် အော်ပရေတာများ
EY	Ernst & Young
F&B	Food and Beverage အစားအစာနှင့် အဖျော်ယမကာ
Fintech	Financial technology ငွေကြေးဆိုင်ရာ နည်းပညာ
FMCG	Fast-moving consumer goods အခြေခံထုတ်ကုန်များ
GDP	Gross Domestic Product ပြည်တွင်းအသားတင်ထုတ်ကုန်
GPS	Global Positioning System ကမ္ဘာလုံးဆိုင်ရာ မူဝါဒစနစ်
GST	Goods and Services Tax ထုတ်ကုန်နှင့် ဝန်ဆောင်မှုများဆိုင်ရာ အခွန်
HR	Human Resources လူ့စွမ်းအားရင်းမြစ်များ
ICT	Information Communication and Technology သတင်းအချက်အလက်ဆက်သွယ်မှုနှင့်နည်းပညာ
IDI	ICT Development Index ICT ဖွံ့ဖြိုးတိုးတက်မှုညွှန်းကိန်း
IFC	International Finance Corporation နိုင်ငံတကာငွေကြေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု
ILO	International Labour Organization နိုင်ငံတကာအလုပ်သမားအဖွဲ့

INGO	International Non-Governmental Organization နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်း
IoT	Internet of Things အင်တာနက်
IT	Information Technology သတင်းအချက်အလက်နည်းပညာ
ITU	International Telecommunication Union နိုင်ငံတကာဆက်သွယ်ရေးအဖွဲ့အစည်း
JICA	Japan International Cooperation Agency ဂျပန်နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု အေဂျင်စီ
KAS	Konrad-Adenauer-Stiftung
KWSP	Kumpulan Wang Simpanan Pekerja (ဝန်ထမ်းများ နောင်ရေးကြိုတင်စီမံမှုဆိုင်ရာ ရန်ပုံငွေ)
LMS	Learning Management Systems သင်ကြားမှုဆိုင်ရာ စီမံခန့်ခွဲမှုစနစ်များ
LDJ	Lightning Decision Jam
LHDN	Lembaga Hasil Dalam Negeri Malaysia (ပြည်တွင်းအခွန်ဌာနအဖွဲ့အစည်း)
LPEM UI	Lembaga Penyelidikan Ekonomi dan Masyarakat, Universitas Indonesia
MaGIC	Malaysian Global Innovation and Creativity center မလေးရှားကမ္ဘာလုံးဆိုင်ရာ တီထွင်ဖန်တီးမှုစင်တာ
MCO	Movement Control Order ရွေ့ရှားမှုဆိုင်ရာ ထိန်းချုပ်မှုအစီအစဉ်
MCSME	Ministry of Cooperatives and Small and Medium Enterprise သမဝါယမဝန်ကြီးဌာနနှင့် အငယ်စားနှင့် အလတ်စားလုပ်ငန်းများ
MDeC	Multimedia Development Corporation ဆော့ဝဲလ်များ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု
ME	Medium Enterprise အလတ်စားလုပ်ငန်း
MED	Ministry of Entrepreneur Development စီးပွားရေးလုပ်ငန်းများဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
MEDAC	Ministry of Entrepreneur Development and Cooperatives စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုနှင့် သမဝါယမဝန်ကြီးဌာန
MESTECC	Ministry of Energy, Science, Technology, Environment & Climate Change စွမ်းအင်း၊ နည်းပညာ၊ ပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲမှုများဆိုင်ရာ ဝန်ကြီးဌာန
MITI	Ministry of International Trade and Industry နိုင်ငံတကာကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန

MOOC	Massive Open Online Course အွန်လိုင်းသင်တန်းများ
MoF	Ministry of Finance ဘဏ္ဍာရေးဝန်ကြီးဌာန
MOSTI	Ministry of Science, Technology, and Innovation သိပ္ပံနည်းပညာနှင့် တီထွင်ဖန်တီးမှု ဝန်ကြီးဌာန
MSC	Multimedia Super Corridor ဆော့ဝဲလ်ဖန်တီးအသုံးပြုမှုဆိုင်ရာ နည်းလမ်းများ
MSMEs	Micro, Small, and Medium Enterprises အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ
MTDC	Malaysian Technology Development Corporation’s မလေးရှားနည်းပညာဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု
MyCIF	Malaysia Co-Investment Fund မလေးရှား ပူးတွဲရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ရန်ပုံငွေ
NGO	Non-Governmental Organization အစိုးရမဟုတ်သော အဖွဲ့အစည်း
NLD	National League for Democracy အမျိုးသားဒီမိုကရေစီအဖွဲ့
NRI	Network Readiness Index ကွန်ရက်အဆင်သင့်ဖြစ်မှုဆိုင်ရာ ညွှန်းကိန်း
OECD	Organisation for Economic Co-operation and Development စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှု အဖွဲ့အစည်း
P2P Lending	Peer-to-peer Lending အွန်လိုင်းမှ ငွေချေးခြင်း
PE	Private Equity ပုဂ္ဂလိကရှယ်ယာပိုင်ဆိုင်မှု
POS	Point Of Sales အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်သော နေရာ
R&D	Research and Development သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှု
RPA	Robotic Process Automation
SC	Securities Commission အာမခံအဖွဲ့အစည်း/လုံခြုံရေးကော်မရှင်
SE	Small Enterprise အငယ်စားလုပ်ငန်း
SME	Small and Medium Enterprise အငယ်စားနှင့် အလတ်စားလုပ်ငန်း
SMEWG	SME Working Group SME အဖွဲ့

SMIDEC	Small and Medium Industries Development Corporation အငယ်စားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု
SOP	Standard Operating Procedure စံနှုန်းဆိုင်ရာ လုပ်ထုံးလုပ်နည်း
SQL	Structured Query Language
UMFCCI	Union of Myanmar Chambers of Commerce and Industry မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလုပ်မှုလုပ်ငန်းရှင်များအသင်း
UN	United Nation
UNCTAD	United Nations Conference on Trade and Development
UPM	Universiti Putra Malaysia
US EPA	United States Environmental Protection Agency
USAID	United States Agency for International Development
VC	Venture Capital လုပ်ငန်းအရင်းအနှီး
WSME	Women-owned Small and Medium Enterprise အမျိုးသမီးပိုင်အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း
YEAC	Young Entrepreneurs Association of Cambodia ကမ္ဘောဒီးယား စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း

စီမံခန့်ခွဲမှုဆိုင်ရာ အကျဉ်းချုပ်ဖော်ပြမှု

အရေးကြီးသော ပြဿနာများ

ကွန်ပျူတာအခြေခံဝန်ဆောင်မှုများနှင့် အဖြေရှာမှုများဖြစ်သော ဒစ်ဂျစ်တယ်နည်းပညာများကို အသုံးပြုခြင်းသည် လုပ်ငန်းများနှင့်ပတ်သက်ပြီး အသွင်ကူးပြောင်းပေးကာ အရှေ့တောင်အာရှကိုလည်း ချန်လှပ်ထားရန် မရနိုင်ပေ။
အထူးသဖြင့် အရှေ့တောင်အာရှနိုင်ငံများသည် အမျိုးသမီးပိုင် SMEs များ၏ ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုမှုမှ ရရှိလာသော အကျိုးအမြတ်များနှင့်ပတ်သက်ပြီး လက်ခံယုံကြည်ထားသည်။

အမျိုးသမီးများ၏ လုပ်ငန်းဆိုင်ရာ အရည်အသွေးများကို ပုံဖော်ပေးခြင်းသည် အမျိုးသမီးများ၏ စီးပွားရေးဆိုင်ရာ လုပ်ပိုင်ခွင့်နှင့် အမျိုးသမီးလုပ်သားဦးရေတိုးတက်မှုကဲ့သို့သော အကျိုးကျေးဇူးများစွာကို ယူဆောင်လာနိုင်သည်။ သို့ရာတွင် အရှေ့တောင်အာရှရှိ ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သော အမျိုးသမီးဦးရေးနှုန်းမှာ မြင့်မားသော်လည်း အမျိုးသမီးပိုင်လုပ်ငန်းများသည် ပိုမိုတိုးတက်ရန်အတွက် အလားအလာ နည်းပါးသည်။ ထို့ပြင် ယှဉ်ပြိုင်မှု၊ အမြတ်ရရှိမှုနှင့် အရွယ်အစားတို့နှင့်ပတ်သက်ပြီး အမျိုးသားပိုင်လုပ်ငန်းများအောက် အခွင့်အရေးရရှိမှု နည်းပါးသည်။ ထို့ပြင် ကျားမ မညီမျှမှုနှင့် အမျိုးသမီးအရည်အသွေးများကို နိမ့်ကျစွာ အသုံးပြုမှုတို့သည် အာဆီယံနိုင်ငံများတွင် အရိုးစွဲနေသော အလေ့အထများ ဖြစ်သောကြောင့် အမျိုးသမီးလုပ်ငန်းရှင်များသည် စိန်ခေါ်မှုများစွာကို ရင်ဆိုင်နေရသည်။

ကမ္ဘာတဝန်းရှိ စီးပွားရေးနှင့် လူမှုအသိုင်းအဝန်းများသည် ၂၀၂၀ အစောပိုင်းမှ စတင်ပြီး ကမ္ဘာကို ဝါးမြိုခဲ့သော COVID-19 သို့မဟုတ် Novel Coronavirus ၏ ပြင်းထန်စွာ ရိုက်ခတ်မှုကို ခံခဲ့ရသည်။ COVID-19 သည် ကမ္ဘာလုံးဆိုင်ရာ ပံ့ပိုးမှု ကွင်းဆက်များနှင့် နယ်စပ်ဒေသဆိုင်ရာ စီမံခန့်ခွဲမှုနှင့်ပတ်သက်သော အလျဉ်ပြတ်မှုများကို ဖြစ်စေရုံသာမက ပုံမှန်နေ့စဉ်လူမှုရေးဆိုင်ရာ ဆောင်ရွက်ချက်များ၊ အပြုအမူများနှင့် အလေ့အကျင့်များနှင့် ပတ်သက်ပြီး ပြင်းထန်စွာ အကျိုးသက်ရောက်မှုများကိုလည်း ဖြစ်ပေါ်စေခဲ့သည်။ သို့ရာတွင် lockdown ကာလအတွင်း ကမ္ဘာတဝန်းရှိ ကုမ္ပဏီများသည် ဒစ်ဂျစ်တယ်နည်းပညာများကို လက်ခံကျင့်သုံးရန် ဖိအားပေးခြင်းခံရသည့်အတွက် COVID-19 သည် ဒစ်ဂျစ်တယ်နည်းပညာနှင့်ပတ်သက်သော အသိအမှတ်ပြုမှု အသစ်တစ်ရပ်ကိုလည်း ယူဆောင်ပေးခဲ့သည်။ ယခုလေ့လာမှုအရ ဒစ်ဂျစ်တယ်နည်းပညာသည် WSMEs များအတွက် တိုးတက်ရန်နှင့် တီထွင်ဖန်တီးရန်တို့အတွက် အလားအလာအသစ်များကို ယူဆောင်လာပေးပြီး ကျားမဆိုင်ရာ အတားအဆီးများကို ခုနှိမ်ပေးသည်။ ဒစ်ဂျစ်တယ်နည်းပညာနှင့် WSMEs များအကြား ဆက်နွှယ်မှုဆိုင်ရာ COVID-19 ၏ အကျိုးသက်ရောက်မှုများအား ထည့်သွင်းစဉ်းစားပေးခြင်းဖြင့် ယခုအစီရင်ခံစာသည် အရှေ့တောင်အာရှရှိ ဒစ်ဂျစ်တယ်နည်းပညာနှင့် WSMEs များနှင့်ပတ်သက်သော ဗဟုသုတများကို ရရှိစေမည် ဖြစ်သည်။

ယခုသုတေသနအတွက် အရည်အသွေးမီ ချဉ်းကပ်မှုနည်းလမ်းတစ်ရပ်ကို လက်ခံကျင့်သုံးခဲ့သည်။ ထိုနည်းလမ်းတွင် အရှေ့တောင်အာရှနိုင်ငံ၄ နိုင်ငံနှင့်ပတ်သက်သော အချက်အလက်များကောက်ယူခဲ့ပြီး တစ်နိုင်ငံအတွက် အဓိက အစိတ်အပိုင်း ၃ ရပ်ပါဝင်သည်။ အမျိုးသမီးလုပ်ငန်းရှင်များ၊ ပညာရှင်များ၊ ကွဲပြားခြားနားသော ပါဝင်သူများဖြင့် ကျယ်ပြန့်သော အင်တာဗျူးများနှင့်အတူ လက်တွေ့ကျသော အကြံပြုချက်များနှင့် အဖြေရှာမှုများကို ဖန်တီးရန် လုပ်ငန်းရှင်များနှင့် ပညာရှင်များဖြင့် အကြံပေးဆွေးနွေးမှုများလည်း ပါဝင်သည်။ ဒစ်ဂျစ်တယ်နည်းပညာသည် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများယူဆောင်လာနိုင်သော အရေးကြီးသည့် နယ်ပယ်များကို ကိုယ်စားပြုထားသောကြောင့် WSMEs များနှင့် ပညာရှင်များဖြင့် အင်တာဗျူးများနှင့် အကြံပေးဆွေးနွေးမှုများသည် ကဏ္ဍ ၄ ရပ်နှင့်ပတ်သက်သော အမြင်များကို စုဆောင်းပေးခဲ့သည်။
(၁)ငွေကြေးရရှိမှု၊ (၂)သင်ကြားပြသမှု၊ ကွန်ရက်ချိတ်ဆက်မှုနှင့် ကျွမ်းကျင်မှုများ၊ (၃)လုပ်ငန်းဖြစ်စဉ်များနှင့်

စီမံခန့်ခွဲမှု၊ (၄)အကျပ်အတည်းဆိုင်ရာ စီမံခန့်ခွဲမှု(COVID-19)

အရေးကြီးသော ရှာဖွေတွေ့ရှိမှုများ

ကဏ္ဍ-၁-ငွေကြေးရရှိမှု

နိုင်ငံ ၄ နိုင်ငံတွင် တစ်နိုင်ငံစီ၏ ငွေကြေးရရှိမှုနှင့်ပတ်သက်ပြီး WSMEs များအနေဖြင့် ရင်ဆိုင်ရသော ပြဿနာများသည် အနည်းငယ်စီ ပြောင်းလဲမှုရှိသည်။ လုပ်ငန်းရှင်များသည် ချေးငွေရရှိရန် အလျင်မလိုကြောင်း ဖော်ပြခဲ့သည့်အတွက် အင်ဒိုနီးရှားတွင် ပြင်ပမှ ချေးငွေရရှိရန် ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုမှုနှင့်ပတ်သက်သော အဓိကအတားအဆီးများသည် ကြောက်ရွံ့မှုနှင့် စိတ်အားထက်သန်မှု မရှိခြင်းတို့ ဖြစ်ကြောင်း တွေ့ရှိခဲ့ရသည်။ မြန်မာနိုင်ငံရှိ WSMEs များအတွက် ချေးငွေရရှိမှုသည် စိန်ခေါ်မှုအရှိဆုံး ပြဿနာဖြစ်သည်။ မြန်မာနိုင်ငံရှိ WSMEs များကို အထူးသဖြင့်ရည်ရွယ်သော ထောက်ပံ့ကြေးမှအပ အခြားငွေကြေးရရှိနိုင်သော နည်းလမ်းများလည်း မရှိပေ။ မလေးရှားတွင် ထိုအချိန်အတွင်း ပေါ်ပေါက်လာသော အရေးကြီးသည့် ပြဿနာသည် အခြားငွေကြေးရရှိမှုဆိုင်ရာ ကဏ္ဍတွင် ပါဝင်ပတ်သက်သူများအား ကာကွယ်ပေးမှုနှင့်ပတ်သက်သော WSMEs များ၏ သံသယများဖြစ်သည် အထူးသဖြင့် ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများနှင့် နှိုင်းယှဉ်မှု ဖြစ်သည်။ အခြားငွေကြေးရရှိမှုဆိုင်ရာ ယန္တရားများနှင့်ပတ်သက်သော မှားယွင်းသည့် အမြင်များနှင့် အသိပညာမရှိခြင်းတို့ကြောင့် ဖြစ်နိုင်သည်။ ကမ္ဘောဒီးယားတွင် ကန့်သတ်ထားသော ငွေကြေးဆိုင်ရာဗဟုသုတနှင့် အခွန်ဆိုင်ရာ လိုက်နာမှုများသည် ၎င်းတို့လုပ်ငန်းများအတွက် ငွေကြေးမတည်မှုရရှိရန် လုပ်ငန်းရှင်များ၏ ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုမှုနှင့်ပတ်သက်ပြီး ဟန့်တားထားသော အရေးကြီးသည့်အချက်များ ဖြစ်သည်။

နိုင်ငံ ၄ နိုင်ငံတွင် လုပ်ငန်းများဆောင်ရွက်ရန် အတွင်းပိုင်းမှ ငွေကြေးရရှိမှုရင်းမြစ် အသုံးပြုထားသည့် WSMEs အများအစုကို ရှာဖွေတွေ့ရှိခဲ့သည်။ ပြင်ပမှ ငွေကြေးရင်းမြစ်များရရှိသော လုပ်ငန်းရှင်များ၏ အများဆုံး ငွေကြေးရရှိမှု အမျိုးအစားသည် ကမ္ဘောဒီးယားတွင် ဘဏ်ချေးငွေနှင့် အင်ဒိုနီးရှားတွင် ပုဂ္ဂလိကရှယ်ယာပိုင်ဆိုင်မှု ဖြစ်သည်။ သို့ရာတွင် မလေးရှားတွင် ဘဏ်ချေးငွေရယူမှု နည်းပါးသော လုပ်ငန်းရှင်များသည် အတွင်းပိုင်းမှ ချေးငွေရယူတတ်ကြသည်။ ဒစ်ဂျစ်တယ်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများ(DFS)ကို အသုံးပြုပြီး အခြားချေးငွေရယူမှုနည်းလမ်းသည် ပြင်ပမှ ငွေကြေးရရှိမှုရင်းမြစ်များနှင့်ပတ်သက်သော အသိပညာမရှိခြင်းကြောင့် ဖြစ်နိုင်ပြီး လုပ်ငန်းရှင်အနည်းငယ်အကြား ရှာဖွေတွေ့ရှိခဲ့သည်။

ကဏ္ဍ-၂-သင်ကြားပြသမှု၊ ကွန်ရက်ချိတ်ဆက်မှုနှင့် ကျွမ်းကျင်မှုများ

သုတေသနမှ လုပ်ငန်းရှင်များအကြား ရှာဖွေတွေ့ရှိမှုတစ်ရပ်မှာ သင်ကြားပြသမှုနှင့် ကျွမ်းကျင်မှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ကွန်ရက်များကို ကန့်သတ်ထားခြင်း ဖြစ်သည်။ အင်ဒိုနီးရှားတွင် လုပ်ငန်းရှင်အများအပြားသည် မိသားစုတာဝန်များမှာ ပထမဦးစားပေးဖြစ်ကြောင်း ယုံကြည်လက်ခံထားကြသည်။ ထို့ကြောင့် ၎င်းတို့သည် အစိုးရ သို့မဟုတ် ပုဂ္ဂလိကအခန်းကဏ္ဍမှ အွန်လိုင်းမှတဆင့် ပြုလုပ်သော ပွဲများနှင့်သင်တန်းများ တက်ရောက်ရန် အခွင့်အလမ်းများကို တစ်ခါတစ်ရံ လက်လွှတ်ကြရသည်။ မြန်မာနိုင်ငံရှိ WSMEs များသည် ပြင်ပတွင် ကွန်ရက်ချိတ်ဆက်ဆောင်ရွက်မှုများကို ပိုမိုပြုလုပ်ကြပြီး အမျိုးသမီးများမှာ အမျိုးသားများအောက် ကွန်ရက်ချိတ်ဆက်မှုဆိုင်ရာ အခွင့်အလမ်းရရှိနိုင်မှု နည်းပါးကြသည်။ မလေးရှားတွင် အထူးသဖြင့် နိုင်ငံခြားတိုင်းပြည်များတွင် အပျက်သဘောဆောင်သော ရလာဒ်များ ရရှိမည်ကို စိုးရိမ်သောကြောင့် ကမ္ဘာလုံးဆိုင်ရာ လုပ်ငန်းချင်း ချိတ်ဆက်ဆောင်ရွက်မှုဆိုင်ရာ အခွင့်အလမ်းများကို ဖော်ထုတ်ရန် ဝန်လေးကြသည်။ အင်ဒိုနီးရှားကဲ့သို့ပင် ကမ္ဘောဒီးယားရှိ WSMEs များသည် ၎င်းတို့၏ လုပ်ငန်းနှင့် မိသားစုတာဝန်များအကြား ရုန်းကန်နေရသောကြောင့် e-Learning အတွက် အချိန်ရရှိရန် စိန်ခေါ်မှုများနှင့် တွေ့ကြုံနေရသည်။ ကမ္ဘောဒီးယားအတွင်းနှင့် အပြင် နှစ်မျိုးလုံးတွင် သင်ကြားပြသမှု အစီအစဉ်များနှင့်ပတ်သက်သော သတင်းအချက်အလက်များရရှိရန် ကန့်သတ်ထားသည်။

နိုင်ငံ ၄ နိုင်ငံ၏ WSMEs များသည် COVID-19 ကို ရင်ဆိုင်ရာတွင် အသိပညာဗဟုသုတအသစ်များ ရရှိရန်အတွက် ဒစ်ဂျစ်တယ်နည်းပညာအသုံးပြု သင်ကြားမှုနှင့်ပတ်သက်သော စိတ်အားထက်သန်မှုကို ဖော်ပြခဲ့ကြသည်။

ဒစ်ဂျစ်တယ် tools များကို လုပ်ငန်းများအတွင်း သင်ကြားပြသသူများနှင့် သင်တန်းသားများအကြား ချိတ်ဆက်ရန်၊ သက်ဆိုင်ရာ အကြောင်းအရာများနှင့်ပတ်သက်သော ဗီဒီယိုများကို ကြည့်ရှုရန်၊ သင်တန်း သို့မဟုတ် e-learning များ တက်ရောက်ရန်၊ အွန်လိုင်းဆွေးနွေးပွဲများကို နားထောင်ရန်တို့အတွက် အသုံးပြုနိုင်သည်။

ကဏ္ဍ-၃-လုပ်ငန်းဖြစ်စဉ်များနှင့် စီမံခန့်ခွဲမှု

အင်ဒိုနီးရှားနှင့် ကမ္ဘောဒီးယားရှိ လုပ်ငန်းရှင်များသည် မြန်မာနှင့် မလေးရှားတို့တွင်မရှိသော ကျားမဆိုင်ရာလုပ်ငန်းဖြစ်စဉ်နှင့်ပတ်သက်သော ပြဿနာများနှင့်ပတ်သက်ပြီး လေ့လာခဲ့သည်။ အင်ဒိုနီးရှားနှင့် ကမ္ဘောဒီးယားရှိ လုပ်ငန်းရှင်များသည် လုပ်ငန်းနှင့် မိသားစုတာဝန်များအကြား ရုန်းကန်နေရကြောင်းနှင့်ပတ်သက်ပြီး ဖော်ပြခဲ့ကြသည်။ ၎င်းတို့သည် မိခင်နေရာသာမက သမီးနေရာမှလည်း တာဝန်ယူထားရကာ လုပ်ငန်းများကိုလည်း ဆောင်ရွက်နေရသောကြောင့် ကျွမ်းကျင်မှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု၊ လူမှုကွန်ရက်များနှင့် အဖွဲ့အစည်းဆိုင်ရာ ချိတ်ဆက်ဆောင်ရွက်မှုများနှင့် ပွဲများသို့ ပါဝင်တက်ရောက်နိုင်ရန်အတွက် အချိန်ကန့်သတ်ချက်များနှင့် ရင်ဆိုင်နေရသည်။ မြန်မာနိုင်ငံတွင် WSMEs လုပ်ငန်းဖြစ်စဉ်များအတွက် ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုရန် အဓိက အတားအဆီးများသည် ဘာသာစကား၊ အသိပညာ၊ ကျွမ်းကျင်မှုများနှင့် ရင်းမြစ်များဖြစ်သည်။

ဘာသာစကားသည် သင့်လျော်သော ဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာ အဖြေရှာမှုများရှာဖွေရန်နှင့် ဒစ်ဂျစ်တယ် ကျွမ်းကျင်မှုအသစ်များရရှိရန်တို့အတွက် အကြီးမားဆုံးအတားအဆီး ဖြစ်သည်။ လုပ်ငန်းဖြစ်စဉ်များအတွက် ဒစ်ဂျစ်တယ်နည်းပညာကို ပိုမိုကျယ်ပြန့်စွာ အသုံးပြုနိုင်ရန် မလေးရှား၏ အဓိကအတားအဆီးသည် WSME များ၏ အရေးကြီးသောလုပ်ငန်းဆိုင်ရာ လိုအပ်ချက်များနှင့် တည်ရှိနေသော ဒစ်ဂျစ်တယ် tools များ၏ အင်္ဂါရပ်များအကြား ကိုက်ညီမှုမရှိခြင်း ဖြစ်သည်။ ကြီးမားသော အဖွဲ့အစည်းများအနေဖြင့် တတ်နိုင်သော tools များနှင့် software များသည် WSMEs အများအပြားအတွက် ဝန်ထုပ်ဝန်ပိုးတစ်ရပ် ဖြစ်သည်။

လုပ်ငန်းရှင်အများစုသည် ရေပန်းအစားဆုံးဖြစ်သည့် လူမှုမီဒီယာနှင့် တရားဝင်ဝက်ဘ်ဆိုဒ်များကို အရောင်း/ဈေးကွက်ရှာဖွေမှု တိုးတက်စေရန်အတွက် အသုံးပြုကြသည်။ လုပ်ငန်းရှင်များသည် ဝယ်ယူမှုဆိုင်ရာစနစ်များ၊ ပံ့ပိုးမှုကွင်းဆက်ဆိုင်ရာ စီမံခန့်ခွဲမှုစနစ်များ၊ customer ဆက်သွယ်မှုဆိုင်ရာ စီမံခန့်ခွဲမှု(CRM)စနစ်များနှင့် အချက်အလက်စိစစ်မှုများကဲ့သို့သော အတွင်းပိုင်းလုပ်ငန်းဖြစ်စဉ်များ တိုးတက်စေရန်အတွက် ဒစ်ဂျစ်တယ် tools များကို အသုံးပြုကြသည်။ အင်ဒိုနီးရှား၊ မြန်မာနှင့် မလေးရှားတို့တွင် ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုရန်အတွက် ဆုံးဖြတ်ချက်သည် ဈေးကွက်နှင့်ပတ်သက်သည်ဟု ထင်ရသည်။

ကဏ္ဍ-၄-အကျပ်အတည်းဆိုင်ရာ စီမံခန့်ခွဲမှု (COVID-19)

COVID-19 နှင့် ရင်ဆိုင်ရာတွင် WSME လုပ်ငန်းရှင်အများစု၏ ခရီးသွားလုပ်ငန်း၊ အစားအစာနှင့် အဖျော်ယမကာ လုပ်ငန်းများမှာ အထူးသဖြင့် ဆိုးရွားစွာ အကျိုးသက်ရောက်မှုခံခဲ့ရသည်။ လုပ်ငန်းရှင်အများစုသည် ဒစ်ဂျစ်တယ်နည်းပညာ၏ အကူအညီဖြင့် အခြေအနေနှင့်ပတ်သက်ပြီး လိုက်လျောညီထွေဖြစ်ခဲ့သော်လည်း ၎င်းတို့သည် တုံ့ပြန်မှုအတွက် အသုံးပြုခြင်းဖြစ်ပြီး ကြိုတင်ပြင်ဆင်ထားသော အကျပ်အတည်းဆိုင်ရာ စီမံခန့်ခွဲမှုအတွက် အသုံးပြုခြင်း မဟုတ်ပေ။

WSMEs များသည် ရွှေ့ပြောင်းလုပ်ကိုင်ကြရသောကြောင့် ထုတ်လုပ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့အတွက် အကျပ်အတည်းမတိုင်မီက ဒစ်ဂျစ်တယ်နည်းပညာကို အသုံးမပြုခဲ့သော်လည်း COVID-19 သည် ဒစ်ဂျစ်တယ် နည်းပညာကို စတင်အသုံးပြုရန် သို့မဟုတ် တိုးတက်စေရန်တို့အတွက် နိုင်ငံ၄နိုင်ငံရှိ WSMEs များကို ဖိအားပေးခဲ့သည်။

အစိုးရအဖွဲ့အစည်းများအတွက် အရေးကြီးသော အကြံပြုချက်များ

ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုသော အမျိုးသမီးပိုင်စီးပွားရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုကဲ့သို့သော ကျားမဆိုင်ရာ ဦးတည်သည့် ငွေကြေးရရှိမှုဆိုင်ရာ စီမံချက်များကို အစပျိုးဆောင်ရွက်ခြင်း

အစိုးရသည် ကျားမဆိုင်ရာ ဦးတည်မှုဖြင့် ရင်းနှီးမြုပ်နှံသော ငွေကြေးများမှတဆင့် ချေးငွေများ သို့မဟုတ် ရှယ်ယာပိုင်ဆိုင်မှုများ ကဲ့သို့သော WSMEs များထံသို့ ငွေကြေးစီးဆင်းမှုပမာဏ တိုးတက်စေရန်နှင့် ထိန်းညှိရန်တို့အတွက် ဆောင်ရွက် နိုင်သည်။ အဆိုပါကြားဝင်ဆောင်ရွက်မှုသည် WSMEs များနှင့် ငွေကြေးဆိုင်ရာကြားခံအဖွဲ့အစည်းများအတွက် အခြားစွမ်းဆောင်ရည် တည်ဆောက်ပေးသော အစီအစဉ်များဖြင့် ပူးပေါင်းနိုင်သည်။

ကျားမ-တန်းတူညီမျှဖြစ်မှုဆိုင်ရာ အစီအစဉ်နှင့်ပတ်သက်ပြီး လက်ခံကျင့်သုံးနိုင်သော လုပ်ငန်းပိုင်ရှင်များနှင့် ဝန်ထမ်းများအတွက် လုပ်ငန်းဆိုင်ရာ သင်တန်းအစီအစဉ်များကို ဖွံ့ဖြိုးတိုးတက်စေခြင်း
၎င်းတွင် ဒစ်ဂျစ်တယ် နည်းပညာ အပလီကေးရှင်းများဖြင့် တီထွင်ဖန်တီးထားသော အမျိုးသမီးလုပ်ငန်းရှင်များအတွက် ဆွဲဆောင်မှု ဆိုင်ရာ စီမံချက်များ ပါဝင်နိုင်သည်။ WSMEs များကိုရည်ရွယ်သော ပညာရေးနှင့် သင်တန်းတို့သည် လုပ်ငန်းနှင့် ကိုယ်ပိုင်ဘဝနှစ်မျိုးလုံးတွင် ရှုန်းကန်နေကြရသော အမျိုးသမီးများအတွက် လက်တွေ့ကျသော အကြံပြုချက် များကို ပေါင်းစည်းပေးပြီး ပြည်တွင်းဘာသာစကား(များ)ကို အသုံးပြုခြင်း ကဲ့သို့သော လူမှုရေးနှင့် ယဉ်ကျေးမှု ဆိုင်ရာ အကြောင်းအရာများကို ထည့်သွင်းစဉ်းစားသင့်သည်။

WSMEs များ၏ တိုးတက်မှုကို ပံ့ပိုးပေးနိုင်သော စည်းကမ်းထိန်းသိမ်းလိုက်နာမှုအားလုံးနှင့်ပတ်သက်သည့် အခွင့်အလမ်းရရှိမှု၊ လုံခြုံစိတ်ချရမှုနှင့် ပွင့်လင်းမြင်သာဖြစ်မှုတို့အတွက် သေချာစေခြင်း
ကျားမဆိုင်ရာ တန်းတူ ညီမျှဖြစ်မှုနှင့်ပတ်သက်သော မူဝါဒများကို အဓိက SME မူဝါဒချမှတ်မှုဆိုင်ရာ အေဂျင်စီများအားလုံးတွင် လက်ခံ ကျင့်သုံးရန်နှင့် စည်းကမ်းထိန်းသိမ်းလိုက်နာမှု ဖြစ်စဉ်များအားလုံးနှင့်ပတ်သက်ပြီး ပိုမိုထိန်းချုပ်နိုင်ရန်၊ ပွင့်လင်းမြင်သာမှုရှိရန်နှင့် ကျားမအခြေခံခွဲခြားဆက်ဆံမှုများ လျော့နည်းစေရန်၊ အချိန်တိုတိုဖြင့် အကျိုးထိ ရောက်မှုရှိရန်တို့အတွက် ဆောင်ရွက်ရမည် ဖြစ်သည်။ e-government ၏ ကနဦးဆောင်ရွက်ချက်များမှာ လိုအပ်သော်လည်း WSMEs များနှင့် ဂေဟစနစ်တွင် ပါဝင်ပတ်သက်သူများအာလုံး၏ အချက်အလက်သီးသန့်တည်ရှိမှုနှင့်ပတ်သက်သော ကာကွယ်မှုနှင့် လုံခြုံမှုတို့အတွက် စည်းမျဉ်းများဖြင့် ပံ့ပိုးပေးရန် လိုအပ်သည်။

WSMEs များအတွက် အကျပ်အတည်းကာလအတွင်း တည်ငြိမ်မှုရှိစေမှုနှင့် ပြန်လည်နာလန်ထူမှုဆိုင်ရာ ရန်ပုံငွေများ၊ အလုပ်အကိုင်နှင့် လုပ်ခလစာဆိုင်ရာ စီမံချက်များ၊ ချေးငွေဆိုင်ရာ ဖြေလျှော့မှုများနှင့် အခွန်ဆိုင်ရာ ဖြေလျှော့မှုများနှင့်ပတ်သက်ပြီး စီစဉ်ပေးခြင်း
WSMEs များအား အကျပ်အတည်းကာလအတွင်းပံ့ပိုးမှုများ စီစဉ်ပေးခြင်းသည် အငယ်စားနှင့် အလတ်စား လုပ်ငန်းများနှစ်မျိုးလုံးအတွက် အဆိုပါပံ့ပိုးမှုများကို တူညီစွာ လက်ခံရရှိနိုင်ရန် အချိန်အကန့်အသတ်ရှိမှု၊ ရည်ရွယ်ချက်ရှိမှု၊ ပွင့်လင်းမြင်သာရှိမှုနှင့် ခွဲခြားဆက်ဆံခံရခြင်း မရှိမှုတို့နှင့်ပတ်သက်ပြီး သေချာစွာ စီစဉ်ထားသင့်သည်။ ထို့ပြင် အစိုးရများသည် WSMEs များအနေဖြင့် အလုပ်ခွင်တွင် COVID-19 ပျံ့နှံ့မှုမှ ကာကွယ်နိုင်ရန် ဆောင်ရွက်ချက်များအတွက် ရှင်းလင်းသောတောင်းဆို ချက်များနှင့် လမ်းညွှန်ချက်များ စီစဉ်ပေးရန် ပုဂ္ဂလိကအခန်းကဏ္ဍဖြင့် ပူးပေါင်းဆောင်ရွက်နိုင်သည်။

WSMEs များအတွက် ပံ့ပိုးမှုများစီစဉ်ပေးသော အဖွဲ့အစည်းများနှင့်ပတ်သက်သည့် အရေးကြီးသည့် အကြံပြုချက်များ
အများပြည်သူနှင့်ပတ်သက်သော အသိပညာတိုးတက်စေခြင်းနှင့် WSMEs များအတွက် ချေးငွေရရှိမှုဆိုင်ရာ ကွာဟချက်နှင့်ပတ်သက်ပြီး ပိုမိုမြင်သာစေခြင်း အတွေးအခေါ်ပညာရှင်များအဖွဲ့များနှင့် အကျိုးအမြတ်အတွက် မဟုတ်သော အဖွဲ့အစည်းများအပါအဝင် ပုဂ္ဂလိကခန်းကဏ္ဍသည် အမျိုးသမီး CEOs နှင့် အမျိုးသမီးလုပ်ငန်းရှင်များ ရှားပါးမှုနှင့်ပတ်သက်သော အကြောင်းအရာများအား မီးမောင်းထိုးပြသနိုင်သည်။ ထို့ပြင် WSMEs များအတွက် ချေးငွေကျယ်ပြန့်စွာရရှိပါက WSME လုပ်ငန်းရှင်များ ၊ အမျိုးသမီးရင်းနှီးမြုပ်နှံသူများနှင့် အာမခံကော်မတီ အဖွဲ့ဝင်များအဖြစ် ဆောင်ရွက်သောအမျိုးသမီးအရေအတွက် မည်မျှရှိသည်တို့နှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေး နိုင်သည်။

ပြည်တွင်းဘာသာစကားများဖြင့် သင်တန်းများနှင့် ဆွေးနွေးပွဲများမှတဆင့် ကျားမဆိုင်ရာ ပုံသေ အတွေးခေါ်များနှင့်ပတ်သက်ပြီး ဖြေရှင်းရန်နှင့် သမားရိုးကျမဟုတ်သော ကျွမ်းကျင်မှုများ ဖွံ့ဖြိုးတိုးတက်စေရန်တို့အတွက် အားပေးခြင်း

ကျားမဆိုင်ရာ ပုံသေအတွေးအခေါ်များသည် ၎င်းတို့၏ ကိုယ်ပိုင်နှင့် ပညာရပ်ဆိုင်ရာ အရည်အသွေးများ ဖွံ့ဖြိုးတိုးတက်စေရန် အမျိုးသမီးလုပ်ငန်းရှင်များအား ကန့်သတ်ထားသောကြောင့် ထိခိုက်ဆုံးရှုံးမှုများ ရှိနိုင်သည်။

ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုသည့် WSMEs များ၏ အောင်မြင်မှုနှင့်ပတ်သက်သော အကြောင်းအရာများ

WSMEs များအား ပံ့ပိုးပေးသော အဖွဲ့အစည်းများသည် အစိုးရ သို့မဟုတ် ပုဂ္ဂလိကမှ စီစဉ်သော ပွဲများတွင် အချက်အလက်ဆိုင်ရာ သီးသန့်တည်ရှိမှုနှင့် လုံခြုံမှုဆိုင်ရာ အသိပညာများ တိုးမြှင့်ပေးရန်အတွက် ကူညီနိုင်သည်။ WSMEs များ၏ အောင်မြင်မှုများသည် အခြား WSMEs များအနေဖြင့် ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုမှုနှင့်ပတ်သက်ပြီး အတုယူနိုင်စေရန် လက်ဆုပ်လက်ကိုင်ပြနိုင်သော ဥပမာများ စီစဉ်ပေးသည်။

WSMEs များအနေဖြင့် အကျပ်အတည်းကာလများအတွင်း မဟာဗျူဟာမြောက်စွာ ပြင်ဆင်ရန်အတွက် အခြားအတွေ့အကြုံရှိသော လုပ်ငန်းရှင်များနှင့် သင်ကြားပြသသူများထံမှ သင်ယူနိုင်ရန် လုပ်ငန်းဆိုင်ရာ အသိုက်အဝန်းများနှင့် အဖွဲ့အစည်းများတွင် ပါဝင်မှုဆိုင်ရာ အကျိုးကျေးဇူးများကို တိုးမြှင့်ပေးခြင်း

လုပ်ငန်းဆိုင်ရာ အသိုက်အဝန်းများနှင့် အဖွဲ့အစည်းများသည် ဒစ်ဂျစ်တယ်ကွန်ရက်ချိတ်ဆက်ခြင်း၊ ကျွမ်းကျင်မှုများတည်ဆောက်ခြင်းနှင့် သင်ကြားပြသမှုဆိုင်ရာ အခွင့်အလမ်းများစီစဉ်ပေးခြင်းတို့နှင့်ပတ်သက်ပြီး ပိုမိုဆောင်ရွက်နိုင်သည်။ ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုမှု တိုးတက်စေရန်အတွက် တီထွင်ဖန်တီးမှုများ စီစဉ်ဆောင်ရွက်ရန် ပုဂ္ဂလိကနှင့် အစိုးရကဏ္ဍများအတွက် အရေးကြီးသည်။ ထို့ပြင် ဆွေးနွေးမှုနှင့် သင်ကြားမှုဆိုင်ရာ အခွင့်အလမ်းများသည် လုပ်ငန်းဆက်လက်ဆောင်ရွက်မှုဆိုင်ရာ အစီအစဉ်များကို ဖွံ့ဖြိုးတိုးတက်



၁။

အရှေ့တောင်အာရှရှိ အမျိုးသမီးပိုင် SMEs များနှင့်ပတ်သက်သော ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုမှု

၁.၁။နိဒါန်း

မိုဘိုင်းအင်တာနက်၊ လူမှုမီဒီယာနှင့် cloud စသော ဒစ်ဂျစ်တယ်နည်းပညာများသည် လုပ်ငန်းများကို အသွင်ကူးပြောင်းပေးပြီး ကမ္ဘာတဝန်းရှိ လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်မှုဆိုင်ရာ နည်းလမ်းများနှင့် ပတ်သက်သော တီထွင်ဖန်တီးမှုနှင့် တိုးတက်မှုများအတွက် အခွင့်အလမ်းအသစ်များကို ယူဆောင်ပေးကာ ကြီးမားသော ပြောင်းလဲမှုများကို ဖြစ်ပေါ်စေသည်။ အရှေ့တောင်အာရှဒေသသည် ခြွင်းချက်မရှိပေ။ ၂၀၁၈ တွင် အရှေ့တောင်အာရှနိုင်ငံများအဖွဲ့အစည်း(ASEAN) ၏ အဖွဲ့ဝင်နိုင်ငံများ၏ ဒစ်ဂျစ်တယ်စီးပွားရေးသည် ၎င်း၏ GDP (တရုတ်၏ ၁၆ ရာခိုင်နှုန်း၊ ဥရောပပြည်ထောင်စု ၅ နိုင်ငံ(EU5)၏ ၂၇ ရာခိုင်နှုန်းနှင့် အမေရိကန်ပြည်ထောင်စု၏ ၃၅ ရာခိုင်နှုန်းတို့ဖြင့် နှိုင်းယှဉ်ပါက) ၏ ၇ ရာခိုင်နှုန်းသာလျှင် ရှိခဲ့သည်။ ဒစ်ဂျစ်တယ်နည်းပညာများအသုံးပြုခြင်းသည် ဒေသ၏ GDP ကို USD 1 trillion ခန့်အထိ ပေါင်းထည့်နိုင်သည်။ ၂၀၂၅ တွင် စုစုပေါင်းအမေရိကန်ဒေါ်လာ 5.1 trillion အထိ မြင့်တက်ခဲ့ပြီး ASEAN အား ဒစ်ဂျစ်တယ်နည်းပညာ အဓိက အသုံးပြုသော ဒေသအဖြစ် ကမ္ဘာလုံးဆိုင်ရာ ယှဉ်ပြိုင်မှု၏ ရှေ့ဆုံးနေရာသို့ ရောက်ရှိစေခဲ့သည်။

အရှေ့တောင်အာရှ၏ GDPတိုးတက်မှုအား သိသာစွာအထိနာစေခဲ့သော ၂၀၂၀ အစောပိုင်း Novel Coronavirus သို့မဟုတ် COVID-19 ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါ၏ အကျိုးသက်ရောက်မှု ဖြစ်ပေါ်ခြင်း မတိုင်မီ ယခုကြိုတင်ခန့်မှန်းမှုကို ဆောင်ရွက်ခဲ့သည်။ ၎င်းနှင့်ပတ်သက်ပြီး ယခုကဏ္ဍ၏ နောက်ပိုင်း အကြောင်းအရာများနှင့် သက်ဆိုင်ရာနိုင်ငံများ၏ အစီရင်ခံစာများတွင် ရှင်းလင်းဖော်ပြထားသည်။

အထူးသဖြင့် အရှေ့တောင်အာရှသည် SMEs များ အနေဖြင့် ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုမှု၏ အကျိုးကျေးဇူးများကို ခံစားနိုင်စေရန် စီစဉ်ဆောင်ရွက်ပေးထားသည်။ SMEs များသည် ASEAN စီးပွားရေး၏ နောက်ခံကျောရိုးတစ်ခုဖြစ်ပြီး ASEAN GDP ၏ ၅၀ ရာခိုင်နှုန်းထက်ပိုမို ပါဝင်ကာ အရေးကြီးသော ကဏ္ဍများရှိ လုပ်ငန်းများ၏ ၉၉ ရာခိုင်နှုန်းကို ကိုယ်စားပြုမှုနှင့်အတူ လုပ်သားအင်အား၏ ၈၀ ရာခိုင်နှုန်းကျော်ကို ခန့်အပ်ထားသည်။ လက်ရှိဖြစ်ပေါ်နေသော ဒစ်ဂျစ်တယ်နည်းပညာတော်လှန်ရေးသည် ပြည်တွင်းဈေးကွက်များကို ကျော်လွန်သော ဈေးကွက်ချဲ့ထွင်မှုနှင့် တိုးတက်မှုတို့ဆီသို့ ဦးတည်ကာ လုပ်ငန်းများတိုးတက်စေရန်အတွက် အသစ်ဖြစ်သော ဒစ်ဂျစ်တယ် တီထွင်ဖန်တီးမှုနှင့် tools များနှင့်ပတ်သက်ပြီး အရှိန်မြှင့်တင်ပေးမှုနှင့်အတူ SMEs များအတွက် အလားအလာအသစ်များကို ယူဆောင်လာပေးသည်။

အရှေ့တောင်အာရှရှိ အမျိုးသမီးပိုင် စီးပွားရေး လုပ်ငန်းများနှင့် SMEs များ

အမျိုးသမီးလုပ်ငန်း များသည် အရှေ့တောင်အာရှတွင် လွှမ်းမိုးမှုရှိသည်။ ၂၀၁၅ အာဆီယမ်အဖွဲ့ဝင် ၅ နိုင်ငံတွင် စုစုပေါင်း အာဆီယမ်လူဦးရေ၏ ၉.၈ ရာခိုင်နှုန်းဖြစ်သော အမျိုးသမီးလုပ်ငန်းရှင် 61.3 million ခန့်ရှိသည်။ သို့ရာတွင် အမျိုးသမီးလုပ်ငန်းရှင်များသည် အမျိုးသားများ အောက် နောက်ကျကျန်နေသည်။ ၂၀၁၇ OECD အစီရင်ခံစာသည် ASEAN တွင် ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သည့် အမျိုးသမီးနှုန်းမှာ ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သည့် အမျိုးသားနှုန်း၏ ၇၇ ရာခိုင်နှုန်းခန့်ရှိသည်။ ကမ္ဘောဒီးယားတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သည့် အမျိုးသားနှုန်း ၁၁၉ ရာခိုင်နှုန်းနှင့် စင်ကာပူတွင် ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်သည့် အမျိုးသားနှုန်း ၄၈ ရာခိုင်နှုန်း အသီးသီးရှိကြသည်။

ထိုကွာဟချက်များရှိသော်လည်း အမျိုးသမီးပိုင် လုပ်ငန်းအများအပြားသည် အရှေ့တောင်အာရှ စီးပွားရေးတွင် အရေးကြီးသော ဆောင်ရွက်သူများအဖြစ် အမျိုးသမီးများ၏ သိသာထင်ရှားသည့် အခန်းကဏ္ဍကို ဖော်ပြသော SMEs များဖြစ်ကြောင်း အသိအမှတ်ပြုရမည် ဖြစ်သည်။ အမျိုးသမီးပိုင် SMEs များအား ထပ်မံပံ့ပိုးပေးခြင်းနှင့် အမျိုးသမီးလုပ်ငန်းဆိုင်ရာ အရည်အသွေးများကို ပုံဖော်ပေးခြင်းတို့သည် အမျိုးသမီးစီးပွားရေးဆိုင်ရာ လုပ်ပိုင်ခွင့်တိုးတက်မှု၊ အမျိုးသမီးလုပ်သားပါဝင်မှုနှင့် ဒေသ၏ လူမှုစီးပွားတိုးတက်မှုတွင် ပိုမိုပါဝင်နိုင်မှုစသော အကျိုးကျေးဇူးအများအပြားကိုယူဆောင်လာနိုင်သည်။ ဥပမာ-အရှေ့တောင်အာရှနိုင်ငံများ

ဖြစ်သော မလေးရှား၊ ဖိလစ်ပိုင်နှင့် ထိုင်းနိုင်ငံတို့ကို အခြေခံထားသော သုတေသနသည် အမျိုးသမီး လုပ်ငန်းရှင်များမှာ အမျိုးသားလုပ်ငန်းရှင်များနှင့် နှိုင်းယှဉ်ပါက အမျိုးသမီးဝန်ထမ်းခန့်အပ်ထားမှု ရာခိုင်နှုန်းပိုမိုမြင့်မားကြောင်း ရှာဖွေတွေ့ရှိရသည်။ အလုပ်ချိန်၊ ပါဝင်မှုနှင့် ထုတ်လုပ်မှုတို့အတွက် ကျားမဆိုင်ရာ ကွာဟချက်များနှင့်ပတ်သက်ပြီး အရှေ့နှင့် အရှေ့တောင်အာရှ(တရုတ်မှအပ)၏ GDP တွင် ၃၀ ရာခိုင်နှုန်းအထိ ထည့်ပေါင်းနိုင်ပြီး စီးပွား ရေးတွင် အမျိုးသမီးများ၏ ပါဝင်မှုနှုန်း တိုးတက်စေ ရန်အတွက် အပိုဆောင်း USD 12 trillion ကို ၂၀၂၅ နှစ်စဉ် ကမ္ဘာလုံးဆိုင်ရာ ထုတ်လုပ်မှုတွင် ထည့်ပေါင်း နိုင်သည်။

သုတေသနသည် အမျိုးသမီးများမှာ ဝင်ငွေရရှိရန် စွမ်းဆောင်နိုင်ကြောင်းလည်း မီးမောင်းထိုးပြသ ခဲ့သည်။ ဥပမာ–ကမ္ဘာ့ဘဏ်၏ လေ့လာမှုအရ အမျိုးသားများသည် မိသားစုများနှင့် ကလေးများ အတွက် 30-40cents ကို စုပြီး အမျိုးသမီးများသည် တစ်ဒေါ်လာလျှင် 90 cents စုကြကြောင်း လေ့လာ သိရှိရသည်။

အရှေ့တောင်အာရှရှိ ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သော အမျိုးသမီးနှုန်းသည် OECD ၏ လုပ်ငန်းရှင်များနှင့် နှိုင်းယှဉ်ပါက (၅၀ ရာခိုင်နှုန်းခန့်) မြင့်မားသော်လည်း အမျိုးသမီးပိုင်လုပ်ငန်းများသည် တစ်ခါတစ်ရံတွင် ထပ်မံတိုးတက်ရန် အလားအလာနည်းပါးပြီး အမျိုးသားပိုင်လုပ်ငန်းများအောက် ယှဉ်ပြိုင်မှု၊ အမြတ်နှင့် အရွယ်အစားတို့နှင့်ပတ်သက်သော အခွင့်အလမ်းများကို လက်လွှတ်ကြရသည်။ ထို့ပြင် အထူးသဖြင့် ကျားမ မညီမျှမှုနှင့် အမျိုးသမီး အရည်အသွေးများကို နှိမ့်ချအသုံးပြုခြင်းတို့သည် အာဆီယံနိုင်ငံများတွင် နက်ရှိုင်းစွာ အရိုးစွဲနေသော အလေ့အထဖြစ်နေသောကြောင့် အမျိုးသမီးလုပ်ငန်း များသည် ကြီးမားသော စိန်ခေါ်မှုအများအပြားနှင့် ရင်ဆိုင်နေရသည်။ ထို့ပြင် အမျိုးသားလုပ်ငန်းရှင် များနှင့် နှိုင်းယှဉ်ပါက အမျိုးသမီးလုပ်ငန်းရှင်များ သည် ခွဲခြားဆက်ဆံသော လူမှုရေးနှင့် ယဉ်ကျေးမှု ဆိုင်ရာ စံသတ်မှတ်ချက်များကြောင့် ပညာရေးနှင့် သင်တန်းများ၊ ငွေကြေးဆိုင်ရာ ရင်းမြစ်များ၊ နည်းပညာများ၊ လူမှုရေးနှင့် လုပ်ငန်းဆိုင်ရာ ကွန်ရက်များနှင့်ပတ်သက်သော အခွင့်အလမ်းရရှိမှု များကို ကန့်သတ်ခံထားရသည်။

အမျိုးသမီးများသည် ကလေးပြုစုစောင့်ရှောက်မှု တာဝန်များ၊ အိမ်မှုကိစ္စများစသည့် ဝန်ထုပ်ဝန်ပိုး များစွာကို အချိုးမညီစွာ ဆောင်ရွက်နေကြရသည်။ ထို့ပြင် ၎င်းတို့အား လုပ်ငန်းဦးဆောင်သူများအဖြစ် လက်ခံရန်၊ အသိအမှတ်ပြုရန်နှင့် ဆက်ဆံရန်တို့ အတွက် ခက်ခဲစေနိုင်သော အိမ်ရှင်မများအဖြစ်သာ လက်ခံနေသည့် ပုံသေအတွေးအခေါ်များကို ပံ့ပိုး ပေးနေသော ဖိအားများနှင့် လူမှုရေးဆိုင်ရာ မျှော်လင့်ချက်များနှင့်လည်း ရင်ဆိုင်နေရသည်။ လုပ်ငန်းရှင်အမျိုးသမီးများသည် လုပ်ငန်းရှင် နေရာသာမက အိမ်ရှင်မတာဝန်ပါ တစ်ပြိုင်တည်း ယူထားရခြင်းကြောင့် လုပ်ငန်းကိစ္စများနှင့် အိမ်မှု ကိစ္စများ ဆောင်ရွက်ရန်အတွက် အချိန်ကန့်သတ် ချက်ဆိုင်ရာ စိန်ခေါ်မှုများနှင့် ကြုံတွေ့နေရသည်။

WSMEs များအတွက် COVID-19 ၏ အကျိုး သက်ရောက်မှုများနှင့် အလားအလာရှိသော ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုမှုဆိုင်ရာ အခွင့် အလမ်းများ

ကမ္ဘာတဝန်းရှိ စီးပွားရေးနှင့် လူမှု အသိုက်အဝန်း များသည် ၂၀၂၀ အစောပိုင်းတွင် ပေါ်ပေါက်ခဲ့သော COVID-19 ၏ ပြင်းထန်စွာ]ရိုက်ခတ်ခြင်းခံရသည်။ COVID-19 သည် ကမ္ဘာလုံး ဆိုင်ရာ ပံ့ပိုးမှုကွင်းဆက် များနှင့် နယ်စပ်ဒေသ ဆိုင်ရာ စီမံခန့်ခွဲမှုများတွင် အလျှဉ်ပြတ်မှုများကို ဖြစ်ပေါ်စေခဲ့သည်။ ထို့ပြင် နေ့ စဉ်လူမှုရေးဆောင်ရွက်ချက်များ၊ အပြုအမူများနှင့် အလေ့အကျင့်များနှင့်ပတ်သက်ပြီး ပြင်းထန်စွာ အကျိုးသက်ရောက်စေခဲ့သည်။

ထို့ကြောင့် နိုင်ငံများ၏ လုံခြုံရေးဆိုင်ရာဆောင်ရွက် မှုနှင့် ကန့်သတ်ချက်များသည် ကမ္ဘာလုံးဆိုင်ရာ စီး ပွားရေးဆောင်ရွက်ချက်များနှင့်ပတ်သက်ပြီး စိစစ် သောကြောင့် လုပ်ငန်းအများအပြားမှာ ရပ်တန့်သွား ခဲ့ရသည်။

အရှေ့တောင်အာရှသည် ခြွင်းချက်မရှိပေ။ အာဆီယံဖွံ့ဖြိုးတိုးတက်မှုဘဏ်(ADB)သည် ၂၀၁၉ တွင် ၄.၄ ရာခိုင်နှုန်းမှ ၂၀၂၀ တွင် ၁ ရာခိုင်နှုန်းအထိ အာဆီယံ ၁၀ နိုင်ငံအတွက် တိုးတက်မှုနှင့် ပတ်သက်သော ခန့်မှန်းမှုကို ပြင်ဆင်ထား သောကြောင့် IMF မှ အရှေ့တောင်အာရှစီးပွားရေး

ဆုတ်ယုတ်နေခြင်းသည် ဒေသ၏ GDP ၁၅ ရာခိုင်နှုန်း အထိ မြင့်တက်နိုင်ကြောင်း ခန့်မှန်းခဲ့သည်။

ထို့ပြင် နိုင်ငံများတွင်အလုပ်လက်မဲ့နှုန်းသည် အသက် ၁၅ မှ ၂၄ အကြား ၁၀-၁၅ သန်း အထိ တိုးတက်လာသည်။ ယခုအစီရင်ခံစာ ရေးသားသော အချိန်တွင် အရှေ့တောင်အာရှရှိ WSMEs များ အပါအဝင် လုပ်ငန်းအများအပြားသည် ကမ္ဘာလုံး ဆိုင်ရာ ကပ်ရောဂါကြောင့် မမျှော်လင့်ထားသော စီးပွားရေး၊ လုပ်ငန်းနှင့် လူမှုရေးဆိုင်ရာ အကျိုး သက်ရောက်မှုများဖြင့် ရင်ဆိုင်နေရသည်။

သုတေသနသည် ကပ်ရောဂါမှာ အမျိုးသမီးများနှင့် မိန်းကလေးများအား အချိုးညီမျှမှု မရှိစွာ အကျိုး သက်ရောက်မှုရှိခဲ့ကြောင်း ဖော်ပြထားသောကြောင့် WSMEs များအတွက် COVID-19 ၏ ကျားမဆိုင်ရာ အကျိုးသက်ရောက်မှုများနှင့်ပတ်သက်သော အကြောင်းအရာသည် သုတေသန၏ အရေးကြီး သော နယ်ပယ်တစ်ရပ် ဖြစ်ခဲ့သည်။ အာရှပစိဖိတ် ဒေသရှိ MSMEs များအတွက် COVID-19 ၏ အကျိုး သက်ရောက်မှုနှင့်ပတ်သက်သော အဓိကရှာဖွေ တွေ့ရှိမှုများအရ ဆောက်လုပ်ရေး၊ ဖိနပ်စက်ရုံ၊ အထည်အလိပ်၊ ခရီးသွားကဏ္ဍစသော ရိုက်ခတ်မှု အပြင်းထန်ဆုံးခံရသော ကဏ္ဍများတွင် အချိုးညီမျှမှု မရှိစွာ အမျိုးသမီးဦးရေ အလွန်များပြားနေပြီး ထိုကဏ္ဍများတွင် ပါဝင်သောသူများသည် အစိုးရ၏ ဖြေလျှော့မှုဆိုင်ရာ ဆောင်ရွက်ချက်များနှင့် ပတ်သက်သော အကျိုးကျေးဇူးများကို မရရှိနိုင် ကြောင်း ဖော်ပြထားသည်။

သို့ရာတွင် ကမ္ဘာတဝန်းရှိ ကုမ္ပဏီများသည် lockdown ကာလအတွင်း ဒစ်ဂျစ်တယ်နည်းပညာ အသစ်များကို လက်ခံရန် ဖိအားပေးခြင်းခံရ သောကြောင့် COVID-19 သည် ဒစ်ဂျစ်တယ် နည်းပညာအသုံးပြုမှုအတွက်အသိအမှတ်ပြုမှုအသစ် တစ်ရပ်နှင့်ပတ်သက်ပြီးလည်း ယူဆောင်လာခဲ့ သည်။ ယခုလေ့လာမှုအရ ဒစ်ဂျစ်တယ်နည်းပညာ အသုံးပြုမှုသည် တိုးတက်မှုများဖြစ်ပေါ်စေရန်နှင့် တီထွင်ဖန်တီးမှုများပြုလုပ်ရန် WSMEs များအတွက် အလားအလာအသစ်များကို ပေးနိုင်ကြောင်းနှင့် ကျားမဆိုင်ရာအတားအဆီးများနှင့်ပတ်သက်ပြီး ခုနိုမ်ပေးနိုင်ကြောင်း ဖော်ပြထားသည်။

အရှေ့တောင်အာရှရှိ WSMEs များအကြား ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုမှုဆိုင်ရာ လက်ရှိ အခြေအနေနှင့် အတွေ့အကြုံများနှင့်ပတ်သက်သော အသေးစိတ် လေ့လာမှုများမရှိပေ။ ယခုအစီရင်ခံစာ သည် ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုမှုနှင့် WSMEs များအကြား ဆက်သွယ်မှုများနှင့်ပတ်သက်သော COVID-19 ၏အကျိုးသက်ရောက်မှုများကို ထည့်သွင်း စဉ်းစားရန်နှင့် လက်တွေ့တွင် နှိုင်းယှဉ်ထားသော လေ့လာမှုတစ်ရပ်ကို ဆောင်ရွက်ခြင်းဖြင့် ထိုကွာဟ ချက်ကို ဖြည့်ဆည်းနိုင်ရန် စီစဉ်ထားပေးထားသည်။ ယခုအစီရင်ခံစာသည် ကမ္ဘောဒီးယား၊ မလေးရှား၊ အင်ဒိုနီးရှားနှင့် မြန်မာနိုင်ငံတို့၏ WSMEs များ အတွက် ဒစ်ဂျစ်တယ်နည်းပညာကို ယူဆောင်လာ သော စိန်ခေါ်မှုများနှင့် အခွင့်အလမ်းအသစ်များနှင့် ပတ်သက်ပြီး စစ်ဆေးထားသော သုတေသနများမှ ရှာဖွေတွေ့ရှိမှုများကို အသေးစိတ်ဖော်ပြထားသည်။

WSMEs များမှ ရင်ဆိုင်နေရသော ကျားမဆိုင်ရာ ပြဿနာများနှင့် သီးသန့်ဖြစ်သော ပြဿနာများကို မီးမောင်းထိုးပြသခြင်းသည် အကျပ်အတည်းကာလမတိုင်မီကာလနှင့် သိသာစွာ ကွဲပြားသော COVID-19 အလွန် ပတ်ဝန်းကျင်သစ်တွင် ရင်ဆိုင်ရသော ထိခိုက်ဆုံးရှုံးမှုများနှင့် အားနည်းချက်များနှင့်ပတ်သက်ပြီး အကဲဖြတ်ရန် ပထမအဆင့်ဖြစ်သည်။ ထိုရှာဖွေတွေ့ရှိမှုများကို အခြေခံသော လက်တွေ့ကျသည့် မူဝါဒဆိုင်ရာ အကြံပြုချက်များကို အဆိုပြုခြင်းဖြင့် ထိုလေ့လာမှုသည် COVID အလွန်ကာလတွင် ရှင်သန်ရန် WSMEs များနှင့်ပတ်သက်သော ဂေဟစနစ်ဖန်တီးမှုနှင့် ပိုမိုကောင်းမွန်သော မူဝါဒဆိုင်ရာ မူဘောင်များအတွက် အရေးကြီးသော အစိုးရနှင့် ပုဂ္ဂလိကပါဝင်ပတ်သက်သူများ၏ အမြင်များကို စီစဉ်ပေးပြီး မူဝါဒချမှတ်ရာတွင် ပါဝင်ရန်ရည်ရွယ်သည်။

၁.၂။ နည်းလမ်း

ယခုအခန်းသည် ယခုအစီရင်ခံစာတွင် ဖော်ပြထားသည့် နိုင်ငံအားလုံးနှင့်ပတ်သက်သော လေ့လာမှုများမှ ရှာဖွေတွေ့ရှိမှုများကို အကျဉ်းချုပ်ဖော်ပြထားသည်။ ပါဝင်သော နိုင်ငံများဖြစ်သည့် အင်ဒိုနီးရှား၊ မြန်မာ၊ မလေးရှားနှင့် ကမ္ဘောဒီးယား နိုင်ငံတစ်ခုစီ၏ အဖွဲ့တစ်ခုစီမှ ဆောင်ရွက်ထားသော အဓိကအစိတ်အပိုင်း ၃ ရပ်ပါဝင်သည့်အချက်အလက်စုဆောင်းမှုဖြင့် အရည်အသွေးမီချဉ်းကပ်မှုနည်းလမ်းတစ်ရပ်ကို ယခုသုတေသနအတွက် အသုံးပြုထားသည်။

ကျယ်ပြန့်သော အင်တာဗျူး (open ended questions)များကို လေ့လာမှုတွင် ပါဝင်ရန်ဖိတ်ကြားထားသော WSMEs များမှ အမျိုးသမီးလုပ်ငန်းရှင်များဖြင့် ဆောင်ရွက်ထားသည်။ WSME လုပ်ငန်းရှင် ၈၄ ဦးကို ကုန်ကြမ်း၊ ထုတ်လုပ်မှု၊ဝန်ဆောင်မှု လုပ်ငန်းများနှင့်ပတ်သက်သော ကဏ္ဍ ၃ ရပ်ကို ကိုယ်စားပြုရန် သေချာစွာ ရွေးချယ်ထားသည်။

Type	Indonesia	Myanmar	Malaysia	Cambodia
Small Enterprises (SE)	Approx. USD 20,000 to USD 170,000	Approx. Up to USD 74,000 for wholesale and service Approx. Up to 37,000 for retail and other	Approx. USD 72,000 to USD 720,000	Approx. USD 50,000 to USD 250,000
Medium Enterprises (ME)	Approx. USD 170,000 to USD 3.4 million	Approx. USD 74,000 to USD 222,000 for wholesale Approx. USD 74,000 to USD 148,000 for service Approx. USD 37,000 to 74,000 for retail and other	Approx. USD 720,000 to USD 4.8 million	Approx. USD 250,000 to USD 500,000
	(Calculated at 1 USD = 14,702 IDR exchange rate)	(Calculated at 1 USD = 1,350 MMK exchange rate)	Calculated at 1 USD = 4.16 MYR exchange rate	Calculated at 1 USD = 4,070 KHR exchange rate

ဇယား ၁.၁– အင်ဒိုနီးရှား၊ မြန်မာ၊ မလေးရှားနှင့် ကမ္ဘောဒီးယားရှိ SME များ၏ နှစ်စဉ်ဝင်ငွေနှင့် ပတ်သက်ပြီး အမျိုးအစားခွဲခြင်း

WSME လုပ်ငန်းရှင်များကို ကဏ္ဍခွဲများနှင့်ပတ်သက်သော ကိုယ်စားပြုမှုဖြင့် အမျိုးအစားခွဲခြားထားသည်။ ကဏ္ဍများရှိ လုပ်ငန်းအမျိုးအစားများတွင် လုပ်ငန်းရှင်များအကြား ဒဂျစ်တယ်နည်းပညာအသုံးပြုမှုနှင့် ပတ်သက်သော ပုံစံများကို အကဲဖြတ်ထားသည်။

Indonesia	Myanmar	Malaysia	Cambodia
မွေးမြူရေး	သဘာဝဆေးဆိုးအထည်	ထောက်ပံ့ပို့ဆောင်ရေး	အစားအစာနှင့် အဖျော်ယမကာ
စိုက်ပျိုးရေး	အိတ်ထုတ်လုပ်မှု	နေ့ကလေးထိန်းဌာန	IT Firm
အစားအစာနှင့် အဖျော်ယမကာ	Online TV Channel	အစားအစာနှင့် အဖျော်ယမကာ	ကျန်းမာရေးနှင့် တစ်ကိုယ်ရည်ထိန်းသိမ်းမှု
အဝတ်အထည်	သစ်စက်	အခွန်၊ စာရင်းစစ်နှင့် စာရင်းကိုင်	ကျွမ်းကျင်မှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု
ဆေးဖက်ဝင်ဟင်းခတ် အမွှေးအကြိုင်	HR အတိုင်ပင်ခံလုပ်ငန်း	အတွင်းစာရင်းစစ်နှင့် ပူးပေါင်းစီမံခန့်ခွဲမှု	လက်မှုအထည်
ဆေး	အမျိုးသမီးများအတွက် ကျွမ်းကျင်မှုမြှင့်တင်မှုဆိုင်ရာ ပလက်ဖောင်း	အော်တစ်ဆင်ကလေးများပြုစုစောင့်ရှောက်ရေးဂေဟာ	အိမ်တွင်းထိန်းသိမ်းစောင့်ရှောက်မှုဆိုင်ရာ ထုတ်ကုန်များ၊ အိမ်သုံးပစ္စည်းများနှင့် ဆောက်လုပ်ရေးသုံးပစ္စည်းများ
ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်	ပညာရေး	ပုံနှိပ်	အတိုင်ပင်ခံလုပ်ငန်း
အိမ်တိုင်ရာရောက်ကျန်းမာရေး ဝန်ဆောင်မှု	အမျိုးသမီးဝတ်အထည်	ပိုင်ဆိုင်မှုဆိုင်ရာ စီမံခန့်ခွဲမှု	E-Commerce
လက်လီထုတ်လုပိမှု	အစားအစာထုတ်လုပ်မှု	ဗိသုကာ	ထောက်ပံ့ပို့ဆောင်ရေးနှင့် အမြန်ချောပို့လုပ်ငန်း
ပညာရေး	ရေခဲစက်	အလှကုန်အရောင်းဆိုင်	စက်မှုနှင့် ဆောက်လုပ်ရေး
ကလေးကစားကွင်း/ အပန်းဖြေရိပ်သာ	ဆေးလိပ်ခုံ	စာရေးကိရိယာအရောင်းဆိုင်	
ဆောက်လုပ်ရေး	ငှက်သိုက်ထုတ်လုပ်မှု	ဒစ်ဂျစ်တယ်ဈေးကွက်ရှာဖွေမှု/ ပွဲဖြစ်မြောက်ရေးဝန်ဆောင်မှု	
ပို့ကုန်&သွင်းကုန်လုပ်ငန်း	အခြေခံထုတ်ကုန်ထုတ်လုပ်မှု	ဆောက်လုပ်ရေးကန်ထရိုက်တာ	
Digital Content	E-commerce မှတဆင့် သဘာဝ မြေသြဇာသုံးထုတ်ကုန်များရောင်းချမှု	ကလေးများအတွက် သဘာဝအသားအရည် ထိန်းသိမ်းရေးထုတ်ကုန်များထုတ်လုပ်မှု	
ပရိဘောဂအရောင်းဆိုင်များ	ပန်းရိုက်ပုံနှိပ်လုပ်ငန်း	OEM အလှကုန်ထုတ်လုပ်မှု	
ဖက်ရှင်ဆိုင်	ပုဂ္ဂလိက မူလတန်းကျောင်း	သဘာဝမြေသြဇာနှင့်တိရစ္ဆာန် အစာထုတ်လုပ်မှု	
ကလေးကစားစရာပစ္စည်း အရောင်းဆိုင်	ဆေးဖြန့်ဖြူးမှု		
အစ္စလာမ်ခရီးသွားဝန်ဆောင်မှု			

ဇယား ၁.၂– ကဏ္ဍခွဲများမှ WSME လုပ်ငန်းရှင်များ

ယခုအပိုင်းမှ အမြင်များသည် ဒစ်ဂျစ်တယ်နည်းပညာနှင့် WSME ဂေဟစနစ်တို့နှင့်ပတ်သက်ပြီး ပိုမိုသိရှိနားလည်နိုင်စေရန်နှင့် WSMEs များမှ ဖော်ပြထားသော စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန်တို့အတွက် လိုအပ်သော အဆင့်များကို ဖော်ထုတ်ရန် ကွဲပြားသော ပါဝင်ပတ်သက်သူများနှင့် ပညာရှင်များ၏ အင်တာဗျူးများပါဝင်သော သေချာစွာ ရွေးချယ်ထားသော ပညာရှင် ၁၈ ဦးဖြင့် အင်တာဗျူးများသည် ဒစ်ဂျစ်တယ်နည်းပညာ အသွင်ကူးပြောင်းမှုများ၊ စီးပွားရေးလုပ်ငန်းများနှင့် အမျိုးသမီးများပါဝင်သော အဖွဲ့အစည်းများစသည့် နယ်ပယ်များနှင့်ပတ်သက်သော ကျွမ်းကျင်သူပညာရှင်များထံမှ လက်တွေ့ကျသော ကျယ်ပြန့်သည့် ဗဟုသုတများနှင့် ကျယ်ပြန့်သော အမြင်များရရှိနိုင်ရန်အတွက် သုတေသနအဖွဲ့ကို ကူညီနိုင်ခဲ့သည်။

WSME များနှင့် ပညာရှင်များဖြင့် အင်တာဗျူးများမှ ရှာဖွေတွေ့ရှိမှုများသည် အစိုးရအဖွဲ့အစည်းများ၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊ ဘဏ်များ၊ လုပ်ငန်းအဖွဲ့အစည်းများ၊ နည်းပညာကုမ္ပဏီများနှင့် ဦးဆောင်သူအမျိုးသမီးလုပ်ငန်းရှင်များ၏ ကိုယ်စားလှယ် ၂၉ ဦးပါဝင်သော အကြံပေးဆွေးနွေးပွဲတစ်ရပ်ကို စီစဉ်နိုင်ခဲ့သည်။

အကြံပေးဆွေးနွေးပွဲသည် အင်တာဗျူးများမှ စုဆောင်းထားသော ရှာဖွေတွေ့ရှိမှုများနှင့် ပတ်သက်ပြီး ဆွေးနွေးနိုင်ရန် စီစဉ်ထားကာ ဆွေးနွေးပွဲမှ ပညာရှင်များနှင့် အဖွဲ့ဝင်များက ပိုမိုအမြင်ကျယ်စေနိုင်ရန်အတွက် WSMEs များ၏ သေးငယ်သော အတွေ့အကြုံများမှ ရရှိလာသည့် အဖြေရှာမှုများနှင့်ပတ်သက်သော အကြံပြုချက်များကို စီစဉ်ပေးခဲ့သည်။ ဆွေးနွေးပွဲသည် WSMEs များအတွက် ဒစ်ဂျစ်တယ်နည်းပညာ၏ မည်သို့အများဆုံးအလားအလာရရှိနိုင်ပုံနှင့်ပတ်သက်သော လက်တွေ့ကျသည့် အကြံပြုချက်များနှင့် အဖြေရှာမှုများကို ဖန်တီးရန် ရည်ရွယ်သည်။

လေ့လာမှုတွင် ပါဝင်ခဲ့သော WSME လုပ်ငန်းရှင်များ၊ ပညာရှင်များနှင့် အကြံပေးဆွေးနွေးပွဲမှ အဖွဲ့ဝင်များနှင့်ပတ်သက်ပြီး ဇယား၁.၃ တွင် အကျဉ်းချုပ်ဖော်ပြထားသည်။

နိုင်ငံ	WSMEs လုပ်ငန်းရှင်အရေအတွက်		WSMEs လုပ်ငန်းရှင်များ၏ အသက်	WSMEs လုပ်ငန်းသက်တမ်း	ပညာရှင်များ	အကြံပေးဆွေးနွေးပွဲ
Indonesia	အမျိုးသမီး၂၆ဦး		အများစုမှ ၂၅-၃၀ နှစ်ကြား	အများစုမှာ ၆နှစ်ထက်ပို	ပညာရှင်၅ဦး	ကိုယ်စားလှယ်၇ဦး
	၁၂ SEs	၁၄ MEs				
Myanmar	အမျိုးသမီး၂၀ဦး		အများစုမှာ ၃၀-၄၅နှစ်ကြား	အများစုမှာ ၁-၅နှစ်	ပညာရှင်၅ဦး	ကိုယ်စားလှယ်၆ဦး
	၁၀ SEs	၁၀ MEs				
Malaysia	အမျိုးသမီး၁၈ဦး		အများစုမှာ ၅၀နှစ်ကြား	အများစုမှာ ၁၀နှစ်အောက်တွင်	ပညာရှင်၄ဦး	ကိုယ်စားလှယ်၉ဦး
	၁၆ SEs	၂ MEs				
Cambodia	အမျိုးသမီး၂၀ဦး		အများစုမှာ ၃၀နှစ်ကြား	အများစုမှာ ၅-၁၀နှစ်	ပညာရှင်၄ဦး	ကိုယ်စားလှယ်၇ဦး
	၁၂ SEs	၈ MEs				
စုစုပေါင်း	ကုန်ကြမ်းထုတ်လုပ်မှု၊ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုကဏ္ဍများမှ အမျိုးသမီးလုပ်ငန်းရှင်၈၄ဦး/WSMEs				ဒစ်ဂျစ်တယ်နည်းပညာအသွင်ကူးပြောင်းမှု၊ SMEsနှင့် အမျိုးသမီးများ ပါဝင်သောလုပ်ငန်းများဆိုင်ရာ အဖွဲ့အစည်းတို့မှ ပညာရှင်၁၈ဦး	မူဝါဒချမှတ်သူများ၊ ပညာရေးကဏ္ဍ၊ အမျိုးသမီးလုပ်ငန်းရှင်များ၊ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှုဆိုင်ရာပညာရှင်များ၊ အမျိုးသမီးများ ပါဝင်သောလုပ်ငန်းများဆိုင်ရာ အဖွဲ့အစည်းမှပညာရှင်များနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာပညာရှင်များ၏ ကိုယ်စားလှယ်၂၉ဦး

ဇယား ၁.၃- ယခုသုတေသနအတွက် လုပ်ငန်းရှင်အရေအတွက်နှင့် ၎င်းတို့၏ အကျဉ်းချုပ်ပရိုဖိုင်းလ်များ

WSMEs များနှင့် ပညာရှင်များ၏ အင်တာဗျူးများနှင့် အကြံပေးဆွေးနွေးပွဲတို့သည် ပုံ ၁.၁ တွင်ဖော်ပြထားသည့်အတိုင်း ကဏ္ဍ ၄ ရပ်နှင့်ပတ်သက်သော အမြင်များအား စုဆောင်းနိုင်ရန် စီစဉ်ထားသည်။ ထိုကဏ္ဍများသည် WSMEs များအတွက် ဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာ အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများနှင့်ပတ်သက်ပြီး စီစဉ်ပေးထားကာ COVID-19 ကာလကို ရင်ဆိုင်ဖြတ်ကျော်နိုင်ရန်အတွက် အရေးကြီးသည့် နယ်ပယ်များမှ ကိုယ်စားလှယ်များကို ရွေးချယ်ပေးထားသည်။

ပုံ ၁.၁- သုတေသနဆိုင်ရာ ကဏ္ဍများ

စိန်ခေါ်မှုများနှင့် ကန့်သတ်ချက်များ

COVID-19 ကာလအတွင်း ယခုသုတေသနကို ဆောင်ရွက်ရာတွင် နိုင်ငံ ၄ နိုင်ငံ၏ အဖွဲ့များအားလုံး အနေဖြင့် စိန်ခေါ်မှုများကို ရင်ဆိုင်ခဲ့ကြရသည်။ သုတေသန အဖွဲ့များသည် အဓိကအားဖြင့် လိုအပ်သော အချက်အလက်များကို ရွှေ့ပြောင်း ကောက်ယူရန်နှင့် ပညာရှင်များဖြင့် ဆက်သွယ်ရန် တို့အတွက် အွန်လိုင်းအင်တာဗျူးများ၊ မိုဘိုင်းနှင့် ဗီဒီယိုခေါ်ဆိုမှု/ဆွေးနွေးမှုများအတွက် ဒစ်ဂျစ်တယ် နည်းပညာများကိုအသုံးပြုခဲ့ကြသည်။

လျှပ်စစ်မီးပြတ်တောက်ခြင်းနှင့် အင်တာနက် ချိတ်ဆက်မှု အားနည်းခြင်းတို့သည် အွန်လိုင်းမှ ဆွေးနွေးမှုများကို အကျိုးသက်ရောက်စေသော ကြောင့် လိုအပ်သော သတင်းအချက်အလက်များ ကောက်ယူမှုနှင့် လုပ်ငန်းရှင်များနှင့် ဆက်သွယ် မှုတို့ကို အွန်လိုင်းမှတဆင့် ဆောင်ရွက်ရာတွင် စိန်ခေါ်မှုများနှင့် တွေ့ကြုံခဲ့ရသည်။ အချိန်ကန့်သတ် ချက်များကြောင့် ရွေးချယ်ထားသည့် နိုင်ငံတစ်ခုစီမှ WSME လုပ်ငန်းရှင်များ၊ ပညာရှင်များနှင့် အကြံပေး များဖြင့် ဆောင်ရွက်ခဲ့သော ယခုသုတေသနသည် အတိုင်းအတာအားဖြင့် ကန့်သတ်ခြင်းခံရသည်။ ယခုသုတေသနမှ စုဆောင်းထားသော အမြင်များသည် အရှေ့တောင်အာရှဒေသ၏ WSMEs များအကြား ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုမှု အခြေအနေများနှင့် ပတ်သက်ပြီး ဖော်ထုတ်ရာတွင် တန်ဖိုးရှိသော အမြင် များဖြစ်သည်။ ယခုအစီရင်ခံစာသည် ကမ္ဘာလုံး ဆိုင်ရာ အကျပ်အတည်းများအကြား လုပ်ငန်းများကို စီမံခန့်ခွဲရာတွင် SMEs များနှင့် အမျိုးသမီးလုပ်ငန်း ရှင်များ ရင်ဆိုင်နေရသော အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများနှင့်ပတ်သက်ပြီး အလင်းပြခဲ့သည်။

၁.၃။ ဒစ်ဂျစ်တယ်နည်းပညာမှ ပေးသော လုပ်ငန်းဆိုင်ရာ အခွင့်အလမ်းသစ်များ

ဒစ်ဂျစ်တယ်နည်းပညာသည် SMEs များ၏ မဟာဗျူဟာများကို အရှိန်မြှင့်တင်ပေးနိုင်ရန်နှင့် customer များအတွက် အချိန်တိုတိုဖြင့် အကျိုးထိရောက်မှု ပိုမိုရှိစေရန်တို့အတွက် ကမ္ဘာတဝန်းရှိ SMEs များအတွက် အခွင့်အလမ်းအများအပြားကို ယူဆောင်လာပေးသည်ကို မငြင်းနိုင်ပေ။ WSMEs များသည် အချိန်တိုတိုနှင့် အကျိုးထိရောက်မှုရှိသော လုပ်ငန်းဖြစ်စဉ်များနှင့် စီမံခန့်ခွဲမှုများအတွက် ဒစ်ဂျစ်တယ်နည်းပညာကို အသုံးပြုနိုင်သည်။ လွန်ခဲ့သော ဆယ်စုနှစ် ၂ စုကျော်အချိန် ဒစ်ဂျစ်တယ်ခေတ်တွင် တည်ထောင်ထားသော လုပ်ငန်းများ၊ အစောပိုင်းကာလများတွင် တည်ထောင်ထားသော လုပ်ငန်းများနှင့် အရွယ်အစားမျိုးစုံရှိသော ကုမ္ပဏီများ(အသေးစား၊ အငယ်စား၊ အလတ်စားနှင့် အကြီးစား)သည် ဒစ်ဂျစ်တယ်နည်းပညာများကို အသုံးပြုခဲ့သည်။ အောက်ပါစာပိုဒ်များတွင် စာရေးသူများသည် အစောပိုင်းက ဖော်ပြထားသော ကဏ္ဍ ၄ ရပ်၏ WSMEs များအတွက် ဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာ အခွင့်အလမ်းသစ်များနှင့်ပတ်သက်ပြီး အစီအစဉ်ရေးဆွဲခဲ့သည်။

ပုံ ၁.၂- ဒစ်ဂျစ်တယ်နည်းပညာမှပေးသောလုပ်ငန်းနှင့် ပတ်သက်သည့် အခွင့်အလမ်းသစ်များ

ကဏ္ဍ-၁-ငွေကြေးရရှိမှု

ယုံကြည်စိတ်ချရသော ငွေကြေးရရှိမှုဆိုင်ရာ နည်းလမ်းသည် WSMEs များ၏ တိုးတက်မှုအတွက် အရေးကြီးသည်။ လက်ရှိတွင် WSMEs များအတွက် လုပ်ငန်းများ စတင်တည်ထောင်နိုင်ရန်နှင့် ရေရှည်တည်တံ့စေနိုင်ရန်တို့အတွက် ယေဘူယျအကျဆုံး နည်းလမ်းသည် ကိုယ်ပိုင်စုဆောင်းငွေများ၊ မိသားစုများ၊ သူငယ်ချင်းများနှင့် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများထံမှ ချေးငွေများကို အသုံးပြုရန်ဖြစ်သည်။ WSMEs များသည် ဒစ်ဂျစ်တယ်နည်းပညာကို အသုံးပြုပြီး ပုဂ္ဂလိကရှယ်ယာပိုင်ဆိုင်မှု (PE)၊ လုပ်ငန်းရင်းနှီးငွေ(VC)၊ အများထံမှ ရှယ်ယာတန်ဖိုးများနှင့်ပတ်သက်သော ငွေချေးမှု(ECF)၊ ရေတိုချေးငွေ၊ အွန်လိုင်းမှ ငွေချေးခြင်း၊ ဒစ်ဂျစ်တယ်အသေးစားချေးငွေ၊ အဖွဲ့အစည်းများအားပေးသော ထောက်ပံ့ကြေးများနှင့် အမျိုးသမီးများအားပေးသော ထောက်ပံ့ကြေးများ ရရှိနိုင်သည်။ အထူးသဖြင့် ECF ကို အွန်လိုင်းပလက်ဖောင်းများမှတဆင့် ဒစ်ဂျစ်တယ်နည်းပညာဖြင့် အကဲဖြတ်သည်။ ECF သည် အများထံမှ ရရှိသော ချေးငွေပုံစံများနှင့် သိသာစွာ ကွဲပြားသည်။ ECF တွင် အများထံမှ ချေးငွေရရှိမှုနည်းလမ်းနှင့် နှိုင်းယှဉ်ထားသော ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဆုံးဖြတ်ချက်များပါဝင်သည်။ ထို့ပြင် ရှယ်ယာတန်ဖိုးနှင့်ပတ်သက်သော အများထံမှ ချေးငွေရရှိမှုသည် အဖွဲ့အစည်းများအားပေးသော ထောက်ပံ့ကြေးမှ ရရှိသော အရင်းအနှီးဖြင့် မတည်ထားသော လုပ်ငန်းများအတွက် ရင်းမြစ်အသစ်ပေးခြင်းဖြင့် အဖွဲ့အစည်းများအားပေးသည့် ထောက်ပံ့ကြေးနှင့်ပတ်သက်သော ငွေကြေးရရှိမှုဆိုင်ရာ ကွာဟချက်ကို လျော့နည်းစေနိုင်သည်။ အခြားနည်းဖြင့် မတည်နိုင်ခြင်း မရှိသော ပရောဂျက်များအတွက် အများထံမှ ငွေချေးခြင်းနည်းလမ်းကို အသုံးပြုနိုင်သည်။ အများစုထံမှ ချေးငွေရရှိမှုသည် ဘဏ်နှင့် ရှယ်ယာတန်ဖိုးရင်းနှီးမြှုပ်နှံသူများ (ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုနှင့် လုပ်ငန်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု)ကဲ့သို့သော သမားရိုးကျရင်းနှီးမြှုပ်နှံသူများထက် ပိုမိုအကျိုးထိရောက်မှုရှိသော နည်းလမ်းဖြင့် ငွေကြေးများလည်ပတ်နိုင်သည်။

အွန်လိုင်းမှတဆင့် အများထံမှ ငွေချေးခြင်းဆိုင်ရာ ပလက်ဖောင်းကို အရှိန်မြှင့်တင်ပေးခြင်းသည် SMEs များအတွက် အလားအလာရှိသော ရင်းနှီးမြှုပ်နှံသူများကို ရရှိစေနိုင်သည်။ ၂၀၁၈ လေ့လာမှုအရ လုပ်ငန်းရှင်များဖြင့် ဆက်ဆံရေးကို ထိန်းသိမ်းနိုင်ရန်နှင့် ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများ ပိုမိုတိုးတက်နိုင်စေရန်တို့အတွက် အများထံမှ ငွေချေးမှုဆိုင်ရာ ပလက်ဖောင်းကို ရင်းနှီးမြှုပ်နှံသူများမှ အသုံးပြုကြကြောင်း ရှာဖွေတွေ့ရှိခဲ့သည်။ အများထံမှ ငွေချေးမှုနည်းလမ်းကို အသုံးပြုခြင်းသည် အများနှင့်ပတ်သက်သော အကျိုးသက်ရောက်မှုများအတွက် ကတိကဝတ်ဆိုင်ရာ ထိန်းသိမ်းလိုက်နာမှုများရှိရန် လိုအပ်ပြီး ထိုပလက်ဖောင်းရှိ post များ၊ ဝေဖန်မှုများနှင့် follower များမှတဆင့် လုပ်ငန်းရင်းနှီးငွေရရှိသည့် လုပ်ငန်းရှင်အရေအတွက်ကို တိုးတက်စေနိုင်သည်။

အများထံမှ ငွေချေးမှုနည်းလမ်း(crowdfunding) အမျိုးအစားအောက်တွင် ပါဝင်သော အခြားငွေချေးမှုနည်းလမ်းတစ်ရပ်မှာ အွန်လိုင်းမှ ငွေချေးမှုနည်းလမ်း(P2P) ဖြစ်သည်။ အွန်လိုင်းမှ ငွေချေးခြင်းသည် ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများမှ ပုဂ္ဂလိကတစ်ဦးချင်းစီအတွက် စီစဉ်ပေးသော ချေးငွေဆိုင်ရာဖြစ်စဉ်တစ်ရပ် ဖြစ်သည်။ အွန်လိုင်းမှ ငွေချေးမှုနည်းလမ်းတွင် ငွေကြေးရင်းမြစ်များရှိကြောင်း ဒစ်ဂျစ်တယ်နည်းလမ်းများမှတဆင့် အကဲဖြတ်နိုင်သည်။ ရှယ်ယာတန်ဖိုးဆိုင်ရာ အများထံမှ ငွေချေးမှုနည်းလမ်း(ECF) နှင့်ပတ်သက်သော အကျိုးအမြတ်မှာ ရှယ်ယာပိုင်ဆိုင်မှုအနေဖြင့် ကုမ္ပဏီတွင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းကို ရရှိနိုင်မည်ဖြစ်ပြီး P2P ငွေချေးမှုနည်းလမ်းသည် အတိုးနှုန်းများ ရရှိနိုင်သည်။

ECF နှင့် P2P ငွေချေးမှုဆိုင်ရာ နည်းလမ်းများသည် WSMEs များအတွက် လုံခြုံစိတ်ချရမှုရှိသော နည်းလမ်းများဖြစ်ပြီး အင်ဒိုနီးရှားနှင့် မလေးရှားတွင် စည်းကမ်းထိန်းသိမ်းမှုဖြင့် ဆောင်ရွက်ထားသည်။ အင်ဒိုနီးရှားတွင် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုအာဏာပိုင်သည် ECF ကို စည်းမျဉ်းအမှတ် 37/ POJK.04/2018 နှင့် P2P ကို စည်းမျဉ်းအမှတ် 77/ POJK.01/2016 တို့မှတဆင့် စည်းကမ်းထိန်းသိမ်းထားသည်။ မလေးရှားတွင် ECF နှင့် P2P ချေးငွေဆိုင်ရာ စည်းမျဉ်းအများစုနှင့်ပတ်သက်ပြီး Securities Commission of Malaysia(SC) မှ ထုတ်ဝေခဲ့သော အသိအမှတ်ပြုထားသည့် ဈေးကွက်များနှင့်

ပတ်သက်သော လမ်းညွှန်ချက်များ၂၀၁၅ အား ၂၀၁၆ တွင် ပြန်လည်ပြင်ဆင် ထုတ်ဝေခဲ့သည်။

ကဏ္ဍ-၂-သင်ကြားပြသမှု၊ ကွန်ရက်ချိတ်ဆက်မှုနှင့် ကျွမ်းကျင်မှုများ

COVID-19 ဆိုင်ရာ ကန့်သတ်ချက်များသည် လူမှုရေး အဆက်အသွယ်များကို ဖြတ်တောက်ရမည်ကို ဆိုလိုခြင်းမဟုတ်ပဲ ဆက်သွယ်မှုများကို ဆက်လက် ထိန်းသိမ်းထားနိုင်ရန် အွန်လိုင်းမှတဆင့်သင်တန်း များနှင့် ကွန်ရက်ချိတ်ဆက်ဆောင်ရွက်မှု ပလက်ဖောင်းများကို သင်ကြားပြသသူများနှင့် သင်တန်းသားများအတွက် စီစဉ်ပေးထားသည်။ လုပ်ငန်းရှင်တိုင်းသည် လုပ်ငန်းဆိုင်ရာ ဆုံးဖြတ် ချက်များ ချမှတ်နိုင်ရန်အတွက် ပံ့ပိုးမှုများ လိုအပ် သည်။ အမျိုးသမီးလုပ်ငန်းရှင်များသည် ပံ့ပိုးမှု ပိုမိုလိုအပ်သည်။ အမျိုးသမီးများအနေဖြင့် ကြုံတွေ့ ရသော ကြာရှည်စွာ လက်ခံထားကြသည့် လူမှုရေး နှင့် ယဉ်ကျေးမှုဆိုင်ရာ ခွဲခြားဆက်ဆံမှုများကြောင့် အထူးသဖြင့် အမျိုးသားများလွှမ်းမိုးသော နယ်ပယ် များရှိ အမျိုးသမီးလုပ်ငန်းရှင်များမှာ ပိုမိုလိုအပ်သည်။

လုပ်ငန်းဆိုင်ရာ သင်ကြားပြသသူနှင့် ပံ့ပိုးသူများ အဖွဲ့သည် ပညာရှင်များ၏ လမ်းညွှန်ချက်များကို ရရှိ ချိန်တွင် ကွာဟချက်ကို ဖြည့်ဆည်းပေးရန် ကူညီ နိုင်ပြီး လုပ်ငန်းအောင်မြင်မှုနှင့် ကျရှုံးမှုတို့နှင့် ပတ်သက်ပြီး တာဝန်ရှိသော အဖွဲ့ဖြစ်သည်။

အထူးသဖြင့် အမျိုးသားများလွှမ်းမိုးသော ပတ်ဝန်း ကျင်တွင် လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နေသော အမျိုးသမီးများအတွက် အတုယူနိုင်စေရန် အခြား အောင်မြင်သော အမျိုးသမီးလုပ်ငန်းရှင်များနှင့် စံပြပုဂ္ဂိုလ်များရှိရန် အရေးကြီးလာသည်။ ယခု အစီရင်ခံစာသည် သင်ကြားပြသမှု၊ ကွန်ရက် ချိတ်ဆက်မှုနှင့် ကျွမ်းကျင်မှုများနှင့်ပတ်သက်ပြီး ပိုမို လွယ်ကူစေရန် ဒစ်ဂျစ်တယ်နည်းပညာကို မည်သို့ အသုံးပြုပြီး ဆောင်ရွက်နိုင်ကြောင်း ဖော်ထုတ်ခဲ့သည်။

ထို့ပြင် WSMEs များသည် တိုးတက်မှုများ၊ customer များ၏ အမူအကျင့်များနှင့်အမှီလိုက်နိုင်ရန်အတွက် စဉ်ဆက်မပြတ်သင်ကြားမှုရှိရန် လိုအပ်သည်။ ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုခြင်းဖြင့် အဖွဲ့အစည်း များမှ စီစဉ်ပေးသည့် သင်တန်းများ၊ အသိပညာ ဗဟုသုတများနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုး တက်မှုများနှင့်ပတ်သက်သော အခွင့်အလမ်းအသစ် များကို ရရှိစေနိုင်သည်။ နည်းပညာအသုံးပြုမှု တိုးတက်လာခြင်းသည် သင်ကြားရေးပစ္စည်းများနှင့် ပတ်သက်သော ပြောင်းလဲမှုများ၊ နေရာတိုင်းတွင် ရရှိစေနိုင်မှုများနှင့် တောင်းဆိုမှုများကို ဖြည့်ဆည်း ပေးနိုင်သည်။

ဥပမာ-လုပ်ငန်းပိုင်ရှင်များနှင့် ဝန်ထမ်းများသည် အွန်လိုင်းမှ ဆွေးနွေးပွဲများ သို့မဟုတ် အွန်လိုင်း ဗီဒီယိုများ၊ အွန်လိုင်းသင်တန်းများမှတဆင့် ဗဟုသုတနှင့် ကျွမ်းကျင်မှုများ တိုးတက်နိုင်သည်။

ကဏ္ဍ-၃-လုပ်ငန်းဖြစ်စဉ်များနှင့် စီမံခန့်ခွဲမှု

ဒစ်ဂျစ်တယ်နည်းပညာသည် ပံ့ပိုးမှုကွင်းဆက် ဆိုင်ရာ ပေါင်းစည်းမှုနှင့် ထုတ်ကုန်ဆိုင်ရာ ခွဲခြားမှု တို့မှတဆင့် customer များနှင့် ဆက်သွယ်မှုနည်း လမ်းကို အသွင်ကူးပြောင်းပေးသည်။ ဒစ်ဂျစ်တယ် နည်းပညာသည် ထုတ်လုပ်မှုနှုန်း နည်းပါးသော လုပ်ငန်းများအတွက် ကုန်ကျစရိတ်လျော့နည်းစေရန်၊ အချိန်သက်သာစေရန်နှင့် ရင်းမြစ်များသက်သာ စေရန်တို့အတွက် ကူညီနိုင်သည်။

ပို့ဆောင်ဆက်သွယ်မှုနှင့် နယ်စပ်ဒေသရှိလုပ်ငန်းများ နှင့်ပတ်သက်သော သတင်းအချက်အလက်များ အတွက် ကုန်ကျစရိတ်များတွင် ဒစ်ဂျစ်တယ်နည်း ပညာအသုံးပြုမှုဆိုင်ရာ ကုန်ကျစရိတ်များသည် ပါဝင်နေသည်။ ဥပမာ customer ဆက်သွယ်မှု ဆိုင်ရာ နည်းလမ်းများနှင့် ဈေးကွက်များသည် ဝယ်လိုအားနှင့် ရောင်းလိုအားများ၊ အရင်းအမြစ်များ ချိတ်ဆက်မှုများနှင့် WSMEs များအတွက် ပြည်တွင်း နှင့် နိုင်ငံတကာတွင် ရောင်းချရန် ရင်းမြစ်များနှင့် ပတ်သက်ပြီး တိုးချဲ့ရန်တို့အတွက် ကူညီနိုင်သည်။

အထူးသဖြင့် လူမှုမီဒီယာသည် SME ဈေးကွက် အတွက် အကျိုးထိရောက်မှုရှိသော ကြားခံနယ် တစ်ရပ်ဖြစ်သည်။ Facebook နှင့် instagram တို့သည် အင်ဒိုနီးရှား၊ မြန်မာ၊ မလေးရှားနှင့် ကမ္ဘောဒီးယားရှိ WSME လုပ်ငန်းရှင်များအကြား ရေပန်းစားသည်။ မြန်မာနိုင်ငံ၏ WSME လုပ်ငန်းရှင် များသည် တစ်ကိုယ်ရည်အသုံးပြုမှုနှင့် လုပ်ငန်း အတွက် အသုံးပြုမှုတို့အတွက် facebook ကို အလွန်အားထားကြသည်။

မြန်မာနိုင်ငံတွင် facebook သည် ဈေးဝယ်ရန်နှင့် သတင်းအချက်အလက်များ ရှာဖွေရန်တို့အတွက် အဓိက tool ဖြစ်လာသည်။ facebook တွင် မြန်မာဘာသာစကားဖြင့် ဖော်ပြထားသော အကြောင်းအရာများသည် အာရုံစိုက်ခံရသည်။အသုံးပြုသူများသည် အင်တာနက်တွင် သတင်းအချက်အလက်များကို search engines များဖြင့်ရှာဖွေခြင်းထက် platform အသုံးပြုရှာဖွေခြင်းကို ပိုမိုနှစ်သက်ကြသည်။

လုပ်ငန်းဖြစ်စဉ်နှင့် စီမံခန့်ခွဲမှုများအတွက် လုပ်ငန်းရှင်များအကြား ရေပန်းစားသော အခြားဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာ နည်းလမ်းသည် ဒစ်ဂျစ်တယ်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများ(DFS)ဖြစ်သည်။ DFS သည် အစိုးရအနေဖြင့် ပြန်လည်နာလန်ထူမှုဆိုင်ရာ ရန်ပုံငွေများနှင့် ထောက်ပံ့ကြေးများကို လိုအပ်သူများသို့ လျင်မြန်စွာ ထုတ်ပေးနိုင်ရန်နှင့် SMEs များအတွက် COVID-19 အတွင်း ပြင်ပမှ ချေးငွေရရှိမှု သို့မဟုတ် အွန်လိုင်းမှ ငွေပေးချေမှုများနှင့်ပတ်သက်ပြီး လျင်မြန်စွာ ဆောင်ရွက်နိုင်ရန်တို့အတွက် COVID ဆိုင်ရာ ကန့်သတ်ချက်များကို လိုက်နာထားသော နည်းလမ်းတစ်ရပ် ဖြစ်သည်။

DFS သည် WSMEs များအတွက် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု စီစဉ်ပေးသူများဖြင့် ဆက်သွယ်နိုင်စေပြီး ပြင်ပတွင် တွေ့ဆုံဆက်သွယ်မှုမပြုနိုင်သော အချိန်အတွင်း ကြန့်ကြာမှုမရှိပဲ ချေးငွေများကိုရရှိစေနိုင်သည်။ အင်ဒိုနီးရှားတွင် အွန်လိုင်းမှ ငွေပေးချေမှုနည်းလမ်းသည် WSME လုပ်ငန်းရှင်များအကြား ရေပန်းစားကြောင်း ရှာဖွေတွေ့ရှိရသည်။ လုပ်ငန်းရှင်အများစုသည် customer များကို ကူညီနိုင်ရန် ပုဂ္ဂလိက fintech firm များမှ စီစဉ်ပေးသော payment gateway system ကို အသုံးပြုခဲ့သည်။

လုပ်ငန်းရှင်များသည် လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်ပြီး ပံ့ပိုးနိုင်ရန် Go-Pay,OVOနှင့် Shopee Pay တို့ကဲ့သို့သော electronic debit/credit card နှင့် mobile payment များကို အသုံးပြုခဲ့သည်။ မြန်မာနိုင်ငံတွင် mobile money operator များအနက်တစ်ခုဖြစ်သော Wave Money သည် အသုံးပြုသူများနှင့် နိုင်ငံခြားမှ ရင်းနှီးမြှပ်နှံသူများအကြား ရေပန်းစားခဲ့သည်။

အလားတူပင် ကမ္ဘောဒီးယားတွင် wing, Smart, Pay&Go တို့ကဲ့သို့သော mobile payment solutions များသည် ချက်လက်မှတ်စံနှုန်းဆိုင်ရာ ဆောင်ရွက်မှု၊ ငွေပေးချေမှုဆိုင်ရာ ဖြစ်စဉ်များနှင့် ASEAN ၏ ငွေကြေးဆိုင်ရာစနစ်များမှတဆင့် နိုင်ငံ၏ ငွေပေးချေမှုစနစ်ကို အသွင်ကူးပြောင်းပေးခဲ့သည်။

ဒစ်ဂျစ်တယ်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများ (DFS)များသည် consumer များ၏ ငွေပေးချေမှုများအတွက် ဒစ်ဂျစ်တယ်နည်းပညာများကို အသုံးပြုသော ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများ ဖြစ်သည်။

Fintech သည် တည်ရှိနေသော သို့မဟုတ် အသစ်ဖြစ်သော လုပ်ငန်းပုံစံများ၊ အပလီကေးရှင်းများ၊ ဖြစ်စဉ်များနှင့် ဝန်ဆောင်မှုများ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ပေးပြီး ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများနှင့်ပတ်သက်သော စီစဉ်မှု/ပြဋ္ဌာန်းမှုများကို အသွင်ကူးပြောင်းရန် ဒစ်ဂျစ်တယ် နည်းပညာများကို အသုံးပြုထားသည်။ လက်တွေ့တွင် fintech ဟူသော ဝေါဟာရကို အသစ်ဖြစ်သော DFS ကို ရည်ညွှန်းရန်အတွက် ကျယ်ပြန့်စွာ အသုံးပြုသည်။ ထိုနည်းပညာများတွင် web, mobile, cloud service, machine learning, digital identification(ID), Application Programming Interfaces(APIs)တို့ ပါဝင်သည်။

Fintech firm သည် DFS ကိုစီစဉ်ပေးသော ငွေကြေးကဏ္ဍ၏ အဖွဲ့အစည်းအသစ်တစ်ခု ဖြစ်သည်။ fintechs များတွင် ဒစ်ဂျစ်တယ်ငွေပေးချေမှုဆိုင်ရာ စီစဉ်ပေးသူများ၊ ဒစ်ဂျစ်တယ်နည်းပညာသုံး အာမခံအဖွဲ့အစည်းများ, ဒစ်ဂျစ်တယ်နည်းပညာသာ အသုံးပြုသောဘဏ်များ၊ အွန်လိုင်းမှငွေချေးသည့် ပလက်ဖောင်းများ ပါဝင်သည်။

Box ၁.၁– ကမ္ဘာ့ဘဏ်၏ ဒစ်ဂျစ်တယ်ငွေကြေးဝန်ဆောင်မှုများဆိုင်ရာ အစီရင်ခံစာမှ အနက်ဖွင့်ဆိုမှုများ

ထို့ပြင် ဒစ်ဂျစ်တယ်နည်းပညာသည် ပေါင်းစည်းခြင်း၊ လိုင်စင်ထုတ်ပေးခြင်း၊ ရောင်းဝယ်ခြင်းနှင့် အခွန် ပေးဆောင်ခြင်းစသော စည်းမျဉ်းများနှင့်ပတ်သက်ပြီး လုပ်ငန်းများအနေဖြင့် လိုက်နာသောနည်းကို အသွင် ကူးပြောင်းပေးထားသည်။ SMEs များသည် ဥပဒေ လိုက်နာရန် ဝန်လေးနေခြင်းမှာ ပြည်တွင်း ဥပဒေ ဆိုင်ရာ ယဉ်ကျေးမှုများနှင့် စီမံခန့်ခွဲအုပ်ချုပ်သော စနစ်များ နှစ်မျိုးလုံးတွင် အခြေခံသော ဥပဒေ ဝန်ဆောင်မှုများ၏ သမိုင်းကြောင်းအစဉ်အလာ ကြောင့် ဖြစ်နိုင်သည်။

သို့ရာတွင် logic programming နှင့် machine learning တို့သည် ဈေးကွက်ထဲသို့ ဝင်ရောက်လာ သောကြောင့် SMEs များသည် ဥပဒေဆိုင်ရာ အကြောင်းအရာများကို စက်များဖြင့် မှတ်တမ်း တင်ရန် ဒစ်ဂျစ်တယ်နည်းပညာများကို အသုံးပြု နိုင်သည်။ ဒစ်ဂျစ်တယ်နည်းပညာကိုအသုံးပြု ခြင်းသည် လုပ်ငန်းအဖွဲ့အစည်းများနှင့်ပတ်သက် သော ဥပဒေဆိုင်ရာ ဆောင်ရွက်ချက်များကို သက်သောင့်သက်သာဖြစ်စေပြီး အချိန်တိုတိုနှင့် ပိုမိုအကျိုးထိရောက်မှုရှိစေကာ တွက်ခြေကိုက် စေသည်။

ကဏ္ဍ–၄–အကျပ်အတည်းဆိုင်ရာ စီမံခန့်ခွဲမှု (COVID-19)

COVID-19 သည် SMEs များတွင် ဒစ်ဂျစ်တယ် နည်းပညာ လက်ခံကျင့်သုံးမှုကို အရှိန်မြှင့်ပေးသည်။ လုပ်ငန်းရှင်များသည် လုပ်ငန်းဆိုင်ရာ ကိစ္စများ အတွက် ပြင်ပတွင် လူချင်းတွေ့ဆုံဆွေးနွေးမှုများ ပြုကြသောကြောင့် COVID -19 ကာလအတွင်း အသွားအလာကန့်သတ်ထားမှုများသည် လုပ်ငန်း များနှင့်ပတ်သက်ပြီး ပြန်လည်အကဲဖြတ်ရန် အတွက် လူကိုယ်တိုင်သွားရောက်စစ်ဆေးနိုင်ရန် ကုန်ကြမ်းများ၊ ထုတ်လုပ်မှုများနှင့် ဝန်ဆောင်မှုများ နှင့်ပတ်သက်သော စီစဉ်ပေးသူများအပါအဝင် လုပ်ငန်းရှင်များကို အခက်တွေ့စေခဲ့သည်။

ထို့ကြောင့် SMEs များသည် ထုတ်ကုန်နှင့် ဝန်ဆောင်မှုဆိုင်ရာ စီမံခန့်ခွဲမှုနှင့် ပေးပို့မှုတို့တွင် ထိတွေ့ရန်မလိုသော နည်းလမ်းဖြင့် လုပ်ငန်း ဖြစ်စဉ်များကို ပေါင်းစည်းရန် လိုအပ်ကြောင်း သဘောပေါက်လာခဲ့သည်။ SMEs များသည် အဆိုပါ လုပ်ငန်းဖြစ်စဉ်များအတွက် အဆင်ပြေစေနိုင်မည့် ဒစ်ဂျစ်တယ်နည်းပညာကို အသုံးမပြုပါက COVID ပြီးဆုံးမည့် အချိန်အထိ လုပ်ငန်းများ ပိတ်သိမ်းရမည် ဖြစ်သည်။

နိုင်ငံ၏ လုပ်ငန်းရှင်များအသုံးပြုသော ဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာ အခွင့်အလမ်းများ



ပုံ ၁.၃- အင်ဒိုနီးရှား၊ မြန်မာ၊ မလေးရှားနှင့် ကမ္ဘောဒီးယားရှိ WSME လုပ်ငန်းရှင်များမှ လက်ခံကျင့်သုံးသော ဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာနယ်ပယ်များ

အင်ဒိုနီးရှား၊ မြန်မာ၊ မလေးရှားနှင့် ကမ္ဘောဒီးယားရှိ WSME လုပ်ငန်းရှင်များသည် ဒစ်ဂျစ်တယ် tools များကို အရောင်း/ဈေးကွက်ရှာဖွေမှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် သင်ကြားမှုတို့အတွက် အဓိကထားပြီး အသုံးပြုခဲ့သည်။ သို့ရာတွင် COVID-19 ကြောင့်ဖြစ်သော မမျှော်လင့်ထားသည့် ပြောင်းလဲမှုများအပါအဝင် လုပ်ငန်းပတ်ဝန်းကျင်နှင့်ပတ်သက်သော မသေချာမှုနှင့် ရှုပ်ထွေးမှုတို့သည် ဒစ်ဂျစ်တယ်လုပ်ငန်းပုံစံများဆီသို့ အသွင်ကူးပြောင်းမှုကို အရှိန်မြှင့်ပေးသည်။

အထူးသဖြင့် အင်ဒိုနီးရှား WSME လုပ်ငန်းရှင်များသည် တိကျသော လိုအပ်ချက်များနှင့်ကိုက်ညီရန်နှင့် ဆုံးဖြတ်ချက်များချမှတ်ရန်တို့အတွက်လမ်းညွှန်ပေးနိုင်သော data analytics, software development tools နှင့် machine learning ကဲ့သို့သော တိုးတက်သည့် ဒစ်ဂျစ်တယ်နည်းပညာများကို အသုံးပြုခဲ့သည်။

သို့ရာတွင် WSME များ၏ ရောထွေးနေသော လူဦးရေများနှင့် လုပ်ငန်းဆိုင်ရာ ဂေဟစနစ်များ၏ အမျိုးအစားကွဲပြားမှုများနှင့်ပတ်သက်ပြီး မူဝါဒဆိုင်ရာ နည်းလမ်းများ လိုအပ်သည်။ ထိုရည်ရွယ်ချက်အတွက် ဂေဟစနစ်တွင် ပါဝင်သော ပါဝင်ပတ်သက်သူများအားလုံးသည် ထိုပြောင်းလဲမှုကို ပံ့ပိုးပေးနိုင်သော နည်းလမ်းများနှင့် ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုရာတွင် WSME များတွေ့ကြုံနိုင်သော စိန်ခေါ်မှုများနှင့်ပတ်သက်ပြီး သင်ကြားရန် ပိုမိုလိုအပ်သည်။

၁.၄။ ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုရာတွင် **WSMEs** များမှ ရင်ဆိုင်ရသော စိန်ခေါ်မှုများ

WSME လုပ်ငန်းရှင်များသည် တည်ရှိနေသော လုပ်ငန်းအချိန်ဇယားများကို အသုံးပြုခြင်းနှင့် ဒစ်ဂျစ်တယ်လုပ်ငန်းပုံစံအသစ်များကို ဖော်ထုတ်ခြင်းတို့အကြား ဟန်ချက်ညီစေရာတွင် အခက်အခဲများ တွေ့ကြုံခဲ့ရသည်။ သို့ရာတွင် COVID-19 သည် လုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းဆောင်ရွက်သော နည်းလမ်းများနှင့်ပတ်သက်ပြီး ပြောင်းလဲမှုများ ပြုလုပ်ရန် ဖိအားပေးခဲ့သည်။

COVID-19 ၏ ရေရှည်အကျိုးသက်ရောက်မှုများနှင့်ပတ်သက်ပြီး ကြိုတင်မြင်နိုင်ရန် ခက်ခဲသော်လည်း WSMEs များသည် (အစိုးရနှင့် အခြားဂေဟာစနစ်တွင် ပါဝင်ပတ်သက်သူများ၏ အကူအညီဖြင့်) အောက်ပါ စိန်ခေါ်မှုများကို ကျော်လွှားနိုင်ပါက အကျပ်အတည်းကာလအလွန် ဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာ အခွင့်အလမ်းများမှာ ပိုမိုကြီးမားလာနိုင်ကြောင်း အကြံပြုထားသည်။

စိန်ခေါ်မှု-၁-အားနည်းသော ဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာ အခြေခံအဆောက်အအုံ

လွန်ခဲ့သော ဆယ်စုနှစ် ၂ စုခန့်က ကမ္ဘာကြီး၏ အစိတ်အပိုင်းအများစုတွင် လျင်မြန်စွာ ဖြစ်ပေါ်ခဲ့သော ဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများသည် လုပ်ငန်းများနှင့် လူမှုအသိုက်အဝန်းများအတွက် အခွင့်အလမ်းအသစ်များကို ဖွင့်လှစ်ပေးခဲ့သည်။ ဒစ်ဂျစ်တယ်အခွင့်အလမ်းများနှင့်ပတ်သက်သော စိန်ခေါ်မှုများကိုလည်း မျှဝေပေးခဲ့သည်။ ဇယား၁.၄ သည် ဒစ်ဂျစ်တယ်နည်းပညာတိုးတက်မှုကို အကဲဖြတ်ရန်နှင့် ကမ္ဘာလုံးဆိုင်ရာ ဆောင်ရွက်မှုအစီအစဉ်ကို ချမှတ်ရန် tool တစ်ခုအဖြစ် အသုံးပြုသော ကွန်ရက်ဆိုင်ရာ အဆင်သင့်ဖြစ်မှုညွှန်းကိန်း(NRI) ၂၀၁၉ ဖြစ်သည်။

Rank	Country	Score	Technology	Government	Impact
1	Singapore	82.13	78.45	88.19	88.33
2	Malaysia	63.76	59.49	75.92	64.01
3	Thailand	51.54	49.61	61.61	53.8
4	Vietnam	49.57	44.79	56.6	59.2
5	Philippines	47.7	38.93	51.84	57.81
6	Indonesia	46.15	41.56	60.57	47.7
7	Cambodia	32.29	36.24	32.92	38.71
8	Laos	31.88	28.19	26.32	47.82

ဇယား ၁.၄– ၂၀၁၉တွင် အရှေ့တောင်အာရှနိုင်ငံများ၏ ကွန်ရက်ဆိုင်ရာ အဆင်သင့်ဖြစ်မှုညွှန်းကိန်း

မလေးရှားသည် ကမ္ဘာ့အဆင့် ၆၃ တွင်ရှိပြီး အလယ်အလတ်ဝင်ငွေရှိသော နိုင်ငံများထက် အဆင့်မြင့်ကာ ဝင်ငွေမြင့်မားသော နိုင်ငံအချို့၏အောက် အဆင့်နိမ့်သည်။ သို့ရာတွင် မလေးရှားရှိ အင်တာနက်ရရှိမှုသည် တစ်နေရာနှင့် တစ်နေရာ တူညီမှုမရှိဘဲ မြို့ပြပင်နီဆူလာနှင့် နှိုင်းယှဉ်ပါက ကျေးလက်ဒေသနှင့် မလေးရှား အရှေ့ပိုင်းတို့သည် အသုံးပြုနှုန်း နည်းပါးပြီး အင်တာနက်ချိတ်ဆက်မှုနှုန်း နှေးသည်။ ၂၀၁၈ ကမ္ဘာ့ဘဏ် အစီရင်ခံစာအရ မလေးရှားသည် စင်ကာပူအပါအဝင် ဝင်ငွေပိုမိုမြင့်မားသော နိုင်ငံအများစုနှင့် နှိုင်းယှဉ်ပါက အင်တာနက်ဒေါင်းလုပ်နှုန်းနှေးပြီး ဈေးနှုန်းမြင့်မားသည်။

အင်ဒိုနီးရှားတွင် ဒစ်ဂျစ်တယ်ပလက်ဖောင်းများပြားသောကြောင့် လွန်ခဲ့သော ဆယ်စုနှစ် ၂ စုခန့်က အင်တာနက်ထိုးဖောက်မှုသည် လူဦးရေအများစုကို အကျိုးကျေးဇူးမပြုနိုင်ခဲ့ပေ။ မလေးရှားနှင့်အလားတူပင် နိုင်ငံ၏ ကျေးလက်နှင့် ရွှေ့ပြောင်းဒေသများတွင် သတင်းအချက်အလက်နည်းပညာရရှိမှု မညီမျှခြင်းသည် ထင်ရှားသော ပြဿနာ ဖြစ်ခဲ့သည်။ ထိုပြဿနာကို ဖြေရှင်းရန် အစိုးရသည် ၂၀၁၆ ကတည်းက Sky Highway project ဟုခေါ်သော Palapa Ring ဟုခေါ်သည့် ဖန်ကြိုးမျှင် ဝိုင်ယာအသုံးပြုသော နိုင်ငံတဝန်း အင်တာနက် ကွန်ရက်ကို စတင် တည်ဆောက်ခဲ့သည်။ သို့ရာတွင် အင်ဒိုနီးရှားသည် အိမ်နီးချင်းအရှေ့တောင်အာရှနိုင်ငံများ နှင့်နှိုင်းယှဉ်ပါက သတင်းအချက်အလက်နှင့် ဒစ်ဂျစ်တယ်နည်းပညာတို့နှင့်ပတ်သက်ပြီး အသုံးပြုမှု နည်းဆဲပင် ဖြစ်သည်။

ကမ္ဘောဒီးယားတွင် အသက် ၁၅ နှစ်မှ ၂၅ နှစ်အကြား လူငယ်များသည် အင်တာနက်ချိတ်ဆက် အသုံးပြုမှု အများဆုံးဖြစ်ပြီး အာရှပစိဖိတ်ဒေသတွင် အင်တာနက်ချိတ်ဆက်မှုဆိုင်ရာ တိုးတက်မှုနှုန်း အမြင့်မားဆုံး ဖြစ်သည်။ အင်တာနက်ရရှိမှုသည် ယခုနှစ်များတွင် ပုံမှန်တိုးတက်နေသော်လည်း အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့အောက် နည်းပါးဆဲပင် ဖြစ်သည်။

မြန်မာနှင့် ဘရူနိုင်းတို့သည် လေ့လာမှုတွင် မပါဝင်ခဲ့ပေ။ မြန်မာနိုင်ငံတွင် လျှပ်စစ်မီးပြတ်တောက်မှုသည် အင်တာနက်ချိတ်ဆက်မှုကို တစ်ခါတစ်ရံနှောင့်ယှက်တတ်ကြောင်း အစီရင်ခံထားသည်။ သို့ရာတွင် မြန်မာ နိုင်ငံရှိ မိုဘိုင်းချိတ်ဆက်မှုဖြင့် smartphones အသုံးပြုသူများ၏ အရေအတွက်သည် ၂၀၂၀ ဇန်နဝါရီတွင် စုစုပေါင်းလူဦးရေ၏ ၁၂၆ ရာခိုင်နှုန်း ၆၈.၂၄ သန်း ရှိခဲ့သည်။

စိန်ခေါ်မှု-၂-ဗဟုသုတနှင့် ကျွမ်းကျင်မှုမရှိခြင်း

Indonesia

- လုပ်ငန်းရှင်များသည် လုပ်ငန်းနှင့် မိသားစုတာဝန်များအကြား ရှုန်းကန်နေရသောကြောင့် အတွေ့အကြုံများမှ သင်ယူချိန်အလွန်နည်းပါးကြောင်း ဆိုခဲ့သည်။ ထိုပြဿနာသည် ကလေးရှိသော လုပ်ငန်းရှင်များအကြား အဖြစ်အများဆုံးဖြစ်သည်။
- အင်တာနက်တွင် သတင်းအချက်အလက်များစွာရှိသောကြောင့် WSMEs များအနေဖြင့် ၎င်းတို့၏ လုပ်ငန်းအတွက် ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုမှုနှင့်ပတ်သက်ပြီး မည်သည့်နေရာမှ စတင်သင်ကြားရမည်ကို မသေချာပေ။
- WSMEs အများစုသည် အချက်အလက်လုံခြုံ မှုနှင့် သီးသန့်တည်ရှိမှုဆိုင်ရာ ပြဿနာများနှင့်ပတ်သက်ပြီး လုံလောက်သည့် အသိပညာမရှိပေ။

Myanmar

- ပြည်တွင်းဘာသာစကားဖြင့် စီစဉ်ထားသော ဒစ်ဂျစ်တယ်ရင်းမြစ်များမရှိခြင်းသည် လုပ်ငန်းရှင်များအတွက် ဒစ်ဂျစ်တယ်နည်းပညာမှာ ၎င်းတို့လုပ်ငန်းများအား မည်သို့ကူညီနိုင်ကြောင်းနှင့်ပတ်သက်ပြီး နားလည်သိရှိနိုင်စေနိုင်ရန်အတွက် ခက်ခဲသည်။
- WSMEs အများအပြားသည် ယေဘူယျ tools များကို ကျော်လွန်ပြီးဒစ်ဂျစ်တယ်နည်းပညာအသုံးပြုမှုဆိုင်ရာ အကျိုးကျေးဇူးများနှင့် စိန်ခေါ်မှုများနှင့်ပတ်သက်သော အသိပညာမရှိပေ။ သို့ရာတွင် ဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာ ဗဟုသုတနှင့်ပတ်သက်ပြီး သင်တန်းများမှ ရရှိလာသော သတင်းအချက်အလက်အများအပြားသည် WSMEsများကို လွှမ်းမိုးထားသည်။ ထိုပြဿနာသည် မြို့ပြနှင့် ကျေးလက်ဒေသရှိ SMEs များအကြား သိသာထင်ရှားသော စွမ်းဆောင်ရည်ကွာဟချက်ကြောင့် ပိုမိုဆိုးရွားခဲ့သည်။

Malaysia

- ဒစ်ဂျစ်တယ်နည်းပညာသည် ရင်းနှီးမြှုပ်နှံမှုလား သို့မဟုတ် တာဝန်လားဆိုသည်နှင့် ပတ်သက်သော နားလည်သိရှိမှု မရှိပေ။ လုပ်ငန်းဖြစ်စဉ်များတိုးတက်စေရန်အတွက် ငွေကြေးအသုံးပြုခြင်းနှင့်ပတ်သက်ပြီး ရင်းနှီးမြှုပ်နှံမှုအဖြစ်ထက် ကုန်ကျစရိတ်အဖြစ် အဓိကမြင်နေဆဲပင် ဖြစ်သည်။ လုပ်ငန်းဖြစ်စဉ်များ၏ မြန်နှုန်း သိသာထင်ရှားစွာ တိုးတက်လာခြင်း သို့မဟုတ် အရောင်းအတွက် အခွင့်အလမ်းများ တိုးတက်လာခြင်း တို့ကို ကြည့်ခြင်းအားဖြင့် ဒစ်ဂျစ်တယ် tools များစီစဉ်ပေးရန်အတွက် ငွေကြေးများ အသုံးပြုသင့်ကြောင်း သိရှိနိုင်သည်။

Cambodia

- ဒစ်ဂျစ်တယ်စာပေသည် နည်းပညာလက်ခံကျင့်သုံးမှုအတွက် အဓိကစိန်ခေါ်မှုတစ်ရပ်အဖြစ် ပေါ်ပေါက်လာသည်။ အပလီကေးရှင်းများ၏ ရှုတ်ထွေးမှုနှင့် အင်္ဂလိပ်ဘာသာစကားစွမ်းရည်မရှိခြင်း(အင်္ဂလိပ်ဘာသာစကားသည် လုပ်ငန်းကဏ္ဍတွင် မကြာခဏအသုံးပြုသည်)တို့သည် ထင်ရှားသော ကန့်သတ်ချက်တစ်ရပ် ဖြစ်သည်။
- နည်းပညာဆိုင်ရာ ကျွမ်းကျင်မှုများ မရှိခြင်းသည် နည်းပညာအသုံးပြုမှုအတွက် အဓိကစိန်ခေါ်မှုတစ်ရပ် ဖြစ်သည်။ အချို့လုပ်ငန်းရှင်များသည် ၎င်းတို့၏ ဝန်ထမ်းများမှာ ငွေကြေးစီမံခန့်ခွဲမှုအတွက် software များမရှိသောကြောင့် နည်းပညာဆိုင်ရာ ပံ့ပိုးပေးသူများထံမှ ပံ့ပိုးမှုများ လိုအပ်ကြောင်း ဖော်ပြခဲ့သည်။

စိန်ခေါ်မှု-၃-အခြားငွေကြေးရရှိမှုနှင့် ပတ်သက်သော စိုးရိမ်ပူပန်မှုများ

Indonesia

- လုပ်ငန်းရှင်အများအပြားသည် အထူးသဖြင့် fintech မှတဆင့် ပြင်ပမှ ချေးငွေ ရရှိမှုနှင့်ပတ်သက်ပြီး ရှာဖွေရန် အလျှင်လိုမှုမရှိကြောင်း ဖော်ပြခဲ့သည့်အတွက် စိတ်ခါတ်လှုံ့ဆော်မှုမရှိခြင်းနှင့် ကြောက်ရွံ့မှုများရှိခြင်းတို့ကို ဖော်ပြနေခြင်းဖြစ်ကြောင်း သိရှိခဲ့ရသည်။ ဒစ်ဂျစ်တယ်ငွေချေးမှုနည်းလမ်း၏ အမျိုးမျိုးသော ထိခိုက်ဆုံးရှုံး နိုင်ခြေများကြောင့် ထိုငွေချေးသည့် နည်းလမ်းကို ဦးစားမပေးခဲ့ကြောင်း ဖော်ပြထားသည်။ လုပ်ငန်းများ ပိုမိုတိုးတက်စေရန်(ငွေချေးမှု၊ ဒစ်ဂျစ်တယ် tools အသစ်များအသုံးပြုမှု)အတွက် ထိခိုက်ဆုံးရှုံးနိုင်မှုများနှင့် အခြားကန့်သတ်ထားသော အချက်များတွင် ကန့်သတ်ထားသော ချေးငွေရရှိမှု၊ အချက်အလက်လုံခြုံ မှုနှင့် သီးသန့်တည်ရှိမှု၊ ပိုမိုမြင့်မားသော အတိုးနှုန်းများ၊ ဘာသာရေးဆိုင်ရာ ယုံကြည်မှုများ၊ ဗဟုသုတနှင့် ကျွမ်းကျင်မှု မရှိခြင်းများ ပါဝင်သည်။
- လုပ်ငန်းရှင်များ၏ စွန့်စားမှု မပြုလိုသော သဘာဝသည် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့် အလမ်းများရရှိမှုကို ကန့်သတ်ထားကြောင်း ဖော်ပြခဲ့သည်။ လက်တွေ့ကျပြီး ရှေးရိုးစွဲ သဘာဝကြောင့် အမျိုးသမီးများသည် တစ်ခါတစ်ရံတွင် ယုံကြည်မှုနည်းသူများဟု ထင်ရပြီး ရင်းနှီးမြှုပ်နှံမှုများရရှိရန် ယှဉ်ပြိုင်ချိန်တွင် ဆိုးကျိုးများကို ဖြစ်ပေါ်စေခဲ့သည်။

Myanmar

- အခြားချေးငွေဆိုင်ရာနည်းလမ်းများသည် SMEs များအကြား ကန့်သတ်ခြင်းခံရပြီး လူသိမများပေ။ အမျိုးသမီးပိုင် SMEs များကို ရည်ရွယ်သော လျင်မြန်လွယ်ကူသည့် ချေးငွေများနှင့် ထောက်ပံ့ကြေးများသည် မြန်မာနိုင်ငံတွင် ရှားပါးကြောင်း ဖော်ပြ ထားသည်။ ထို့ပြင် ယုံကြည်စိတ်ချရသော ချေးငွေဆိုင်ရာ ရမှတ်များ မရှိခြင်းသည် ချေးငွေစီစဉ်ပေးသူများအနေဖြင့် စုံစမ်းစစ်ဆေးမှုများပြုလုပ်ရန် ခက်ခဲစေနိုင်သည်။

Malaysia

- အခြားချေးငွေဆိုင်ရာ ရွေးချယ်မှုများကို ဆန့်ကျင်သော အတွေးအခေါ်နှင့် အသိပညာ မရှိခြင်းတို့သည် WSMEs များအား ချေးငွေရရှိရန်အတွက် အခွင့်အလမ်းသစ်များနှင့် ပတ်သက်ပြီး ဟန့်တားထားသည်။ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများနှင့် နှိုင်းယှဉ်ပါက အခြားချေးငွေကဏ္ဍရှိ ပါဝင်ပတ်သက်သူများအား ကာကွယ်ပေးမှုနှင့်ပတ်သက်သော သံသယများရှိဆဲပင် ဖြစ်သည်။

Cambodia

- လုပ်ငန်းရှင်အများစုသည် ၎င်းတို့၏ ကိုယ်ပိုင်ငွေနှင့် ပိုင်ဆိုင်မှုများကို လုပ်ငန်း တည်ထောင်ရန် အသုံးပြုကြသည်။ နည်းပညာသုံးပြုမှုကို ငွေကြေးရရှိရန်အတွက် အရေးကြီးသောအချက်တစ်ခုအဖြစ် မြင်သောကြောင့် ရင်းမြစ်များနှင့် အခြားကန့်သတ် ချက်များသည် တစ်ခါတစ်ရံတွင် WSMEs များအား fintech မှတဆင့် အခြားငွေကြေး ရရှိမှုဆိုင်ရာ နည်းလမ်းများအသုံးပြုခြင်းမှ ဟန့်တားထားသည်။

စိန်ခေါ်မှု-၄-ကျားမဆိုင်ရာ အခြေခံပြဿနာများ

Indonesia

- WSMEs များသည် ၎င်းတို့၏ လုပ်ငန်းများထက် ဦးစားပေးရမည့် မိသားစုတာဝန်များ ရှိသည်။ ထိုအချက်သည် လုပ်ငန်းတိုးတက်နိုင်သော အခွင့်အလမ်းများကို ဆုံးရှုံးစေနိုင်သည်။ သို့ရာတွင် ထိုအချက်နှင့်ပတ်သက်ပြီး အပျက်သဘောဆောင်သောအချက် အဖြစ်ထက် အကြောင်းအရာအခြေခံသော အချက်အဖြစ် ဖော်ပြထားသည်။
- အမျိုးသမီးများ၏ စွန့်စားမှု မပြုလိုသော သဘာဝသည် ရင်းနှီးကျွမ်းဝင်မှုမရှိသော ငွေကြေးရရှိမှုဆိုင်ရာ ရွေးချယ်မှုများ၊ သင်ကြားပြသမှုနှင့်ပတ်သက်သော အခွင့်အလမ်းများ၊ ကွန်ရက်ချိတ်ဆက်မှုနှင့် ကျွမ်းကျင်မှုတည်ဆောက်မှုဆိုင်ရာ အခွင့်အလမ်းများကဲ့သို့သော အမျိုးမျိုးသော အချက်များနှင့်ပတ်သက်ပြီးWSMEs များအတွက် အဓိကကန့်သတ်ထားသော အချက်များအနက်တစ်ချက် ဖြစ်သည်။
- SMEs များအတွက် ဥပဒေနှင့် မူဝါဒအများစုမှာ ကျားမဆိုင်ရာ ဘက်လိုက်မှုရှိသော်လည်း အင်ဒိုနီးရှားရှိ အမျိုးသမီးများသည် တစ်ခါတစ်ရံတွင် လူမှုရေးစံသတ်မှတ်ချက်များနှင့် ပတ်သက်သော ခွဲခြားဆက်ဆံခံရမှုများနှင့် ကြုံတွေ့နေရပြီး အကြမ်းဖက်မှုပုံစံ အမျိုးမျိုးကိုလည်း ခံစားနေရသည်။ လုပ်ငန်းရှင်အများအပြားသည် ကျားမဆိုင်ရာ ဘက်လိုက်မှုများ၊ လုပ်ငန်းအစည်းအဝေးများ/ဆွေးနွေးပွဲများတွင် ခွဲခြားဆက်ဆံမှုများနှင့် ရင်ဆိုင်နေရကြောင်း ဖော်ပြထားသည်။

Myanmar

- သမားရိုးကျမဟုတ်သော ကွန်ရက်ချိတ်ဆက်မှုများအတွက် အမျိုးသမီးများသည် အမျိုးသားများအောက် အခွင့်အလမ်းပိုမိုနည်းပါးကြသည်။ ဥပမာ-အမျိုးသားများသည် clients များ၊ အစိုးရဝန်ထမ်းများနှင့် လုပ်ဖော်ကိုင်ဖက်များနှင့် တွေ့ဆုံရန် ညနေပိုင်းပွဲများသို့ သွားရောက်နိုင်သော်လည်း အမျိုးသမီးများအနေဖြင့် ညနေပိုင်းပြုလုပ်သည့်ပွဲများသို့ သွားရောက်ရန် မသင့်တော်ကြောင်း ယဉ်ကျေးမှုအရ ယူဆထားသည် အထူးသဖြင့် သေးငယ်သောမြို့များ သို့မဟုတ် ရှေးဆန်သော မိသားစုများတွင် ဖြစ်သည်။
- ရှာဖွေတွေ့ရှိမှုများအရ ရှုတ်ထွေးသော စည်းကမ်းသတ်မှတ်ချက်များတွင် ကျားမဆိုင်ရာ ခွဲခြားဆက်ဆံမှုနှင့်ပတ်သက်ပြီး လွှမ်းမိုးထားကြောင်း ဖော်ပြထားသည်။ အမျိုးမျိုးသော အစိုးရအေဂျင်စီများနှင့်ပတ်သက်သည့် ဖြစ်စဉ်များသည် ရှုတ်ထွေးပြီး အချိန်ကုန်စေသည်။

Malaysia

- လုပ်ငန်းရှင်အများစုသည် ကျားမဆိုင်ရာအချက်များမှာ ၎င်းတို့အား ကန့်သတ်ထားသည် ဟူသော အတွေးအခေါ်ကို ပယ်ချထားသော်လည်း ကျားမဆိုင်ရာအချက်များကို ဖုံးကွယ်ထားသော ဒစ်ဂျစ်တယ်နှင့် ဆက်သွယ်မှုtools များနှင့်ပတ်သက်သော ပြဿနာ ပေါ်ပေါက်ခဲ့သည်။ ဒစ်ဂျစ်တယ်tools များအသုံးပြုခြင်းသည် အမျိုးသမီးများနှင့် ဆက်ဆံရန် အခက်အခဲရှိသောသူများ အထူးသဖြင့် အမျိုးသားများလွှမ်းမိုးသော စိုက်ပျိုးရေးလုပ်ငန်းများတွင် အသုံးပြုနိုင်သည်။

Cambodia

- ကျားမဆိုင်ရာ ပုံသေအတွေးအခေါ်များသည် အမျိုးသမီးလုပ်ငန်းရှင်များမှ ရင်ဆိုင်နေရသော အဓိကစိန်ခေါ်မှုတစ်ရပ်ဖြစ်ကြောင်း အစီရင်ခံထားသည်။ လုပ်ငန်းရှင်များသည် မိခင်နေရာသာမက သမီးနေရာလည်း ယူထားရပြီး လုပ်ငန်းများကိုပါ လုပ်ကိုင်နေရသောကြောင့် ကျွမ်းကျင်မှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်နိုင်ရန်နှင့် လူမှုရေးပွဲများသို့ ပါဝင်တက်ရောက်နိုင်ရန်တို့အတွက် အချိန်ကန့်သတ်မှုများနှင့် ကြုံတွေ့နေရသည်။
- အချို့အမျိုးသမီးလုပ်ငန်းရှင်များသည် တစ်ခါတစ်ရံတွင် မိသားစုများနှင့် အမျိုးသား လုပ်ဖော်ကိုင်ဖက်များမှာ ၎င်းတို့၏ လုပ်ငန်းဆိုင်ရာ စွမ်းဆောင်ရည်ကို မယုံကြည်ကြသောကြောင့် အရည်အသွေးများကို သက်သေပြရန်အတွက် ပိုမိုအလုပ်ကြိုးစားကြရကြောင်း ပြောကြားခဲ့သည်။

WSMEs လုပ်ငန်းရှင်များသည် ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုမှုနှင့်ပတ်သက်ပြီး ဟန့်တားနေသော စိန်ခေါ်မှုများကို ရင်ဆိုင်နေရသည်။ အားနည်းသော ဒစ်ဂျစ်တယ်အခြေခံအဆောက်အအုံအပြင် လုပ်ငန်းရှင်များသည် တစ်ခါတစ်ရံ ၎င်းတို့၏လုပ်ငန်းများ၊ ပြောင်းလဲမှုများနှင့်ပတ်သက်ပြီး စီမံခန့်ခွဲရန်အတွက် မှန်ကန်သောနည်းပညာများကို ဖော်ထုတ်နိုင်ရန် ဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာ အခွင့်အလမ်းများနှင့် ကျွမ်းကျင်မှုများနှင့်ပတ်သက်သော ဗဟုသုတ မရှိကြပေ။

အချို့သည် ဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာ သင်တန်းများတွင် ၎င်းတို့၏ ဝန်ထမ်းများကို တက်ရောက်စေခဲ့သော်လည်း အများအပြားသည် တီထွင်ဖန်တီးမှုအတွက် အရေးကြီးသော စီမံခန့်ခွဲမှု၊ ဆက်သွယ်မှု သို့မဟုတ် ပြဿနာဖြေရှင်းသော ကျွမ်းကျင်မှုများနှင့်ပတ်သက်သော အခက်အခဲများကို ဆက်လက်ရင်ဆိုင်နေရသည်။ ထို့ပြင် လုပ်ငန်းရှင်များသည် အချက်အလက်များကို ကာကွယ်ရန်အတွက် ကြိုတင်စီစဉ်ထားမှုနည်းပါးကြပြီး ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုများနှင့် ရင်ဆိုင်နိုင်ရန် အဆင်သင့် မဖြစ်သေးပေ။ ထို့ကြောင့် ဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာ အခြေခံအဆောက်အအုံနှင့် ချိတ်ဆက်ရာတွင် စနစ်များပေါင်းစည်းမှုဆိုင်ရာ ထိခိုက်ဆုံးရှုံးမှုများကို ကြုံတွေ့နေရသည်။

၁.၅။ အရှေ့တောင်အာရှ၏ SME ကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအတွက် ကျားမဆိုင်ရာ မျှတသော ဒစ်ဂျစ်တယ်နည်းပညာနှင့်ပတ်သက်သည့် ဂေဟစနစ်တစ်ရပ် ဖန်တီးနိုင်ရန်အတွက် အရေးကြီးသော အကြံပြုချက်များ

SMEs များသည် အင်ဒိုနီးရှား၊ မြန်မာ၊ မလေးရှားနှင့် ကမ္ဘောဒီးယားကဲ့သို့သော စီးပွားရေးများ ပေါ်ပေါက်ရန် လာစေရန်အတွက် အရေးကြီးသော်လည်း ၎င်းတို့၏ တိုးတက်မှုကို ပံ့ပိုးနိုင်ရန် မူဝါဒချမှတ်သူများအတွက် တစ်ပြိုင်တည်းဖြစ်သော စိန်ခေါ်မှုများကို တွေ့ကြုံခဲ့ရသည်။ အရှေ့တောင်အာရှနိုင်ငံများ၏ အစိုးရများသည် လုပ်ငန်းဆိုင်ရာ စည်းကမ်းထိန်းသိမ်းလိုက်နာမှုအတွက် ဆောင်ရွက်မှုများနှင့် အစိုးရမှ စပွန်ဆာပေးထားသော သင်တန်းများ စီစဉ်ပေးရန်တို့အတွက် COVID-19 ကာလ ပြန်လည်နာလန်ထူလာနိုင်မှုဆိုင်ရာ ရန်ပုံငွေနှင့် ဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာ ကြားဝင်ဆောင်ရွက်မှုများကဲ့သို့သော အစီအစဉ်များမှတဆင့် WSMEs များအား ကူညီပေးခဲ့သည်။ သို့ရာတွင် ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုပြီး WSME ဂေဟစနစ်တစ်ရပ် ဖန်တီးနိုင်ရန် ရည်ရွယ်သော အစိုးရ ဆိုင်ရာ မူဝါဒများ တိုးတက်စေရန်အတွက် အရေးကြီးသော အဆိုပါအစီအစဉ်များ၏ အကျိုးသက်ရောက်မှုများနှင့်ပတ်သက်သော သက်သေသာဓကများ ရှိသည်။

ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုသော WSME များ

ကဏ္ဍ၁ – ငွေကြေးရရှိမှု

မူဝါဒ
အမျိုးသမီးလုပ်ငန်းရှင်များဦးဆောင်သော လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံခြင်းကဲ့သို့သော ကျားမရေးရာဦးတည်သည့် ငွေကြေးဆိုင်ရာ စီမံချက်များကို ဖြစ်ပေါ်စေခြင်း

လက်တွေ့ကျသော
ပြည်သူလူထုအသိပညာတိုးတက်စေခြင်းနှင့် WSMEs များအတွက် ငွေကြေးဆိုင်ရာ ကွာဟမှုများနှင့်ပတ်သက်ပြီး ပိုမိုမြင်သာစေခြင်း

ကဏ္ဍ၂ – သင်ကြားပြသမှု၊ ကွန်ရက်ချိတ်ဆက်မှုနှင့်ကျွမ်းကျင်မှုများနှင့်ပတ်သက်သော အခွင့်အလမ်းရရှိမှု

မူဝါဒ
လုပ်ငန်းရှင်များနှင့် ဝန်ထမ်းများအတွက် ရည်ရွယ်သော ကျားမတန်းတူညီမျှဖြစ်မှုဆိုင်ရာ အစီအစဉ်နှင့်ပတ်သက်ပြီး ဖြေရှင်းပေးသော လုပ်ငန်းဆိုင်ရာ သင်တန်းများကို အကောင်အထည်ဖော်ရန်

လက်တွေ့ကျသော
ပြည်တွင်းဘာသာစကားမဟုတ်သော ဘာသာများဖြင့် သင်တန်းများနှင့်ဆွေးနွေးပွဲများမှတဆင့် ကျားမဆိုင်ရာ ပုံသေအတွေးအခေါ်များနှင့်ပတ်သက်ပြီး ဖြေရှင်းရန်နှင့် သမားရိုးကျမဟုတ်သောကျွမ်းကျင်မှုများတိုးတက်စေရန်

ကဏ္ဍ၃ – လုပ်ငန်းဖြစ်စဉ်များ

မူဝါဒ
အဓိကSME အားလုံးဆိုင်ရာ မူဝါဒချမှတ်ပေးသောအေဂျင်စီများအတွင်း ကျားမတန်းတူညီမျှဖြစ်မှုဆိုင်ရာ မူဝါဒများချမှတ်ရန်နှင့်ကျားမအခြေပြုခွဲခြားဆက်ဆံမှုများလျှော့နည်းစေရန်အတွက် စည်းမျဉ်းစည်းကမ်းလိုက်နာမှုဖြစ်စဉ်များ အားလုံးကို ပိုမိုအကျိုးထိရောက်မှုရှိပြီး ပွင့်လင်းမြင်သာစေရန် ဆောင်ရွက်ရန်

လက်တွေ့ကျသော
ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုသော WSMEs များ၏ အောင်မြင်မှုများကို ဖော်ပြပြီး လုံခြုံမှုနှင့် အချက်အလက် သီးသန့်တည်ရှိမှုဆိုင်ရာ အသိပညာတိုးမြှင့်ပေးရန်

ကဏ္ဍ၄ – အကျပ်အတည်းဆိုင်ရာစီမံခန့်ခွဲမှု(COVID-19)

မူဝါဒ
WSMEs များအတွက် အကျပ်အတည်းကာလအတွင်း တည်ငြိမ်စေမှု၊ ပြန်လည်နာလန်ထူမှုဆိုင်ရာရန်ပုံငွေ၊ လုပ်ခလစာဆိုင်ရာစီမံချက်၊ ချေးငွေဆိုင်ရာဖြေလျှော့မှုများ၊ အခွန်သက်ညှာမှုများစသည်တို့ကို စီစဉ်ပေးရန်

လက်တွေ့ကျသော
WSMEs များအနေဖြင့် သင်ယူနိုင်ရန်အတွက် လုပ်ငန်း အသိုက်အဝန်းများနှင့် အဖွဲ့အစည်းများချိတ်ဆက်မှုများနှင့် ပတ်သက်ပြီး တိုးမြှင့်ပေးရန်

ပုံ ၁.၄- အရှေ့တောင်အာရှ၏ SME ဖွံ့ဖြိုးတိုးတက်မှုအတွက် ကျားမဆိုင်ရာ မျှတမှုနှင့်ပတ်သက်သော ဂေဟစနစ်တစ်ရပ်ဖန်တီးရန်အတွက် အရေးကြီးသောအကြံပြုချက်များ

အစိုးရအဖွဲ့အစည်းများအတွက် အရေးကြီးသော အကြံပြုချက်များ

ကဏ္ဍ-၁-ငွေကြေးရရှိမှု

ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုသည့် အမျိုးသမီးပိုင် စီးပွားရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံခြင်း ကဲ့သို့သော ကျားမဆိုင်ရာ ဦးတည်သည့် ငွေကြေး ရရှိမှုနှင့်ပတ်သက်သော စီမံချက်များကို ဆောင်ရွက် ရမည် ဖြစ်သည်။ ဥပမာအနေဖြင့် အစိုးရ၏ ရန်ပုံငွေ ပံ့ပိုးမှုသည် အင်ဒိုနီးရှားနှင့် မြန်မာရှိ SMEs များ အတွက် ရရှိပြီးဖြစ်သော်လည်း အမျိုးသမီးများ အတွက် မရည်ရွယ်ခဲ့ပေ။ ထိုရန်ပုံငွေများကို ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုပြီး ရရှိခဲ့သော်လည်း လုံလောက်သော ဒစ်ဂျစ်တယ်နည်းပညာ အခြေခံ အဆောက်အအုံနှင့် ဒစ်ဂျစ်တယ်စာပေတို့နှင့် ပတ်သက်သော ဟန်ချက်ညီမှုမရှိသောကြောင့် နောက်ဆုံးတွင် အဆိုပါရန်ပုံငွေများကို စွန့်လွှတ် ခဲ့ရသည်။

အစိုးရသည် ကျားမဆိုင်ရာ ဦးတည်မှုဖြင့် ရင်းနှီးမြှုပ်နှံ သော ရန်ပုံငွေများမှတဆင့် ချေးငွေများ သို့မဟုတ် ရှယ်ယာတန်ဖိုးများဖြင့် ငွေကြေးမတည်မှုများ ကဲ့သို့သော WSMEs ထံစီးဆင်းသော ငွေကြေး ပမာဏ တိုးတက်စေရန်နှင့် စည်းကမ်းထိန်းသိမ်းရန် တို့နှင့်ပတ်သက်ပြီး ဆောင်ရွက်နိုင်သည်။ အဆိုပါ ကြားဝင်ဆောင်ရွက်မှုသည် WSMEs များနှင့် ငွေကြေး ဆိုင်ရာ ကြားနေဆောင်ရွက်သူများအတွက် အခြား စွမ်းဆောင်ရည်တည်ဆောက်မှုဖြင့် ပေါင်းစပ်မည် ဖြစ်သည်။

ကဏ္ဍ-၂-သင်ကြားပြသမှု၊ ကွန်ရက်ချိတ်ဆက်မှုနှင့် ကျွမ်းကျင်မှုများ

ကျားမဆိုင်ရာ ရှယ်ယာပိုင်ဆိုင်မှု အစီအစဉ်များနှင့် ပတ်သက်ပြီး ဖြေရှင်းပေးသော လုပ်ငန်းပိုင်ရှင်များ နှင့် ဝန်ထမ်းများအတွက် လုပ်ငန်းဆိုင်ရာ သင်တန်း အစီအစဉ်များကို အကောင်အထည်ဖော်ရမည် ဖြစ်သည်။ ထိုအစီအစဉ်များတွင် ဒစ်ဂျစ်တယ်နည်း ပညာ အပလီကေးရှင်းများ အသုံးပြုသော အမျိုးသမီးလုပ်ငန်းရှင်များအတွက် ဆွဲဆောင် နိုင်မည့် စီမံချက်များ ပါဝင်နိုင်သည်။ WSMEs များကို ရည်ရွယ်သော ပညာရေးနှင့် သင်တန်းများသည် အမျိုးသမီးများအား လုပ်ငန်းနှင့် ကိုယ်ပိုင်ဘဝ နှစ်မျိုးလုံးတွင် ရပ်တည်နိုင်ရန် ပြည်တွင်းဘာသာ စကားနှင့် လက်တွေ့ကျသော အကြံပြုချက်များ ကဲ့သို့သော လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အကြောင်းအရာများကို ထည့်သွင်းစဉ်းစားသင့်သည်။

ကဏ္ဍ-၃-လုပ်ငန်းဖြစ်စဉ်နှင့် စီမံခန့်ခွဲမှု

ကျားမအခြေခံ ခွဲခြားဆက်ဆံမှုများ လျော့နည်း စေရန် SME များအားလုံးနှင့်ပတ်သက်သော အဓိက မူဝါဒချမှတ်မှုဆိုင်ရာ အေဂျင်စီများနှင့် စည်းကမ်း ထိန်းသိမ်းရေးဆိုင်ရာ ဖြစ်စဉ်များအားလုံးတွင် ကျားမညီမျှမှုဆိုင်ရာ မူဝါဒများကို အသုံးပြုခြင်း သည် ပိုမိုပေါင်းစည်းမှုရှိစေမည်ဖြစ်ကာ ပွင့်လင်း မြင်သာမှုရှိစေပြီး အချိန်တိုတိုနှင့် အကျိုး ထိရောက်မှုရှိစေမည် ဖြစ်သည်။ e-government ၏ ကနဦးဆောင်ရွက်မှုများမှာ လိုအပ်သော်လည်း ထိုဆောင်ရွက်ချက်များအတွက် WSMEs များနှင့် ဂေဟစနစ်တွင် ပါဝင်ပတ်သက်သူများအားလုံး၏ အချက်အလက်ဆိုင်ရာ သီးသန့်တည်ရှိမှုနှင့် လုံခြုံမှု တို့နှင့်ပတ်သက်ပြီး ကာကွယ်ပေးနိုင်ရန် စည်းမျဉ်း များဖြင့် ပံ့ပိုးပေးရန် လိုအပ်သည်။

ကဏ္ဍ-၄-အကျပ်အတည်းဆိုင်ရာ စီမံခန့်ခွဲမှု

WSMEs များအား အကျပ်အတည်းဆိုင်ရာ တည်ငြိမ် မှုနှင့် ပြန်လည်နာလန်ထူမှုဆိုင်ရာ ရန်ပုံငွေများ၊ အလုပ်အကိုင်နှင့် လုပ်ခလစာဆိုင်ရာ စီမံချက်များ၊ ချေးငွေဆိုင်ရာ ဖြေလျှော့မှုများနှင့် အခွန် ဆိုင်ရာ သက်ညှာမှုများများနှင့်ပတ်သက်ပြီး စီစဉ်ပေးမည် ဖြစ်သည်။ အင်ဒိုနီးရှားအစိုးရသည် ချေးငွေဆိုင်ရာ ဖြေလျှော့မှုများ၊ ဖ လတာအခွန်သက်ညှာမှုနှင့် ငွေကြေးလွှဲပြောင်းမှုစသည်တို့မှတဆင့် အဆိုပါ အစီအစဉ်နှင့်ပတ်သက်ပြီး ဆောင်ရွက်ထားသည်။ ရေရှည်တည်တံ့မည့် ပြန်လည်နာလန်ထူလာနိုင် မှုအတွက် အကျပ်အတည်းဆိုင်ရာ ပံ့ပိုးမှုများနှင့် ပတ်သက်ပြီး အချိန်ကန့်သတ်မှု၊ ရည်ရွယ်ချက်ရှိမှု၊ ပွင့်လင်းမြင်သာမှုနှင့် ခွဲခြားဆက်ဆံခြင်းမရှိမှုတို့နှင့် အညီ လိုက်နာဆောင်ရွက်သင့်သည်။

အဆိုပါ ပံ့ပိုးမှုများကို COVID-19 ၏ ဆိုးရွားစွာ အကျိုးသက်ရောက်ခြင်းခံရမှု အရှိဆုံးဖြစ်သော အငယ်စားနှင့် အလတ်စားလုပ်ငန်းများအတွက် ရရှိ သင့်သည်။ ထို့ပြင် အစိုးရများသည် အလုပ်ခွင်တွင် COVID-19 ပျံ့နှံ့မှုမှ ကာကွယ်ပေးနိုင်မည့် ဆောင်ရွက်

ချက်များအတွက် WSME များနှင့်ပတ်သက်သည့် ရှင်းလင်းသော တောင်းဆိုချက်များနှင့် လမ်းညွှန်မှုများစီစဉ်ပေးရန် ပုဂ္ဂလိကကဏ္ဍဖြင့် ဆောင်ရွက်နိုင်သည်။

WSMEs များအား ပံ့ပိုးပေးသော အဖွဲ့အစည်းများအတွက် လက်တွေ့ကျသော အကြံပြုချက်များ

ကဏ္ဍ-၁-ငွေကြေးရရှိမှု

WSMEs များအတွက် ငွေကြေးရရှိမှုဆိုင်ရာ ကွာဟချက်များနှင့်ပတ်သက်ပြီး မီးမောင်းထိုးပြသခြင်းဖြင့် ပိုမိုမြင်သာမှုရှိနိုင်စေရန်ပြုလုပ်ပေးခြင်းနှင့် အများပြည်သူအတွက် အသိပညာတိုးတက်စေခြင်း

၁။ တည်ထောင်သူများအဖွဲ့တွင် အမျိုးသမီး CEO နှင့်/သို့မဟုတ် အနည်းဆုံးအမျိုးသမီးတစ်ဦးပါဝင်သော SMEs အရေးအတွက်

၂။ လုပ်ငန်းရင်းနှီးငွေဖြင့် မတည်ထားသော WSMEs အရေးအတွက်

၃။ ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီတစ်ခုတွင် ကန့်သတ်ထားသော မိတ်ဖက်များအဖြစ် ဆောင်ရွက်သော အမျိုးသမီးရင်းနှီးမြှုပ်နှံသူများ၊ ထောက်ပံ့ကြေးဆိုင်ရာ ကော်မတီများနှင့်/သို့မဟုတ် အမျိုးသမီးများ၏ အရေးအတွက်

ကဏ္ဍ-၂-သင်ကြားပြသမှု၊ ကွန်ရက်ချိတ်ဆက်ဆောင်ရွက်မှုနှင့် ကျွမ်းကျင်မှုများနှင့်ပတ်သက်သော အခွင့်အလမ်းများရရှိမှု

ပြည်တွင်းဘာသာစကားအသုံးပြုသော သင်တန်းများနှင့် ဆွေးနွေးမှုများမှတဆင့် ကျားမဆိုင်ရာ ပုံသေအတွေးအခေါ်များနှင့်ပတ်သက်ပြီး ဖြေရှင်းရန်နှင့် သမားရိုးကျမဟုတ်သော ကျွမ်းကျင်မှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများနှင့်ပတ်သက်ပြီး အားပေးရမည်ဖြစ်သည်။ နည်းပညာများသည် စီးပွားရေးလုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်ပြီး အသွင်ကူးပြောင်းပေးသည့်အတွက် တိုးတက်သော အတွေးအခေါ်များနှင့် ပြောင်းလဲမှုဆိုင်ရာ စီမံခန့်ခွဲမှုများမှာ WSMEs များရပ်တည်နိုင်ရန်အတွက် လိုအပ်သည်။

လက်ရှိသုတေသနတွင် ပါဝင်သော နိုင်ငံအများစုမှာ အမျိုးသမီးလုပ်ငန်းရှင်များကို ရည်ရွယ်သော သင်တန်းများနှင့် ဆွေးနွေးပွဲများနှင့်ပတ်သက်သော အခွင့်အလမ်းများကို ရရှိပြီးဖြစ်သော်လည်း အဆိုပါ အခွင့်အလမ်းများသည် ခွဲခြားဆက်ဆံမှုများနှင့်ပတ်သက်ပြီး ဖြေရှင်းပေးသော နည်းလမ်းကို အသုံးပြုကာ ကျွမ်းကျင်မှုများနှင့် ဗဟုသုတများ တိုးတက်ရရှိစေရန်အတွက် ပိုမိုဦးတည်ဆောင်ရွက်ရန် လိုအပ်သည်။

ကဏ္ဍ-၃- လုပ်ငန်းဖြစ်စဉ်များနှင့် စီမံခန့်ခွဲမှု

အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍများမှ စီစဉ်သော ပွဲများတွင် အချက်အလက်ဆိုင်ရာ သီးသန့်တည်ရှိမှုနှင့် လုံခြုံမှုတို့နှင့်ပတ်သက်သော တစ်ပြိုင်တည်းဖြစ်သော တိုးတက်မှုများကြောင့် ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုသော WSMEs များ၏ အောင်မြင်မှုများမှာ ရေပန်းစားလာသည်။ အောင်မြင်သော လုပ်ငန်းများသည် ဒစ်ဂျစ်တယ်နည်းပညာ အသုံးပြုရန် အခြား WSMEs များမှ အားကျစေရန် လက်ဆုပ်လက်ကိုင်ပြနိုင်သော ဥပမာများစီစဉ်ပေးသည်။ ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုပြီး အောင်မြင်လာသော WSMEs များသည် အွန်လိုင်းဆွေးနွေးပွဲများမှတဆင့် ဒစ်ဂျစ်တယ်နည်းပညာ အသုံးပြုစဖြစ်သော အခြား WSMEs များကို ၎င်းတို့၏ အတွေ့အကြုံများမျှဝေခြင်းဖြင့် အားကျအတုယူနိုင်စေရန် ဆောင်ရွက်နိုင်မည် ဖြစ်သည်။

ကဏ္ဍ-၄-အကျပ်အတည်းဆိုင်ရာ စီမံခန့်ခွဲမှု (COVID-19)

WSMEs များအနေဖြင့် အကျပ်အတည်းများနှင့်ပတ်သက်ပြီး မဟာဗျူဟာမြောက်စွာ ပြင်ဆင်ရန် အလို့ငှာ အခြားအတွေ့အကြုံရှိသော လုပ်ငန်းရှင်များနှင့် သင်ကြားပြသသူများ၏ အတွေ့အကြုံများထံမှ သင်ယူနိုင်ရန်အတွက် လုပ်ငန်းဆိုင်ရာ အသိုက်အဝန်းများနှင့် အဖွဲ့အစည်းများတွင် ပါဝင်မှုဆိုင်ရာ အကျိုးကျေးဇူးများကို တိုးမြှင့်ပေးရမည် ဖြစ်သည်။ လုပ်ငန်းဆိုင်ရာ အသိုက်အဝန်းများနှင့် အဖွဲ့အစည်းများသည် ဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာ ကွန်ရက်ချိတ်ဆက်မှု၊ ကျွမ်းကျင်မှုများတည်ဆောက်ခြင်းနှင့် သင်ကြားပြသမှုဆိုင်ရာ အခွင့်အလမ်းများကို ပိုမိုစီစဉ်ပေးနိုင်သည်။

ယခုကဏ္ဍသည် ပုဂ္ဂလိကနှင့် အစိုးရကဏ္ဍများအတွက် အရေးကြီးသော နယ်ပယ်တစ်ရပ်ဖြစ်လာမည်ဖြစ်သောကြောင့် ဒစ်ဂျစ်တယ်နည်းပညာသည် အကျပ်အတည်းကာလအလွန် ပတ်ဝန်းကျင်တွင် တိုးတက်လာမည် ဖြစ်သည်။ ထို့ပြင် သက်ဆိုင်ရာ

နယ်ပယ်များတွင် အရည်အသွေးမီပညာရှင်များမှ စီစဉ်ပေးထားသော နှစ်သိမ့်ဆွေးနွေးမှုနှင့် သင်ကြားမှုဆိုင်ရာ အခွင့်အလမ်းများနှင့်ပတ်သက်ပြီး လုပ်ငန်းအစီအစဉ်များ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် မမျှော်လင့်ထားသော ပြောင်းလဲမှုများအတွက် ပြင်ဆင်ထားရန် လိုအပ်သည်။

ထိုအကြံပြုချက်များကို အကျိုးထိရောက်မှု ရှိစေရန်အတွက် နိုင်ငံအတွင်း အစိုးရ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍမှ ပါဝင်ပတ်သက်သူများအကြား ပိုမိုကြီးမားသော ပူးပေါင်းဆောင်ရွက်မှုရှိရန် လိုအပ်သည်။ ချက်ချင်း၊ အချိန်တို၊ ကာလရှည်ဆိုင်ရာ အကြံပြုချက်များအကြား သိသာထင်ရှားမှုတစ်ရပ်ရှိရန် လိုအပ်ပြီး အကျပ်အတည်းကာလအလွန် နေထိုင်မှုပုံစံအသစ်တွင် ဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာ ပတ်ဝန်းကျင်နှင့်ပတ်သက်သော အမြင်ရှိရန်လည်း လိုအပ်သည်။.

WSMEs များအကြား ဒစ်ဂျစ်တယ်နည်းပညာကို တိုးမြှင့်ပံ့ပိုးပေးသော pan ASEAN အဖွဲ့အစည်းသည် နိုင်ငံတော်အစိုးရများ၏ အစီအစဉ်နှင့်ပတ်သက်ပြီး မြှင့်တင်ပေးသင့်သည်။ NGOs များနှင့် အဖွဲ့အစည်းများသည် ကွဲပြားသော WSMEs များအတွက် ပံ့ပိုးမှုများ စီစဉ်ပေးမည် ဖြစ်သည်။

Pan regional level တွင် Konrad-Adenauer-Stiftung (KAS) ကဲ့သို့သော အတွေးအခေါ်ပညာရှင်များအဖွဲ့အစည်းနှင့် Woomentum ကဲ့သို့သော အမျိုးသမီးများပါဝင်သော လုပ်ငန်းအသိုက်အဝန်းဆိုင်ရာ ဆောင်ရွက်သူများသည် အရှေ့တောင်အာရှ၏ WSMEs များအကြား ဒစ်ဂျစ်တယ်နည်းပညာ တိုးမြှင့်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ASEAN SME Agencies Working Group (SMEWG)၊ the ASEAN Confederation of Women's Organisations (ACWO) သို့မဟုတ် United Nation (UN) Women ကဲ့သို့သော အခြားအဖွဲ့အစည်းများနှင့် မိတ်ဖက်ဆောင်ရွက်နိုင်သည်။

SME ကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု ၂၀၁၆-၂၀၂၅ အတွက် SMEWG’s ASEAN Strategic Action Plan ကဲ့သို့သော တည်ရှိပြီးဖြစ်သည့်အစီအစဉ်များမှတဆင့် ဖြစ်စေ သို့မဟုတ် ကနဦးဆောင်ရွက်မှုအသစ်များကို အကောင်အထည်ဖော်ခြင်းဖြင့်ဖြစ်စေ ပူးပေါင်းဆောင်ရွက်မှုသည် အရှေ့တောင်အာရှ၏ WSMEs များနှင့်ပတ်သက်သော လုပ်ငန်းကွန်ရက်ချဲ့ထွင်မှုအတွက် အရေးကြီးသောကြောင့် လိုအပ်သော မရှိမဖြစ်အရေးကြီးသည့် ပံ့ပိုးမှုများနှင့်ပတ်သက်ပြီး စီစဉ်ပေးထားသည်။

၁.၆။ နိဂုံး

ယခုမိတ်ဆက်အခန်းသည် အလုံးစုံဖြစ်သော အစီရင်ခံစာအတွက် အခြေခံအုတ်မြစ်ဖြစ်ပြီး အဓိကရှာဖွေတွေ့ရှိမှုများနှင့်ပတ်သက်သော သုံးသပ်မှုတစ်ရပ်ကို စီစဉ်ပေးထားကာ ကွဲပြားသော နိုင်ငံများ၏ အစီရင်ခံစာများမှ ပေါ်ပေါက်လာသော အကြံပြုချက်များကို ပေါင်းစည်းပေးထားသည်။ ယခုအခန်းသည် အင်ဒိုနီးရှား၊ မြန်မာ၊ မလေးရှားနှင့် ကမ္ဘောဒီးယားရှိ WSMEs များအတွက် ဒစ်ဂျစ်တယ်နည်းပညာမှာ COVID-19 အတွင်း သိသာထင်ရှားစွာ ပေါ်ပေါက်လာသော်လည်း ရေရှည်တည်တံ့ရန်နှင့် တိုးတက်ရန်တို့နှင့်ပတ်သက်ပြီး WSMEs အများအပြားအတွက် စိန်ခေါ်မှုများရှိနေဆဲပင် ဖြစ်ကြောင်း နိဂုံးချုပ်ထားသည်။

ဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာ အဖြေရှာမှုနည်းလမ်းများသည် ကြာရှည်စွာ လက်ခံထားခဲ့သော လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ခွဲခြားဆက်ဆံမှုများဖြင့် အချိန်နှင့် ရွေ့ပြောင်းမှုတို့နှင့်ပတ်သက်သော စိန်ခေါ်မှုများကို ရင်ဆိုင်ရာတွင် အမျိုးသမီးလုပ်ငန်းရှင်များအား ကူညီပေးနိုင်သည်။ အမျိုးသမီးလုပ်ငန်းရှင်များသည် လုပ်ငန်းတိုးတက်မှုများနှင့်ပတ်သက်ပြီး ဆောင်ရွက်ရာတွင် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ပြဿနာများ၊ သတင်းအချက်အလက်များနှင့် ငွေကြေးရရှိမှုတို့နှင့်ပတ်သက်သော စိန်ခေါ်မှုများကို ပိုမိုရင်ဆိုင်ရနိုင်သည်။

အောက်ပါအခန်းများသည် အင်ဒိုနီးရှား၊ မြန်မာ၊ မလေးရှားနှင့် ကမ္ဘောဒီးယားရှိ အမျိုးသမီးလုပ်ငန်းရှင်များ ရင်ဆိုင်နေရသော အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများနှင့်ပတ်သက်သော အသေးစိတ် လေ့လာဆန်းစစ်မှုများကို စီစဉ်ပေးထားသည်။

အထူးသဖြင့် အခန်း-၂ (အင်ဒိုနီးရှား)သည် အမျိုးသမီးလုပ်ငန်းရှင်များမှ ရင်ဆိုင်နေရသော ကျားမအခြေခံ ပြဿနာများကို အသေးစိတ်ဖော်ပြထားသည်။ ထို့ပြင် ဒစ်ဂျစ်တယ်နည်းပညာကို မည်မျှအတိုင်းအတာအထိ အသုံးပြုထားကြောင်းနှင့် လုပ်ငန်းရှင်များမှ စိန်ခေါ်မှုမည်မျှကို ကျော်လွှားပြီးဖြစ်ကြောင်းတို့အကြား ဆက်နွှယ်မှုအပါအဝင် ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုမှုနှင့်ပတ်သက်သော စိတ်အားထက်သန်မှုများကို ဖော်ပြထားသည်။ အခန်း-၃ (မြန်မာ)သည် ကျားမရေးရာနှင့် ဒစ်ဂျစ်တယ်နည်းပညာအကြားဆက်သွယ်မှုများနှင့် နိုင်ငံများနှင့်ပတ်သက်သော စိတ်ဝင်စားဖွယ်အချက်များနှင့်ပတ်သက်ပြီး ဖော်ပြထားသည်။

Customer များ၏ ဝယ်လိုအားနှင့် လုပ်သားအင်အားများ၏ ဒစ်ဂျစ်တယ်နည်းပညာနှင့်ပတ်သက်သော အဆင်သင့်ဖြစ်မှုသည် ဒစ်ဂျစ်တယ်နည်းပညာ အသုံးပြုရန်အတွက် အရေးကြီးသော ဆုံးဖြတ်ချက်ဖြစ်ကြောင်း ဖော်ပြထားသည့်အတွက် ကျားမရေးရာသည် အတားအဆီးမဟုတ်ပေ။ အခန်း-၄ (မလေးရှား)သည် အမျိုးသမီးလုပ်ငန်းရှင်များအကြား လွှမ်းမိုးထားသော ယဉ်ကျေးမှုနှင့် အတွေးအခေါ်ဆိုင်ရာ ပြဿနာများနှင့် ပတ်သက်ပြီး လူမှုအသိုက်အဝန်းနှင့်/သို့မဟုတ် ပညာရေးစနစ်များမှ တာဝန်ရှိကြောင်း ဖော်ပြထားသည်။

ဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာ သိသာထင်ရှားသော အကျိုးကျေးဇူးများ၊ အသိပညာဗဟုသုတများ၊ ဒစ်ဂျစ်တယ်စာပေဆိုင်ရာ ကျွမ်းကျင်မှုများစသည်တို့နှင့်ပတ်သက်သော အခွင့်အလမ်းများသည် အဓိကစိန်ခေါ်မှုများဖြစ်ကြောင်း အစီရင်ခံထားသော်လည်း နောက်ဆုံး အခန်း-၅(ကမ္ဘောဒီးယား)သည် COVID-19 မတိုင်မီ ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုမှုကို ထိပ်တန်းဦးစားပေးမှုတစ်ရပ်အဖြစ် ထည့်သွင်းစဉ်းစားထားခြင်းမရှိမှုနှင့် ပတ်သက်ပြီး ရှင်းပြထားသည်။

၁.၇။ Endnotes

1. ASEAN is an intergovernmental organization aimed primarily at promoting economic growth and regional stability among its members. There are currently 10 member states: Indonesia, Malaysia, Philippines, Singapore, Thailand, Brunei, Laos, Myanmar, Cambodia and Vietnam.

2. Hoppe, F., T. May & J. Lin (2018), *Advancing Towards ASEAN Digital Integration: Empowering SMEs to Build ASEAN's Digital Future* [PDF File], Bain & Company, Boston. https://www.bain.com/

3. Stolterman, E. & Fors, A.C. (2004). Information technology and the good life. *In Information Systems Research;* Springer: New York, NY, USA, pp. 689.

4. Xavier, S.R., Sidin, S.M., Guelich, U., & Nawangpalupi, C. (2016). *ASEAN regional Entrepreneurship Report 2015/2016: ASEAN Entrepreneurship: The Context, Impact and Opportunities for Women Entrepreneurs and Startups; Key Pivots for Growth and Sustainability.* Global Entrepreneurship Monitor, Special Topic Reports.

5. Organization for Economic Co-operation and Development [OECD]. (2017). *Strengthening Women's Entrepreneurship in ASEAN: Towards increasing women's participation in economic activity* [PDF File]. https://www.oecd.org/southeast-asia/regional-programme/Strengthening_Womens_Entrepreneurship_ASEAN.pdf

6. The Asia Foundation & Asia Pacific Economic Cooperation [APEC]. (2013). *Access to Trade and Growth of Women's SMEs in APEC Developing Economies: Evaluating Business Environments in Malaysia, Philippines, Thailand.* San Francisco: The Asia Foundation.

7. World Bank (2011). *World Development Report 2012: Gender Equality and Development* [Report]. Washington, DC: World Bank.

8. McKinsey Global Institute. (2018). *The power of parity: Advancing women's equality in Asia Pacific* [PDF File]. https://www.mckinsey.com/featured-insights/gender-equality/the-powerof-parity-advancing-womens-equality-in-asia-pacific.

9. United Nations Economic and Social Commission for Asia and the Pacific [UNESCAP]. (2020, July). *Policy Brief: The Impact of COVID-19 on South-East Asia* [PDF File]. https://www.unescap.org/sites/default/d8files/2020-07/SG-Policy-brief-COVID-19-and-South-East-Asia-30-July-2020.pdf

10. International labor Organization and Asian Development Bank. (2020, August). *Tackling the COVID-19 youth employment crisis in Asia and the Pacific* [PDF File]. https://www.ilo.org/wcmsp5/groups/public/---asia/---ro-bangkok/documents/publication/wcms_753369.pdf

11. Women Entrepreneurs Finance Initiative [We-Fi]. (2020). *Research and Data on the Impact of the coronavirus on women-led SMEs* [Online Article]. Retrieved on Oct 30, 2020 from: https://we-fi.org/research-and-data-on-the-impact-of-the-coronavirus-on-women-led-smes/

12. UNESCAP. (2020, September 15). *Fostering an enabling environment for women entrepreneurs in Asia and the Pacific* [PDF File]. https://www.unescap.org/sites/default/files/Session2_Sudha_Gooty.pdf

13. Details of the WSME categorization are provided in chapter 2, 3, 4, and 5.

14. Emily, H., Mondher, F. & Imed, B. (2015). The shape of digital transformation: a systematic literature review, *Ninth Mediterranean Conference on Information Systems* (MCIS), Samos, Greece, pp. 431-443.

15. Rossato, C., & Castellani, P. (2020). The contribution of digitalisation to business longevity from a competitiveness perspective, *The TQM Journal*, 32(4), 617-645.

16. Mochkabadi, K., & Volkmann, C. K. (2020). Equity crowdfunding: a systematic review of the literature. *Small Business Economics,* 54(1), 75-118. https://doi.org/10.1007/s11187-018-0081-x

17. Eldridge, D., Nisar, T.M. & Torchia. M. (2019). What impact does equity crowdfunding have on SME innovation and growth? An empirical study. *Small Business Economics.* https://doi.org/10.1007/s11187-019-00210-4 .

18. Estrin, S., Gozman, D., & Khavul, S. (2018). The evolution and adoption of equity crowdfunding: entrepreneur and investor entry into a new market. *Small Business Economics,* 51, 425–439. https://doi.org/10.1007/s11187-018-0009-5

19. Bachmann, A., Becker, A., Buerckner, D., Hilker, M., Kock, F., Lehmann, M., Tiburtius, P. & Funk, B. (2011). Online peer-to-peer lending-a literature review. *Journal of Internet Banking and Commerce,* 16(2), 1.

20. Otoritas Jasa Keuangan [OJK]. (2018, December 31). *Peraturan Otoritas Jasa Keuangan Nomor 37/POJK.04/2018 tentang Layanan Urun Dana Melalui Penawaran Saham Berbasis Teknologi Informasi (Equity Crowdfunding)* [PDF File].

21. OJK. (2016, December 29). *Peraturan Otoritas Jasa Keuangan Nomor 7/POJK.01/2016 tentang Layanan Pinjam Meminjam Uang Berbasis Teknologi Informasi* [PDF File]. https://www.ojk.go.id/id/regulasi/otoritas-jasa-keuangan/peraturan-ojk/Documents/Pages/POJK-Nomor-77-POJK.01-2016/SAL%20-%20POJK%20Fintech.pdf

22. Loo, C. H. (2018). Crowdfunding: Issues pertaining to financial reporting and assurance in Malaysia, *Journal of Wealth Management & Financial Planning*, 5, 17-24. Malaysian Financial Planning Council. https://mfpc.org.my/wp-content/uploads/images/JWMFP/2018/OriginalResearchCrowdfunding.pdf

23. Agyemang, E. O., & Haggerty, K. P. (2020). *Best practices for virtual mentoring: Six key findings from a literature review* [PDF File]. University of Washington, School of Social Work. https://pttcnetwork.org/sites/default/files/2020-07/R10%20PTTC%20Best%20Practices%20in%20Virtual%20Mentoring_7.2020

24. Gegenfurtner, A., Schwab, N., & Ebner, C. (2018). "There's No Need to Drive from A to B". Bavarian Journal of Applied Sciences, 4, 310-322.

25. Jansen, R. S., van Leeuwen, A., Janssen, J., Conijn, R., & Kester, L. (2020). Supporting learners' self-regulated learning in Massive Open Online Courses. *Computers & Education,* 146, 103771.

26. Dowling-Hetherington, L., Glowatz, M., McDonald, E., & Dempsey, A. (2020). Business students' experiences of technology tools and applications in higher education. *International Journal of Training and Development*, 24(1), 22-39.

27. Torrau, S. (2020). Exploring Teaching and Learning about the Corona Crisis in Social Studies Webinars: A Case Study. *Journal of Social Science Education,* 19, 15-29.

28. Kleftodimos, A., Lappas, G., & Evangelidis, G. (2020). Edutainment and practice in video-based learning: enriching educational videos with interactive activities and games. *International Journal of Entertainment Technology and Management,* 1(1), 5-33.

29. OECD. (2019). *OECD SME and entrepreneurship outlook 2019*. OECD Publishing, Paris, https://doi.org/10.1787/34907e9c-en.

30. Kergroach, S. (2020). Giving momentum to SME digitalization. *Journal of the International Council for Small Business,* 1(1), 28-31.

31. National Bank of Cambodia. (2020). *Background of payment systems* [Website]. Retrieved November 2, 2020 from: https://www.nbc.org.kh/english/payment_systems/background_of_payment_systems.php

32. Pazarbasioglu, C., Mora, A. G., Uttamchandani, M., Natarajan, H., Feyen, E., & Saal, M. (2020). *Digital Financial Services* [PDF File]. World Bank Group. http://pubdocs.worldbank.org/en/230281588169110691/Digital-Financial-Services.pdf

33. Webb, J. (2020, July 31). *Legal Technology: The Great Disruption?*. University of Melbourne Legal Studies Research Paper No. 897.

34. More information about the intensity of digital adoption amongst WSME participants are provided in Chapter 2, 3, 4, and 5.

35. One of the leading global indices on the application and utilization of information and communication technology (ICT). See Portulans Institute (2019). The Network Readiness Index 2019 [PDF File]. Washington D.C., USA. Retrieved Oct 4, 2020 from: https://networkreadinessindex.org/wp-content/uploads/2020/03/The-Network-Readiness-Index-2019-New-version-March-2020-2.pdf

36. World Bank Group. (2018). Malaysia's Digital Economy, A New Driver of Development. Washington, DC: World Bank. License: Creative Commons Attribution CC BY 3.0 IGO.

37. Ayman, F. M. (2020, January 28). *Indonesia's Palapa Ring: Bringing Connectivity to the Archipelago, Datareportal* [Online article]. Retrieved Sep 13, 2020 from: https://www.aseanbriefing.com/news/indonesias-palapa-ring-bringing-connectivity-archipelago/

38. Telkom Indonesia. (2020). *TELKOM's Strategy and Innovation to Build Indonesia Digital Economy* [PDF File]. http://www.wantiknas.go.id/wantiknas-storage/file/img/materi/2020/Januari/28%20Jan%202020%20-%20FGD%20Arah%20Strategi%20Transformasi%20Digital%20di%20Indonesia%20-%20Aryaduta%20Jakarta/Joddy%20Hernady-Telkom-TELKOMs%20Strategy%20and%20Innovation.pdf

39. Banga, K. & Velde, D. W. (2020, July). Cambodia, *COVID-19 and inclusive digital transformation: a seven-point plan* [PDF File]. Supporting Economic Transformation [SET]. https://set.odi.org/wp-content/uploads/2020/07/covid-19-_cambodia_July-2020-Final.pdf

40. Kemp. S. (2020). *Digital 2020, DATAREPORTAL* [Website]. Retrieved Sep 21, 2020 from: https://datareportal.com/reports/digital-2020-myanmar

41. Kergroach, S. (2020). *Giving momentum to SME digitalization*. Journal of the International Council for Small Business, 1(1), 28-31.

42. KAS commissioned Woomentum to conduct this study.

၂။

အင်ဒိုနီးရှားနိုင်ငံနှင့် ပတ်သက်သာလေ့လာမှု

၂.၁။အကျဉ်းချုပ်ဖော်ပြချက်

ယခုသုတေသနသည် အင်ဒိုနီးရှားနိုင်ငံရှိ အမျိုးသမီးများပိုင်ဆိုင်သည့် အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများအား ဒစ်ဂျစ်တယ်နည်းပညာဖြင့် ပံ့ပိုးပေးရန်အတွက် လက်ရှိအခွင့်အလမ်းများနှင့် နောင်လာမည့် အခွင့်အလမ်းများနှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးရန် ရည်ရွယ်သည်။ ထို့ပြင် ဂျေဟစနစ်တွင် ပါဝင်ပတ်သက် သူများအားလုံးအတွက် ဒစ်ဂျစ်တယ်နည်းပညာ လက်ခံကျင့်သုံးမှုနှင့်ပတ်သက်သော စိန်ခေါ်မှုများကို လျှော့ချ နိုင်ရန်အတွက် အကြံပြုချက်များကိုလည်း စီစဉ်ပေးထားသည်။ လေ့လာဆန်းစစ်မှုဆိုင်ရာ နည်းလမ်းများတွင် အောက်ပါနည်းလမ်းများ ပါဝင်သည်။ ၁) အများပြည်သူများအနေဖြင့် ရရှိနိုင်သော အချက်အလက်များနှင့် ပတ်သက်ပြီး သုံးသပ်ခြင်း ၂) အမျိုးသမီးပိုင် စီးပွားရေးလုပ်ငန်း (၂၆)ခုနှင့် ဂျေဟစနစ်တို့နှင့်ပတ်သက်သော ကျွမ်းကျင်သူပညာရှင်များဖြင့် တွေ့ဆုံမေးမြန်းမှုများ ဆောင်ရွက်ခြင်း ၃) ပဏာမရှာ ဖွေတွေ့ရှိမှုများနှင့် ပတ်သက်ပြီး ဆွေးနွေးခြင်းနှင့် အရေးကြီးသော ပါဝင်ပတ်သက်သူ(၇)ဦးဖြင့် အကြံပြုချက်များကို ပူးတွဲ ဖန်တီးခြင်း အချက်အလက်များဆိုင်ရာ လေ့လာဆန်းစစ်မှု၏ ရလဒ်များကို အောက်ဖော်ပြပါ အရေးကြီးသော ကဏ္ဍနှင့်ပတ်သက်သည့် မူဘောင်(၄)ရပ်ဖြင့် ဖွဲ့စည်းထားသည်။

ကဏ္ဍ-၁-ချေးငွေရရှိမှု-WSME အများစုသည် အတွင်းပိုင်းမှ ချေးငွေရယူတတ်ကြပြီး အချို့မှာမူ ဘဏ်မှ ချေးငွေရယူခြင်းနှင့် ပုဂ္ဂလိကရှယ်ယာတန်ဖိုးများမှ ချေးငွေရယူခြင်းတို့ကဲ့သို့သော ပြင်ပမှ ချေးငွေရယူတတ် ကြသည်။ ချေးငွေရယူမှုနည်းလမ်းများတွင် ဒစ်ဂျစ်တယ်နည်းပညာ လက်ခံကျင့်သုံးမှုနှုန်း နိမ့်ပါးနေကြောင်း ရှာဖွေတွေ့ရှိရသည်။ အကြောင်းမှာ မိမိတို့နှင့် ရင်းနှီးကျွမ်းဝင်မှုရှိပြီး ပိုမိုစိတ်ချရသည့် ငွေကြေးနှင့်ပတ်သက် သော ရွေးချယ်မှုများကိုသာ ဆက်လက်ဆောင်ရွက်လိုကြပြီး စွန့်စားမှုမပြုလုပ်လိုကြသောကြောင့် ဖြစ်သည်။

ကဏ္ဍ-၂-သင်ကြားပြသမှု-ကွန်ရက်ချိတ်ဆက်ဆောင်ရွက်မှုနှင့် ကျွမ်းကျင်မှုများနှင့်ပတ်သက်သော အခွင့်အလမ်းများ ရရှိမှု-WSME လုပ်ငန်းရှင်များအားလုံးသည် မိမိတို့၏ ကျွမ်းကျင်မှုအရည်အချင်းများနှင့် သိမြင်ကြားသိမှုဗဟုသုတများ ပြည့်စုံမှုရှိပြီး ရေရှည်တည်တံ့နိုင်ရန်အတွက် မျက်နှာချင်းဆိုင်တွေ့ဆုံဆွေးနွေး မှုများနှင့် သင်ကြားပြသပေးသူများဖြင့် ရေရှည်တွေ့ဆုံမှုများနှင့်ပတ်သက်သော လိုအပ်ချက်များကို ဖော်ပြခဲ့ ကြသည်။ အွန်လိုင်းမှတဆင့် ကွန်ရက်ချိတ်ဆက်ဆောင်ရွက်ခြင်းနှင့် သင်ကြားမှုများပြုလုပ်ခြင်းတို့သည် ဆက်သွယ်ဆောင်ရွက်မှုဆိုင်ရာ ကန့်သတ်ချက်များနှင့် အင်တာနက်ချိတ်ဆက်မှု ပြတ်တောင်းကြန့်ကြာမှုများ နှင့်ပတ်သက်သော ပြဿနာများ ရှိတတ်သော်လည်း ၎င်းတို့မှတဆင့် အခွင့်အလမ်းများကို ရှာဖွေနိုင်သည်။

ကဏ္ဍ-၃-လုပ်ငန်းဆိုင်ရာ ဖြစ်စဉ်များနှင့် စီမံခန့်ခွဲမှုများ-လုပ်ငန်းဖြစ်စဉ်များအတွက် ဒစ်ဂျစ်တယ်နည်းပညာ လက်ခံကျင့်သုံးမှု-နည်းပညာအသုံးပြုမှုသည် SE လုပ်ငန်းရှင်များထက် ME လုပ်ငန်းရှင်များတွင် ပိုမိုစိတ်အား ထက်သန်မှုများရှိကြောင်း တွေ့ရှိရသည်။ ရှာဖွေတွေ့ရှိမှုများမှ ဖော်ပြထားသည်မှာ လုပ်ငန်းရှင်များ၏ စိတ်ဓါတ် လှုံ့ဆော်မှုသည် ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုမှုအပါအဝင် လုပ်ငန်းရှင်များ၏ လုပ်ငန်းနှင့်ပတ်သက်ပြီး လိုက်လျောညီထွေဖြစ်မှုတို့အပေါ်တွင် လွှမ်းမိုးမှုရှိသည်ဟု ဖော်ပြထားသည်။

ကဏ္ဍ-၄-ကပ်ဆိုက်ကာလဆိုင်ရာ စီမံခန့်ခွဲမှု(COVID-19)-လုပ်ငန်းရှင်များအကြား ဒစ်ဂျစ်တယ်နည်းပညာ အသုံးပြုခြင်း- နည်းပညာအသုံးပြုမှုသည် COVID-19 ကာလအတွင်း ရှင်သန်ရပ်တည်နိုင်ရန်အတွက် ကူညီပေး နိုင်သည်။ သို့ရာတွင် ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုခြင်း၏ အခန်းကဏ္ဍသည် လုပ်ငန်းများလည်ပတ်နိုင်ရန် အတွက်သာ ဖြစ်ပြီး အခြေအနေကို အသင့်တော်ဆုံးဖြစ်စေရန် အခွင့်အလမ်းများကို ဖွင့်ပေးနိုင်ခြင်း မရှိ သေးကြောင်း ရှာဖွေတွေ့ရှိမှုများမှ ဖော်ပြထားသည်။

ကျွမ်းကျင်သူပညာရှင်များသည် ရှာဖွေတွေ့ရှိမှုများနှင့်ပတ်သက်ပြီး ဆွေးနွေးမှုများပြုလုပ်သွားမည်ဖြစ်ကာ အောက်ပါတို့ပါဝင်သော အကြံပြုချက်များကို စီစဉ်ပေးရန်အတွက်လည်း လေ့လာဆန်းစစ်မှုများကို ပြုလုပ် သွားမည် ဖြစ်သည်။

၁။ လုပ်ငန်းဖြစ်စဉ်များနှင့်ပတ်သက်ပြီး အဆင်ပြေလွယ်ကူစေရန်နှင့် ချေးငွေများရရှိစေရန်တို့အတွက် အစိုးရမှ ထုတ်ပြန်ထားသော စည်းမျဉ်းစည်းကမ်းများအား လိုက်နာနိုင်ရန် WSMEs များကို အားပေးရမည်။ အစိုးရသည် ဖြစ်စဉ်များကို ပိုမိုပွင့်လင်းမြင်သာမှုရှိပြီး အကျိုးထိရောက်မှုရှိစေရန်အတွက် ဒစ်ဂျစ်တယ်နည်းပညာကို ပေါင်းစပ်အသုံးပြုစေမည် ဖြစ်သည်။ ပုဂ္ဂလိကအခန်းကဏ္ဍ အထူးသဖြင့် လုပ်ငန်းအဖွဲ့အစည်းများတွင် ပါဝင်သော အမျိုးသမီးများ၊ ဒစ်ဂျစ်တယ်နည်းပညာ အသွင်ကူးပြောင်းနိုင်စေရန် ဆောင်ရွက်ပေးသူများနှင့် ဂေဟစနစ်တွင် ပါဝင်သော လုပ်ငန်းရှင်များသည် စည်းမျဉ်းစည်းကမ်းများကို လိုက်နာခြင်းကြောင့် ရရှိလာမည့် အကျိုးအမြတ်များနှင့်ပတ်သက်ပြီး တိုးမြှင့်ပေးနိုင်သည်။

၂။ WSMEs များ၏ စွမ်းဆောင်ရည်များနှင့်ပတ်သက်ပြီး ဖွံ့ဖြိုးတိုးတက်စေရန် ဆက်လက်ဆောင်ရွက်ပေးခြင်းဖြင့် ၎င်းတို့၏ လုပ်ငန်းများနှင့်ပတ်သက်ပြီး စီမံခန့်ခွဲနိုင်သည်။ အစိုးရသည် အရည်အသွေးဆိုင်ရာ သင်တန်းများနှင့်ပတ်သက်ပြီး ပံ့ပိုးပေးနိုင်ရန်အတွက် အစိုးရ-ပုဂ္ဂလိကမိတ်ဖက်အဖွဲ့အစည်းများကို ဖြစ်ပေါ်စေခြင်းဖြင့် တိုးတက်စေရန် ကူညီနိုင်သည်။ ထိုသင်တန်းများကို နည်းပညာပေါင်းစပ်ပြီး ဆောင်ရွက်မည်ဖြစ်ကာ ၎င်းတို့ကိုယ်တိုင်အတွက် သို့မဟုတ် ၎င်းတို့၏ အလုပ်သမားဝန်ထမ်းများအတွက် သို့မဟုတ် လုပ်ငန်းများ ပိုင်ဆိုင်သော အမျိုးသမီးများအတွက် ရည်ရွယ်သည်။ ဒစ်ဂျစ်တယ်နည်းပညာ ပေါင်းစပ်အသုံးပြုခြင်းနှင့်ပတ်သက်သော သံသယဖြစ်မှုများနှင့် စိုးရိမ်ကြောက်ရွံ့မှုများကို ပယ်ဖျက်နိုင်ရန်အတွက် ကူညီနိုင်သောနည်းလမ်းတစ်ရပ်မှာ ထိုနည်းပညာကို အသုံးပြုခြင်းဖြင့် အောင်မြင်လာသော WSMEs များ၏ အောင်မြင်မှုများကို ဖော်ထုတ်ပေးပြီး ၎င်းတို့ကို အတုယူကာ စိတ်ဓါတ်လှုံ့ဆော်မှုရယူစေနိုင်ရန် ဖြစ်သည်။

၃။ အနာဂတ်အတွက် ကြိုတင်မျှော်မှန်းပြီး ဘေးအန္တရာယ်များနှင့် အခက်အခဲများဆိုင်ရာ စီမံခန့်ခွဲမှုများကို ဆောင်ရွက်ထားရမည် ဖြစ်သည်။ အစိုးရသည် ရှိနေပြီးသော ချေးငွေဆိုင်ရာ ဖြေလျှော့မှုများ၊ အခွန်ဆိုင်ရာ လျှော့ပေါ့မှုများ၊ WSMEs များအတွက် ထောက်ပံ့ငွေများနှင့်ပတ်သက်ပြီး တိုးမြှင့်ပေးမှုများဖြင့် ၎င်းကို ကျော်လွှားရန်အတွက် ကူညီနိုင်သည်။ အစိုးရသည် အကျပ်အတည်းကာလအတွင်း ကုမ္ပဏီများ၏ သက်တမ်းတိုးရန်အတွက် ကူညီနိုင်ရန် ချေးငွေဆိုင်ရာ ဖြေလျှော့မှုများ၊ အခွန်ဆိုင်ရာ လျှော့ပေါ့မှုများ၊ WSMEs လက်အောက်ခံလုပ်ငန်းများနှင့် အသေးစားလုပ်ငန်းများနှင့်ပတ်သက်ပြီး တိုးမြှင့်ပေးမှုများကို ဆောင်ရွက်နိုင်သည်။ ဘေးအန္တရာယ်နှင့် အခက်အခဲများဆိုင်ရာ စီမံခန့်ခွဲမှုနှင့်ပတ်သက်သော မဟာဗျူဟာများဆိုင်ရာ သိမြင်ကြားသိမှုဗဟုသုတများကို မျှဝေနိုင်ရန် (ဖြစ်နိုင်ပါက)အမျိုးသမီးများ ပိုင်ဆိုင်သော လုပ်ငန်းများနှင့် လုပ်ငန်းဆိုင်ရာ အဖွဲ့အစည်းများတွင် ပါဝင်ရန် WSMEs များကို ထပ်မံပံ့ပိုး ကူညီရမည် ဖြစ်သည်။

၄။ အချက်အလက်နှင့် လုံခြုံရေးဆိုင်ရာ အသိပညာများကို တိုးမြှင့်ပေးရမည် ဖြစ်သည်။ အစိုးရသည် အီလက်ထရောနစ်ဆိုင်ရာ စနစ်များနှင့်ပတ်သက်သော လုပ်ငန်းများနှင့် လုပ်ငန်းဆိုင်ရာ ဥပဒေများနှင့်ပတ်သက်ပြီး စောင့်ကြည့်ခြင်းနှင့် ပြဋ္ဌာန်းခြင်းတို့တွင် ပိုမိုခိုင်မာလာမည် ဖြစ်သည်။ WSME နှင့်ပတ်သက်သော သင်ကြားပြသသူများနှင့် လေ့ကျင့်ပေးသူများသည် WSME များအနေဖြင့် လုပ်ငန်းများနှင့် customer များကို ကာကွယ်ပေးရန် လုံလောက်သော ဗဟုသုတများဖြင့် အချက်အလက်ဆိုင်ရာ သီးသန့်တည်ရှိမှုနှင့် လုံခြုံရေးဆိုင်ရာ ပြဿနာများကို ဒစ်ဂျစ်တယ်စာပေဆိုင်ရာ လေ့ကျင့်သင်ကြားမှုအတွင်းသို့ ပေါင်းစည်းပေးခြင်းဖြင့် ပြဿနာအတွက် ကွဲပြားခြားနားသော ချဉ်းကပ်မှုနည်းလမ်းတစ်ရပ်ကို ယူဆောင်လာနိုင်သည်။

အနာဂတ်တွင် ပြုလုပ်မည့်သုတေသနအား ပိုမိုနက်နဲကျယ်ပြန့်စေခြင်းသည် WSMEs များအကြား အမျိုးသမီးများအနေဖြင့် တွေ့ကြုံနိုင်သော ကျားမဆိုင်ရာ စိန်ခေါ်မှုများနှင့်ပတ်သက်သည့် အရေးကြီးသော သတင်းအချက်အလက်များကို ပိုမိုသိရှိနားလည်စေနိုင်မည် ဖြစ်သည်။

၂.၂။ နိုင်ငံ၏နောက်ခံအခြေအနေ

ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုခြင်းနှင့် စီးပွားရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု
အင်ဒိုနီးရှားနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုမှုများကြောင့် ငြင်းဆိုနိုင်ဖွယ်မရှိလောက်အောင်ပင် အရှိန်အဟုန်မြင့်မားလျက်ရှိသည်။ လွန်ခဲ့သော နှစ်အနည်းငယ်က ကမ္ဘာပေါ်ရှိ ကုမ္ပဏီကြီးများသည် အရှေ့တောင်အာရှတွင် အရေအတွက်အများဆုံးဖြစ်သော unicorn ကုမ္ပဏီ(၄)ခု(Gojek, Traveloka, Tokopedia, နှင့် Bukalapak)တို့ကို တည်ထောင်စေနိုင်ခဲ့သော အင်ဒိုနီးရှား၏ နည်းပညာအစပျိုးကုမ္ပဏီများတွင် များစွာ ရင်းနှီးမြှုပ်နှံလိုခဲ့သည်။ မကြာသေးမီက ကမ္ဘာ့ဘဏ်၏ အစီရင်ခံစာမှ COVID-19 ၏ အကျိုးသက်ရောက်မှုများသည် ဒေသအတွက် ရှောင်လွှဲမရနိုင်သည့် ကြေကွဲဖွယ် စီးပွားရေးသင်ခန်းစာတစ်ရပ်ပေးခဲ့ကြောင်း ဖော်ပြထားသော်လည်း အင်ဒိုနီးရှားသည် ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုပြီး ထိုအကျပ်အတည်းကို ဖြတ်ကျော်သွားနိုင်ရန်အတွက် ယုံကြည်မှုရှိသည်ဟုထင်ရသည်။

အင်ဒိုနီးရှားတွင် အင်တာနက်ထိုးဖောက်မှုမှာ ၆၄ ရာခိုင်နှုန်းအထိ ရောက်ရှိပြီး ယခင်နှစ်ကထက် ၁၇ ရာခိုင်နှုန်းတိုးတက်လာခဲ့သည်ဟူသော အချက်ကြောင့် ထိုယုံကြည်မှုမှာ ပိုမိုတိုးတက်လာခဲ့သည်။ အဆိုပါဖွံ့ဖြိုးတိုးတက်မှုများတွင် သမ္မတ Joko Widodo ၏ အုပ်ချုပ်မှုပထမကာလအတွင်း မိတ်ဆက်ပေးခဲ့သော Palapa Ring ဟုခေါ်သည့် ဖန်ကြိုးမျှင်ဝိုင်ယာကြိုးများအသုံးပြုထားသော နိုင်ငံတဝန်းအင်တာနက်ကွန်ရက် တည်ဆောက်မှုလည်း ပါဝင်ခဲ့သည်။ သို့ရာတွင် အဆိုပါကြိုးပမ်းအားထုတ်မှုများရှိသော်လည်း အင်ဒိုနီးရှားသည် ၎င်း၏ အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက သတင်းအချက်အလက်နှင့် ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုမှုတွင် နည်းပါးနေဆဲဖြစ်သည်။ Cisco ၏ ဒစ်ဂျစ်တယ် နည်းပညာဆိုင်ရာ အဆင်သင့်ဖြစ်မှုညွှန်းကိန်း ၂၀၁၉ အရ အင်ဒိုနီးရှားအား ဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာ အဆင်သင့်ဖြစ်မှု၏ အလယ်အလတ်အဆင့်တစ်ခုတွင်ပင် ထည့်သွင်းစဉ်းစားဆဲပင် ဖြစ်သည်။ မိုဘိုင်းပလက်ဖောင်းအများအပြားရှိကာ အပလီကေးရှင်းအခြေခံ ဝန်ဆောင်မှုများကို မြန်ဆန်စွာ လက်ခံကျင့်သုံးနေပြီး နိုင်ငံတဝန်း ယုံကြည်စိတ်ချရသော အင်တာနက်ချိတ်ဆက်မှုနှင့် tools များစီစဉ်ပေးနိုင်ရန်အတွက် အလေးပေး ဆောင်ရွက်ဆဲပင်ဖြစ်သည်။

ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုခြင်းနှင့် SMEs
အင်ဒိုနီးရှားတွင် SE များသည် ခန့်မှန်းခြေ အမေရိကန်ဒေါ်လာ ၂၀,၀၀၀ မှ ၁၇၀,၀၀၀(IDR ၃၀၀ မီလီယံ နှင့် IDR ၂.၅ ဘီလီယံ)အကြား နှစ်စဉ်ဝင်ငွေရှိကြသည်။ MEs သည် ခန့်မှန်းခြေ အမေရိကန်ဒေါ်လာ ၁၇၀,၀၀၀ မှ ၃.၄ မီလီယံ(IDR ၂.၅ ဘီလီယံ နှင့် IDR ၅၀ ဘီလီယံ)အကြား နှစ်စဉ်ဝင်ငွေရှိသည်။

အင်ဒိုနီးရှားနိုင်ငံ၏ သမဝါယမဝန်ကြီးဌာနနှင့် အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (MCSME)မှ နောက်ဆုံးရသတင်းအချက်အလက်များအရ ၂၀၁၈တွင် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ(SMEs)ပါဝင်သော အင်ဒိုနီးရှားနိုင်ငံ၏ **GDP** သည် ၂၃.၃ ရာခိုင်နှုန်း(IDR 3,270,819.7 ဘီလီယံ) ဖြစ်ပြီး အသေးစားစီးပွားရေးလုပ်ငန်းများအောက် ပိုမိုလျော့နည်းသည်။



ပုံ ၂.၁– အင်ဒိုနီးရှား၏ ၂၀၁၈ GDP တွင် လုပ်ငန်းများ၏ ပါဝင်မှု

သို့ရာတွင် SMEs များသည် အင်ဒိုနီးရှား စီးပွားရေး၏ အမာခံကျောရိုး၏ အစိတ်အပိုင်းတစ်ခု ဖြစ်သည်။ နောက်ဆုံး Oxford လုပ်ငန်းအုပ်စု၏ အစီရင်ခံစာတွင် အင်ဒိုနီးရှားသည် နည်းပညာအသုံးပြု အစပြုလုပ်ငန်းများ(၂၀၀၀)၊ fintech အသုံးပြုငွေချေးမှုဆိုင်ရာ အစပြုလုပ်ငန်း(၁၅၀) နှင့် fintech အသုံးပြုငွေပေးချေမှုဆိုင်ရာ အစပြုလုပ်ငန်း(၇၅)ခုတို့ ရှိကြောင်း စာရင်းပြုစုထားသည်။ (၂၀၁၇-၂၀၁၈)တစ်နှစ်တာကာလအတွင်း ဈေးကွက်နေရာ လက်ခံကျင့်သုံးသူအရေအတွက် ၁၀၄.၄ ရာခိုင်နှုန်း အထိ တိုးတက်လာမှုကိုကြည့်ခြင်းအားဖြင့် အင်ဒိုနီးရှားတွင်ရှိသော SMEs များသည် ဒစ်ဂျစ်တယ်နည်းပညာ အသုံးပြုမှုတွင် စိတ်အားထက်သန်မှုမြင့်မားကြကြောင်း ဖော်ပြနေသည်။ သို့ရာတွင် အင်ဒိုနီးရှားသည် အထူးသဖြင့် COVID-19 ကပ်ဆိုက်ကာလအတွင်း SMEs များအနေဖြင့် ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုရာတွင် ဆက်လက်ရှေ့ဆက်ရန် အတော်အတန်ရှည်လျားသော ခရီးရှည်တစ်ခုရှိနေဆဲပင် ဖြစ်သည်။ ၂၀၂၀ မေတွင် MCSME များ၏ e-commerce မှတဆင့် ရောင်းချမှုမှာ ၁၈ ရာခိုင်နှုန်း အထိ တိုးတက်လာသော်လည်း အသေးစား အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ (ခန့်မှန်းခြေ ၈ မီလီယမ်) ၁၃ ရာခိုင်နှုန်း သာလျှင် အွန်လိုင်းဈေးကွက်ကို လက်ခံကျင့်သုံးခဲ့သည်။ ကံမကောင်းစွာပင် အွန်လိုင်းဈေးကွက်များကို လက်ခံကျင့်သုံးနေသော အသေးစား အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ဖြန့်ချီမှုများနှင့် WSMEs မည်မျှသည် ဈေးကွက်များမှတဆင့် အွန်လိုင်းရောင်းချမှုများကို လက်ခံကျင့်သုံးခဲ့မှုတို့နှင့်ပတ်သက်သော အချက်အလက်များစသည်တို့အတွက် ကိန်ဂဏန်းဖြင့် အသေးစိတ်ခွဲခြမ်းစိတ်ဖြာချက် မရှိခဲ့ပေ။ အင်ဒိုနီးရှားနိုင်ငံ၏ လက်ရှိ ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုမှုနှင့် SME ဆိုင်ရာ ဂေဟစနစ်တို့တွင် အမျိုးသမီးများ၏ ပါဝင်မှုနှင့် အခန်းကဏ္ဍများနှင့်ပတ်သက်ပြီး ရှင်းလင်းမှုမရှိဆဲပင် ဖြစ်သည်။ SMEs များအတွက် ဥပဒေနှင့် မူဝါဒအများစုသည် ကျားမရေးရာနှင့်ပတ်သက်ပြီး ဘက်မလိုက်သော်လည်း အင်ဒိုနီးရှားတွင် အမျိုးသမီးများသည် တစ်ခါတစ်ရံတွင် လူမှုရေးစံသတ်မှတ်ချက်များနှင့်ပတ်သက်ပြီး ခွဲခြားဆက်ဆံမှုများနှင့် အကြမ်းဖက်မှုပုံစံအမျိုးမျိုးတို့ဖြင့် ရင်ဆိုင်နေရသည်။ ၁၂နှစ်တာကာလအတွင်း အင်ဒိုနီးရှားနိုင်ငံတွင် အမျိုးသမီးများအား အကြမ်းဖက်မှုများသည် အိမ်တွင်းအကြမ်းဖက်မှုနှင့် အမျိုးမျိုးသော ဆိုက်ဘာပြစ်မှုအမျိုးအစားများအပါအဝင် ၇၉၂ ရာခိုင်နှုန်း(စဆနီးပါး)အထိ တိုးတက်ခဲ့သည်။

ထိုအစီရင်ခံစာမှတဆင့် စာရေးသူများသည် အထူးသဖြင့် COVID-19 ကပ်ဆိုက်ကာလအတွင်း WSMEs များနှင့် ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုမှုတို့အကြားရှိ ဆက်သွယ်မှုများကို တားဆီးနေသော အတားအဆီးများကို ရှင်းလင်းနိုင်ရန် ရည်ရွယ်သည်။ ၎င်းတို့သည် အင်ဒိုနီးရှားတွင် WSMEs များမှ ဒစ်ဂျစ်တယ်နည်းပညာ လက်ခံကျင့်သုံးမှုနှင့်ပတ်သက်သော လက်ရှိအခြေအနေအတွက် အစီအစဉ်ရေးဆွဲမှုကို အလေးပေးဆောင်ရွက်ခဲ့သည်။ ထို့ပြင် ၎င်းတို့၏ လုပ်ငန်းများအနေဖြင့် ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုခြင်းနှင့်ပတ်သက်ပြီး သိရှိနားလည်စေရန် COVID-19 ကပ်ဆိုက်ကာလအတွင်း ထိုနည်းပညာများကို အသုံးပြုခဲ့ခြင်းရှိ/မရှိဆိုသည်နှင့်ပတ်သက်ပြီး အလေးပေးဆောင်ရွက်ခဲ့သည်။

ထိုရှာဖွေတွေ့ရှိမှုများပေါ်တွင် အခြေခံပြီး ၎င်းတို့သည် အင်ဒိုနီးရှားတွင် WSMEs များအနေဖြင့် ရင်ဆိုင်ရနိုင်သော စိန်ခေါ်မှုများနှင့် မဖြစ်မနေရင်ဆိုင်ရမည်ဖြစ်သော စိန်ခေါ်မှုများနှင့်ပတ်သက်ပြီး မီးမောင်းထိုးပြသနိုင်မည်လည်း ဖြစ်သည်။ ထို့ပြင် ၎င်းတို့သည် ထိုစိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန်အတွက် ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုခြင်းမှ ယူဆောင်လာနိုင်မည့် အခွင့်အလမ်းအသစ်များနှင့် ယူဆောင်လာရမည်ဖြစ်သော အခွင့်အလမ်းအသစ်များနှင့်ပတ်သက်ပြီး အလင်းပြနိုင်မည်လည်း ဖြစ်သည်။

၂.၃။ နည်းလမ်း

အရည်အသွေးပြည့်မီသော ချဉ်းကပ်မှုနည်းလမ်းတစ်ရပ်ကို အသုံးပြုပြီး စာရေးသူများသည် အင်တာဗျူးများ၊ ဆွေးနွေးပွဲများမှတဆင့် စုဆောင်းထားသော သတင်းအချက်အလက်များကို သတင်းအချက်အလက်ရင်းမြစ်များအဖြစ် အသုံးပြုခဲ့သည်။ COVID-19 အတွင်း လူမှုရေးကန့်သတ်ဆောင်ရွက်ချက်များကြောင့် သုတေသနတစ်ရပ်လုံးသည် အွန်လိုင်းမှတဆင့် တွေ့ဆုံဆွေးနွေးမှုများနှင့် ဖုန်းဖြင့်ဆက်သွယ်မှုများမှတဆင့် ဆောင်ရွက်ခဲ့ကြရသည်။ ထိုသုတေသန၏ အချက်အလက်စုဆောင်းမှုဖြစ်စဉ်သည် အောက်ပါအဆင့်(၄)ဆင့်ဖြင့် ဆောင်ရွက်ထားသည်။

အဆင့် ၁ ဆင့်ပွားသုတေသန	အဆင့် ၂ **WSME အင်တာဗျူးများ**	အဆင့် ၃ ကျွမ်းကျင်သူများဖြင့် အင်တာဗျူးများ	အဆင့် ၄ အကြံပေးဆွေးနွေးပွဲ
အင်ဒိုနီးရှားရှိ WSME များ၏ လက်ရှိ ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုမှု အခြေအနေနှင့်ပတ်သက်ပြီး နားလည်စေရန် WSME များနှင့်ပတ်သက်သေ အချက်အလက်များကို ကောက်ယူစုဆောင်းခဲ့သည်။	စိန်ခေါ်မှုများကို စုံစမ်းစစ်ဆေးရန်နှင့် အခွင့်အလမ်းများဖော်ထုတ်ရန်တို့အတွက် WSME26 ခုတို့ဖြင့် အင်တာဗျူးများ ဆောင်ရွက်ခဲ့သည်။	ဒစ်ဂျစ်တယ်နည်းပညာ အသွင်ကူးပြောင်းမှု၊ အမျိုးသမီးပိုင် စီးပွားရေးလရေးလုပ်ငန်း အသင်းအဖွဲ့များနှင့် SME များမှ ကျွမ်းကျင်သူ ၅ ဦးဖြင့် အင်တာဗျူးများ ဆောင်ရွက်ခဲ့သည်။	အင်ဒိုနီးရှားတွင် ဒစ်ဂျစ်တယ်နည်းပညာ လက်ခံကျင့်သုံးသော WSME များ၏ လက်ရှိ အခြေအနေကို ဖော်ပြနိုင်ရန် အရေးကြီးသောပါဝင်ပတ်သက်သူ ၇ ဦးဖြင့် အကြံပေးဆွေးနွေးပွဲကိုကျင်းပခဲ့သည်။

လုပ်ငန်းရှင်များအား ရွေးချယ်မှုဆိုင်ရာ အချက်အလက်

ထိုသုတေသနအတွက် စာရေးသူများသည် အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို အပိုင်း–၁တွင် ဖော်ပြထားသော နှစ်စဉ်ဝင်ငွေပေါ်တွင်အခြေခံပြီးသာလျှင် ခွဲခြားထားသည်။ ထိုအမျိုးအစားခွဲခြားမှုပေါ်တွင် အခြေခံပြီး အင်တာဗျူးများအား အငယ်စား သို့မဟုတ် အလတ်စားစီးပွားရေးလုပ်ငန်းများကို ပိုင်ဆိုင်သော အမျိုးသမီးလုပ်ငန်းရှင်(၂၆)ဦးဖြင့် ဆောင်ရွက်ခဲ့သည်။

WSMEs လုပ်ငန်းရှင်များသည် အင်ဒိုနီးရှား၏ မြို့တော်(၁၂)မြို့တွင် နေထိုင်ကြပြီး အသက်(၂၃–၇၂)နှစ်နှင့် အိမ်ထောင်ရှိ/မရှိပေါ်တွင် မူတည်ကာ ခွဲခြားထားသည်။ ထိုလုပ်ငန်းရှင်များသည် (ကုန်ကြမ်း၊ ထုတ်လုပ်မှု၊ ဝန်ဆောင်မှု)ဟူသော အဓိကစီးပွားရေးကဏ္ဍ(၃)ခုအနက် တစ်ခုစီကို ကိုယ်စားပြုထားပြီး ၎င်းတို့ကို ကွဲပြားခြားနားသော ကဏ္ဍခွဲ(၁၉)ခုအဖြစ် ထပ်မံခွဲခြားထားသည်။ အမျိုးသမီးပိုင် SEs နှင့် MEs တို့တွင် ပါဝင်မှု သက်တမ်း(၆)နှစ်အောက်နည်းသော အမျိုးသမီးအများစုပါဝင်ကြောင်း အောက်ပါပုံ ၂.၁ တွင် တွေ့နိုင်သည်။



ပုံ ၂.၂– လုပ်ငန်းကဏ္ဍများရှိ လုပ်ငန်းရှင်များနှင့် ပတ်သက်သော လေ့လာစမ်းစစ်မှု

ကျွမ်းကျင်သူများဖြင့် တွေ့ဆုံမေးမြန်းမှုများနှင့် အကြံပေးဆွေးနွေးပွဲ

ထိုသုတေသန၏ စူးစမ်းလေ့လာမှုအပိုင်းတွင် ကျွမ်းကျင်သူပညာရှင်များဖြင့် စကားပြောဆိုဆွေးနွေးမှုသည် အလွန်အရေးကြီးသည်။ Bogner et al. ၏ အဆိုပြုချက်အရ ကျွမ်းကျင်သူပညာရှင်များဖြင့် တွေ့ဆုံဆွေးနွေးခြင်းသည် အချိန်တိုတိုဖြင့် အချက်အလက်စုဆောင်းနိုင်သော ဖြစ်စဉ်ဖြစ်သည်။

ဒစ်ဂျစ်တယ်နည်းပညာ အသွင်ကူးပြောင်းမှုဖြစ်စဉ်များ၊ စီးပွားရေးလုပ်ငန်းများ၊ အမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းတို့မှ သေချာစွာ ရွေးချယ်ထားသော ကျွမ်းကျင်သူပညာရှင်(၅)ဦးဖြင့် တွေ့ဆုံမေးမြန်းမှုမှတဆင့် စာရေးသူများသည် SME ဂေဟစနစ်၏ လက်တွေ့ကျသော ကျယ်ပြန့်သည့် သိမြင်ကြားသိမှုဗဟုသုတများကို ရရှိနိုင်မည် ဖြစ်သည်။ ထို့ပြင် အကြံပေးဆွေးနွေးပွဲအတွက် ပြင်ဆင်ရန် ပိုမိုများပြားသော လုပ်ငန်းရှင်များနှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည် ဖြစ်သည်။

WSMEs များနှင့် ပညာရှင်များဖြင့် အင်တာဗျူးများမှ အကြိုရှာဖွေတွေ့ရှိမှုများနှင့်ပတ်သက်ပြီး လေ့လာဆန်းစစ်ပြီးနောက် စာရေးသူများသည် အကြံပေးဆွေးနွေးပွဲတွင် ပါဝင်ရန် ပိုမိုများပြားသော ပညာရှင်များကို ဖိတ်ခေါ်ခဲ့သည်။ ဆွေးနွေးပွဲသည် ပြီးခဲ့သော အင်တာဗျူးများမှ ရရှိခဲ့သော သတင်းအချက်အလက်များကို ပြန်လည်ပြင်ဆင်မွမ်းမံပြီး လက်တွေ့ကျသော မူဝါဒဆိုင်ရာ အကြံပြုချက်များဖန်တီးမှုဖြစ်စဉ်တွင် ၎င်းမှ အကျိုးကျေးဇူးများကို ထုတ်ယူအသုံးပြုရန် ဖြစ်သည်။

ထိုအကြံပေးဆွေးနွေးပွဲတွင် မူဝါဒရေးဆွဲသူများ၊ ပညာရေးအသိုင်းအဝန်းများ၊ အမျိုးသမီးစီးပွားရေးလုပ်ငန်းရှင်များ၊ ဒစ်ဂျစ်တယ်အသွင်းကူးပြောင်းမှုဆိုင်ရာ ပညာရှင်များ၊ အမျိုးသမီးစွမ်းဆောင်ရှင်အသင်းမှ ပညာရှင်များနှင့် လုပ်ငန်းရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပညာရှင်များမှ ကိုယ်စားလှယ်များ ပါဝင်သည်။ နောက်ဆက်တွဲ-က တွင် ပါဝင်သော ပညာရှင်များနှင့် အကြံပေးဆွေးနွေးပေးသူများနှင့်ပတ်သက်သော အသေးစိတ်စာရင်းကို ကြည့်နိုင်သည်။

အချက်အလက်ဆိုင်ရာ လေ့လာဆန်းစစ်မှု

WSMEs အင်တာဗျူးများ၊ ပညာရှင်များဖြင့် အင်တာဗျူးများ၊ အကြံပေးဆွေးနွေးပွဲများကို အပိုင်း(၄)ပိုင်း ခွဲထားသည်။ ထိုအပိုင်းများသည် အောက်ပါအချက်များတွင် အမျိုးသမီးများအတွက် ဒစ်ဂျစ်တယ်နည်းပညာ အသုံးပြုမှုနှင့်ပတ်သက်ပြီး အရေးကြီးသည်။ (၁)ချေးငွေရရှိမှု၊ (၂)သင်ကြားပြသမှု၊ ကွန်ရက်ချိတ်ဆက် ဆောင်ရွက်မှုနှင့် ကျွမ်းကျင်မှုများ၊ (၃)လုပ်ငန်းဖြစ်စဉ်များနှင့် စီမံခန့်ခွဲမှု၊ (၄)အကျပ်အတည်းကာလစီမံခန့်ခွဲမှု (COVID-19) အင်တာဗျူးများအားလုံးနှင့် ဆွေးနွေးပွဲများအားလုံးကို အင်ဒိုနီးရှား Bahasa (လုပ်ငန်းရှင် အားလုံး၏ မိခင် ဘာသာစကား)ဖြင့် ဆောင်ရွက်ထားပြီး ဒစ်ဂျစ်တယ်နည်းပညာဖြင့် မှတ်တမ်းတင်ထားသည်။ အင်တာဗျူး နေစဉ်အတွင်း မှတ်စုများရေးထားပြီး လေ့လာဆန်းစစ်မှုမှတဆင့် ဆွေးနွေးမှုများကို သုံးသပ်မည် ဖြစ်သည်။ အချက်အလက် လေ့လာဆန်းစစ်မှုဖြစ်စဉ်၏ အသေးစိတ် ပြင်ဆောင်ဆောင်ရွက်မှုများအတွက် နောက်ဆက်တွဲ-ခ တွင် ကြည့်နိုင်သည်။

ကန့်သတ်ချက်များ

ထိုသုတေသနသည် အချိန်ကန့်သတ်ချက်များအတွင်း ဆောင်ရွက်ရသောကြောင့် နက်နဲမှုနှင့် အတိုင်းအတာတို့ နှင့်ပတ်သက်ပြီး ကန့်သတ်မှုများရှိခဲ့သည်။ အချက်အလက်များကို COVID-19 ကပ်ဆိုက်ကာလအတွင်း အချိန်(၄)ပတ်ကျော်မျှဖြင့် ကောက်ယူစုဆောင်းခဲ့သည်။ COVID ဆိုင်ရာ ကန့်သတ်ချက်များကို လိုက်နာနိုင်ရန် ဆက်သွယ်မှုများနှင့် အချက်အလက် ကောက်ယူစုဆောင်းမှုများအတွက် မိုဘိုင်းဖုန်းများနှင့် ဒစ်ဂျစ်တယ် နည်းပညာများကိုသာ အသုံးပြုခဲ့သည်။

နောင်အနာဂတ် သုတေသနပြုလုပ်ရာတွင် ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုမှုနှင့်ပတ်သက်ပြီး အမျိုးသမီး SME ပိုင်ရှင်များနှင့် ပိုမိုနက်နဲကျယ်ပြန့်စွာ ဆွေးနွေးနိုင်ရန်အတွက် အားပေးထားသည်။ ထိုသုတေသနသည် ကျားမဆိုင်ရာ စိန်ခေါ်မှုများနှင့်ပတ်သက်ပြီး သိရှိနားလည်စေရန်အတွက် အရေးကြီးသော သတင်း အချက်အလက်များကို စီစဉ်ပေးသောကြောင့် WSMEs များအကြား အမျိုးသမီးများသည် ဒစ်ဂျစ်တယ် နည်းပညာနှင့်ပတ်သက်သော အတွေ့အကြုံများကို ရရှိနိုင်သည်။

၂.၄။ အင်တာဗျူးများမှ ရှာဖွေတွေ့ရှိမှုများ

အင်တာဗျူးတိုင်းတွင် ပါဝင်သူများအား အဆင်သင့် အလွယ်တကူ ရရှိအသုံးပြုနိုင်သော ဒစ်ဂျစ်တယ် နည်းပညာနှင့်ပတ်သက်သည့် အသိပညာရှိ/မရှိ မေးမြန်းမှုဖြင့် စတင်ဆောင်ရွက်ခဲ့သည်။ ၎င်းတို့ အားလုံးသည် ဒစ်ဂျစ်တယ်နည်းပညာနှင့်ပတ်သက် သော အသိပညာရှိကြောင်းကို ပြသခဲ့ကြသည်။ စာရေးသူများအတွက် စိတ်ဝင်စားမှုအရှိဆုံး ရှာဖွေ တွေ့ရှိမှုမှာ အထူးသဖြင့် SE လုပ်ငန်းရှင်များသည် ဒစ်ဂျစ်တယ်နည်းပညာမှာ မဖြစ်မနေအသုံး ပြုရမည့် နည်းပညာဖြစ်ကြောင်း ပြောကြားခဲ့ခြင်း ဖြစ်သည်။ အင်တာဗျူးများအတွင်း အများဆုံး ရှာဖွေတွေ့ရှိရသော ပြောကြားချက်များမှာ ၎င်းတို့ အနေဖြင့် နည်းပညာနှင့်ပတ်သက်ပြီး ပွင့်လင်းမှု ရှိကြောင်းနှင့် ကြိုက်သည်ဖြစ်စေ မကြိုက်သည် ဖြစ်စေ လက်ခံကျင့်သုံးရမည်ဖြစ်ကြောင်း ပြောကြား ခဲ့သည်။ ထိုပြောကြားချက်များအရ ၎င်းတို့အနေဖြင့် ထိုနည်းပညာနှင့်ပတ်သက်ပြီး ပြန်လည်ပြောဆို နိုင်ရန် သင်ကြားထားပြီးဖြစ်ကြောင်း ဖော်ပြသည်။ အောက်ဖော်ပြပါ အပိုင်းများတွင် စာရေးသူများသည် ထိုအသိပညာများမှာ ဒစ်ဂျစ်တယ်နည်းပညာကို လက်ခံကျင့်သုံးပြီး ၎င်းတို့လုပ်ငန်းများ ဆောင်ရွက် ရာတွင် ပံ့ပိုးပေးနိုင်ခြင်းရှိ/မရှိဆိုသည်ကို WSMEs များနှင့် ဒစ်ဂျစ်တယ်နည်းပညာများအကြား ဆက်သွယ်မှုနှင့်ပတ်သက်ပြီး ဆွေးနွေးခဲ့သည်။

ကဏ္ဍ-၁-ချေးငွေရရှိမှု

WSME လုပ်ငန်းရှင်အများစုသည် ၎င်းတို့၏လုပ်ငန်း များလည်ပတ်ရန်အတွက် အတွင်းပိုင်းမှ ချေးငွေရယူ တတ်ကြပြီး အနည်းစုသည်သာ ပြင်ပမှ ချေးငွေရယူ ကြသည်။ WSMEs များ၏ ၅၀ ရာခိုင်နှုန်းသည်ပုဂ္ဂလိ ကရှယ်ယာပိုင်ဆိုင်မှုနှင့် ဘဏ်မှ ချေးငွေရယူမှုဖြစ် သော ပြင်ပမှ ချေးငွေရယူခြင်းပုံစံ(၂)မျိုးတို့ကို ၂၆.၉ ရာခိုင်နှုန်းနှင့် ၁၅.၄ ရာခိုင်နှုန်းအသီးသီး ရရှိအသုံး ပြုကြသည်။ MEs(၈)ခုနှင့် SEs (၅)ခုတို့သည် ပြင်ပ မှ ချေးငွေရယူခဲ့ကြကြောင်းလေ့လာသိရှိရသည်။

အင်ဒိုနီးရှားနိုင်ငံ၏ SME ဂေဟစနစ်တွင် ထောက်ပံ့ ကြေးများ၊ အစိုးရ၏ ရန်ပုံငွေဆိုင်ရာ စီမံချက်များ၊ အွန်လိုင်းမှငွေချေးမှုနည်းလမ်း (P2P lending)၊ အများထံမှငွေချေးမှုနည်းလမ်း(crowdfunding) စသော အမျိုးမျိုးသော ငွေကြေးရရှိမှုဆိုင်ရာ ရွေးချယ်မှုများရှိသည်။



ပုံ ၂.၃- SE နှင့် ME ၏ ငွေကြေးရရှိမှုဆိုင်ရာ ရင်းမြစ်များနှင့်ပတ်သက်သော လေ့လာစမ်းစစ်မှု

စားရေးသူများက WSME လုပ်ငန်းရှင်များသည် ဒစ်ဂျစ်တယ်ချေးငွေဆိုင်ရာနည်းလမ်းများနှင့် ပတ်သက်သော အသိပညာရှိကြောင်း သတိပြုမိ ခဲ့ကြသည်။ သို့ရာတွင် အထူးသဖြင့် ဒစ်ဂျစ်တယ် နည်းပညာအသုံးပြုသော ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများ(DFS)ကို လုပ်ငန်းရှင်များအကြား အသုံးပြုမှုမှာ အမျိုးမျိုးသောအချက်များကြောင့် နည်းပါးနေဆဲဖြစ်သည်။ WSMEs လုပ်ငန်းရှင် အများစုသည် P2P ချေးငွေအစီအစဉ်နှင့်ပတ်သက်ပြီး ထည့်သွင်းစဉ်းစားကြသော်လည်း ချေးငွေပမာဏ ကန့်သတ်ထားမှု၊ အချက်အလက်ဆိုင်ရာ သီးသန့် တည်ရှိမှုနှင့် လုံခြုံမှုနှင့်./သို့မဟုတ် အတိုးနှုန်း မြင့်မားမှုတို့ကြောင့် ရွေးချယ်ရန် မဆုံးဖြတ်ကြပေ။ လုပ်ငန်းရှင်များသည် P2P ချေးငွေသည် ချေးငွေ ပမာဏအနည်းငယ်သာထုတ်ပေးသောကြောင့် အသေးစားလုပ်ငန်းများအတွက် ပိုမိုသင့်တော်သည် ဟု ယူဆကြသည်။



ပုံ ၂၄- အမျိုးသမီးလုပ်ငန်းရှင်များမှ ရှာဖွေတွေ့ရှိခဲ့သော ပြင်ပမှ ငွေကြေးရရှိမှုဆိုင်ရာ ရင်းမြစ်များနှင့်ပတ်သက်သော လေ့လာစမ်းစစ်မှု

WSMEs လုပ်ငန်းရှင်များသည် ဒစ်ဂျစ်တယ်နည်းလမ်းများမှတဆင့် ချေးငွေရရှိရန်အတွက် ကြိုးပမ်းရန်ဝန်လေးနေကြသည့် အကြောင်းရင်းများနှင့်ပတ်သက်ပြီး အခြားအမျိုးမျိုးသော ရှင်းလင်းချက်များရှိသည်။ ထို့ကြောင့် စာရေးသူများက ထိုအကြောင်းအရာနှင့်ပတ်သက်ပြီး ထပ်မံစုံစမ်းရန် ကြိုးစားခဲ့ကြသည်။ အချက်အလက်များကောက်ယူပြီးနောက် လုပ်ငန်းရှင်များ၏ ဖြေဆိုမှုများနှင့်ပတ်သက်ပြီး အုပ်စုများခွဲကာ အောက်ပါစာပိုဒ်များတွင် ဆွေးနွေးမည်ဖြစ်သည်။

ပြင်ပမှ ချေးငွေရရှိရန်အတွက် ဆုံးဖြတ်ချက်ချမှတ်ရာတွင် လွှမ်းမိုးသော အချက်များ

အခြားချေးငွေ ရယူမှု ဆိုင်ရာ ရွေးချယ်မှုများကို မရွေးချယ်သော အချက်များသည် စိတ်ဓါတ်လှုံ့ဆော်မှု၊ ကြောက်ရွံ့မှုနှင့်ဗဟုသုတတို့ပေါ်တွင်ဗဟိုပြုသည်။ လုပ်ငန်းရှင် အများစုသည် ပြင်ပမှချေးငွေရယူရာတွင် အလျှင်မလို ကြောင်း ဖော်ပြထားသောကြောင့် စိတ်ဓါတ်လှုံ့ဆော် မှုနှင့် စိုးရိမ်ပူပန်မှုတို့မရှိကြောင်းဖော်ထုတ်နိုင်ခဲ့သည်။ အမျိုးမျိုးသောအလားအလာရှိသည့် ထိခိုက်ဆုံးရှုံးနိုင်ခြေများကြောင့် အခြားနည်းလမ်းများဖြင့် ချေးငွေရယူမှုအတွက် ဆောင်ရွက်ခြင်းကို ဦးစားပေးမှုမရှိကြောင်း ဖော်ပြထားသည်။ မိသားစုများ၊ ဆွေမျိုးများ၊ မိတ်ဆွေသူငယ်ချင်းများနှင့် ၎င်းတို့၏ ဘာသာတို့သည် ထိုချေးငွေဆိုင်ရာနည်းလမ်းများအပေါ်အမြင်ကို အဓိကအကျိုးသက်ရောက်မှုရှိကြောင်း ဖော်ပြထားသည်။

လုပ်ငန်းရှင်တစ်ဦးက ဖော်ပြထားသည်မှာ *“ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ အစ္စလာမ်ဘာသာကို ထည့်သွင်းစဉ်းစားသောကြောင့် အခြားချေးငွေရရှိမှု မရှိပဲ ရပ်တည်နိုင်ရန် ကြိုးစားနေကြောင်း”* ဖော်ပြထားသည်။ (ME4) ၎င်းက ဘဏ်မှ သို့မဟုတ် အခြားနည်းလမ်းများဖြင့် ချေးငွေရယူပါက စိုးရိမ်ပူပန်သည်မှာ အတိုးနှုန်းမြင့်မားမှုဖြစ်ကြောင်း ထပ်မံရှင်းပြခဲ့သည်။ အစ္စလာမ်ဘာသာသည် အတိုးနှုန်းမြင့်မားစွာဖြင့် ငွေချေးခြင်းကို တားမြစ်ထားသည်။ Riba သည် အတိုးနှုန်းမြင့်မားသော ငွေချေးမှုဖြစ်သည်။ အစ္စလာမ်စည်းမျဉ်းစည်းကမ်းများကို လိုက်နာဆောင်ရွက်ထားသော ဘဏ်များစွာနှင့် ငွေကြေးဆိုင်ရာ နည်းပညာ(fintech)ကုမ္ပဏီများရှိသော်လည်း လုပ်ငန်းရှင်အချို့သည် ပြင်ပမှ ချေးငွေရယူမှုနည်းလမ်းများကို ဆက်လက်ရှောင်ကြဉ်ခဲ့ကြသည်။

အခြားနည်းလမ်းများဖြင့် ချေးငွေရယူမှုများနှင့်ပတ်သက်ပြီး ပြင်းထန်သော အဆိုးမြင်သဘောထားရှိသူများသည် ထိုအကြောင်းအရာနှင့်ပတ်သက်သော ဗဟုသုတမရှိခြင်းကို ဖော်ပြသည်။ ထိုအချက်ကို ကြည့်ခြင်းအားဖြင့် ၎င်းတို့၏ ထင်မြင်ချက်များသည် ၎င်းတို့၏ ပတ်ဝန်းကျင်မှ ကြားခဲ့ရသော အကြောင်းအရာများပေါ်တွင်အခြေခံခြင်း ဖြစ်ကြောင်း ဖော်ပြထားခြင်း ဖြစ်သည်။ထိုစိုးရိမ်ကြောက်ရွံ့မှုသည် ငွေကြေးနှင့်ပတ်သက်သော ဆုံးဖြတ်ချက်ချမှတ်ရာတွင် အမျိုးသမီးများ၏ စွန့်စားလိုမှုမရှိခြင်းပေါ်တွင် အခြေခံသည်။ WSME လုပ်ငန်းရှင်များသည် ပုဂ္ဂလိကရှယ်ယာပိုင်ဆိုင်မှုများမှတဆင့် ချေးငွေရရှိခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။ ၎င်းတို့အနက် အများစုသည် အတွင်းစက်ဝန်း(မိသားစုဝင်များနှင့် သူငယ်ချင်းများ) ထံမှတဆင့် သို့မဟုတ်

တိုက်ရိုက် ရရှိကြသည်။ အင်ဒိုနီးရှားတွင် မိသားစုများသည် အမျိုးသမီးလုပ်ငန်းရှင်များကို ငွေကြေးပံ့ပိုးမှုနှင့် ငွေကြေးမဟုတ်သောပံ့ပိုးမှုနှစ်မျိုးလုံးကို စီစဉ်ပေးရာတွင် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်နေကြောင်း Agussani နှင့် Bahri တို့၏ သုတေသနများမှ ရှာဖွေတွေ့ရှိထားသည်။ အမျိုးသမီးများသည် ပိုမိုစိတ်ချရသည်ဟုထင်ရသော ငွေကြေးဆိုင်ရာရွေးချယ်မှုများကို ဆောင်ရွက်လိုကြပြီး မစွန့်စား လိုကြပေ။

ထိုသဘောထားသည် လွန်ခဲ့သောနှစ်များစွာကတည်းက တစ်သတ်မတ်တည်း ဖြစ်ကြောင်း ရှာဖွေတွေ့ရှိခဲ့ရပြီး ကျားမရေးရာနှင့်လုပ်ငန်းများနှင့် ပတ်သက်သော သုတေသနအများအပြားတွင်



ပုံ ၂.၅- ငွေကြေးရရှိမှုအတွက် ဒစ်ဂျစ်တယ်နည်းပညာအသုံးမပြုသော လုပ်ငန်းရှင်များ၏ အကြောင်းပြချက်များ

ကဏ္ဍ-၂-သင်ကြားပြသမှု၊ ကွန်ရက်ချိတ်ဆက်ဆောင်ရွက်မှုနှင့် ကျွမ်းကျင်မှုများနှင့်ပတ်သက်သော အခွင့်အလမ်းများရရှိမှု

သင်ကြားပြသမှုနှင့် ကွန်ရက်ချိတ်ဆက်ဆောင်ရွက်မှုဆိုင်ရာ ဆောင်ရွက်ချက်များမှတဆင့် ၎င်းတို့အနေဖြင့် ရရှိနိုင်မှုများနှင့်ပတ်သက်သော မျှော်လင့်ချက်များသည် SE နှင့် ME တို့အကြား ကွာခြားမှုမရှိပေ။ အင်ဒိုနီးရှားတွင် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍနှစ်မျိုးလုံးမှ စပွန်ဆာပေးထားသော အမျိုးသမီးလုပ်ငန်းရှင်များအတွက် ရရှိနိုင်သည့် သမားရိုးကျနှင့်သမားရိုးကျမဟုတ်သော သင်ကြားပြသမှုအမျိုးအစားတစ်ရပ် ရှိသည်။ သို့ရာတွင် လုပ်ငန်းရှင်များသည် ၎င်းတို့၏ ကျွမ်းကျင်မှုအရည်အသွေးများနှင့် သိမြင်ကြားသိမှုဗဟုသုတများ ပြည့်စုံမှုရှိပြီးရေရှည်တည်တံ့နိုင်ရန်အတွက် မျက်နှာချင်းဆိုင်တွေ့ဆုံဆွေးနွေးမှုများနှင့် ရေရှည်တွေ့ဆုံမှုများနှင့်ပတ်သက်သော လိုအပ်ချက်များကို ဖော်ပြခဲ့သည်။ SE လုပ်ငန်းရှင်များသည် သင်ကြားပြသသူဖြင့်ရေတိုတွေ့ဆုံမှုနှင့်ပတ်သက်သော သူမ၏ စိုးရိမ်ပူပန်မှုများကို မျှဝေခဲ့သည်။

> “
>
> မိမိသည် လုပ်ငန်းစတင်ခဲ့စဉ်က ၃ လတာ သင်ကြားပြသမှု အစီအစဉ်တစ်ခုကို တက်ရောက်ခဲ့ပြီး နည်းပြဖြင့် တစ်ပတ်လျှင် နှစ်ကြိမ်တွေ့ဆုံခဲ့သည်။ အတွေ့အကြုံများစွာ မရခဲ့ပေ။ ဝေဖန်မှုခံခဲ့ရချိန်တွင် ထိုဝေဖန်မှုများအတွက် မည်သို့ဆောင်ရွက်ရမည်နှင့်ပတ်သက်ပြီး ပြဿနာများရှိခဲ့သည်။ ထို့နောက် သင်တန်းပြီးဆုံးသွားပြီးနောက် ထိုနည်းပြနှင့် အဆက်အသွယ်ပြတ်ခဲ့သည်။(SE11)

လုပ်ငန်းရှင်များက ၎င်းတို့၏ သင်ယူမှုနှင့် ကွန်ရက်တို့ကို ချဲ့ထွင်ရန်အတွက်အချိန်နှင့် ကြိုးပမ်းမှုများ လုံလောက်စွာ ရရှိဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။ ၎င်းတို့၏ ခင်ပွန်းသည်များ သို့မဟုတ် မိဘများသည် ၎င်းတို့အား ဖိအားပေးမှုမရှိခဲ့လျှင်ပင် လုပ်ငန်းရှင်အမျိုးသမီးများသည် မိသားစုတာဝန်များကို ပထမနေရာတွင် ဦးစားပေးဆောင်ရွက်ရသောကြောင့် သင်ယူမှုနှင့် ကွန်ရက်ချဲ့ထွင်မှုတို့အတွက် ဒုတိယဦးစားပေးဆောင်ရွက်ကြရသည်။ ထို့ကြောင့် အွန်လိုင်းမှတဆင့် သင်ယူနိုင်သော အစိုးရ သို့မဟုတ် ပုဂ္ဂလိကအခန်းကဏ္ဍမှ စီစဉ်ပေးသည့် သင်ကြားပြသမှု၊ ကွန်ရက်ချိတ်ဆက်ဆောင်ရွက်မှု သို့မဟုတ် ကျွမ်းကျင်မှုအရည်အသွေးဆိုင်ရာ သင်တန်းများကို တက်ရောက်ရန် အခွင့်အလမ်းများကို အကြိမ်များစွာ လက်လွှတ်ကြရသည်။

ထို့ပြင် လုပ်ငန်းရှင်အများအပြားသည် လုပ်ငန်းအသိုက်အဝန်းများနှင့် အဖွဲ့အစည်းများတွင် ပါဝင်ခဲ့ကြသည်။ ၎င်းတို့အား အဘယ်ကြောင့် ကျားမခွဲခြားထားသော အဖွဲ့အစည်းများတွင် မပါဝင်ခဲ့သနည်းဟု မေးသောအခါ အများစုသည် ယခင်က ထိုအကြောင်းပြချက်များနှင့်ပတ်သက်ပြီး မစဉ်းစားမိခဲ့သည်ကို အံ့အားသင့်နေကြသည်။

ကွဲပြားခြားနားသော အမြင်ရှိသည့် လုပ်ငန်းရှင်တစ်ဦးမှ ပြောကြားသည်မှာ–

> “
>
> မိမိသည် IWAPI ကဲ့သို့သော အမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းတွင် ပါဝင်ရန်အတွက် စိတ်ပါဝင်စားမှု မရှိခဲ့ပေ။ ၎င်းတို့၏ ကိုယ်ပိုင်ဘဝများနှင့်ပတ်သက်ပြီး ပြောကြားရန် နှစ်သက်ကြသော သက်လတ်ပိုင်းအမျိုးသမီးများ၏ ဆွေးနွေးပွဲများတွင် ပါဝင်ရန်အတွက် စိတ်ဝင်စားမှုမရှိပေ။ မိမိသားစု၏ အတူတကွမျှဝေတတ်သော အလေ့အကျင့်ကို အသုံးပြုခဲ့သည်။ အပတ်စဉ် **Zoom** မှတဆင့် သိမြင်ကြားသိမှု ဗဟုသုတများကို တစ်ယောက်တစ်လှည့် မျှဝေခဲ့ကြသည်။ မိမိအတွက် ထိုသို့ မျှဝေသော နည်းလမ်းသည် အလွန်အကျိုးရှိသည်။(ME10)

စာရေးသူများသည် zoom ကို ၎င်းတို့ မည်သို့ရှာဖွေတွေ့ရှိပုံနှင့် သင်ကြားပြသသောသူများသည် အဘယ်ကြောင့် zoom ကို အသုံးပြုရန် ဆုံးဖြတ်ခဲ့သည်ကို ထပ်မံစုံစမ်းခဲ့သည်။ စာရေးသူများသည် အောက်ပါအပိုင်းတွင် ပါဝင်သော သင်ကြားပြသမှု၊ ကွန်ရက်ချိတ်ဆက်ဆောင်ရွက်မှုနှင့် ကျွမ်းကျင်မှုအရည်အသွေးတည်ဆောက်မှုတို့နှင့်ဆက်နွယ်နေသော ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုမှုအတွက် လုပ်ငန်းရှင်များ၏ အသိပညာနှင့် သိရှိနားလည်မှုတို့နှင့်ပတ်သက်ပြီးလည်း ဆွေးနွေးခဲ့သည်။

သင်ကြားပြသမှု၊ ကွန်ရက်ချိတ်ဆက်ဆောင်ရွက်မှုနှင့် ကျွမ်းကျင်မှုများနှင့်ပတ်သက်သော ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုမှုအပေါ် လွှမ်းမိုးသော အချက်များ

သင်ကြားပြသမှု

လေ့လာမှုအရ အမျိုးသမီးလုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းဆိုင်ရာ စိန်ခေါ်မှုများနှင့်ပတ်သက်ပြီး ယုံကြည်စိတ်ချရသော သင်ကြားပြသပေးသူများနှင့် မျက်နှာချင်းဆိုင် ရေရှည်တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ရန် လိုအပ်ချက်ကြောင်း ဖော်ပြထားသည်။ လုပ်ငန်းရှင်အများအပြားသည် မိသားစုများ၊ ရင်းနှီးမြုပ်နှံသူများထံမှတဆင့် လမ်းညွှန်မှုနှင့် သင်ကြားပြသမှုတို့နှင့်ပတ်သက်ပြီး ရှာဖွေကြသည်။ SE4 က ၎င်း၏ ဖခင်သည် ၎င်းအတွက် သင်ကြားပြသပေးသောသူ ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ထို့ပြင် ME လုပ်ငန်းရှင်တစ်ဦးက ၎င်းအနေဖြင့် ထုတ်လုပ်မှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအတွက် ယုံကြည်စိတ်ချရသော သင်ကြားပြသပေးသူဖြင့် ရေရှည်လက်တွဲလိုသော်လည်း ပြင်ပမှ ညွှန်ကြားပြသပေးမည့်သူများကို မည်သို့ရှာဖွေရန်နှင့်ပတ်သက်ပြီး မသိရှိခဲ့ကြောင်း ပြောကြားခဲ့သည်။

ထိုအခြေအနေများသည် လုပ်ငန်းရှင်များအား အွန်လိုင်းမှတဆင့် သင်ကြားပြသမှုများနှင့်ပတ်သက်ပြီး ရှာဖွေရန်အတွက် နှောင့်နှေးစေသည်။

ကွန်ရက်ချိတ်ဆက်ဆောင်ရွက်ခြင်း

လုပ်ငန်းရှင်အများအပြားသည် အခွင့်အလမ်းများကို အွန်လိုင်းနှင့် ပြင်ပမှ ရှာဖွေတတ်ကြသည်။ အစိုးရနှင့် ပုဂ္ဂလိကအခန်းကဏ္ဍများမှ စီစဉ်ကျင်းပသော ပွဲအခမ်းအနားများကို Zoom,Youtube နှင့် Facebook များမှတဆင့် ဆောင်ရွက်ကြရသောကြောင့် ပြောကြားသူနှင့် တက်ရောက်သူတို့အကြား တိုက်ရိုက်ဆက်သွယ်နိုင်မှုမရှိခြင်းသည် အဓိက ပြဿနာတစ်ရပ် ဖြစ်လာခဲ့သည်။



ပုံ ၂၆- သင်ကြားပြသမှု၊ ကွန်ရက်ချိတ်ဆက်ဆောင်ရွက်မှုနှင့် ကျွမ်းကျင်မှုများရရှိရာတွင် ဒစ်ဂျစ်တယ်နည်းပညာလက်ခံအသုံးပြုမှုနှင့်ပတ်သက်ပြီး အကျိုးသက်ရောက်စေသောအချက်များ

အွန်လိုင်းမှပြုလုပ်သော ပွဲများကို တက်ရောက်ရန် ယေဘုယျလှုံ့ဆော်မှုသည် COVID-19 ကြောင့် ဖြစ်သည်။ အချို့လုပ်ငန်းရှင်များသည် COVID-19 ကြောင့် အွန်လိုင်းမှ ပြုလုပ်သောပွဲများတွင် ပါဝင်ရန် ဖိအားပေးခံရကြောင်း ဝန်ခံထားသည်။ SE လုပ်ငန်းရှင်တစ်ဦးက ပုံမှန်အားဖြင့် ၎င်းသည် ပြင်ပပွဲများကိုသာ သိရှိပြီး တက်ရောက်ဖြစ်သောကြောင့် COVID-19 ကာလအတွင်း အွန်လိုင်းမှစီစဉ်သောပွဲများကို နှစ်ကြိမ်သာ တက်ရောက်ဖြစ်ခဲ့သည်ဟု ဆိုသည်။ ကမ္ဘာ့တစ်ဝန်းဖြစ်ပေါ်လျက်ရှိသော ကပ်ရောဂါကြောင့် အွန်လိုင်းပွဲများကို သေချာပေါက် ပါဝင်တက်ရောက်ရမည် ဖြစ်သည်။(SE10)

ထို့ပြင် အင်တာဗျူးသူများက အွန်လိုင်းကွန်ရက်ချိတ်ဆက်ဆောင်ရွက်ခြင်းအတွက် broadband အင်တာနက်ချိတ်ဆက်မှုသည် အသင့်တော်ဆုံး ရွေးချယ်မှုတစ်ရပ် မဟုတ်နိုင်ကြောင်း ဖော်ပြခဲ့သည်။ အင်တာနက်ချိတ်ဆက်မှု မကြာခဏပြတ်တောင်းမှုများကြောင့် အွန်လိုင်းမှတဆင့် ပြောကြားသူထံမှ မှန်ကန်တိကျသော သတင်းအချက်အလက်များ ရရှိနိုင်ရန် ခက်ခဲသည်။ ထိုပြဿနာသည် COVID-19 ကာလအတွင်း အိမ်မှ အလုပ်လုပ်ရသော လုပ်ငန်းရှင်များ တွေ့ကြုံနေရသော ပြဿနာဖြစ်သည်။ အိမ်မှ နေပြီး အွန်လိုင်းမှ စီစဉ်သော ပွဲများကို ပါဝင်တက်ရောက်နိုင်ရန်အတွက် စိန်ခေါ်မှုများရှိသည်။ စိန်ခေါ်မှုမှာ အင်တာနက်ချိတ်ဆက်မှု ဖြစ်သည်။ သတင်းအချက်လက်အားလုံးရရှိမှုအပေါ် မည်သို့ အကျိုးသက်ရောက်မှုရှိမှုနှင့်ပတ်သက်သော ကန့်သတ်ချက်တစ်ရပ် ရှိသည်။ အခြားတစ်ချက်မှာ အွန်လိုင်းမှတဆင့် ဆွေးနွေးပွဲများ စီစဉ်ဆောင်ရွက်ပေးရန် လိုအပ်သည်။(SE 7)

ကျွမ်းကျင်မှုတည်ဆောက်ခြင်း

အပြန်အလှန်ဆက်သွယ်မှုဆိုင်ရာ ကန့်သတ်ချက်နှင့် အင်တာနက်ချိတ်ဆက်မှုပြတ်တောင်းခြင်းတို့ရှိသော်လည်း လုပ်ငန်းရှင်များအားလုံးသည် သင်ယူမှုအတွက် စိတ်ထက်သန်ကြသည်။ လုပ်ငန်းရှင်အများအပြားသည် သတင်းအချက်အလက်ရင်းမြစ်များကို e-books, podcasts, video conferencing tools မှတဆင့် အွန်လိုင်းမှ မျှဝေမှုအစီအစဉ်များနှင့် အွန်လိုင်းမှ

သင်ကြားရေးအစီအစဉ်များမှ ရှာဖွေကြကြောင်း ဖော်ပြထားသည်။ လုပ်ငန်းရှင်အများစုသည် အချင်းချင်းချိတ်ဆက်သင်ယူရန် WhatsApp ကဲ့သို့သော မက်ဆေ့ချ်ပေးပို့သည် အပလီကေးရှင်းများကိုအသုံးပြုကြသည်။

ထို့ပြင် လုပ်ငန်းရှင်များသည် အင်တာနက်တွင် စီစဉ်ပေးထားသော သတင်းအချက်အလက်များစွာ ကြောင့် ကျွမ်းကျင်မှုများ၊ ကွန်ရက်ချိတ်ဆက်မှုများ နှင့် သင်ကြားပြသမှုတို့နှင့်ပတ်သက်သော မှန်ကန် တိကျသည့် သတင်းအချက်အလက်များရရှိရန် ခက်ခဲကြောင်း ဖော်ပြထားသည်။ ၎င်းတို့သည် တစ်ခါတစ်ရံတွင် မည်သည့်နေရာမှ မည်သို့ စတင်ရ မည်နှင့်ပတ်သက်ပြီး မသေချာမရေရာမှုများကို ခံစား ကြရသည်။

အွန်လိုင်းတွင် မှန်ကန်သော သတင်းအချက်အလက် များကို မည်သို့ရှာဖွေနိုင်မှုနှင့်ပတ်သက်သော အကြံ ပြုချက်များရရှိရန်အတွက် အတွင်းပိုင်းစက်ဝန်းနှင့် ချိတ်ဆက်ထားရမည် ဖြစ်သည်။ လုပ်ငန်းရှင်အချို့ သည် အွန်လိုင်းပွဲများနှင့်ပတ်သက်သော နောက်ဆုံးရ သတင်းအချက်အလက်များ ရရှိနိုင်ရန်အတွက် social media account များကို followed လုပ်ထား ကြသည်။ အင်တာဗျူးများတွင် ဖော်ပြမှု အများဆုံး ဖြစ်သော social medai မှာ Instagram နှင့် Facebook ဖြစ်သည်။

လေ့လာမှုနှင့် အင်တာဗျူးများမှတဆင့် စာရေးသူ များသည် COVID-19 အတွင်း အင်ဒိုနီးရှားတွင် ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုသော ကွန်ရက် ချိတ်ဆက်ဆောင်ရွက်သောပွဲများနှင့် သင်ကြားမှုများ ပိုမိုရေပန်းစားလာခြင်းနှင့်ပတ်သက်ပြီး ကောင်းသော အမြင်ရှိသည်။ သို့ရာတွင် SMEs အမျိုးသမီးလုပ်ငန်း ရှင်အများအပြားသည် အွန်လိုင်းနှင့်ပတ်သက်သော အသုံးပြုမှုများ၊ သတင်းအချက်အလက်ရှာဖွေရရှိ နိုင်မည့် နေရာများအတွက် အကူအညီအနည်းငယ် လိုအပ်နိုင်သည်။

> “
>
> မိမိသည် မိမိမြို့ရှိ MSME အေဂျင်စီသို့သွားလေ့ရှိသော်လည်း အွန်လိုင်းမှ သင်ကြားပြသသူများကို မရှာဖွေ ခဲ့ပေ။ ထို့ကြောင့် မိမိတို့ပြဿနာရှိလာသည့်အခါတိုင်း ၎င်းတို့ထံသွားပြီး စကားပြောနိုင်သည်။ ဥပမာ- မိမိ ၏ ကုန်စည်အတွက် Halal လက်မှတ်ရရှိနိုင်ရန် MSME အေဂျင်စီမှ ဖန်တီးပေးထားသော Whatsapp ကို အသုံးပြုသောကြောင့် အချင်းချင်းထံမှ သင်ယူနိုင်သည်။ ထို့ကြောင့် MSMEs အခြားလုပ်ငန်းရှင်များသည် လည်း အတူတကွပူးပေါင်းချိတ်ဆက်ဆောင်ရွက်နိုင်ကြကြောင်း ခံ စားကြရသည်။ အကောင်းမြင်စိတ်နှင့် ယုံကြည်မှုတို့ရှိသောကြောင့် Halal လက်မှတ်ရရှိရန်အတွက် အခက်အခဲများကို ကျော်လွှားနိုင်ခဲ့သည်။ (ME2)

WSME အား မီးမောင်းထိုးပြသခြင်း ၁– Rasha Nusantara

Ayu Budiyanti, Co-founder of Rasha Nusantara

Ayu Budiyanti သည် တိုင်းရင်း ဆေးဖက်ဝင်သဘာဝ ပစ္စည်းများကို ရောနှောဖော်စပ်ထုတ်လုပ်သော အလတ်စားစီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သည့် Rahsa Nusantara (http://www.rahsa.id/)၏ တွဲဖက်တည်ထောင်သူနှင့် Chief Marketing Officer တစ်ဦး ဖြစ်သည်။

သူမ၏ ခင်ပွန်းဖြစ်သူ Hatta Kresna နှင့်အတူ မြို့ပြရှိ အပယ်ခံအမျိုးသမီးများကို အလုပ်အကိုင်ပေးခြင်းဖြင့် အမျိုးသမီးများ၏ လုပ်ပိုင်ခွင့်ကို ပြုစုပျိုးထောင်ပေးပြီး ၎င်းတို့၏ လူနေမှုဘဝများကို အသိအမှတ်ပြုအားပေးကာ ယဉ်ကျေးမှုနှင့် ပြည်တွင်းအသိပညာ ပညာဖွံ့ဖြိုးတိုးတက်မှုတို့ကို ထိန်းသိမ်းပေးရန် ရည်ရွယ်ချက်ဖြင့် ၂၀၁၆ တွင် အငယ်စားစီးပွားရေး လုပ်ငန်းတစ်ခုကို စတင်ခဲ့သည်။ Rahsa Nusantara သည် တိုင်းရင်းဆေးဖက်ဝင်အပင်များကို အဆီများ၊ ဟင်းခတ်အမွှေးအကြိုင်များ၊ မုန့်များနှင့် jamu ဟုခေါ်သော အင်ဒိုနီးရှားမှ တိုင်းရင်းဆေး တို့ကဲ့သို့သော အမျိုးမျိုးသော သဘာဝအခြေခံကုန်ပစ္စည်းများအဖြစ် ထုတ်လုပ်သည်။

Budiyanti သည် Investing Women Australia Awards 2017 ၏ grant wimnner တစ်ဦးအဖြစ် သူမရရှိခဲ့သော ကွန်ရက်များနှင့် သင်ကြားပြသသူများမှ တဆင့် ယနေ့တွင် အောင်မြင်မှုရရှိနေသော လုပ်ငန်းရှင်ဖြစ်လာစေရန် ဒစ်ဂျစ်တယ်နည်းပညာက မည်သို့ကူညီခဲ့ကြောင်း ရှင်းပြသည်။

ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုမှုဖြင့် Budiyanti သည် သူမ၏ ကျွမ်းကျင်မှုများနှင့် ဗဟုသုတများ တိုးတက်စေရန်အတွက် စဉ်ဆက်မပြတ်ရှာဖွေလျက်ရှိသည်။ သူမသည် Wharton School မှ ပညာသင်ဆုရရှိခဲ့သောကြောင့် သူမ၏ ကွန်ရက်မှာ ပိုမိုကျယ်ပြန့်လာခဲ့သည်။ သူမသည် ရရှိခဲ့သော Australia Awards နှင့်ပတ်သက်သော အတွေ့အကြုံများနှင့် အခွင့်အလမ်းများကို အလွန်တန်ဖိုးထားသည်။

သူမအတွက် ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုခြင်းသည် လုပ်ငန်းဖြစ်စဉ်များအတွက် ဒစ်ဂျစ်တယ် tools အသုံးပြုမှုများကို စဉ်ဆက်မပြတ်တိုးတက်စေသော်လည်း သူမအသုံးပြုနေသော နည်းပညာနှင့် ပတ်သက်ပြီး လူသားဖြင့် ထိတွေ့ဆက်သွယ်မှု ရှိစေလိုခဲ့သည်။ အွန်လိုင်းဈေးကွက်များမှတဆင့် သူမ၏ ကုန်ပစ္စည်းများအား ကနဦးရောင်းချစဉ်တွင် customer နှင့်ပတ်သက်သော အချက်အလက်များ မရှိသောကြောင့် ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန်အတွက် သူမ၏ ကိုယ်ပိုင်အွန်လိုင်းပလက်ဖောင်း တစ်ခုကို တည်ဆောက်ခဲ့သည်။

> ❝
>
> ထိုအချိန်က မိမိ၏ သားသည် ၃ လသာရှိသေးပြီး ကလေးထိန်းမရှိသောကြောင့် အစာကို မိမိကိုယ်တိုင် ကျွေးနေရသော အချိန်ဖြစ်သည်။ ထို့ကြောင့် Australia Awards team အား ကလေးမှာ သူမစကားနားထောင်သောကြောင့် ကလေးကို အတူခေါ်လာနိုင်ခွင့်ကို တောင်းခဲ့သည်။ သူမသည် ကလေးကို တစ်ချိန်လုံးငြိမ်အောင် ထိန်းထား နိုင်သည်ကို ၎င်းတို့က အသိအမှတ်ပြုခဲ့သည်။ အင်ဒိုနီးရှားတွင်လည်း အင်ဒိုနီးရှားရင်းနီးမြှပ်နှံသူတစ်ဦးထံသို့ ထိုကဲ့သို့ပင် ခွင့်ပြုမှုတောင်းဆိုခဲ့သော်လည်း အစပိုင်းတွင် ငြင်းဆိုခဲ့သည်။
>
> Ayu Budiyanti, Co-founder of Rasha Nusantara

ကဏ္ဍ-၃-လုပ်ငန်းဖြစ်စဉ်များနှင့် စီမံခန့်ခွဲမှု

လုပ်ငန်းဖြစ်စဉ်များအတွက် ဒစ်ဂျစ်တယ်နည်းပညာလက်ခံကျင့်သုံးမှုသည် SE လုပ်ငန်းရှင်များထက် ME လုပ်ငန်းရှင်များတွင် ပိုမိုမြင့်မားသည်။ သို့ရာတွင် လက်ခံကျင့်သုံးမှုဖြစ်စဉ်သည် SEs နှင့် MEs တို့အကြား အစဉ်အတိုင်း မဟုတ်ပေ။ အရောင်း/ဈေးကွက်နှင့် စာရင်းစစ်ဆေးမှုဆိုင်ရာ အစီအစဉ်များကို လက်ခံကျင့်သုံးမှုအပြင် လုပ်ငန်းရှင်အများအပြားသည် ၎င်းတို့၏ ထုတ်ကုန်/ဝန်ဆောင်မှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုတွင် ဒစ်ဂျစ်တယ်နည်းပညာကို ပေါင်းစပ်အသုံးပြုမှုဖြင့် စမ်းသပ်လေ့လာခဲ့ပြီး ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များကို လက်ခံကျင့်သုံးခဲ့သည်။ အောက်ပါဆွေးနွေးမှုတွင် စာရေးသူများသည် လုပ်ငန်းရှင်များအကြားရှိ လုပ်ငန်းဖြစ်စဉ်များအတွက် အများဆုံးအသုံးပြုသော အပလီကေးရှင်းများနှင့် အနည်းဆုံး အသုံးပြုသော အပလီကေးရှင်းများကို ဖော်ထုတ်ထားသည်။

Most Commonly Used Digital Tools

Sales and Marketing	Financial Management	Collaboration Tools
• **Social Media**: 1) Instagram, 2) Facebook • **Marketplace**: 1)Tokopedia, 2)Shopee, 4)Go-jek, 5)Traveloka • **Company website** • **Online advertising**	• **Jurnal.id** • **Monefy** • **Accurate Online** • **Google Spreadsheet or Excel Sheet**	• **Google Drive and Google applications** • **Trello** • **Microsoft Team**

ပုံ ၂.၇- WSME လုပ်ငန်းရှင်များမှ အများဆုံးအသုံးပြုသော ဒစ်ဂျစ်တယ်tools များ

လုပ်ငန်းရှင်များအားလုံးအကြား ရေပန်းအစားဆုံး Instagram ဖြင့် ဒစ်ဂျစ်တယ်အရောင်း/ဈေးကွက်ဆိုင်ရာ အစီအစဉ်အနည်းဆုံးတစ်ခု သို့မဟုတ် နှစ်ခုကို လက်ခံကျင့်သုံးခဲ့သည်။ သို့ရာတွင် လုပ်ငန်းရှင်အချို့သည် ၎င်းတို့လုပ်ကိုင်သော လုပ်ငန်းအမျိုးအစားပေါ်မူတည်ပြီး Social media အသုံးပြုမှုမှာ အကျိုးထိရောက်မှု အရှိဆုံး နည်းလမ်းတစ်ရပ်ဖြစ်ကြောင်း ရှာဖွေတွေ့ရှိခဲ့သည်။ ဥပမာ-ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်လုပ်ငန်းရှိ ME တစ်ခုသည် သူမ၏ ဒစ်ဂျစ်တယ်အရောင်း/ဈေးကွက်ဆိုင်ရာ မဟာဗျူဟာနှင့်ပတ်သက်သော စိုးရိမ်ပူပန်မှုကို ဖော်ပြခဲ့သည်။

မိမိတို့သည် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်လုပ်ငန်းနယ်ပယ်မှ ဖြစ်သောကြောင့် နည်းပညာကို ထုတ်ကုန်ထုတ်လုပ်မှုတွင် များစွာ အသုံးပြုသည်။ သို့သော် ရှိသားစွာဝန်ခံရလျှင် မိမိသည် နည်းပညာနှင့်ပတ်သက်ပြီး သိရှိနားလည်မှုများစွာ မရှိသေးပေ။ မိမိ၏ အဖွဲ့သည် အရောင်းမြှင့်တင်ခြင်းနှင့် ဈေးကွက်ရှာဖွေခြင်းအတွက် အတွက် ဝက်ဘ်ဆိုဒ်ဖန်တီးနေသော်လည်း လုပ်ငန်းအတွက် social /websites အသုံးပြုမှုသည် ထိုမျှလောက် အရေးမကြီးပေ။

ယခုအချိန်တွင် မိမိတို့၏ စိန်ခေါ်မှုသည် ဈေးကွက်နှင့် အရောင်း ဖြစ်သည်။ ကုမ္ပဏီအများစုသည် customer များနှင့် ဆက်သွယ်ရန်အတွက် ဝက်ဘ်ဆိုဒ်ဖန်တီးကြသည်။ မိမိကိုယ်မိမိ မေးခွန်းမေးမိသည်မှာ အဘယ်ကြောင့် ယခင်က ဝက်ဘ်ဆိုဒ်ဖန်တီးမှု မပြုခဲ့သနည်းဟူသော မေးခွန်းပင် ဖြစ်သည်။ ယခုလောလောဆယ်တွင် clients များနှင့် ဆက်သွယ်ရန် WhatsApp ကို အသုံးပြုကြရာတွင် အခက်အခဲများနှင့် ကြုံတွေ့နေရဆဲပင်ဖြစ်သည်။ (ME8)

လုပ်ငန်းဖြစ်စဉ်များနှင့်ပတ်သက်သော ဆုံးဖြတ်ချက်အများစုကို ပညာရှင်များမှ အကြံပြုထားသည့်အတိုင်း လုပ်ငန်းပိုင်ရှင်မှ ကိုင်တွယ်ဖြေရှင်းသည်။ ရင်းမြစ်နှင့် ကျွမ်းကျင်မှုဆိုင်ရာ ကန့်သတ်ချက်များအပြင် သေးငယ်သော အဖွဲ့အရွယ်အစားကြောင့် တာဝန်လွှဲအပ်မှုဖြစ်စဉ်သည်လည်း ကန့်သတ်ခြင်းခံရသည်။ ထိုပြဿနာများကို SEs များတွင် ပိုမိုတွေ့ရပြီး လုပ်ငန်းပိုင်ရှင်သည် ဒစ်ဂျစ်တယ်နည်းပညာနှင့်ပတ်သက်သော သိရှိနားလည်မှု လိုအပ်ကြောင်း ဖော်ပြနိုင်သည်။ ဥပမာ SE လုပ်ငန်းရှင်တစ်ဦးသည် သူမ၏ လုပ်ငန်းအတွက် မှန်ကန်သော စာရင်းစစ်ဆေးသည့် အပလီကေးရှင်းရွေးချယ်ရာတွင် သူမ၏ အတွေ့အကြုံကို မျှဝေခဲ့သည်။

Accurate Online ရွေးချယ်မှုကို အဆုံးမသတ်မီ Jurnal.id ကဲ့သို့သော အမျိုးမျိုးသော ပြည်တွင်းစာရင်းစစ်ဆေးသည့် အပလီကေးရှင်းများကို စစ်ဆေးခဲ့သည်။ ဈေးနှုန်းများကိုလည်း နှိုင်းယှဉ်ခဲ့သည်။ ကလေးများ ရှိသောကြောင့် cloud-base software ကို ရွေးချယ်ခဲ့သည်။ Cloud base tools ကိုအသုံးပြုခြင်းဖြင့် ငွေစစ်ရန်အတွက် ရုံးသို့သွားရန် မလိုပေ။ Smartphone ဖြင့် အိမ်မှ စစ်ဆေးနိုင်သည်။ အခွန်များ၊ စာရင်းများနှင့် အရောင်းများစသည်တို့ကို လွယ်ကူစွာ စစ်ဆေးနိုင်သည်။ (SE5)

လုပ်ငန်းရှင်အများအပြားသည် ဒစ်ဂျစ်တယ်နည်းပညာကို လက်ခံကျင့်သုံးကြသော်လည်း စာရေးသူများသည် လက်ခံကျင့်သုံးမှုကို ပိုမိုသင့်တော်နိုင်စေရန်အတွက် လေ့လာခဲ့ကြသည်။ လုပ်ငန်းရှင်အများအပြားသည် ၎င်းတို့၏ လုပ်ငန်းများတွင် နည်းပညာများကို ပိုမိုလက်ခံကျင့်သုံးလိုကြသည်။ IoT၊ AI နှင့် blockchain တို့နှင့်ပတ်သက်သော ပြောဆိုဆွေးနွေးမှုများကို သုတေသနတွင် ပြုလုပ်ခဲ့ကြသည်။

ပိုမိုစိတ်ဝင်စားဖွယ်ကောင်းသည်မှာ လုပ်ငန်းရှင်အနည်းစုသည် ၎င်းတို့၏ လုပ်ငန်းများစီစဉ်ဆောင်ရွက်ရာတွင် ဒစ်ဂျစ်တယ်နည်းပညာကို ပိုမိုလက်ခံကျင့်သုံးခဲ့ကြကြောင်း ဖော်ပြခဲ့သည်။ ကုန်စည်အသစ်တိုးမြှင့်ရန်အတွက် AI အသုံးပြုမှုဖြင့် စမ်းသပ်ရန် ကြိုးစားနေကြပြီး စီစဉ်ဆောင်ရွက်ဆဲပင်ဖြစ်သည်။ (ME1) အသုံးမပြုရသေးသော အခွင့်အလမ်းများစွာဖြင့် လုပ်ငန်းဖြစ်စဉ်များအတွက် ဒစ်ဂျစ်တယ်နည်းပညာ လက်ခံကျင့်သုံးမှုအပေါ် လွှမ်းမိုးထားသော အချက်များကို အောက်ပါအပိုင်းတွင် ဆွေးနွေးထားသည်။

လုပ်ငန်းဖြစ်စဉ်များနှင့် စီမံခန့်ခွဲမှုများအတွက် ဒစ်ဂျစ်တယ်နည်းပညာလက်ခံကျင့်သုံးမှုအပေါ် လွှမ်းမိုးထားသော အချက်များ

ဈေးကွက်မှာ လျင်မြန်စွာ ပြောင်းလဲနေသော်လည်း ပြောင်းလဲမှုပြုလုပ်ရန်မှာ လုပ်ငန်းများအောင်မြင်ရန်အတွက် ခက်ခဲသောအရာအဖြစ်ရှိနေဆဲပင်ဖြစ်သည်။ လျင်မြန်မှု၊ မသေချာမှု၊ ရှုပ်ထွေးသော သတင်းအချက်အလက်များ၊ နည်းပညာ၊ ယှဉ်ပြိုင်မှုနှင့် မမျှော်မှန်းနိုင်သော ကမ္ဘာလုံးဆိုင်ရာ အကျပ်အတည်း(COVID-19)တို့အတွက် လိုအပ်ချက်များဖြင့် ရင်ဆိုင်ကြုံတွေ့နေရသော်လည်း WSMEs အချို့သည်သာ ပြောင်းလဲရန် ကောင်းစွာ လိုက်လျောညီထွေမှု ပြုနိုင်သည်။ ကန့်သတ်ထားသော ရင်းမြစ်များ၊ အရည်အချင်းများနှင့် ကျွမ်းကျင်မှုများနှင့်ဆက်နွယ်နေသော ကန့်သတ်ချက်များကြောင့် လုပ်ငန်းရှင်များအကြား အသင့်တော်ဆုံးဖြစ်မည့် နည်းပညာလက်ခံကျင့်သုံးမှုဆိုင်ရာ ပြဿနာသည် အံ့အားသင့်ဖွယ်မဟုတ်ပေ။

လုပ်ငန်းဖြစ်စဉ်တွင် အသင့်တော်ဆုံးဖြစ်မည့် ဒစ်ဂျစ်တယ်နည်းပညာ လက်ခံကျင့်သုံးမှု မရှိခြင်းအတွက် အခြားအရေးကြီးသော အချက်သည် ပြောင်းလဲမှုဆိုင်ရာ စီမံခန့်ခွဲမှု ဖြစ်သည်။ ပြောင်းလဲမှုဆိုင်ရာ ဖြစ်စဉ်သည် customers များ၏ လိုအပ်ချက်များနှင့်ပတ်သက်ပြီး ဆောင်ရွက်ရန်အတွက် ညွှန်ကြားမှုများ၊ မဟာဗျူဟာများနှင့် စွမ်းဆောင်ရည်များ စဉ်ဆက်မပြတ်အသစ်လဲလှယ်မှုဆိုင်ရာ အဖွဲ့အစည်းနှင့်ပတ်သက်သည့် ဖြစ်စဉ်ဖြစ်သည်။ ပညာရှင်များဖြင့် အင်တာဗျူးများက အကြံပြုထားသည်မှာ SMEs များသည် ရှုမြင်သုံးသပ်မှုနှင့် ဆောင်ရွက်မှုပုံစံအဟောင်းများနှင့်ပတ်သက်ပြီး အမြဲလိုပင် အခက်အခဲများနှင့် ကြုံတွေ့နေရသည်။ အလားတူပင် လုပ်ငန်းရှင်များသည် စီစဉ်ဆောင်ရွက်နေသောနည်းလမ်းမှာ သက်သောင့်သက်သာရှိကြောင်း ဖော်ပြထားသည်။ ၎င်းတို့၏အတွေ့အကြုံများမှ အကျိုးထိရောက်မှုရှိစွာ ထင်ဟပ်နိုင်ရန်နှင့် သင်ယူနိုင်ရန်တို့အတွက် အချိန်ကန့်သတ်မှုရှိကြောင်း လုပ်ငန်းရှင်အများအပြားမှ ဝန်ခံထားသည်။

ယခင်ကဆောင်ရွက်ချက်များနှင့်ပတ်သက်ပြီး လုပ်ငန်းရှင်များမှ လုပ်ငန်းနှင့် အလုပ်တာဝန်များအကြား မျှတစွာ ဆောင်ရွက်နိုင်ရန် ရုန်းကန်နေရကြောင်း ဖော်ပြထားသည်။ ထိုပြဿနာသည် ကလေးရှိသော လုပ်ငန်းရှင်များအကြားတွင် ဖြစ်ပေါ်နေသော အထင်ရှားဆုံးပြဿနာ ဖြစ်သည်။ SE လုပ်ငန်းရှင်တစ်ဦးက မိသားစုကို ပထမဦးစားပေးထားသောကြောင့် သူမ၏ လုပ်ငန်းကို ဒုတိယဦးစားပေးနေရာတွင်သာ ထားရှိထားကြောင်း ရှင်းပြသည်။

> "
>
> အထူးသဖြင့် ယခုကဲ့သို့ ကိုယ်ဝန်ဆောင်ထားရချိန်အတွင်း မိမိ၏ အဖွဲ့ဖြင့် ပွင့်လင်းမြင်သာမှုရှိစွာ ဆောင်ရွက်ရန် လိုအပ်သည်။ ယခုအချိန်သည် စွမ်းအင်အနည်းဆုံး ကာလဖြစ်သည်။ မျှော်လင့်ချက်ထားမှုနှင့်ပတ်သက်ပြီး လျှော့ထားရန်လိုအပ်ကာ တစ်ကြိမ်ဆောင်ရွက်ရန်အတွက် အချိန်တစ်ရက်ယူပါ။ အကြီးဆုံးသားမှာ လမ်းလျှောက်ကာစအရွယ်သာရှိသေးပြီး မိမိသည် ကိုယ်ဝန်ဆောင်ထားရသည်။ မိမိသည် အလုပ်အတွက် အချိန်လုံလောက်စွာ ပေးထားသည်။ စိတ်ဖိစီးမှုဖြစ်ပေါ်ပါက ကလေး၏ ကျန်းမာရေးနှင့် မိမိ၏ စိတ်ချမ်းသာမှုတို့အပေါ်အကျိုးသက်ရောက်မည်ဖြစ်သည်။ (SE5)

၎င်းနှင့်ပတ်သက်သော အခြားရှင်းလင်းဖော်ပြချက်မှာ အမျိုးသမီးလုပ်ငန်းရှင်များအနေဖြင့် ၎င်းတို့၏ လုပ်ငန်းများစတင်ရန်အတွက် ၎င်းတို့၏ စိတ်ဓာတ်လှုံ့ဆော်မှုနှင့်သက်ဆိုင်နိုင်သည်။

Wulandari et al. သည် စီးပွားရေးလုပ်ငန်းဆိုင်ရာ စိတ်ဓာတ်လှုံ့ဆော်မှုမှာ အမျိုးသမီးများ၏ လုပ်ငန်းဆောင်ရွက်ချက်များအပေါ်တွင် ခိုင်မာစွာ အကျိုးသက်ရောက်မှုရှိကြောင်း ဖော်ပြထားသည်။ စီးပွားရေးလုပ်ငန်းများသည် အလုပ်အကိုင်မရှိမည်ကို ကြောက်ရွံ့ခြင်း သို့မဟုတ် မိသားစုကို ပံ့ပိုးလိုခြင်းတို့ကဲ့သို့ ရည်မှန်းချက်မပြင်းထန်သော စိတ်ဓာတ်လှုံ့ဆော်မှုများဖြင့် ဆောင်ရွက်ပါက အမျိုးသမီးများသည် တစ်ဦးနှင့်တစ်ဦး ဗဟုသုတမျှဝေမှု နည်းပါးနိုင်သည်။

အဆုံးစွန်ဆုံး ရလာဒ်သည် ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုမှုကဲ့သို့ အယူအဆအသစ်များကို လက်ခံကျင့်သုံးခြင်းနှင့် ၎င်းတို့၏ လုပ်ငန်းတိုးတက်မှုဆိုင်ရာ စွမ်းဆောင်ရည်နည်းပါးခြင်းတို့ ဖြစ်နိုင်သည်။ အခြေအနေများက ၎င်းတို့အား ဖိအားမပေးမီ ပြောင်းလဲမှုကို မိတ်ဆက်ရန် လိုအပ်သည်။ ME လုပ်ငန်းပိုင်ရှင်

တစ်ဦးသည် အတုအပပြုလုပ်သူများမှ သူမ၏ တံဆိပ်ကို မူပိုင်ခွင့်ထိပါးပြီး ခိုးချခြင်းခံရချိန်တွင် ဒစ်ဂျစ်တယ်အရောင်းနှင့် စျေးကွက်ရှာဖွေမှု နည်းလမ်းကို လက်ခံကျင့်သုံးခဲ့သည်။



ပုံ ၂၈– လုပ်ငန်းဖြစ်စဉ်များနှင့် စီမံခန့်ခွဲမှုတွင် ဒစ်ဂျစ်တယ်နည်းပညာလက်ခံအသုံးပြုမှုကို အကျိုးသက်ရောက်စေသောအချက်များ

"

အတုအပပြုလုပ်သူများသည် တီရှပ်အတုများကို အွန်လိုင်းတွင် ရောင်းချကြသောကြောင့် မိမိသည် အစပိုင်းတွင် online shop တစ်ခုတည်ထောင်ရန် အစီအစဉ်မရှိခဲ့ပေ။ ရယ်မောဖွယ်အဖြစ်အပျက်တစ်ခုမှာ မိမိထံသို့ အင်တာဗျူးလာရောက်မေးမြန်းသောသူများသည် တီရှပ်အတုများ၏ ဓါတ်ပုံကိုပြသပြီး မေးမြန်းလာသောကြောင့် မိမိမှာ အံ့အားသင့်ကာ အဆိုပါတီရှပ်အတုများကို မည်သည့်နေရာမှ ရသနည်းဟု ပြန်လည်မေးမြန်းရသည်အထိပင် ဖြစ်ခဲ့ရသည်။ ၎င်းတို့သည် ထိုတီရှပ်အတုများကို Google image မှ ဓါတ်ပုံရိုက်ယူထားခြင်းဖြစ်ကြောင်း ထင်ရှားသည်။ (ME3)

ထို့ပြင် လုပ်ငန်းရှင်အများအပြားသည် လုပ်ငန်းအစည်းအဝေးများ/ဆွေးနွေးပွဲများတွင် ကျားမရေးရာနှင့် ပတ်သက်သော ဘက်လိုက်မှုများနှင့် ခွဲခြားဆက်ဆံခြင်းများနှင့်ပတ်သက်ပြီး ကိုင်တွယ်ဖြေရှင်းနေရကြောင်း ဖော်ပြထားသည်။

"

မိမိသည် ငယ်ရွယ်သော မိန်းကလေးတစ်ဦး ဖြစ်သောကြောင့် ခွဲခြားဆက်ဆံခံရခြင်းနှင့် ပတ်သက်ပြီး ပြင်းထန်စွာ ဆန့်ကျင်သည်။ အခြားသူများက မိမိကို မိမိမိတ်ဖက်၏ လက်ထောက်တစ်ဦးအနေဖြင့်သာ ဆက်ဆံကြသည်။ မိမိ၏ မိတ်ဖက်မှ မိမိ၏ ကျွမ်းကျင်မှုအရည်အချင်းများနှင့် ပတ်သက်ပြီး လေးစားမှုရှိသောကြောင့် အစည်းအဝေးများနှင့် လုပ်ငန်းဆိုင်ရာ ဆွေးနွေးပွဲများတွင် မိမိကို မကြာခဏ ခုခံကာကွယ်ပေးခဲ့သည်။ မိမိကိုယ်မိမိ ပထမမိတ်ဆက်စဉ်က အခြားသူများက မိမိ၏ အရည်အချင်းနှင့် ပတ်သက်ပြီး သံသယရှိနိုင်မည်ဖြစ်သော်လည်း တွဲဖက်တည်ထောင်သူမှ မိတ်ဆက်ပေးသောအခါတွင်မူ ပိုမိုလေစားမှုရှိကြောင်း တွေ့ရှိရသည်။ (ME9)

လုပ်ငန်းရှင်များ တွေ့ကြုံရသော ခွဲခြားဆက်ဆံခံရမှုနှင့်ပတ်သက်သည့် အခြားဥပမာများတွင် အောက်ပါတို့ပါဝင်သည်။

၁။ သူမသည် အမျိုးသမီးဖြစ်ခြင်းကြောင့် အင်ဒိုနီးရှားရင်းနှီးမြှပ်နှံသူများ သို့မဟုတ် အလားအလာရှိသော clients များ၏ ငြင်းပယ်မှုခံရခြင်း
၂။ ဈေးငွေနှင့်ပတ်သက်သော ဖြစ်စဉ် သို့မဟုတ် အခြားငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများ ဆောင်ရွက်ရန်အတွက် သူမခင်ပွန်း၏ လက်မှတ်လိုအပ်သော အချို့ဘဏ်များကြောင့် ဘဏ်များမှ ငွေကြေးရရှိရန် ခက်ခဲမှုများနှင့် ကြုံတွေ့ခဲ့ရခြင်း
၃။ နမူနာကုန်စည်များအား အရောင်းစတိုးဆိုင်များသို့ ပေးပို့ချိန်တွင် ပျူငှာဖော်ရွေမှု မရှိသော ပုံစံဖြင့် ဆက်ဆံခံရခြင်း
၄။ အမျိုးသားများအနီးအနားတွင်ရှိပါက သူမ၏ နေပုံထိုင်ပုံနှင့်ပတ်သက်ပြီး သတိထားရန် လိုအပ်သည်ဟု ခံစားရခြင်း
၅။ လုပ်ငန်းနှင့်ပတ်သက်သော အကြောင်းပြချက်များအတွက် တစ်ဦးတည်းခရီးသွားရမည်ကို သက်သောင့်သက်သာမဖြစ်ခြင်း

နိဂုံးချုပ်ရန်အတွက် အမျိုးသမီးလုပ်ငန်းရှင်များသည် အမျိုးသားလုပ်ငန်းရှင်များထက်ပိုပြီး မိသားစုနှင့် လုပ်ငန်းအကြား ဟန်ချက်ညီမျှစေရန် တာဝန်များ

ပိုမိုရှိကြကြောင်းကို လက်တွေ့တွင် သဘောတူညီခဲ့သည်။ လုပ်ငန်းများတွင် ဖွဲ့စည်းမှုဆိုင်ရာ ပြောင်းလဲမှုနှင့်ပတ်သက်သော အစီအစဉ်ရေးဆွဲရန်နှင့် ၎င်းတို့၏ အတွေ့အကြုံများနှင့်ပတ်သက်ပြီး ထင်ဟပ်နိုင်ရန်မှာ ခက်ခဲသည်။ လုပ်ငန်းရှင်အများအပြားသည် အမျိုးသမီးအများစုမှာ အမျိုးသားများနှင့်နှိုင်းယှဉ်ပါက လုပ်ငန်းနှင့်ပတ်သက်သော အမျိုးမျိုးသော သတင်းအချက်အလက်ရရှိနိုင်မှုဆိုင်ရာ အခွင့်အလမ်း နည်းပါးကြကြောင်းနှင့် ပတ်သက်ပြီးလည်း အငြင်ပွားကြသည်။ ရလာဒ်အဖြစ် လုပ်ငန်းရှင်အများအပြားသည် အလုပ်ကြိုးစားခြင်းသည်သာလျှင် ခွဲခြားဆက်ဆံရမှုမှ ရှောင်ကြဉ်နိုင်ရန်အတွက် တစ်ခုတည်းသော အဖြေရှာမှုဖြစ်ကြောင်း သုံးသပ်ကြသည်။ ၎င်းတို့သည် အောင်မြင်သော စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ကြောင်းကို လူမှုအသိုက်အဝန်းအား သက်သေပြရန် တာဝန်ရှိသည်ဟု ခံစားကြရသည်။

ကဏ္ဍ ၄–အကျပ်အတည်းဆိုင်ရာ စီမံခန့်ခွဲမှု (COVID-19)

ဧပြီလ ၂၀၂၀တွင် MCSME သည် COVID-19 ၏ ပြင်းထန်စွာ ရိုက်ခတ်မှုကြောင့် MSMEs (၃၇,၀၀၀) ထံမှ အစီရင်ခံစာများကို လက်ခံရရှိပြီးနောက် စိတ်ဓါတ်လှုံ့ဆော်ပေးသော အစီအစဉ်တစ်ရပ်ကို ပြင်ဆင်ခဲ့သည်။ ထိုစိတ်ဓါတ်လှုံ့ဆော်မှုတွင် ချေးငွေဆိုင်ရာ လျှော့ပေါ့မှုများ၊ ၆ လတာ အခွန်လျှော့ပေါ့မှုနှင့် အသေးစားစီးပွားရေးလုပ်ငန်းများအတွက် ငွေကြေးလွှဲပြောင်းမှုများ ပါဝင်သည်။ အစိုးရသည် အသေးစားစီးပွားရေးလုပ်ငန်းများမှာ COVID-19 ၏ အကျိုးသက်ရောက်မှုအခံရဆုံးဖြစ်သည်ဟု ယူဆသောကြောင့် ထိုလုပ်ငန်းများအား အကူအညီများပေးရန် ဦးစားပေးဆောင်ရွက်ခဲ့သည်။ MCSME အနေဖြင့် လက်ခံရရှိခဲ့သော လုပ်ငန်းများအပေါ် COVID-19 ၏ အကျိုးသက်ရောက်မှုများနှင့် ပတ်သက်သည့် စုစုပေါင်း တိုင်ကြားမှုများအနက် SMEs များ၏ တိုင်ကြားမှုများမှာ ၁၂.၆ ရာခိုင်နှုန်း ဖြစ်ပြီး SMEs များသည် COVID-19 ကာလအတွင်း အသေးစားစီးပွားရေးလုပ်ငန်းများထက် ပိုပြီး ရပ်တည်နိုင်ခဲ့သည်ဟု ဖော်ပြထားသည်။

စိတ်ဝင်စားဖွယ်ကောင်းသည်မှာ WSME လုပ်ငန်းရှင်အများစုသည် လုပ်ငန်းဆောင်ရွက်ချက်များနှင့် ထုတ်လုပ်မှုများနှင့်ပတ်သက်သော ပြဿနာများ ရှိခဲ့သော်လည်း ဧပြီလနှင့် မေလတို့တွင် အရောင်းတိုးတက်ခဲ့သည်ဟု ဖော်ပြထားသည်။ အရောင်းတိုးတက်မှုသည် messengers, social media, marketplace နှင့် website ကဲ့သို့သော ဒစ်ဂျစ်တယ် အရောင်းများ/ဈေးကွက်ရှာဖွေမှုများဆိုင်ရာ မဟာဗျူဟာများကို အသင့်တော်ဆုံးဖြစ်စေရန် အသုံးပြုခဲ့သော WSMEs များတွင် အများဆုံးဖြစ်ခဲ့သည်။

၎င်းတို့သည် lockdown ဆောင်ရွက်ချက်များကြောင့် customers များ၏ ဖန်သားပြင်ကြည့်ရှုသော အချိန်တိုးတက်နိုင်ကြောင်း ထပ်မံရှင်းပြခဲ့သည်။ ကိတ်မုန့်များကို အွန်လိုင်းမှတဆင့်ရောင်းချသော SE4 သည် COVID-19 ကြောင့် အွန်လိုင်းမှတဆင့် ဝယ်ယူမှုကို ပိုမိုနှစ်သက်လာကြသဖြင့် အရောင်းတိုးတက်ခဲ့ကြောင်း ဆိုခဲ့သည်။ WSME လုပ်ငန်းရှင်များ၏ ၈၈.၅ ရာခိုင်နှုန်းသည် ရပ်တည်မှုအတွက် COVID-19 အတွင်း လုပ်ငန်းများ(အငယ်စားနှင့် အလတ်စားလုပ်ငန်းနှစ်မျိုးလုံး)တွင် ဒစ်ဂျစ်တယ်နည်းပညာ လက်ခံကျင့်သုံးခဲ့ကြကြောင်း ဖော်ပြထားသည်။

ပြင်ပတွေ့ဆုံမှုများနှင့်ပတ်သက်သော ကန့်သတ်ချက်များကြောင့် SMEs အများအပြားသည် အွန်လိုင်းဈေးကွက်မှတဆင့် ရောင်းချလာကြသည်။ သို့ရာတွင် အချို့မှာ ကပ်ရောဂါမဖြစ်ပေါ်မီကတည်းက အွန်လိုင်းတွင် ရောင်းချနေသောကြောင့် အရောင်းတိုးတက်ခဲ့သည်။



ပုံ ၂.၉– COVID-19 ကာလအတွင်း ဒစ်ဂျစ်တယ်နည်းပညာပေါ်ပေါက်လာမှု

လုပ်ငန်းရှင်များသည် online meeting platforms အသုံးပြုမှုအတွက် အဖွဲ့ဖြင့် ပူးပေါင်းဆောင်ရွက်နိုင်သကဲ့သို့ ပြင်ပအဖွဲ့အစည်းများဖြင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းလည်း ဖော်ပြထားသည်။ ထို့ပြင် WSME လုပ်ငန်းရှင်အများအပြားသည် customers များထံသို့ ၎င်းတို့၏ ထုတ်ကုန်များ/ဝန်ဆောင်မှုများကို ပေးပို့သော နည်းလမ်းကို ပြောင်းလဲရန် ဒစ်ဂျစ်တယ်နည်းပညာကို အသုံးပြုခဲ့သည်။ ကြက်သားများကို ပေးပို့ရန် Gosend (in Gojek app) ကို များစွာ အသုံးပြုခဲ့သည်။(SE12)

WSME လုပ်ငန်းရှင်အများစုသည် ဈေးကွက်အခြေအနေများနှင့်ပတ်သက်ပြီး ပြင်းထန်စွာပြောင်းလဲမှုများရှိခဲ့သော်လည်း ၎င်းတို့၏ လုပ်ငန်းများ ရေရှည်တည်တံ့နိုင်ရန်အတွက် အဆိုပါ ကပ်ရောဂါကို ရင်ဆိုင်ရာတွင် ကြံ့ကြံ့ခံနိုင်ခဲ့ကြသည်။

“

မိမိသည် အရှေ့အလယ်ပိုင်းဒေသမှ လက်ဆောင်ပစ္စည်းများ ရောင်းချသောလုပ်ငန်းကို လုပ်ကိုင်ခဲ့သည်။ ကပ်ရောဂါကြောင့် ဖေဖော်ဝါရီလ ၂၀၂၀ တွင် လမ်းကြောင်းပြောင်းလဲခဲ့ရသည်။ ယခင်က မိမိသည် ဆော်ဒီအာရေဗျ၏ Umrah နှင့် Hajj ဘာသာရေးပွဲတော်များသို့ ပို့ဆောင်ပေးသော ခရီးသွားအေဂျင်စီတစ်ခုကို လုပ်ကိုင်ခဲ့သည်။ သို့ရာတွင် အင်ဒိုနီးရှားနိုင်ငံအား COVID-19 positive အဖြစ် တရားဝင်ကြေငြာခြင်းမခံရမီ အရှေ့အလယ်ပိုင်းသည် lockdown ကန့်သတ်ချက်များကို ကြုံတွေ့ခဲ့ရသောကြောင့် မိမိတွင် အလုပ်အကိုင်မရှိခဲ့ပေ။

ထို့ကြောင့် ခရီးသွားကုမ္ပဏီတွင် ဝန်ထမ်း ၄ ဦးကို အလုပ်မှ ထုတ်ပစ်ခဲ့ရပြီး ကျန်ဝန်ထမ်း ၃ ဦးမှာ လက်ဆောင်ပစ္စည်းများရောင်းချရန် ဆက်လက်လုပ်ကိုင်လျက်ရှိသည်။ ထိုအချိန်မှစပြီး မိမိသည် social media တွင် စတင်ရောင်းချခဲ့သည်။ (SE7)

ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုမှုနှင့်သက်ဆိုင်သော ကန့်သတ်ချက်များကို SE နှင့် ME နှစ်မျိုးလုံးတွင် လိုက်နာအသုံးပြုနိုင်ရန်အတွက် စီစဉ်ဆောင်ရွက်ပေးထားသည်။ အဆိုပါလုပ်ငန်းများတွင် အမျိုးသမီးဆုံးဖြတ်ချက်ချမှတ်သူများအတွက် အကြီးမားဆုံး စိန်ခေါ်မှုများမှာ အဘယ်နည်း။ ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်သော စိုးရိမ်ပူပန်မှုများအပေါ် မည်သို့ထင်ဟပ်သနည်း။ အောက်ပါအပိုင်းတွင် လုပ်ငန်းရှင်များအနေဖြင့် ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုမှုနှင့်ပတ်သက်ပြီး ကြုံတွေ့ရသော စိန်ခေါ်မှုများကို ထပ်မံဆွေးနွေးထားသည်။

ဒစ်ဂျစ်တယ်နည်းပညာ လက်ခံကျင့်သုံးမှုနှင့် ပတ်သက်သော စိန်ခေါ်မှုများမှာ အဘယ်နည်း။

WSMEs များသည် ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုမှုနှင့်ပတ်သက်သော စိတ်ဝင်စားမှုများကို ပြသခဲ့သော်လည်း ထိုနည်းပညာနှင့် ပတ်သက်ပြီး အသိပညာနည်းပါးသော လုပ်ငန်းရှင်များသည် အလားအလာရှိသော အခွင့်အလမ်းများနှင့် အကျိုးသက်ရောက်မှုများကို အပြည့်အဝမဆုပ်ကိုင်နိုင်ပေ။ စာရေးသူများသည် ဒစ်ဂျစ်တယ်နည်းပညာ အသုံးပြုမှုနှင့်ပတ်သက်သော အဓိကစိန်ခေါ်မှုများကို ရှာဖွေရန် ယခင်က ဆွေးနွေးခဲ့သည့် ကဏ္ဍအားလုံးတွင် ဖော်ပြထားသော ပါဝင်သည့်အချက်များ အားလုံးကို ပေါင်းစပ်ခဲ့သည်။ ယေဘူယျအားဖြင့် လုပ်ငန်းရှင်များသည် ၎င်းတို့၏ ဒစ်ဂျစ်တယ်နည်းပညာနှင့်ပတ်သက်သော ဗဟုသုတများ၊ ထိုနည်းပညာကို အမှီလိုက်နိုင်မည့် အရည်အချင်း၊ ထိုနည်းပညာနှင့်ပတ်သက်ပြီး အလွန်ကျွမ်းကျင်သော ဝန်ထမ်းများကို စုဆောင်းထိန်းသိမ်းထားနိုင်ရန် အတွက် ရင်းမြစ်များရှိရန် လိုအပ်မှုနှင့် ပြောင်းလဲမှုဆိုင်ရာ စီမံခန့်ခွဲမှုများနှင့်ပတ်သက်ပြီး စိုးရိမ်ပူပန်မှုများ ရှိခဲ့သည်။ လုပ်ငန်းအရွယ်အစားသည် လုပ်ငန်းရှင်များတွေ့ကြုံရမည့် စိန်ခေါ်မှုအမျိုးအစားများအပေါ် ထင်ဟပ်မှုရှိ/မရှိဆိုသည်နှင့် ပတ်သတ်ပြီး သိရှိနားလည်နိုင်ရန် SEs နှင့် MEs များမှ ရင်ဆိုင်ခဲ့ရသော စိန်ခေါ်မှုများနှင့်ပတ်သက်သည့် လေ့လာဆန်းစစ်မှုများကို အောက်ပါအပိုင်းတွင် ပေါင်းစပ်ဖော်ပြထားသည်။



ပုံ ၂.၁၀- WSME လုပ်ငန်းရှင်များအကြား ရှာဖွေတွေ့ရှိထားသော ဒစ်ဂျစ်တယ်နည်းပညာလက်ခံကျင့်သုံးမှုဆိုင်ရာ ထိပ်ပိုင်းစိန်ခေါ်မှု(၅)ရပ်

SEs များမှ ရင်ဆိုင်ရသည့် စိန်ခေါ်မှုများ

SE လုပ်ငန်းရှင်များသည် အထူးသဖြင့် အရောင်း တိုးတက်ရန်အတွက် လက်ခံကျင့်သုံးခဲ့သော ဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာ tools အမျိုးအစား အနည်းငယ်ကို ဖော်ပြခဲ့သည်။ပိုမိုများပြားသော tools များကို လက်ခံကျင့်သုံးမည်လားဆိုသည်ကို မေးမြန်းချိန်တွင် အများစုသည် ကန့်သတ်ထားသော ရင်းမြစ်များ၊ ကျွမ်းကျင်မှုများနှင့် အရည်အချင်းများ နှင့်ပတ်သက်သော အခွင့်အလမ်းများရရှိရန် လိုအပ်ကြောင်း အများဆုံးဖော်ပြခဲ့ကြသည်။ SE ပိုင်ရှင် တစ်ဦးသည် ဒစ်ဂျစ်တယ်နည်းပညာ လက်ခံကျင့်သုံးမှုနှင့်ပတ်သက်ပြီး သူမ၏ ရုန်းကန်ကြိုးစားခဲ့ရပုံများကို မျှဝေထားသည်။

အထက်ဖော်ပြပါ ကန့်သတ်ချက်များအပြင် လုပ်ငန်းရှင်များသည် ဒစ်ဂျစ်တယ်နည်းပညာမှ စီစဉ်ပေးနိုင်သော အခွင့်အလမ်းများနှင့်ပတ်သက်သည့် ဗဟုသုတများမရှိခြင်းကို ဖော်ပြ ခဲ့ကြသည်။ ထိုအချက်သည် လုပ်ငန်းများလုပ်ကိုင်ရာတွင် ရည်မှန်းချက်မကြီးသော သူများအတွက် သိရှိနားလည်ရန် ပိုပြီးခက်ခဲသည်။ ယခုအချိန်တွင် မိမိသည် ထုတ်လုပ်မှုအချိန်ဇယားနှင့်ပတ်သက်ပြီး သေချာမှု ရှိစေလိုရုံမျှပင် ဖြစ်သည်။ ကြီးမားသောရည်မှန်းချက် မလိုအပ်ပေ။ မိမိတို့၏ လုပ်ငန်းတွင် အမြတ်များ ရရှိပြီးသား ဖြစ်သည်။ မိမိတို့အနေဖြင့် ထိုအကျိုး အမြတ်များကို ခံစားရုံသာ ဖြစ်သည်။ (SE 12)

“

IDR 39.000 (ခန့်မှန်းခြေအမေရိကန်ဒေါ်လာ ၂.၆၅) အတွက် Kite(စာရင်း tool) ကို subscribing မလုပ်မီ သုတေသနအချို့ ပြုလုပ်ခဲ့သည်။ အခြား tool များ အကြားတွင် ထို tool သည် စာရင်းများအတွက် အကောင်းဆုံးနှင့် တွက်ခြေအကိုက်ဆုံး tool ဖြစ်သည်။ ဈေးနှုန်းသက်သာသော tool တစ်ခုရှာဖွေတွေ့ရှိပြီးလျှင်ပင် လုပ်ငန်းလုပ်ကိုင်ရန် ကိုယ်ပိုင်ဖုန်းကို အသုံးပြုနေကြသောကြောင့် ၎င်း tool ကို အသုံးပြုရန် ပျက်ကွက်ခဲ့ပင်ဖြစ်သည်။ ထို tool ကို အသုံးပြုရန်အတွက် tablet အသစ်တစ်လုံးကို လိုအပ်သည်။ ထိုသို့ပြုလုပ်ရန်အတွက် နည်းလမ်းရှာရန် လိုအပ်သည်။ အဖွဲ့တွင် ထိုသို့ပြုလုပ်ရန် အတွက် အချိန်မရှိပေ။ ၎င်းကိုအသုံးပြုရန်အတွက် များစွာ လေ့ကျင့်ပေးရန် မလိုအပ်ပေ။ (SE1)

MEs များမှ ရင်ဆိုင်ရသည့် စိန်ခေါ်မှုများ

MEs များမှ ရင်ဆိုင်ရသော ထိပ်တန်းစိန်ခေါ်မှုများသည် SEs များမှ ရင်ဆိုင်ရသည့် စိန်ခေါ်မှုများနှင့် များစွာ မကွဲပြားပေ။ သို့သော် WMEs များအတွက် ထိပ်တန်းအကျဆုံးဖြစ်သော စိန်ခေါ်မှုမှာ ရင်းမြစ်များဆိုင်ရာ ဗဟုသုတရှိရန် ဖြစ်သည်။ အင်တာဗျူးများအရ ME လုပ်ငန်းရှင်များသည် ကွဲပြားသော ဒစ်ဂျစ်တယ် tools အမျိုးအစားများကို ၎င်းတို့၏ လုပ်ငန်းများအတွင်းသို့ ပေါင်းစည်းရန်အတွက် ခွင့်ပြုပေးသော ရင်းမြစ်များကို ရရှိပြီး ဖြစ်သည်။ အချို့ ME လုပ်ငန်းရှင်များသည် ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုမှုနှင့်ပတ်သက်သော သတင်းအချက်အလက်များစွာဖြင့် လက်ရှိဖွံ့ဖြိုးတိုးတက်မှုများနှင့် အမီလိုက်နိုင်ရန် ကြိုးစားရန်းကန်လျက်ရှိကြောင်း ဖော်ပြထားသည်။ အချို့လုပ်ငန်းရှင်များသည် ၎င်းတို့၏ လုပ်ငန်းများအတွက် အမျိုးမျိုးသော ဒစ်ဂျစ်တယ် tools များနှင့်ပတ်သက်သည့် ဗဟုသုတများကို ကန့်သတ်ထားပြီး ဖြစ်သည်။ ထို့ပြင် အချို့လုပ်ငန်းရှင်များသည် ဒစ်ဂျစ်တယ် tool ဖြင့် ပြုလုပ်ဆောင်ရွက်နိုင်သော ဆောင်ရွက်ချက်များနှင့်ပတ်သက်ပြီး မှားယွင်းသော နားလည်သိရှိမှုများရှိနေကြသည်။

"စာရင်းစစ်ဆေးမှုအတွက် Excel ကို အသုံးပြုလေ့ရှိသော်လည်း လက်ဖြင့်ရေးမှတ်ခြင်းကို ပြန်လည်အသုံးပြုနေသည်။ အကြောင်းမှာ Excel တွင် လက်မှတ်ထိုးခြင်း မပြုနိုင်သဖြင့် ကုန်ကျစရိတ်များမှာ မှန်ကန်မှုရှိ/မရှိဆိုသည်နှင့် မှားယွင်းနေပါက မည်သူ့ထံတွင် တာဝန်ရှိသည်တို့နှင့်ပတ်သက်ပြီး မသိရှိနိုင်သောကြောင့် ဖြစ်သည်။ (ME14) ထိုလုပ်ငန်းရှင်က Excel တွင် စာရင်းသွင်းမှုနှင့်ပတ်သက်ပြီး ခြေရာခံနိုင်ရန်အတွက် အင်္ဂါရပ်မပါရှိသောကြောင့် စာရင်းသွင်းမှုအတွက် ဒစ်ဂျစ်တယ် tool ကို အသုံးမပြုရန် အကြံပြုထားသည်။

အမျိုးသမီးလုပ်ငန်းရှင်များသည် အမျိုးသမီးများအနေဖြင့် ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုခြင်းတွင် အခက်အခဲများရှိနိုင်ကြောင်း ဖော်ပြထားသောကြောင့် ကျွမ်းကျင်မှုနှင့် အရည်အချင်းတို့နှင့်ပတ်သက်ပြီး MEs များတွင် စိန်ခေါ်မှုတစ်ရပ် ရှိနေဆဲပင် ဖြစ်သည်။

လုပ်ငန်းရှင်အမျိုးသမီးများသည် အမျိုးသားအဖွဲ့ဝင်များမှ ပြုလုပ်ထားသော tools များအား မည်သို့အသုံးပြုရမည်ဆိုသည်နှင့်ပတ်သက်ပြီး သင်ကြားရန်အတွက် ပွင့်လင်းမှုရှိကြကြောင်း ဖော်ပြထားသည်။ သို့ရာတွင် အဆိုပါပံ့ပိုးမှုများမရှိပါက ၎င်းတို့၏ ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုခြင်းနှင့်ပတ်သက်ပြီး ကန့်သတ်ထားသော ဗဟုသုတများကြောင့် ထိုနည်းပညာကို ကျင့်သုံးရန် ခက်ခဲနိုင်သည်။

> "
>
> မိမိနှင့်တူသော မိခင်များသည် နည်းပညာနှင့်ပတ်သက်ပြီး သိရှိနားလည်မည်မဟုတ်ဟူသော အယူအဆတစ်ရပ် ရှိသည်။ ထို့ကြောင့် နည်းပညာကို လုပ်ငန်းတွင် မည်သို့ပေါင်းစပ်ရမည်ဆိုသည်နှင့်ပတ်သက်ပြီး သင်ကြားပြသပေးသော အမျိုးသားအထွေထွေမန်နေဂျာပေါ်တွင် မှီခိုနေရသည်။ (SE1)

ဒစ်ဂျစ်တယ်နည်းပညာအသွင်ကူးပြောင်းမှုအတွက် အခွင့်အလမ်းများ

ဒစ်ဂျစ်တယ်နည်းပညာအသွင်ကူးပြောင်းမှုသည် လုပ်ငန်းများတွင် ရေပန်းစားလာသည်။ ဒစ်ဂျစ်တယ်နည်းပညာပေါင်းစည်းအသုံးပြုခြင်းသည် အဖွဲ့အစည်းမှ ဆောင်ရွက်သော နည်းလမ်းနှင့် customers များအားတန်ဖိုးတစ်ရပ်ပေးပို့သော နည်းလမ်းတို့နှင့်ပတ်သက်သော အလျဉ်ပြတ်မှုတစ်ရပ်အတွက် စီစဉ်ဆောင်ရွက်ပေးရန် ရည်ရွယ်သော ဖြစ်စဉ်တစ်ရပ်ဖြစ်သည်။

WSMEs လုပ်ငန်းရှင်များအကြား ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုမှုနှင့်သက်ဆိုင်သည့် ပါဝင်သောအချက်အလက်များနှင့် စိန်ခေါ်မှုများနှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုများပြုလုပ်ပြီးနောက် စာရေးသူများသည် ဒစ်ဂျစ်တယ်နည်းပညာအသွင်ကူးပြောင်းမှုအတွက် အခွင့်အလမ်းများကို ဖော်ထုတ်ရန် ဒစ်ဂျစ်တယ်နည်းပညာလက်ခံကျင့်သုံးမှုဆိုင်ရာ ပုံစံများကို နမူနာပေးခဲ့သည်။



ပုံ ၂.၁၁- အင်တာဗျူးမှ ရှာဖွေတွေ့ရှိမှုများပေါ်တွင် အခြေခံထားသော ဒစ်ဂျစ်တယ်tools များ၏ စာရင်း

လုပ်ငန်းရှင်များသည် လုပ်ငန်းများအတွက် ဒစ်ဂျစ်တယ် tools များကို လက်ခံကျင့်သုံးပါက ဒစ်ဂျစ်တယ်နည်းပညာလက်ခံကျင့်သုံးမှု အရှိန်အဟုန်နှင့်ပတ်သက်ပြီး ၎င်းတို့ကို မေးမြန်းနိုင်သည်။ အသုံးပြုသော tools များ၏ စာရင်းသည် ပုံ ၂.၁၁ တွင် ဖော်ပြထားသည့် အင်တာဗျူးမှ ရှာဖွေတွေ့ရှိမှုများပေါ်တွင် အခြေခံသည်။ ထို့နောက် စာရေးသူများသည် အောက်ပါ ရိုးရှင်းသည့် တွက်ချက်မှုကို အသုံးပြုပြီး အနိမ့်အဆင့်၊ အလယ်အလတ်အဆင့်နှင့် အမြင့်အဆင့်ခွဲကာ အသုံးပြုမှုအစီအစဉ်ကို ရေးဆွဲခဲ့သည်။

Intensity = n / 22

0% < Low Intensity <= 33%

33% < Medium Intensity <= 66%

66% < High Intensity <= 100%

Equation 1.1: Digital Intensity Level Formula



ပုံ ၂.၁၂– WSME လုပ်ငန်းရှင်များအကြား ဒစ်ဂျစ်တယ်နည်းပညာလက်ခံကျင့်သုံးမှုဆိုင်ရာ ထက်သန်မှုပုံစံ

အထက်ပါ ဒစ်ဂျစ်တယ်နည်းပညာလက်ခံကျင့်သုံးမှု အရှိန်အဟုန်၏ ပုံစံသည် ဒစ်ဂျစ်တယ်နည်းပညာ လက်ခံကျင့်သုံးမှုမည်မျှဖြစ်ပေါ်ခဲ့သည်နှင့် လုပ်ငန်းရှင်များမှ စိန်ခေါ်မှုမည်မျှကို ကျော်လွှားနိုင်ခဲ့သည်တို့အကြား ဆက်နွယ်မှုကို ဖော်ပြသည်။ ဒေါင်လိုက်ဝင်ရိုးသည် ဒစ်ဂျစ်တယ်နည်းပညာ လက်ခံကျင့်သုံးမှု ရာခိုင်နှုန်းကို ကိုယ်စားပြုပြီး အလျားလိုက်ဝင်ရိုးသည် လုပ်ငန်းရှင်များ ရင်ဆိုင်ရသော စိန်ခေါ်မှုအရေအတွက်ကို ဖော်ပြသည်။ ဒစ်ဂျစ်တယ်နည်းပညာ လက်ခံကျင့်သုံးမှုနှင့် စိန်ခေါ်မှုများနှင့်ပတ်သက်သော အမှတ်နှစ်မျိုးလုံးတွင် တူညီနေသော လုပ်ငန်းရှင်နှစ်ဦးရှိသောကြောင့် ရောင်စုံအစက်၂၅ စက်သည် တစ်ဦးချင်းလုပ်ငန်းရှင် ၂၆ ဦးကို ကိုယ်စားပြုသည်။

အထက်ဖော်ပြပါပုံသည် အနိမ့်အဆင့်တွင် WSMEs ၁၂ ခု၊ အလယ်အဆင့်တွင် ၁၂ ခုနှင့် အမြင့်အဆင့်တွင် ၁ ခု ရှိကြောင်း ဖော်ပြထားသည်။ ယေဘူယျအားဖြင့် WSMEs များအနေဖြင့် စိန်ခေါ်မှုများကို ပိုမိုကျော်လွှားနိုင်ပါက ဒစ်ဂျစ်တယ်နည်းပညာ လက်ခံကျင့်သုံးမှုမှာ ပိုမိုလွယ်ကူမည် ဖြစ်ကြောင်း ဖော်ပြထားသည်။ အဆင့်အနိမ့်တွင် ပါဝင်သော လုပ်ငန်းရှင်များသည် ဒစ်ဂျစ်တယ်နည်းပညာလက်ခံကျင့်သုံးမှုနှင့် ပတ်သက်ပြီး အဟန့်အတားဖြစ်စေသော စိန်ခေါ်မှုများကို ရင်ဆိုင်နေရဆဲ ဖြစ်သည်။

စိတ်ဝင်စားဖွယ်ကောင်းသည်မှာ အဆင့်အနိမ့်ရှိ လုပ်ငန်းများသည် ပြောင်းလဲမှုဆိုင်ရာ စီမံခန့်ခွဲမှု၊ ဗဟုသုတ၊ အရည်အသွေးကျွမ်းကျင်မှု၊ (ပျမ်းမျှ ၁၀၀ ရာခိုင်နှုန်း)တို့ကို ၎င်းတို့၏ ဒစ်ဂျစ်တယ်နည်းပညာလက်ခံကျင့်သုံးမှုအတွက် အဓိက အဟန့်အတားများအဖြစ် စုပေါင်းဖော်ပြခဲ့ကြသည်။ ထိုအဆင့်ရှိ ကုမ္ပဏီများသည် ဆုံးဖြတ်ချက်ချမှတ်ရန်အတွက် ၎င်းတို့၏ ပိုင်ရှင်ကို အများဆုံးမှီခိုနေကြရသည်။ ထို့ကြောင့် လုပ်ငန်းပိုင်ရှင်သည် ဒစ်ဂျစ်တယ်နည်းပညာလက်ခံကျင့်သုံးမှုနှင့် ပတ်သက်ပြီး ယုံကြည်လက်ခံမှုမရှိပါက ထိုကုမ္ပဏီအနေဖြင့် ဒစ်ဂျစ်တယ်နည်းပညာလက်ခံကျင့်သုံးရန် မဖြစ်နိုင်ပေ။

ရှာဖွေတွေ့ရှိမှုများကို အခြေခံပြီး WSMEs များသည် ဒစ်ဂျစ်တယ်နည်းပညာလက်ခံကျင့်သုံးရန်အတွက် ကွဲပြားသော နည်းလမ်းများကို အသုံးပြုခဲ့ကြသည်။ ကုမ္ပဏီများသည် မည်သည့် tools များကို အနိမ့်အဆင့်၊ အလယ်အလတ်အဆင့် သို့မဟုတ် အမြင့်အဆင့်တို့တွင် သီးသန့် အသုံးပြုကြကြောင်းနှင့် ပတ်သက်ပြီး ဖော်ပြထားသော ပုံစံမရှိပေ။ သို့ရာတွင် အလယ်အဆင့်၏ အပေါ်ပိုင်းမှ အဆင့်အမြင့်အထိ

ရှိသော လုပ်ငန်းရှင်များသည် နည်းပညာဖွံ့ဖြိုး တိုးတက်ရန်အတွက် အဆင်သင့်ဖြစ်နေသော ကုမ္ပဏီတစ်ခုဖြစ်လာစေရန် အမြင်များ၊ စီမံခန့်ခွဲ မှုများ၊ IT စွမ်းရည်များကို ဖန်တီးခြင်းဖြင့် အသွင်ကူး ပြောင်းမှုခရီးကို စတင်ခဲ့သည်။

အင်တာဗျူးများအရ ၎င်းတို့၏ ရည်ရွယ်ချက်များမှာ ရှင်းလင်းပြီး အောက်ပါအတိုင်းဖြစ်သည်။

၁။ ပိုမိုခိုင်မာသော ငွေကြေးမတည်မှုဖြင့် လုပ်ငန်း ဆိုင်ရာ လုံခြုံစိတ်ချရမှု ရှိရန်နှင့်

၂။ လုပ်ငန်းများချဲ့ထွင်မှုနှင့်ပတ်သက်ပြီး ယုံကြည်မှု ရှိကြရန်တို့ ဖြစ်သည်။

ထိုကုမ္ပဏီများသည် customers များနှင့် တွေ့ဆုံမှု၊ အတွင်းပိုင်းဆောင်ရွက်မှုလုပ်ငန်းများနှင့် လုပ်ငန်း ပုံစံများနှင့်ပတ်သက်ပြီး အသွင်ကူးပြောင်းနိုင်ရန် အတွက် စွမ်းဆောင်ရည်များကို ထပ်ကာထပ်ကာ တည်ဆောက်ခဲ့ကြသည်။

ဖွံ့ဖြိုးတိုးတက်မှုကိုဦးစားပေးမှု vs အမြတ်ကို ဦးစားပေးမှု

အမြတ်ပိုမိုရရှိရန် အလေးပေးဆောင်ရွက်မှုအတွက် တိုင်ကြားခံထားရသော လုပ်ငန်းရှင် ၇ ဦး ရှိသည်။ စိတ်ဝင်စားဖွယ်ကောင်းသည်မှာ အင်တာဗျူးခဲ့သော ပညာရှင်အချို့မှ ဖော်ပြထားသည့်အတိုင်း ဖွံ့ဖြိုး တိုးတက်မှုကို အလေးပေးဆောင်ရွက်သော SMEs များသည် အမြတ်ကိုသာ အလေးထားသော လုပ်ငန်း များထက်ပိုပြီး နည်းပညာကို ပိုမိုကျယ်ပြန့်စွာ လက်ခံကျင့်သုံးနိုင်သည်။ အစပျိုးလုပ်ငန်းရှင်များ သို့မဟုတ် ဖွံ့ဖြိုးမှုကို အလေးပေးဆောင်ရွက်သော လုပ်ငန်းရှင်များသည် ၎င်းတို့၏ လုပ်ငန်းအရွယ် အစားပေါ်တွင် အာရုံ စိုက်သည်။ ဒစ်ဂျစ်တယ် နည်းပညာလက်ခံ ကျင့်သုံးမှုဖြင့် ၎င်းတို့၏ လုပ်ငန်း များအတွက်ငွေအရင်းအနှီးများကို အဆင်သင့်ဖြစ်နေ စေရန် ပြင်ဆင်ကြသည်။ အလယ်အဆင့်၏ အပေါ်ပိုင်းနှင့် အဆင့်အမြင့် တို့ရှိ ကုမ္ပဏီများ အားလုံးသည် ဖွံ့ဖြိုး တိုးတက်မှုကို အလေးပေး ဆောင်ရွက်ပြီး ၎င်းတို့၏ လုပ်ငန်းများအတွက် ဒစ်ဂျစ်တယ်နည်းပညာသည် အရေးကြီးကြောင်း ဖော်ပြကြသည်။ ကျွန်ုပ်တို့၏ လိုအပ်ချက်များနှင့် ရည်မှန်းချက်များကို ချိန်ညှိရန် အတွက် နည်းပညာ အသစ်များကို လက်ခံကျင့်သုံးရန် မိမိကိုယ်မိမိ ဆက်လက်တွန်းအားပေးရမည် ဖြစ်သည်။(SE2)

> “
> (ဒစ်ဂျစ်တယ်နည်းပညာအသွင်ကူးပြောင်းမှုဆိုင်ရာ ပညာရှင်) မိမိ၏ လေ့လာမှုများအရ အစပျိုးလုပ်ငန်း တည်ထောင်သူများသည် အမြတ်ကိုသာ အဓိက ထားသော SMEs များနှင့်နှိုင်းယှဉ်ပါက ပိုမို အဆင့်မြင့်သော နည်းပညာများကို လက်ခံကျင့်သုံး နိုင်သည်။ ကျွန်ုပ်၏ ထင်မြင်ချက်မှားပါက အင်ဒိုနီးရှားတွင် အမျိုးသမီး အစပျိုးတည်ထောင် သူများ အများအပြားမရှိပေ။
> (ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှုဆိုင်ရာ ကျွမ်းကျင်ပညာရှင်)

အငယ်စား vs အလတ်စားလုပ်ငန်းများ
သုတေသနအရ SE လုပ်ငန်းရှင်များနှင့်နှိုင်းယှဉ်ပါက ME လုပ်ငန်းရှင်များသည် နည်းပညာများကို ပိုမို လက်ခံကျင့်သုံးကြကြောင်း ဖော်ပြထားသည်။ နည်းပညာလက်ခံကျင့်သုံးမှုအများဆုံး MEs များသည် ယခုအချိန်တွင် ရင်းမြစ်များပိုမိုရရှိ သောကြောင့် လုပ်ငန်းများအတွက် ကွဲပြားသော ဒစ်ဂျစ်တယ် tools များကို ဖော်ထုတ်နိုင်သည်ဟု ဖော်ပြထားသည်။ ထိုအဆင့်တွင် အများစုသည် အရှိန်မြှင့်တင်ရန် ပိုမိုပြင်းထန်သော မောင်းနှင်မှုတစ် ရပ်ရှိရန်လိုအပ်ကြောင်းဖော်ပြထားသည်။

၁။ ဝန်ထမ်းများအား ဂရုစိုက်ရန်အတွက် မောင်းနှင်အား
၂။ ရင်းနှီးမြှုပ်နှံသူများ၏ တာဝန်များ
၃။ ယှဉ်ပြိုင်မှုဆိုင်ရာ ရည်မှန်းချက် (နည်းပညာ အသုံးပြုခြင်း၏ အကျိုးကျေးဇူးများကို သိရှိထား သောကြောင့်)

တစ်နည်းအားဖြင့် ကုန်ကြမ်းအဆင့်၊ ထုတ်လုပ်မှု အဆင့်၊ ဝန်ဆောင်မှုအဆင့်ဟူသော ကဏ္ဍခွဲတိုင်းတွင် ဒစ်ဂျစ်တယ်နည်းပညာအသွင်ကူးပြောင်းမှု၏ အကျိုးကျေးဇူးများရရှိနိုင်ရန်အတွက် အစပြုပြီး ဖြစ်သည့် လုပ်ငန်းများရှိသည်။

အခွင့်အလမ်းအသစ်များကို ရှာဖွေဖော်ထုတ်ခြင်း
အချက်အလက်များအရ WSMEs လုပ်ငန်းရှင်များ အကြား ဒစ်ဂျစ်တယ်နည်းပညာ အသွင်ကူးပြောင်း မှုအတွက် အခွင့်အလမ်းများပေါ်ပေါက်လျက်ရှိ ကြောင်းဖော်ပြထားသည်။ သို့ရာတွင် ၎င်းတို့သည် လူမှုရေးနှင့်နိုင်ငံရေးဆိုင်ရာ အခြေအနေများ၊ ယဉ်ကျေးမှုနှင့် ဒစ်ဂျစ်တယ်အခြေခံ အဆောက် အအုံများကဲ့သို့သော အခွင့်အလမ်းများရရှိမှုနှင့် ပတ်သက်ပြီး ဟန့်တားနိုင်သော ပတ်ဝန်းကျင် ဆိုင်ရာ အချက်အလက်များပေါ်တွင် မှီခိုနေ သောကြောင့် ရရှိထားသော အခွင့်အလမ်းများမှာ ကွာခြားနိုင်သည်။

ရှာဖွေတွေ့ရှိမှုများပေါ်တွင်အခြေခံပြီး စာရေးသူများ သည် WSME လုပ်ငန်းရှင်များအတွက် အခွင့်အလမ်း များစီစဉ်ပေးသော ဒစ်ဂျစ်တယ်နည်းပညာနှင့် ပတ်သက်သည့် နယ်ပယ်များအတွက် အစီအစဉ် ရေးဆွဲနိုင်မည်ဖြစ်ပြီး အခြားမည်သည့်အခွင့်အလမ်း အသစ်များကို ရှာဖွေဖော်ထုတ်နိုင်မည်နှင့်ပတ်သက် ပြီးလည်း စီစဉ်နိုင်မည် ဖြစ်သည်။



ပုံ ၂.၁၃- ဒစ်ဂျစ်တယ်နည်းပညာမှ ဖြစ်ပေါ်စေသော လုပ်ငန်းနှင့်ပတ်သက်သည့် အခွင့်အလမ်းများ

WSME လုပ်ငန်းရှင်များအားလုံးအတွက် ဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာ အခွင့်အလမ်းများကို အရောင်းနှင့် customer တိုးတက်စေရန် အသုံးပြုသည်။ COVID-19 အတွင်း အရောင်းနှင့် customer တိုးတက်စေရန်အတွက် လူမှုကွန်ရက်နှင့် အွန်လိုင်းဈေးကွက်များကို အသုံးပြုနိုင်သည်။ လူမှုကွန်ရက် အသုံးပြုချိန်အများဆုံးနိုင်ငံများအနက် ၅ နေရာတွင်ရှိသောနိုင်ငံတစ်ခုအနေဖြင့် ၎င်းတို့၏ လုပ်ငန်းများအတွက် ဒစ်ဂျစ်တယ်နည်းပညာကို ပထမဦးစားပေးအသုံးပြုသည်မှာ အံ့အားသင့်ဖွယ်မဟုတ်ပေ။

WSMEs များသည် ၎င်းတို့၏ လုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရန် အစီအစဉ်တစ်ရပ်ကို ရေးဆွဲထားသင့်သည်။ သို့ရာတွင် လုပ်ငန်းရှင်အများအပြားသည်ကြိုတင်အစီအစဉ်ရေးဆွဲထားခြင်းမရှိပဲ လုပ်ငန်းကာလအရှေ့ပိုင်းနှင့် အလယ်ပိုင်းရှိ အမြတ်များဖြင့်စနစ်တကျစတင်ခဲ့ကြောင်း ဖော်ပြခဲ့သည်။ ၎င်းတို့သည် ဖြတ်သန်းခဲ့ရသော ခရီးတလျှောက်ရရှိပြီးဖြစ်သော ရင်းမြစ်များကို အသင့်တော်ဆုံးအသုံးပြုခဲ့ပြီး ဆုံးဖြတ်ချက်များချမှတ်ခဲ့သည်။ ၎င်းတို့လုပ်ငန်းဆောင်ရွက်ခဲ့သော အကြောင်းရင်းနှင့် ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုမှုနှင့်ပတ်သက်ပြီး အနည်းငယ်ကြိုးစားခဲ့ခြင်းတို့သည် အနာဂတ်တွင်နည်းပညာလက်ခံကျင့်သုံးရန် စိတ်ဓါတ်လှုံ့ဆော်ပေးသော အခွင့်အလမ်းများကို ဖွင့်လှစ်ပြီးသားဖြစ်ခဲ့သည်။ ဥပမာများမှာ လုပ်ငန်းအတွက် ဆုံးဖြတ်ချက်ချမှတ်ရာတွင် လမ်းညွှန်ပေးနိုင်ရန် အချက်အလက်စိစစ်မှုဆိုင်ရာ အသုံးပြုမှုများနှင့် WSMEs များ၏ တိကျသော လိုအပ်ချက်များနှင့် ကိုက်ညီစေရန် ဝက်ဘ်ဆိုဒ်များ၊ မိုဘိုင်းလ်အပလီကေးရှင်းများရေးဆွဲမှုများနှင့်ပတ်သက်သော ပုံစံများတွင်အခွင့်အလမ်းများကို ရှာဖွေတွေ့ရှိနိုင်သည်။

အထက်ပါပုံတွင် ဖော်ပြထားသည့်အတိုင်း ပြင်ပဆက်သွယ်မှုများနှင့်ပတ်သက်ပြီး ပံ့ပိုးပေးရန်နှင့်ကုမ္ပဏီနှင့်ပတ်သက်ပြီး ပံ့ပိုးပေးရန်(customers များနှင့် ဆက်သွယ်မှုမှအပ)တို့အတွက် ဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာ ပေါင်းစည်းမှုကို အသင့်တော်ဆုံးအသုံးမချရသေးပေ။ ထိုနယ်ပယ်များနှင့်ပတ်သက်ပြီး ကူညီနိုင်သော ဒစ်ဂျစ်တယ်နည်းပညာများစွာရှိသည်။

WSMEs များအနေဖြင့် ထိုအခွင့်အလမ်းအသစ်များနှင့်ပတ်သက်ပြီး သိရှိနားလည်နိုင်စေရန်အတွက် လုပ်ငန်းများတွင် အောင်မြင်ခဲ့သော အခြားအမျိုးသမီးများ၏ အကြောင်းများကို နည်းပညာအကူအညီဖြင့် ဖော်ထုတ်ပေးရန် လိုအပ်သည်။ ဥပမာ– WSME လုပ်ငန်းရှင်များအနက် တစ်ဦးဖြစ်သည့် Olva Patriani ၏ အကြောင်းကို နောင်လာမည့်အပိုင်းတွင် ဖော်ပြထားသည်။

WSME နှင့်ပတ်သက်ပြီး မီးမောင်းထိုးပြသမှု-၂-Botanina

Olva Patriani, Co-founder of BOTANINA

Olva Paatriani သည်သဘာဝပစ္စည်းများမှ ရနံ့အဆီ အခြေခံထုတ်ကုန်များထုတ်လုပ်သော အလယ်အလတ်လုပ်ငန်းတစ်ခုဖြစ်သည့် Botanina(http://botanina.com/)၏ Chief Marketing Officer တစ်ဦး ဖြစ်သည်။ ၂၀၁၁ ခုနှစ်ကတည်းက ရှည်ကြာသော R&D ဖြစ်စဉ်ကို ဖြတ်သန်းပြီးနောက် Botanina အား သူမ၏ သူငယ်ချင်းဖြစ်သူ Agustina Paatriani ဖြင့် ၂၀၁၄ ဖေဖော်ဝါရီ ၁၅ တွင် တည်ထောင်ခဲ့သည်။ တွဲဖက်တည်ထောင်သူနှစ်ဦးသည် အမေရိကန်ပြည်ထောင်စုပတ်ဝန်းကျင်ဆိုင်ရာ အကာအကွယ်ပေးမှုအေဂျင်စီမှ ထုတ်ဝေသော ဆောင်ပါးတစ်ပုဒ်ကို ဖတ်ရှုပြီးနောက် အိမ်တွင်းထိန်းသိမ်းပြုစုနိုင်သည့် ထုတ်ကုန်များနှင့်ပတ်သက်သော စိတ်ကူးကို ပထမအကြိမ်အကောင်အထည်ဖော်ခဲ့သည်။ ထိုဆောင်းပါးအရ အိမ်တွင်းသန့်ရှင်းရေးသုံးပစ္စည်းများ၊ အလှအပနှင့် တစ်ကိုယ်ရည်သုံးပစ္စည်းများနှင့် လေသန့်စင်ဆေးရည်များအပါအဝင် အမျိုးမျိုးသော ရင်းမြစ်များကြောင့် အိမ်တွင်းလေထုညစ်ညမ်းမှုအဆင့်သည် အိမ်ပြင်ပလေထုညစ်ညမ်းအဆင့်ထက် 2-5x ပိုမိုမြင့်မားကြောင်း ဖော်ပြထားသည်။

အင်ဒိုနီးရှားတွင် ရရှိနိုင်သော သဘာဝအိမ်တွင်းထိန်းသိမ်းရေးထုတ်ကုန်များ အများအပြားကို အလွန်ဈေးကြီးသော ဈေးနှုန်းများဖြင့် တင်သွင်းထားကြောင်းလည်း သတိပြုမိခဲ့သည်။ ထို့ကြောင့် သူမသည် အိမ်တွင် အသုံးပြုနိုင်သော ထုတ်ကုန်များကို စတင်ထုတ်လုပ်ခဲ့သည်။ Botanina သည် အိမ်တွင်းသန့်ရှင်းရေးသုံးထုတ်ကုန်များ၊ အလှအပနှင့် တစ်ကိုယ်ရည်သုံးထုတ်ကုန်များ၊ ကလေး အသုံးအဆောင်ထုတ်ကုန်များ၊ ကျန်းမာရေးထိန်းသိမ်းမှုဆိုင်ရာ ထုတ်ကုန်များနှင့် ရနံ့ကုထုံးထုတ်ကုန် အမျိုးအစား(၅)မျိုးကို ထုတ်လုပ်ခဲ့သည်။

ဒစ်ဂျစ်တယ်နည်းပညာခေတ်တွင် Patriani သည် သူမ၏ ကုမ္ပဏီအတွက် အကျပ်အတည်းကာလ (COVID-19)အတွင်း ဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာ ဆောင်ရွက်မှုများနှင့်ပတ်သက်ပြီး တစ်သတ်မတ်တည်း လိုက်လျောညီထွေဖြစ်စေရန် ပြင်ဆင်ခဲ့သည်။

Patriani အနေဖြင့် ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုမှုသည် အလုပ်နှင့် မိသားစုအတွက် သူမ၏ အချိန်ကို ပိုမိုကောင်းမွန်စွာ စီမံခန့်ခွဲနိုင်ရန် ကူညီပံ့ပိုးပေးကြောင်း ဖော်ပြထားသည်။ လူမှုကွန်ရက်ကို ဈေးကွက်ရှာဖွေမှု tool အဖြစ် လက်ခံကျင့်သုံးပြီး BOTANINA သည် HR၊ စီးပွားရေးဆိုင်ရာ စီမံခန့်ခွဲမှု၊ ပူးပေါင်းဆောင်ရွက်မှု၊ ဆော့ဖ်ဝဲလ်ရေးသော tool များ၊ cloud storage နှင့် အချက်အလက်စိစစ်မှုတို့အတွက် ဒစ်ဂျစ်တယ်နည်းပညာကို အဆင့်မြှင့်ခဲ့သည်။ သူမသည် သူမ၏လုပ်ငန်းနှင့်ပတ်သက်ပြီး ပိုမို အကျိုးထိရောက်မှုလာရှိသည်ဟု ခံစားခဲ့ရပြီး ကုမ္ပဏီ၏ အလုပ်လုပ်သော ယဉ်ကျေးမှုမှာ အမျိုးသမီးများအတွက် ပိုမိုဆောင်ရွက်ပေးနိုင်မည်ဟု မျှော်လင့်ခဲ့သည်။ Patriana မှ ဒစ်ဂျစ်တယ်နည်းပညာသည် သူမ၏ လုပ်ငန်းနှင့်ပတ်သက်ပြီး မည်မျှဝေးဝေး ဦးဆောင်နိုင်မည်ဆိုသည်ကို စိတ်လှုပ်ရှားနေကြောင်း ဖော်ပြခဲ့သည်။ ယခုအချိန်တွင် ကုမ္ပဏီနှင့်ပတ်သက်ပြီး တစ်ဦးချင်းရင်းနှီးမြှုပ်နှံသူများနှင့် လုပ်ငန်းရင်နှီးမြှုပ်နှံမှု(VC)များမှ စိတ်ပါဝင်စားလာကြသည်။

“

ယခင်က အမျိုးသမီးဦးဆောင်သူတစ်ဦးအနေဖြင့် clients များမှ မိမိ၏စွမ်းဆောင်ရည်နှင့်ပတ်သက်ပြီး သံသယများရှိခဲ့သည်။ ထိုသံသယများသည် စိတ်ခံစားမှုဖြစ်လွယ်သော အမျိုးသမီးများနှင့် ဆက်စပ်မှုရှိသော်လည်း အမျိုးသားများမှာလည်း စိတ်ခံစားမှုဖြစ်လွယ်ကြသည်။ ၎င်းတို့သည် ဆွေးနွေးမှုများအတွင်း ၎င်းတို့၏ စိတ်ခံစားမှုများ၊ မိသားစုများနှင့်ပတ်သက်သော အကြောင်းများကိုလည်း ထည့်သွင်းစဉ်းစားခဲ့ကြကြောင်း တွေ့မြင်ခဲ့ရသည်။

ထိုအကြောင်းအရာများရှိသော်လည်း မိမိသည် ပညာရှင်ပီသစေရန် အကောင်းဆုံးကြိုးစားနေဆဲပင်ဖြစ်သည်။ ဒစ်ဂျစ်တယ်နည်းပညာသည် မိမိတို့၏ လုပ်ငန်းများကို ကူညီခဲ့သည်မှာ သံသယဖြစ်ဖွယ်မရှိပေ။ ထိုနည်းပညာသည် ပထမပိုင်းတွင် အရောင်းတိုးတက်စေရန် ကူညီမှုဖြင့်စတင်ခဲ့ပြီး ယခုအခါတွင်မူ မိမိတို့၏ ရုံးနှင့်ပတ်သက်သော လုပ်ငန်းဆောင်တာများကို သေသပ်စွာ စုစည်းမှုများပြုလုပ်နိုင်စေရန်လည်း ကူညီပေးလျက်ရှိသည်။

အဖွဲ့နှင့် clients များအကြား ဆက်သွယ်မှုမှာ ယခုအချိန်တွင် ပိုမိုလွယ်ကူလာပြီ ဖြစ်သည်။ မိမိတို့သည် မိမိတို့၏ ရည်မှန်းချက်များအောင်မြင်စေရန်အတွက် နည်းပညာများကို လုပ်ငန်းအတွင်းသို့ ပေါင်းစည်းရန် မိမိတို့တတ်စွမ်းသမျှ ကြိုးစားလျက်ရှိသည်။ ထိုနည်းပညာသည် ယနေ့မိမိတို့ရောက်ရှိနေသောနေရာနှင့်ပတ်သက်ပြီး ကူညီပံ့ပိုးမှုများပြုလုပ်ပေးခဲ့သည်။ ထို့ပြင် ရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်ပြီး စတင်တွေးခေါ်နိုင်ရန်အတွက် လုံလောက်သောယုံကြည်မှုကို ရရှိစေသည်။ မိမိတို့အနေဖြင့် ရှေ့သို့ကြိုတင်ပြီး ဆက်လက်လျှောက်လှမ်းနိုင်စေရန်လည်း ပြင်ဆင်ပေးသည်။
(Olva Patriana)

၂.၅။ WSMEs အတွက် ဒစ်ဂျစ်တယ်နည်းပညာ အသွင်ကူးပြောင်းမှု၏ အနာဂတ်

ပညာရှင်များဖြင့် အင်တာဗျူးများမှ ရှာဖွေတွေ့ရှိမှုများ

ကျားမဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများနှင့်ပတ်သက်ပြီး အထူးပြုဆောင်ရွက်သော ပညာရှင် ၅ ဦးနှင့် အမျိုးသမီးများပါဝင်သော လုပ်ငန်းအသင်းအဖွဲ့များဖြင့် အင်တာဗျူးများပြုလုပ်ပြီး ဒစ်ဂျစ်တယ်နည်းပညာအသွင်ကူးပြောင်းမှုကို ဆောင်ရွက်ခဲ့သည်။ (ပညာရှင်များ၏ စာရင်းအတွက် နောက်ဆက်တွဲ-က တွင် ကြည့်ပါ) WSMEs ဂေဟာစနစ်တွင် အစိုးရ၏ အခန်းကဏ္ဍနှင့် ပုဂ္ဂလိကအခန်ကဏ္ဍတို့၏ ပံ့ပိုးမှုများအကြား ဆက်နွယ်မှုနှင့် ၎င်းသည် ဒစ်ဂျစ်တယ်နည်းပညာနှင့် မည်သို့ သက်ဆိုင်မှုတို့နှင့်ပတ်သက်ပြီး ပိုမိုနားလည် သဘောပေါက်ရန် အင်တာဗျူးများကို ဆောင်ရွက်ခဲ့သည်။ ထိုဖြစ်စဉ်ကို အကြံပေး ဆွေးနွေးပွဲနှင့် ပတ်သက်ပြီး သတင်းပေးရန်အတွက် သတ်မှတ် ဆောင်ရွက်ခဲ့သည်။

ကဏ္ဍ-၁-ချေးငွေရရှိမှု

အင်ဒိုနီးရှားသည် ချေးငွေရရှိမှုဆိုင်ရာ ဒစ်ဂျစ်တယ်နည်းလမ်းများနှင့်ပတ်သက်သော အခွင့်အလမ်းများကို ရရှိပြီးဖြစ်သည်။ ပညာရှင်များသည် ဒစ်ဂျစ်တယ်နည်းပညာ အသုံးပြုသော ချေးငွေရရှိမှုနည်းလမ်းများနှင့်ပတ်သက်ပြီး အမျိုးသမီးများအား ဟန့်တားထားသော စိန်ခေါ်မှုများကို အများဆုံးမီးမောင်းထိုးပြသခဲ့သည်။ ရန်ပုံငွေဆိုင်ရာနည်းလမ်းနှင့်ပတ်သက်သော အစိုးရ၏ ပံ့ပိုးမှုရင်းမြစ်အများအပြားသည် SMEs များအတွက် ရရှိပြီးဖြစ်သည်။ အဆိုပါပံ့ပိုးမှုနှင့်ပတ်သက်သော လျှောက်ထားမှုဆိုင်ရာ လိုအပ်ချက်များသည် ကန့်သတ်ထားသော ဒစ်ဂျစ်တယ်အခြေခံအဆောက်အအုံနှင့် အားနည်းသော ဒစ်ဂျစ်တယ်စာပေတို့ကြောင့် တစ်ခါတစ်ရံ မရရှိနိုင်ပေ။

WSMEs အများအပြားသည် လက်ပ်တော့များ/ ကွန်ပျူတာများအသုံးမပြုနိုင်ခြင်းနှင့် mobile scanning applications များနှင့်ပတ်သက်သော အသိပညာမရှိခြင်းတို့ကြောင့် ဒစ်ဂျစ်တယ်စာရွက်စာတမ်းများကို အစိုးရဝက်ဘ်ဆိုဒ်သို့ ပေးပို့နိုင်ရန်အတွက် လိုအပ်ချက်ရှိသည်။ WSME များနှင့်ပတ်သက်သော ရှာဖွေတွေ့ရှိမှုများတွင် ဖော်ပြထားသည့်အတိုင်း အချို့လုပ်ငန်းရှင်များသည် လုပ်ငန်းများအတွက် smartphones အသုံးပြုမှုကို ပိုမိုနှစ်သက်ကြကြောင်း ဝန်ခံခဲ့ကြသည်။

သိပ္ပံနည်းကျဖြစ်သော လေ့လာမှုများအရ အမျိုးသမီးများသည် စွန့်စားမှုမပြုလိုကြသောကြောင့် ချေးငွေရရှိမှုဆိုင်ရာ ရည်ရွယ်ချက်များအတွက် အပေါ်အငင်၎င်းတို့နှင့် ရင်းနှီးမှုမရှိသည့် နည်းပညာများကို ဖော်ထုတ်နိုင်မှု နည်းပါးသည်။ အမျိုးသမီးများ၏ စွန့်စားလိုမှုမရှိသော သဘာဝကြောင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများရရှိနိုင်မှုလည်း နည်းပါးသည်။ ပိုမိုလက်တွေ့ကျပြီး ရှေးရိုးစွဲသဘာဝများကြောင့် အမျိုးသမီးများသည် အမျိုးသားများနှင့် နှိုင်းယှဉ်ပါက တစ်ခါတစ်ရံတွင် ယုံကြည်မှု ပိုမိုနည်းပါးသည်ဟု ထင်ရသည်။ ထိုစွန့်စားလိုမှုမရှိသည့် သဘာဝကြောင့် ရင်းနှီးမြှုပ်နှံမှုများနှင့်ပတ်သက်သော အဆိုပြုတင်ပြမှုများအတွက် ယှဉ်ပြိုင်ရပါက ဆိုးကျိုးများရှိတတ်သည်။

"

တစ်ခါတစ်ရံတွင် အမျိုးသမီးစီးပွားရေး လုပ်ငန်းရှင်များသည် စွန့်စားလိုမှုမရှိကြောင်း ကြားသိရသည်။ ဥပမာ- အမျိုးသမီးလုပ်ငန်းရှင်များသည် ၎င်းတို့၏ လုပ်ငန်းတိုးတက်မှုအတွက် ကုန်ကျစရိတ်နှင့်ပတ်သက်သော အဆိုပြုမှုတွင် အမျိုးသားများထက်ပိုပြီး လက်တွေ့ကျနိုင်သည်။ အမျိုးသားများသည် အလွန်ယုံကြည်မှုရှိသူများ ဖြစ်ပြီး စိတ်အားထက်သန်မှုရှိကြသည်။ အမျိုးသားလုပ်ငန်းရှင်များသည် လုပ်ငန်းတိုးတက်မှုအတွက် ကုန်ကျစရိတ်နှင့်ပတ်သက်သော အဆိုပြုမှု စီစဉ်ရာတွင် ထိုအရည်အချင်းများရှိသောကြောင့် ချီးကျူးခံရပြီး ရင်းနှီးမြှုပ်နှံသူများ၏ အာရုံစိုက်မှုကို ဆွဲဆောင်နိုင်သည်။

(ကျားမဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်သော ပညာရှင်)

ကဏ္ဍ-၂-ညွှန်ကြားပြသမှု၊ ကွန်ရက်ချိတ်ဆက်မှုနှင့် ကျွမ်းကျင်မှုတည်ဆောက်မှု

အားနည်းသော ဒစ်ဂျစ်တယ်အခြေခံအဆောက်အအုံကို WSMEs များအတွက် အတားအဆီးတစ်ရပ်အဖြစ် ပညာရှင်များမှ ထပ်ကာထပ်ကာဖော်ပြကြသည်။ ထိုအချက်သည် သင်ကြားပြသမှု၊ ကွန်ရက်ချိတ်ဆက်မှုနှင့် ကျွမ်းကျင်မှုဆိုင်ရာ အခွင့်အလမ်းများရရှိခြင်းနှင့်လည်း သက်ဆိုင်သည်။ သင်ကြားပြသသူများ အထူးသဖြင့် ဆွေးနွေးပွဲများနှင့် သင်တန်းများအတွက် Broadband ဖြင့် အင်တာနက်ချိတ်ဆက်အသုံးပြုမှုသည် အသင့်တော်ဆုံးရွေးချယ်မှုတစ်ရပ်မဟုတ်ပေ။

သို့ရာတွင် ဒစ်ဂျစ်တယ်အခြေခံအဆောက်အအုံသည် ပြဿနာတစ်ရပ်မဟုတ်ခဲ့လျှင်ပင် WSMEs များသည် အစောပိုင်းက ဆွေးနွေးခဲ့သော အခြားအတားအဆီးများဖြင့် ရင်ဆိုင်ကြရမည် ဖြစ်သည်။ ပညာရှင်များ၏ ပြောကြားချက်များအရ အဖွဲ့အစည်းများသည် အထူးသဖြင့် COVID-19 ကာလအတွင်း SMEs များအတွက် အွန်လိုင်းတွင် ပွဲများကျင်းပမှုနှင့် ပတ်သက်ပြီး သုတေသနပြုလုပ်ခဲ့ကြသည်။ သို့သော် အွန်လိုင်းမှ ပွဲများသည် ပြင်ပပွဲများကဲ့သို့ ပါဝင်တက်ရောက်သူများအကြား တိုက်ရိုက်ဆက်သွယ်မှု မပြုနိုင်သောကြောင့် အကျိုးထိရောက်မှုမရှိဟု ယူဆကြသည်။

ကဏ္ဍ-၃-လုပ်ငန်းဖြစ်စဉ်နှင့် စီမံခန့်ခွဲမှု

ပညာရှင်များ၏ ပြောကြားမှုအရ WSMEs များသည် ဒစ်ဂျစ်တယ်နည်းပညာ အသုံးပြုခြင်း၏ အကျိုးကျေးဇူးရရှိမှုများနှင့်ပတ်သက်သော ခိုင်မာသည့် သက်သေအထောက်အထားများ လိုအပ်သည်။

သို့ရာတွင် ပညာရှင်တစ်ဦး၏ စိတ်ဝင်စားဖွယ် အကောင်းဆုံးဖော်ပြချက်တစ်ခုသည် ၎င်းတို့လုပ်ငန်း၏ ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုမှုသည် အမျိုးသမီးများ၏ လုပ်ငန်းများတွင် သာမက နေ့စဉ်ဘဝများတွင်လည်း အမျိုးသမီးများအား လုပ်ပိုင်ခွင့်ပေးရန် ကူညီနိုင်ကြောင်း ဖော်ပြထားသည်။ ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုမှုသည် လုပ်ငန်းတိုးတက်စေရန်နှင့် ဝင်ငွေတိုးတက်စေရန်တို့အတွက် ကူညီပေးခြင်းဖြင့် အမျိုးသမီးများအား စွမ်းအား ပိုမိုရှိလာစေပြီး ၎င်းတို့၏ မိသားစုနှင့် ခင်ပွန်းသည်များအပေါ် အချိန်ပိုပေးနိုင်စေမည် ဖြစ်သည်။

> “
>
> ကျွန်ုပ်သည် SEs တွင် ထိုအချက်ကို တွေ့မြင်ခဲ့သည်။ ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုသော SEs များသည် ပိုမိုလုပ်ပိုင်ခွင့်ရရှိကြကာ အထူးသဖြင့် ပိုမိုကောင်းမွန်သော ငွေကြေးဆိုင်ရာ စီမံခန့်ခွဲမှု၊ ဝန်ထမ်းရရှိမှု သို့မဟုတ် ဆွေမျိုးများနှင့် အိမ်နီးချင်းများအား ၎င်းတို့လုပ်ငန်းတွင် ပါဝင်ကူညီနိုင်စေရန် စီစဉ်ဆောင်ရွက်ပေးနိုင်မှုစသည့် အားသာချက်များ ရှိကြသည်။ ၎င်းတို့၏ ယုံကြည်မှုအဆင့်တိုးတက်ခြင်း(......)။ နည်းပညာသည် အထူးသဖြင့် ကပ်ရောဂါဖြစ်ပေါ်နေစဉ်အတွင်း လုပ်ငန်းများကို ကူညီနိုင်သည်။ ကျွန်ုပ်တို့သည် Google မှ **အစီအစဉ်** “Womenwill” ကဲ့သို့သော ဒစ်ဂျစ်တယ်စာပေဆိုင်ရာ အစီအစဉ်များကို တက်ရောက်နိုင်ရန် ကျွန်ုပ်တို့၏ အဖွဲ့ဝင်များအား တွန်းအားပေးခဲ့သည်။
>
> (အမျိုးသမီးများပါဝင်သော လုပ်ငန်းဆိုင်ရာ အဖွဲ့အစည်းများမှ ပညာရှင်)

ကဏ္ဍ-၄-အကျပ်အတည်းဆိုင်ရာ စီမံခန့်ခွဲခြင်း (COVID-19)

WSME များနှင့် အင်တာဗျူးများမှ ရှာဖွေတွေ့ရှိမှုများနှင့်အညီ ပညာရှင်များမှလည်း ဒစ်ဂျစ်တယ်နည်းပညာလက်ခံကျင့်သုံးမှုသည် WSMEs များအား ကပ်ရောဂါအတွင်း ရပ်တည်နိုင်ရန်အတွက် ကူညီရာတွင် အရေးကြီးသော အခန်းကဏ္ဍတစ်ရပ်အဖြစ် ဆောင်ရွက်ပေးခဲ့ကြောင်း ဖော်ပြခဲ့သည်။ ပညာရှင်များသည် ရပ်တည်မှုဟူသော စကားလုံးနှင့်ပတ်သက်ပြီး အလေးပေးပြောကြားခဲ့သည်။ ထိုစကားလုံး၏ အနက်သည် ၎င်းတို့၏ လုပ်ငန်းများ ဆက်လက်လည်ပတ်ရုံမျှသာဖြစ်ပြီး အခြေအနေကို အသင့်တော်ဆုံးဖြစ်စေရန် အခွင့်အလမ်းများဖွင့်ဟပေးခြင်း မဟုတ်ပေ။

ထို့ပြင် အခြားပညာရှင်မှလည်း ဝင်ငွေတစ်သတ်မတ်တည်း တိုးတက်စေရန်အတွက် သေချာသော ဝင်ငွေစီးဆင်းမှုတစ်ရပ်ရှိစေမှုသည် တိုးတက်မှုကို အလေးပေးသော လုပ်ငန်းများထက်ပိုပြီး အမြတ်ကို အလေးပေးသော လုပ်ငန်းများကို ခွင့်ပြုပေးထားကြောင်း ဖော်ပြထားသည်။

အချက်အလက်ဆိုင်ရာ သီးသန့်တည်ရှိမှုနှင့် လုံခြုံမှု

အချက်အလက်ဆိုင်ရာ သီးသန့်တည်ရှိမှုနှင့် လုံခြုံမှုတို့သည် ယခုသုတေသနတွင် တိုက်ဆိုင်မှုရှိသော ရှာဖွေတွေ့ရှိမှုတစ်ရပ်ဖြစ်ခဲ့သည်။ အင်တာဗျူးခဲ့သော WSME လုပ်ငန်းရှင်အနည်းစုသည် ဒစ်ဂျစ်တယ်နည်းပညာ၏ ကောင်းကျိုးများနှင့် ဆိုးကျိုးများနှင့်အတူ ထိုနည်းပညာနှင့်ပတ်သက်သော အသိပညာများကို ဖော်ပြခဲ့ပြီး အွန်လိုင်းတွင် အချက်အလက်ဆိုင်ရာ သီးသန့်တည်ရှိမှုနှင့် လုံခြုံမှုနှင့်ပတ်သက်သော စိုးရိမ်ပူပန်မှုများကိုလည်း ဖော်ပြခဲ့သည်။ သို့ရာတွင် SE လုပ်ငန်းရှင်(၄) ဦးသည် ထိုစိုးရိမ်ပူပန်မှုများကို ဖော်ပြခဲ့သည်။ WSMEs အများစုသည် ထိုအသိပညာမရှိကြပေ။ သုတေသနမှတဆင့် SE နှင့် ME လုပ်ငန်းနှစ်မျိုးလုံးသည် ထိုအချက်အလက်ဆိုင်ရာ စိုးရိမ်ပူပန်မှုနှင့်ပတ်သက်ပြီး ရှင်းပြနိုင်ရန်အတွက် လုံလောက်သော ဗဟုသုတ မရှိကြောင်း ဖော်ပြခဲ့သည်။

ကျွန်ုပ်သည် အပြုသဘောဆောင်သော ထင်မြင်ချက်ထက် အပျက်သဘောဆောင်သော ထင်မြင်ချက်များက ပိုများကြောင်း ကြားသိခဲ့ရသည်(SE8)

အချက်အလက်ဆိုင်ရာ ဖောက်ဖျက်မှုဖြစ်ရပ်များသည် နှစ်စဉ် စဉ်ဆက်မပြတ်တိုးတက်ခဲ့သည့်အတွက် ၎င်းသည် သတိထားရမည့် ရှာဖွေတွေ့ရှိမှုတစ်ရပ်ဖြစ်သည်။ စင်စစ်တွင် ပညာရှင်တစ်ဦးသည် လုံခြုံမှုချိုးဖောက်မှုများသည် အွန်လိုင်းဈေးကွက်နှင့်ပတ်သက်သော ဂေဟာစနစ်တွင် အများဆုံး ဖြစ်ပေါ်နေသည်ဟု ဖော်ပြခဲ့သည်။

ဒစ်ဂျစ်တယ်နည်းပညာအသွင်ကူးပြောင်းမှုဆိုင်ရာ ပညာရှင်မှ fintech ကုမ္ပဏီများသည် e-commerce မှတဆင့် merchant data ရရှိနိုင်သည်ဟု အကြံပြုထားသည်။ အွန်လိုင်း/e-commerce ကုမ္ပဏီအများအပြားသည် ကုန်စည်အများအပြားကို မိတ်ဆက်ပေးထားသည့်အတွက် fintech ကုမ္ပဏီများသည် တန်ဖိုးရှိသော အချက်အလက်အများအပြားကို ရရှိ

နိုင်သည်။ သို့ရာတွင် ကုမ္ပဏီ(၃)ခုသည် အင်တာဗျူးရန် ငြင်းဆိုခဲ့သောကြောင့် စာရေးသူများသည် fintech နှင့် ဈေးကွက်ကုမ္ပဏီများအကြား မည်သည့်သဘောတူညီမှုများတည်ရှိမှုနှင့်ပတ်သက်ပြီး ဖော်ထုတ်ရန် မဖြစ်နိုင်ခဲ့ပေ။

အကြံပေးဆွေးနွေးပွဲ

အကြံပေးဆွေးနွေးပွဲသည် WSME များနှင့် ပညာရှင်များဖြင့် အင်တာဗျူးများမှ အမြင်များ ပေါ်တွင် အခြေခံသော WSMEs ဂေဟာစနစ်နှင့်ပတ်သက်သည့် စိန်ခေါ်မှုများပါဝင်သော ဆွေးနွေးမှုဖြင့် စတင်ခဲ့သည်။ ၎င်းကို အောက်ပါလေ့လာဆန်းစစ်မှုပြီးနောက် တင်ပြထားသည့် လက်တွေ့ကျသော မူဝါဒဆိုင်ရာ အကြံပြုချက်များကို အဆိုပြုခြင်းဖြင့် နောက်ဆက်တွဲဆောင်ရွက်ထားသည်။



ပုံ ၂.၁၄– အကြံပေးဆွေးနွေးမှုနည်းလမ်း

WSMEs များအကြား စွမ်းဆောင်ရည်နှင့် လုံ့ဆော်မှုမရှိခြင်း

ဆွေးနွေးပွဲအတွင်း ဆွေးနွေးသူများသည် အဆိုပါ စိန်ခေါ်မှုများအားလုံးနှင့်ပတ်သက်ပြီး သဘောတူညီခဲ့သည်။ ထိုစိန်ခေါ်မှုများဖြစ်သော ဗဟုသုတ၊ ကျွမ်းကျင်မှုများ(စွမ်းဆောင်ရည်)နှင့် လှုံ့ဆော်မှု မရှိခြင်းတို့သည် ကျားမဆိုင်ရာ အကြမ်းဖက်မှုများ ဖြစ်ပေါ်စေနိုင်ကာ WSMEs များ၏ ဒစ်ဂျစ်တယ် နည်းပညာလက်ခံကျင့်သုံးမှုကို သွယ်ဝိုက်သော နည်းလမ်းဖြင့် အကျိုးသက်ရောက်စေနိုင်သည်။ Johan Galtung မှ ယဉ်ကျေးမှုဆိုင်ရာ အကြမ်းဖက်မှုသည် တိုက်ရိုက်စနစ်တကျ အကြမ်းဖက်မှုအား သဘာဝအရဖြစ်သော အကြမ်းဖက်မှု သို့မဟုတ် လက်ခံနိုင်သော အကြမ်းဖက်မှုအဖြစ် ယူဆသည့် လူမှုရေးစံသတ်မှတ်ချက်များ လွှမ်းမိုးမှုကို ကိုယ်စားပြုကြောင်း ရှင်းပြထားသည်။ ဥပမာ–အင်ဒိုနီးရှားရှိ အမျိုးသမီးများသည် အမျိုးသားများအောက် စွမ်းဆောင်ရည် လျော့နည်းသောကြောင့် ၎င်းတို့၏ လုပ်ခအောက် နည်းပါးသော လုပ်ခကိုသာ ရရှိရမည်ဟူသော ယုံကြည်လက်ခံမှုသည် လွှမ်းမိုးနေဆဲဖြစ်သည်။ ၂၀၁၉ တွင် အင်ဒိုနီးရှားရှိ အမျိုးသမီး ၇၈.၂၆ ရာခိုင်နှုန်းသည် အမျိုးသားများအောက် လျော့နည်းပြီး လုပ်ခ ရရှိကြသည်။ ထို့ပြင် ကျားမအခြေပြု ပြည်တွင်း အကြမ်းဖက်မှုများသည် အမျိုးသမီးအများစု အနေဖြင့် အဆိုပါအကြမ်းဖက်ခံရမှုနှင့်ပတ်သက်ပြီး အများပြည်သူရှေ့တွင် ထုတ်ဖော်ပြောကြားရန် ဝန်လေးနေသည့် ပြဿနာတစ်ရပ်ဖြစ်နေဆဲပင် ဖြစ်သည်။ ထိုပြဿနာသည် ဥပဒေမူကြမ်းနှင့် ပတ်သက်ပြီး အဆိုပြုရန်အတွက် အမျိုးသမီးများအား အကြမ်းဖက်မှု ဆန့်ကျင်မှုဆိုင်ရာ နိုင်ငံတော်ကော်မရှင်အဖွဲ့မှ ဆောင်ရွက်ခဲ့သော ၈ နှစ်တာ ရှည်ကြာသော ကြိုးပမ်းမှုပြီးနောက် ၂၀၂၂ ဇူလိုင်လတွင် လိင်ပိုင်း ဆိုင်ရာ အကြမ်းဖက်မှုများအား ဖယ်ရှားခြင်းနှင့် ပတ်သက်သည့် ဥပဒေမူကြမ်းဆိုင်ရာ အဆိုပြုချက်အား တရားဝင်ငြင်းဆိုခဲ့သည့် အောက်လွှတ်တော်ကြောင့် ဆိုးရွားခဲ့သည်။

အမျိုးသမီးများ၏ စွန့်စားလိုမှုမရှိသည့် သဘာဝဖြင့် ပေါင်းစပ်ထားသော အဆိုပါနက်ရှိုင်းစွာ အမြစ်တွယ်နေသည့် အကြမ်းဖက်မှုများသည် အမျိုးသမီးများတွင် နည်းပညာနှင့်ပတ်သက်ပြီး အခြေအမြစ်မရှိသော စိုးရိမ်ပူပန်ကြောက်ရွံ့မှုတစ်ရပ်ကို ဖြစ်စေသည်။ ထိုစိုးရိမ်ပူပန်မှုသည် အောင်မြင်မှုနှင့်ပတ်သက်သည့် လက်ဆုပ်လက်ကိုင်ပြနိုင်သော သက်သေအထောက်အထားမရှိခြင်း၊ WSMEs များအနေဖြင့် လုပ်ငန်းများတွင် ဒစ်ဂျစ်တယ်နည်းပညာ လက်ခံကျင့်သုံးရန် အလားအလာမရှိခြင်းနှင့် ထိုနယ်ပယ်တွင် အသုံးပြုသော ပညာရပ်ဆိုင်ရာ ဝေါဟာရများနှင့်ပတ်သက်ပြီး ရင်းနှီးကျွမ်းဝင်မှုမရှိခြင်းတို့ကြောင့် ပိုမိုဆိုးရွားခဲ့သည်။

WSMEs အကြား ပြောင်းလဲမှုဆိုင်ရာ စီမံခန့်ခွဲမှုမရှိခြင်း

စာရေးသူများသည် လုပ်ငန်းရှင်အများအပြားမှာ ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုရာတွင် ကောင်းစွာ ပြင်ဆင်ထားသော အစီအစဉ်များ မရှိခဲ့ကြောင်း လေ့လာတွေ့ရှိခဲ့ရသည်။ ၎င်းမှာ WSMEs များအကြား ပြင်းပြသော ဆန္ဒမရှိသောကြောင့် ဖြစ်နိုင်သည်ဟု ယုံကြည်လက်ခံထားကြသည်။ ဆွေးနွေးသူများသည် WSMEs အများအပြား၏ လုပ်ငန်းလုပ်ကိုင်သော ရည်ရွယ်ချက်မှာ အရန်ပရောဂျက်တစ်ခုအနေဖြင့် လုပ်ကိုင်ခြင်း သို့မဟုတ် အချိန်ပိုနေသောကြောင့် လုပ်ကိုင်ခြင်းဖြစ်ပြီး စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်ရန် ရည်ရွယ်ချက်မရှိသည့်အတွက် WSMEs အများအပြားတွင် မြင့်မားသော ရည်မှန်းချက်မရှိကြကြောင်း ယူဆခဲ့သည်။

သို့ရာတွင် WSMEs များတွင် ရည်မှန်းချက်မရှိခြင်းသည် ပြဿနာမဟုတ်သော်လည်း ၎င်းတို့၏ မိသားစု သို့မဟုတ် လူမှုအသိုက်အဝန်း၏ ဖိအားများကြောင့် လုပ်ငန်းအပေါ်တွင် များစွာ အာရုံမစိုက်နိုင်သည့်အတွက် ရည်မှန်းချက်မထားတော့ခြင်း ဖြစ်နိုင်သည်။

တုံ့ပြန်မှုတစ်ရပ်အဖြစ် COVID-19 ကို ရင်ဆိုင်ရာတွင် WSMEs များ၏ ကြံ့ကြံ့ခံနိုင်မှု

လုပ်ငန်းရှင်များသည် COVID-19 အတွင်း ကြံ့ကြံ့ခံနိုင်ခဲ့သော်လည်း အကျပ်အတည်းဆိုင်ရာ စီမံခန့်ခွဲမှုသည် WSMEs လုပ်ငန်းဖြစ်စဉ်များ၏ တစ်စိတ်တစ်ပိုင်း မဟုတ်ခဲ့ပေ။

အကြံပေးဆွေးနွေးသူများသည် ၎င်းမှာ အကျပ်အတည်းဆိုင်ရာ စီမံခန့်ခွဲမှုဖြစ်စဉ်များအတွက် စံသတ်မှတ်ချက်များနှင့်ပတ်သက်ပြီး ကန့်သတ်ထားသောကြောင့် ဖြစ်နိုင်သည်ဟု အကြံပြုထားသည်။ ၎င်း၏ ရလာဒ်မှာ WSMEs များတွင် ရည်ညွှန်းကိုးကားနိုင်မည့် မည်သည့် ဥပမာသာဓကမျှ မရှိခြင်း ဖြစ်သည်။

အကျပ်အတည်းကာလ စီမံခန့်ခွဲမှုဆိုင်ရာ လေ့လာမှုများနှင့်ပတ်သက်ပြီး အခြားနိုင်ငံများတွင် ဆောင်ရွက်ထားသော ဆွေးနွေးမှုများတွင်လည်း ဖော်ပြခဲ့သည်။

အစိုးရမှ ပံ့ပိုးပေးသည့် အစီအစဉ်များနှင့်ပတ်သက်သော သတင်းအချက်အလက်များ မရရှိခြင်း

ပညာရှင်များဖြင့် အင်တာဗျူးများ၏ အဓိက ပံ့ပိုးမှုအရ စာရေးသူများသည် ဒစ်ဂျစ်တယ်နည်းပညာ လက်ခံကျင့်သုံးရာတွင် SMEs များကို ပံ့ပိုးရန်အတွက် အစိုးရ၏ အစီအစဉ်များသည် အင်ဒိုနီးရှားတွင် များစွာ ရှိကြောင်း သိရှိခဲ့ရသည်။ သို့ရာတွင် WSMEs အများအပြားသည် ထိုအစီအစဉ်များနှင့်ပတ်သက်သော အခွင့်အလမ်းများကို မရရှိခဲ့ပေ။

ဆွေးနွေးသူများသည် SMEs များအနေဖြင့် အစီအစဉ်များ၊ သင်တန်းများ၊ ရန်ပုံငွေရရှိမှုများ သို့မဟုတ် အထွေထွေ WSME များနှင့်သက်ဆိုင်သော သတင်းအချက်အလက်များရရှိနိုင်သည့် တစ်နေရာတည်းတွင် သတင်းအချက်အလက်ဆိုင်ရာ ဝန်ဆောင်မှုပေးသောဌာန မရှိကြောင်း ဖော်ပြထားသည်။

အစိုးရသည် MCSME မှတဆင့် SME နှင့်ပတ်သက်သော ဝက်ဘ်ဆိုဒ်တစ်ခုတည်ဆောက်ခြင်းဖြင့် အင်ဒိုနီးရှားတွင် SMEs များကို ပံ့ပိုးပေးရန် ရှေ့သို့ ခြေတစ်လှမ်းရောက်နှင့်ပြီး ဖြစ်သည်။

ဝက်ဘ်ဆိုဒ်ကို ၂၀၂၀ စက်တင်ဘာမှစပြီး တရားဝင်ဆိုင်းငံ့ထားကာ SMEs လုပ်ငန်းများ မှတ်ပုံတင်ရန်အတွက် ခွင့်မပြုပေးတော့ဘဲ WSMEs များအနေဖြင့်လည်း သတင်းအချက်အလက်များနှင့်ပတ်သက်ပြီး မရရှိနိုင်တော့ပေ။

> ဒစ်ဂျစ်တယ်နည်းပညာလက်ခံကျင့်သုံးမှု လိုအပ်သောကြောင့် http://www.ukmindonesia.id/ ကို အကောင်အထည်ဖော်ရန်အတွက် MCMSE သည် LPEM UI ဖြင့် မိတ်ဖက်ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။ MSMEs များသည် အမှတ်တံဆိပ်နှင့် ပတ်သက်သော အသိအမှတ်ပြုလက်မှတ်များ၊ သင်ကြား ပြသမှုများနှင့် ဆွဲဆောင်မှုများနှင့် ပတ်သက်သော သတင်းအချက်အလက်များ ရှာဖွေရန်အတွက် ယခု ပလက် ဖောင်းကို အသုံး ပြုနိုင်သည်။
>
> (မူဝါဒဆိုင်ရာ ပညာရှင်)

၎င်းမှာ အစိုးရ၏ အစီအစဉ်များသည် အတိုင်းအတာအားဖြင့် မည်သို့ အကောင်အထည်ဖော်ထားသည်နှင့်ပတ်သက်သော ထင်ဟပ်မှုတစ်ရပ် ဖြစ်သည်။ အစီအစဉ်များနှင့် သင်တန်းများသည် အစီအစဉ်တစ်ခုစီမှ အများဆုံးအကျိုးကျေးဇူးများကို မည်သည့်ပရိသတ်မှ ရရှိနိုင်သည်ဆိုသည်နှင့် အဖွဲ့များကို မည်သို့လက်ကမ်းမည်ဆိုသည်တို့နှင့်ပတ်သက်သော သုတေသနကြိုတင်ပြုစုထားမှုမရှိဟု ထင်ရသည်။

အစိုးရ၏ ပံ့ပိုးမှုများဆိုင်ရာ ဖြန့်ဝေမှုနှင့်ပတ်သက်သော ပြဿနာများ

စာရေးသူများသည် အစိုးရ၏ ငွေကြေးအရ ပံ့ပိုးမှုပုံစံနှင့် ငွေကြေးမဟုတ်သော ပံ့ပိုးမှုပုံစံများမှာ အင်ဒိုနီးရှားတွင် များစွာရှိကြောင်း ရှာဖွေတွေ့ရှိထားသည်။ သို့ရာတွင် ၎င်းတို့သည် မျှတစွာ ဖြန့်ဝေထားမှု မရှိပေ။ ပညာရှင်တစ်ဦးက တူညီသော SME ထံသို့ ပံ့ပိုးမှု ၂ ကြိမ်ထပ်ပို့ပေးမိသောကြောင့် အခြား SMEs များသည် ပံ့ပိုးမှုမရရှိခဲ့ကြောင်း ဥပမာပေး ပြောကြားခဲ့သည်။

ထိုသို့ဖြစ်ပေါ်ရခြင်းသည် အချို့ SMEs များသည် ကွဲပြားသော database ထဲတွင် ၂ ကြိမ် မှတ်ပုံတင်ထားပြီး အချို့မှာမူ မှတ်ပုံတင်ထားမှုပင် မရှိပေ။ ထိုအချက်သည် ကွဲပြားသော ရင်းမြစ်များအကြား အချက်အလက်စိစစ်မှုဆိုင်ရာ ပြဿနာများအား ဖော်ပြခြင်းနှင့်အတူ အစိုးရ၏ ပံ့ပိုးမှုဆိုင်ရာ ပေးပို့မှုများ မညီမျှခြင်းကိုလည်း ဖော်ပြခဲ့သည်။

ပိုမိုနက်နဲသော လေ့လာမှုအရ စာရေးသူများသည် ပြဿနာမှာ အချက်အလက်စိစစ်မှုဆိုင်ရာ ပြဿနာမျှသာထက်ပိုပြီး နက်နဲနိုင်ကြောင်း ဆိုထားသည်။ ဆွေးနွေးမှုအတွင်း အစိုးရနှင့်ပတ်သက်ပြီး ပေါ်ပေါက်လာသော ထိုပြဿနာများသည် ပိုမိုပြင်းထန်သော အခြေခံကျသည့် ပြဿနာများ၏ လက္ခဏာရပ်များ ဖြစ်နိုင်သည်။ အချက်အလက်ဆိုင်ရာ စီမံခန့်ခွဲမှုမှားယွင်းခြင်းနှင့် ပံ့ပိုးမှုဆိုင်ရာ ဖြန့်ဝေမှုမညီမျှခြင်းတို့သည် အစိုးရအဖွဲ့အစည်းများအကြား ညှိနှိုင်းဆောင်ရွက်မှုမရှိခြင်းကို ဖော်ပြသကဲ့သို့ဖြစ်ပြီး လက်တွေ့အခြေအနေများနှင့် ပတ်သက်ပြီး သိရှိနားလည်မှုမရှိခြင်းကိုလည်း ဖော်ပြခြင်း ဖြစ်သည်။

ထိုအမှားများဖြစ်ပေါ်ခြင်းကြောင့် WSMEs များ အနေဖြင့် အစိုးရအား ယုံကြည်မှုမရှိတော့ခြင်းနှင့် ပတ်သက်ပြီး နားလည်နိုင်မည် ဖြစ်သည်။ အကြံပေးဆွေးနွေးမှုအတွင်း ဆွေးနွေးသူတစ်ဦးသည် အခြားဆွေးနွေးသူများအား မပြောကြားလိုသည့် အစိုးရနှင့် ပတ်သက်သော ထင်မြင်ချက်ကို စာရေးသူများအား သီးသန့်ဆက်သွယ်ပြောကြားခဲ့သည်။ ထိုသေးငယ်သောဆောင်ရွက်ချက်သည် အစိုးရအပေါ် မယုံကြည်ခြင်းကိုပြသော လက္ခဏာတစ်ရပ်ဖြစ်ခဲ့ပြီး အစိုးရအား ကြောက်ရွံ့သောကြောင့်လည်း ဖြစ်နိုင်သည်။

ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုမှုမှ ယူဆောင်လာသော ကြီးမားသည့် အခွင့်အလမ်းများမှအပ အင်ဒိုနီးရှားရှိ WSMEs များသည် စိန်ခေါ်မှုများကို ဆက်လက်ရင်ဆိုင်ရဖွယ်ရှိသည်။ ၎င်းသည် ပိုမိုကောင်းမွန်သည့် WSME များနှင့်ပတ်သက်သော အကြံပြုမူဝါဒများနှင့် အကျိုးထိရောက်မှုရှိသော ကြားဝင်ဆောင်ရွက်မှုများကို အကောင်အထည်ဖော်ရာတွင် အရေးတကြီး လိုအပ်ချက် ဖြစ်သည်။

Practical and Policy Recommendations



ပုံ ၂.၁၅- လက်တွေ့ကျသော မူဝါဒဆိုင်ရာ အကြံပြုချက်များ

စည်းမျဉ်းလိုက်နာမှု အဆိုပါအကြံပြုချက်များသည် ကဏ္ဍ-၁-ဈေးငွေရရှိမှုနှင့် ကဏ္ဍ-၃-လုပ်ငန်းဖြစ်စဉ်များနှင့် စီမံခန့်ခွဲမှုများ နှင့်ပတ်သက်သော စိန်ခေါ်မှုများကို ဖြေရှင်းရန် ဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံ၏ စည်းကမ်းထိန်းသိမ်းမှုနှင့် တရားဝင်မှုဘောင်များနှင့်ပတ်သက်သော အစိုးရအေဂျင်စီများအကြား သက်ဆိုင်သည့် စည်းကမ်းထိန်းသိမ်းမှုများနှင့် ညှိနှိုင်းဆောင်ရွက်မှုများနှင့်ပတ်သက်သော သတင်းအချက်အလက်များ မရှိပေ။ ဥပမာ-စာရေးသူများသည် WSME လုပ်ငန်းရှင်များ၏ ၂၇ ရာခိုင်နှုန်းမှာ SMEs များဆိုင်ရာ ဥပဒေများကို လိုက်နာမှုမရှိပဲ ၎င်းတို့၏ လုပ်ငန်းများအတွက် ပူးပေါင်းဆောင်ရွက်မှုများလည်း မရှိကြောင်း လေ့လာတွေ့ရှိခဲ့ရသည်။ ၎င်းတို့သည် စည်းကမ်းလိုက်နာရာမှုကြောင့် ရရှိလာမည့် မည်သည့် အကျိုးကျေးဇူးကိုမျှ မမြင်ပေ။ စင်စစ်အားဖြင့် ဥပဒေကို လိုက်နာပါက အခွန်ဆောင်ရမည်ဖြစ်သောကြောင့် ထိုသို့အခွန်ဆောင်ရမည်ကို ထိခိုက်နစ်နာမှုတစ်ရပ်အဖြစ် မြင်ကြသည်။

၎င်းတို့၏ လုပ်ငန်းများနှင့်ပတ်သက်ပြီး ပေါင်းစည်းမှုမပြုသည့် ဖြစ်စဉ်သည် ရှင်းလင်းမှု မရှိဘဲ ရှုတ်ထွေးသည်။ ထို့ပြင် ၎င်းတို့အား ဥပဒေကို လိုက်နာရန် လှုံ့ဆော်ခြင်းလည်း မရှိပေ။ အကြံပေးဆွေးနွေးသူများသည် မပေါင်းစည်းသော ပြဿနာသည် ပိုမိုကြီးမားသော WSME ဂေဟစနစ်တွင် လွှမ်းမိုးမှုရှိဆဲဖြစ်ကြောင်း လက်ခံယုံကြည်ထားကြသည်။ WSMEs များသည် စည်းကမ်းမလိုက်နာပါက ပြင်ပမှ ဈေးငွေရရှိရန်၊ အများပြည်သူဆိုင်ရာ အခွင့်အလမ်းများတွင် ပါဝင်နိုင်ရန်နှင့် သွင်းကုန်ပို့ကုန်များဆိုင်ရာ ဆောင်ရွက်ချက်များ ဆောင်ရွက်ရန်တို့အတွက် စိန်ခေါ်မှုများနှင့် ရင်ဆိုင်ရမည်ဖြစ်သည်။

မူဝါဒဆိုင်ရာအကြံပြုချက်များ-ဆွေးနွေးသူများသည် အစိုးရအနေဖြင့် စည်းကမ်းလိုက်နာမှုဆိုင်ရာ ဖြစ်စဉ်များအားလုံးကို ပိုမိုပွင့်လင်းမြင်သာမှုရှိပြီး အကျိုးထိရောက်မှုရှိစေရန်တို့အတွက် ဆောင်ရွက်သင့်ကြောင်း အဆိုပြုခဲ့သည်။ ဖြစ်စဉ်သည် WSMEs များအနေဖြင့် သက်ဆိုင်သော သတင်းအချက်အလက်များရှာဖွေရန်သာမက လုပ်ငန်းများမှတ်ပုံတင်ရန်၊ အခွင့်အလမ်းများအတွက် လျှောက်ထားရန်နှင့် စာရွက်စာတမ်းများတင်သွင်းရန်တို့အတွက်လည်း ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုပြီး ဆောင်ရွက်နိုင်ရန် စီစဉ်ပေးထားသည်။

ဒစ်ဂျစ်တယ်နည်းပညာပလက်ဖောင်းသည် တစ်ချိန်တည်းတွင် WSMEs အရေအတွက်များစွာနှင့်ပတ်သက်ပြီး ဆောင်ရွက်ပေးနိုင်ရန် အရေးကြီးသည်။ ဆွေးနွေးသူများသည် အစိုးရအနေဖြင့် ကနဦးဆောင်ရွက်ချက်များ ဆောင်ရွက်ရာတွင် ပြည်သူ-အစိုးရ မိတ်ဖက်ဆောင်ရွက်မှုများနှင့်ပတ်သက်ပြီး အသင့်တော်ဆုံးဆောင်ရွက်နိုင်ပါက ၎င်းကိုလည်း ဆောင်ရွက်နိုင်မည်ဟု လက်ခံယုံကြည်ထားကြသည်။

လက်တွေ့ကျသော အကြံပြုချက်

ပုဂ္ဂလိကအခန်းကဏ္ဍ အထူးသဖြင့် အမျိုးသမီးများပါဝင်သော အဖွဲ့အစည်းများနှင့် အသိုက်အဝန်းများ၊ ဒစ်ဂျစ်တယ်နည်းပညာအသွင်းကူးပြောင်းမှုအတွက် ဆောင်ရွက်ပေးသူများနှင့် ဂေဟစနစ်ရှိ လုပ်ငန်းရှင်များသည် စည်းကမ်းလိုက်နာမှုကြောင့် ရရှိလာနိုင်မည့် အကျိုးကျေးဇူးများနှင့်ပတ်သက်ပြီး အားပေးပံ့ပိုးမည်ဖြစ်ကြောင်း အဆိုပြုခဲ့သည်။ အစိုးရ၏ ထောက်ပံ့ကြေးဆိုင်ရာ လျှောက်ထားမှုများတွင် ဦးစားပေးခံရမှုများ၊ ဈေးငွေဆိုင်ရာ ဖြေလျှော့မှုများနှင့် အခွန်ဆိုင်ရာ လျှော့ပေါ့မှုများကဲ့သို့သော စည်းကမ်းလိုက်နာမှုဆိုင်ရာ အကျိုးကျေးဇူးများကို ရရှိခံစားရသော အခြား WSMEs များကို မီးမောင်းထိုးပြသခြင်းဖြင့် အဆိုပါအားပေးပံ့ပိုးမှုများနှင့်ပတ်သက်ပြီး ဆောင်ရွက်နိုင်သည်။

စွမ်းဆောင်ရည်တည်ဆောက်ခြင်း

အဆိုပါအကြံပြုချက်များသည် ကဏ္ဍ-၂-သင်ကြားပြသမှု၊ ကွန်ရက်ချိတ်ဆက်ဆောင်ရွက်မှုနှင့် ကျွမ်းကျင်မှုများနှင့်ပတ်သက်သော စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းရန်အတွက် ဖြစ်သည်။

အင်ဒိုနီးရှားတွင် WSMEs များအတွက် ကျွမ်းကျင်မှုများနှင့် ဗဟုသုတများတိုးတက်စေနိုင်သော အခွင့်အလမ်းများမှာ ရှားပါးမှုမရှိပေ။ လုပ်ငန်းရှင်များသည် သတင်းအချက်များစွာရှိသော်လည်း တစ်ခါတစ်ရံတွင် မည်သည့်နေရာမှ သတင်းအချက်အလက် ရရှိနိုင်မည်ဆိုသည်နှင့်ပတ်သက်ပြီး စိတ်ရှုတ်ထွေးတတ်ကြကာ ဒစ်ဂျစ်တယ်နည်းပညာကို မည်သို့အသုံးပြုပြီး ထိုနည်းပညာဖြင့် အဘယ်ကြောင့်

ဆောင်ရွက်နိုင်သည်တို့နှင့်ပတ်သက်ပြီး သိရှိနားလည်နိုင်ရန်အတွက် အကူအညီ လိုအပ်သည်။ အရည်အသွေးနှင့်ပတ်သက်သော သင်ကြားပြသသည့် သင်တန်းမရှိခြင်းနှင့်ပတ်သက်ပြီး ဆွေးနွေးမှုအတွင်း တစ်ခါတစ်ရံ ဖော်ပြကြသည်။

မူဝါဒဆိုင်ရာ အကြံပြုချက်များ

ဆွေးနွေးသူများသည် အစိုးရအနေဖြင့် အမျိုးသမီးလုပ်ငန်းရှင်များနှင့် ၎င်းတို့၏ ဝန်ထမ်းများအတွက် ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုသော အရည်အသွေးဆိုင်ရာ သင်တန်းများကို ပံ့ပိုးပေးနိုင်ရန် အစိုးရ-ပုဂ္ဂလိက မိတ်ဖက်ဆောင်ရွက်မှုများဖြစ်ပေါ်စေခြင်းဖြင့် ကူညီနိုင်ကြောင်း အဆိုပြုခဲ့သည်။

လက်တွေ့ကျသောအကြံပြုချက်များ

နိုင်ငံတကာအေဂျင်စီများ၊ နိုင်ငံမျိုးစုံပါဝင်သော ကုမ္ပဏီများ သို့မဟုတ် အမျိုးသမီးများပါဝင်သော အဖွဲ့အစည်းများနှင့် အသိုက်အဝန်းများ အပါအဝင် အစိုးရမဟုတ်သော အဖွဲ့အစည်းများသည် အမျိုးသမီးများအတွက် ဖွံ့ဖြိုးတိုးတက်စေမည့် ဗဟုသုတများရရှိရန် ရေတိုနှင့် ရေရှည်ဖြစ်သော လုပ်ငန်းဆိုင်ရာ ပညာသင်ဆုများကို စီစဉ်ပေးခြင်းဖြင့် WSME များကို ထပ်မံပံ့ပိုးနိုင်သည်။

ဆွေးနွေးသူများမှ ထပ်မံပြောဆိုထားသည်မှာ ဒစ်ဂျစ်တယ်နည်းပညာနှင့်ပတ်သက်သော သံသယများနှင့် စိုးရိမ်ပူပန်မှုများကို ဖယ်ရှားရာတွင် ကူညီနိုင်သော နည်းလမ်းသည် ဒစ်ဂျစ်တယ်နည်းပညာ အသုံးပြုပြီး အောင်မြင်နေကြသော အမျိုးသမီးများ၏ အကြောင်းကို ဖော်ထုတ်ပေးခြင်းဖြင့် အခြား အမျိုးသမီးများအနေဖြင့် အတုယူပြီး ထိုနည်းပညာကို လက်ခံကျင့်သုံးနိုင်စေရန် ဖြစ်သည်။

စွန့်စားမှုများနှင့် အကျပ်အတည်းများဆိုင်ရာ စီမံခန့်ခွဲမှု အဆိုပါအကြံပြုချက်များသည် ကဏ္ဍ-၁-ချေးငွေရရှိမှုနှင့် ကဏ္ဍ-၄-အကျပ်အတည်းဆိုင်ရာ စီမံခန့်ခွဲမှု(COVID-19)

နှင့်ပတ်သက်သော စိန်ခေါ်မှုများကို ဖြေရှင်းပေးနိုင်ရန် ဖြစ်သည်။

လက်ရှိတွင် WSMEs များသည် စံသတ်မှတ်ချက်ဆိုင်ရာ ကိုးကားမှုများမရှိသောကြောင့် စတင်နိုင်သောနည်းလမ်းတစ်ရပ်မှာ SME နှင့်ပတ်သက်သော သင်တန်းများတွင် စွန့်စားမှုများနှင့် အကျပ်အတည်းဆိုင်ရာ စီမံခန့်ခွဲမှုများနှင့်ပတ်သက်သော ပညာရေးကို ထည့်သွင်းသင်ကြားပြီး စမ်းသပ်နိုင်သည်။ အကျပ်အတည်းဆိုင်ရာ စီမံခန့်ခွဲမှုများနှင့်ပတ်သက်သော လေ့လာမှုများဖြင့် WSMEs များကို ဖော်ပြခြင်းသည် ထိုအယူအဆကို မိတ်ဆက်ပေးပြီးနောက် နောက်ထပ်ကောင်းမွန်သည့် အဆင့်တစ်ဆင့် ဖြစ်နိုင်သည်။ သို့ရာတွင် အဆိုပါသုတေသနနှင့် ပတ်သက်ပြီး ပိုမိုရှင်းလင်းသော နည်းလမ်းဖြင့် ဆက်သွယ်ရန် လိုအပ်သည်။

သုတေသနများနှင့် ပညာရေးဆိုင်ရာ ရှာဖွေတွေ့ရှိမှုများနှင့်ပတ်သက်ပြီး အများပြည်သူအတွက် လွယ်ကူစွာ နားလည်စေနိုင်သည့် နည်းဖြင့် ရေးသားရန် လိုအပ်သည်။ သုတေသနရလာဒ်များနှင့်ပတ်သက်ပြီး ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုနိုင်သော နယ်ပယ်များတွင် ပြန်လည်သုံးသပ်ခြင်းဖြင့် အဆိုပါကွာဟမှုကို ဖြည့်ဆည်းပေးရန် လိုအပ်သည်။

မူဝါဒဆိုင်ရာ အကြံပြုချက်များ

မူဝါဒအဆင့်တွင် အစိုးရများသည် တည်ရှိနေသော ချေးငွေဆိုင်ရာ ဖြေလျှော့မှုများနှင့် အခွန်သက်ညှာမှုဆိုင်ရာ တိုးမြှင့်မှုတို့ဖြင့် ၎င်းကို ကျော်လွှားရန်အတွက် ကူညီနိုင်သည်။ ထို့ပြင် အကျပ်အတည်းကာလအတွင်း အသေးစားကုမ္ပဏီများကိုသာမက WSMEs များကို ထောက်ပံ့ငွေပေးအပ်ခြင်းဖြင့်လည်း ကူညီနိုင်သည်။

လက်တွေ့ကျသော အကြံပြုချက်များ

ပိုမိုအကာအကွယ်ပေးနိုင်သော ဆောင်ရွက်ချက်များအနေဖြင့် WSMEs များအား စွန့်စားမှုနှင့် အကျပ်အတည်းဆိုင်ရာ စီမံခန့်ခွဲမှုနှင့်ပတ်သက်သော မဟာဗျူဟာများဆိုင်ရာ ဗဟုသုတများကို မျှဝေနိုင်ရန် အထူးသဖြင့် အမျိုးသမီးများပါဝင်သော လုပ်ငန်းဆိုင်ရာ အဖွဲ့အစည်းများတွင် ပါဝင်နိုင်ရန် ထပ်မံအားပေးသင့်သည်။

အချက်အလက်ဆိုင်ရာ သီးသန့်တည်ရှိမှုနှင့် လုံခြုံမှု

အဆိုပါအကြံပြုချက်များသည် ကဏ္ဍအားလုံးနှင့်ပတ်သက်သော စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းပေးနိုင်ရန်အတွက် ဖြစ်သည်။

WSME လုပ်ငန်းရှင်အများအပြားသည် ဒစ်ဂျစ်တယ်နည်းပညာနှင့်ပတ်သက်သော စွန့်စားမှုများ အထူးသဖြင့် အချက်အလက်ဆိုင်ရာ သီးသန့်

တည်ရှိမှုနှင့် လုံခြုံမှုတို့နှင့်ပတ်သက်ပြီး အသိပညာ မရှိကြပေ။ အင်ဒိုနီးရှားတွင် အီလက်ထရောနစ် ဆိုင်ရာ ဆက်သွယ်မှုများ၊ သတင်းအချက်အလက် များနှင့်ပတ်သက်ပြီး ထိန်းချုပ်သော ဥပဒေများနှင့် ကိုယ်ရေးအချက်အလက်ဆိုင်ရာ ကာကွယ်မှုနှင့် ပတ်သက်သော ဥပဒေများ ရှိနှင့်ပြီးဖြစ်သည်။ (နောက်ဆက်တွဲ-ဂ တွင် ကြည့်ပါ)။ သို့ရာတွင် အဆိုပါဥပဒေများကို ချိုးဖောက်မှု၏ အကျိုးဆက်များ နှင့်ပတ်သက်ပြီး ပြင်းထန်စွာ အကျိုးသက်ရောက်မှု မရှိပေ။

ဥပမာ-အင်ဒိုနီးရှားတွင် ဒစ်ဂျစ်တယ်နည်းပညာ ဆိုင်ရာ ဝန်ဆောင်မှုပေးသူများ၊ ဒစ်ဂျစ်တယ် လုပ်ငန်း ဆောင်ရွက်သူများ၊ အီလက်ထရောနစ် စနစ်ဆိုင်ရာ ဆောင်ရွက်သူများ(ESOs)များသည် မှတ်ပုံတင်ရန် လိုအပ်ပြီး တရားဝင်ဆောင်ရွက်မှု ဆိုင်ရာ အသိအမှတ်ပြုလက်မှတ်တစ်ခုရှိရန် လိုအပ် သည်။ သို့ရာတွင် ၂၀၁၄ ခုနှစ်တွင် ဥပဒေပြဋ္ဌာန်း ခဲ့သော်လည်း ၃၀၀၀ အောက်နည်းသော ဒစ်ဂျစ်တယ် ပလက်ဖောင်းများသာလျှင် မှတ်ပုံတင်ခဲ့သည်။ ဥပဒေအရ မှတ်ပုံမတင်ထားသော ESOs များသည် ယာယီဆိုင်းငံ့ခြင်း၊ အီးမေးလ်မှတဆင့် စာဖြင့် သတိပေးခြင်းနှင့် နောက်ဆုံးအဆင့်ဖြစ်သော ရပ်စဲခြင်းတို့နှင့်ပတ်သက်ပြီး ကြုံတွေ့နိုင်သည်။

မူဝါဒဆိုင်ရာ အကြံပြုချက်များ
ဆွေးနွေးသူများသည် အီလက်ထရောနစ်စနစ်ဆိုင်ရာ ဆောင်ရွက်မှုများနှင့် လုပ်ငန်းဆိုင်ရာ ဥပဒေများ သတ်မှတ်ပြဋ္ဌာန်းရန် အဆိုပြုခဲ့သည်။ အစိုးရ၏ အခန်းကဏ္ဍသည် ထိုဥပဒေများနှင့်ပတ်သက်သော ပြဋ္ဌာန်းမှုများ၊ စောင့်ကြည့်မှုများနှင့် သုံးသပ်မှုများ တွင် ပိုမိုခိုင်မာရန် ဖြစ်သည်။

လက်တွေ့ကျသော အကြံပြုချက်များ
WSMEs များနှင့်ပတ်သက်သော သင်ကြားပြသ သူများနှင့် နည်းပြများသည် ၎င်းတို့ကိုယ်တိုင်နှင့် ၎င်းတို့၏ customers များအား ကာကွယ်ပေးနိုင်ရန် လုံလောက်သော ဗဟုသုတရှိစေရန်အတွက် WSMEs များ၏ အချက်အလက်ဆိုင်ရာ သီးသန့်တည်ရှိမှုနှင့် လုံခြုံမှုဆိုင်ရာ ပြဿနာများအား ဒစ်ဂျစ်တယ်စာပေ အတွင်းသို့ ပေါင်းစပ်ခြင်းဖြင့် ထိုပြဿနာများကို ဖြေရှင်းရန်အတွက် ကွဲပြားသော ချဉ်းကပ်မှုနည်းလမ်း တစ်ရပ်ကို ကျင့်သုံးနိုင်သည်။

အဓိကအားဖြင့် ပြဿနာများနှင့်ပတ်သက်သော လေ့လာဆန်းစစ်မှုများ၊ အခွင့်အလမ်းဖော်ထုတ် မှုများနှင့် အကြံပေးဆွေးနွေးမှုများသည် အင်ဒိုနီးရှား WSMEs ဂေဟာစနစ်တွင်တွင် လက်တွေ့ကျသော အကြံပြုချက်များနှင့် မူဝါဒဆိုင်ရာ အကြံပြုချက်များ နှစ်မျိုးလုံးဖြင့် အဆိုပြုမှုတွင် အရေးကြီးသည်။

၂.၆။ နိဂုံး

ပြောင်းလဲမှုသည် အရှိန်မြင့်နေပြီး နည်းပညာသည်လည်း ပိုမိုလျင်မြန်သောနှုန်းဖြင့် တိုးတက်နေသည်။ သံသယဖြစ်ရန် မလိုအောင်ပင် နည်းပညာဖွံ့ဖြိုးတိုးတက်မှုသည် အင်ဒိုနီးရှား၏ စီးပွားရေးဆိုင်ရာ ပတ်ဝန်းကျင်ကို ပြောင်းလဲစေပြီး WSMEs များအနေဖြင့် နှစ်သက်သည်ဖြစ်စေ မနှစ်သက်သည်ဖြစ်စေ အကျိုးသက်ရောက်မှုများရှိနေသည်။

ဒစ်ဂျစ်တယ်နည်းပညာကို WSME လုပ်ငန်းရှင်များမှ လက်ခံကျင့်သုံးသော်လည်း ၎င်းတို့လုပ်ငန်းများ အတွင်းသို့ ပေါင်းစပ်ရာတွင် စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရဆဲ ဖြစ်သည်။ ဗဟုသုတ၊ ရင်းမြစ်များနှင့် ကျွမ်းကျင်မှုများမရှိခြင်းသည် ဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာ အခွင့်အလမ်းများကို WSME လုပ်ငန်းရှင်များမှ ရရှိရန်အတွက် ဟန့်တားနေသော ထိပ်ပိုင်း စိန်ခေါ်မှု(၃)ရပ် ဖြစ်သည်။

လုပ်ငန်းရှင်များ၏ အရောင်းများနှင့် ဝင်ငွေများတိုးတက်စေရန် ဆိုရှယ်မီဒီယာနှင့် အွန်လိုင်းဈေးကွက်များအား အသုံးပြုမှုကဲ့သို့သော ဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာ အခွင့်အလမ်းအချို့ကို လုပ်ငန်းရှင်များက အသုံးချပြီး ဖြစ်သည်။ သို့ရာတွင် အခြားအခွင့်အလမ်းများစွာသည် အသုံးပြုရန် ကျန်ရှိနေသေးသည်။ WSMEs အများ အပြားသည် ၎င်းတို့၏ လုပ်ငန်းများတွင် ဒစ်ဂျစ်တယ်နည်းပညာကို လက်ခံကျင့်သုံးရန် စတင်ပြီး ဖြစ်သည်။ သို့ရာတွင် ၎င်းတို့သည် ပြင်ပမှချေးငွေများရရှိရန်၊ သင်ကြားပြသူများနှင့် ဆက်သွယ်ရန် သို့မဟုတ် အစိုးရနှင့် ပုဂ္ဂလိကအခန်းကဏ္ဍများမှ ပံ့ပိုးမှုများ ရရှိရန်တို့အတွက် ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုမှု နည်းပါးသည်။

ဒစ်ဂျစ်တယ်နည်းပညာကို လက်ခံကျင့်သုံးရန် WSMEs များအနေဖြင့် ပြဿနာများနှင့် မဖော်ထုတ်ရသေးသော အခွင့်အလမ်းများနှင့်ပတ်သက်ပြီး သိရှိနားလည်နိုင်ရန်အတွက် စာရေးသူများသည် ပညာရှင်များနှင့် အမျိုးသမီးလုပ်ငန်းရှင်များနှင့်အတူ အကြံပြုချက်များကို ဖော်ဆောင်နိုင်ခဲ့သည်။ WSMEs များအနေဖြင့် ပံ့ပိုးမှု များရရှိရန် လိုအပ်သော အဓိကအကြောင်းအရာများနှင့်ပတ်သက်ပြီး အောက်ပါအတိုင်း နယ်ပယ်(၄)ရပ် ခွဲခြားထားသည်။ (၁)စည်းမျဉ်းလိုက်နာမှု၊ (၂)စွမ်းဆောင်ရည်တည်ဆောက်မှု၊ (၃)စွန့်စားမှုနှင့် အကျပ်အတည်း ဆိုင်ရာ စီမံခန့်ခွဲမှု၊ (၄)အချက်အလက်ဆိုင်ရာ သီးသန့်တည်ရှိမှုနှင့် လုံခြုံမှုများနှင့်ပတ်သက်ပြီး တစ်ဦးစီအတွက် လက်တွေ့ကျသော မူဝါဒဆိုင်ရာ အကြံပြုချက်များစီစဉ်ပေးမှု အဆိုပါအကြံပြုချက်များသည် WSMEs များအနေဖြင့် ရှင်သန်နိုင်သော ပတ်ဝန်းကျင်တစ်ရပ်ကို ပြုစု ပျိုးထောင်ရန် လုပ်ပိုင်ခွင့်ဖြင့် အမျိုးမျိုးသော အဖွဲ့များ၏ ပူးပေါင်းဆောင်ရွက်မှုမပါဝင်ပါက အချည်းနှီးဖြစ် လိမ့်မည် ဖြစ်သည်။ အစိုးရ၊ ပုဂ္ဂလိကအခန်းကဏ္ဍနှင့် သုတေသနပြုစုသူများအကြား ပူးပေါင်းဆောင်ရွက် မှုများသည် အင်ဒိုနီးရှားနိုင်ငံ၏ WSMEs များအနေဖြင့် ရင်ဆိုင်နေရသော ကျားမဆိုင်ရာ စိန်ခေါ်မှုများနှင့် ပတ်သက်ပြီး နက်နဲစွာ နားလည်သိရှိနိုင်စေမည် ဖြစ်သည်။ ထို့ပြင် အထူးသဖြင့် လက်ရှိကပ်ရောဂါကို ရင်ဆိုင်ရာတွင် အဆိုပါစိန်ခေါ်မှုများအား ကျော်လွှားနိုင်ရန် ဖြေရှင်းနည်းများနှင့်ပတ်သက်ပြီး စီစဉ်ပေးမည် ဖြစ်သည်။

၂.၇။ Endnotes

43. A term used in the venture capital industry to describe a privately held startup company with a value of over $1 billion.

44. Plane, J. (2020, April 21). In challenging times, digital economy and e-commerce can chart a path toward recovery, The Jakarta Post [Online article]. Retrieved Sep 13, 2020 from: https://www.thejakartapost.com/academia/2020/04/21/in-challenging-times-digital-economy-and-e-commerce-can-chart-a-path-toward-recovery.html

45. Kemp, S. (2020, February 18). *Digital 2020: Indonesia, DataReportal - Global Digital Insights* [Website]. Retrieved Sep 13, 2020 from: https://datareportal.com/reports/digital-2020-indonesia#:~:text=There%20were%20175.4%20million%20internet,at%2064%25%20in%20January%202020

46. Ayman, F. M. (2020, January 28). Indonesia's Palapa Ring: Bringing Connectivity to the Archipelago, *Datareportal* [Online article]. Retrieved Sep 13, 2020 from: https://www.aseanbriefing.com/news/indonesias-palapa-ring-bringing-connectivity-archipelago/

47. Telkom Indonesia. (2020). *TELKOM's Strategy and Innovation to Build Indonesia Digital Economy* [PDF File]. http://www.wantiknas.go.id/wantiknas-storage/file/img/materi/2020/Januari/28%20Jan%202020%20-%20FGD%20Arah%20Strategi%20Transformasi%20Digital%20di%20Indonesia%20-%20Aryaduta%20Jakarta/Joddy%20Hernady-Telkom-TELKOMs%20Strategy%20and%20Innovation.pdf

48. Cisco. (2020). *Global Digital Readiness Index 2019* [PDF File]. https://www.cisco.com/c/dam/en_us/about/csr/reports/global-digital-readiness-index.pdf

49. Law of the Republic of Indonesia Number 20 of 2008 concerning Micro, Small, and Medium Enterprises.

50. Badan Pusat Statistik [BPS]. (n.d.). *Kementerian Koperasi dan Kecil dan Menengah* [PDF File]. http://www.depkop.go.id/uploads/laporan/1580223129_PERKEMBANGAN%20DATA%20USAHA%20MIKRO,%20KECIL,%20MENENGAH%20(UMKM)%20DAN%20USAHA%20BESAR%20(UB)%20TAHUN%202017%20-%2

51. Oxford Business Group [OBG]. (2020). How is Indonesia developing its digital economy?. *In The Report: Indonesia 2020* [PDF File]. https://oxfordbusinessgroup.com/analysis/supportive-framework-government-and-regulators-are-taking-steps-develop-digital-economy-focus-local#report_launcher

52. Otoritas Jasa Keuangan [OJK]. (2019). *The Impact of E-commerce Adoption on MSMEs Performance and Financial Inclusion (FI) in Indonesia* [PDF File]. https://ojk.go.id/id/data-dan-statistik/research/working-paper/Documents/WP-19-06.pdf

53. Ferry, S. (2020, June 29). Baru 13% UMKM di RI yang Melek Digital, *CNBC Indonesia* [Online article]. Retrieved Sep 13, 2020 from: https://www.cnbcindonesia.com/news/20200629190231-4-168897/baru-13-umkm-di-ri-yang-melek-digital

54. International Finance Corporation [IFC]. (2016). U*KM yang Dimiliki Wanita di Indonesia: Kesempatan Emas untuk Institusi Keuangan Lokal/ Women-owned SMEs in Indonesia: A Golden Opportunity for Local Financial Institutions.*

55. Komnas Perempuan. (2020, March 6). Siaran Pers dan Lembar Fakta Komnas Perempuan: Catatan Tahunan Kekerasan terhadap Perempuan 2020, *Komisi Nasional Anti Kekerasan Terhadap Perempuan* [Online article]. Retrieved Sep 17, 2020, from: https://www.komnasperempuan.go.id/read-news-siaran-pers-dan-lembar-fakta-komnas-perempuan-catatan-tahunan-kekerasan-terhadap-perempuan-2020

56. Bogner, A., Littig, B., & Menz, W. (2009). Introduction: Expert interviews—An introduction to a new methodological debate. In: Bogner A., Littig B., Menz W. (eds) *Interviewing Experts* (pp. 1-13). Research Methods Series. Palgrave Macmillan, London.

57. Ihsan, F.M., Muhtadi, R. & Subhan, M. (2020, June 15). HISTORIOGRAFI KAUSA LEGAL BUNGA (RIBA) DI INDONESIA. *Ulumuna: Jurnal Studi Keislaman,* 6(1), 1-12. https://doi.org/https://doi.org/10.36420/ju.v6i1.3955

58. OJK. (2020, January). *Statistik Perbankan Syariah* [PDF File]. https://www.ojk.go.id/id/kanal/syariah/data-dan-statistik/statistik-perbankan-syariah/Documents/Pages/Statistik-Perbankan-Syariah---Januari-2020/SPS%20Januari%202020.pdf.

59. Fintech Syariah Indonesia. (n.d.). *Asosiasi Fintech Syariah Indonesia - AFSI - Bersama ....* [Website]. Retrieved Sep 19, 2020 from: https://fintechsyariah.id/.

60. Schubert, R., Brown, M., Gysler, M., & Brachinger, H. W. (1999). Financial decision-making: are women really more risk-averse?. *American economic review,* 89(2), 381-385.

61. Agussani, A. & Syaiful, B. (2019). A Qualitative Study on the Role of Family and Social Circles among Women Entrepreneurs in Indonesia. *International Journal of innovation,* Creativity and Change, 8(2).

62. Watson, J., Newby, R., & Mahuka, A. (2009). Gender and the SME "finance gap". *International Journal of Gender and Entrepreneurship.*

63. Stone, J. (2019). Evening the Playing Field: Mitigating the Impact of Gender Differences in Risk Preferences and Investment Behavior. *Senior Independent Study Theses.* Paper 8601. https://openworks.wooster.edu/independentstudy/8601

64. Zoom is a cloud-based video communications app. See Antonelli, W. (2020, May 12). What is Zoom? A comprehensive guide to the wildly popular video-chatting service for computers and smartphones, *Tech Reference* [Online article]. Retrieved Sep 19, 2020 from: https://www.businessinsider.com/what-is-zoom-guide

65. Whatsapp, Instagram, and Facebook.

66. Podcast is an audio file that can be downloaded from the Internet, often in MP3 format. See Waddingham, J. A., Zachary, M. A., & Ketchen Jr, D. J. (2020). Insights on the go: Leveraging business podcasts to enhance organizational performance. *Business Horizons.*

67. MSME agency is a MCSME representative located in each city of Indonesia.

68. Halal certification states that the food or the products are permissible for the followers of Islam. See Hasan Ridwan, A. (2020). Authorization of Halal Certification in Indonesia, Malaysia and Singapore. *International Journal of Psychosocial Rehabilitation,* 24(08), 7992-8011.

69. Indonesian herbal medicine.

70. Moran, J. & Brightman, B. (2001). Leading organizational change. *Career Development International,* 6. 111-119. 10.1108/13620430110383438.

71. Wulandari, F., Djastuti, I. & Nuryakin. (2017). Reassessment of the entrepreneurial motivation among female business owners to enhance SMEs business performance in Indonesia. *European Research Studies Journal,* 0(4A), 18-34.

72. Entrepreneurial motivations include entrepreneurial opportunities, independence and income, and entrepreneurial challenge. See Lee, S. S., & Stearns, T. M. (2012). Critical Success Factors in the Performance of Female-Owned Businesses: A Study of Female Entrepreneurs in Korea. *International Journal of Management,* 29 (1), 3-18.

73. Online Search Engine.

74. Rahman, R. (2020, April 16). 37,000 SMEs hit by COVID-19 crisis as government prepares aid, *The Jakarta Post* [Online article]. Retrieved Sep 13, 2020 from: https://www.thejakartapost.com/news/2020/04/16/37000-smes-hit-by-covid-19-crisis-as-government-prepares-aid.html

75. Gosend is a small scale package delivery solution developed by Gojek. See Gojek. (n.d.). *About Us* [Website]. Retrieved Sep 20, 2020 from: https://www.gojek.com/sg/about/.

76. Vial, G. (2019). Understanding digital transformation: A review and a research agenda. *The Journal of Strategic Information Systems*, 28(2), 118-144.

77. We Are Social. (2020). *Digital in 2020* [Website]. Retrieved Sep 13, 2020 from: https://wearesocial.com/digital-2020

78. Morsy, H. (2020, March 1). Access to Finance: Why Aren't Women Leaning In? *Finance & Development,* 57(1), 52-53.

79. Gatlan, S. (2019, March 6). Data Breaches Confirmed in 2018, a 424% Increase …., *Bleeping Computer* [Online article]. Retrieved Sep 13, 2020 from: https://www.bleepingcomputer.com/news/security/12-449-data-breaches-confirmed-in-2018-a-424-percent-increase-over-the-previous-year/

80. Jagannathan, M. (2020, January 29). Data breaches soared by 17% in 2019: 'We also saw the rise …, *Marketwatch* [Online article]. Retrieved Sep 13, 2020 from https://www.marketwatch.com/story/data-breaches-soared-by-17-in-2019-but-theres-some-good-news-too-2020-01-29

81. Identity Theft Resource Center. (n.d.). *Home* [Website]. Retrieved Sep 13, 2020 from: https://notified.idtheftcenter.org/s/

82. Galtung, J. (1990). Cultural Violence, J*ournal of Peace Research,* 27(3), 291-305.

83. Kementerian Pemberdayaan Perempuan dan Perlindungan Anak. (n.d.). *Profile Perempuan Indonesia 2019*. Retrieved Sep 22, 2020 from: https://kemenpppa.go.id/index.php/page/read/26/2550/profile-perempuan-indonesia-2019

84. Dewi, M. B. K., & Arifin, R. (2019). Emancipation and Legal Justice; Portrait of Women's Legal Protection In Indonesia. *Jurnal Cita Hukum,* 7(1), 101-114.

85. Josua, S. C. (2020, July 28). Pembahasan RUU PKS: menilik proses dan permasalahan legislasi, *The Conversation* [Online Article]. Retrieved Sep 22, 2020 from: https://theconversation.com/pembahasan-ruu-pks-menilik-proses-dan-permasalahan-legislasi-142561

86. UKM Indonesia. (n.d.). *Home* [Website]. Retrieved Sep 20, 2020 from: https://www.ukmindonesia.id/

87. Kementerian Komunikasi dan Informatika Republik Indonesia. (n.d.). Pendaftaran Penyelenggara Sistem Elektronik, *KOMINFO* [Website]. Retrieved Sep 23, 2020 from: https://www.kominfo.go.id/content/detail/6791/pendaftaran-penyelenggara-sistem-elektronik/0/layanan_kominfo

88. Kementerian Komunikasi dan Informatika Republik Indonesia. (2020, January 29). Pendaftaran Penyelenggara Sistem Elektronik (PSE), *KOMINFO* [Website]. Retrieved Sep 23, 2020 from: https://aptika.kominfo.go.id/2020/01/pendaftaran-penyelenggara-sistem-elektronik-pse/



၃။

မြန်မာနိုင်ငံနှင့် ပတ်သက်သော လေ့လာမှု

၃.၁။ အကျဉ်းချုပ်ဖော်ပြမှု

ယခုသုတေသနသည် မြန်မာနိုင်ငံရှိ အမျိုးသမီးပိုင် အငယ်စားနှင့် အလတ်စားလုပ်ငန်းများအတွက် ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုမှုနှင့်ပတ်သက်သော ပစ္စုပ္ပန်နှင့် အနာဂတ်အခွင့်လမ်းများကို ရှာဖွေပေးသည်။ ထို့ပြင် ဒစ်ဂျစ်တယ်နည်းပညာနှင့်ပတ်သက်ပြီး ရင်ဆိုင်နေရသော အရေးကြီးသည့် စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန် အကြံပြုချက်များကို စီစဉ်ပေးသည်။

အချက်အလက်များကို အောက်ပါတို့မှတဆင့် စုဆောင်းနိုင်သည်။
၁)အများပြည်သူများအနေဖြင့် ရရှိနိုင်သော သတင်းအချက်အလက်များနှင့် သက်ဆိုင်ရာ စာပေတို့နှင့်ပတ်သက်သော သုံးသပ်မှု ၂)WSMEs များဖြင့် အင်တာဗျူးများနှင့် ခေါင်းစဉ်(၅)ခုနှင့်ပတ်သက်သော အကြောင်းအရာများဖြင့် ပညာရှင်များနှင့် အင်တာဗျူးများ ၃)အရေးကြီးသော ပါဝင်ပတ်သက်သူ(၆)ဦးဖြင့် အကြံပြုချက်များ ပူးတွဲဖန်တီးမှုဆိုင်ရာ အကြံပေးဆွေးနွေးပွဲ
ထိုသုတေသနဆိုင်ရာ ရှာဖွေတွေ့ရှိမှုများနှင့်ပတ်သက်ပြီး အောက်တွင်ဖော်ပြထားသည့်အတိုင်း ကဏ္ဍမှုဘောင်(၄)ရပ်ဖြင့် စုစည်းလေ့လာဆန်းစစ်ထားသည်။

ကဏ္ဍ-၁-ချေးငွေရရှိမှု

WSME လုပ်ငန်းရှင်အများစုသည် မိသားစုနှင့် သူငယ်ချင်းများထံမှ ကိုယ်ပိုင်စုဆောင်းငွေများနှင့် ချေးငွေများကို ငွေကြေးဆိုင်ရာ အဓိကရင်းမြစ်အဖြစ် အသုံးပြုကြသည်။ လုပ်ငန်းရှင်အများစုမှာ ဘဏ်ချေးငွေနှင့်ပတ်သက်သော အသိပညာရှိကြသော်လည်း အနည်းစုသည် မတတ်သာသည့်အဆုံးမှသာ ဘဏ်ချေးငွေဆိုင်ရာ နည်းလမ်းများကို အသုံးပြုကြသည်။ အချို့လုပ်ငန်းရှင်များသည် ချေးငွေများရရှိရန် ကြိုးပမ်းကြသော်လည်း မအောင်မြင်ခဲ့ကြပေ။ လုပ်ငန်းရှင်အများစုသည် အချင်းချင်းငွေချေးခြင်းနှင့် ထောက်ပံ့ကြေးများကဲ့သို့သော အခြားသော ငွေကြေးဆိုင်ရာ ရွေးချယ်မှုများနှင့်ပတ်သက်ပြီး အသိပညာမရှိကြပေ။ ထိုနည်းလမ်းများသည် ကန့်သတ်မှုများရှိသော်လည်း WSMEs များ၏ လိုအပ်ချက်များကို သေချာစွာ ဖြည့်ဆည်းပေးနိုင်သည်။

လုပ်ငန်းရှင်များ၏ တစ်ဝက်သည် ချေးငွေလျှောက်ထားသော လုပ်ငန်းအစီအစဉ်များ၊ ငွေစာရင်းရှင်းတမ်းများနှင့် စာရွက်စာတမ်းမှတ်တမ်းတင်သော လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်ပြီး ပိုမိုမှန်ကန်ကောင်းမွန်စွာ ပံ့ပိုးပေးရန် လိုအပ်သည်။ ချေးငွေရရှိမှုမှုအတွက် စည်းမျဉ်းများ၊ အသိပညာနှင့် ကျွမ်းကျင်မှုများသည် အခက်ခဲဆုံးအတားအဆီးများအဖြစ် စိန်ခေါ်မှုအရှိဆုံးဖြစ်သည်။

ကဏ္ဍ-၂-သင်ကြားပြသမှု

ကွန်ရက်ချိတ်ဆက်ခြင်းနှင့်ကျွမ်းကျင်မှုများ WSME လုပ်ငန်းရှင်များအားလုံးသည် လုပ်ငန်းစိန်ခေါ်မှုများနှင့်ပတ်သက်ပြီး ကူညီပေးမည့်သူများရှိတတ်ကြသည်။ ၎င်းတို့အနက်မှ တစ်ဝက်သည် အကြံပေးများ/သင်ကြားပြသသူများအပေါ်တွင် မှီခိုကြပြီး အခြားသူများသည် ၎င်းတို့အား အကြံပြုချက်များပေးနိုင်သည့် ယုံကြည်စိတ်ချရသော မိသားစုဝင်များကို မှီခိုကြသည်။

အနည်းစုသည် လူမှုရေးနှင့် ဘာသာရေးအရ ခွဲခြားဆက်ဆံခံကြရပြီး လုပ်ငန်းနှင့် မိသားစုတာဝန်နှစ်မျိုးလုံးကို စီမံခန့်ခွဲရသောကြောင့် ကန့်သတ်ထားသည့် ကွန်ရက်ချိတ်ဆက်မှုဆိုင်ရာ အခွင့်အလမ်းများကိုသာ ရရှိကြသည်။

စက်မှုပညာရပ်ဆိုင်ရာ သင်ကြားပြသမှုများနှင့်ပတ်သက်ပြီး WSMEs များမှ လိုလားကြသော်လည်း ၎င်းတို့သည် ထိုယန္တရားများကို အသုံးပြုရန်အခွင့်အလမ်း မရှိကြပေ။ ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုခြင်းသည် အွန်လိုင်းဆွေးနွေးပွဲများနှင့် Facebook များမှတဆင့် ကွန်ရက်ချိတ်ဆက်ရန်၊ ဗဟုသုတများရရှိ/မျှဝေရန်နှင့် ကျွမ်းကျင်မှုအသစ်များ သင်ယူရန်တို့အတွက် အမျိုးသမီးများအား အခွင့်အလမ်းအသစ်များကို ပေးသည်။

ကဏ္ဍ-၃-လုပ်ငန်းဖြစ်စဉ်များနှင့် စီမံခန့်ခွဲမှု

WSMEs လုပ်ငန်းရှင်များသည် ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုမှုနှင့်ပတ်သက်ပြီး အပြောသဘောဆောင်ကာ အများဆုံးလက်ခံကျင့်သုံးနေကြသော လူမှုမီဒီယာ၊ ဆက်သွယ်ရေးနှင့် အွန်လိုင်းဘဏ်ဝန်ဆောင်မှုများဖြင့် အခြေခံဒစ်ဂျစ်တယ်**tools** များကို အသုံးပြုကြသည်။ ဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာ လုပ်သားအင်အား အဆင်သင့်ဖြစ်မှုသည် မြန်နှုန်းနှင့် ပမာဏနှင့်ပတ်သက်ပြီး ဆုံးဖြတ်ပေးသောကြောင့် customer တောင်းဆိုမှုသည် ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုမှုတွင် အရေးကြီးဆုံးမောင်းနှင်မှုဖြစ်သည်။

သို့ရာတွင် ပြည်တွင်းဘာသာစကားဖြင့် ဖော်ပြထားသော ဒစ်ဂျစ်တယ်နည်းပညာများနှင့် tools များနှင့် ပတ်သက်သော အကြောင်းအရာများကို ကန့်သတ်ထားသောကြောင့် အများစုသည် ၎င်းတို့၏ လုပ်ငန်းများ အတွက် အကောင်းဆုံးဖြစ်မည့် tools နှင့် သတင်းအချက်အလက်များကို ရှာဖွေနိုင်ရန် စိန်ခေါ်မှုရှိကြောင်း ရှာဖွေတွေ့ရှိခဲ့သည်။ ဘာသာစကား၊ အသိပညာ၊ ကျွမ်းကျင်မှုနှင့် ရင်းမြစ်များသည် ဒစ်ဂျစ်တယ်နည်းပညာ အသုံးပြုမှုတွင် အခက်ခဲဆုံးအတားအဆီးများ ဖြစ်သည်။
ထို့ပြင် Facebook ပေါ်တွင် လွန်စွာ မှီခိုခြင်းနှင့် ဒစ်ဂျစ်တယ်စာပေ အဆင့်နိမ့်ပါးမှုတို့သည် စိန်ခေါ်မှုဖြစ်ပြီး လျှပ်စစ်မီးရရှိမှုနှင့် အင်တာနက်ချိတ်ဆက်မှုသည် မြန်မာနိုင်ငံရှိ WSMEs များအတွက် အတားအဆီးတစ်ခု ဖြစ်သည်။

ကဏ္ဍ-၄-အကျပ်အတည်းစီမံခန့်ခွဲမှု(COVID-19)

WSME လုပ်ငန်းရှင်အများအပြားသည် COVID-19 ၏ တုန်လှုပ်မှုကို ရင်ဆိုင်နိုင်ရန် အတွေ့အကြုံများနှင့် လုံလောက်သော ဗဟုသုတများ ကြိုတင်မရှိခဲ့ပေ။ သို့ရာတွင် လုပ်ငန်းရှင်များအားလုံးနှင့် အင်တာဗျူး ထားခြင်းသည် ရပ်တည်နိုင်ရန်အတွက် ရေတိုပြင်ဆင်မှုများဖြင့် ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်မှုများကို လျှင်မြန်စွာ ချိန်ညှိနိုင်စေသည်။ ၎င်းတို့အနက် အများစုသည် customer များ၏ အလေ့အထပြောင်းလဲမှုနှင့် စက်မှုလုပ်ငန်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများပေါ်တွင် အခြေခံပြီး ထုတ်ကုန်ပေးပို့မှု နည်းလမ်းများကို ပြောင်းလဲခဲ့ကြသည်။

ကပ်ရောဂါသည် ထုတ်လုပ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု အပါအဝင် လုပ်ငန်းများအတွက် ဒစ်ဂျစ်တယ်နည်းပညာ နှင့်ပတ်သက်ပြီး လက်ခံအသုံးပြုရန် WSMEs အများစုကို ဖိအားပေးခဲ့သည်။ ထိုကာလအတွင်း လုပ်ငန်း များအား ပြောင်းရွှေ့ဆောင်ရွက်ကြပြီး customer များ ပိုမိုရရှိရန် ဆိုရှယ်မီဒီယာနှင့် ဒစ်ဂျစ်တယ်ဈေးကွက် ရှာဖွေမှုတို့ကို အသုံးပြုခဲ့ကြသည်။

WSME အင်တာဗျူးများမှ ရှာဖွေတွေ့ရှိမှုများနှင့်ပတ်သက်ပြီး အောက်ပါတို့ပါဝင်သော အကြံပြုချက်များကို ပူးတွဲဖန်တီးရန် ကွဲပြားသော ပါဝင်ပတ်သက်သူများမှ သုံးသပ်မှုနှင့် လေ့လာဆန်းစစ်မှုများ ပြုလုပ်ခဲ့သည်။

(၁) စနစ်တကျမှတ်ပုံတင်ခြင်း၊ လိုင်စင်လျှောက်ထားခြင်းနှင့် ရုံးစာလုပ်ငန်းများအတွက် SME နှင့် သက်ဆိုင်ရာ အစိုးရအေဂျင်စီများများအကြား ချိတ်ဆက်ထားသော စည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့် ကနဦး ဆောင်ရွက်ချက်များနှင့်ပတ်သက်ပြီး ချိန်ညှိခြင်း

(၂) အစိုးရမှ အတည်ပြုမှုများ၊ အကာအကွယ်ပေးမှုများ၊ အခွန်လျှော့ပေါ့မှုများနှင့် အခြားလူမှုစီးပွား အကျိုးကျေးဇူးများကို စီစဉ်ပေးခြင်းဖြင့် အစိုးရ၏ စည်းမျဉ်းများကို လိုက်နာရန်အတွက် တရားဝင် မှတ်ပုံတင်ရန် SMEs များအား ဆွဲဆောင်ခြင်း

(၃) WSMEs များအတွက် ကျားမဆိုင်ရာ အလေးပေးဆောင်ရွက်သော ထောက်ပံ့ကြေးများနှင့် ချေးငွေများ စီစဉ်ပေးခြင်း

(၄) အထူးသဖြင့် ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုမှု၊ နည်းပညာများနှင့်ပတ်သက်ပြီး ပြည်တွင်းဘာသာ စကားများဖြင့် ဒစ်ဂျစ်တယ်အကြောင်းအရာများ ဖန်တီးမှုများအား တိုးမြှင့်ပေးခြင်း

(၅) မြန်မာဈေးကွက်အတွက် ငွေကြေးဆိုင်ရာ ဝန်ေဆာင်မှုများ၊ အွန်လိုင်းတွင်ရောင်းချသော ထုတ်ကုန်များ နှင့်ပတ်သက်သော ပုံစံထုတ်မှုနှင့် ကန်သတ်မှုများ ဆောင်ရွက်သော အချိန်များတွင် အလတ်စားနှင့် အကြီးစားလုပ်ငန်းများမှ အငယ်စားလုပ်ငန်းများ၏ လိုအပ်ချက်များကို ခွဲခြားထားခြင်း

၃.၂။ နိုင်ငံ၏ နောက်ခံအကြောင်းအရာ

Digitalization and Economic Growth



ပုံ ၃.၁– အာဆီယမ်ဖွံ့ဖြိုးတိုးတက်မှုဘဏ် outlook 2020 မှ ယူဆောင်ထားသော မြန်မာနိုင်ငံ၏ GDP တိုးတက်မှုနှုန်း ၂၀၁၉

ရေရှည်တည်တံ့သော နိုင်ငံရေးနှင့် စီးပွားရေး အသွင်ကူးပြောင်းမှုကာလ ဆယ်စုနှစ်တစ်စုနီးပါးရှိပြီ ဖြစ်သော မြန်မာနိုင်ငံသည် ၂၀၁၉ GDP တိုးတက်မှု ၆.၈ ရာခိုင်နှုန်းဖြင့် အရှေ့တောင်အာရှတွင် တိုးတက်မှု အမြန်ဆုံး စီးပွားရေးနိုင်ငံများအနက် တစ်နိုင်ငံဖြစ်လာခဲ့သည်။

သတင်းအချက်အလက်နည်းပညာနှင့်ပတ်သက် သော လျှော့ပေါ့မှုများကြောင့် မိုဘိုင်းဖုန်အသုံးပြုသူ အရေအတွက်သည် ၂၀၁၃ တွင် လူဦးရေ၏ ၁၃ ရာခိုင်နှုန်းနှင့် ၂၀၁၇ တွင် ၁၀၈ ရာခိုင်နှုန်းအထိ တိုးတက်ခဲ့သည်။ အဆမတန်ဈေးနှုန်းဖြစ်သော SIM card တစ်ခုလျှင် ၃၅၀ အမေရိကန်ဒေါ်လာမှ ၂၀၁၀ တွင် ဈေးနှုန်းကျဆင်းခဲ့သဖြင့် မြန်မာနိုင်ငံ၏ မိုဘိုင်းချိတ်ဆက်မှုသည် ၂၀၂၀ ဇန်နဝါရီတွင် စုစုပေါင်းလူဦးရေ၏ ၁၂၆ ရာခိုင်နှုန်းဖြစ်သော ၆၈.၂၄ သန်းတွင် ရပ်တည်နေသည်။

ဒစ်ဂျစ်တယ်ခေတ်တွင် ဒစ်ဂျစ်တယ်နည်းပညာကို နောက်ကျပြီး အသုံးပြုသောနိုင်ငံဖြစ်ခြင်း၏ အကျိုး ကျေးဇူးတစ်ရပ်မှာ မြန်မာနိုင်ငံသည် ခေတ်မမီ တော့သော နည်းပညာများကို အသုံးမပြုတော့ သောကြောင့် မိုဘိုင်းနှင့် ဒစ်ဂျစ်တယ်နည်းပညာ များကို စတင်လက်ခံအသုံးပြုမှု သိသာထင်ရှားစွာ ထိုးတက်သွားခြင်း ဖြစ်နိုင်သည်။ ဥပမာ–မြန်မာနိုင်ငံ၏ ဈေးကွက်သည် တရုတ်မှ တင်သွင်းသော စမတ်ဖုန်း များစွာ ဝင်ရောက်လာသောကြောင့် မိုဘိုင်းဖုန်း အသုံးပြုသူများ၏ ၈၀ ရာခိုင်နှုန်းထက်ပိုသော လူဦးရေသည် featurephone များအစား smartphones များကို အသုံးပြုလာကြသည်။

မြန်မာနိုင်ငံသည် smartphone လက်ခံကျင့်သုံးမှု နှင့် broadband အင်တာနက်ချိတ်ဆက်မှုတို့နှင့်ပတ် သက်ပြီး ကောင်းစွာဆောင်ရွက်ခဲ့သော်လည်း ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုမှုနှင့် ကွန်ရက် ချိတ်ဆက်မှုဆိုင်ရာ အဆင်သင့်ဖြစ်မှုနှင့်ပတ်သက်ပြီး ဖွံ့ဖြိုးတိုးတက်မှုအနည်းဆုံးနိုင်ငံများအနက် တစ်နိုင်ငံ ဖြစ်နေဆဲပင် ဖြစ်သည်။

ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှုနှင့် ဒစ်ဂျစ်တယ်ကုန်သွယ်မှု-ကမ္ဘာ့စီးပွားရေးဆိုင်ရာ ဆွေးနွေးပွဲ၏ ကွန်ရက်ချိတ်ဆက်မှုအဆင်သင့်ဖြစ်မှုညွှန်းကိန်း(NRI)၂၀၁၆ တွင် ၁၃၉ အနက် ၁၃၃
ဒစ်ဂျစ်တယ်အစိုးရ-၂၀၁၈ ကုလသမဂ္ဂ နိုင်ငံများ၏ E-Government ဖွံ့ဖြိုးတိုးတက်မှုညွှန်းကန်းတွင် အဖွဲ့ဝင်နိုင်ငံ ၁၉၃ အနက် ၁၅၇
ဒစ်ဂျစ်တယ်ချိတ်ဆက်မှု-နိုင်ငံတကာဆက်သွယ်မှုဆိုင်ရာ (ITU)ICT ဖွံဖြိုးတိုးတက်မှုညွှန်းကိန်း ၂၀၁၇ တွင် ၁၇၆ နိုင်ငံအနက် ၁၃၅
ဒစ်ဂျစ်တယ်ကျွမ်းကျင်မှုများနှင့်ပါဝင်မှု-ကုလသမဂ္ဂဖွံဖြိုးတိုးတက်မှုအစီအစဉ် လူ့စွမ်းအားအရင်းအမြစ်များဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုညွှန်းကိန်း ၂၀၁၇ တွင် ၁၈၉ နိုင်ငံအနက် ၁၄၈
ဒစ်ဂျစ်တယ်လုံခြုံမှု-နိုင်ငံတကာဆက်သွယ်မှုဆိုင်ရာ အဖွဲ့အစည်း၏(ITU) ကမ္ဘာလုံးဆိုင်ရာ ဆိုက်ဘာလုံခြုံမှုညွှန်းကိန်း ၂၀၁၇ တွင် ၁၆၅ နိုင်ငံအနက် ၁၀၀
ဒစ်ဂျစ်တယ်တီထွင်မှု-ကမ္ဘာ့ဘဏ်၏ လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်မှုဆိုင်ရာ ဖြေလျှော့မှုညွှန်းကိန်း ၂၀၁၉ တွင် ၁၉၀ အနက် ၁၇၁

Box ၃.၁- မြန်မာနိုင်ငံ၏ ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုမှုဆိုင်ရာ လက်ရှိအခြေအနေ

ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုမှုနှင့် SMEs

ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုသော မြန်မာအစိုးရ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ကနဦးဆောင်ရွက်ချက်များသည် SME ကဏ္ဍဖွံဖြိုးတိုးတက်မှုနှင့်ပတ်သက်ပြီး အဓိကထား ဆောင်ရွက်သည်။ မြန်မာနိုင်ငံ၏ မှတ်ပုံတင်ထားသော လုပ်ငန်းများ၏ ၈၅ ရာခိုင်နှုန်းသည် SMEs များ ဖြစ်ကြသည်။ SME ဖွံ့ဖြိုးတိုးတက်မှုဌာနသည် ၂၀၂၀ မတ်တွင် မြန်မာနိုင်ငံ၏ မှတ်ပုံတင်ထားသော SMEs အရေအတွက်မှာ ၇၅,၄၅၂ ရှိကြောင်း ဖော်ပြထားသည်။

အဆိုပါ SMEs ဆိုင်ရာ စိန်ခေါ်မှုများနှင့်ပတ်သက်ပြီး သိရှိနားလည်မှုနှင့်အတူ ဦးသိန်းစိန်အုပ်ချုပ်မှုတွင် SMEs ဖွံ့ဖြိုးတိုးတက်မှုဌာနကို တည်ထောင်နိုင်ခဲ့ပြီး ၂၀၁၂ နှင့် ၂၀၁၄ အကြား ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ဌာနခွဲပေါင်း ၅၀ ထက်ပိုပြီး တည်ထောင်နိုင်ခဲ့သည်။ NLD အာဏာရပြီးနောက် SMEs ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး ထိုဥပဒေနှင့်ပတ်သက်ပြီး လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို တစ်နှစ်အတွင်း အတည်ပြုခဲ့သည်။

SMEs များနှင့်ပတ်သက်ပြီး တိုးမြှင့်ရာတွင် နိုင်ငံတကာမှ အလှူရှင်များနှင့် အဖွဲ့အစည်းများထံမှ ငွေကြေးပံ့ပိုးမှုနှင့် နည်းပညာပံ့ပိုးမှုနှစ်မျိုးလုံးကို ရရှိခဲ့သည်။ JICA နှင့် ဒိန်းမတ်အစိုးရကဲ့သို့သော အလှူရှင်များသည် SMEs များအတွက် ချေးငွေများကို နိုင်ငံပိုင်ဘဏ်များမှတဆင့် ဖြန့်ဖြူးခြင်းခံရကြောင်း သေချာစေသည်။ သုတေသနပြုစုခြင်း၊ မူဝါဒဆိုင်ရာ အကြံပြုခြင်း၊ စွမ်းဆောင်ရည်တည်ဆောက်ခြင်းနှင့် လုပ်ငန်းဆိုင်ရာ သင်တန်းများပေးခြင်းစသော နည်းပညာဆိုင်ရာ ပံ့ပိုးမှုများကို NGOs (INGOs), UNDP, USAID တို့ကဲ့သို့သော နိုင်ငံတကာဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အဖွဲ့အစည်းများထံမှ လက်ခံရရှိခဲ့သည်။

ပြင်ဆင်မှုဆိုင်ရာ ကြိုးပမ်းဆောင်ရွက်မှုများရှိသော်လည်း မြန်မာနိုင်ငံရှိ SMEs များသည် နိုင်ငံခြားမှ ယှဉ်ပြိုင်သူများဖြင့် ယှဉ်ပြိုင်ရန် အဆင်သင့်မဖြစ်သေးပဲ ပို့ကုန်လိုင်စင်များနှင့်ပတ်သက်သော အစိုးရ၏ လိုအပ်ချက်များနှင့် ဖြစ်စဉ်များကြောင့် ပို့ကုန်ဈေးကွက်ထက်ပိုပြီး ပြည်တွင်းဈေးကွက်ပေါ်တွင် မှီခိုအားထားနေရသည်။

Box ၃.၁- မြန်မာနိုင်ငံ၏ ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုမှုဆိုင်ရာ လက်ရှိအခြေအနေမြန်မာနိုင်ငံရှိ SMEs များသည် အမျိုးမျိုးသော စိန်ခေါ်မှုများကို ရင်ဆိုင်နေရပြီး အမျိုးသမီးပိုင် SMEs များသည် အမျိုးသားပိုင်လုပ်ငန်းများထက်ပိုပြီး အခက်အခဲများကို ပိုမိုရင်ဆိုင်နေရသည်။ မြန်မာနိုင်ငံတွင် SMEs များ၏ ၃၅ ရာခိုင်နှုန်းသည် အမျိုးသမီးပိုင်လုပ်ငန်းများဖြစ်ပြီး နိမ့်ပါးသည့် ဝင်ငွေရှိသော နိုင်ငံများနှင့် အလယ်အလတ်ဝင်ငွေရှိသော နိုင်ငံများ(၃၄ ရာခိုင်နှုန်း)ထက် အနည်းငယ်မြင့်မားပြီး

အရှေ့အာရှနှင့် ပစိတ်ဒေသနိုင်ငံများ(၄၇ ရာခိုင်နှုန်း) အောက် ၁၂ ရာခိုင်နှုန်း လျော့နည်းသည်။ အမျိုးသမီး လုပ်ငန်းရှင်များနှင့်ပတ်သက်သော ၂၀၂၀ နိုင်ငံတကာအလုပ်သမားအဖွဲ့အစည်း၏ အစီရင်ခံစာသည် ပြည်ပ ဈေးကွက်များနှင့်ပတ်သက်သော သတင်းအချက်အလက်ရရှိမှု မရှိခြင်းနှင့် ဘာသာစကားအတားအဆီးများ ကြောင့် ၎င်းတို့၏ ထုတ်ကုန်များကို တင်ပို့ရန် အခက်အခဲများကြုံတွေ့နေရသော အမျိုးသမီးပိုင် SMEs များနှင့် ပတ်သက်ပြီး ဖော်ပြထားသည်။

ထို့ပြင် မိုဘိုင်းဖုန်းပိုင်ဆိုင်မှုဆိုင်ရာ ညွှန်းကိန်းသည် အမျိုးသားနှင့် အမျိုးသမီးတို့အကြား နည်းပညာ ကျွမ်းကျင်မှုနှင့်ပတ်သက်ပြီး ကွာဟမှုကို ဖော်ပြထားသည်။ Dalberg ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုနှင့် ပတ်သက်သော အကြံပေးများ၏ ၂၀၁၇ အစီရင်ခံစာအရ ကွာဟမှုမှာ မိုဘိုင်းဖုန်းပိုင်ဆိုင်သော အမျိုးသား နှုန်း ၇၂ ရာခိုင်နှုန်းဖြင့် နှိုင်းယှဉ်ပါက မိုဘိုင်းဖုန်းပိုင်ဆိုင်သော မြန်မာနိုင်ငံရှိ အမျိုးသမီးနှုန်းမှာ ၅၂ ရာခိုင်နှုန်း သာလျှင်ရှိပြီး ၂၀၁၆ တွင် ၂၀ ရာခိုင်နှုန်း ရှိသည်။

အမျိုးသမီးများ နောက်ကျကျန်နေရသော အချက်သည် Central Statistical Organization မှ ၂၀၁၈ အချက်အလက်အရ စုစုပေါင်းအမျိုးသမီးဦးရေ၏ ၁၉ ရာခိုင်နှုန်းသာလျှင် အင်တာနက်အသုံးပြုကြောင်း အထောက်အထား ရှိသည်။ ထို့ပြင် ILO မှ အမျိုးသမီးလုပ်ငန်းရှင်များနှင့်ပတ်သက်သော ကွင်းဆင်းလေ့လာ မှုများအရ ၂၅ ရာခိုင်နှုန်းသာလျှင် ကွန်ပျူတာအသုံးပြုခြင်း၊ ၁၅ရာခိုင်နှုန်းသာလျှင် broadband အင်တာနက် ချိတ်ဆက်မှုရှိခြင်းနှင့် လုပ်ငန်းဆောင်ရွက်မှုများအတွက် မိုဘိုင်းအင်တာနက် subscription နှင့် smartphones များကို အသုံးပြုခြင်းတို့နှင့်ပတ်သက်ပြီး အစီရင်ခံထားသည်။

၃.၃။ နည်းပညာ

သုတေသန၏ ရည်ရွယ်ချက်သည် ဒစ်ဂျစ်တယ် နည်းပညာအသုံးပြုမှုဆိုင်ရာ လက်ရှိနှင့် အနာဂတ် အခွင့်အလမ်းအသစ်များနှင့်ပတ်သက်ပြီး အလင်းပြ ထားပေးကာ စိန်ခေါ်မှုများနှင့်ပတ်သက်ပြီး ရင်ဆိုင် နိုင်ရန် ပါဝင်ပတ်သက်သူများအားလုံးအတွက် အမြင်များကို စီစဉ်ပေးထားသည်။

စာရေးသူများအနေဖြင့် သမိုင်းဆိုင်ရာ၊ နိုင်ငံရေး ဆိုင်ရာ၊ စီးပွားရေးဆိုင်ရာ အကြောင်းအရာများ၊ ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုမှုနှင့်ပတ်သက်သော ဖွံ့ဖြိုးတိုးတက်မှုများ၊ မြန်မာနိုင်ငံရှိ WSMEs များနှင့် ရင်းနှီးကျွမ်းဝင်မှုရှိစေရန် ခွင့်ပြုပေးသည့် စာပေ ဆိုင်ရာ သုံးသပ်မှုကို စတင်ဆောင်ရွက်ခဲ့သည်။ WSMEs များအနေဖြင့် ဒစ်ဂျစ်တယ်နည်းပညာ အသုံးပြုမှုနှင့်ပတ်သက်ပြီး မည်သို့ချဉ်းကပ်ခဲ့ပုံနှင့် ထိုနည်းပညာကို အဘယ်ကြောင့် လက်ခံကျင့်သုံး ခဲ့ခြင်းရှိ/မရှိဆိုသည်ကို အရည်သွေးပြည့်မီသော သုတေသနတစ်ရပ်ပြုစုကာ ၎င်းတို့၏ အမြင်များနှင့် ပတ်သက်ပြီး အလေးပေးဆောင်ရွက်ထားသည်။ စာရေးသူများသည် SME ပိုင်ရှင်များဖြင့် ကျယ်ပြန့် သော အင်တာဗျူး(၂၀) ခန့်ဆောင်ရွက်ခဲ့ပြီး ရှာဖွေ တွေ့ရှိမှုများကို ခေါင်းစဉ်အကြောင်းအရာနှင့် ပတ်သက်သော ပညာရှင်(၅)ဦး၏ အမြင်များဖြင့် ပေါင်းစပ်ဆောင်ရွက်ခဲ့သည်။ ဆွေးနွေးမှုနှင့် ပတ်သက်ပြီး WSMEs များအတွက် အရေးကြီး သည်ဟု ယုံကြည်ထားသော ကဏ္ဍ ၄ ရပ်ကို အခြေခံပြီး ဆောင်ရွက်ခဲ့သည်။

ကဏ္ဍ-၁-ငွေကြေးရရှိမှု
ကဏ္ဍ-၂-သင်ကြားပြသမှု၊ ကွန်ရက်ချိတ်ဆက်မှုနှင့် ကျွမ်းကျင်မှုများနှင့်ပတ်သက်သော အခွင့်အလမ်းများ ရရှိမှု
ကဏ္ဍ-၃-လုပ်ငန်းဖြစ်စဉ်များနှင့် စီမံခန့်ခွဲမှု
ကဏ္ဍ-၄-အကျပ်အတည်းဆိုင်ရာ စီမံခန့်ခွဲမှု(COVID-19)

နောက်ဆုံးတွင် အရေးကြီးသော ပါဝင်ပတ်သက်သူ ၆ ဦးဖြင့် အကြံပေးဆွေးနွေးမှုကို ရှာဖွေတွေ့ရှိမှုများ နှင့်ပတ်သက်ပြီး သုံးသပ်ရန်နှင့် အကြံပြုချက်များ ပေးရန်တို့အတွက် ဆောင်ရွက်ခဲ့သည်။

အချက်အလက်စုဆောင်းမှုနှင့် စုပေါင်းညှိနှိုင်းမှု ဖြစ်စဉ်

COVID-19 အတွင်း ဦးဆောင်စာရေးသူသည် ရန်ကုန်ရှိနေအိမ်တွင် အသွားအလာကန့်သတ်ခံ ထားရပြီး အခြားစာရေးသူသည် Central European University မှ ဘွဲ့ယူအပြီး Budapest တွင် သောင်တင် နေခဲ့သည့်အတွက် ဒစ်ဂျစ်တယ်နည်းပညာ၏ အကူအညီဖြင့် လုပ်ငန်းများဆောင်ရွက်ခဲ့ရသည်။ အချက်လက်စုဆောင်းမှုနှင့် စုပေါင်းညှိနှိုင်းမှု ဖြစ်စဉ် များမှာ အောက်ပါအတိုင်း ဖြစ်သည်။

- အဆင့်-၁-အင်တာဗျူးအများစုကို Zoom သို့မဟုတ် Messenger မှတဆင့် ဆောင်ရွက် ခဲ့သည်။
- အဆင့်-၂-အင်တာဗျူးမှတ်စုများကို Google Docs များဖြင့် မှတ်တမ်းတင်ထားသည်။
- အဆင့်-၃-နံရံဆေးရေးပန်းချီများ ၊ သုတေသန ပြုစုသူများနှင့် ဒီဇိုင်းရေးဆွဲသူများအတွက် cloud based collaboration tool ကို အသုံးပြုခဲ့သည်။ ၎င်းသည် မှတ်စုများနှင့် whiteboards များပေါ်တွင် ရေးခြစ်ရန်အတွက် ဖြစ်သည်။
- အဆင့်-၄-အင်တာဗျူးမှတ်စုများမှ အချက်အလက် များကို Google Sheets များထဲသို့ အချက်အလက် ရိုက်သွင်းပြီး နောက်ပိုင်းတွင် စာဝှက်ဖြင့်ရေးသည်။
- အဆင့်-၅-၂နာရီကြာ အကြံပေးဆွေးနွေးပွဲကို Microsoft Teams များဖြင့် ဆောင်ရွက်ခဲ့သည်။
- အဆင့်-၆-အကြံပေးဆွေးနွေးပွဲမှ မှတ်စုများနှင့် ပတ်သက်သော အရေးကြီးသည့် အချက်များနှင့် ဦးစားပေးအကြံပြုချက်များကို အကျဉ်းချုပ်ရန် Google Docs များထဲသို့ မှတ်တမ်းတင်သည်။

ဖြေကြားသူများကြောင်း

စာရေးသူများသည် COVID-19 အကျပ်အတည်းကာလတွင် ရရှိနိုင်သော ရင်းမြစ်များ၊ သတင်းအချက်အလက်များနှင့် ကန့်သတ်ထားသော အချိန်များအတွင်း WSMEs လုပ်ငန်းရှင်များ၏ ခန့်မှန်းအသက်၊ အခန်းကဏ္ဍ၊ လုပ်ငန်းလုပ်သက်၊ လုပ်ငန်းတည်နေရာနှင့် ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုမှုတို့ပေါ်တွင် အခြေခံပြီး ဖြေကြားသူများကို သေချာစွာ စုဆောင်းသည်။

အသက်အရွယ်နှင့် အတွေ့အကြုံ

အသက်၂၀မှ၆၀အထိရှိသော ဖြေကြားသူများအနက် အများစုမှာ ၃၀ နှင့် အစောပိုင်း ၄၀ အရွယ်ရှိသူများ ဖြစ်ကြသည်။ အသက်အရွယ်ပြောင်းလဲမှုများအလိုက် ကျွမ်းကျင်မှုနှင့် နောက်ခံအကြောင်းအရာများမှာလည်း ကွာခြားသွားသည်။ အချို့သည် ဘဏ်လုပ်ငန်း၊ IT၊ ဆက်သွယ်ရေး၊ ဝယ်ယူမှု၊ နှစ်သိမ့်ဆွေးနွေးမှု၊ အကြံပေးမှု၊ သင်ကြားမှုနှင့် လုပ်ငန်းအရင်းအနှီးဆိုင်ရာ ကဏ္ဍများ အပါအဝင် ပူးပေါင်းဆောင်ရွက်မှု အခန်းကဏ္ဍများနှင့် ပတ်သက်သော ကျွမ်းကျင်မှုများနှင့် အတွေ့အကြုံများ ရှိကြသည်။

အရွယ်အစားနှင့် အခန်းကဏ္ဍ

စာရေးသူများသည် SEs နှင့် Mes များနှင့်ပတ်သက်သော အရေအတွက်များကိုသာမက အမျိုးအစားတစ်ခုစီ၏ အခန်းကဏ္ဍများကိုလည်း ဟန်ချက်ညီစေရန် ကြိုးပမ်းလျက်ရှိသည်။ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုဥပဒေတွင် ဖော်ပြထားသော SME ၏ အနက်ကို အမျိုးအစားခွဲခြားမှုနှင့် လုပ်ငန်းသစ်အစပြုမှုတို့အတွက် အချက်အလက်တစ်ရပ်အဖြစ် အသုံးပြုသည်။

အင်တာဗျူးတွင်ပါဝင်သော လုပ်ငန်းရှင်များ

လုပ်ငန်းရှင်များ ၂၀ ဦးအနက် ၅၀ ရာခိုင်နှုန်းသည် အမျိုးသမီးပိုင် SEs များကို ကိုယ်စားပြုပြီး ကျန် ၅၀ ရာခိုင်နှုန်းသည် အမျိုးသမီးပိုင် Mes များကို ကိုယ်စားပြုသည်။ ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုမှုနှင့် ပတ်သက်ပြီး ခက်ခဲသောအဆင့်သည် အခန်းကဏ္ဍများတလျှောက် ပြောင်းလဲနိုင်သည်။ စာရေးသူများသည် ထုတ်လုပ်မှု၊ ဝန်ဆောင်မှုနှင့် စိုက်ပျိုးရေးတို့နှင့်ဆိုင်သော လုပ်ငန်းများနှင့်ပတ်သက်ပြီး အင်တာဗျူးခြင်းဖြင့် SMEs အမျိုးသမီးလုပ်ငန်းရှင်များအကြား အခန်းကဏ္ဍအလိုက် ကွာခြားမှုများကို ဖြစ်ပေါ်စေသည်။ အောက်ပါကဏ္ဍများမှ WSMEs များကို အင်တာဗျူးထားသည်။

အငယ်စားစီးပွားရေး လုပ်ငန်းရှင်များ	အလတ်စားစီးပွားရေးလုပ်ငန်းရှင်များ
• သဘာဝဆေးဆိုးအထည်များ	• ငှက်သိုက်ထုတ်လုပ်မှု
• အိတ်ထုတ်လုပ်မှု	• FMCG ဖြန့်ချီမှု
• အွန်လိုင်းTV Channel	• ကလေးများအတွက် အနုပညာကျောင်း
• သစ်လုပ်ငန်း	• သစ်လုပ်ငန်း
• HR နှင့်ပတ်သက်သော အကြံပေးလုပ်ငန်း	• သဘာဝမြေသြဇာအသုံးပြုထားသော စိုက်ပျိုးရေးထုတ်ကုန်များကို E-commerce မှတဆင့် ရောင်းချသောလုပ်ငန်း
• အမျိုးသမီးများအတွက်ကျွမ်းကျင်မှုအရည်အသွေးမြှင့်တင်မှုပလက်ဖောင်း	• ကျောင်းအိပ်ကျောင်းစားလက်ခံသည့်ကျောင်းများ
• လူငယ်သင်တန်းဝန်ဆောင်မှုများ	• ပန်းရိုက်ပုံနှိပ်လုပ်ငန်း
• အမျိုးသမီးဝတ်အထည်များ	• ပုဂ္ဂလိကမူလတန်းကျောင်း
• အစားအစာထုတ်လုပ်မှု	• ဆေးဖြန့်ချီမှု
• ရေခဲစက်	

ဇယား ၃.၁- ဖြေကြားသူများနှင့်ပတ်သက်သော SME အခန်းကဏ္ဍများ

လုပ်ငန်းသက်တမ်း

လုပ်ငန်း၏ သက်တမ်းသည် ဒစ်ဂျစ်တယ်နည်းပညာလက်ခံကျင့်သုံးမှုအဆင့်ကို အကျိုးသက်ရောက်စေနိုင်သည်။ WSMEs များ၏ သက်တမ်းသည် တစ်နှစ်အောက်မှ ၆ဝ နှစ်အထိ ရှိကြသည်။



ပုံ ၃.၂- WSME လုပ်ငန်းရှင်များ၏ လုပ်ငန်းလုပ်သက်

တည်နေရာ

WSMEs အများအပြားသည် ရန်ကုန်အခြေစိုက်လုပ်ငန်းများဖြစ်သော်လည်း နိုင်ငံတဝန်းလုံးတွင် ဆောင်ရွက်ကြသည်။ ၎င်းတို့၏ ထုတ်လုပ်မှုနှင့် ဖြန့်ချီမှုလုပ်ငန်းများသည် ရှမ်းနှင့်မွန်ပြည်နယ်ကဲ့သို့သော မျိုးနွယ်စုများနေထိုင်သည့် ဒေသများရှိ ခြောက်သွေ့ဒေသများနှင့် ဗမာလူမျိုးအများဆုံးနေထိုင်သည့် နိုင်ငံ၏ တောင်ပိုင်းဒေသများအထိ အကျယ်အဝန်းရှိကြသည်။

စိန်ခေါ်မှုများနှင့် ကန့်သတ်ချက်များ

၁။ ယခုသုတေသနသည် ၂၀၂၀ August တွင် COVID-19 ဖြစ်ပွားမှုကာလအတွင်း ဆောင်ရွက်ထားသည့်အတွက် စာရေးသူများသည် အင်တာဗျူးအများစုကို အွန်လိုင်းဖြင့် ဆောင်ရွက်ခဲ့ရသည်။ ဗီဒီယိုဖြင့် တွေ့ဆုံနိုင်သည့် အပလီကေးရှင်းများမှတဆင့် အင်တာဗျူးများ ဆောင်ရွက်ခဲ့ရသောကြောင့် စာရေးသူများနှင့် လုပ်ငန်းရှင်များ နှစ်မျိုးလုံးအတွက် အတွေ့အကြုံသစ်တစ်ရပ်ဖြစ်စေခဲ့သည်။

၂။ Virtual meeting များသည် အင်တာဗျူးတွေ့ဆုံသူများဖြင့် ပြင်ပတွင် တိုက်ရိုက်တွေ့ဆုံမှုလောက်ရင်းနှီးမှုမရနိုင်ပေ။ လုပ်ငန်းရှင်များသည် လူတွေ့အင်တာဗျူးများဖြင့် နှိုင်းယှဉ်ပါက အွန်လိုင်းဖြင့် အင်တာဗျူးကုန်ဆုံးချိန်များနှင့်ပတ်သက်ပြီး ပိုမိုသတိပြုမိသောကြောင့် စာရေးသူများသည် လုပ်ငန်းရှင်များမှ တောင်းဆိုပါက အချို့အင်တာဗျူးများကို မိနစ် ၆၀ မှ ၃၀-၄၅ မိနစ်အထိ အတိုချုံ့ပေးခဲ့ရသည်။

၃။ လျှပ်စစ်မီးပျက်ခြင်းသည် သုတေသနနှင့်ပတ်သက်သော ဆောင်ရွက်မှုများနှင့်အင်တာနက်ချိတ်ဆက်မှုများအား တစ်ခါတစ်ရံ အနှောင့်အယှက်ဖြစ်စေသည်။ သို့ရာတွင် စာရေးသူများသည် ကြိုတင်စီစဉ်ထားမှုများနှင့် အဆိုပါစိန်ခေါ်မှုများဆိုင်ရာ ကိုင်တွယ်ဖြေရှင်းမှုများနှင့်ပတ်သက်ပြီး ကောင်းစွာ စီမံခန့်ခွဲနိုင်ခဲ့သည်

၄။ စာရေးသူများသည် WSMEs များအနေဖြင့် ဒစ်ဂျစ်တယ်နည်းပညာကို မည်သို့အသုံးပြုခဲ့ပုံနှင့် ၎င်းတို့အတွက် ထိုအချက်မှာ အဘယ်ကြောင့်အရေးကြီးပုံတို့နှင့်ပတ်သက်ပြီး သင်ကြားပေးလိုသောကြောင့် ဒစ်ဂျစ်တယ်နည်းပညာနှင့်ပတ်သက်ပြီး ပိုမိုအသုံးပြုနိုင်သောသူများအား အနည်းငယ်ဘက်လိုက်မှုများ ရှိခဲ့သည်။

၅။ ကန့်သတ်ထားသော အချိန်များနှင့် ခရီးသွားလာမှုဆိုင်ရာ ကန့်သတ်ချက်များကြောင့် စာရေးသူများသည် ဆန်စက်များ၊ ဆီစက်များနှင့် တိရစ္ဆာန် အစာထုတ်လုပ်မှုလုပ်ငန်းစသည့် အငယ်စားစက်မှုလုပ်ငန်းများနှင့်ပတ်သက်သော အချက်အလက်များကို စုဆောင်းရန် မဖြစ်နိုင်ခဲ့ပေ။

၃.၄။ အင်တာဗျူးများမှ ရှာဖွေတွေ့ရှိမှုများ

အောက်ပါအပိုင်းများတွင် စာရေးသူများသည် ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုမှုနှင့်ပတ်သက်ပြီး WSMEs များအတွက် အကျိုးသက်ရောက်စေနိုင်သော ကဏ္ဍ ၄ ရပ်ကို ရှာဖွေဖော်ထုတ်ထားသည်။ (၁)ငွေကြေးရရှိမှု၊ (၂)သင်ကြားပြသမှု၊ ကွန်ရက်ချိတ်ဆက်မှုနှင့် ကျွမ်းကျင်မှုများနှင့်ပတ်သက်သော အခွင့်အလမ်းများ ရရှိမှု၊ (၃)လုပ်ငန်းဖြစ်စဉ်များ၊ (၄)အကျပ်အတည်းဆိုင်ရာ စီမံခန့်ခွဲမှု(COVID-19)

ငွေကြေးရရှိမှု

အင်တာဗျူးများတွင် စာရေးသူများသည် အမျိုးသမီးလုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းများ မည်သည့်အချိန်တွင် စတင်ခဲ့ပုံ၊ ၎င်းတို့ကို မည်သို့တိုးတက်အောင်ဆောင်ရွက်ခဲ့ပုံနှင့် လုပ်ငန်းချဲ့ထွင်ရန်အတွက် ငွေကြေးပံ့ပိုးမှုများ ရရှိနိုင်ရန် မည်သို့ရှာဖွေခဲ့ပုံတို့နှင့် ပတ်သက်ပြီး ရင်ဆိုင်ကြုံတွေ့ခဲ့ရသော ငွေကြေးဆိုင်ရာ ပြဿနာများကို ဖော်ထုတ်ပေးခဲ့သည်။

ငွေကြေးရရှိမှုသည် WSMEs များအတွက် စိန်ခေါ်မှုအများဆုံးပြဿနာ ဖြစ်သည်။ အမျိုးသမီးဦးဆောင်သော SMEs များကို အင်တာဗျူးခဲ့ရာ၂၀ အနက် MEs ၂ ခုသာ ဘဏ်ချေးငွေရရှိပြီး Mes ၂ ခုမှာ လျှောက်ထားသော်လည်း မရရှိခဲ့ပေ။ SE ၁ ခုသည် လျှောက်ထားရန် ကြိုးစားမှုနှင့်ပတ်သက်ပြီး မအောင်မြင်ခဲ့ပေ။ လုပ်ငန်းရှင်များ၏ ဖြေကြားမှုများနှင့်ပတ်သက်ပြီး ကဏ္ဍအလိုက် တွေ့ကြုံရသော အခက်အခဲများပေါ်တွင် အခြေခံကာ မြင့်သော၊ အလယ်အလတ်ဖြစ်သော၊ နိမ့်ပါးသော စိန်ခေါ်မှုအဆင့်များအဖြစ် အဆင့်သတ်မှတ်ခဲ့သည်။ ငွေကြေးမတည်မှုဆိုင်ရာ နည်းလမ်းများမှာ SEs နှင့် MEs နှစ်ခုလုံးအတွက် စိန်ခေါ်မှုအရှိဆုံး ပြဿနာဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် အရှေ့အာရှနှင့် ပစိဖိတ်စီးပွားရေးများအကြား ဘဏ်ချေးငွေရရှိမှုနှင့်ပတ်သက်ပြီး အနိမ့်ဆုံးအဆင့်တွင်ရှိကြောင်း ဖော်ပြထားသည်။



Comparison of total counts on high and medium challenges for awareness, skill, language, regulation, gender-bias, leadership on each pillar.

ပုံ ၃.၃– ငွေကြေးရရှိမှု၊ သင်ကြားပြသမှု/ကွန်ရက်ချိတ်ဆက်မှု/ကျွမ်းကျင်မှုများနှင့် လုပ်ငန်းဖြစ်စဉ်များနှင့် စီမံခန့်ခွဲမှုတို့အတွက် စိန်ခေါ်မှုဆိုင်ရာ နှိုင်းယှဉ်ချက်များ

မြန်မာနိုင်ငံသည် ကမ္ဘာ့ဘဏ်အရ ကမ္ဘာ့စီးပွားဦးရေး ၁၉၀ အနက် ၁၆၅ အဆင့်ရှိသည်။ တိုင်းတာရရှိသော 10 metrics အနက် မြန်မာနိုင်ငံသည် ၆ နေရာတွင်ရှိပြီး အရှေ့အာရှနှင့် ပစိဖိတ်စီးပွားရေးများအကြား အောက်ခြေ ၅ နိုင်ငံအနက် ၁ နိုင်ငံဖြစ်သည်။

- ဘဏ်ချေးငွေရရှိခြင်း-အရှေ့အာရှနှင့် ပစိဖိတ်စီးပွားရေး ၂၅ ခုတွင် အနိမ့်ဆုံးအဆင့်
- နယ်စပ်ဖြတ်ကျော်ကုန်သွယ်ခြင်း-အရှေ့အာရှနှင့် ပစိဖိတ်စီးပွားရေး ၂၅ ခုတွင် အနိမ့်ဆုံးအဆင့်
- စာချုပ်များအတည်ပြုမှု-ဒုတိယအနိမ့်ဆုံး
- လျှပ်စစ်မီးရရှိမှု- စတုတ္ထအနိမ့်ဆုံး
- အခွန်ပေးဆောင်မှု-စတုတ္ထအနိမ့်ဆုံး
- အကြွေးပြန်မဆပ်နိုင်မှုများနှင့်ပတ်သက်သော ဖြေရှင်းပေးမှု-ပဥ္စမမြောက်အနိမ့်ဆုံးအဆင့်

Source: https://www.doingbusiness.org/en/rankings?region=east-asia-and-pacific

Box ၃.၂- ကမ္ဘာ့ဘဏ်၏ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ဖြေလျှော့မှုအဆင့်၂၀၂၀

ငွေကြေးရရှိမှုနှင့်ပတ်သက်သော အရေးကြီးသည့် အမြင်များ

WSMEs များသည် ငွေကြေးဆိုင်ရာ စိန်ခေါ်မှုများကို မည်သို့ရင်ဆိုင်ဖြေရှင်းပုံနှင့် ထိုသို့ပြုလုပ်ခြင်း၏ အကြောင်းပြချက်များနှင့်ပတ်သက်သော အရေးကြီးသည့်အမြင်(၇)ရ ပ်ရှိသည်။

(၁)ကိုယ်ပိုင်စုဆောင်းငွေသည် WSMEs များအတွက် ငွေကြေးမတည်မှုနှင့်ပတ်သက်သော အရေးကြီးသည့် ရင်းမြစ်တစ်ရပ် ဖြစ်သည်။

ဖြေကြားသူ လုပ်ငန်းရှင်များအားလုံးသည် လုပ်ငန်းစတင်ရန် ကိုယ်ပိုင်စုဆောင်းငွေများကို အသုံးပြုကြပြီး တစ်ဖြေးဖြေးဆက်လက်လည်ပတ်နိုင်ရန်အတွက် ရောင်းချမှုမှ ရရှိသော ဝင်ငွေများ သို့မဟုတ် ဝင်ငွေ၏ ဒုတိယရင်းမြစ်များမှ ဝင်ငွေများကို အသုံးပြုကြသည်။ ၎င်းတို့သည် ငွေစီးဆင်းမှု ပြတ်တောက်သွားပါက မိသားစုများ၊ သူငယ်ချင်းများ သို့မဟုတ် အတိုးနှုန်းများစွာပေးရသည့် တရားဝင်မဟုတ်သော ငွေချေးသူများ (တစ်လလျှင်အတိုးနှုန်း ၃ ရာခိုင်နှုန်း) ကို အားထားကြသည်။

တရားဝင်မဟုတ်သော ချေးငွေများသည် ပိုမိုကုန်ကျစရိတ်ကြီးမားသော်လည်း ၎င်းတို့သည် စာရွက်စာတမ်းများမလိုပဲ လျင်မြန်စွာ ရရှိနိုင်သည်။ ဖြေကြားသူအားလုံးသည် ဘဏ်မှငွေချေးခြင်းကို ပိုမိုနှစ်သက်ကြသော်လည်း ဘဏ်ချေးငွေရရှိရန်အတွက် အတားအဆီးများမှာ အခွန်များ၊ အမြတ်နှင့်အရှုံးဖော်ပြသော ငွေစာရင်းရှင်းတမ်းများ၊ လုပ်ငန်းအစီအစဉ်များ၊ အပေါင်ပစ္စည်းများအပြင် အချိန်ကုန်စေသော လျှောက်ထားမှုဖြစ်စဉ်များနှင့်ပတ်သက်သည့် သတင်းအချက်အလက်များ လိုအပ်ခြင်းဖြစ်သည်။

(၂) အမျိုးသမီးပိုင် SMEs များအတွက် ရည်ရွယ်သော ထောက်ပံ့ကြေးများသည် မြန်မာနိုင်ငံတွင် ရှားပါးခြင်း

စာရေးသူများသည် ထောက်ပံ့ကြေးများမှာ အမျိုးသမီးလုပ်ငန်းရှင်များအား ကူညီနိုင်ရန်နှင့် ၎င်းတို့၏ အသိုက်အဝန်းများတွင် အပြုသဘောဆောင်စွာ ပါဝင်နိုင်ရန်တို့အတွက် မရှိမဖြစ် အရေးကြီးကြောင်း လေ့လာသိရှိခဲ့ရသည်။ ဖြေကြားထားသော WSME လုပ်ငန်း၂၀ အနက် ၄ ခုသည် နိုင်ငံတကာအလှူရှင်အဖွဲ့အစည်းများထံမှ ထောက်ပံ့ကြေးရရှိခဲ့သောကြောင့် ၎င်းတို့၏ လုပ်ငန်းများ သိသာစွာ ကျယ်ပြန့်လာရန် တိုးချဲ့ဆောင်ရွက်နိုင်ခဲ့သည်။ ဖြေကြားသူအချို့သည် ထောက်ပံ့ကြေးအတွက် အဆိုပြုလွှာရေးသားခြင်းကို မည်သို့ဆောင်ရွက်ရမည်ကို မသိရှိသော်လည်း ထောက်ပံ့ကြေးဆိုင်ရာ အခွင့်အလမ်းများနှင့်ပတ်သက်သော အသိပညာရှိကြသည်။ အချို့မှာ အထူးသဖြင့် ရန်ကုန်အခြေစိုက် လုပ်ငန်းများသည် ထောက်ပံ့ကြေးဆိုင်ရာ အခွင့်အလမ်းများနှင့်ပတ်သက်သော သတင်းအချက်အလက် လက်ခံရရှိမှု မရှိကြပေ။ အလုပ်အကိုင်၊ ကိုယ်ပိုင်ကွန်ရက်၊ အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်မှု၊ ပိုင်ရှင်၏ အဆိုပြုလွှာရေးသားမှုဆိုင်ရာ အရည်အချင်းတို့သည် ထောက်ပံ့ကြေးရရှိနိုင်မှုနှင့် ပတ်သက်ပြီး ဆုံးဖြတ်ပေးသည်။

သို့ရာတွင် အဆိုပါထောက်ပံ့ကြေးဆိုင်ရာ ကန့်သတ်ထားသော ရရှိမှုသည် မြန်မာနိုင်ငံတဝန်း SME အခန်းကဏ္ဍ–၂ ၏ ငွေကြေးလိုအပ်ချက်များအတွက် မလုံလောက်ပေ။ စာရေးသူများသည် အင်တာဗျူးများနှင့် သုတေသနများအရ WSMEs များအတွက် ကျားမဆိုင်ရာ ဦးတည်သော ထောက်ပံ့ကြေးများသည် မရှိသလောက် ရှားပါးကြောင်းလည်း သိရှိခဲ့ရသည်။ ဖြေကြားသူ ၂၀ လုံးသည် WSMEs များကို အထူးသဖြင့် ရည်ရွယ်သည့် ထောက်ပံ့ကြေးများနှင့် ပတ်သက်သော အသိပညာမရှိကြပေ။

(၃) အခြားငွေကြေးဆိုင်ရာ ရွေးချယ်မှုများနှင့် ပတ်သက်ပြီး ကန့်သတ်မထားသော်လည်း SMEs များအကြား ကောင်းစွာမသိရှိကြပေ။

မြန်မာနိုင်ငံတွင် ပုဂ္ဂလိကရှယ်ယာပိုင်ဆိုင်မှုများ၊ လုပ်ငန်းအရင်းအနှီးများ၊ လုပ်ငန်းများအား ရင်နှီးငွေစီစဉ်ပေးသော ဈေးကွက်များသည် ဖွံ့ဖြိုးစဖြစ်သောကြောင့် အွန်လိုင်းမှငွေချေးခြင်း နှင့် အများထံမှငွေချေးခြင်း တို့ကဲ့သို့သော အခြားငွေကြေးရရှိမှု ဆိုင်ရာ ရွေးချယ်မှုများ မရှိပေ။ မကြာသေးမီနှစ်များက SMEs များအတွက် Yoma Bank's smart credit ၊ KBZ Pay loans, Mother Finance SME Loans, and KyoPay invoice financing တို့ကဲ့သို့သော ဘဏ်များနှင့် ဘဏ်မဟုတ်သော ငွေကြေးအဖွဲ့အစည်းများမှ ဒစ်ဂျစ်တယ်ငွေကြေးနှင့် ပတ်သက်သော ဝန်ဆောင်မှုများကို မိတ်ဆက်ပေးခဲ့သည်။ ဖြေကြားသူ ၂၀ အနက်တစ်ဝက်သည် မြန်မာနိုင်ငံ၏ အခြားသော ငွေကြေးဆိုင်ရာ ရွေးချယ်မှုများနှင့်ပတ်သက်ပြီး အသိပညာရှိသော်လည်း မည်သူမျှ ထိုဝန်ဆောင်မှုများကို အသုံးမပြုကြပေ။

WSME Highlight 1: MYEO

Htet Thiri Shwe, Founder of MYEO

ကုမ္ပဏီအကြောင်း– MYEO သည် လူငယ်များအတွက် ပံ့ပိုးကူညီမှုများကို စီစဉ်ပေးသည့် ဒစ်ဂျစ်တယ်နည်းပညာ အသုံးပြုသော ရန်ကုန်အခြေစိုက် လူငယ်ဖွံ့ဖြိုးဆိုင်ရာ လူမှုရေးလုပ်ငန်းတစ်ရပ်ဖြစ်ပြီး လူမှုရေးဆိုင်ရာ သင်ကြားမှု အသိုက်အဝန်းကိုဖန်တီးပေးကာ အလုပ်အကိုင်ရရှိစေရန် ကျွမ်းကျင်မှုများနှင့်ပတ်သက်ပြီး သင်ကြားပေးသော သင်တန်းများကို စီစဉ်ပေးသည်။ အင်တာဗျူးထားသော WSMEs လုပ်ငန်းရှင်များအနက် MYEO သည် နည်းပညာ ဆိုင်ရာ တိုးတက်မှုအရှိဆုံးလုပ်ငန်းဖြစ်သည်။ ထက်သည် customer များနှင့်ပတ်သက်သော အချက်အလက်များကို စုဆောင်းပြီး သင်တန်းများကို စီစဉ်ခဲ့သည်။

ရုန်းကန်မှု– ထက်၏ အောင်မြင်မှုဆီသို့ သွားရာလမ်းကြောင်းသည် အမြဲတစေ ချောမွေ့မှုမရှိခဲ့ပေ။ အစပိုင်းတွင် သူမသည် MYEO ကို တည်ထောင်ရန် ကိုယ်ပိုင်ငွေအနည်းငယ်ဖြင့် စတင်လုပ်ကိုင်ခဲ့သည်။ သူမသည် လုပ်ငန်း အစပိုင်းတွင် စိတ်တူကိုယ်တူဖြစ်သော စေတနာ့ဝန်ထမ်းများဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့သည်။ သူမ၏ ပုံစံသည် လူကြီးတစ်ဦးနှင့် မတူသောကြောင့် အများစုမှာ အစပိုင်းတွင် ယုံကြည်မှုပေးရန် ခက်ခဲခဲ့ကြပြီး သံသယများနှင့် ဆက်ဆံခဲ့သော်လည်း သူမသည် အရှုံးမပေးခဲ့ပေ။ သူမသည် ခိုင်မာမှုရှိသော လုပ်ငန်းပုံစံများ၊ သင်တန်းနှင့်ပတ်သက် သော အကြောင်းအရာများနှင့် ငွေကြေးဆိုင်ရာ ရင်းမြစ်များနှင့်ပတ်သက်ပြီး များစွာသော အကြံပေးများ၊ သင်ကြား ပြသသူများနှင့် ရွယ်တူများနှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။ သူမသည် သူမ၏ လုပ်ငန်းနှင့်ပတ်သက်သော ဝေဖန်မှုများကို လက်ခံရရှိနိုင်ရန်အတွက် အစပျိုးစိန်ခေါ်မှုများကို ရင်ဆိုင်ခဲ့သည်။

တိုးတက်မှု– သူမ၏ လုံ့လ၊ ဇွဲနှင့် ဝါသနာတို့ကြောင့် သူမ၏ လုပ်ငန်းမှာ နောက်ဆုံးတွင် အောင်မြင်ခဲ့သည်။ ၅ နှစ်တာ ရုန်းကန်ခဲ့ပြီးနောက် Facebook မှ တရားဝင်ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၅၀,၀၀၀ ရရှိခဲ့ သောကြောင့် သူမသည် အချိန်ပြည့်ဝန်ထမ်းများကို ငှားရမ်းနိုင်ခဲ့သည်။ ယခုအချိန်တွင် သူမ၏ လုပ်ငန်းသည် subscribers ၁၀၀၀ ကျော်ထံမှ ရရှိသော subscriptions fees များဖြင့် ရပ်တည်လျှက်ရှိသည်။ MYEO သည် အခြား အလှူရှင်များထံမှ ထပ်မံလက်ခံရှိသော ထောက်ပံ့ကြေးများဖြင့် သင်တန်းများနှင့်ပတ်သက်ပြီး ထပ်မံမွမ်းမံတိုးချဲ့မှု များပြုလုပ်ကာ လူငယ် ၁၅,၀၀၀ ကျော်ကို လေ့ကျင့်သင်ကြားပေးနိုင်ခဲ့သည်။

(၄) မဝေးသောအနာဂတ်တွင် ငွေကြေးဆိုင်ရာ လိုအပ်ချက်များသည် ပိုမိုကြီးမားလာမည် ဖြစ်သည်။

မကြာသေးမီနှစ်များက ငွေကြေးဆိုင်ရာ အခန်းကဏ္ဍများတွင် မြန်မာနိုင်ငံသည် ထင်ရှားသော တိုးတက်မှုရှိခဲ့သော်လည်း SMES အများအပြား၏ ငွေကြေးဆိုင်ရာ လိုအပ်ချက်များကိုမူ ဖြည့်ဆည်းပေးနိုင်ခြင်း မရှိသေးပေ။ အမျိုးသမီးပိုင် SEs ၁၀ ခုသည် ဘဏ်ချေးငွေ မရရှိခဲ့ပေ။ ၎င်းတို့၏ ၅၀ ရာခိုင်နှုန်းသည် လုပ်ငန်းများအတွက် ငွေကြေးရရှိလိုခဲ့ကြသည်။ အမျိုးသမီးဦးဆောင်သော MEs ၁၀ ခုအနက် ၂၀ ရာခိုင်နှုန်းသည် လက်ရှိဘဏ်ချေးငွေရရှိထားသော်လည်း ၉၀ ရာခိုင်နှုန်းသည် လုပ်ငန်းချဲ့ရန်အတွက် ငွေကြေးလိုအပ်ကြသည်။

အငယ်စားနှင့် အလတ်စားလုပ်ငန်းနှစ်ခုလုံးသည် ငွေကြေးလိုအပ်ကြသော်လည်း ငွေကြေးရရှိမှုဆိုင်ရာ နည်းလမ်းအမျိုးအစားမှာ ကွာခြားမှုရှိသည်။ SEs သည် အလတ်စားနှင့် အကြီးစားလုပ်ငန်းများကဲ့သို့ သီးသန့်အရန်ငွေများစွာမရှိသောကြောင့် အထူးသဖြင့် ဝယ်လိုအား သို့မဟုတ် ဈေးကွက်အခြေအနေ ရုတ်တရက်ပြောင်းလဲမှုရှိပါက ငွေစီးဆင်းမှုချောမွေ့စေရန် သေးငယ်သော ရေတိုချေးငွေများ(ခန့်မှန်းခြေ အမေရိကန်ဒေါ်လာ ၁,၅၀၀ မှ ၁၂,၀၀၀ အထိ) လိုအပ်သည်။ Mes များသည် ဘဏ်များမှ အများဆုံး ချေးငွေပမာဏ ရရှိမှုများအပြင် လုပ်ငန်းချဲ့ရန် ပိုမိုကြီးမားသော ရေရှည်ချေးငွေပမာဏ ရရှိမှုများကို ပိုမိုနှစ်သက်ကြသည်။

(၅) အငယ်စားလုပ်ငန်းများသည် ငွေကြေးမတည်မှုအတွက် အရင်းအနှီးမရှိကြပေ။

စာရေးသူများသည် SEs များမှာ အသေးစားငွေကြေးဆိုင်ရာ အဖွဲ့အစည်းများထံမှ ချေးငွေများရရှိနိုင်သောကြောင့် MEs များသည် SEs များထက် ဘဏ်ချေးငွေပိုမိုရရှိနိုင်ဖွယ်ရှိကြောင်း ရှာဖွေတွေ့ရှိထားသည်။ SEs များအတွက် အသေးစား ငွေကြေးအဖွဲ့အစည်း အများစုမှ ပေးသော ချေးငွေပမာဏသည် အလွန်နည်းပါးသည်။

(၆) COVID-19 အတွက်ပေးသော ချေးငွေ များသည် SMEs များအား တရားဝင်မှတ်ပုံတင်ရန် ဆွဲဆောင်သည်

COVID-19 ရိုက်ခတ်ချိန်တွင် မြန်မာအစိုးရသည် နိုင်ငံတဝန်းရှိ SMEs များအတွက် ချေးငွေများကို စီစဉ်ပေးခဲ့သည်။ ထိုသို့စီစဉ်ပေးခြင်းသည် အစိုးရအတွက် ပထမအကြိမ်အဖြစ် သဘာဝဘေး အန္တရာယ်များ သို့မဟုတ် အရေးပေါ်အခြေအနေများအတွက် စီစဉ်ပေးခြင်း ဖြစ်သည်။

သို့ရာတွင် ထိုသို့ချေးငွေစီစဉ်ပေးခြင်းသည် မှတ်ပုံမတင်ထားသော SMEs များအတွက် သတိပေးခြင်းဖြစ်ပြီး မှတ်ပုံမတင်ထားပါက ချေးငွေများ လျှောက်ထားရန် အတွက် လိုအပ်ချက်ကို မပြည့်မီနိုင်ပေ။ ထို့ကြောင့် COVID-19 ဆိုင်ရာ ချေးငွေများသည် SMEs များအတွက် တရားဝင်မှတ်ပုံတင်ရန် ဆွဲဆောင်မှုတစ်ရပ်ဖြစ်သည်။ မှတ်ပုံတင်ရန် လိုအပ်သော လုပ်ထုံးလုပ်နည်းများကို လျင်မြန်စွာ ဆောင်ရွက်နိုင်ရန်အတွက် လာဘ်ပေးလာဘ်ယူမှုများကို ဖြစ်ပေါ်စေခဲ့သည်။ လုပ်ငန်းရှင် ၃ ဦးမှ ချေးငွေလျှောက်ထားမှု မြန်ဆန်စေရန် လာဘ်ပေးမှုများရှိခဲ့ကြောင်း ပြောပြခဲ့သည်။

(၇) ချေးငွေရရှိရန်အတွက် စည်းမျဉ်းများ၊ အသိပညာနှင့် ကျွမ်းကျင်မှုများသည် အခက်ခဲဆုံး အတားအဆီးများ ဖြစ်သည်

အင်တာဗျူးခဲ့သော WSME လုပ်ငန်းရှင်များအကြား ချေးငွေရရှိမှုနှင့်ပတ်သက်သော စည်းမျဉ်းများ၊ အသိပညာနှင့် ကျွမ်းကျင်မှုများသည် အခက်ခဲဆုံး အတားအဆီးများ ဖြစ်သည်။



ပုံ ၃.၄- အငယ်စားနှင့် အလတ်စားလုပ်ငန်းများအကြား ငွေကြေးရရှိမှုအတွက် အတားအဆီးများဆိုင်ရာ နှိုင်းယှဉ်မှု

မြန်မာနိုင်ငံချေးငွေဆိုင်ရာအဖွဲ့အစည်းကို မကြာသေးမီက တည်ထောင်ခဲ့သည့်အတွက် ငွေချေးသူများသည် တရားဝင်မဟုတ်သော လုပ်ငန်းများ လုပ်ကိုင်ပါက ငွေကြေးအဖွဲ့အစည်းများအနေဖြင့် ငွေထုတ်ချေးရန် ပိုမိုခက်ခဲသည်။

ထို့ကြောင့် ချေးငွေအများစုမှာ အာမခံပစ္စည်းကို အခြေခံသည်။ မကြာသေးမီနှစ်များက ငွေကြေးအဖွဲ့အစည်းများသည် လုပ်ငန်းများအတွက် အာမခံပစ္စည်း မလိုပဲ ချေးငွေများကို ပေးနိုင်ရန် စတင်ဆောင်ရွက်ခဲ့ကြသည်။ သို့သော် ငွေချေးသူများသည် ၎င်းတို့၏ လုပ်ငန်းပိုင်ဆိုင်မှုများ၊ လိုင်စင်များ၊ လုပ်ငန်းများနှင့် ငွေစာရင်းရှင်းတမ်းများဆိုင်ရာ စာရွက်စာတမ်းများကို တင်သွင်းရန် လိုအပ်သည်။

ဖြေကြားသူများ၏ တစ်ဝက်သည် ချေးငွေလျှောက်ထားရန်အတွက် လုပ်ငန်းအစီအစဉ်များ၊ ငွေစာရင်းရှင်းတမ်းများနှင့် မှတ်တမ်းတင်သော လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်ပြီး ကောင်းမွန်မှန်ကန်စွာ ပြင်ဆင်ပေးခြင်းဖြင့် ကူညီရန် လိုအပ်ကြောင်း ဖော်ပြထားသည်။

WMEs များသည် SE များထက် အသိပညာနှင့် ကျွမ်းကျင်မှုများနှင့်ပတ်သက်သော စိန်ခေါ်မှု ပိုမိုမြင့်မားသည် ဟုဆိုသည်။ SEs များအတွက် ထောက်ပံ့ကြေးဆိုင်ရာ အခွင့်အလမ်းများရရှိရန် ပိုမိုငယ်ရွယ် ပညာတတ် တက်ကြွသော (နိုင်ငံခြားမှဘွဲ့များရရှိထားသော)ကွန်ရက်ချိတ်ဆက်ဆောင်ရွက်သူများကို လုပ်ငန်းရှင်အများအပြားမှ ရွေးချယ်ခဲ့သောကြောင့် အချက်အလက်နှင့်ပတ်သက်သော ဘက်လိုက်မှုများ ရှိနေကြောင်း သိရှိခဲ့ရသည်။ ME လုပ်ငန်းရှင်များသည် ပမာဏသေးငယ်သော ထောက်ပံ့ကြေးများထက် ကြီးမားသော ငွေကြေးရရှိမှုဆိုင်ရာ နည်းလမ်းများနှင့်ပတ်သက်ပြီး ပိုမိုစိတ်ဝင်စားမှုရှိကြသည်။

မြန်မာနိုင်ငံတွင် ပထမဆုံးဖြစ်သော ချေးငွေဆိုင်ရာ အဖွဲ့အစည်းသည် ၂၀၂၀ တွင် လုပ်ငန်းများစတင်ရန် မျှော်လင့်ထားသည်။ ၎င်းသည် ၂၀၁၈ မေတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ လိုင်စင်ရရှိခဲ့သည်။ ပြည်တွင်းဘဏ်များ၏ ယာယီပူးပေါင်းထားသောအဖွဲ့အစည်း တစ်ခုဖြစ်သော MB ရင်းနှီးမြှုပ်နှံမှုသည် ချေးငွေဆိုင်ရာအဖွဲ့အစည်း၏ ၆၀ ရာခိုင်နှုန်းကို ပိုင်ဆိုင်ပြီး စင်ကာပူအခြေစိုက် Asia Credit Bureau holding company သည် ကျန်ရာခိုင်နှုန်းများကို ပိုင်ဆိုင်သည်။ ချေးငွေဆိုင်ရာအဖွဲ့အစည်းမှ စီစဉ်ပေးသော အချက်အလက်များသည် ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ၏ ထိခိုက်ဆုံးရှုံးနိုင်မှုဆိုင်ရာ စီမံခန့်ခွဲမှုများနှင့်ပတ်သက်ပြီး ခိုင်မာအားကောင်းစေမည်ဖြစ်ကာ ဘဏ်လုပ်ငန်းနှင့် ငွေကြေးဆိုင်ရာ ဂေဟစနစ်ကို ပိုမိုခိုင်မာစေဖြစ်မည် ဖြစ်သည်။

Source: Myanmar Credit Bureau to commence operations in April, https://consult-myanmar.com/2020/02/25/myanmar-credit-bureau-to-commence-operations-in-april/

Box ၃.၃- ၂၀၂၀တွင် လုပ်ငန်းစတင်ဆောင်ရွက်သော မြန်မာနိုင်ငံချေးငွေဆိုင်ရာ အဖွဲ့အစည်း

သင်ကြားပြသမှု၊ ကွန်ရက်ချိတ်ဆက်မှုနှင့် ကျွမ်းကျင်မှုများနှင့်ပတ်သက်သော အခွင့်အလမ်းများ ရရှိမှု

WSMEs ၂၀ တွင် ၁၁ သည် ၎င်းတို့လုပ်ငန်းများတွင် ရင်ဆိုင်နေရသော စိန်ခေါ်မှုများနှင့်ပတ်သက်ပြီး ကူညီပေးနိုင်သော အကြံပေးများ/သင်ကြားပြသသူများရှိသည်။ ၁၁ ဦးအနက်၂ ဦးသည် ကွန်ရက်ချိတ်ဆက် ဆောင်ရွက်သောပွဲများကို တက်ရောက်ကြသူများဖြစ်ကာ ၎င်းတို့၏ ကျွမ်းကျင်သော နယ်ပယ်များနှင့်ပတ်သက်ပြီး ရှာဖွေနိုင်ရန်နှင့် အကြံပြုချက်များကို စနစ်တကျရှာဖွေနိုင်ရန်တို့အတွက် အလားအလာရှိသော ပြည်တွင်းနှင့် နိုင်ငံ တကာသင်ကြားပြသူများနှင့်ပတ်သက်သည့် သတင်းအချက်အလက်များရရှိထားကြသော အလွန်တက်ကြွကြသည့် ကွန်ရက်ချိတ်ဆက်ဆောင်ရွက်သူများ ဖြစ်သည်။

အခြား ၅ ဦးသည် သင်ကြားပြသမှုများနှင့်ပတ်သက်ပြီး ရှာဖွေရန် ၎င်းတို့၏ ယခင်က ကွန်ရက်များကို အသုံးပြုခဲ့ကြသည်။ ကျန်သူများက မြန်မာနိုင်ငံ အမျိုးသမီးစွမ်းဆောင်ရှင်များအသင်း၊ မြန်မာနိုင်ငံ စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း၊ Phandeeyar Innovation Hub နှင့် Impact hub တို့ကဲ့သို့သော အသင်းအဖွဲ့များနှင့် innovation hub များတွင် ကွန်ရက်ချိတ်ဆက်ဆောင်ရွက်မှုမှတဆင့် သင်ကြားပြသသူများကို ရှာဖွေခဲ့ကြသည်။ သင်ကြားပြသသူများမရှိသောသူများသည် ၎င်းတို့၏ မိသားစုဝင်များထံမှ အကူအညီရယူကြသည်။

WSMEs များအတွက် ပံ့ပိုးမှုလိုအပ်သော ကျွမ်းကျင်မှုဆိုင်ရာ နယ်ပယ်များ

WSME လုပ်ငန်းရှင်များ၏ ထက်ဝက်ခန့်သည် WSMEs များအတွက် ပံ့ပိုးမှုလိုအပ်သော ကျွမ်းကျင်မှုဆိုင်ရာ နယ်ပယ်များ ဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာ ဈေးကွက်ရှာဖွေမှုများ၊ လူမှုမီဒီယာဆိုင်ရာ မဟာဗျူဟာများ၊ လုပ်ငန်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများနှင့် မဟာဗျူဟာဆိုင်ရာ ချဲ့ထွင်မှုများနှင့်ပတ်သက်ပြီး သင်ကြားပြသမှုလိုအပ်သော ကျွမ်းကျင်မှုဆိုင်ရာ နယ်ပယ်များအဖြစ် မီးမောင်းထိုးပြသထားသည်။ MEs(MEs ၁၀ ခုအနက် ၂ ခု)နှင့်နှိုင်းယှဉ်ပါက SE ပိုင်ရှင် (၁၀ ခုအနက် ၆ ခု)သည် လုပ်ငန်းဆိုင်ရာ စီမံခန့်ခွဲမှုများနှင့်ပတ်သက်ပြီး သင်ကြားပြသမှုများ လိုအပ်ကြောင်း ဖော်ပြခဲ့သည်။

အင်တာဗျူးများမှ ရှာဖွေတွေ့ရှိမှုများသည် စက်မှုလုပ်ငန်းဆိုင်ရာ နည်းပညာနှင့်ပတ်သက်သော သင်ကြားပြသမှုများကို WSMEs များမှ လိုလားကြပြီး မြန်မာနိုင်ငံတွင် ထိုသို့သင်ကြားပြသမှုမရှိကြောင်း ဖော်ပြခဲ့သည်။ အမျိုးသမီးလုပ်ငန်းရှင် ၂၀ အနက် ၉ ဦး၏ အင်တာဗျူးတွင် နည်းပညာကျွမ်းကျင်မှုနှင့် ပတ်သက်သော သင်ကြားပြသမှုသည် ရှာဖွေရန် စိန်ခေါ်မှုရှိသော်လည်း အမှန်တကယ်ပင် တန်ဖိုးရှိကြောင်း ဖော်ပြထားသည်။

၎င်းတို့မှ ဖော်ပြခဲ့သော နယ်ပယ်များတွင် အောက်ပါတို့ပါဝင်သည်။ သဘာဝစိုက်ပျိုးရေးလုပ်ငန်းများ အတွက် နောက်ဆုံးရှာဖွေတွေ့ရှိထားသော နည်းစနစ်များ၊ သစ်လုပ်ငန်းများ၊ အစားအစာ ပြုပြင် စီမံထုတ်လုပ်သော လုပ်ငန်းများ၊ ငှက်သိုက်ထုတ်လုပ်မှု၊ ဒီဇိုင်းဆွဲထားသောအိတ်များထုတ်လုပ်မှု၊ ဒီဇိုင်းပုံနှိပ်ထားသောပိတ်စများထုတ်လုပ်မှု၊ ရက်ကန်းထည်များထုတ်လုပ်မှု၊ ဓါတုဗေဒပစ္စည်း ကင်းလွတ်သောအထည်များထုတ်လုပ်မှု၊ ပို့ကုန်ဈေးကွက်အတွင်းသို့ တင်ပို့ရန် ထုတ်ကုန်ထုတ်လုပ်တိုးချဲ့မှုများ ပါဝင်သည်။

စာရေးသူများသည် အင်တာဗျူးများမှ လေ့လာခဲ့ရသည်မှာ MEs များအနေဖြင့် ၎င်းတို့၏ လုပ်ငန်းများတည်ငြိမ်စေရန်နှင့် တိုးချဲ့ရန်တို့အတွက်ချေးငွေရရှိမှုနှင့် ငွေကြေးဆိုင်ရာ စီမံခန့်ခွဲမှုများနှင့်ပတ်သက်သော အကြံပြုချက်များရရှိမှုနှင့် ပိုမိုသက်ဆိုင်ကြောင်းလည်း လေ့လာခဲ့ရသည်။ SEs များသည် ထောက်ပံ့ကြေးနှင့်ပတ်သက်သော အခွင့်အလမ်းများအတွက် သင်ကြားပြသမှုကို ရှာဖွေရာတွင် ပိုမိုစိတ်ပါဝင်စားမှု ရှိကြသည်။



ပုံ ၃.၅– WSMEs များမှ လိုအပ်သည့် သင်ကြား ပြသမှုဆိုင်ရာ ခေါင်းစဉ်များနှင့်ပတ်သက်သော နှိုင်းယှဉ်မှု

သင်ကြားပြသမှု၊ ကွန်ရက်ချိတ်ဆက်မှုနှင့် ကျွမ်းကျင်မှုများနှင့်ပတ်သက်သော အရေးကြီးသည့် အမြင်များ

(၁)အင်တာဗျူးတွင် လုပ်ငန်းရှင်များအားလုံးသည် သက်ဆိုင်သော အတွေ့အကြုံနှင့် ကျွမ်းကျင်မှုများ ရှိသော အကြံပေးများကို အလိုရှိကြသည်။ ၎င်းတို့ အနက် အများစုသည် ၎င်းတို့နှင့် ရင်းနှီးကျွမ်းဝင်မှု ရှိပြီး ယုံကြည်လေးစားရသော သူများထံမှ အကြံပြု ချက်များကို ရှာဖွေရန် ပိုမိုနှစ်သက်ကြသည်။

လုပ်ငန်းများနှင့် အလှူရှင်များမှ စပွန်ဆာပေးထားသော ကွန်ရက်ချိတ်ဆက်ဆောင်ရွက်သည့် ပွဲများသည် ပိုမိုငယ်ရွယ်ပြီး လူမှုရေးပွဲများတွင် ပါဝင်လှုပ်ရှား ကြသော အစပျိုးလုပ်ငန်းရှင်များအတွက် ဆွဲဆောင် ကြသည်။ ပိုမိုအသက်ကြီးသော ဖြေကြားသူများသည် ၎င်းတို့အထင်ကြီးလေးစားရသော သူများဖြင့် ရည်ကြာသော ဆက်ဆံရေးတည်ဆောက်ရန် နှစ်ဦး ချင်းတွေ့ဆုံ ပြောဆိုဆက်ဆံနိုင်သော အခွင့်အရေး များကို ပိုမိုလိုလားကြသည်။

(၂) အမျိုးသမီးများသည် အမျိုးသားများအောက် လျှော့လပ်သော ကွန်ရက်ချိတ်ဆက်ဆောင်ရွက် နိုင်သည့် အခွင့်အလမ်းရရှိမှု နည်းပါးခြင်း အင်တာ ဗျူးအနည်းငယ်တွင် လုပ်ငန်းရှင်များသည် အမျိုးသမီးများသည် အမျိုးသားများအောက် လျှော့လပ်သော ကွန်ရက်ချိတ်ဆက်ဆောင်ရွက် နိုင်သည့် အခွင့်အလမ်းရရှိမှု နည်းပါးရသော အကြောင်းပြချက်အမျိုးမျိုးရှိကြောင်းဖော်ပြခဲ့သည်။ လုပ်ငန်းရှင်များ ဖော်ပြခဲ့သော ပထမအကြောင်း ပြချက်သည် အမျိုးသားများအနေဖြင့် client များ၊ အစိုးရအရာရှိများနှင့် လုပ်ဖော်ကိုင်ဖက်များဖြင့် ညနေပိုင်းများတွင် စားသောက်ရင်း တွေ့ဆုံနိုင် သော်လည်း အမျိုးသမီးများအနေဖြင့် အဆိုပါ စားသောက်ပွဲများတွင် ပါဝင်ရန် ယဉ်ကျေးမှုအရ သင့်တော်မှုမရှိခြင်း အထူးသဖြင့် မြို့သေးများနှင့် ရှေးဆန်သော မိသားစုများတွင် ဖြစ်သည်။

ထို့ပြင် ကလေးငယ်များရှိသော သူများသည် အလုပ် ပြီးပါက အိမ်သို့တန်းပြန်ပြီး ကလေးထိန်းရမည်ဖြစ် သောကြောင့် ညနေပိုင်း စုဝေးစားသောက်ပွဲများသို့ မပါဝင်နိုင်ပေ။ ၎င်းတို့သည် ကလေးငယ်ရှိသော အမျိုးသမီးလုပ်ငန်းရှင်များအတွက် ညနေပိုင်း ပွဲများထက် နေ့ခင်းပွဲများပြုလုပ်ခြင်းသည် ပိုမို သင့်တော်ကြောင်း ပြောကြားခဲ့သည်။

(၃) ကွန်ရက်ချိတ်ဆက်ဆောင်ရွက်ရန်၊ ဗဟုသုတရရှိ ရန်နှင့် ကျွမ်းကျင်မှုအသစ်များသင်ယူရန်တို့အတွက် အွန်လိုင်းဆွေးနွေးပွဲများနှင့် Facebook group များသည် အမျိုးသမီးများအတွက် အခွင့်အလမ်းများ ဖန်တီးပေးခြင်း လုပ်ငန်းရှင်များလုံးသည် facebook ကို သတင်းအချက်အလက်ရရှိရန်အတွက် အသုံးပြု ကြပြီး ၅ ဦးသာ ကျွမ်းကျင်မှုအသစ်များသင်ကြားရန် အွန်လိုင်းဆွေးနွေးပွဲများကို အသုံးပြုကြသည်။ Facebook သည် မြန်မာဘာသာစကားဖြင့် အသုံးပြု ဖော်ပြထားသောကြောင့် ပြည်တွင်းကွန်ရက် ချိတ်ဆက်မှုနှင့် ဗဟုသုတမျှဝေမှုတို့အတွက် အသုံး ပြုနိုင်သည်။ အစိုးရဌာနအများအပြားသည် မူဝါဒ ဆိုင်ရာ နောက်ဆုံးပြင်ဆင်မွမ်းမံမှုများနှင့် ကြေငြာ ချက်များကို ဖော်ပြရန် တရားဝင် facebook page များ ရှိကြသည်။

ဥပမာ– SME ဖွံ့ဖြိုးတိုးတက်မှုဌာနသည် SME ပိုင်ရှင် များနှင့် followers ၇၁,၀၀၀ ဖြင့် ဖွဲ့စည်းထားသည့် ၎င်း၏ facebook page တွင် မူဝါဒဆိုင်ရာ ပြောင်းလဲ

မှုများ၊ လုပ်ထုံးလုပ်လုပ်နည်းဆိုင်ရာ နောက်ဆုံး ပြင်ဆင်မွမ်းမံမှုများနှင့် သင်တန်းအခွင့်အလမ်းများ နှင့်ပတ်သက်ပြီး အလွန်တက်ကြွစွာ ဆက်သွယ် ဆောင်ရွက်မှုများ ပြုလုပ်ကြသည်။ follower ၁၆၀,၀၀၀ ရှိသော UMFCCI ၏ facebook page သည် လုပ်ငန်းဆိုင်ရာ သတင်းများ၊ အင်တာနက်မှ ဆွေးနွေးပွဲများ၊ ပွဲများနှင့်ပတ်သက်သော သတင်း အချက်အလက်များဆိုင်ရာ နေ့စဉ်နောက်ဆုံးရသ တင်းများကို ဖော်ပြထားသည်။

ပုဂ္ဂလိကအခန်းကဏ္ဍရှိ ပါဝင်ဆောင်ရွက်သူများဖြင့် ဖွဲ့စည်းထားသော အခြားလုပ်ငန်းအသိုက်အဝန်းများ၏ အုပ်စုများသည် facebook တွင် active ဖြစ်ကြသည်။ ဖြေကြားသူတစ်ဦးသည် follower ၁ သန်းရှိသော Martin ၊ follower ၁ သန်းရှိသော ပြည်ခိုင်၊ follower ၁.၆ သန်း ရှိသော ဖြိုးဖြိုးအောင်တို့ကဲ့သို့သော ၎င်းတို့၏ လုပ်ငန်းများနှင့် ဖွံ့ဖြိုးတိုးတက်မှုများနှင့် ပတ်သက်သည့် ကိုယ်ပိုင် ဗဟုသုတများကို မျှဝေ ထားသော social influencers များထံမှ သင်ယူရ သည်ကို နှစ်သက်ကြောင်း ပြောကြားခဲ့သည်။

လုပ်ငန်းဖြစ်စဉ်များနှင့် စီမံခန့်ခွဲမှုများအတွက် ဒစ်ဂျစ်တယ်နည်းပညာကို အသုံးပြုခြင်း

မြန်မာနိုင်ငံရှိ WSMEs များတွင် ဒစ်ဂျစ်တယ် နည်းပညာကို မည်သို့ အသုံးပြုကြသနည်း။

စာရေးသူများက ဒစ်ဂျစ်တယ်နည်းပညာကို အသုံး ပြုပါသလားဟု မေးသောအခါ WSMEs ၂၀ လုံးက အသုံးပြုကြောင်းကို စိတ်အားထက်သန်စွာ ပြန်လည် ဖြေဆိုခဲ့ကြသည်။ ထိုအချက် ကို ကြည့်ခြင်းအားဖြင့် အမျိုးသမီးလုပ်ငန်းရှင်များသည် ၎င်းတို့၏ လုပ်ငန်း ရလာဒ်များကောင်းမွန်စေရန်အတွက် ဒစ်ဂျစ်တယ် နည်းပညာမှ ပံ့ပိုးပေးနိုင်ကြောင်း ယုံကြည်ကြသည်မှာ ထင်ရှားသည်။ သို့ရာတွင် အများစု၏ ဒစ်ဂျစ်တယ် နည်းပညာ အသုံးပြုသောသက်တမ်းမှာ အစပိုင်း အဆင့်တွင်သာရှိသေးပြီး ၎င်းတို့အသုံးပြုသော ဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာ အဖြေရှာမှုများသည် တစ်ဆင့်ပြီး တစ်ဆင့်အသုံးပြုရခြင်းဖြစ်ကာ ပြောင်း လဲမှုများလည်းရှိနိုင်သည်။(ပုံ ၃.၇ နှင့် ၃.၈ တွင် ကြည့်ပါ)

SEs ၃ခုနှင့် Mes ၃ ခုသာလျှင် ပံ့ပိုးမှုကွင်းဆက်ဆိုင်ရာ စီမံခန့်ခွဲမှုများ သို့မဟုတ် စာရင်းဆိုင်ရာ ထိန်းချုပ်မှု များကဲ့သို့သော အဖွဲ့အစည်းအလိုက်ဖြစ်စဉ်များတွင် ဒစ်ဂျစ်တယ်နည်းပညာများကို အသုံးပြုသည်။ WSME လုပ်ငန်းရှင်အများစုကို အင်တာဗျူးခဲ့ရာ ၂၀ အနက် ၁၃ ဦးသည် ဒစ်ဂျစ်တယ်အသုံးပြုမှုသက်တမ်း၏ ပထမအဆင့်တွင်သာလျှင်ရှိသည်။ SE တစ်ခုသည် ၎င်း၏ လုပ်ငန်းအတွက် ဒစ်ဂျစ်တယ်နည်းပညာ လက်ခံကျင့်သုံးမှုမရှိခဲ့ပေ။ (ပုံ ၃.၆ တွင် ကြည့်ပါ)



ပုံ ၃.၆– မြန်မာနိုင်ငံရှိ WSMEs များ၏ ဒစ်ဂျစ်တယ်နည်းပညာ အသုံးပြုသော သက်တမ်းဆိုင်ရာ နှိုင်းယှဉ်မှု

မည်သည့် digital tools များကို WSMEs များအနေဖြင့် အသုံးပြုသနည်း။

အောက်ပါဇယား(ပုံ ၃.၇ နှင့် ၃.၈)တို့သည် လုပ်ငန်းရှင်များအနေဖြင့် အသုံးပြုသော ဒစ်ဂျစ်တယ် tools များ၏ အမျိုးအစားများကို အများဆုံးအသုံးပြုသောသူများမှ အနည်းဆုံးအသုံးပြုသောသူများအထိ အစဉ်လိုက်ဖော်ပြထားသည်။ ၂ ဦးမှအပ ဖြေကြားသူအားလုံးသည် social media တွင် active ဖြစ်ကြပြီး ဒစ်ဂျစ်တယ်နည်းပညာဆက်သွယ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့အတွက် tools များ အသုံးပြုကြသည်။ WSMEs များသည် လုပ်ငန်း၏ ငွေကြေးအပိုင်းနှင့် ပတ်သက်ပြီး tool များကို အသုံးပြုကြကာ ၂၀ အနက် ၁၉ ခုသည် ဒစ်ဂျစ်တယ်ဘဏ်လုပ်ငန်းနှင့် အလွန်ရင်းနှီးကျွမ်းဝင်မှုရှိကြသည်။

ထို့ပြင် WSMEs များသည် digital HR နှင့် ပံ့ပိုးမှုကွင်းဆက်ဆိုင်ရာ စီမံခန့်ခွဲမှုtool များထက်ပိုပြီး cloud based accounting tool နှင့် inventory/POS tools ကို အသုံးပြုကြသည်။ SE တစ်ခုတည်းသည် digital supply chain management tools များကို အသုံးပြုရန် မတတ်နိုင်သော်လည်း WSMEs ၈ ခု (၄၀ ရာခိုင်နှုန်း)နှင့် WSEs ၆ ခု(၃၀ ရာခိုင်နှုန်း)သည် digital accounting နှင့် POS/inventory tools များကို အသုံးပြုကြသည်။

ဆိုရှယ်မီဒီယာအသုံးပြုမှုနှင့် ဒစ်ဂျစ်တယ်အသိပညာများတိုးတက်လာမှုများကြောင့် ဖြေကြားသူတစ်ဝက်သည် digital content များကို အသုံးပြုလာပြီး e-commerce ကို ၎င်းတို့၏ ဒစ်ဂျစ်တယ်ဈေးကွက်အဖြစ် အသုံးပြုလာကြသည်။ SEs များအကြား ထုတ်လုပ်မှုတွင် ဒစ်ဂျစ်တယ် tools အသုံးပြုသောလုပ်ငန်းများသည် ပျမ်းမျှနှစ်စဉ်ဝင်ငွေ အမေရိကန်ဒေါ်လာ ၇၁,၀၀၀ ရှိပြီး ဒစ်ဂျစ်တယ် tools အသုံးမပြုသောလုပ်ငန်းများသည် အမေရိကန်ဒေါ်လာ ၂၈,၀၀၀ နှစ်စဉ်ဝင်ငွေရှိကြကာ ဒစ်ဂျစ်တယ် tools အသုံးပြုသောလုပ်ငန်းများသည် ဒစ်ဂျစ်တယ် tools အသုံးမပြုသောလုပ်ငန်းများ ထက်ပိုပြီး ဝင်ငွေမြင့်မားကြသည်။

	Small Enterprise	Communication /Collaboration	Social Media	Digital Banking	Digital Financing	Accounting	POS / Inventory	Supply Chain (Vendors/Suppliers)ERP	HR	E-Commerce	Digital Content Production
PRODUCTION	INT-SE-01	●	●	●		●	●			●	
	INT-SE-08	●	●	●		●				●	●
	INT-SE-09	●	●	●					●	●	
SERVICE	INT-SE-06	●	●	●		●	●		●		
	INT-SE-02	●	●	●							●
	INT-SE-04	●	●	●							●
	INT-SE-05	●	●	●							●
PRODUCTION	INT-SE-03	●	●	●							
	INT-SE-07	●		●							
	INT-SE-10	●	●								

ပုံ ၃.၇- SE လုပ်ငန်းရှင်များမှ အသုံးပြုသော ဒစ်ဂျစ်တယ်tools အမျိုးအစားများ

Medium Enterprise	Communication /Collaboration	Social Media	Digital Banking	Digital Financing	Accounting	POS / Inventory	Supply Chain (Vendors/Suppliers)ERP	HR	E-Commerce	Digital Content Production
INT-SE-01	●	●	●		●	●	●		●	●
INT-SE-01	●	●	●		●	●	●			●
INT-SE-01	●	●	●		●	●			●	
INT-SE-01	●	●	●		●			●	●	
INT-SE-01	●	●	●			●		●		
INT-SE-01	●	●	●						●	●
INT-SE-01	●	●	●						●	●
INT-SE-01	●	●	●							●
INT-SE-01	●	●	●						●	
INT-SE-01	●	●	●							

ပုံ ၃.၈– ME လုပ်ငန်းရှင်များမှ အသုံးပြုသော ဒစ်ဂျစ်တယ်tools အမျိုးအစားများ

စာရေးသူများအနေဖြင့် အင်တာဗျူးများမှ ဖော်ထုတ်ထားသည့် WSME လုပ်ငန်းဖြစ်စဉ်များနှင့်ပတ်သက်သော အရေးကြီးသည့် အမြင် ၁၀ ချက်ရှိသည်။

၁။ WSMEs များမှ လက်ခံကျင့်သုံးသော အများဆုံး digital tools အမျိုးအစားများမှာ facebook ၊ instagram ၊ You Tube ကဲ့သို့သော ဆိုရှယ်မီဒီယာများ၊ Messenger, WeChat, WhatsApp, Zoom and Viber ကဲ့သို့သော ဆက်သွယ်ရေး tools များ၊ ပြည်တွင်းဘဏ်များမှ အသုံးပြုသော ဒစ်ဂျစ်တယ်ဘဏ်လုပ်ငန်းဆိုင်ရာ အပလီကေးရှင်းများ ဖြစ်သည်။ WSMEs ၂၀ အနက် ၁၉ခု သည် facebook နှင့် digital banking တို့ကို အသုံးပြုကြသည်။ ဖြေကြားသူများအားလုံးသည် digital communication tools များကို အသုံးပြုကြသည်။

၂။ customer များ၏ တောင်းဆိုမှုသည် ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုရန်အတွက် အရေးကြီးဆုံးဆုံးဖြတ်ချက်ချမှတ်မှုနှင့်ပတ်သက်သော အချက်ဖြစ်သည်။
လက်တွေ့ကျသော အမျိုးသမီးလုပ်ငန်းရှင်များအနေဖြင့် ဖြေကြားသူများသည် ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုမှုအတွက် customer ၏ တောင်းဆိုမှုကို အရေးကြီးဆုံးဆုံးဖြတ်ချက်ချသည့် အချက်အဖြစ် ထည့်သွင်းစဉ်းစားကြသည်။ အများစုသည် ခေတ်မီရန်အတွက်မျှသာ နည်းပညာအသစ်ကို အသုံးပြုခြင်းမဟုတ်ပေ။

ဥပမာ– အထည်ဆိုင်ပိုင်ရှင်တစ်ဦးအနေဖြင့် messenger chatbox မှာ မြန်မာနိုင်ငံတွင် ရေပန်းစားနေသော်လည်း customer များသည် လူနှင့် ဆက်သွယ်ပြောဆိုရသည်ကို ပိုမိုနှစ်သက်ကြသဖြင့် အလိုအလျောက်ဖြေကြားမှုအတွက် chatbox အသုံးပြုခြင်းသည် မသင့်တော်ကြောင်း ယုံကြည်ထားသည်။

Customer များသည် အထည်များအကြောင်းမေးမြန်းမှာကြားရုံသာမဟုတ်ပဲ အထည်များကို ဝတ်ဆင်ထားသော ၎င်းတို့၏ ဓါတ်ပုံများကိုလည်း ပေးပို့တတ်ကြသောကြောင့် အလိုအလျောက်ပြန်လည်ဖြေကြားသော စနစ်အသုံးပြုရန် မဖြစ်နိုင်ကြောင်း ဖော်ပြခဲ့ကြသည်။

သူမသည် မြန်မာနိုင်ငံရှိ customer များအနေဖြင့် အလိုအလျောက် customer service များနှင့် အကျွမ်းတဝင်မဖြစ်သေးမီ chatbox နည်းပညာသည်

အရောင်းတိုးတက်စေခြင်း သို့မဟုတ် customer ကျေနပ်မှုရရှိစေခြင်းတို့ကို ဖြစ်ပေါ်စေနိုင်မည် မဟုတ်ပေ။

ကုမ္ပဏီ၏ ဘဏ်စာရင်းများသည် ကိုယ်ပိုင်စာရင်းများနှင့်မတူပဲ ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုသော ငွေလွှဲမှုများကို မဆောင်ရွက်နိုင်သောကြောင့် B2B clients အများစုနှင့်ပတ်သက်သော ငွေပေးချေမှုများအတွက် ချက်လက်မှတ်အသုံးပြုကာ ငွေများကို လူကိုယ်တိုင် သွားရောက်ကောက်ခံပြီး ဘဏ်တွင် အပ်နှံမှုများ ပြုလုပ်ဆောင်ရွက်ကြသည်။

၃။ အလုပ်သမားအင်အားတွင် ဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာ အဆင်သင့်ဖြစ်မှုသည် ထိုနည်းပညာအသုံးပြုမှုဆိုင်ရာ မြန်နှုန်းနှင့် အတိုင်းအတာတို့နှင့်ပတ်သက်ပြီး ဆုံးဖြတ်ပေးခြင်း

WSMEs အတွက် အခြားအရေးကြီးသော ထည့်သွင်းစဉ်းစားမှုတစ်ရပ်မှာ ၎င်းတို့၏ လုပ်သားအင်အားသည် ဒစ်ဂျစ်တယ်နည်းပညာကို အဆင်သင့်လက်ခံကျင့်သုံးနိုင်ခြင်းရှိ/မရှိ ဖြစ်သည်။ ဥပမာ–WSME လုပ်ငန်းရှင်တစ်ဦးသည် ဒစ်ဂျစ်တယ်နည်းပညာ အသုံးပြုခြင်းဖြင့် သူမ၏ လုံခြုံရေးဝန်ဆောင်မှုလုပ်ငန်းအတွက် လုံခြုံရေးဝန်ထမ်းများ၏ တက်ရောက်မှုနှင့် အလုပ်ချိန်များကို မှတ်တမ်းတင်ရာတွင် အချိန်တိုတိုဖြင့် အကျိုးထိရောက်မှုရှိနိုင်မည်ကာ ပွင့်လင်းမြင်သာမှုလည်း ရှိနိုင်ကြောင်း ဖော်ပြခဲ့သည်။
သို့ရာတွင် သူမသည် လုံခြုံရေးဝန်ထမ်းအများစုမှာ နည်းပညာနှင့်ပတ်သက်သော အသိပညာမရှိကြသဖြင့် မိုဘိုင်းအပလီကေးရှင်းများအသုံးပြုရန် ခက်ခဲနိုင်သောကြောင့် ဒစ်ဂျစ်တယ်နည်းပညာကို အသုံးမပြုခဲ့ပေ။ ၎င်းတို့ကို လေ့ကျင့်ပေးမည်ဆိုပါက အချိန်များစွာပေးရမည်ဖြစ်ပြီး စိတ်ရှည်ရမည်ဖြစ်သည်။

စာရေးသူများသည် အခြားအမျိုးသမီးလုပ်ငန်းရှင်များ၏ လုံခြုံရေးဝန်ထမ်းများနှင့်ပတ်သက်သော အလားတူအကြောင်းအရာမျိုးကိုလည်း ကြားခဲ့ကြရသည်။ အင်တာဗျူးခဲ့သော WSME လုပ်ငန်းရှင် ၄ ဦးသည် ပိုမိုငယ်ရွယ်ပြီး ပညာတတ်သော အဖွဲ့ဝင်များဖြင့် အလုပ်လုပ်ရသောကြောင့် ဒစ်ဂျစ်တယ်နည်းပညာနှင့်ပတ်သက်ပြီး လျင်မြန်စွာ အသုံးပြုနိုင်ကြသည်။

၄။ mobile-first applications/softwares များသည် အငယ်စားစီးပွားရေးလုပ်ငန်းများအတွက် ပိုမိုသင့်လျော်ခြင်း

လုပ်သားအင်အားအများစုအတွက် smartphones, laptops နှင့် desktop computers များကို ကျယ်ပြန့်စွာ အသုံးပြုနိုင်စေရန်မှာ ကုန်ကျစရိတ်အလွန်များမည် ဖြစ်သည်။ အထူးသဖြင့် အငယ်စားထုတ်လုပ်မှု လုပ်ငန်းများကဲ့သို့သော ဝန်ဆောင်မှုမဟုတ်သော လုပ်ငန်းများအတွက် မလိုအပ်ပေ။ အင်တာဗျူးထားသော သစ်စက်ပိုင်ရှင်က သူမသည် ဈေးကွက်ရှာဖွေမှုနှင့် customer service အတွက် ကွန်ပျူတာဖြင့် ရန်ကုန်ရုံးတွင် အလုပ်လုပ်နေသော်လည်း အဖွဲ့ရှိကျန်ဝန်ထမ်းများသည် ကွန်ပျူတာများ မည်သို့ အသုံးပြုရမည်ကို မသိရှိသောကြောင့် ဆူညံပြီး ဖုန်ထူထပ်သော laptop တင်ရန်ပင် နေရာမရှိသည့် မွန်ပြည်နယ်ရှိ သစ်စက်တွင် အလုပ်လုပ်နေကြရကြောင်း ဖော်ပြခဲ့သည်။

အသေးစားရေခဲစက်ပိုင်ရှင်တစ်ဦးသည် နေ့စဉ်အစီရင်ခံမှုများအတွက် viber ကို အသုံးပြုခဲ့သည်။ စက်ရုံလုပ်သားများသည် အရောင်းစာရင်းနှင့် ကုန်ကျစရိတ်များကို ရေးမှတ်ထားသော စာရွက်များကို ရိုက်ကူးထားသည့် မှုန်ဝါးနေသော ဓါတ်ပုံများကို ၎င်းထံသို့ ပေးပို့ကြသောကြောင့် ရှင်းလင်းပြတ်သားသော ဓါတ်ပုံများကို မည်သို့ရိုက်ယူရသည်ကို သင်ကြားပေးရခြင်းနှင့်ပတ်သက်ပြီး စိန်ခေါ်မှုများ ရှိခဲ့ကြောင်း ပြောကြားခဲ့သည်။

၅။ facebook ကို e-commerce၊ customer များနှင့် တွေ့ဆုံမှုများနှင့် သတင်းအချက်အလက်များအတွက် ရင်းမြစ်တစ်ခုအဖြစ် အသုံးပြုသည်။

မြန်မာနိုင်ငံတွင် facebook အသုံးပြုသူ ၂၂ သန်းခန့်ရှိသည်။ facebook သည် ၎င်း၏ ကြော်ငြာများမှာ မြန်မာနိုင်ငံရှိ စုစုပေါင်းလူဦးရေ၏ ၅၀ ရာခိုင်နှုန်းခန့်ဖြစ်သည့် အသက် ၁၃ နှစ်ဝန်းကျင်ရှိသော လူငယ်များထံသို့ ရောက်ရှိကြောင်း အစီရင်ခံခဲ့သည်။ ထို့ကြောင့် နိုင်ငံတွင် facebook သည် ဈေးဝယ်ခြင်းနှင့် သတင်းအချက်အလက်ရှာဖွေမှုအတွက် အဓိကအသုံးပြုသော tool တစ်ခုဖြစ်လာခဲ့သည်။ Facebook အသုံးပြုသူများပြားသောကြောင့် မြန်မာဘာသာဖြင့် ဖော်ပြထားသော digital content များမှ စိတ်ဝင်စားမှုခံရပြီး search engnes အသုံးပြု ရှာဖွေခြင်းထက်

အသုံးပြုသူများကို ပိုမိုဆွဲဆောင်နိုင်သည်။ WSME လုပ်ငန်းရှင်များ ၂၀ ဦးအနက် ၁၉ ဦးသည် ၎င်းတို့၏ လုပ်ငန်းများနှင့်ပတ်သက်ပြီး တိုးမြှင့်နိုင်ရန်နှင့် customers များဖြင့် တွေ့ဆုံနိုင်ရန်တို့အတွက် facebook ကို အသုံးပြုကြသည်။ facebook သည် ငွေကြေးအနည်းငယ်ဖြင့် လုပ်ငန်းသစ်စလိုသော သို့မဟုတ် ၎င်းတို့၏ customer များဖြင့် တိုက်ရိုက်မကြာခဏတွေ့ဆုံလိုသော အမျိုးသမီးလုပ်ငန်းရှင်များအတွက် အကျိုးထိရောက်မှုရှိသော ဆက်သွယ်မှုနည်းလမ်းတစ်ရပ် ဖြစ်သည်။ မကြာသေးမီနှစ်များက အောင်မြင်သော အမျိုးသမီးအငယ်စားစီးပွားရေး လုပ်ငန်းရှင်များသည် ၎င်းတို့၏ လုပ်ငန်းများနှင့်ပတ်သက်ပြီး facebook မှတဆင့် မည်သို့မိတ်ဆက်ပေးခဲ့ပုံများကို ဖော်ပြခဲ့သည်။ သို့ရာတွင် facebook ပေါ်ရှိ စီးပွားရေးလုပ်ငန်းအများစုသည် တန်ဖိုးထပ်ပေါင်းသော ဆောင်ရွက်မှုများနှင့် ပတ်သက်ပြီး အဓိကထား ဆောင်ရွက်ခြင်း မရှိဘဲ ၎င်းအစား Alibaba နှင့် Taobao တို့မှတဆင့် ကျယ်ပြန့်သော တရုတ် e-commerce စျေးကွက်များနှင့် ဆက်စပ်နေမှုအား အကျိုးရှိရှိအသုံးချကာ တရုတ်ထုတ်ကုန်များနှင့်ပတ်သက်သော တင်သွင်းမှုနှင့် ပြန်လည်ရောင်းချမှုတို့ကို အဓိကထား ဆောင်ရွက်ကြသည်။

WSMEs များသည် အရောင်းအတွက် မှာကြားမှုများကို local e- commerce platforms များထက် ၎င်းတို့၏ facebook page များမှ ပိုမိုရရှိကြသည်။ SEs ၃ခုနှင့် MEs ၅ ခု တို့သည် ၎င်းတို့၏ ထုတ်ကုန်များကို ရောင်းချရန် Shop.com.mm နှင့် Spree တို့ကဲ့သို့သော e-commerce platforms များကို အသုံးပြုခဲ့သည်။

သို့ရာတွင် မြန်မာနိုင်ငံရှိ consumer များသည် ရောင်းချသူနှင့် တိုက်ရိုက်တွေ့ဆုံပြီး မေးခွန်းများ မေးမြန်းကာ ဖြေကြားမှုများနှင့်ပတ်သက်ပြီး ချက်ချင်းသိရှိလိုကြသောကြောင့် facebook မှတဆင့် အရောင်းအတွက် မှာကြားမှုများကို ပိုမိုလက်ခံရရှိကြသည်။ အဆိုပါ customer service ကို စီစဉ်နိုင်ရန်မှာ ကြီးမားသော e-commerce platforms များအတွက် ခက်ခဲနိုင်သည်။ ထို့ပြင် consumer အများစုသည် facebook နှင့် ပိုမိုရင်းနှီးကျွမ်းဝင်မှုရှိကြပြီး အထူးသဖြင့် နည်းပညာဆိုင်ရာ ဗဟုသုတနည်းပါးပါက အပလီကေးရှင်းအသစ်ကို ပြောင်းလဲသုံးစွဲရန် ဝန်လေးကြသည်။

၆။ facebook ပေါ်တွင် လွန်စွာ မှီခိုခြင်းနှင့် ဒစ်ဂျစ်တယ်စာပေ အသိပညာနည်းပါးခြင်းတို့သည် မြန်မာနိုင်ငံအတွက် သီးသန့်စိန်ခေါ်မှုတစ်ရပ်ဖြစ်ပေါ်စေခြင်း

ဒစ်ဂျစ်တယ်နည်းပညာနှင့် လျင်မြန်စွာ ထိတွေ့စေမှုသည် ဒစ်ဂျစ်တယ်အသိပညာ ကောင်းစွာတိုးတက်စေနိုင်ရန်အတွက် ပြင်ဆင်မှုများပြုလုပ်ရန် အချိန်လုံလောက်စွာ မရခဲ့ပေ။ အစိုးရသည် ၂၀၁၅–၂၀၁၆ တွင် ဒစ်ဂျစ်တယ်စာပေဆိုင်ရာ သင်တန်းနှင့် မိတ်ဆက်ပေးနိုင်ရန်အတွက် ကြိုးပမ်းမှုများရှိခဲ့သော်လည်း ပုဂ္ဂလိကအဖွဲ့အစည်းများအနေဖြင့် ဒစ်ဂျစ်တယ်ကျွမ်းကျင်မှုနှင့်ပတ်သက်သော ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ သင်တန်းများကို လုံလောက်စွာ စီစဉ်ပေးမှုများ မရှိခဲ့ဘဲ အစိုးရပညာရေးစနစ်တွင်လည်း ထိုနည်းပညာနှင့်ပတ်သက်ပြီး ကောင်းစွာ ကျင့်သုံးမှု မရှိခဲ့ပေ။ အကျိုးဆက်အားဖြင့် အင်တာနက်အသုံးပြုသူများ၏ ၇၈ ရာခိုင်နှုန်းမှာ ဒစ်ဂျစ်တယ်စာပေအသိပညာနှင့် ပတ်သက်ပြီး အားနည်းခဲ့သည်။ ထို့ကြောင့် ၂၀၁၉ တွင် မျိုးနွယ်စုများနှင့် ဘာသာရေးအသိုက်အဝန်းများအကြား အကြမ်းဖက်မှုများ ဖြစ်ပေါ်စေရန်အတွက် facebook မှတဆင့် ရည်ရွယ်ချက်ဖြင့် ဖြန့်ဖြူးခဲ့သည့် သတင်းအချက်အလက်အမှားများနှင့်ပတ်သက်သော ပျံ့နှံ့မှုများရှိခဲ့ဖူးသည်။ ဒစ်ဂျစ်တယ်စာပေအဆင့် နိမ့်ပါးပါက အသိပညာမရှိသူများအား ကြိုးကိုင်ခြယ်လှယ်ရန်နှင့် လိမ်လည်နိုင်ရန်တို့အတွက် ပိုမိုလွယ်ကူသည်။

အသုံးပြုသူများအကြား လုံခြုံရေးနှင့်ပတ်သက်သော စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်လာပြီး mobile wallet များ လက်ခံကျင့်သုံးမှုအပေါ် ဆိုးရွားစွာ အကျိုးသက်ရောက်စေသော မိုဘိုင်း money services များမှတဆင့် ငွေလွှဲပြောင်းမှုတောင်းခံရန် facebook account အတုများကို အသုံးပြုသည့် လိမ်လည်မှုများသည် မကြာသေးမီနှစ်များက သိသာစွာ တိုးတက်ခဲ့သည်။

၇။ WSME လုပ်ငန်းရှင်များအားလုံးသည် မြန်မာနိုင်ငံ တွင် ပြောင်းလဲနေသောဖွံ့ဖြိုးတိုးတက်မှုများပေါ်တွင် မူတည်ပြီး လိုအပ်ချက်ဆိုင်ရာ အခြေခံတစ်ရပ်ပေါ်တွင် ဒစ်ဂျစ်တယ်နည်းပညာများကို လက်ခံကျင့်သုံးခြင်း

COVID-19 သည် အဆိုပါဒစ်ဂျစ်တယ်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအတွက် နောက်ဆုံးဖိအားဖြစ်ခဲ့သည်။ ပြောင်းလဲမှုအတွက် လိုက်လျောညီထွေဖြစ်စေရန် ဆောင်ရွက်နေသော်လည်း အနည်းစုတွင်သာ ရေရှည်ဖြစ်သော ဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာ အမြင်နှင့် မဟာဗျူဟာတစ်ရပ် ရှိနေသည်။

> Technology is a painkiller for businesses.
> Be confident in using it.
>
> (Participant IND-ME-01)

၈။ WSMEs များသည် ဒစ်ဂျစ်တယ် tools များကို လက်ခံကျင့်သုံးရာတွင် ယုံကြည်မှုရှိပြီး ကျားမ ကွဲပြားမှုကို ကန့်သတ်ချက်တစ်ရပ်အဖြစ် မမြင်ပေ။ အသက်အရွယ်၊ ဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာ ဗဟုသုတနှင့် အတွေ့အကြုံများကို ပဓါနမထားပဲ အမျိုးသမီးလုပ်ငန်းရှင် ၂၀ ဦးသည် အသစ်ဖြစ်သော ဒစ်ဂျစ်တယ် tools များအား လက်ခံကျင့်သုံးရန် အတွက် ၎င်းတို့၏ အရည်အသွေးများနှင့်ပတ်သက်ပြီး ယုံကြည်မှုရှိကြောင်း ပြသခဲ့ကြသည်။ မိမိကိုယ်ကို အားကိုးသော အမျိုးသမီးများသည် မည်သည့်အရာကိုမဆို သင်ယူနိုင်ကြောင်း နှင့် ပြုလုပ်နိုင်ကြောင်း ခိုင်မာသော ယုံကြည်ချက်ရှိကြသူများ ဖြစ်သည်။ စာရေးသူများသည် ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုမှုနှင့်ပတ်သက်ပြီး လက်ခံရန် ၎င်းတို့အတွက် ကျားမဆိုင်ရာ အတားအဆီးများရှိ/မရှိဆိုသည်ကို မေးမြန်းခဲ့ချိန်တွင် ၂၀ အနက် ၁၈ ဦးမှာ ကျားမ ကွဲပြားမှုကို ကန့်သတ်ချက်တစ်ရပ်အဖြစ် မမြင်ကြောင်း ဖြေကြားခဲ့သည်။



ပုံ ၃.၉– ဒစ်ဂျစ်တယ်နည်းပညာ လက်ခံကျင့်သုံးမှုနှင့်ပတ်သက်သော WSMEs များ၏ ယုံကြည်စိတ်ချရမှုအဆင့်

၉။ ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုမှုအတွက် ဘာသာစကား၊ အသိပညာ၊ ကျွမ်းကျင်မှုများနှင့် ရင်းမြစ်များကို အဓိက အတားအဆီးများအဖြစ် ဖော်ပြထားခြင်း

ဘာသာစကား၊ အသိပညာ၊ ကျွမ်းကျင်မှုနှင့် ရင်းမြစ်များသည် WSMEs များအကြား ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုမှုအတွက် အဓိကအတားအဆီးများဖြစ်သည်။ ပြည်တွင်းဘာသာစကားဖြင့် ဖော်ပြထားသည့် ဒစ်ဂျစ်တယ်နည်းပညာများနှင့် tools များနှင့်ပတ်သက်သော ကန့်သတ်ထားသည့် digital content များရှိသော်လည်း WSMEs အများအပြားသည် ယုံကြည်စိတ်ချရပြီး သင့်လျော်မှုရှိသော သတင်းအချက်အလက်များကို ရှာဖွေရန် ၎င်းကို စိန်ခေါ်မှုအဖြစ် ရင်ဆိုင်နေရသည်။ အများစုသည် သူငယ်ချင်းများ၊ မိသားစုများနှင့် facebook တို့ပေါ်တွင် မှီခိုနေကြသည်။ SME အတိုင်ပင်ခံများသည် ဘက်လိုက်မှုမရှိသော တတိယအဖွဲ့အစည်းနှင့်ပတ်သက်သည့် အမြင်များကျူ စီစဉ်ပေးသည်။

ဘာသာစကားဆိုင်ရာ အတားအဆီးများနှင့် အသိပညာဆိုင်ရာ ပြဿနာများသည် အချင်းချင်းချိတ်ဆက်မှုရှိကြသည်။ အင်္ဂလိပ်ဘာသာစကားကျွမ်းကျင်သော လုပ်ငန်းရှင်၉ဦးသည် ၎င်းတို့၏ လုပ်ငန်းများအတွက် သတင်းအချက်နှင့် ဗဟုသုတများ စုဆောင်းရန်နှင့် ကမ္ဘာတစ်ဝန်း ဖြစ်ပေါ်တိုးတက်နေမှုများကို လေ့လာရန်တို့အတွက် YouTube နှင့် LinkedIn ကဲ့သို့သော လူမှုမီဒီယာပလက်ဖောင်းများနှင့် Google ကဲ့သို့သော search engines များကို အသုံးပြုခဲ့သည်။

YouTube မှ Excel shortcuts နှင့် Photoshop ကဲ့သို့သော ကျွမ်းကျင်မှုများကို လျင်မြန်စွာ သင်ယူနိုင်သည်။ အသစ်ဖြစ်သော ဒစ်ဂျစ်တယ် tools များနှင့်ပတ်သက်သည့် ဗဟုသုတနှင့် ကျွမ်းကျင်မှုများရှိပါက WSMEs များသည် သတင်းအချက်အလက်များစွာ ရရှိနိုင်မည် ဖြစ်သည်။

အင်္ဂလိပ်ဘာသာစကား မကျွမ်းကျင်သူများတွင် ဆန့်ကျင်ဘက် ပြဿနာရှိသည်။ ၎င်းတို့သည် ပြည်တွင်းအကြောင်းအရာများကို မြန်မာဘာသာစကားဖြင့် ဖော်ပြထားသော ရင်းမြစ်များပေါ်တွင် မှီခိုသည်။

ပိုမိုတိုးတက်သော အဖွဲ့အစည်းအလိုက် ဖြစ်စဉ်များဖြစ်ပေါ်စေရန် အခြေခံဒစ်ဂျစ်တယ် tools များထက် ကျော်လွန်ပြီး အသုံးပြုမည်ဆိုပါက SEs နှင့် MEs နှစ်မျိုးလုံးအတွက် ကျွမ်းကျင်မှုများနှင့် ရင်းမြစ်များနှင့်ပတ်သက်သော ပံ့ပိုးမှုများ လိုအပ်သည်။



ပုံ ၃.၁၀- WSMEs များမှ ဒစ်ဂျစ်တယ်နည်းပညာရရှိရန်အတွက် အတားအဆီးများ

၁၀။ လျှပ်စစ်မီးရရှိမှုနှင့် အင်တာနက်ချိတ်ဆက်မှုဆိုင်ရာ လွှမ်းခြုံမှုမှာ စိန်ခေါ်မှုတစ်ရပ်ဖြစ်နေခြင်း

မြန်မာနိုင်ငံသည် အစိုးရလျှပ်စစ်ကြိုးဖြင့် ချိတ်ဆက်ထားသော အိမ်ထောင်စု ၅၀ ရာခိုင်နှုန်းသာလျှင်ရှိပြီး အရှေ့တောင်အာရှတွင် လျှပ်စစ်မီးရရှိမှုနှုန်း အနိမ့်ဆုံးနိုင်ငံ ဖြစ်သည်။ နိုင်ငံသည် ၂၀၃၀ တွင် ကျယ်ပြန့်သော လျှပ်စစ်မီးစနစ်ရရှိနိုင်ရန်အတွက် နောင်လာမည့် ၅ နှစ်မှ ၇ နှစ်အတွင်း လက်ရှိတပ်ဆင်ထားသော လျှပ်စစ်ဓါတ်အားလည်ပတ်မှုစွမ်းအားကို နှစ်ဆပိုမိုမြှင့်တင်ရန် လိုအပ်သည်။ အစိုးရသည် ထိုရည်မှန်းချက်အောင်မြင်စေရန် ၂၀၁၄ တွင် နိုင်ငံတော်လျှပ်စစ်မီးရရှိမှုဆိုင်ရာ အစီအစဉ်ကို လက်ခံကျင့်သုံးခဲ့သည်။ ဖန်ကြိုးမျှင်ဝိုင်ယာဖြင့် ချိတ်ဆက်မှုနှုန်းသည် အနည်းဆုံး ၄၄၀ ရာခိုင်နှုန်း တိုးတက်လာခဲ့သောကြောင့် Broadband access သည် ၂၀၁၀

တွင် ၁ ရာခိုင်နှုန်းမှ ၂၀၁၇ တွင် ၅၆ ရာခိုင်နှုန်းအထိ တိုးတက်ခဲ့သည်။ ၂၀၁၉ မှ ၂၀၂၀ အတွင်း အင်တာနက်အသုံးပြုသူများ၏ အရေအတွက်သည် ၁ သန်း(+၄.၈ ရာခိုင်နှုန်း)အထိ တိုးတက်ခဲ့သည်။

မြန်မာနိုင်ငံတွင် အင်တာနက်ထိုးဖောက်မှုနှုန်းသည် ၄၁ ရာခိုင်နှုန်းရှိပြီး ၎င်းသည် အရှေ့တောင်အာရှရှိ နိုင်ငံများမှ ဒေသများ၏ ပျှမ်းမျှအောက် ၂၅ ရာခိုင်နှုန်း လျော့နည်းသည်။ တိုးတက်မှုများရှိသော်လည်း 4G အင်တာနက်ဝန်ဆောင်မှုသည် မြို့ပြဒေသများတွင် နေထိုင်သော မြန်မာနိုင်ငံလူဦးရေ၏ ၂၀ ရာခိုင်နှုန်း အထိကိုသာလျှင် ကန့်သတ်ထားဆဲဖြစ်သည်။ မြန်မာနိုင်ငံသည် ကမ္ဘာ့စီးပွားရေးဆွေးနွေးမှုဆိုင်ရာ ကွန်ရက်နှင့်ပတ်သက်သော အဆင်သင့်ဖြစ်မှု ညွှန်းကိန်း(NRI)တွင် ၁၃၉ နိုင်ငံ အနက် ၁၃၃ အဆင့် တွင်ရှိပြီး NRI အရ လုပ်ငန်းများ၊ အစိုးရနှင့် တစ်ဦး ချင်းစီအသုံးပြုမှုများအရ အနိမ့်ဆုံးအဆင့်တွင် ရှိသည်။

အကျပ်အတည်းဆိုင်ရာ စီမံခန့်ခွဲမှု(COVID-19)
ကမ္ဘာ့ဘဏ်၏ မြန်မာနိုင်ငံစီးပွားရေးနှင့်ပတ်သက် သော စောင့်ကြည့်မှုဆိုင်ရာ အစီရင်ခံစာသည် FY 2019/20 အတွက် မြန်မာနိုင်ငံ၏ GDP ၆.၄ ရာခိုင်နှုန်းမှ ၀.၅ ရာခိုင်နှုန်းအထိ ကျဆင်းမှုနှင့် ပတ်သက်ပြီး ပြင်ဆင်ခဲ့သည်။ အစီရင်ခံစာသည် ခရီးသွားလာမှုဆိုင်ရာ ဝန်ဆောင်မှုများနှင့် ပို့ဆောင် ဆက်သွယ်ရေးလုပ်ငန်းများမှာ ရိုက်ခတ်ခံရမှု အများဆုံးဖြစ်သော်လည်း အခန်းကဏ္ဍများအားလုံး အနေဖြင့်လည်း ဆိုးရွားသော အကျိုးသက်ရောက်မှု များကို တွေ့ကြုံခဲ့ရကြောင်းဖော်ပြထားသည်။

ICT ကဏ္ဍသည် ဆက်သွယ်မှု နှင့် e-commerce များ နှင့်ပတ်သက်ပြီး တိုးတက်လျက်ရှိသည်။ WSME လုပ်ငန်းရှင်များအတွက် COVID-19 ၏ အကျိုး သက်ရောက်မှုများသည် လုပ်ငန်းအမျိုးအစားပေါ် မူတည်ပြီး ပြောင်းလဲမှုများရှိသည်။ ရောဝတီရှိ ရေခဲ စက်ငယ်ပိုင်ရှင်တစ်ဦးသည် ငါးတင်ပို့မှုနှင့်ပတ်သက် ပြီး ထိခိုက်နစ်နာမှုများရှိခဲ့သောကြောင့် အရောင်းတွင် ၇၅ ရာခိုင်နှုန်း ကျဆင်းမှုကို ခံစားခဲ့ရသည်။

မန္တလေးရှိ FMCG ဖြန့်ချီသူတစ်ဦးသည် သူမ၏ ထုတ်ကုန်များမှာ အခြေခံအိမ်ထောင်စုများအတွက် လိုအပ်ချက်များဖြစ်သောကြောင့် များစွာ အကျိုး သက်ရောက်မှုမခံခဲ့ရကြောင်း ပြောကြားခဲ့သည်။

ထုတ်လုပ်မှုကဏ္ဍမှ WSMEs များသည် ထိခိုက်မှုများ ရှိခဲ့ပြီး ရောင်းချရမှုနှုန်းများသည် ပထမလှိုင်းအပြီး မကြာမီအချိန်တွင် အကြို COVID အဆင့်သို့ ပြန်လည် ရောက်ရှိသွားခဲ့သည်။

အကောင်းဘက်မှ ကြည့်မည်ဆိုပါက COVID-19 ကြောင့် လုပ်ငန်းများသည် ထုတ်လုပ်မှုနှင့် ပူးပေါင်း ဆောင်ရွက်မှုတို့အတွက် ဒစ်ဂျစ်တယ်နည်းပညာ များကို လက်ခံကျင့်သုံးခဲ့သည်။ Telecom operator Telenor မှ Zoom အသုံးပြုမှုသည် မတ်လ ၁ ရက်မှ ဧပြီ ၁၉၊ ၂၀၂၀အကြား ၁၃၇၃ ရာခိုင်နှုန်းတိုးတက် ခဲ့ပြီး အင်တာနက်သုံးစွဲမှုသည် ၂၇ ရာခိုင်နှုန်းအထိ တိုးတက်ခဲ့သည်။ အရောင်းဆိုင်များရှိသော WSMEs များသည် facebook တွင် online shop များအဖြစ် အသွင်ကူးပြောင်းခဲ့ကြသည်။

ပညာရေးဆိုင်ရာ အဖွဲ့အစည်းများသည် စာသင်ခန်း တွင် လူကိုယ်တိုင်သင်ကြားမှုများအစား အွန်လိုင်းမှ တဆင့် သင်ကြားမှုများကို စီစဉ်ခဲ့သည်။ အလုံးစုံ ခြုံကြည့်ပါက ဒစ်ဂျစ်တယ်နည်းပညာကို အခြေခံသော လုပ်ငန်းများသည် အရောင်းနှင့် customer များ၏ ဝယ်လိုအားများ တိုးတက်ခဲ့သည်။ အင်တာဗျူးခဲ့ သော အမျိုးသမီးလုပ်ငန်းရှင်များသည် ထိုစိန်ခေါ်မှု အခြေအနေများကို ပခါနမထားပဲ ရပ်တည်နိုင်ရန် အတွက် စိတ်ပိုင်းဆိုင်ရာ ခံနိုင်ရည်ရှိမှု၊ ရင်းမြစ် ပြည့်စုံမှုနှင့် ရဲရင့်မှုများကို ပြသခဲ့ကြသည်။ အများစု သည် consumer များ၏ အမူအကျင့်များပြောင်းလဲမှု နှင့် လုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုတို့ပေါ်တွင် အခြေခံပြီး ထုတ်ကုန်အမျိုးအစားများကို ပြောင်းလဲထုတ်လုပ် ခဲ့ကြသည်။ ဥပမာ-သစ်စက်ပိုင်ရှင်များသည် ကော်ဖီ ဆိုင်များနှင့် စားသောက်ဆိုင်များအတွက် လက်ဆောင် များနှင့် မီးဖိုဆောင်သုံးပစ္စည်းများ ထုတ်လုပ်သော လုပ်ငန်းများကို ပြောင်းလဲလုပ်ကိုင်ခဲ့ကြသည်။ အမျိုးသမီးအဝတ်အထည်လုပ်ငန်း ပိုင်ရှင်တစ်ဦး သည် ကြိုးနှင့် PM 2.5 အစီခံပါသော ဖက်ရှင်ကျပြီး ပြန်လည်အသုံးပြုနိုင်သည့် နှာခေါင်းစည်းများကို လျင်မြန်စွာ ထုတ်လုပ်ခဲ့ပြီး သူမ၏ လုပ်ငန်းအား B2C မှ B2B သို့ ပြောင်းလဲခဲ့သည်။

မူလတန်းကျောင်း တည်ထောင်သူထားတစ်ဦးမှ သူမအနေဖြင့် ငိုခြင်လာပါက ငိုချလိုက်ပြီးနောက် တစ်ဖန်မျက်ရည်များကို ပြန်လည်သုတ်ပြီး အားတင်ကာ ပိုမိုကြိုးစားခဲ့ရကြောင်း ပြောကြား

ခဲ့သည်။ အခြားလုပ်ငန်းရှင်တစ်ဦးမှလည်း မိမိတို့
အမျိုးသမီးများသည် အမျိုးသားများထက် ပိုမိုသန်မာ
ကြကြောင်း၊ မိမိတို့သည် စိတ်ဖိစီးမှုများနှင့်
အခက်အခဲများကို ကောင်းစွာ သည်းခံနိုင်ကြ
ကြောင်းနှင့် မိမိတို့အားလုံးတွင် အရည်အသွေးများ
ကိုယ်စီရှိကြပြီး ထိုအရည်အသွေးများကို မိမိတို့
အကျိုးစီးပွားအတွက် အသုံးပြုရန် လိုအပ်ကြောင်း
ပြောကြားခဲ့သည်။

WSME Highlight 2: MYEO

Kye Mon Lwin, Founder of Organic Valley

ကုမ္ပဏီအကြောင်း
ကြည်မွန်သည် ပြည်တွင်းမှထွက်သော ဓါတုပစ္စည်းကင်းစင်သည့် ထုတ်ကုန်များကို ရောင်းချသည့် အွန်လိုင်းပလက်ဖောင်းတစ်ခုဖြစ်သော သဘာဝတောင်ကြားကို ၂၀၁၈ တွင် စတင်တည်ထောင်ခဲ့သည်။ ဓါတုပစ္စည်းကင်းစင်သော ထုတ်ကုန်များအတွက် ဈေးကွက်ဝယ်လိုအားကို ဖန်တီးပေးပြီး သင့်တင့်မျှတသော ဈေးနှုန်းများဖြင့် ရောင်းချခဲ့သည်။

သူမသည် ကျန်းမာရေးနှင့်ပိုမိုညီညွတ်သော အစားအစာများကို ရွေးချယ်စားသုံးရန်နှင့် ပလတ်စတစ်အမှိုက်များ လျော့နည်းစေရန်တို့နှင့်ပတ်သက်ပြီးလည်း consumer များကို ပညာပေးခဲ့သည်။ သဘာဝတောင်ကြားသည် ပလပ်စတစ်အမှိုက်များကို ၉၀ ရာခိုင်နှုန်းအထိ လျော့နည်းစေသော ထုပ်ပိုးမှုပုံစံအသစ်တစ်ရပ်ကို အသုံးပြုခဲ့သည်။

ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုမှုမတိုင်မီ
ပလက်ဖောင်းလုပ်ငန်းတစ်ရပ်တည်ထောင်ပြီး သူမသည် ရောင်းချသူများနှင့် consumers များနှစ်ဖက်လုံးနှင့်ပတ်သက်သော လုပ်ငန်းဆောင်ရွက်မှုများကို စောင့်ကြည့်ရန်နှင့် စီမံနိ့ခွဲရန်တို့အတွက် ဆောင်ရွက်ခဲ့သည်။ အစပိုင်းတွင် သူမသည် မြန်မာနိုင်ငံတွင် SMEs များအသုံးပြုသော စာရင်းကိုင်နည်းဖြစ်သည့် စာရင်းစာအုပ်တစ်အုပ်ဖြင့် သာလျှင် မှတ်တမ်းများကို ပြုလုပ်သည်။ လုပ်ငန်းတိုးတက်လာသည်နှင့်အမျှ အချိန်များစွာပေးရခြင်း၊ အလုပ်သမားများစွာ လိုအပ်လာခြင်းနှင့် ပင်ပန်းမှုများခံစားလာရခြင်းတို့ ဖြစ်ပေါ်လာခဲ့သည်။ သူမသည် လုပ်ငန်းနှင့်ပတ်သက်သော အရှုံး/အမြတ်ကို သိရှိနိုင်ရန်နှင့် မှာကြားမှုများကို ဖြည့်ဆည်းနိုင်ရန်တို့အတွက် ရုန်းကန်ခဲ့ရကြောင်း ပြောကြားခဲ့သည်။

ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုမှု
ထိုအခက်အခဲကို ကျော်လွှားရန် သူမသည် သူမ၏ လုပ်ငန်းအတွက် free cloud-based POS(Point Of Sales)software နှင့် cloud-based accounting software တို့ကို ရှာဖွေတွေ့ရှိခဲ့သည်။

အသစ်ဖြစ်သော tools များသည် ကောင်းမွန်သော ကုန်ပို့လွှာများနှင့် မှတ်တမ်းများဖြင့် သူမ၏ အရောင်းအဝယ်လုပ်ငန်းများကို တရားဝင်ဖြစ်စေရန်၊ အကြွေးပေးမှုများနှင့်ပတ်သက်ပြီး စောင့်ကြည့်ရန်၊ စာရင်းများကို ပိုမိုအကျိုးထိရောက်မှုရှိစွာ စီမံခန့်ခွဲရန်နှင့် မှာကြားမှုများအတွက် ဖြည့်ဆည်းချိန်များနှင့်ပတ်သက်ပြီး အရှိန်မြှင့်တင်ရန်တို့အတွက် ပိုမို

အဆင်ပြေလွယ်ကူစေခဲ့သည်။ ဒစ်ဂျစ်တယ်နည်းပညာများ၏ အကူအညီဖြင့် သဘာဝတောင်ကြားတွင် ထုတ်လုပ်မှုသည် နှစ်ဆထက်မက ပိုမိုတိုးတက်လာခဲ့သည်။

သဘာဝမြေဩဇာသုံး စိုက်ပျိုးရေးထုတ်ကုန်များနှင့် ဂေဟာစနစ်များနှင့်ပတ်သက်ပြီး အဆင်ပြေစေရန်အတွက် စီစဉ်ဆောင်ရွက်ထားသော လုပ်ငန်းကျင့်သုံးမှုနည်းလမ်းများကို လူများပိုမိုစိတ်ဝင်စားမှုရှိလာချိန်တွင် COVID-19 ရိုက်ခတ်မှုဒဏ်ကို ခံခဲ့ရသည်။ ဝယ်လိုအားရာခိုင်နှုန်း အများဆုံးဖြစ်သော ပုံမှန် customer များဖြစ်သည့် နိုင်ငံခြားသားများသည် ၎င်းတို့နိုင်ငံများသို့ ပြန်သွားကြရသည့်အတွက် ဝယ်လိုအားမှာ ထိုးကျသွားခဲ့သည်။ ဈေးကွက်ဝယ်လိုအားမှာ ရပ်တန့်နေသဖြင့် အခြားတစ်ဖက်တွင်လည်း သူမကို ပံ့ပိုးပေးနေသော လယ်သမားများသည် ၎င်းတို့၏ ထုတ်ကုန်များကို စွန့်ပစ်ရမှုများကြောင့် ထိခိုက်ဆုံးရှုံးမှုများနှင့် ရင်ဆိုင်နေရသည်။

သူမသည် စိုက်ပျိုးရေးထုတ်ကုန်များကို ယိုများ၊ သနပ်များနှင့် ခေါက်ဆွဲများကဲ့သို့သော ပိုမိုတာရှည်ခံသည့် တန်ဖိုးထပ်ပေါင်းထုတ်ကုန်များအဖြစ်သို့ ပြောင်းလဲထုတ်လုပ်သော နည်းလမ်းများကို ရှာဖွေတွေ့ရှိခဲ့သည်။ သူမ၏ ဝါသနာနှင့် ဇွဲတို့ကြောင့် ဒစ်ဂျစ်တယ်နည်းပညာသုံး ဈေးကွက်ရှာဖွေမှုမှတဆင့် ရည်ရွယ်သော customer များကို ဆွဲဆောင်နိုင်ရန်အတွက် သူမ၏ စွမ်းအင်များကို ရင်နှီးမြှုပ်နှံခဲ့သည်။

ယခုသဘာဝတောင်ကြားတွင် အသစ်ဖြစ်သော ထုတ်ကုန်အမျိုးအစားပေါင်း ၁၀၀ ကျော်ရှိသည်။ စိုက်ပျိုးရေးထုတ်ကုန်များ ရောင်းချသောဆိုင်များသည် ဈေးကွက်ပိတ်သိမ်းမှုများနှင့် customer အရေအတွက် နည်းပါးမှုများကြောင့် အရောင်းငွေများ လျော့နည်းသွားခြင်းနှင့် တွေ့ကြုံနေရချိန်တွင် သူမသည် ထုတ်ကုန်များအား အွန်လိုင်းမှ မှာကြားနိုင်ရန်နှင့် အိမ်တိုင်ရာရောက်ပို့ဆောင်ပေးသော ဝန်ဆောင်မှုများကို စီစဉ်ပေးခဲ့သည့်အတွက် သူမ၏ လုပ်ငန်းမှာ ကြိုးစားရပ်တည်နိုင်ခဲ့သည်။

နောက်ထပ်အဆင့်

COVID-19 ကြောင့် အွန်လိုင်းမှ မှာကြားမှုများနှင့် ငွေပေးချေမှုများနှင့်ပတ်သက်ပြီး တိုးတက်အဆင်ပြေစေရန်အတွက် e-commerce website အား အသုံးပြုရန် သူမကို တိုက်တွန်းခဲ့ကြသည်။ သူမသည် ၎င်းကိုဆောင်ရွက်ရန် လိုအပ်ကြောင်းသိသော်လည်း facebook မှတဆင့် ရောင်းချမှုသည် ကောင်းမွန်သည့်အတွက် အဆိုပါအကြံပြုကြသော နည်းလမ်းကို ဦးစားပေးအသုံးပြုရန်အတွက် အကြောင်းပြချက်နှင့် လုံလောက်သော အချိန်မရှိခဲ့ပေ။ ဒစ်ဂျစ်တယ် ငွေပေးချေမှုနည်းလမ်းများကို အသုံးပြုနိုင်ရန်အတွက် သူမ၏ ယခင်က အတွေ့အကြုံနှင့် IT ကျွမ်းကျင်မှုများကို အသုံးပြုပြီး နည်းလမ်းများကို ဖော်ထုတ်ကာ website တစ်ခုကို သူမဘာသာ တည်ဆောက်ခဲ့သည်။

WSMEs များအတွက် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ

အထက်ပါ WSME များ၏ အင်တာဗျူးများမှ ရှာဖွေတွေ့ရှိမှုများပေါ်တွင် အခြေခံပြီး သုတေသနအဖွဲ့သည် ၎င်းတို့၏ ဒစ်ဂျစ်တယ်နည်းပညာခရီးလမ်းတွင် WSMEs များမှ ရင်ဆိုင်နေရသော အထင်ရှားဆုံးစိန်ခေါ်မှု ၉ ခု နှင့်ပတ်သက်ပြီး အကျဉ်းချုပ်ဖော်ပြခဲ့ကာ ၎င်းတို့နှင့်ဆက်စပ်သော အခွင့်အလမ်းများကို ဖော်ထုတ်ပေးခဲ့သည်။

ငွေကြေးရရှိမှု	
စိန်ခေါ်မှုများ	အခွင့်အလမ်းများ
WSMEs များသည် ငွေပြတ်လပ်မှု(ရုတ်တရက် ဖြစ်ပေါ်လာတတ်သည့် အခက်အခဲများအတွက် တုန်လှုပ်မှုများနှင့်ပတ်သက်ပြီး ခံနိုင်ရည်ရှိစေရန် ငွေအနည်းငယ်ကို အရန်ထားရန်)ကို တစ်ခါတစ်ရံ ရင်ဆိုင်ကြရသောကြောင့် ငွေစီးဆင်းမှုကွာဟချက်ကို ဖြည့်ဆည်းနိုင်ရန်အတွက် လွယ်ကူလျင်မြန်သော ချေးငွေ ရရှိမှုနည်းလမ်းတစ်ရပ်ကို လိုအပ်သော်လည်း ရုံးစာလုပ်ငန်းများစွာ ဆောင်ရွက်ရန် မလိုအပ်သည့် ဒစ်ဂျစ်တယ်နည်းပညာဖြင့် စီစဉ်ထားသော လွယ်ကူလျင်မြန်စွာရရှိသည့် ချေးငွေ (အမေရိကန်ဒေါ်လာ၁၅၀၀-၁၅,၀၀၀)သည်လည်း ပြတ်လပ်မှုရှိတတ်သည်။	လျင်မြန်သော ဒစ်ဂျစ်တယ်နည်းပညာအပလီကေးရှင်းဖြစ်စဉ်ဖြင့် SMEs များအတွက် ရေတိုငွေစီးဆင်းမှုချေးငွေများ အလတ်စားနှင့်အကြီးစားလုပ်ငန်းများနှင့် SEs တို့အကြား ငွေကြေးဆိုင်ရာလိုအပ်ချက်များနှင့်ပတ်သက်ပြီး ခွဲခြားပေးသော ချေးငွေများဆိုင်ရာ ပြင်ဆင်ပြောင်းလဲမှုများ
ဘဏ်များသည် အမခံပစ္စည်းမရှိဘဲ ချေးငွေဆိုင်ရာ အာမခံမှုနှင့်ပတ်သက်သော စီမံချက်များနှင့်ပတ်သက်သော ချေးငွေများကို စီစဉ်ပေးသော်လည်း SMEs များသည် အမျိုးမျိုးသော အစိုးရအေဂျင်စီများရှိ ဖြစ်စဉ်များသည် ရှုတ်ထွေးပြီး အချိန်ကုန်သဖြင့် ကောင်းမွန်သော လိုင်စင်များ၊ စာရွက်စာတမ်းများ၊ လုပ်ငန်းအစီအစဉ်များ၊ အမြတ်နှင့်အရှုံးဖော်ပြသော ငွေစာရင်းရှင်းတမ်းများမရှိဘဲ တရားမဝင် လည်ပတ်နေသောကြောင့် အဆိုပါချေးငွေများကို မလျှောက်ထားနိုင်ပေ။	ဒစ်ဂျစ်တယ်နည်းပညာဖြင့် ဆောင်ရွက်သော မှတ်တမ်းများကို အသုံးပြုသည့် ချေးငွေဆိုင်ရာအကဲဖြတ်မှုဖြစ်စဉ်များ ၎င်းတို့၏ P&L ကို ခြေရာခံရန် ဒစ်ဂျစ်တယ်နည်းပညာများကို မည်သို့အသုံးပြုရကြောင်းနှင့် ထိုသို့ခြေရာခံခြင်းသည် ၎င်းတို့၏ ချေးငွေဆိုင်ရာယုံကြည်မှုအတွက် အဘယ်ကြောင့်အရေးကြီးကြောင်းနှင့်ပတ်သက်ပြီး SMEs များအတွက် ရည်ရွယ်သော ငွေကြေးအဖွဲ့အစည်းများမှ customer များနှင့်ပတ်သက်သော အသိပညာပေးလှုပ်ရှားမှုအစီအစဉ်များ စီစဉ်ဆောင်ရွက်ခြင်း
မြန်မာနိုင်ငံရှိ WSMEs များအနေဖြင့် လုပ်ငန်းအသစ်များနှင့်ပတ်သက်ပြီး မိတ်ဆက်ပေးနိုင်ရန်၊ ရေရှည်တည်တံ့နိုင်ရန် နှင့် တိုးချဲ့နိုင်ရန်တို့အတွက် ကိုယ်ပိုင်စုဆောင်းငွေများနှင့် ချေးငွေများကို အသုံးပြုခြင်းဖြင့် ဆောင်ရွက်နိုင်သော်လည်း မြန်မာနိုင်ငံရှိ SMEs များသည် ပိုမိုဖွံ့ဖြိုးသောနိုင်ငံများတွင် လွယ်ကူစွာ ရရှိနိုင်သော ငွေကြေးရရှိမှုဆိုင်ရာ ရွေးချယ်မှုများ(ဥပမာ-အွန်လိုင်းမှ ငွေချေးခြင်း၊ အများထံမှ ငွေချေးခြင်း၊ အစပျိုးလုပ်ငန်းများအတွက် ငွေချေးခြင်း, အဖွဲ့အစည်းများအတွက်ငွေချေးခြင်း, ရှယ်ယာပိုင်ဆိုင်မှုနှင့်ပတ်သက်သော ရင်းနှီးမြှုပ်နှံမှု စသည်) ပိုမိုလိုအပ်သည်။	လုပ်ငန်းရှင်များကို ပံ့ပိုးပေးသော ငွေကြေးဆိုင်ရာနှင့် စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ ဂေဟစနစ် အခြားငွေကြေးဆိုင်ရာရလာဒ်များနှင့် ဝန်ဆောင်မှုများ အမျိုးသမီးဦးဆောင်သော SMEs များအတွက် ကျားမဆိုင်ရာဦးတည်သော ထောက်ပံ့ကြေးများနှင့် ချေငွေများ SME ငွေချေးမှုဆိုင်ရာ platform

သင်ကြားပြသမှု၊ ကွန်ရက်ချိတ်ဆက်ဆောင်ရွက်မှုနှင့် ကျွမ်းကျင်မှုများ နှင့်ပတ်သက်သော အခွင့်အလမ်းများ ရရှိမှု	
စိန်ခေါ်မှုများ	အခွင့်အလမ်းများ
အမျိုးသမီးလုပ်ငန်းရှင်များသည် လုပ်ငန်းဆိုင်ရာ စိန်ခေါ်မှုများနှင့်ပတ်သက်ပြီး ဆွေးနွေးနိုင်ရန်အတွက် ၎င်းတို့အနေဖြင့် အထင်ကြီးပြီးယုံကြည်စိတ်ချရသော အကြံပေးများ လိုအပ်သည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် သင်တန်းမှတဆင့် ထိုကျွမ်းကျင်မှုများရရှိနိုင်ရန်အတွက် အချိန်မရှိခြင်းနှင့် စကားပြောဆိုမှုများမှတဆင့် လူတစ်ဦးဖြင့် ဆက်သွယ်ရသည်ကိုပိုမိုနှစ်သက်သောကြောင့်ဖြစ်သည်။ ယင်းနှင့်စပ်လျဉ်းပြီး ၎င်းတို့သည် တစ်ခါတစ်ရံတွင် သူစိမ်းများထက် ၎င်းတို့နှင့်ရင်းနှီးသောသူများနှင့် ပိုမိုဆက်ဆံလိုကြသည်။	အမျိုးသမီးလုပ်ငန်းရှင်များအနေဖြင့် အကြံပေးများဖြင့် အဓိပ္ပါယ်ရှိသော ဆက်ဆံရေးများတည်ဆောက်နိုင်ရန် သမားရိုးကျကွန်ရက်ချိတ်ဆက်ဆောင်ရွက်မှုနှင့် သမားရိုးကျမဟုတ်သော ကွန်ရက်ချိတ်ဆက်ဆောင်ရွက်မှုများဆိုင်ရာ အခွင့်အလမ်းများ
မြန်မာနိုင်ငံရှိ SME ဂေဟစနစ်သည် သင့်လျော်သော ဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာ မဟာဗျူဟာများကို လက်ခံကျင့်သုံးရန်နှင့် ယှဉ်ပြိုင်မှုရှိရန်တို့အတွက် လိုအပ်သော ဗဟုသုတများနှင့် ကျွမ်းကျင်မှုများရရှိရန် အမျိုးသမီးလုပ်ငန်းရှင်များအတွက် သင်ကြားပြသမှုအစီအစဉ်များ လိုအပ်သည်။ သို့ရာတွင် အမျိုးသမီးများသည် အမျိုးသားများထက် သမားရိုးကျမဟုတ်သော ကွန်ရက်ချိတ်ဆက်ဆောင်ရွက်မှုများ အတွက် အခွင့်အလမ်းပိုမိုနည်းပါးသည် (အထူးသဖြင့် ၎င်းတို့သည် ရှေးရိုးဆန်သောမိသားစုများ နှင့် မြို့ငယ်များမှဖြစ်ပါက)။ အမျိုးသမီးများအတွက် သမားရိုးကျသင်ကြားပြသမှုဆိုင်ရာ အစီအစဉ်များသည်လည်း ပရောဂျက်ကိုအခြေခံထားသောကြောင့် မကြာမီပြီးဆုံးမည် ဖြစ်သည်။။	သင်ကြားပြသသူများနှင့် သင်ကြားပြသမှုခံယူသူများနှစ်မျိုးလုံးအတွက် ရေရှည်တည်တံ့ပြီး အဆင်ပြေနိုင်မည့်သင်ကြားပြသမှုအစီအစဉ်များ တန်ဖိုးကွင်းဆက်နှင့်ပတ်သက်သောအခြေခံနည်းပညာဆိုင်ရာ သင်ကြားပြသမှုအစီအစဉ်များ

လုပ်ငန်းဖြစ်စဉ်များနှင့် စီမံခန့်ခွဲမှုများအတွက် ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုမှု	
စိန်ခေါ်မှုများ	အခွင့်အလမ်းများ
မှန်ကန်သော ဒစ်ဂျစ်တယ်tools များကို ရွေးချယ်ရန်အတွက် တစ်ခါတစ်ရံတွင် စိန်ခေါ်မှုများ ရှိတတ်သည်။ ဘာသာစကားကျွမ်းကျင်မှုနှင့် ဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာ ဗဟုသုတတို့ပေါ်တွင်မူတည်ပြီး အမျိုးသမီးလုပ်ငန်းရှင်များသည် ဆုံးဖြတ်ချက်များ ချမှတ်ရန်အတွက် လိုအပ်သော သတင်းအချက်အလက်များ ရရှိနိုင်ခြင်း သို့မဟုတ် မရရှိနိုင်ခြင်း တို့ဖြစ်စေသည်။ မြန်မာနိုင်ငံတွင် ၎င်းတို့၏ လုပ်ငန်းအရွယ်အစား၊ ဘတ်ဂျက်နှင့် သီးသန့်ဖြစ်သော အခြေအနေများအတွက် သင့်လျော်သော softwares များ၊ ပြည်တွင်းမှ ရောင်းချသူများနှင့် ဝန်ဆောင်မှုစီစဉ်ပေးသူများနှင့်ပတ်သက်ပြီး နှိုင်းယှဉ်နိုင်ရန်အတွက် ယုံကြည်စိတ်ချရပြီး ရှာဖွေရလွယ်ကူသော ရင်းမြစ်များမရှိပေ။	SMEs များနှင့် မြန်မာနိုင်ငံရှိ အခြေအနေများအတွက် သင့်လျော်သော ဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာ အဖြေရှာမှုများ အမျိုးသမီးလုပ်ငန်းရှင်များအနေဖြင့် သင့်လျော်သော ဒစ်ဂျစ်တယ် tools ရွေးချယ်နိုင်ရန်အတွက် ဆုံးဖြတ်ချက်များနှင့်ပတ်သက်ပြီး သတင်းပေးနိုင်သော ဗဟုသုတပလက်ဖောင်း
WSMEs အများအပြားသည် Facebook, Messenger, Viber, Zoom နှင့် Mobile banking ကဲ့သို့သော ယေဘူယျဖြစ်သည့် tools များကို ကျော်လွန်သော ဒစ်ဂျစ်တယ်နည်းပညာများ လက်ခံကျင့်သုံးမှုဆိုင်ရာ အကျိုးကျေးဇူးများနှင့်စိန်ခေါ်မှုများနှင့်ပတ်သက်ပြီး အသိပညာမရှိပေ။ ၎င်းတို့သည် customers များအတွက် ပိုမိုကောင်းမွန်စွာ ဆောင်ရွက်ပေးနိုင်ရန်၊ ဝင်ငွေ တိုးမြှင့်နိုင်ရန်နှင့် ထုတ်လုပ်မှု တိုးတက်နိုင်စေရန်တို့အတွက် ကူညီပေးမည်ဖြစ်သော ကာလတို၊ ကာလလတ်နှင့် ကာလရှည် ရည်မှန်းချက်များဖြင့် ပြည့်စုံသော ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုမှုဆိုင်ရာ မဟာဗျူဟာကို အမြင်ကျယ်မှုမရှိဘဲ ဆောင်ရွက်ရန် မဖြစ်နိုင်ပေ။	ဒစ်ဂျစ်တယ်နည်းပညာအသွင်ကူးပြောင်းရာတွင် မှတ်တမ်းများဖြင့် အရည်အသွေးပြည့်မီသော ပညာရှင်များမှ ဆွေးနွေးခြင်းနှင့် သင်တန်းအစီအစဉ်များ။ ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုမှုသက်တမ်းနှင့် ပတ်သက်သောအဆင့်များ၊ အကျိုးထိရောက်မှုရှိသော ဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာ မဟာဗျူဟာကို မည်သို့အစီအစဉ်ရေးဆွဲပုံနှင့် ထိုမဟာဗျူဟာအတွက် သင့်တော်သော ဒစ်ဂျစ်တယ် tools များဖြင့် မည်သို့ဆောင်ရွက်ပုံတို့နှင့်ပတ်သက်ပြီး အသိပညာပေးရန် အရေးကြီးသည်။
အမျိုးသမီးဦးဆောင်သော SMEs များသည် ယှဉ်ပြိုင်နိုင်ရန်အတွက် ထိုနည်းပညာကို လက်ခံကျင့်သုံးရန် လိုအပ်သော်လည်း သင့်တော်သော ဒစ်ဂျစ်တယ်အဖြေရှာမှုများကို ရှာဖွေရန်နှင့် အသစ်ဖြစ်သော ဒစ်ဂျစ်တယ်ကျွမ်းကျင်မှုများရရှိရန်တို့အတွက် အကြီးမားဆုံးအတားအဆီးမှာ ဘာသာစကားဖြစ်သည်။	ပြည်တွင်းဘာသာစကားများဖြင့် ဖော်ပြထားသော ဒစ်ဂျစ်တယ်ကျွမ်းကျင်မှုများနှင့် နည်းပညာများနှင့်ပတ်သက်သော ဒစ်ဂျစ်တယ်content များသည် WSMEs များအတွက် လွယ်ကူစွာ ရရှိနိုင်ခြင်း

အကျပ်အတည်းဆိုင်ရာ စီမံခန့်ခွဲမှု(COVID–19)	
စိန်ခေါ်မှုများ	အခွင့်အလမ်းများ
အမျိုးသမီးဦးဆောင်သော SMEs များသည် COVID-19 ၏ အကျိုးသက်ရောက် မှုများနှင့်ပတ်သက်ပြီး ယှဉ်ပြိုင်ရန် လုပ်ငန်းဆိုင်ရာ စဉ်ဆက်မပြတ်အစီအစဉ်များ လိုအပ်သည်။ လုပ်ငန်းရှင်အများအပြားသည် အဆိုပါတုန်လှုပ်မှုများကို ရင်ဆိုင်နိုင်ရန် ကြိုတင်ရရှိထားသော အတွေ့အကြုံများနှင့် လုံလောက်သော ဗဟုသုတ မရှိပေ။ သို့ရာတွင် အင်တာဗျူးထားသော လုပ်ငန်းရှင်များအားလုံးသည် ရပ်တည်ရန် ရေတိုပြုပြင်မှုများဖြင့် ၎င်းတို့၏ လုပ်ငန်းဆောင်ရွက် ချက်များကို လျင်မြန်စွာ ချိန်ညှိနိုင်ခဲ့သည်။	လုပ်ငန်းဆိုင်ရာ စဉ်ဆက်မပြတ်အစီအစဉ်များဖွံ့ဖြိုးတိုးတက်ရန်နှင့် အနာဂတ်တွင် သက်သေပြနိုင်ရန်တို့အတွက် သက်ဆိုင်ရာ နယ်ပယ်များတွင် မှတ်တမ်းများဖြင့် အရည်အသွေးပြည့်မီသော ပညာရှင်များမှ ဆွေးနွေးမှုနှင့် သင်ကြားမှုဆိုင်ရာ အခွင့်အလမ်းများ နေထိုင်မှုပုံစံအသစ်နှင့်ပတ်သက်ပြီး လိုက်လျောညီထွေဖြစ်စေရန် နှင့် မမျှော်လင့်ထားသော ဒစ်ဂျစ်တယ်နည်းပညာတော်လှန်ရေးခေတ်တွင် ရပ်တည်နိုင်ရန် အမျိုးသမီးပိုင် လုပ်ငန်းများအတွက် သင်ကြားမှုဆိုင်ရာ အခွင့်အလမ်းများမှာ အရေးကြီးသည်။

ဇယား ၃.၂– WSMEs များအတွက် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ

၃.၅။ WSMEs များအတွက် ဒစ်ဂျစ်တယ်အသွင်ပြောင်းမှု၏ အနာဂတ်

ပညာရှင်များဖြင့် အင်တာဗျူးများမှ ရှာဖွေတွေ့ရှိမှုများ

စာရေးသူများသည် မူဝါဒပြင်ဆင်မှုဆိုင်ရာ ဆောင်ရွက်သူ၊ အတွေ့အကြုံရှိသော SME အတိုင်ပင်ခံ၊ fintech လုပ်ငန်းရှင်၊ အကြီးတန်းအဆင့် ဘဏ်အမှုဆောင်၊ ဒစ်ဂျစ်တယ်နည်းပညာကျွမ်းကျင်သူတို့ တစ်ဦးချင်းစီဖြင့် အင်တာဗျူးခဲ့သည်။

WSMEs များဖြင့် ကျယ်ပြန့်သော အင်တာဗျူးများသည် ၎င်းတို့ နေ့စဉ်ရင်ဆိုင်နေရသော စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများနှင့်ပတ်သက်ပြီး ဖော်ထုတ်နိုင်ခဲ့သောကြောင့် ခေါင်းစဉ်အကြောင်းအရာနှင့် ပတ်သက်သော ကျွမ်းကျင်သူများသည် ထိုစိန်ခေါ်မှုများဖြစ်စေသည့် ကြီးမားသော ပြဿနာများကို နားလည်နိုင်ရန် စာရေးသူများအား ကူညီခဲ့သည်။

အောက်ပါအပိုင်းများသည် ကဏ္ဍ-၃ ရပ်ကို အဓိကထားသော မူဝါဒဆိုင်ရာ ပြဿနာများနှင့်ပတ်သက်ပြီး ပညာရှင်များမှ မျှဝေထားသော အမြင်များကို လွှမ်းခြုံထားသည်။ ငွေကြေးရရှိမှု၊ သင်ကြားပြသမှု/ ကွန်ရက်ချိတ်ဆက်မှု/ ကျွမ်းကျင်မှုများနှင့် လုပ်ငန်းဖြစ်စဉ်များ။

ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုမှုနှင့် SMEs များအတွက် မူဝါဒဆိုင်ရာ ပြဿနာများ

အာဆီယံတာဝန်များနှင့်ပတ်သက်ပြီး ဖြည့်ဆည်းရန်အတွက် ဥပဒေများ စစ်အုပ်ချုပ်မှုမှ အရပ်သားအစိုးရသို့ ကူးပြောင်းမှုကြောင့် မြန်မာနိုင်ငံသည် စီးပွားရေးဆိုင်ရာ မူဝါဒနှင့်ပတ်သက်သော ပြင်ဆင်မှုများတွင် သိသာထင်ရှားစွာ တိုးတက်ခဲ့သည်။ တည်ရှိနေသော ဥပဒေအများအပြားမှာ ဗြိတိသျှကိုလိုနီခေတ်သို့ နောက်ပြန်ဆွဲနေပြီး ခေတ်မမီတော့သောကြောင့် အစိုးရနှင့် ဥပဒေပြဋ္ဌာန်းသူများသည် ကမ္ဘာ့ပေါ်ရှိ နိုင်ငံများကို အမီလိုက်နိုင်ရန် ကြိုးစားနေရသည်။ အာဆီယံတာဝန်များနှင့်ပတ်သက်ပြီး ပြည့်မီနိုင်ရန်အတွက် ဖိအားသည် အချို့ဥပဒေများကို လျင်မြန်စွာ အတည်ပြုစေခဲ့သည်။

အရေးကြီးသော ပြဿနာများအတွက် ဥပဒေမူဘောင်မရှိခြင်းနှင့် ဒစ်ဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မဟာဗျူဟာ

ဒစ်ဂျစ်တယ် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ကော်မတီသည် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးမှ သဘာပတိဖြစ်ပြီး ဒုတိယသမ္မတဦးဟန်နရီဇာထီးယူမှ ပံ့ပိုးပေးသော DEDC ကို ၂၀၁၇ ခုနှစ်တွင် တည်ထောင်ခဲ့သည်။ ဒစ်ဂျစ်တယ်စီးပွားရေးဆိုင်ရာ မဟာဗျူဟာအရ ဦးစားပေးကဏ္ဍ ၉ ရပ်ရှိသည်။ (၁)ပညာရေး၊ (၂)ကျန်းမာရေးစောင့်ရှောက်မှု၊ (၃)စိုက်ပျိုးရေး၊ (၄) မွေးမြူရေးကဏ္ဍ၊ (၅)ခရီးသွားကဏ္ဍ၊ (၆)ထုတ်လုပ်မှုနှင့် SME ၊ (၇)ငွေကြေးဆိုင်ရာဝန်ဆောင်မှု၊ (၈)နည်းပညာကဏ္ဍနှင့် အစပျိုးဂေဟာစနစ်၊ (၉)ဒစ်ဂျစ်တယ်ကုန်သွယ်မှု၊ (၁၀)ပို့ဆောင်ဆက်သွယ်ရေးနှင့် ထောက်ပံ့ပို့ဆောင်ရေး

မဟာဗျူဟာသည် အကောင်အထည်ရှိသော တိုင်းတာနိုင်သည့် သမိုင်းမှတ်တိုင်များဖြင့် ရည်မှန်းချက်ကြီးမားသည်။ ၎င်းကို ဆောင်ရွက်ရာတွင် အရေးကြီးသော စိန်ခေါ်မှုမှာ အချက်အလက်လုံခြုံမှုနှင့် ကာကွယ်မှု၊ ဆိုက်ဘာလုံခြုံရေး၊ အွန်လိုင်း consumer ကာကွယ်မှု၊ အချက်အလက်ဆိုင်ရာ ပွင့်လင်းမှုနှင့် အချက်အလက်မျှဝေမှုကဲ့သို့သော အရေးကြီးသည့် ထိုအကြောင်းအရာများအတွက် ဥပဒေဆိုင်ရာ မူဘောင်မရှိခြင်း ဖြစ်သည်။ ကမ္ဘာ့တဝန်းဖြစ်ပေါ်နေသော ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုမှုမှာ မြန်မာနိုင်ငံတွင် အဆင်သင့်ဖြစ်ခြင်းရှိ/မရှိဆိုသည်ကြောင့် အစိုးရတွင် ခိုင်မာသော ဥပဒေဆိုင်ရာ မူဘောင်များကို လျင်မြန်စွာ တည်ဆောက်နိုင်ရန်အတွက် ကြီးမားသည့် စိန်ခေါ်မှုတစ်ရပ်ရှိသည်။

အလှူရှင်ဦးဆောင်သော ဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာ ကြိုးပမ်းမှုများအကြား ကန့်သတ်ထားသော ညှိနှိုင်းဆောင်ရွက်မှု၊ ပွင့်လင်းမြင်သာမှုနှင့် အချိန်တိုတိုဖြင့် အကျိုးထိရောက်မှုရှိခြင်းတို့နှင့်ပတ်သက်ပြီး တိုးတက်စေရန် အစိုးရသည် ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုမှုကို တာဝန်ယူဆောင်ရွက်ခဲ့ပြီး အမျိုးမျိုးသော အလှူရှင်အေဂျင်စီများမှ မတည်ထားသော e-government ၏ ကနဦးဆောင်ရွက်ချက်များကို ဆောင်ရွက်ခဲ့သည်။

ဥပမာ–ကုမ္ပဏီများအတွက် အွန်လိုင်းမှတ်ပုံတင်ခြင်း (ADB–ဆင်းရဲမွဲတေမှုလျှော့ချရန်အတွက် ဂျပန်နိုင်ငံမှ ရန်ပုံငွေ)၊ SMEs များအတွက် အွန်လိုင်းမှတ်ပုံတင်မှု (ဆင်းရဲမွဲတေမှုလျှော့ချရန်အတွက် ဂျပန်နိုင်ငံမှ ရန်ပုံငွေ)၊ နိုင်ငံတော်ကုန်သွယ်မှုဝင်ပေါက်(USAID)၊ မြန်မာနိုင်ငံ၏ စီမံကိန်းဘဏ် (စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဂျာမန်ဖက်ဒရယ်ဝန်ကြီးဌာန BMZ)နှင့် အချက်အလက်ဌာနများ ပေါင်းစည်းထားသော e-government (ကိုရီးယားသမ္မတနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုရန်ပုံငွေ EDCF)။

ပြင်ပဖြစ်စဉ်များကို အွန်လိုင်းဖြစ်စဉ်များသို့ ပြောင်းလဲခြင်းနှင့်ပတ်သက်သော တိုးတက်မှုများကြောင့် အလှူရှင်များအကြား ပိုမိုကောင်းမွန်စွာ ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် အလှူရှင်များနှင့် အစိုးရအကြား ဆောင်ရွက်ခြင်းတို့မှာ အနာဂတ်စနစ်ပေါင်းစည်းမှု၊ အမျိုးမျိုးသော ဝန်ကြီးဌာနများတလျှောက် အချက်အလက်မျှဝေမှုနှင့် ဖြစ်စဉ်များအတွက် လိုအပ်သည်။

SMEs များကို ကူညီရန် အစိုးရ၏ ကတိပြုမှု နောက်တွင် တစ်ခါတစ်ရံ နောက်ကျကျန်နေသော ဘတ်ဂျက်ခွဲဝေမှု

မူဝါဒဆိုင်ရာ ပညာရှင်သည် အဆိုပါကြေငြာထားသော ကတိပြုမှုများနှင့်ပတ်သက်ပြီး အဓိပ္ပါယ်ရှိသော ဆောင်ရွက်မှုများ ဆောင်ရွက်နိုင်ရန် သင့်တော်သည့် ဘတ်ဂျက်ခွဲဝေမှုများနှင့်ပတ်သက်ပြီး တစ်ခါတစ်ရံ နောက်ကျကျန်နေကြောင်း သတိပြုမိခဲ့သည်။

အစိုးရဝန်ကြီးဌာနများအကြား အေဂျင်စီမျိုးစုံနှင့် ပတ်သက်သော မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများသည် SMEs များအား တိုးမြှင့်ပေးရန် ပူးပေါင်းထားမှု မရှိပေ။

SME အေဂျင်စီသည် SMES များနှင့်ပတ်သက်ပြီး မြှင့်တင်မှုများဆောင်ရွက်နေသော်လည်း ကွဲပြားသော ဝန်ကြီးဌာနများအကြားရှိ SMEs များ၊ အေဂျင်စီမျိုးစုံဆိုင်ရာ မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများနှင့်ပတ်သက်ပြီး ညှိနှိုင်းဆောင်ရွက်သင့်သည်။ ထိုသို့ညှိနှိုင်းဆောင်ရွက်ခြင်းမပြုပါက အေဂျင်စီ၏ ကြိုးပမ်းမှုများမှာ အချည်းနှီး ဖြစ်မည် ဖြစ်သည်။ SMEs များအနေဖြင့် ပါဝင်ဆောင်ရွက်ရန်အတွက် ကုန်သွယ်ရေးမူဝါဒများမှာ သင့်လျော်မှုရှိပါသလား၊ ဗဟိုဘဏ်၏ စည်းမျဉ်းများသည် SMES များ၏ လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားပေးပါသလား၊ အခွန်စနစ်သည် SMEs များ၏ တိုးတက်မှုနှင့် ပတ်သက်ပြီး ပံ့ပိုးပေးပါသလား၊ သွင်းကုန်ဆိုင်ရာ မူဝါဒသည် SMEs များအား နည်းပညာနှင့် တိုးတက်သော စက်ပစ္စည်းများကို လွယ်ကူစွာ ရရှိအသုံးပြုရန် နိုင်စေပါသလားဆိုသည့် မေးခွန်းများကို မေးရမည်ဖြစ်သည်။

အငယ်စားနှင့် အလတ်စားလုပ်ငန်းများအကြား ခွဲခြားထားမှုမရှိခြင်း

၂၀၁၅ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုဥပဒေအရ SEs နှင့် Mes များ၏ လက္ခဏာရပ်များနှင့်ပတ်သက်ပြီး ရှင်းလင်းစွာ အနက်ဖွင့်ဆို ခွဲခြားပြထားသည်(နောက်ဆက်တွဲ–ဃ တွင် ကြည့်ပါ)။ ၎င်းတို့၏ အရွယ်အစား၊ လိုအပ်ချက်များနှင့် လုပ်ငန်းဆောင်ရွက်မှု သဘောသဘာဝတို့အရ ခွဲခြားနိုင်ရန် ဆောင်ရွက်ခဲ့သည်။

ဥပမာ–အသေးစားနှင့် အငယ်စားလုပ်ငန်းများအတွက် အစိုးရမှ စပွန်ဆာပေးသော ပြိုင်ပွဲတစ်ရပ်ကို လူသိများသော လုပ်ငန်းကြီးတစ်ခုမှ ယှဉ်ပြိုင်ခဲ့ပြီး ဆုရရှိခဲ့သည်။ အဆိုပါခွဲခြားထားမှု မရှိခြင်းသည် ဈေးကွက်များနှင့်ပတ်သက်ပြီး ကန့်သတ်ထားသော SEs များအတွက် သင့်လျော်မှု မရှိနိုင်ပေ။ အဆင့်မြင့်စက်များဝယ်ယူရန်အတွက်သာလျှင် ချေးငွေများကို အသုံးပြုရန် ကန့်သတ်ထားသော ချေးငွေဆိုင်ရာ စည်းကမ်းချက်များတွင်လည်း အဆိုပါခွဲခြားထားခြင်း မရှိမှုနှင့်ပတ်သက်ပြီး ရှာဖွေတွေ့ရှိနိုင်သည်။

ငွေကြေးရရှိမှု

ယုံကြည်စိတ်ချရသော ချေးငွေဆိုင်ရာ ရမှတ်များ မရှိခြင်းသည် ဘဏ်များအနေဖြင့် စုံစမ်းစစ်ဆေးမှုများနှင့်ပတ်သက်ပြီး ဆောင်ရွက်ရန်အတွက် ခက်ခဲစေနိုင်သည်။

SMEs များသည် ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်မှုများအတွက် ငွေကြေးမတည်နိုင်ရန် ချေးငွေလိုအပ်ကြသောကြောင့် ဘဏ်များသည် အမြတ်ရရှိရန် ငွေချေးကြသည်။ ငွေကြေးရရှိမှုသည် WSMEs များအတွက် အဘယ်ကြောင့် စိန်ခေါ်မှုအများဆုံးပြဿနာ ဖြစ်သနည်း။ တည်ထောင်စ မြန်မာနိုင်ငံချေးငွေ

ဆိုင်ရာ အဖွဲ့အစည်းသည် ယုံကြည်စိတ်ချရသော ချေးငွေဆိုင်ရာ အချက်အလက်များ စီစဉ်ပေးနိုင်ရန် အဆင်သင့်မဖြစ်သေးသောကြောင့် မြန်မာနိုင်ငံ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများသည် ငွေချေးသူများနှင့်ပတ်သက်သော ယုံကြည်စိတ်ချရမှုအတွက် ဆုံးဖြတ်ပေးနိုင်ရန် ယုံကြည်စိတ်ချရသည့် ချေးငွေဆိုင်ရာ ရမှတ်များနှင့်ပတ်သက်သော အချက်အလက်များ မရှိကြပေ။

ထို့ကြောင့် ဘဏ်များသည် ချေးငွေအတည်ပြုမှုဖြစ်စဉ်အတွက် စုံစမ်းစစ်ဆေးမှုများကို ဆောင်ရွက်နိုင်ရန် SMEs များထံမှ လုပ်ငန်းဆောင်ရွက်မှုများနှင့် ပတ်သက်သော တရားဝင် မှတ်တမ်းတင်ထားမှုများ၊ လုပ်ငန်းလိုင်စင်များ၊ အခွန်လက်ခံရရှိကြောင်း ပြေစာများနှင့် ငွေစာရင်းရှင်းတမ်းများ လိုအပ်သည်။ အခြားတစ်ဘက်တွင်လည်း အငယ်စားလုပ်ငန်း အများစုသည် မှတ်တမ်းကောင်းစွာထားရှိခြင်း၊ တရားဝင်မှတ်တမ်းတင်ထားခြင်းနှင့် ဘဏ်ချေးငွေလျှောက်ထားနိုင်သော အာမခံပစ္စည်း ပိုင်ဆိုင်ခြင်းတို့ မရှိပေ။

ချေးငွေရရှိနိုင်ရန် အလတ်စားနှင့် အကြီးစားလုပ်ငန်းများအတွက် ဘဏ်၏ ဦးစားပေးမှု အထက်ပါ အကြောင်းပြချက်များကြောင့် အသေးစားချေးငွေများအတွက် ချေးငွေဖြစ်စဉ်သည် အချိန်အလွန်ပေးရပြီး အလုပ်ရှုပ်သောကြောင့် ဘဏ်များသည် အလတ်စားနှင့် အကြီးစားလုပ်ငန်းများဖြင့် ပိုမိုအလုပ်လုပ်လိုကြသည်။

လုံခြုံစိတ်ချရမှုမရှိသော ချေးငွေများ စီစဉ်ပေးနိုင်ရန် ဘဏ်များနှင့် အသေးစားငွေကြေး အဖွဲ့အစည်းများအတွက် ချေးငွေဆိုင်ရာ အာမခံ စီမံချက်များ လိုအပ်ခြင်း

အဆိုပါစီမံချက်များသည် SMEs များအနေဖြင့် ဘဏ်များမှ အာမခံပစ္စည်းမဲ့ချေးငွေရရှိနိုင်ရန် ကူညီပေးနိုင်သည်။ အဆိုပါစီမံချက်များကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးခြင်းသည် SMES များအတွက် ငွေကြေးရရှိမှု တိုးတက်စေရန် ကူညီနိုင်လိမ့်မည် ဖြစ်သည်။

ဘဏ်များသည် အသစ်ဖြစ်သော ဒစ်ဂျစ်တယ် ချေးငွေဆိုင်ရာ ဝန်ဆောင်မှုများ စီစဉ်ပေးခြင်းဖြင့် စမ်းသပ်လေ့လာနေသည်။

ပြည်တွင်းဘဏ်များသည် ဈေးကွက်အခွင့်အလမ်းများနှင့်ပတ်သက်ပြီး စမ်းသပ်ရန်နှင့် အသုံးပြုသူများ၏ ဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာ ကျင့်သုံးမှုများကို လေ့လာရန် အသစ်ဖြစ်သော ဒစ်ဂျစ်တယ်ချေးငွေဆိုင်ရာ ဝန်ဆောင်မှုများကို မိတ်ဆက်ပေးခဲ့သည်။ KBZ ဘဏ်သည် ၎င်းတို့၏ mobile wallet နှင့် KBZ Pay များမှတဆင့် digital credit နှင့်ပတ်သက်ပြီး စီစဉ်ပေးထားကာ Yoma ဘဏ်သည် အွန်လိုင်း အပလီကေးရှင်းဖြစ်စဉ်မှတဆင့် smart credit နှင့် ပတ်သက်ပြီး စီစဉ်ပေးထားသည်။

အွန်လိုင်းလိမ်လည်မှုများသည် ဒစ်ဂျစ်တယ် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုစီစဉ်ပေးသူများနှင့် ပတ်သက်သော ယုံကြည်မှုကို လျော့နည်းစေခြင်း
မြန်မာနိုင်ငံတွင် အွန်လိုင်းလိမ်လည်မှုများ တိုးတက်လာခြင်းသည် လုံလောက်သော ဒစ်ဂျစ်တယ်စာပေနှင့် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဗဟုသုတ မရှိသောကြောင့် ဖြစ်သည်။

ဆိုက်ဘာပြစ်မှုများနှင့်ပတ်သက်ပြီး စည်းကမ်းထိန်းသိမ်းရန်၊ စောင့်ကြည့်ရန်နှင့် ပြစ်ဒဏ်ပေးရန်တို့အတွက် အစိုးရ၏ စွမ်းဆောင်ရည်သည် နောက်ကျကျန်နေသည်။ အသုံးပြုသူများသည် ဒစ်ဂျစ်တယ်ငွေကြေးဝန်ဆောင်မှုစီစဉ်ပေးသူများအပေါ် ယုံကြည်မှုနှင့်ပတ်သက်ပြီး သတိရှိလာကြသည်။

သင်ကြားပြသမှု၊ ကွန်ရက်ချိတ်ဆက်မှုနှင့် ကျွမ်းကျင်မှုများနှင့်ပတ်သက်သော အခွင့်အလမ်းများ ရရှိမှု ၂၀၂၀ တွင် SMEs များအတွက် အလှူရှင်များမှ မ,တည်ပေးသော ဒစ်ဂျစ်တယ်ကျွမ်းကျင်မှုသင်တန်း အရေအတွက်တိုးတက်လာခြင်း
၂၀၂၀ တွင် SMEs များအတွက် အလှူရှင်များမှ မ,တည်ထားသော ဒစ်ဂျစ်တယ်ကျွမ်းကျင်မှု သင်တန်းအရေအတွက် တိုးတက်လာသည်။ လောလောဆယ်အဖြစ်ဆုံး၂ခုမှာ-(၁) Friedrich Naumann Stifung မှမတည်ပြီး SME ဖွံ့ဖြိုးတိုးတက်မှုဌာနဖြင့် ပူးပေါင်းဆောင်ရွက်မှုတွင် Impact Hub Yangon မှ ဆောင်ရွက်ထားသော MSMEs များအတွက် ဒစ်ဂျစ်တယ်အဆင်သင့်ဖြစ်မှုအစီအစဉ်။ အီးမေးလ်နှင့် ဝက်ဘ်ဆိုဒ်အသုံးပြုမှုဆိုင်ရာ သင်တန်း၊ cloud services, digital analytic tools ၊ ဒစ်ဂျစ်တယ်အရောင်း၊ ဈေးကွက်ရှာဖွေမှုနှင့် ဒစ်ဂျစ်တယ်ငွေပေးချေမှုစနစ်ဆိုင်ရာ သင်တန်း

များနှင့်ပတ်သက်ပြီး စီစဉ်ဆောင်ရွက်နိုင်ရန် ၂၀၂၀ စက်တင်ဘာတွင် မိတ်ဆက်ပေးခဲ့သည်။ ဒစ်ဂျစ်တယ် နည်းပညာဆိုင်ရာ အာဆီယမ်၏ ကနဦးဆောင်ရွက်ချက်များနှင့်ပတ်သက်ပြီး ၂၀၂၀ စက်တင်ဘာတွင် မြန်မာနိုင်ငံ၌ မိတ်ဆက်ပေးခဲ့ပြီး အာဆီယမ်နိုင်ငံ ၁၀ နိုင်ငံ၏ Google.org မှ ပံ့ပိုးပေးထားသည်။

ကနဦးဆောင်ရွက်ချက်များသည် အလုပ်အကိုင်ရှာဖွေနေကြသော လူငယ် ၈,၀၀၀ နှင့် အငယ်စားနှင့် အသေးစားလုပ်ငန်းများအတွက် အွန်လိုင်းဆိုင်ရာ လုံခြုံမှုအသိပညာကို ပျိုးထောင်ပေးရန်နှင့် ဒစ်ဂျစ်တယ်စာပေတိုးတက်စေရန်တို့အတွက် သင်တန်းများနှင့် tools များမှတဆင့် စီးပွားရေး အခွင့်အလမ်းများကို ချဲ့ထွင်ပေးခြင်းဖြင့် COVID-19 ၏ ဆိုးရွားသော အကျိုးသက်ရောက်မှုများကို လျော့နည်းစေရန် ရည်ရွယ်သည်။

လုပ်ငန်းဖြစ်စဉ်များနှင့် စီမံခန့်ခွဲမှု ပြည့်စုံမှု မရှိသော အချက်အလက်များနှင့် တရားဝင် မှတ်တမ်းတင်မှုများ မရှိခြင်း

ပညာရှင်များဖြင့် အလုပ်လုပ်သော SMEs ၆၀ အနက် ၂၀ ရာခိုင်နှုန်းသာလျှင် လိုအပ်သော အချက်အလက်နှင့် မှတ်တမ်းတင်မှုများကို အဆင်သင့် စီစဉ်ခဲ့နိုင်ပြီး ၄၄၀ ရာခိုင်နှုန်းသည် အစပိုင်းတွင် ၎င်းတို့နှင့် ပတ်သက်သော အဆင်သင့်စီစဉ်ထားမှုများ မရှိခဲ့သော်လည်း လိုအပ်သော စာရွက်စာတမ်းများကို စုဆောင်းရန်အတွက် ပူးပေါင်းဆောင်ရွက်ရန် လိုလားခဲ့သည်။ SMEs များ၏ ကျန်၄၀ရာခိုင်နှုန်းသည် ပြည့်စုံသော အချက်အလက်နှင့် မှတ်တမ်းတင်မှုများနှင့်ပတ်သက်ပြီး မစီစဉ်နိုင်ခဲ့ပေ။ SME အတိုင်ပင်ခံ၏ ပြောကြားမှု အရ SMEs အများအပြားသည် ကြီးမားသော လုပ်ငန်းဆောင်ရွက်မှုများတွင်ပင် မှတ်တမ်းတင်မှု များကို မပြုလုပ်လိုကြကြောင်း သိရှိရသည်။ မိုဘိုင်းအပလီကေးရှင်းမှတဆင့် active customer ၅,၀၀၀ ကျော်အား ကိုယ်ပိုင်နှင့် SME ဒစ်ဂျစ်တယ် ချေးငွေများစီစဉ်ပေးခဲ့သော Fintech လုပ်ငန်းရှင် တစ်ဦးသည် သူမ၏ customer အများအပြားသည် ချေးငွေများလျှောက်ထားရန် အတွက် မိုဘိုင်းအပလီ ကေးရှင်းအသုံးပြုရန် ကန့်သတ်ထားသော ဒစ်ဂျစ် တယ်အသိပညာဗဟုသုတများကြောင့် အစပိုင်းတွင်အပြင်းအထန်ကြိုးပမ်းမှုများ ပြုလုပ်ခဲ့ရကြောင်းဖော်ပြထားသည်။

အချို့ customer များသည် Google Playstore သို့မဟုတ် အခြားဈေးကွက်များနှင့်ပတ်သက်သော အပလီကေးရှင်းများကို မည်သို့ရှာဖွေပြီး download လုပ်ရမည်ကိုပင် မသိရှိကြပေ။ facebook page တွင် How-to videos များ အဆင်သင့်ရရှိနိုင်သော်လည်း customer များအတွက် အဆင့်လိုက် လမ်းညွှန်ချက်များ စီစဉ်ပေးရန် လိုအပ်သည်။

Customer များအနေဖြင့် အစပိုင်းတွင် ဒစ်ဂျစ်တယ် ချေးငွေဆိုင်ရာ အပလီကေးရှင်းဖြစ်စဉ်များနှင့်ပတ်သက်ပြီး ရင်းနှီးကျွမ်းဝင်မှုမရှိကြသော်လည်း ချေးငွေအပလီကေးရှင်းဖြစ်စဉ်မှာ မြန်ဆန်ပြီး ပေးငွေကို ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုကာ ပေးချေနိုင်ကာ ၎င်းတို့၏ ချေးငွေပြန်ဆပ်မှုပေါ်တွင် အခြေခံပြီး ချေးငွေပမာဏတိုးတက်ရရှိနိုင်သောကြောင့် ၇၀ ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်းသည် ထပ်တလဲလဲအသုံးပြုသော customer များ ဖြစ်လာကြသည်။

တရားဝင်ဖြစ်မှုနှင့်ပတ်သက်သော အခွင့်အလမ်းများ ဆိုင်ရာ အသိပညာ

SMEs များ၏ ရာခိုင်နှုန်းအနည်းငယ်သာလျှင် လိုင်စင်ရှိခြင်းနှင့် ကောင်းစွာ မှတ်တမ်းတင်ထားခြင်းတို့ဖြင့် ၎င်းတို့၏ လုပ်ငန်းများကို တရားဝင်ဖြစ်စေရန်အတွက် ဆောင်ရွက်ထားခြင်းသည် ထောက်ပံ့ကြေးများနှင့် ချေးငွေများအတွက် လျှောက်ထားရန်အခွင့်အလမ်းများကို ယူဆောင်ပေးနိုင်သည်။ SMEs အများစု အထူးသဖြင့် မြို့ပြမဟုတ်သောဒေသများမှ SMEs များသည် ၎င်းတို့လုပ်ငန်းများ တရားဝင်ဖြစ်စေရန် အတွက် ဆောင်ရွက်ရမည့် ဖြစ်စဉ်များမှာ ရှုတ်ထွေးပြီး မလိုအပ်ဟုထင်သောကြောင့် ထိုသို့ဆောင်ရွက်ရန် တွန့်ဆုတ်ကြသည်။

မြို့ပြနှင့် ကျေးလက်ဒေသများရှိ SMEs များအကြား စွမ်းဆောင်ရည်ကွာဟမှု

Fintech လုပ်ငန်းရှင်တစ်ဦးသည် သူမအလုပ်လုပ်ခဲ့သော မြို့ပြနှင့် ကျေးလက်ဒေသများရှိ SMEs များအကြားသိသာထင်ရှားသော စွမ်းဆောင်ရည် ကွာဟမှုတစ်ရပ်ရှိနေကြောင်း သတိပြုမိခဲ့သည်။

မြို့ပြ SMEs များသည် ပိုမိုကွန်ရက်ချိတ်ဆက်နိုင်ပြီး စွမ်းဆောင်နိုင်သော အလုပ်သမားများ ပိုမိုရရှိထားသောကြောင့် ကျေးလက်ဒေသရှိ လုပ်ငန်းများမှာ

လုပ်ငန်းဖြစ်စဉ်ဆိုင်ရာ စီမံခန့်ခွဲမှု၊ လူသားရင်းမြစ်ဆိုင်ရာ စွမ်းဆောင်ရည်၊ နည်းပညာနှင့် ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုမှုတို့တွင် စွမ်းဆောင်ရည် ပိုမိုနည်းပါးဖွယ်ရှိသည်။

အကြံပေးဆွေးနွေးပွဲ အကြံပေးဆွေးနွေးပွဲပုံစံ

၂ နာရီကြာ virtual အကြံပေးဆွေးနွေးပွဲသည် WSMEs များမှ ရင်ဆိုင်နေရသော စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများနှင့်ပတ်သက်ပြီး ဦးစားပေးဆောင်ရွက်နိုင်ရန် စီစဉ်ထားပြီး ကန့်သတ်ချိန်အတွင်း အဖြေရှာမှုများကို တတ်နိုင်သမျှအများဆုံးဖြစ်စေရန် ရှာဖွေပေးထားသည်။

ဆွေးနွေးသူများသည် ပြဿနာများနှင့်ပတ်သက်ပြီး အချိန်ကုန်နေမည့်အစား ပြဿနာများ၏ ရင်းမြစ်အကြောင်းရင်းများကို ဆွေးနွေးကာ ၎င်းတို့ကို ပြုပြင်ရန်အတွက် တတ်နိုင်သော နည်းလမ်းများကို ရှာဖွေရန် အလေးပေးပြောကြားခဲ့သည်။ စာရေးသူများသည် အင်တာဗျူးများမှ ရှာဖွေတွေ့ရှိထားသော ပြဿနာများနှင့်ပတ်သက်ပြီး အကျဉ်းချုပ်တင်ပြပြီးနောက် (အသေးစိတ်ကို စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများနှင့်ပတ်သက်သော အပိုင်းတွင်ကြည့်ပါ)ဆွေးနွေးသူများသည် မိမိတို့အနေဖြင့် ထိုပြဿနာများနှင့်ပတ်သက်ပြီး မည်သို့ ဖြေရှင်းနိုင်ပုံများနှင့်ပတ်သက်ပြီး ဖြေကြားခဲ့ကြသည်။

အချိန်ကန့်သတ်ချက်ကြောင့် စာရေးသူများသည် ငွေကြေးနှင့် ဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာ ပြဿနာများနှင့်ပတ်သက်ပြီး အဓိကထားဦးတည်ဆွေးနွေးရန် ဆုံးဖြတ်ခဲ့ကြသည်။ထို့ပြင် ထိုပြဿနာ ၂ ရပ်သည် ရှာဖွေတွေ့ရှိမှုများအနက် အရေးကြီးဆုံးပြဿနာများ ဖြစ်သည်။ ဆွေးနွေးခဲ့သော ခေါင်းစဉ်များတွင် အောက်ပါတို့ ပါဝင်သည်။

ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုခြင်းကြောင့် ရရှိလာနိုင်မည့် အခွင့်အလမ်းများ၊ စည်းကမ်းထိန်းသိမ်းမှုဆိုင်ရာ ပြင်ဆင်မှုများနှင့်ပတ်သက်ပြီး တစ်ပြိုင်တည်းဖြစ်စေခြင်းများ၊ အခွန်စနစ်နှင့်ပတ်သက်ပြီး အဆင့်မြှင့်တင်ရန်အတွက် လိုအပ်ချက်များ၊ SMEs များအား ဆွဲဆောင်မှုများ။

အကြံပြုချက်များ

ဆွေးနွေးသူများနှင့် သုတေသနအဖွဲ့သည် အကြံပြုချက် ၁၄ ချက်ကို ဖော်ထုတ်နိုင်ခဲ့သည်။

ငွေကြေးရရှိမှု

၁။ မြန်မာနိုင်ငံဈေးကွက်အတွက် ငွေကြေးဆိုင်ရာဝန်ဆောင်မှုများကို စီစဉ်ခြင်းနှင့် ကန့်သတ်ခြင်းတို့ဆောင်ရွက်ချိန်တွင် အလတ်စားနှင့် အကြီးစားလုပ်ငန်းများမှ အသေးစားလုပ်ငန်းများနှင့် ပတ်သက်သော လိုအပ်ချက်များကို ခွဲခြားပြခြင်း

၂။ WSMEs များအတွက် ကျားမဆိုင်ရာ ဦးတည်သော ထောက်ပံ့ကြေးများနှင့် ချေးငွေများ စီစဉ်ပေးခြင်း

၃။ ပိုမိုများပြားသော SMEs လုပ်ငန်းများအနေဖြင့် ရေရှည်တည်တံ့နိုင်စေရန်၊ တိုးတက်နိုင်ရန်နှင့် ချဲ့ထွင်နိုင်ရန်တို့အတွက် လိုအပ်သော ချေးငွေများရရှိရန် နှင့်ချေးငွေဆိုင်ရာ အာမခံစီမံချက်များဖြင့် ဒစ်ဂျစ်တယ်ချေးငွေဆိုင်ရာ ပလက်ဖောင်းတစ်ခု တည်ဆောက်ရန်

သင်ကြားပြသမှု၊ ကွန်ရက်ချိတ်ဆက်ဆောင်ရွက်မှုနှင့် ကျွမ်းကျင်မှုများနှင့်ပတ်သက်သော အခွင့်အလမ်းများ ရရှိမှု

၁။ အမျိုးသမီးလုပ်ငန်းရှင်များ၏ လုပ်ငန်းနှင့် ကိုယ်ပိုင်ဘဝနှစ်မျိုးလုံးအတွက် လက်တွေ့ကျသော tools များဖြင့် ဒစ်ဂျစ်တယ်နည်းပညာ သင်တန်းများကို စီစဉ်ပေးရန်

၂။ နည်းပညာလက်ခံကျင့်သုံးမှုကို စီစဉ်ပေးရန်အတွက် ဒစ်ဂျစ်တယ်tools များနှင့်ပတ်သက်ပြီး အသိပညာပေးခြင်းဖြင့် လုံလောက်မှုမရှိသောကြောင့် MSMEs များနှင့်ပတ်သက်သော ဒစ်ဂျစ်တယ်နည်းပညာအဆင်သင့်ဖြစ်မှုဆိုင်ရာ သင်တန်းအစီအစဉ်များတွင် အယူအဆပြောင်းလဲမှုဆိုင်ရာ မော်ဂျူးတစ်ခုထည့်သွင်းရန်

၃။ WSMEs များအတွက် ဒစ်ဂျစ်တယ်နည်းပညာနှင့် ပတ်သက်ပြီး ပြည်တွင်း ဘာသာစကားများဖြင့် ဖော်ပြထားသော digital content ဖန်တီးမှုများအား တိုးမြှင့်ပေးရန်

လုပ်ငန်းဖြစ်စဉ်များနှင့် စီမံခန့်ခွဲမှု

၁။ လူအချင်းချင်းထိတွေ့ဆက်ဆံမှုနည်းပါးခြင်းသည် ကျားမခွဲခြားဆက်ဆံခံရမှုအတွက် အခွင့်အလမ်းနည်းပါးစေနိုင်ပြီး အစိုးရဖြစ်စဉ်များနှင့်ပတ်သက်သော ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုမှုသည် ပွင့်လင်းမြင်သာမှုဖြစ်ခြင်းကို သာမက ကျားမဆိုင်ရာ ဘက်လိုက်မှုမရှိခြင်းကို လည်း ဖြစ်ပေါ်စေသောကြောင့် e-government

ကနဦးဆောင်ရွက်ချက်များကို ဆက်လက်ဆောင်ရွက်ရန်

၂။ SME ဌာနနှင့် သက်ဆိုင်ရာအစိုးရအေဂျင်စီများအကြား အေဂျင်စီများစွာနှင့်ပတ်သက်သော စည်းမျဉ်းများနှင့် မူဝါဒဆိုင်ရာ ကနဦးဆောင်ရွက်ချက်များကို ချိန်ညှိရန်။ ဥပမာ–WSMEs များအတွက် ငွေကြေးရရှိမှုတိုးတက်စေရန်အတွက် ဗဟိုဘဏ်ဖြင့် ညှိနှိုင်းဆောင်ရွက်ရန်။

၃။ စီးပွားရေးဆိုင်ရာ မူဝါဒနှင့်ပတ်သက်သော ပြင်ဆင်မှုများဖြင့် ဆက်လက်ဆောင်ရွက်ရန်။ ဒစ်ဂျစ်တယ်စီးပွားရေးအတွက် ဥပဒေအုတ်မြစ်ချချိန်တွင် မြန်မာနိုင်ငံသည် ယနေ့ဖြစ်နိုင်သော အရာများနှင့်ပတ်သက်ပြီး ထည့်သွင်းစဉ်းစားရုံမျှမက robotic process automation (RPA), artificial intelligence (AI), blockchain technology, geospatial technology, 3D optical sensing technology ကဲ့သို့သော နည်းပညာအသစ်များနှင့်ပတ်သက်ပြီး အသေးစိတ်အစီအစဉ်ရေးဆွဲသင့်သည်။

၄။ MSMEs များအနေဖြင့် တရားဝင်လုပ်ငန်းများဖြစ်စေရန် သက်ဆိုင်သော အစိုးရအေဂျင်စီများတွင် မှတ်ပုံတင်ခြင်း၊ လိုင်စင်လျှောက်ထားခြင်း၊ ရုံးစာလုပ်ငန်းများဆိုင်ရာ စီစဉ်ဆောင်ရွက်ခြင်းတို့အတွက် SOP ကိုရေးဆွဲရန်

၅။ အစိုးရမှ အတည်ပြုမှု၊ ကာကွယ်ပေးမှု၊ ချေးငွေဆိုင်ရာအခွန်နှင့် အခြားအကျိုးစီးပွားများနှင့်ပတ်သက်ပြီး စီစဉ်ပေးမှုတို့ဖြင့် အစိုးရ၏စည်းမျဉ်းများကို လိုက်နာရန်အတွက် တရားဝင်မှတ်ပုံတင်ရန် SMEs များကို ဆွဲဆောင်ခြင်း

၆။ အခွန်ပေးဆောင်သူများအနေဖြင့် အခွန်ဆိုင်ရာအကျိုးကျေးဇူးများနှင့် လူမှုလုံခြုံရေးဆိုင်ရာအကျိုးစီးပွားများနှင့်ပတ်သက်ပြီး ပိုမိုလွယ်ကူစွာခံစားနိုင်စေရန်အတွက် လာဘ်ပေးလာဘ်ယူမှုဆိုင်ရာ အခွင့်အလမ်းများ လျော့နည်းစေရန်၊ လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်ပြီး ရင်းနှီးကျွမ်းဝင်မှုရှိစေရန်နှင့် ဝန်ကြီးဌာနများအကြား လုပ်ငန်းဆောင်ရွက်မှုများကို ဒစ်ဂျစ်တယ်နည်းပညာဖြင့် ဆောင်ရွက်နိုင်ရန်တို့အတွက် အခွန်စနစ်နှင့်ပတ်သက်ပြီး ပြင်ဆင်ရန်

၇။ Customer များအတွက် ဒစ်ဂျစ်တယ်ဝန်ဆောင်မှုများနှင့်ပတ်သက်သော အသိပညာပေးလှုပ်ရှားမှုများ ဆောင်ရွက်ရန်

အကျပ်အတည်းဆိုင်ရာ စီမံခန့်ခွဲမှု(COVID-19)

၁။ မျှော်လင့်မထားသော ဒစ်ဂျစ်တယ်အသွင်ပြောင်းမှုခေတ်၏ နေထိုင်မှုပုံစံအသစ်တွင် ရှင်သန်နိုင်ရန်အတွက် အရည်အသွေးပြည့်မီသော ပညာရှင်များမှ WSMEs များအတွက် ဆွေးနွေးမှုနှင့် သင်ကြားမှုဆိုင်ရာ အခွင့်အလမ်းများကို စီစဉ်ပေးရန်

၃.၆။ နိဂုံး

ယခုအစီရင်ခံစာသည် မြန်မာနိုင်ငံတွင် WSMEs များအနေဖြင့် ကြုံတွေ့နေရသော ဒစ်ဂျစ်တယ်နည်းပညာ ဆိုင်ရာ စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်စေရန် အရေးကြီးသော ပါဝင်ပတ်သက်သူများအတွက် လက်တွေ့ကျသော အမြင်များကို စီစဉ်ပေးနိုင်ရန် ကဏ္ဍ ၄ ရပ်တလျှောက် ဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာ လက်ရှိနှင့် အနာဂတ် စိန်ခေါ်မှုများကို ဖော်ထုတ်ပေးနိုင်ခဲ့သည်။ ငွေကြေးရရှိမှု၊ သင်ကြားပြသမှုနှင့်ပတ်သက်သော အခွင့်အလမ်းများ ရရှိမှု၊ လုပ်ငန်းဖြစ်စဉ်များဆိုင်ရာ စီမံခန့်ခွဲမှုနှင့် အကျပ်အတည်းဆိုင်ရာ စီမံခန့်ခွဲမှု မြန်မာနိုင်ငံရှိ WSME လုပ်ငန်းများ၏ ငွေအရင်းအနှီးမတည်မှုသည် အခြားကဏ္ဍများနှင့်နှိုင်းယှဉ်ပါက စိန်ခေါ်မှုအများဆုံး ဖြစ်ကြောင်း ဖော်ပြခဲ့သည်။ WSMEs များသည် လိုအပ်ချက်အခြေခံတစ်ရပ်ပေါ်တွင် ဒစ်ဂျစ်တယ်နည်းပညာကို လက်ခံကျင့်သုံးခဲ့သည်။ လူမှုမီဒီယာ၊ ဆက်သွယ်မှုနှင့် digital banking တို့သည် WSMEs များမှ အများဆုံး အသုံးပြုသော ဒစ်ဂျစ်တယ် tools များ ဖြစ်သည်။

ထို့ပြင် လေ့လာဆန်းစစ်မှုအရ customer များ၏ တောင်းဆိုမှုနှင့် လုပ်သားအင်အား၏ ဒစ်ဂျစ်တယ်နည်းပညာ ဆိုင်ရာ အဆင်သင့်ဖြစ်မှုတို့သည် ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုမှုအတွက် အရေးကြီးသော ဆုံးဖြတ်ချက် ချမှတ်မှုဆိုင်ရာ အချက်များဖြစ်သောကြောင့် ကျားမကွဲပြားမှုကို အတားအဆီးတစ်ရပ်အဖြစ် မမြင်ကြကြောင်း သိရှိရသည်။

နောက်ဆုံးတွင် ပညာရှင်များဖြင့် အင်တာဗျူးများနှင့် အကြံပေးဆွေးနွေးမှုများသည် WSMEs များအတွက် ဒစ်ဂျစ်တယ်နည်းပညာနှင့်ပတ်သက်သော ပြဿနာများကို ဆက်စပ်လွှမ်းခြုံမှုရှိစေပြီး အရေးကြီးသော ပါဝင် ပတ်သက်သူများအတွက် အကြံပြုချက် ၁၄ ချက်ကို ဖော်ထုတ်ပေးနိုင်ခဲ့သည်။
သုတေသနအဖွဲ့သည် WSMEs များနှင့် အရေးကြီးသော ပါဝင်ပတ်သက်သူများအနေဖြင့် ထိုစိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန်အတွက် စီမံခန့်ခွဲပေးမည်ဖြစ်ပြီး မြန်မာနိုင်ငံရှိ အမျိုးသမီးပိုင်စီးပွားရေးလုပ်ငန်းများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးမည် ဖြစ်သည်။

၃.၇။ Endnotes

89. Asia Development Bank [ADB]. (2020, September). Asian Development Outlook (ADO) *2020 Update: Wellness in Worrying Times* [PDF File], p. 25. https://www.adb.org/sites/default/files/publication/635666/ado2020-update.pdf

90. ADB. (2020, April). *Asian Development Outlook 2020: What Drives Innovation In Asia* [PDF File]. https://www.adb.org/sites/default/files/publication/575626/ado2020.pdf

91. World Bank (2018a). *"MM: Digital Myanmar Project"*. Report nr. PIDISDSC25410. Washington, D.C.: The World Bank.

92. Kemp. S. (2020). Digital 2020, DATAREPORTAL [Website]. Retrieved Sep 21, 2020 from: https://datareportal.com/reports/digital-2020-myanmar

93. Roest, J. & Konijnendijk, V. (2018). Smartphones are common in Myanmar: Is Digital Finance Far Behind?. *CGAP Blog Post* [Online article]. Retrieved Sep 21, 2020 from: https://www.cgap.org/blog/smartphones-are-common-myanmar-digital-finance-far-behind

94. Central Statistical Organization [CSO]. (2018, November). *MYANMAR STATISTICAL YEARBOOK 2018,* Ministry of Finance and Planning [Dataset].

95. Myanmar SME Development Agency. (n.d.). SME Member List From Department of *SME Development (31.3.2020),* Retrieved Sep 26, 2020 from https://www.msme.gov.mm/en/page/229

96. Myanmar SME Development Agency. (n.d.). *Background and History: Micro, Small and Medium Enterprises Development Journey,* Retrieved Sep 26, 2020 from https://www.msme.gov.mm/en/page/background-and-history

97. The Republic of the Union of Myanmar. (2015, April 9). *Small and Medium Enterprises Development Law* [PDF file]. https://www.doca.gov.mm/sites/default/files/SMEs%20Development%20Law%201%202015.pdf

98. Foerch, T., Ki, Om.,Thein, S. & Waldschmidt, S. (2016, October). *Myanmar's Financial Sector: A Challenging Environment for Banks* (Third Edition). Yangon. GIZ-Myanmar.

99. World Bank. (2018b). *Myanmar Economic Monitor Reports* [Repository]. https://www.worldbank.org/en/country/myanmar/publication/myanmar-economic-monitor-reports

100. World Bank. (2017). *Enterprise Surveys.* Retrieved on Sep 21, 2020 from https://www.enterprisesurveys.org/en/data/exploreeconomies/2016/myanmar

101. Dutch Good Growth Fund [DGGF]. (2019). *Country Report (Myanmar): Entrepreneurial Ecosystem Assessment* [PDF File]. https://cdn.ymaws.com/www.andeglobal.org/resource/resmgr/research_library/researchlibrary2/ctg-countryreport-myanmar-fi.pdf

102. International labor Organization [ILO]. (2020). *National Assessment of Women's Entrepreneurship Development in Myanmar* [PDF File]. women's entrepreneurship development in myanmarwww.spf.org › user53 › WED_ILOSPF_2019_v13_FINALonline

103. Dalberg Global Development Advisors. (2017, October). *Myanmar Women Economic Empowerment Country Assessment Exhibit,* United Nations Capital Development Fund [PDF file]. https://www.uncdf.org/download/file/127/5651/140218-dalberg-presentation-for-myanmar-country-assessment-report-workshoppdf

104. The Republic of the Union of Myanmar. (2015, April 9). *Small and Medium Enterprises Development Law* [PDF file]. https://www.doca.gov.mm/sites/default/files/SMEs%20Development%20Law%201%202015.pdf

105. Being a qualitative research, the authors interpreted the interview notes on barriers for the three pillars by assigning scores for each barrier (high challenge = 3, medium challenge=2, low challenge=1) within each pillar for each participant, relative to the rest of WSMEs participants. The purpose of this comparison is to be taken as indicators for the severity of challenges that WSMEs are facing. The values should not be taken for absolute numbers as quantitative proof.

106. World Bank. (2020). *Doing Business 2020.* Washington, DC: World Bank. DOI:10.1596/978-1-4648-1440-2. License: Creative Commons Attribution CC BY 3.0 IGO.

107. As elaborated in Footnote 96, the "counts" here are gathered from the coded interviews, where the authors interpreted and assigned scores for each barrier (high challenge = 3, medium challenge=2, low challenge=1) within each pillar for each participant, relative to the rest of WSMEs participants. This figure showed a summarized version of the findings indicating the number of high and medium challenges for challenges in the areas of Financing, Mentoring/Networking/Skills and Business Processes. Hence, the values should not be taken for absolute numbers as quantitative proof.

108. Freeman. N. (2015). *Access to Finance for Businesses in Myanmar: A Constraints Analysis, SPARK.*

109. Yoma Bank. (n.d.). *Smart Credit* [Website]. Retrieved Sep 21, 2020 from: https://yomabank.com/smart-credit

110. KBZ Pay (n.d.). *KBZ Pay Personal Loans* [Website]. Retrieved Sep 26, 2020 from: https://www.kbzpay.com/en/promotion/kbzpay-personal-loan/

111. Mother Finance. (n.d.). *About* [Website]. Retrieved Sep 21, 2020 from: https://motherfinance.com.mm/en/#about

112. KyoPay. (n.d.). *About* [Website]. Retrieved Sep 21, 2020 from: https://www.kyopay.com.mm/kyopay

113. To get (oneself or something) into or out of a situation using existing resources used especially in startups (an Internet-based business or other enterprise) with minimal financial resources. (Oxford Languages)

114. The Working Committee to Address Coronavirus Disease COVID-19. (2020, July). *Protect, Revitalize, Recover, Prosper: Impact of COVID-19 on Myanmar Businesses and Policy Implication,* DaNa Facility, International Trade center, UNCDF, UKAID [PDF File]. http://www.danafacility.com/wp-content/uploads/2020/07/FINAL-Full-Report-Assessing-Impact-of-COVID-19.pdf

115. Htin Lynn Aung. (2020, February 20). Myanmar Credit Bureau to commence operations in April, Myanmar Times [Online article]. Retrieved Sep 21, 2020 from: https://www.mmtimes.com/news/credit-bureau-commence-operations-april.html#:~:text=Myanmar%20will%20start%20the%20process,in%20Yangon%20on%20February%2018.

116. MWEA. (n.d.). Myanmar Women Entrepreneurs Association (MWEA), *ASEAN SME Academy* [Website]. Retrieved Sep 21, 2020 from: https://www.asean-sme-academy.org/resource/myanmar-women-entrepreneurs-association-mwea/

117. MYEA. (n.d.). *Home* [Website]. Retrieved Sep 21, 2020 from: https://myea.org.mm/my/home-page-2/

118. Phandeeyar. (n.d.). *Home* [Website]. Retrieved Sep 21, 2020 from: https://www.phandeeyar.org/

119. Impact Hub Yangon. (n.d.). *Home* [Website]. Retrieved Sep 21, 2020 from: https://impacthubyangon.net/

120. SME Development Department, MOPTI. (n.d.). In *Facebook* [Group]. Retrieved Sep 26, 2020 from: https://www.facebook.com/SME-Development-Department-MOPFI-1597134087164727

121. Union of Myanmar Federation of Chamber of Commerce. (n.d.). In *Facebook* [Group]. Retrieved Sep 26, 2020 from: https://www.facebook.com/UMFCCI

122. မာသင်. (n.d.). In *Facebook* [Group]. Retrieved Sep 26, 2020 from: https://www.facebook.com/မာသင်–325886811165817

123. Pyay Khaing. (n.d.). In *Facebook* [Group]. Retrieved Sep 26, 2020 from: https://www.facebook.com/pyaykhaing

124. Food For Your Brain. (n.d.). In *Facebook* [Group]. Retrieved Sep 26, 2020 from: https://www.facebook.com/foodforyourbrainbyphyo

125. According to Peter High of Metis Strategy, there are four stages of digital maturity in the digitalization journey of Organizations: i) Digitally Active: Transactional solutions to increase revenue; ii) Digitally Engaged: Solutions and Organization-wide processes; iii) Digitally Competitive: Able to forecast future needs and respond to identified gaps; iv) Digitally Mature: Utilising artificial intelligence solutions. Source: High, P. A. (2014). *Implementing world class IT strategy: How IT can drive organizational innovation.* John Wiley & Sons.

126. Viber (n.d.) *About* [Website]. Retrieved Sep 21, 2020 from https://www.viber.com/en/about/

127. Kemp. S. (2020). Digital 2020, *DATAREPORTAL* [Website]. Retrieved Sep 21, 2020 from: https://datareportal.com/reports/digital-2020-myanmar

128. Roache, B. (2018, January 16), *What Myanmar's Facebook Supremacy Means For Business, Frontier Myanmar* [Online Article]. Retrieved Sep 26, 2020 from: https://www.frontiermyanmar.net/en/what-myanmars-facebook-supremacy-means-for-business/

129. Shop.com. (n.d.). *Home* [Website]. Retrieved Sep 21, 2020 from: https://www.shop.com.mm/

130. Spree Commerce. (n.d.). *Spree Commerce 4.1* [Website]. Retrieved Sep 21, 2020 from: https://spreecommerce.org/

131. United Nations Conference on Trade and Development [UNCTAD]. (2018), *Myanmar Rapid e Trade Readiness Assessment* [PDF File]. NewYork, USA. https://unctad.org/en/PublicationsLibrary/dtlstict2018d1_en.pdf

132. Telenor Group. (2018). *Realising Digital Myanmar: Leapfrogging To An Inclusive Digital Economy* [PDF File], Myanmar. https://www.telenor.com/wp-content/uploads/2018/02/Telenor-Realising-Digital-Myanmar-Report-06-February.pdf

133. World Bank, (2020, May 29). *Myanmar: Power System Efficiency Project Brings Country Closer to Universal Electricity Access, 2020/207/EAP* [Press Release]. Retrieved Sep 21, 2020 from: https://www.worldbank.org/en/news/press-release/2020/05/29/myanmar-power-system-efficiency-project-brings-country-closer-to-universal-electricity-access

134. Kemp. S. (2020). Digital 2020, *DATAREPORTAL* [Website]. Retrieved Sep 21, 2020 from: https://datareportal.com/reports/digital-2020-myanmar

135. World Bank (2020, June). *Myanmar Economic Monitor: Myanmar in the time of Covid 19* [PDF File]. http://documents1.worldbank.org/curated/en/806001593183687694/pdf/Myanmar-Economic-Monitor-Myanmar-in-the-Time-of-COVID-19.pdf

136. The interviews were conducted in early August, 2020 before the second outbreak of COVID-19 intensified. As of September 18, 2020, Myanmar has seen a sharp increase in the number of cases, reaching over 4000 confirmed cases with over 60 deaths. See Ministry of Health and Sports Facebook Page. (n.d.). In *Facebook* [Group]. Retrieved Sep 26, 2020 from: https://www.facebook.com/MinistryOfHealthAndSportsMyanmar

137. Petersen, J. K. (2020, 27 July). *Is Myanmar having its second digital moment?, Myanmar Times* [Online article] Retrieved 21 Sep, 2020 from: https://www.mmtimes.com/news/myanmar-having-its-second-digital-moment.html

138. Digital Economy Development Committee. (n.d.). *Home* [Website] Retrieved on Sep 21, 2020 from https://www.dedc.gov.mm

139. Directorate of Investment and Company Administration. (n.d.). *Home* [Website] Retrieved Sep 21, 2020 from: https://www.myco.dica.gov.mm

140. Ministry of Planning and Finance (n.d.), *Department of Small and Medium Enterprises Development Department* [Website]. Retrieved Sep 21, 2020 from: https://msmewebportal.gov.mm/login

141. Ministry of Commerce. (n.d.). *Myanmar National Trade Portal* [Website]. Retrieved Sep 21, 2020 from: https://myanmartradeportal.gov.mm/en

142. Project Bank. (n.d.). *Activity List,* [Website]. Retrieved Sep 21, 2020 from: https://projectbank.gov.mm/en/activity-list/

143. Impact Hub Yangon. (n.d.). *Home* [Website]. Retrieved Sep 21, 2020 from: https://impacthubyangon.net/

144. The Asia Foundation. (n.d.). *Go Digital ASEAN* [Website]. Retrieved Sep 21, 2020 from: https://asiafoundation.org/emerging-issues/go-digital-asean

၄။

မလေးရှားနိုင်ငံနှင့် ပတ်သက်သော လေ့လာမှု

၄.၁။ အကျဉ်းချုပ်

ယခုလေ့လာမှုသည် မလေးရှားနိုင်ငံတွင် ကျားမဆိုင်ရာ စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန် အမျိုးသမီးပိုင် SMEs(WSMEs)များအတွက် ဒစ်ဂျစ်တယ်နည်းပညာမှ အခွင့်အလမ်းသစ်များကို ယူဆောင်လာပေးသည် ဟူသော ယူဆချက်နှင့်ပတ်သက်ပြီး စစ်ဆေးခဲ့သည်။

ရည်ရွယ်ချက်မှာ-ဒစ်ဂျစ်တယ်နည်းပညာမှတဆင့် အခွင့်အလမ်းများကို အများဆုံးဖန်တီးပေးခြင်းဖြင့် နိုင်ငံ၏ WSME စွမ်းဆောင်ရည်များကို တိုးမြှင့်ပေးရန်အတွက် မူဝါဒရေးဆွဲချမှတ်သူများ၊ ပုဂ္ဂလိကအခန်းကဏ္ဍ၊ ပညာရှင်များအဖွဲ့တို့ကဲ့သို့သော ပါဝင်ပတ်သက်သူများအား အကြံပြုချက်များ စီစဉ်ပေးရန် ဖြစ်သည်။ သုတေသနတွင် အစိတ်အပိုင်း၃ရပ်ပါဝင်သည်။ (၁) WSMEs များဖြင့် ကျယ်ပြန့်သော အင်တာဗျူးများ၊ (၂) ပညာရှင်များဖြင့် အင်တာဗျူးများ၊ (၃) ပါဝင်ပတ်သက်သူ ၉ ဦးဖြင့် အကြံပေးမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ

၂၀၂၀ ဖွန်မှ ဩဂုတ်အကြား ဆောင်ရွက်ခဲ့သော ထိုလေ့လာမှုသည် ကဏ္ဍ ၄ ရပ်ဖြင့် ဖွဲ့စည်းထားသည်။ (၁)ငွေကြေးရရှိမှု၊ (၂)ကွန်ရက်ချိတ်ဆက်ဆောင်ရွက်မှု၊ သင်ကြားပြသမှုနှင့် ကျွမ်းကျင်မှုများ၊ (၃)လုပ်ငန်းဆိုင်ရာ စီမံခန့်ခွဲမှုများ/ဖြစ်စဉ်များ၊ (၄)အကျပ်အတည်းဆိုင်ရာ စီမံခန့်ခွဲမှု(COVID-19)။ အဓိက ကဏ္ဍအလိုက် ရှာဖွေတွေ့ရှိမှုများမှာ အောက်ပါအတိုင်းဖြစ်သည်။

ကဏ္ဍ-၁- ငွေကြေးမတည်မှု

WSME လုပ်ငန်းရှင်အများစုသည် လုပ်ငန်းများအား ဘဏ်ချေးငွေများနှင့် အစိုးရထောက်ပံ့ကြေးများကို အသုံးပြုပြီး မတည်ကြသည်။ ဒစ်ဂျစ်တယ်ပလက်ဖောင်းများနှင့်ပတ်သက်သော အခြားငွေကြေးရရှိမှုနည်းလမ်းများဆိုင်ရာ ကန့်သတ်ထားသော အသိပညာဗဟုသုတများကြောင့်၎င်း၊ ရှယ်ယာပိုင်ဆိုင်မှုနှင့် ပတ်သက်သော ချေးငွေရယူမှုနှင့် လွှဲပြောင်းမှုဆိုင်ရာ နည်းလမ်းများနှင့်ပတ်သက်ပြီး စွန့်စားမှု မပြုလိုသောကြောင့် ၎င်းရှယ်ယာပိုင်ဆိုင်မှုနှင့်ပတ်သက်သော အများထံမှ ချေးငွေရယူမှုနည်းလမ်းနှင့် အွန်လိုင်းမှ ချေးငွေရယူမှုနည်းလမ်းတို့ကို များစွာ အသုံးမပြုခဲ့ပေ။

ကဏ္ဍ-၂-ကွန်ရက်ချိတ်ဆက်ခြင်း၊ သင်ကြားပြသမှုနှင့် ကျွမ်းကျင်မှုများ

သင်ကြားပြသမှုခံယူရန်အတွက် ပြင်ပမှ သင်ကြားပြသပေးမည့်သူများအား မယုံကြည်ရသည့်အတွက် ယုံကြည်ရသော မိသားစုများနှင့် သူငယ်ချင်းများထံမှသာ သင်ယူရန် ကန့်သတ်ခြင်းခံထားရသည်။ ထို့ပြင် နေရာတိုင်းလိုလိုတွင် ဒစ်ဂျစ်တယ်နည်းပညာကို အသုံးပြုနေကြသောကြောင့် ထိုနည်းပညာများနှင့် ပတ်သက်ပြီး ရှောင်လွှဲရန်လည်း မဖြစ်နိုင်ပေ။

ကဏ္ဍ-၃-လုပ်ငန်းဖြစ်စဉ်များနှင့် စီမံခန့်ခွဲမှု

ယခုကဏ္ဍသည် ပိုမိုကြီးမားသော တိုးတက်မှုဆိုင်ရာ အခွင့်အလမ်းများနှင့်ချိတ်ဆက်ထားသောကြောင့် လုပ်ငန်းဖြစ်စဉ်များ(ဥပမာ-စာရင်းကိုင်နှင့် လူ့စွမ်းအားအရင်းအမြစ်များ)နှင့်ပတ်သက်သော တိုးတက်မှုများကို အပြုသဘောဆောင်သော တိုးတက်မှုများအဖြစ် အမြင်ကျယ်စွာ လက်ခံယူဆနိုင်သည်။

Tools များအတွက် ကုန်ကျစရိတ်များရှိသော်လည်း အဓိကစိန်ခေါ်မှုတစ်ရပ်အဖြစ် မမြင်ပေ။ ဒစ်ဂျစ်တယ် tools အသုံးပြုသောသူများသည် အိမ်မှနေပြီး အလုပ်လုပ်နိုင်ခြင်းနှင့် ဆိုရှယ်မီဒီယာနှင့် အွန်လိုင်းဆက်သွယ်မှုများဖြင့် ကျားမဆိုင်ရာ ပြဿနာများကို ကျော်လွှားနိုင်ခြင်းတို့နှင့်ပတ်သက်ပြီး ယခုအခန်းကဏ္ဍကို ဖော်ပြခဲ့သည်။

ကဏ္ဍ-၄-အကျပ်အတည်းဆိုင်ရာ စီမံခန့်ခွဲမှု(COVID-19)

၎င်းသည် ဒစ်ဂျစ်တယ်နည်းပညာ အသုံးပြုသောနေရာများတွင် သိသာထင်ရှားမှုအရှိဆုံး ဖြစ်သည်။ ရွှေ့ပြောင်းအလုပ်လုပ်နိုင်ရန်အတွက် ပံ့ပိုးမှုများ(remote servers၊ virtual meetings၊ e-commerce platforms၊ online

deliveries)သည် လုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ရာတွင် အလွန်အရေးကြီးသည်။ သို့ရာတွင် ထိုသို့ လက်ခံကျင့်သုံးခြင်းသည် ရွေးချယ်မှုတစ်ရပ်အဖြစ်ထက်ပိုပြီး အရှိန်မြင့်လာနိုင်သည်။

WSME လုပ်ငန်းရှင်များနှင့် ပညာရှင်များထံမှ ရှာဖွေတွေ့ရှိမှုများကို ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုမှုဆိုင်ရာ စိန်ခေါ်မှုများနှင့်ပတ်သက်ပြီး ရင်ဆိုင်ရန်အတွက် အဖြေရှာမှုများနှင့် အကြံပြုချက်များကို ဖန်တီးနိုင်ရန် အကြံပေးသူများ၏ ဆွေးနွေးပွဲထံသို့ ယူဆောင်လာခဲ့သည်။

ကဏ္ဍအားလုံးတလျှောက် ၎င်းနှင့်ပတ်သက်ပြီး လေ့လာထားေသာကြောင့် တိုးတက်သော အယူအဆ မရှိခြင်းသည် ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုရာတွင် လုပ်ငန်းရှင်များအား အဓိကဟန့်တားနေသော စိန်ခေါ်မှု တစ်ရပ်ဖြစ်သည်။

အယူအဆနှင့်ပတ်သက်သော အတားအဆီးကို ကျော်လွှားရန် အဆိုပြုထားသော အကြံပြုချက်များမှာ –

- အကြံပြုထားသော လက်တွေ့အကျဆုံးအဖြေရှာမှု(အကျိုးသက်ရောက်မှုမြင့်မားခြင်း၊ အလယ်အလတ် ကြိုးပမ်းမှုသည် လုပ်ငန်းဆိုင်ရာ လုပ်ဆောင်မှုအစီအစဉ်များနှင့်ပတ်သက်ပြီး ပိုမိုဆောင်ရွက်စေနိုင်ခြင်း
- အောင်မြင်နေသော အမျိုးသမီးလုပ်ငန်းရှင်များနှင့် စံထားရသူများဖြင့် ဆွေးနွေးပွဲများကျင်းပခြင်းနှင့် ဒစ်ဂျစ်တယ်နည်းပညာ tools များနှင့်ပတ်သက်သော အသိပညာတိုးတက်စေခြင်းတို့သည် လုပ်ငန်းအဖွဲ့ အစည်းများဖြင့် အလုပ်လုပ်ကိုင်ခြင်းမှတဆင့် ပုံမှန်အခြေခံတစ်ရပ်ပေါ်တွင် လျင်မြန်စွာ ဆောင်ရွက်နိုင်သော ဆောင်ရွက်ချက်များ ဖြစ်ခြင်း
- နောက်ဆုံးတွင် အမြင့်မားဆုံးအကျိုးသက်ရောက်မှုရှိပြီး ရေရှည်တည်တံ့နိုင်မည့် အဖြေရှာမှုတစ်ရပ်မှာ တတိယအဆင့်ပညာရေးစနစ်မှတဆင့် အခြေခံအဆင့်တွင် ပြောင်းလဲမှုများနှင့်အတူ အစောပိုင်းခေတ်မှ တိုးတက်သောအယူအဆတစ်ရပ်နှင့်ပတ်သက်ပြီး မိတ်ဆက်နိုင်မည် ဖြစ်သည်။ သို့ရာတွင် နိုင်ငံတော် ပညာရေးမူဝါဒများနှင့် ရည်ရွယ်ချက်များ ပြောင်းလဲရာတွင်တွေ့ကြုံရသော စိန်ခေါ်မှုများကြောင့် မြင့်မားသော ကြိုးပမ်းမှုဆိုင်ရာ အဖြေရှာမှုတစ်ရပ်အဖြစ် ၎င်းကို ယူဆနိုင်သည်။

၄.၂။ နိုင်ငံနောက်ခံအခြေအနေ

ဒစ်ဂျစ်တယ်နည်းပညာနှင့် စီးပွားရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု

အရှေ့တောင်အာရှနိုင်ငံများကဲ့သို့ပင် မလေးရှားသည် ဒစ်ဂျစ်တယ်နည်းပညာကို လက်ခံခဲ့ပြီး ထိုနည်းပညာအသုံးပြုမှုနှင့်ပတ်သက်သော ကြိုတင်ပြင်ဆင်မှုများပြုလုပ်ရန် ဆက်လက်ဆောင်ရွက်လျှက်ရှိသည်။ အစိုးရသည် ဒစ်ဂျစ်တယ်နည်းပညာလက်ခံကျင့်သုံးမှုနှုန်း အရှိန်မြှင့်တင်မှုနှင့်ပတ်သက်ပြီး ဦးတည်သော မူဝါဒများကို အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် ဒစ်ဂျစ်တယ်စီးပွားရေးနှင့်ပတ်သက်ပြီး တိုးမြှင့်မောင်းနှင်ရန်အမျိုးမျိုးသော အစီအစဉ်များကို အကောင်အထည်ဖော်ရန်တို့အတွက်ဆောင်ရွက်ရာတွင် အရေးကြီးသောအခန်းကဏ္ဍတစ်ရပ်မှ ပါဝင်နေသည်။



Source: ICT Use and Access by Individuals and Households Survey Report 2019, Dept of Statistic Malaysia, April 2020

ပုံ ၄.၁- အင်တာနက်နှင့်မိုဘိုင်းဖုန်းဆိုင်ရာ ထိုးဖောက်မှု

အိမ်ထောင်စုများတွင် အင်တာနက်နှင့် မိုဘိုင်းဖုန်း ရရှိမှုသည် ၂၀၁၉ တွင် ၉၀.၁ ရာခိုင်နှုန်းနှင့် ၉၈.၂ ရာခိုင်နှုန်းအသီးသီးရှိပြီး စီးပွားရေးတိုးတက်မှုကို အပြုသဘောဆောင်သော အကျိုးသက်ရောက်မှု ရှိသည်။ ၂၀၁၈ တွင် မလေးရှား၏ GDP ၏ ၁၈.၅ ရာခိုင်နှုန်း သို့မဟုတ် RM267.7 ဘီလီယံ(အမေရိကန်ဒေါ်လာ ၆၃.၇ ဘီလီယံ)သည် ဒစ်ဂျစ်တယ်စီးပွားရေးတွင် ကျယ်ပြန့်စွာ ပါဝင်ခဲ့သည်။ ၎င်း၏ ၁၂.၆ ရာခိုင်နှုန်း သည် ICTကဏ္ဍမှ ဖြစ်ပြီး ICTမဟုတ်သော လုပ်ငန်း များအတွက် e-commerce မှ ၅.၉ ရာခိုင်နှုန်း ဖြစ်သည်။ ၂၀၁၇ ခုနှစ်ကတည်းကဒစ်ဂျစ်တယ်စီးပွားရေးသည် အလုံးစုံဖြစ်သော GDPထက်ပိုမိုလျင်မြန်စွာ တိုးတက်လျက်ရှိသည်။



Source: Main Findings, Malaysia Digital Economy 2018, Dept of Statistic Malaysia, Oct 2019

ပုံ ၄.၂- GDP တွင် ဒစ်ဂျစ်တယ်နည်းပညာပါဝင်မှု

ဒစ်ဂျစ်တယ်နည်းပညာမှတဆင့် အစိုးရဆိုင်ရာ ဝန်ဆောင်မှုများ၊ လုပ်ငန်းများဆိုင်ရာ ဝန်ဆောင်မှုများနှင့် ဆောင်ရွက်မှုများအား ပေါင်းစည်းမှုနှင့် တိုးတက်မှုတို့အတွက် အစိုးရ၏ လမ်းညွှန်ချက်နှင့်ပတ်သက်ပြီး သတိပြုမိခဲ့သည်။ ၂၀၁၉ တွင် ကမ္ဘာ့ဘဏ်မှ မလေးရှားအား ဘဏ်လုပ်ငန်းများ ဆောင်ရွက်မှုဆိုင်ရာ အဆင်ပြေလွယ်ကူမှုအဆင့် သတ်မှတ်ခြင်းအတွက် အာရှတွင် ၅ နိုင်ငံမြောက် အဆင့်နှင့် ကမ္ဘာလုံးဆိုင်ရာတွင် ၁၅ နိုင်ငံမြောက် အဆင့်အဖြစ် အဆင့်သတ်မှတ်ထားသည်။

မလေးရှားရှိ အင်တာနက်ရရှိမှုသည် တစ်နေရာနှင့် တစ်နေရာ မတူညီဘဲ ကွဲပြားသည်။ မြို့ပြ ပန်နီဆူလာနှင့်နိုင်းယှဉ်ပါက ကျေးလက်ဒေသများနှင့် မလေးရှားအရှေ့ပိုင်းဒေသများသည် အင်တာနက် ချိတ်ဆက်အသုံးပြုမှုနည်းပါးပြီး အင်တာနက် ချိတ်ဆက်မှုနှုန်း နှေးသည်။ ကမ္ဘာ့ဘဏ်၏ ၂၀၁၈ အစီရင်ခံစာအရ အိမ်နီးချင်း စင်ကာပူနိုင်ငံအပါအဝင် မလေးရှားသည် အင်တာနက် ဒေါင်းလုပ်နှုန်းနှေးပြီး တိုးတက်သော နိုင်ငံအများ အပြားထက် ဈေးနှုန်းမြင့်မားကြောင်း ဖော်ပြထားသည်။

၂၀၁၉ တွင် မလေးရှားသည် အာဆီယံနိုင်ငံများ အတွင်း မိုဘိုင်းဒေတာ 1GB လျှင် ကုန်ကျမှုဒုတိယ အနည်းဆုံးနိုင်ငံဖြစ်ပြီး broadband မြန်နှုန်းသည် ကမ္ဘာပေါ်တွင် ၃၄ နိုင်ငံမြောက်ဖြစ်ပြီး အာဆီယမ် ဒေသအတွင်း တတိယမြောက်နိုင်ငံအဆင့်တွင် ရှိသည်။

၂၀၂၀ အစောပိုင်းတွင် COVID-19 ဖြစ်ပွားမှုနှင့် မတ် ၁၈ မှ စတင်သော အစိုးရ၏ နောက်ဆက်တွဲ လှုပ်ရှားမှုများနှင့်ပတ်သက်ပြီး ထိန်းချုပ်သော အစီအစဉ်(MCO)သည် consumer များနှင့် လုပ်ငန်း များနှစ်မျိုးလုံးအကြား ဒစ်ဂျစ်တယ်နည်းပညာ အသုံးပြုမှုကို အရှိန်မြှင့်တင်ပေးခဲ့သည်။

ဇွန်တွင် Ernst&Young မှ ဆောင်ရွက်ခဲ့သည့် လုပ်ငန်းဆိုင်ရာ အကျိုးသက်ရောက်မှုနှင့်ပတ်သက် သော ကွင်းဆင်းလေ့လာမှုအရ လုပ်ငန်းများ၏ ၃၀ ရာခိုင်နှုန်းကျော်သည် ထိုကပ်ရောဂါကို တုံ့ပြန် ရန်အတွက် ၎င်းတို့၏ နည်းပညာဆိုင်ရာ စွမ်းဆောင် ရည်ကို အဆင့်မြှင့်ရန် သို့မဟုတ် ချဲ့ထွင်ရန် အဆင့် များကို ဆောင်ရွက်ခဲ့သည်။

အလားတူပင် facebook နှင့် Bain&Company တို့၏ မကြာသေးမီက ေဆာင်ရွက်ခဲ့သော လေ့လာမှုအရ မလေးရှားသည် ၂၀၂၀ တွင် ဒေသအတွင်း ဒစ်ဂျစ်တယ် နည်းပညာအသုံးပြုသူဆိုင်ရာ အမြင့်မားဆုံး ရာခိုင်နှုန်း(၁၅ နှစ်နှင့်အထက်ရှိသော လူဦးရေ၏ ၈၃ ရာခိုင်နှုန်း)နှင့်ပတ်သက်ပြီး မှတ်တမ်းတင်နိုင် ခဲ့သည်။

ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုမှုနှင့် SMEs များ

SMEs များသည် ၂၀၁၈ တွင် မလေးရှား၏ GDP ၏ ၃၈.၃ ရာခိုင်နှုန်းပါဝင်ပြီး ၂၀၁၉ တွင် ၃၈.၉ ရာခိုင်နှုန်း အထိ မြင့်တက်ခဲ့ကာ မလေးရှားစီးပွားရေးတွင် အရေးကြီးသော တိုးတက်မှုဆိုင်ရာအခန်းကဏ္ဍ တစ်ရပ် ဖြစ်ခဲ့သည်။

SMEs များသည် ၂၀၁၈ တွင် နိုင်ငံအလုပ်အကိုင်၏ သိသာထင်ရှားသော ၆၆.၂ ရာခိုင်နှုန်းကို ကိုယ်စား ပြုသည်။



Source: SME Corp Malaysia, 2018
***Source: Dept of Statistics, 2019*

ပုံ ၄.၃- စီးပွားရေးတွင် SME ပါဝင်မှု

ထုတ်လုပ်မှု

အငယ်စား
အရောင်းဝင်ငွေ RM300,000(USD 72,000)မှ RM15 million (USD3.6million) အောက်နည်းပြီး အချိန်ပြည့်ဝန်ထမ်း ၅ဦး မှ ၇၅ဦးအောက်

အလတ်စား
အရောင်းဝင်ငွေ RM15million(USD 3.6million)မှ RM50 million (USD12million)အောက်နည်းပြီး အချိန်ပြည့်ဝန်ထမ်း ၇၅ဦး မှ ၂၀၀ဦးအောက်

ဝန်ဆောင်မှုနှင့် အခြားကဏ္ဍများ

အငယ်စား
အရောင်းဝင်ငွေ RM300,000(USD 72,000)မှ RM3 million (USD720,000million)အောက်နည်းပြီး အချိန်ပြည့်ဝန်ထမ်း ၅ဦး မှ ၃၀ဦးအောက်

အလတ်စား
အရောင်းဝင်ငွေ RM3million(USD 720,000)မှ RM20 million (USD4.8million) အောက်နည်းပြီး အချိန်ပြည့်ဝန်ထမ်း ၃၀ဦး မှ ၇၅ဦးအောက်

ပုံ ၄.၄- SMEs များ၏ အနက်ဖွင့်ဆိုချက်

အထက်ပါပုံသည် မလေးရှားတွင် SMEs များ၏ တရားဝင်အနက်နှင့်ပတ်သက်ပြီး ဖော်ပြထားသည်။ SE တစ်ခုအဖြစ် အရည်အသွေးပြည့်မီနိုင်ရန် မလေးရှား၏ စံနှုန်းသည် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၇၂,၀၀၀ ရရှိပြီး ကမဘောဒီးယား၏ အမေရိကန်ဒေါ်လာ ၅၀,၀၀၀ နှင့် အင်ဒိုနီးရှား၏ ၂၀,၄၀၀ ထက်ပိုမို မြင့်မားသည်။

ME အတွက် စံနှုန်းသည်လည်း အမေရိကန်ဒေါ်လာ ၇၂၀,၀၀၀ ရှိကာ ကဗောဒီးယား၏ အမေရိကန်ဒေါ်လာ ၂၅၀,၀၀၀ နှင့် အင်ဒိုနီးရှား၏ အမေရိကန်ဒေါ်လာ ၁၇၀,၀၀၀ ထက် ပိုမိုမြင့်မားသည်။ ပိုမိုမြင့်မားသော ဝင်ငွေရရှိမှုကြောင့် မလေးရှား၏ SMEs များအကြား ဒစ်ဂျစ်တယ်နည်းပညာ အသုံးပြုနှုန်းသည် အခြားနိုင်ငံများနှင့်နှိုင်းယှဉ်ပါက ကွာခြားသည်။



ပုံ ၄.၅- အသေးစားလုပ်ငန်းများတွင် ပါဝင်သော SMEs အရေအတွက်

မလေးရှားစာရင်းဌာန(DOSM)မှ ၂၀၁၇ တွင် ထုတ်ဝေသော နောက်ဆုံးစီးပွားရေးဆိုင်ရာ သုတေသနအရ မလေးရှား၏ SMEs စုစုပေါင်းအရေအတွက်သည် စုစုပေါင်းလုပ်ငန်းများ ၏ ၉၀၇,၀၆၅ သို့မဟုတ် ၉၈.၅ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့သည်။ အသေးစားလုပ်ငန်းများသည် မလေးရှား SMEs နှင့် ပတ်သက်သော တရားဝင်အနက်ဖွင့်ဆိုမှုတွင် ပါဝင်ကြောင်း မှတ်သားရန် အရေးကြီးသည်။ မလေးရှားတွင် SMEs များ၏ ၇၆.၅ ရာခိုင်နှုန်းသို့မဟုတ် အများစုသည် အသေးစားလုပ်ငန်းများဖြစ်ကြပြီး အငယ်စားနှင့် အလတ်စားလုပ်ငန်းများမှာ ၂၁.၂ ရာခိုင်နှုန်းနှင့် ၂.၃ ရာခိုင်နှုန်းသာလျှင် အသီးသီးရှိကြသည်။ 146 ဝန်ဆောင်မှုလုပ်ငန်းများမှာ အကြီးဆုံးကဏ္ဍဖြစ်ပြီး ၈၉.၂ ရာခိုင်နှုန်း သို့မဟုတ် ၈၀၉,၁၂၆ ခုကို ကိုယ်စားပြုသည်။

အသေးစားလုပ်ငန်းများ မပါဝင်ပါက တူညီသော အစီရင်ခံစာအရ အငယ်စားနှင့် အလတ်စားလုပ်ငန်းများမှာ ၂၁၃,၃၉၅ ရှိပြီး အငယ်စားလုပ်ငန်းများသည် ၉၀.၃ ရာခိုင်နှုန်းနှင့် အလတ်စားလုပ်ငန်းများမှာ ကျန်ရှိနေသော ၉.၇ ရာခိုင်နှုန်း ဖြစ်ကြောင်း ရှာဖွေတွေ့ရှိထားသည်။



ပုံ ၄.၆- SEs နှင့် MEs အရေအတွက်

၂၀၁၅ တွင် မလေးရှား၏ အမျိုးသမီးပိုင် SMEs များသည် ၂၀.၆ရာခိုင်နှုန်း သို့မဟုတ် ၁၈၆,၉၃၀ခု(အသေးစား လုပ်ငန်းများအပါအဝင်)သာလျှင်ရှိပြီး လုပ်ငန်းအများစု(၉၂.၇ရာခိုင်နှုန်း)မှာ ဝန်ဆောင်မှုလုပ်ငန်းများ ဖြစ်သည်။

မလေးရှားတွင် WSMEs နှင့်ပတ်သက်သော ပြင်ဆင်ထားသည့် တရားဝင်ကိန်းဂဏန်းများမရှိသောကြောင့် စာရေးသူများသည် မလေးရှားတွင် အမျိုးသမီးပိုင်အသေးစားမဟုတ်သော SMEs များသည် ၃၀,၀၀၀ မှ ၄၀,၀၀၀ အထိရှိနိုင်သည်ဟု ခန့်မှန်းထားသည်။



Source: "Economic Census 2016", Dept of Statistics Malaysia, Dec 2017, Stratos Estimates.

ပုံ ၄.၇- အမျိုးသမီးပိုင် SMEs ခန့်မှန်းအရေအတွက်

အစိုးရသည် အခြေခံအဆောက်အအုံများ၊ အကြံပေးများ၊ ငွေကြေးဆိုင်ရာ ပံ့ပိုးမှုအမျိုးအစားများနှင့် ပတ်သက်ပြီး SMEs များအား စီစဉ်ပေးရန်အတွက် Dasar Keusahawanan Nasional 2030 (နိုင်ငံတော် စီးပွားရေးလုပ်ငန်းများဆိုင်ရာမူဝါဒ ၂၀၃၀)ကဲ့သို့သော မူဝါဒအသစ်များ၊ အငယ်စားနှင့် အလတ်စားလုပ်ငန်း ကော်ပိုရေးရှင်းမလေးရှား(SME Corp.Malaysia ဟုခေါ်သော)နှင့် SME ဘဏ်များကဲ့သို့သော အဖွဲ့အစည်း အသစ်များဖြင့် မိတ်ဆက်ပေးခဲ့ပြီး ယခုကဏ္ဍနှင့်ပတ်သက်ပြီး ရှေ့သို့မောင်းနှင်ရာတွင် အခန်းကဏ္ဍတစ်ရပ်မှ ပါဝင်ခဲ့သည်။

COVID-19 သည် မလေးရှားတွင် SMEs များအကြား ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုမှုနှင့်ပတ်သက်ပြီး လှုံ့ဆော်ပေးခဲ့ကာ အကျပ်အတည်းကာလအတွင်းနှင့် အကျပ်အတည်းကာလအလွန် နေထိုင်မှုပုံစံသစ်အတွင်း ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုမှုကို အရေးကြီးသော ရပ်တည်မှုဆိုင်ရာ ကျွမ်းကျင်မှုအရည်အသွေးတစ်ရပ် အဖြစ် ခိုင်မာစေခဲ့သည်။

LSE ဆောင်းပါးမှ အကျပ်အတည်းကာလမတိုင်မီ မလေးရှားရှိ လုပ်ငန်းများသည် ဒစ်ဂျစ်တယ်နည်းပညာကို လက်ခံကျင့်သုံးမှုမပြုခဲ့ပဲ နောက်ကျကျန်နေကြကြောင်း ဖော်ပြခဲ့သည်။ မရှိမဖြစ်မဟုတ်သော အရေးမကြီးသည့် လုပ်ငန်းများကို ပိတ်သိမ်းရခြင်းများနှင့် ခရီးသွားလာမှုကန့်သတ်ချက်များဖြင့် ရင်ဆိုင်ရခြင်းများကြောင့် လုပ်ငန်းများသည် ဒစ်ဂျစ်တယ်နည်းပညာသို့ ပြောင်းလဲရန် ဖိအားပေးခြင်းခံရသည်။ သို့ရာတွင် LSE ဆောင်းပါး အရ ပြဿနာအများအပြားသည် ငွေကြေးစီးဆင်းမှုအပါအဝင် ဒစ်ဂျစ်တယ်နည်းပညာနှင့်ပတ်သက်သော ကုန်ကျစရိတ်နှင့် အသုံးပြုမှုတို့အပေါ်တွင် ဆက်လက်အကျိုးသက်ရောက်မှု ရှိနေသည်။

ငွေကြေးဆိုင်ရာနှင့် ကျားမဆိုင်ရာ ကန့်သတ်ချက်များကို ရင်းဆိုင်နေရသော WSMEs များအတွက် COVID-19 သည် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများကို ဖြစ်ပေါ်စေသည်။ စာရေးသူများသည် မလေးရှား၌ ဒစ်ဂျစ်တယ် နည်းပညာများကို လက်ခံကျင့်သုံးရာတွင် WSMEs များ၏ ကြိုးပမ်းမှုများနှင့်ပတ်သက်ပြီး အနီးကပ်ကြည့်ရှု ခဲ့ကာ ယင်းနှင့်စပ်လျဉ်းသည့် ကန့်သတ်ချက်များနှင့် အကျိုးစီးပွားများကို ပေါင်းစည်းလေ့လာခဲ့သည်။

၄.၃။ နည်းပညာ

SMEs များနှင့် ဒစ်ဂျစ်တယ်စီးပွားရေး၏ အရေးကြီးမှုများကြောင့် ယခုလေ့လာမှုသည် မလေးရှားတွင် WSMEs များအတွက် ဒစ်ဂျစ်တယ်နည်းပညာဖြင့် အခွင့်အလမ်းအသစ်များကို ဖန်တီးမှုနိုင်ရှိ/မရှိ ဆိုသည်နှင့် မည်သို့ဖန်တီးမည်ဆိုသည်နှင့်ပတ်သက်ပြီး စမ်းသပ်ထားသည်။ သုတေသန၏ အဓိက ရည်ရွယ်ချက်မှာ WSMEs များအကြား ဒစ်ဂျစ်တယ်နည်းပညာကို အသင့်တော်ဆုံးဖြစ်စေရန်အတွက် အသုံးပြုရန် အကြံပြုချက်များနှင့်ပတ်သက်ပြီး မူဝါဒချမှတ်သူများ၊ ပုဂ္ဂလိကအခန်းကဏ္ဍများနှင့် ပညာရှင်အဖွဲ့အစည်းများကို စီစဉ်ပေးရန် ဖြစ်သည်။

သုတေသနနှင့်ပတ်သက်သော ယုံကြည်မှု
လုပ်ငန်းများတွင် အမျိုးသမီးများအား ဒစ်ဂျစ်တယ်နည်းပညာနှင့် တီထွင်ဖန်တီးမှုဆိုင်ရာ စွမ်းဆောင်ရည်များဖြင့် ပေါင်းစပ်ပေးပြီး လုပ်ပိုင်ခွင့်ပေးခြင်းသည် (၁)ရေရှည်တည်တံ့ပြီး အကျိုးအမြတ်ရရှိနိုင်သော လုပ်ငန်းများကို တည်ဆောက်ရန်၊ (၂)အမျိုးသမီးများနှင့် အသိုက်အဝန်းများကို လုပ်ပိုင်ခွင့် ပိုမိုပေးရန်၊ (၃)လူမှုရေးနှင့် ဒစ်ဂျစ်တယ်စီးပွားရေးတိုးတက်မှုကို လှုံ့ဆော်ပေးရန် ဖြစ်သည်။

သုတေသနဆိုင်ရာ အယူအဆ
ဒစ်ဂျစ်တယ်နည်းပညာသည် ကျားမဆိုင်ရာ စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန် WSMEs များအတွက် အခွင့်အလမ်းသစ်များကို ပေးသည်။ သို့ရာတွင် ၎င်းသည် WSME ၏သက်တမ်းနှင့် အရွယ်အစားပေါ်မူတည်ပြီး ပြောင်းလဲနိုင်သည်။

အချက်အလက်စုဆောင်းမှု သုတေသနသည်
အောက်တွင် ဖော်ပြထားသည့်အတိုင်း အဓိက အစိတ်အပိုင်း ၃ ရပ်ဖြင့် အရည်အသွေးမီချဉ်းကပ်မှု နည်းလမ်းတစ်ရပ်ကို လက်ခံကျင့်သုံးထားသည်။ ကျယ်ပြန့်သော အင်တာဗျူးများကို ၂၀၂၀ ဇွန်၂၅ မှ ဇူလိုင်၂၂ အထိ WSME လုပ်ငန်းရှင်များဖြင့် ဆောင်ရွက်ထားသည်။

WSME များနှင့် အင်တာဗျူးများမှ ရှာဖွေတွေ့ရှိမှုများကို၂၀၂၀ August ၆ ရက်မှ ၂၄ ရက်အထိ ဆောင်ရွက်ခဲ့သော ပညာများနှင့် အင်တာဗျူးများနှင့်ပတ်သက်ပြီး လမ်းညွှန်ရန် အသုံးပြုခဲ့သည်။ အဆိုပါရှာဖွေတွေ့ရှိမှုများကို ၂၀၂၀ August ၂၅ ရက် ၌ ပြုလုပ်ကျင်းပခဲ့သော အကြံပေးဆွေးနွေးပွဲတွင် ဆွေးနွေးတင်ပြထားသော အရေးကြီးသည့်အမြင်များဖြင့် ပေါင်းစပ်ခဲ့သည်။ အမည်ဖော်ပြရန် သဘောတူထားသူများမှအပ ဖြေဆိုသူများနှင့် ဆွေးနွေးသူများ၏ အမည်များကို လျှို့ဝှက်ထားနိုင်ရန်အတွက် ထုတ်ဖော်ပြောကြားမှုပြုမည် မဟုတ်ပေ။

ပုံ ၄.၈– သုတေသနဆိုင်ရာ နည်းလမ်း

COVID-19 ကြောင့် အင်တာဗျူးအချို့ကို အွန်လိုင်းမှ ဆောင်ရွက်ခဲ့ရသည်။ သို့ရာတွင် အများစုသည် လူတွေ့အင်တာဗျူးရန် သဘောတူညီခဲ့သည်။ အကြံပေးဆွေးနွေးပွဲကို အစိုးရ၏ စည်းမျဉ်းများ ဖြေလျှော့မှုများကြောင့် ပြင်ပတွင် ကျင်းပနိုင်ခဲ့သည်။

သုတေသနဆိုင်ရာ စိန်ခေါ်မှုများ

စိုက်ပျိုးရေးကဏ္ဍသည် အမျိုးသားများလွှမ်းမိုးမှုများသောကြောင့် အဆိုပါကဏ္ဍမှ ဖြေကြားသူများကို စုဆောင်းရန်မှာ စိန်ခေါ်မှုရှိသည်။ ဖြေကြားသူအားလုံးသည် ကွာလာလမ်ပူနှင့် သီရိလင်္ကာတို့တွင် အခြေစိုက်ပြီး ဖြေဆိုရန်အတွက် ငြင်းဆိုမှုများရှိခဲ့သောကြောင့် ဒေသပြင်ပရှိ ဖြေကြားမည့်သူများနှင့် ချိတ်ဆက်နိုင်ရန် ကြိုးပမ်းမှုများပြုလုပ်ရာတွင် စိန်ခေါ်မှုများရှိခဲ့သည်။ သုတေသနမှ ရှာဖွေတွေ့ရှိမှုများသည် မြို့ပြရှိ ပညာတတ်အမျိုးသမီးများဖြစ်သည့် ဝင်ငွေအလယ်အလတ်နှင့်အထက်တွင်ရှိသော WSME လုပ်ငန်းရှင်များပေါ်တွင် အခြေခံသည်။ လုပ်ငန်းရှင်အများစုထံမှ ကျားမဆိုင်ရာ ပြဿနာများနှင့် စိန်ခေါ်မှုများနှင့်ပတ်သက်သော သတင်းအချက်အလက်များ စုဆောင်းရာတွင်လည်း ပိုမိုစိန်ခေါ်မှုများ ရှိခဲ့သည်။ ရှေးရိုးအယူအဆများကို လက်ခံကျင့်သုံးကြသော ပတ်ဝန်းကျင်တွင် အချို့သောကျားမဆိုင်ရာ ပြဿနာများနှင့်ပတ်သက်ပြီး ဖွင့်ဟပြောဆိုရန်မှာ လွန်စွာပုဂ္ဂိုလ်ရေးဆန်ပြီး ထိခိုက်လွယ်မှုကို ဖြစ်စေနိုင်သည်။

အမျိုးသမီးများအားလုံးသည် ပညာတတ်များကြပြီး အများအပြားသည် အရေးကြီးသော ကျားမဆိုင်ရာ စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်ရန်အတွက် အခက်အခဲများရှိတတ်ကြသောကြောင့် မိသားစုကွန်ရက်များ (လုပ်ငန်းမိတ်ဖက်၊ ခင်ပွန်း၊ မိဘ၊မောင်နှမ)ထံမှ ပံ့ပိုးကူညီမှုများ ယူကြရသည်။

အဆိုပါအင်တာဗျူးများတွင် ကဏ္ဍ(၄)ရပ် ပါဝင်သည်။

ပုံ ၄.၉- သုတေသနဆိုင်ရာ ကဏ္ဍများ

ထိုကဏ္ဍများသည် WSMEs များအတွက် လုပ်ငန်းဆိုင်ရာ ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုမှုနှင့် ပတ်သက်ပြီး အရေးကြီးသော အချက်များကို ကိုယ်စားပြုသောကြောင့် ရွေးချယ်ထားခြင်းဖြစ်သည်။ ဖြေကြားသူများထံမှ မှတ်ချက်များကို သတင်းအချက်အလက်များအဖြစ် သက်ဆိုင်ရာ ကဏ္ဍများတွင် ဖော်ပြထားသည်။

ထိုမှတ်ချက်တစ်ခုစီနှင့်ပတ်သက်ပြီး ကဏ္ဍ ၁၊ ၂၊ ၃ သို့မဟုတ် ၄ တို့နှင့် သက်ဆိုင်မှုရှိ/မရှိကို ခွဲခြားနိုင်ရန် ပိုမိုအသေးစိတ်ဆောင်ရွက်ထားသည်။ ထိပ်တန်းစိန်ခေါ်မှုများနှင့် အခွင့်အလမ်းများနှင့်ပတ်သက်ပြီး ထိုသတင်းအချက်အလက်များကို အသုံးပြုကာ ဖော်ထုတ်ထားသည်။

ရှာဖွေတွေ့ရှိမှုများကို သုတေသနဆိုင်ရာ ယူဆချက်များနှင့်ပတ်သက်ပြီး လေ့လာဆန်းစစ်ထားသည်။ လေ့လာမှုတွင် ကန့်သတ်ထားသော MEs များကြောင့် ခြုံငုံသုံးသပ်သော နည်းလမ်းကို အသုံးပြုထားသည်။ ပညာရှင်များဖြင့် အင်တာဗျူးများသည် ကဏ္ဍ ၄ ရပ်

နှင့်သက်ဆိုင်သော WSMEs များမှ ဖော်ပြထားသော စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန် လိုအပ်သော အဆင့်များကို ဖော်ထုတ်ရန်နှင့် SME နှင့် ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုမှုဆိုင်ရာ ဂေဟစနစ်နှင့်ပတ်သက်ပြီး ပိုမိုနားလည်သိရှိစေရန်တို့အတွက် အမျိုးမျိုးသော ပါဝင်ပတ်သက်သူများဖြင့် ဆောင်ရွက်ခဲ့သည်။ အမျိုးသမီးဦးဆောင်သော SMEs များမှာ ဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာ အများဆုံးအလားအလာများကို မည်သို့ ရရှိနိုင်ကြောင်းနှင့်ပတ်သက်သော လက်တွေ့ကျသည့် အကြံပြုချက်များနှင့် အဖြေရှာမှုများကို ဖန်တီးနိုင်ရန်အတွက် WSMEs များနှင့် ပညာရှင်များထံမှ ရှာဖွေတွေ့ရှိမှုများကို အကြံပေးဆွေးနွေးပွဲသို့ ယူဆောင်လာခဲ့သည်။

ဖြေကြားသူများနှင့်ပတ်သက်သောအကြောင်း WSME လုပ်ငန်းရှင်များ၏ အတိုချုပ် profile
ဝန်ဆောင်မှု၊ ထုတ်လုပ်မှုနှင့် တည်ဆောက်မှု ကဏ္ဍ၃ရပ်မှ WSME လုပ်ငန်းရှင် ၁၈ ဦးကို အင်တာဗျူးခဲ့သည်။ ကဏ္ဍခွဲ ၁၆ ခု ကိုအတူတကွ တင်ပြထားသည်။ ကဏ္ဍများရှိ လုပ်ငန်းအမျိုးအစားများအား (လိုအပ်ပါက) လုပ်ငန်းသဘောသဘာဝအရ ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုမှုတွင် ကွဲပြားမှုများနှင့်ပတ်သက်ပြီး အကဲဖြတ်နိုင်ရန် ရည်ရွယ်သည်။

Services - 14; Manufacturing - 3; Construction -1

ပုံ ၄.၁၀- အင်တာဗျူးထားသော WSMEs ကဏ္ဍများ

Subsectors

ပုံ ၄.၁၁- အင်တာဗျူးထားသော WSMEs ကဏ္ဍခွဲများ

ကုမ္ပဏီ ၁၆ ခုသည် SEs များကို ကိုယ်စားပြုပြီး ၂ ခုသည် MES များကို ကိုယ်စားပြုသည်(ဗိသုကာနှင့် အစားအသောက်နှင့် အဖျော်ယမကာထုတ်လုပ်သောကုမ္ပဏီ၁ခု) ဖြစ်သည်။ Mes များသည် SME များနှင့် ပတ်သက်သော ဂေဟာစနစ်၏ ခန့်မှန်းခြေ၁၀ရာခိုင်နှုန်းတွင် ပါဝင်သည်။ ကုမ္ပဏီ၂ ခုသည် နှစ်စဉ် မြင့်မားသော ဝင်ငွေ RM3 မီလီယမ်နှင့်အထက် ရှိသော်လည်း ၎င်းတို့သည် လုပ်သား ၃၀ အောက်နည်းသောကြောင့် MEs များထက်ပိုပြီး SEs အဖြစ် အမျိုးအစားခွဲထားသည်။

လုပ်ငန်းများ၏ သက်တမ်းသည် ၃ နှစ်မှ ၃၁ နှစ်အထိရှိကြပြီး အလုပ်သမား ၅ ဦးမှ ၅၀ အထိ ခန့်အပ် ထားသည်။ ဖြေဆိုသူများ၏ အသက်သည် ၃၀ နှစ် ၆ ဦး၊ ၄၀ နှစ် ၅ ဦးနှင့် ၅၀ နှစ် ၇ ဦးရှိကြသည်။

Age of WSME Respondents



In their 30s - 6; In their 40s - 5; In their 50s - 7

Age of Company

Less the 10 - 9; 10 to less than 20 years - 4; 20 years and above - 5

ပုံ ၄.၁၂- အင်တာဗျူးထားသော WSMEs ကဏ္ဍများ(ဆက်ရန်)

Brief Profile of Experts Interviewed

Women Associations Expert (1)	SME / Entrepreneurship Expert (1)	Digital Transformation Expert (2)
Women's Entrepreneur Association Representative	Educator / Founder of International Schools	Banker / Organizer of Business Accelerator
		Alternative Financing Operator

ပုံ ၄.၁၃- အင်တာဗျူးထားသော ပညာရှင်များ၏ ပရိုဖိုင်း

အထက်ပါပုံတွင် ဖော်ပြထားသည့်အတိုင်း အင်တာဗျူးများအတွက် ပညာရှင် ၄ ဦးကို ရွေးချယ်ခဲ့သည်။ နိုင်ငံ၏ ဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာ ဂေဟာစနစ်နှင့်ပတ်သက်သော ၎င်းတို့၏ ကျယ်ပြန့်သော ဗဟုသုတနှင့် အတွေ့အကြုံတို့ပေါ်တွင်အခြေခံပြီး ရွေးချယ်ထားသည်။ ပညာရှင်များဖြင့် အင်တာဗျူးများသည် ယေဘူယျ အားဖြင့် SMEs များမှ ရင်ဆိုင်ရသော စိန်ခေါ်မှုများ၊ ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုမှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု များ၊ SME ဂေဟာစနစ်များနှင့်ပတ်သက်ပြီး ပိုမိုသိရှိနားလည်ရန်အတွက် ဆောင်ရွက်ထားသည်။

ပညာရှင်များသည် ထိုစိန်ခေါ်မှုများကို ကျော်လွှားရန် အချို့မဟာဗျူဟာများကို ဖော်ထုတ်ထားသည်။ ဖြေဆိုသူများကို WSME အင်တာဗျူးများမှ အရေးကြီးသော ရှာဖွေတွေ့ရှိမှုများအတွက် အလေးပေးမေးမြန်း ထားကာ ကဏ္ဍ ၄ ရပ်၏ အမျိုးမျိုးသော အချက်အလက်များနှင့်ပတ်သက်ပြီး အင်တာဗျူးထားသည်။

၄.၄။ အင်တာဗျူးများမှ ရှာဖွေတွေ့ရှိမှုများ

ငွေကြေးရရှိမှု-ချေးငွေရရှိရန်အတွက် ရွေးချယ်မှု မရှိသောကြောင့် မိမိငွေကြေးဖြင့် လုပ်ငန်းမတည်ခြင်း

WSME လုပ်ငန်းရှင်အများအပြားသည် လုပ်ငန်းများအတွက် ငွေကြေးမတည်ရန် လည်ပတ်နေသော အမြတ်ငွေများကို အသုံးပြုရန် ထည့်သွင်းစဉ်းစားကြသည်။ ရှာဖွေတွေ့ရှိထားသော ငွေကြေးမတည်မှုဆိုင်ရာ အခြားရွေးချယ်မှုများတွင် ဘဏ်ချေးငွေနှင့် အစိုးရထောက်ပံ့ကြေးများ ပါဝင်သည်။



ပုံ ၄.၁၄- ငွေကြေးရရှိမှုရင်းမြစ်

လုပ်ငန်းရှင်အများစု(၁၈ ဦးအနက် ၁၇ ဦး)သည် အတွင်းပိုင်းမှ ငွေကြေးရရှိမှုနည်းလမ်းမှုကို အသုံးပြုကြပြီး ၅ ဦးသာလျှင် ဘဏ်ချေးငွေကို အသုံးပြုသည်။ ၃ ဦးသည် ဘဏ်ချေးငွေနှင့် အစိုးရထောက်ပံ့ကြေး နှစ်မျိုးလုံးကို အသုံးပြုသည်။ ဘဏ်ချေးငွေအသုံးပြုနှုန်းနိမ့်ပါးခြင်းသည် WSMEs များအကြား စွန့်စားလိုမှု မရှိသော သဘောထားကိုဖော်ပြသည်။

လုပ်ငန်းသက်တမ်း နှစ် ၃၀ နှစ်ရှိပြီး လုပ်ငန်းရှင်များအကြား ခန့်မှန်းဝင်ငွေအမြင့်ဆုံးရရှိထားသော လုပ်ငန်းပိုင်ရှင်သည် ငွေချေးခြင်းကို ကန့်ကွက်ကာ မိမိငွေဖြင့်သာ မတည်ခဲ့ကြောင်း လေ့လာတွေ့ရှိခဲ့ရသည်။

> “လုပ်ငန်းအတွက် မိမိငွေကြေးဖြင့်သာ မ,တည်ထားသည်။ customer များရှိပြီး ကုန်ကြမ်းဝယ်ယူရန် လိုအပ်သောကြောင့် ဘဏ်ချေးငွေလျှောက်ထားရန် ကြိုးစားခဲ့သည်။ စက်ရုံဖြစ်သောကြောင့် ကုန်ကြမ်းများမှာ လွန်စွာဈေးကြီးသည်။ လုပ်ငန်းဆိုင်ရာ အဆိုပြုလွှာရေးပြီး ဘဏ်သို့ပေးပို့ခဲ့သော်လည်း ငွေကြေးစီးဆင်းမှုကောင်းမွန်မှုမရှိဟု ဆိုခဲ့သည်။ ငွေကြေးစီးဆင်းမှုကောင်းမွန်သော လုပ်ငန်းဖြစ်ပါက ငွေချေးမည် ဖြစ်သည်။
>
> (ထုတ်လုပ်သော SME ပိုင်ရှင်)

လုံလောက်သော အတွင်းပိုင်းမှ ငွေကြေးရရှိမှုများသည် အခြားငွေကြေးရရှိနိုင်သော ရွေးချယ်မှုနည်းလမ်းများကို အသုံးမပြုခြင်း၏ အကြောင်းပြချက်တစ်ရပ် ဖြစ်သည်။ ငွေကြေးလိုအပ်ပါက မိသားစုဝင်များထံမှ အကူအညီရယူကြသည်။

၎င်းတို့အနေဖြင့် ချေးငွေရရှိမှုအတွက် အရည်အသွေးမီရန် အမြတ်ကို ဖော်ပြရန်လိုအပ်သောကြောင့် ဘဏ်ချေးငွေရရှိမှုဆိုင်ရာ အခက်အခဲသည် ထုတ်လုပ်မှု WSMEs များအတွက် စိန်ခေါ်မှုတစ်ရပ် ဖြစ်သည်။ ၎င်းတို့သည် အထူးသဖြင့် လုပ်ငန်း၏ အစောပိုင်းနှစ်များတွင် စက်ပစ္စည်းများဝယ်ယူရန် များစွာ ရင်းနှီးမြှုပ်နှံထားသောကြောင့် အတွင်းပိုင်းငွေကြေးရင်းမြစ်များကို ကန့်သတ်ထားပြီးဖြစ်သဖြင့် ငွေကြေးအဖွဲ့အစည်းများမှ ချမှတ်ထားသော ချေးငွေရရှိမှုဆိုင်ရာ အချက်အလက်များကို မပြည့်မီနိုင်ပေ။

ဘဏ်ချေးငွေများကို ပြည်တွင်းဘဏ်များထံမှ အများဆုံးရရှိကြသည်။ သို့ရာတွင် လုပ်ငန်းရှင်တစ်ဦးမှ ချေးငွေလျှောက်ရန်အတွက် စာရွက်စာတမ်းများစွာ ပြင်ဆင်လျှောက်ထားရကြောင်း မှတ်ချက်ပေးခဲ့သည်။

အစိုးရထောက်ပံ့ကြေးနှင့် ချေးငွေများနှင့် ပတ်သက်ပြီး လုပ်ငန်းရှင်များသည် the Ministry of Entrepreneur Development and Cooperatives (MEDAC), Ministry of International Trade and Industry (MITI), နှင့် **MOSTI** တို့ကဲ့သို့သော အမျိုးမျိုး သော ဝန်ကြီးဌာနများအောက်ရှိ အေဂျင်စီများထံမှ ငွေကြေးကို အသုံးပြုကြသည်။

ထိုအချက်များသည် ထောက်ပံ့ကြေးများစီစဉ်ရန် အစိုးရမှ ပြဋ္ဌာန်းထားသော ဝန်ကြီးဌာနများအကြား ဆောင်ရွက်ရန် ဖြစ်သည်။ ပမာဏနှင့် ငွေကြေး ပံ့ပိုးမှုအမျိုးအစားသည် အေဂျင်စီများအလိုက် ပြောင်းလဲမှုရှိသည်။

ကဏ္ဍ-၁-ငွေကြေးရရှိမှု

WSMEsများမှ ငွေကြေးမတည်မှုဆိုင်ရာ အခွင့်အလမ်း သစ်များကို ငြင်းပယ်ထားသော်လည်း ထုတ်လုပ်မှု ဆိုင်ရာ လုပ်ငန်းရှင်များမှအသုံးပြုသော အဖွဲ့အစည်း များအတွက် စီစဉ်ပေးသည့် ထောက်ပံ့ကြေးများ

ငွေကြေးရရှိမှုဆိုင်ရာ နယ်ပယ်တွင် ဒစ်ဂျစ်တယ် နည်းပညာအသုံးပြုမှုသည် အခွင့်အလမ်းအသစ် များစွာ ယူဆောင်လာပေးသောကြောင့် ထိုအခွင့် အလမ်းများကို လုပ်ငန်းရှင်များမှ ကောင်းစွာ အသုံးပြုခဲ့သည်။ အစိုးရမှ စီမံခန့်ခွဲသော R&D နှင့် ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုစီစဉ်ပေးသော ထောက်ပံ့ကြေးများမှအပ ရှယ်ယာတန်ဖိုးနှင့် ပတ်သက်သော အများထံမှငွေချေးခြင်း (ECF) အွန်လိုင်းမှငွေချေးခြင်း (P2P) နှင့် ဒစ်ဂျစ်တယ် အသေးစားငွေချေးမှုများကဲ့သို့သော အခြားငွေကြေး ရရှိမှုဆိုင်ရာ နည်းလမ်းများကို WSME လုပ်ငန်းရှင် များမှ အသုံးမပြုခဲ့ပေ။

ထုတ်လုပ်မှုဆိုင်ရာ လုပ်ငန်းရှင်များသည် အသစ်ဖြစ် သော ဇီဝနည်းပညာနှင့် ဓါတုဗေဒဆိုင်ရာ ထုတ်ကုန် များကို ထုတ်လုပ်သောကြောင့် ထုတ်လုပ်မှုလုပ်ငန်း ၃ ခုအနက် ၂ ခုသည် R&D ထောက်ပံ့ကြေးနှင့် အစိုးရ ထံမှ အတိုးနှုန်းသက်သာသော ချေးငွေများကို အသုံးပြုသဖြင့် ထိုထောက်ပံ့ကြေးများကို အခြား လုပ်ငန်းရှင်များမှ မရရှိပေ။

New Available Opportunities	Adopted by WSMEs	
Private Equity	NO	
Venture Capital	NO	
Invoice Financing	NO	
Equity Crowdfunding	NO	
P2P Lending	NO	
Innovation Grants	YES	• R&D grants from goverment (2 WSMEs - utilizing) • Digitalization grants from government (1 WSME - sought)
Women-focused Grants	NO	
Digital Micro Financing	NO	

ပုံ ၄.၁၅- WSMEs များမှ လက်ခံကျင့်သုံးသော အခွင့်အလမ်းများ vs ငွေကြေးရရှိမှု နှင့်ပတ်သက်သော အခွင့်အလမ်းသစ်များ

၎င်းသည် ထုတ်လုပ်မှုမဟုတ်သော လုပ်ငန်းများနှင့် နည်းပညာမဟုတ်သောလုပ်ငန်းများကို ရည်ရွယ်သော ထောက်ပံ့ကြေးများကို မရရှိသောကြောင့် ဖြစ်နိုင်သည်။

MOSTI R&D Fund160, the MOSTI International Collaboration Fund161, MDeC Global Tech Fund162, the Malaysian Technology Development Corporation's (MTDC) Commercialisation of R&D Fund163, the MTDC Technology Acquisition Fund and the Biotechnology Transformation program Fund,164 တို့ကဲ့သို့သော မလေးရှားတွင် အဖွဲ့အစည်းများကိုပေးသော ထောက်ပံ့ကြေးများသည် နည်းပညာဆိုင်ရာ သို့မဟုတ် ထုတ်လုပ်မှုဆိုင်ရာ လုပ်ငန်းများကို ရည်ရွယ်သည်။

နည်းပညာမဟုတ်သော ဝန်ဆောင်မှုလုပ်ငန်းများ (ဥပမာ–F&B၊ ဆောက်လုပ်မှုဆိုင်ရာ စီမံခန့်ခွဲမှုနှင့် ပုံနှိပ်လုပ်ငန်းများ)သည် ထိုအခွင့်အရေးများရရှိရန် အခွင့်အလမ်းနည်းပါးကြသည်။

ဝန်ဆောင်မှုဆိုင်ရာ လုပ်ငန်းရှင်တစ်ဦးသည် MDeC ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုမှုဆိုင်ရာ ထောက်ပံ့ကြေးအတွက် လျှောက်ထားခဲ့သော်လည်း လျှောက်ထားသည့် နည်းလမ်းများမှာ ရှင်းလင်းမှုမရှိခြင်းနှင့် အင်တာဗျူးအချိန်အထိ ငွေလက်ခံမရရှိသေးခြင်း စသော လျှောက်ထားမှုဖြစ်စဉ်နှင့်ပတ်သက်သော အဆင်မပြေမှုများကို ကြုံတွေ့ခဲ့ရကြောင်း ပြောကြားခဲ့သည်။

လုပ်ငန်းရှင် ၁၈ ဦးအနက် ၁၅ ဦးသည် အခြားသော ငွေကြေးဆိုင်ရာ ရွေးချယ်မှုနည်းလမ်းများနှင့် ပတ်သက်ပြီး ကြားဖူးသော်လည်း အဆိုပါရွေးချယ်မှုများကို အသုံးမပြုခဲ့ပေ။ အခြားငွေကြေးရရှိမှု နည်းလမ်းများသည် အတိုးနှုန်းများခြင်း(P2P ငွေချေးမှု)၊ ရင်းနှီးမြှုပ်နှံသူများကို မယုံကြည်ရခြင်းနှင့် ကုမ္ပဏီ၏ ကိုယ်ပိုင်စီမံခန့်ခွဲပိုင်ခွင့် ဆုံးရှုံးခြင်းစသော ဆိုးကျိုးများလည်း ရှိနိုင်သည်။

ငွေကြေးအဖွဲ့အစည်းများနှင့်နှိုင်းယှဉ်ပါက အခြားငွေကြေးကဏ္ဍတွင် လုပ်ငန်းရှင်များအတွက် ကာကွယ်ပေးမှုနှင့်ပတ်သက်ပြီး သံသယရှိနေဆဲပင် ဖြစ်သည်။ ECF နှင့် P2P နှင့်ပတ်သက်သော စည်းမျဉ်းမူဘောင်များကို securities commission (SC)မှ ချမှတ် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။

လုပ်ငန်းရှင် ၂ ဦးမှ တိုးတက်မှုနှင့် အမြတ်များအကြား ကွာဟမှုများနှင့်အတူ လုပ်ငန်းရင်းနှီးငွေ(VC)နှင့် ပတ်သက်သော စိုးရိမ်ပူပန်မှုများကို တင်ပြခဲ့သည်။ အခြားငွေကြေးရရှိမှုနှင့်(VC)တို့နှင့်ပတ်သက်သော အမြင်များသည် မလေးရှားရှိ WSMEs များအကြား ဒစ်ဂျစ်တယ်ငွေရရှိမှုဆိုင်ရာ ဂေဟစနစ်နှင့် ပတ်သက်ပြီး ရေပန်းစားစေရန် ကြိုးပမ်းမှုတွင် အရေးကြီးသော အတားအဆီးအချို့ဖြစ်သည်။

ငွေချေးခြင်းနှင့် ရှယ်ယာတန်ဖိုးမျှဝေခြင်းတို့နှင့် ပတ်သက်ပြီး ပြင်ထန်စွာဆန့်ကျင်ခြင်းနှင့် အသိပညာမရှိခြင်းတို့သည် WSMEs များအား ချေးငွေအတွက် အခွင့်အလမ်းသစ်များရရှိမှုမှ ဟန့်တားထားခြင်း

အစိုးရထံမှ ငွေကြေးရရှိမှုနှင့် အခြားမှ ငွေကြေးရရှိမှုများနှင့်ပတ်သက်ပြီး အမြင်မှားရှိနေကြောင်း ဖော်ပြချက်များအရ ငွေကြေးရရှိမှုနှင့်ပတ်သက်သော အသိပညာမရှိကြကြောင်း သိရှိနိုင်သည်။

“

မိမိသည် ငွေချေးမှုကို ဆန့်ကျင်သည်(လုပ်ငန်းအတွက်)။ ပိုင်ဆိုင်မှုအတွက်ဆိုလျှင်မူ အဆင်ပြေသည်။ သင်သည် လုပ်ငန်းရှင်ဖြစ်ပါက လုပ်ငန်းရေရှည်တည်တံ့ရန် လိုအပ်သည်။ မိမိသည် ငွေချေးခြင်းကို အမြဲတစေဆန့်ကျင်သည်။
(ပိုင်ဆိုင်မှုဆိုင်ရာ စီမံခန့်ခွဲသော SME ပိုင်ရှင်)

Common Challenges	Faced by WSMEs	
Awareness	YES	● Lack of awareness on the mechanisms of alternative funding (13 WSMEs)
Skills	NO	
Regulation	NO	
Language	NO	
Resources	YES	● Lack of time and resources to work on supporting documents (2 WSMEs)
Gender related	NO	
Leadership	NO	
Knowledge	NO	
Other	● Culture/mindset against borrowing and offering company equity to external parties (7 WSMEs) ● Limited/irrelevant features by the funder/funding platform (2 WSMEs)	

ပုံ ၄.၁၆– WSMEs များမှ ငွေကြေးရရှိမှုဆိုင်ရာ အခွင့်အလမ်းသစ်များနှင့်ပတ်သက်သော စိန်ခေါ်မှုများ

WSME လုပ်ငန်းများသည် လုပ်ငန်းအတွက် ငွေချေးလိုခြင်းမရှိကြပဲ ကုမ္ပဏီ၏ ရှယ်ယာတန်ဖိုးများကို ပြင်ပရင်းမြှပ်နှံသူများအား ပေးကြသည်။ လုပ်ငန်းရှင်များသည် (၁)ငွေကြေးမတည်မှုအတွက် လုပ်ငန်းဆိုင်ရာ ကုန်ကျစရိတ်စီမံခန့်ခွဲမှုကို ဦးစားပေးရန်၊ (၂)ပြင်ပမှ ငွေကြေးရရှိမှုထက် အတွင်းပိုင်းမှ ငွေကြေးရရှိရန်အတွက် ဦးစားပေးရန်၊ (၃)တိုးတက်မှုထက် ရေရှည်တည်တံ့မှုကို ဦးစားပေးရန်၊ (၄)ပြင်ပမှ ငွေချေးမည့်သူများကို ရှောင်ကြဉ်ရန်တို့ကို ပိုမိုဦးစားပေးကြသည်။

ငွေကြေးရရှိမှုနည်းလမ်းအသစ်များနှင့်ပတ်သက်သော ၎င်းတို့၏အမြင်များအပေါ် ခိုင်မာစွာ အကျိုးသက်ရောက်မှုရှိသော အယူအဆတစ်ရပ် ရှိသည်။ ပြင်ပမှ ချေးငွေရယူရန် လှုံ့ဆော်မှုမရှိခြင်းသည် ကွဲပြားသောချေးငွေရရှိမှုနည်းလမ်းများကို ရှာဖွေရန်အတွက် ဟန့်တားထားသည်။

ဒစ်ဂျစ်တယ်စီးပွားရေးဂေဟစနစ်အတွင်း ငွေကြေးရရှိရန်နှင့်ပတ်သက်ပြီး လုပ်ငန်းရှင်များရင်ဆိုင်နေရသော အခြားစိန်ခေါ်မှုများတွင် ထောက်ပံ့ကြေးလျှောက်ထားရန် ရင်းမြစ်မရှိခြင်းနှင့် ငွေကြေးရရှိမှုဆိုင်ရာ ပလက်ဖောင်း၏ ကန့်သတ်ထားသည့် သို့မဟုတ် မသက်ဆိုင်သည့် အင်္ဂါရပ်များပါဝင်သည်။

လွန်ခဲ့သောနှစ်များက GoFundMe နှင့် Kickstarter တို့ကို အကောင်အထည်ဖော်ခဲ့သော လုပ်ငန်းရှင်တစ်ဦးသည် မလေးရှားရှိ ဘဏ်စာရင်းများသည် အဆိုပါပလက်ဖောင်းများနှင့်ပတ်သက်ပြီး ပူးပေါင်းဆောင်ရွက်ခြင်းမရှိခဲ့ကြောင်း ဖော်ပြခဲ့သည်။

ကဏ္ဍ–၂–သင်ကြားပြသမှု၊ ကွန်ရက်ချိတ်ဆက်မှုနှင့် ကျွမ်းကျင်မှုများ
ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုမှုသည် WSMEs များအတွက် သင်ကြားမှုနှင့် ကွန်ရက်ချိတ်ဆက်မှုတို့နှင့်ပတ်သက်ပြီး ဖန်တီးပေးခြင်း

ဒစ်ဂျစ်တယ်သင်ကြားမှုသည် သင်ကြားပြသမှု၊ ကွန်ရက်ချိတ်ဆက်မှုနှင့် သင်ကြားမှုနယ်ပယ်တို့ရှိ အခွင့်အလမ်းသစ်များကို ကောင်းစွာအသုံးပြုကြောင်း ထင်ရှားသည်။ လုပ်ငန်းရှင်များသည် သက်ဆိုင်သော ခေါင်းစဉ်များနှင့်ပတ်သက်သော ဗီဒီယိုများကြည့်ရန်၊ အွန်လိုင်းဆွေးနွေးပွဲများကို နားထောင်ရန်နှင့် သင်ကြားပြသသူများနှင့် သင်တန်းသားများကို ဆက်သွယ်ပေးရန်တို့အတွက် ဒစ်ဂျစ်တယ် tools အသုံးပြုမှုများနှင့်ပတ်သက်ပြီး အရှိန်မြှင့်ထားသည်။

New Available Opportunities	Adopted by WSMEs	
Wider access to successful women (locally & globally)	NO	
Instant / easy communication	YES	• Networking through social media (3 WSMEs) • Contacting mentors through social media (1 WSMEs)
Virtual events	NO	
Easy low cost access to international professional networks	YES	
Virtual training	YES	
E-Learning	YES	• R&D grants from goverment (2 WSMEs - utilising) • Digitalization grants from government (1 WSME - sought)
Webinars	YES	

ပုံ ၄.၁၇– WSMEs များမှ လက်ခံကျင့်သုံးသော သင်ကြားပြသမှု၊ ကွန်ရက်ချိတ်ဆက်မှုနှင့် ကျွမ်းကျင်မှုများနှင့်ပတ်သက်သော အခွင့်အလမ်းသစ်များ

“

Google နှင့် YouTube တို့ကို အသုံးပြုပြီး အကြောင်းအရာအသစ်များကို သင်ယူပါ။ သင်းတန်းတက်ပါက ငွေကြေးကုန်ကျနိုင်သည်။
(ပိုင်ဆိုင်မှုဆိုင်ရာ စီမံခန့်ခွဲသော SME ပိုင်ရှင်)

ကမ္ဘာလုံးဆိုင်ရာတိုင်းတာမှုအရ အောင်မြင်သော အမျိုးသမီးများနှင့် ပညာရှင်များ၏ ကွန်ရက်များဖြင့် လွယ်ကူစွာဆက်သွယ်နိုင်သော အခွင့်အလမ်းများကို လုပ်ငန်းရှင်များမှ ကျယ်ပြန့်စွာ အသုံးမပြုကြပေ။ ထိုသို့အခွင့်အလမ်းများကို အသုံးမပြုကြခြင်းမှာ အထူးသဖြင့် နိုင်ငံခြားတိုင်းပြည်များတွင် လုပ်ငန်းများနှင့်ပတ်သက်ပြီး ဆုံးရှုံးမည်ကို စိုးရိမ်ကြသောကြောင့် ဖြစ်နိုင်သည်။

ဒစ်ဂျစ်တယ်သင်ကြားမှုနှင့်ပတ်သက်သော ကနဦးသတ်ချက်များနှင့် ပြင်ပမှ သင်ကြားပြသူများအား ယုံကြည်မှုမရှိခြင်း

WSME လုပ်ငန်းရှင်များသည် လုပ်ငန်းစီမံခန့်ခွဲမှုများနှင့် လုပ်ငန်းဆိုင်ရာ ခေါင်းစဉ်များနှင့်ပတ်သက်သော အွန်လိုင်းဆွေးနွေးပွဲများကို တက်ရောက်ရာတွင် ၎င်းတို့အနက် အနည်းငယ်သည်သာ virtual platforms များသည် ပြင်ပတွင်သင်ကြားမှုလောက် ကောင်းမွန်မှု မရှိကြောင်း ခံစားခဲ့ရသည်။

Common Challenges	Faced by WSMEs
Awareness	NO
Digital Literacy	NO
Language	NO
Available of Trainings	NO
Gender Related	NO
Leadership	NO
Resources	NO
Other	• Interior to non-digital learning experience (3 WSMEs) • Distrust over external mentors (2 WSMEs) • Favor-trading culture in online networking groups (1 WSMEs)

ပုံ ၄.၁၈– WSMEs များအကြား သင်ကြားပြသမှု၊ ကွန်ရက်ချိတ်ဆက်မှုနှင့် ကျွမ်းကျင်မှုဆိုင်ရာ အခွင့်အလမ်းများနှင့်ပတ်သက်သော စိန်ခေါ်မှုများ

ဥပမာ–စာသင်ခန်းသည် အကြောင်းအရာအသစ်များ သင်ယူရန်အတွက် နည်းပြဖြင့် တိုက်ရိုက်ဆက်သွယ်နိုင်သည်။

ဒစ်ဂျစ်တယ်သင်ကြားမှုအတွက် မိမိကိုယ်မိမိ စည်းကမ်းသတ်မှတ်ပေးထားရန် လိုအပ်သည်။ ထုတ်လုပ်မှုကဏ္ဍမှ လုပ်ငန်းရှင်များသည် ထိခိုက်မခံနိုင်သော သတင်းအချက်အလက်များကို ဖော်ထုတ်မိနိုင်သောကြောင့် ပြင်ပမှ သင်ကြားပြသသူများဖြင့် ဆွေးနွေးရန် အဆင်မပြေပေ။

တတိယအဖွဲ့အစည်းများထံမှ အကြံပြုချက်များနှင့် သင်ကြားပြသမှုများကို ရှာဖွေရန် မလိုလားခြင်းသည် အွန်လိုင်းမှ သင်ကြားပြသမှုကွန်ရက်များ သို့မဟုတ် လူမှုမီဒီယာများကဲ့သို့သော သီးသန့်မဟုတ်သည့် ပလက်ဖောင်းများမှတဆင့် သင်ကြားပြသမှု ရှာဖွေနိုင်ရန်အတွက် ၎င်းတို့အား ဟန့်တားခြင်းခံရသည်။

အချို့အွန်လိုင်းလုပ်ငန်းများဆိုင်ရာ ကွန်ရက်ချိတ်ဆက်မှုအဖွဲ့များသည် လုပ်ငန်းကိစ္စများအတွက် ဗဟုသုတမျှဝေရန်သာ လိုလားကြကြောင်း ဖော်ပြခဲ့သည်။ ၎င်းသည် လုပ်ငန်းရှင်များအား တရားဝင်ကုန်သွယ်မှုအဖွဲ့အစည်းများမှတဆင့် ကွန်ရက်ချိတ်ဆက်ဆောင်ရွက်သည့် နည်းလမ်းများကို ကြိုးစားစမ်းသပ်ရန် စေ့ဆော်ပေးခဲ့သည်။

> “
>
> မိမိသည် အွန်လိုင်းမှဆွေးနွေးပွဲများ တက်ရောက်ခဲ့သော်လည်း ၎င်းတို့သည် တစ်ဘက်တည်းဆက်သွယ်မှု ဖြစ်သည်။ ၎င်းသည် အသုံးဝင်သော်လည်း အတိုင်းအတာတစ်ခုအထိသာ ဖြစ်သည်။ သင်၏ အမှားများကို ထောက်ပြနိုင်ရန်အတွက် ဆရာ–ကျောင်းသား တိုက်ရိုက်သင်ကြားမှုရှိရန် လိုအပ်သည်။
>
> (Owner of cosmetics retail SME)

“

မိမိကို သင်ကြားပြသနိုင်သောသူ တစ်ဦးတစ်ယောက်ကိုမျှ ရှာမတွေ့နိုင်ပေ။ တစ်စုံတစ်ဦး၏ သင်ကြားပြသမှု ခံယူရန်အတွက် ရှာဖွေရန် မလွယ်ကူပေ။
(Owner of cosmetics retail SME)

ကဏ္ဍ-၃-လုပ်ငန်းဖြစ်စဉ်များနှင့် စီမံခန့်ခွဲမှု ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုခြင်းသည် လုပ်ငန်းဖြစ်စဉ်များနှင့် စီမံခန့်ခွဲမှုများအတွက် အကျိုးထိရောက်မှုရှိစေခြင်း

လုပ်ငန်းရှင်များသည် လုပ်ငန်းဖြစ်စဉ်များအတွက် လူမှုမီဒီယာဈေးကွက်များ၊ တရားဝင်ဝက်ဘ်ဆိုဒ်များ နှင့် စာရင်းကို ငွေဆော့ဝဲလ်များကို အသုံးပြုကြသည်။ ဝယ်ယူမှုစနစ်များ၊ ပံ့ပိုးမှုကွင်းဆက်ဆိုင်ရာ စီမံခန့်ခွဲမှုစနစ်များ၊ CRM စနစ်များနှင့် အချက်အလက်စီစစ်မှုစနစ် များကဲ့သို့သော အတွင်းပိုင်းလုပ်ငန်းဖြစ်စဉ်များတိုးတက်စေရန် ဒစ်ဂျစ်တယ် tools များကို WSMEs များမှ အသုံးပြုကြသည်။

ယေဘူယျအားဖြင့် လူမှုကွန်ရက်အသုံးပြုပြီး ဈေးကွက်ရှာဖွေမှုသည် customer များစွာ ရရှိစေပြီး ကုန်ကျစရိတ်နည်းပါးကာ အကျိုးထိရောက်မှုရှိသောကြောင့် လုပ်ငန်းရှင်များအကြား ရေပန်းစားသည်။

တရားဝင်ဝက်ဘ်ဆိုဒ် သို့မဟုတ် အွန်လိုင်းလုပ်ငန်း ပရိုဖိုင်းတစ်ခု ဖန်တီးနိုင်ရန်အတွက် Google My Business ကဲ့သို့သော Wix နှင့် free tools စသော ကုန်ကျစရိတ်အနည်းငယ်ဖြင့် ဝက်ဘ်ဆိုဒ် တည်ဆောက်နိုင်သော tools များရှိသောကြောင့် တွက်ခြေကိုက်သည်။

ဒစ်ဂျစ်တယ်ဈေးကွက်ရှာဖွေမှုနှင့်ပတ်သက်သော ကြိုးပမ်းချက်အများစုသည် ရောင်းချနိုင်ရန်အတွက် ချိတ်ဆက်ပေးသောနည်းလမ်း ဖြစ်သည်။ ပိုမိုကောင်းမွန်သော လုပ်ငန်းဆိုင်ရာ ရလဒ်များအတွက် HR software, ပရောဂျက်စီမံခန့်ခွဲမှု အပလီကေးရှင်းများနှင့် cloud storage များကဲ့သို့သော tools များနှင့် တိုက်ရိုက်ချိတ်ဆက်နိုင်ရန်မှာ လုပ်ငန်းရှင်များအတွက် မလွယ်ကူပေ။ အတွင်းပိုင်းဖြစ်စဉ်များအတွက် ဒစ်ဂျစ်တယ် tools များကို အသုံးပြုခြင်းဖြင့် အချက်အလက်ဖြည့်သွင်းမှုနှင့် စုဆောင်းမှုများတွင် အမှားနည်းစေနိုင်ပြီး အလုပ်မှထွက်ခွာခွင့်ပုံစံများနှင့်ပတ်သက်သော အတည်ပြုမှုနှင့် စောင့်ကြည့်မှုဖြစ်စဉ်များကို မြန်နှုန်း မြှင့်ပေးနိုင်သည်။

“

ကျန်းမာရေးဝန်ထမ်းများအတွက် လက်သန့်ဆေးရည်ထုတ်လုပ်မှုတွင် မိမိတို့၏ ပံ့ပိုးဆောင်ရွက်မှုများ၊ ကျောင်းများသို့ လှူဒါန်းပေးခြင်းများနှင့် အလုပ်ရရန် ကြိုးပမ်းနေသောအလုပ်သင်လူငယ်များအား အလုပ်ရရှိစေရန် ဆောင်ရွက်ပေးမှုများကို Facebook တွင် တင်ခဲ့သည်။
အများစုသည် ထိုနည်းလမ်းကိုကြိုက်နှစ်သက်ကြပြီး မိမိတို့ထံမှ လူများများပိုဝယ်အောင်ပြုလုပ်နည်းဖြစ်သည်။ ၎င်းသည် ပို့နှံ့မှုအလွန်လျင်မြန်သည်။
(Owner of OEM cosmetics manufacturing SME)

New Available Opportunities	Adopted by WSMEs	
Financial management	NO	
HR (Payroll/Employee Engagement) software	YES	• Cloud (5 WSMEs) • Non-cloud (2 WSMEs)
Accounting software	YES	• Cloud (5 WSMEs) • Non-cloud (6 WSMEs)
Digital marketing	YES	• Social media marketing (10 WSMEs) • Search optimization (1 WSME) • Livestreaming (1 WSME) • B2B marketing (2 WSMEs) • Website (12 WSMEs) • Google My Business (2 WSMEs)
Cashless payments	YES	• Payment gateway (3 + 2* WSMEs) • E-wallet (2 WSMEs)
Procurement system	YES	
Supply chain management	YES	
Customer relationship management	YES	• None-sector specific software (3 WSMEs) • Sector-specific software (3 WSMEs)
Data analytics	YES	• Cloud POS
Booking systems	NO	
Data collection / storage	YES	• Free clou storage (2 WSMEs) • Remote NAS (3 WSMEs)
Other	• E-commerce platform (3+2* WSMEs) • Video conferencing (8 WSMEs) • Collaboration tools (5 WSMEs) • Remote desktop (2 WSMEs) • Robot waiters (1* WSME) • Robotic process automation (1 WSME) • Biometric system (1 WSME)	

ပုံ ၄.၁၉– WSMEs များမှ အသုံးပြုသော လုပ်ငန်းဖြစ်စဉ်များနှင့် စီမံခန့်ခွဲမှုဆိုင်ရာ အသွင်းကူးပြောင်းမှုများနှင့်ပတ်သက်သော အခွင့်အလမ်းသစ်များ

အရေးကြီးသော လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များ၊ လုပ်ငန်းဖြစ်စဉ်များနှင့် စီမံခန့်ခွဲမှုများအတွက် အသုံးပြုသော ဒစ်ဂျစ်တယ် tools များနှင့်ပတ်သက်သော ကုန်ကျစရိတ်များအကြား ကွာဟနေခြင်း

သို့ရာတွင် လုပ်ငန်းဖြစ်စဉ်များ တိုးတက်စေရန်အတွက် အသုံးပြုသော tools များနှင့်ပတ်သက်သည့် ငွေကြေးပမာဏကို ရင်းနှီးမြှုပ်နှံမှုထက် ကုန်ကျစရိတ်အဖြစ် မြင်ကြသည်။ အထူးသဖြင့် သေးငယ်သော ကုမ္ပဏီများ၏ software နှင့် hardware ကုန်ကျစရိတ်များ မြင့်မားနေခြင်းမှာ ထူးခြားနေသည်။

လုပ်ငန်းဖြစ်စဉ်များ၏ မြန်နှုန်းကို သိသာစွာ တိုးတက်စေရန်နှင့် အရောင်းဆိုင်ရာ အခွင့်အလမ်းများ တိုးတက်စေရန်တို့အတွက် ဒစ်ဂျစ်တယ် tools များကို အသုံးပြုရမည်။

Common Challenges	Faced by WSMEs	
Awareness	YES	● Lack of awareness on security features of cloud storage (2 WSMEs)
Skills	NO	
Regulation	NO	
Language	NO	
Resources	NO	
Gender Related	NO	
Leadership	NO	
Knowledge	YES	● Resistance to change among staff (5 WSMEs)
Leadership	YES	● Cost of software / service (8 WSMEs) ● Cost of accompanying hardware (4 WSMEs) ● Cost of additional training (1 WSME)
Knowledge	YES	● Need for additional technical training (1 WSME)
Other	● Lacklustre features/mismatch of features with key business needs (9 WSMEs) ● Inferior to non-digital tools in certain situations (4 WSMEs)	

ပုံ ၄.၂၀– WSMEs များအကြား အသုံးပြုသော လုပ်ငန်းဖြစ်စဉ်များနှင့် စီမံခန့်ခွဲမှုဆိုင်ရာ
အသွင်းကူးပြောင်းမှုများနှင့်ပတ်သက်သော အခွင့်အလမ်းသစ်များအတွက် စိန်ခေါ်မှုများ

ဈေးနှုန်းမြင့်မားသော softwares များတွင် အထူးပြုထားသော softwares များ၊ e-commerce platforms များ၊ ငွေပေးချေမှုနည်းလမ်းများ၊ ဈေးကွက်ဆိုင်ရာ ဗဟုသုတများ၊ cloud access နှင့် basic word processing suites များ ပါဝင်သည်။

ကြီးမားသော အဖွဲ့အစည်းများအနေဖြင့် တတ်နိုင်သော tools နှင့် softwares များသည် (W)SMEs များအတွက် ကြီးမားသော ဝန်ထုပ်ဝန်ပိုးတစ်ခု ဖြစ်နေနိုင်သည်။

ထို့ပြင် tools များနှင့်ပတ်သက်သော အပိုထပ်မံထည့်သွင်းရမည့် အရာများလိုအပ်ပါက လုပ်ငန်းရှင်များမှ အပိုဆောင်းကုန်ကျစရိတ်နှင့် အချိန်များ ထပ်မံအသုံးပြုရမည်။

ကုမ္ပဏီများသည် အမေရိကန်ဒေါ်လာဖြင့် ရောင်းချသော softwares နှင့် online tools များကို ဝယ်ယူရန်အတွက် နိုင်ငံခြားငွေလဲလှယ်ရာတွင် နစ်နာမှုများလည်း ရှိနိုင်သည်။

ဥပမာ–Xero Standard subscription သည် ၂၀၂၀ August တွင် ဈေးနှုန်းမှာ တစ်လလျှင် အမေရိကန်ဒေါ်လာ ၃၀ ရှိသော်လည်း အသွင်ကူးပြောင်းပြီးနောက် ဘဏ်သို့ ပေးရသောဝန်ဆောင်ခများကြောင့် တစ်နှစ်လျှင် RM 1,500 ထက်ပိုပြီး ၂၀၂၀ August တွင် တစ်လလျှင် RM 125 ထက်ပိုမိုကုန်ကျနိုင်သည်။ WSMEs များမှ အသုံးပြုသော ပြည်တွင်းမှ ရေးဆွဲသည့် accounting software ဖြစ်သည့် SQL Accounting ၏ standard version သည် တစ်ကြိမ်တည်းသာပေးရန်လိုသည့်ဈေးနှုန်းမှာ RM2,999 ဖြစ်သည်။ ထပ်မံထည့်ရမည့်အရာများ လိုအပ်သော ထုတ်ကုန် များသည် ကုန်ကျစရိတ်ချွေတာသုံးစွဲနေရသော ကုမ္ပဏီများအတွက် ကန့်သတ်ချက်တစ်ရပ်ဖြစ် နိုင်ပြီး WSMEs များ၏ လုပ်ငန်းလိုအပ်ချက်များနှင့် ထုတ်ကုန်၏ အင်္ဂါရပ်အကြား မှားယွင်းသော တွဲဖက် မှုများလည်းရှိသည်။

ထုတ်ကုန်နှင့် လုပ်ငန်းလိုအပ်ချက်များအကြား မှားယွင်းသော တွဲဖက်မှုနှင့်ပတ်သက်သော ဥပမာများစွာ ရှိသည်။ SME စာရေးကိရိယာအရောင်းဆိုင်ပိုင်ရှင်သည် အချက်အလက်အချို့ကို လက်ဖြင့် စာရင်းရေးသွင်းနေရဆဲဖြစ်သောကြောင့် မကြာသေးမီက အသုံးပြုခဲ့သော စာရင်းစီမံခန့်ခွဲသောစနစ်သည် လိုအပ်ချက်ရှိနေသေးသည်။ ထို့ကြောင့် အဖွဲ့ဝင်များသည် ၎င်းတို့၏ database ကို setting up ပြုလုပ်ရန် ထင်ထားသည်ထက် အချိန်များစွာ ပိုပေးရသည်။

“Building information modelling (BIM)software ကို အသုံးပြုခဲ့သည်။ ကုန်ကျစရိတ်အလွန်များပြားသည်။ software သာမက hardware လည်းပြောင်းလဲရန် လိုအပ်သည်။ ၎င်းကိုအသုံးပြုရန်အတွက် ဝန်ထမ်းများအား လေ့ကျင့်ပေးရန် အချိန်ကုန်မည် ဖြစ်သည်။ သင်ကြားမှုအတွက် အချိန်များနှင့်ငွေကြေးများသုံးစွဲပြီးနောက် ဝန်ထမ်းများထွက်သွားပါက သို့မဟုတ် အခြားလုပ်ငန်းများမှ ခေါ်သွား ပါကကုမ္ပဏီအနေဖြင့် နစ်နာနိုင်သည်။

(Owner of Cosmetics Retail SME)

ဒစ်ဂျစ်တယ် tools များသည် အမှန်တကယ် အသုံးပြုသူများ၏ လိုအပ်ချက်များကို ကောင်းစွာ ဖြည့်ဆည်းမှု မပြုနိုင်သေးပေ။

Cloud providers များသည် တိုးတက်သော လုံခြုံရေး အင်္ဂါရပ်များဖြင့် လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုများကို ဖြေရှင်းနိုင်ရန် စီစဉ်ပေးထားသော်လည်း on-premise servers များအဖြစ် လုံခြုံမှုမရှိကြောင်း လုပ်ငန်းရှင်၂ဦးမှ ပြောကြားခဲ့သည်။ အဆိုပါ WSMEs ၂ ခုသည် clients များ၏ အချက်အလက်ဆိုင်ရာ သီးသန့်တည်ရှိမှုနှင့် လုံခြုံမှုဆိုင်ရာ အမြင့်ဆုံးအဆင့် တို့နှင့်ပတ်သက်ပြီး ဆောင်ရွက်ရန် လိုအပ်သည်။

Cloud computing ၏ လုံခြုံရေးအင်္ဂါရပ်များနှင့် ပတ်သက်သော ကန့်သတ်ထားသည့် အသိပညာရှိကြောင်း အငြင်းပွားနိုင်သော်လည်း ထိုစိုးရိမ်ပူပန်မှုများကို ဒစ်ဂျစ်တယ်စီးပွားရေး ဂေဟစနစ်တွင် အခြားပါဝင်ပတ်သက်သူများမှ ရင်ဆိုင်ရမည် ဖြစ်သည်။ ထိုစိုးရိမ်ပူပန်မှုများနှင့်ပတ်သက်ပြီး ဖြေရှင်းနိုင်ရန် ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများ ဖွံ့ဖြိုးတိုးတက်မှုနှင့် အသိပညာတိုးတက်မှုများမှ တဆင့် ဆောင်ရွက်နိုင်သည်။

COVID-19 ကာလအတွင်း ကလေးများအား အွန်လိုင်းသင်တန်းများကို တက်ရောက်စေခဲ့သော်လည်း မိမိတို့သည် အိမ်မှာနေပြီး အလုပ်လုပ်ရကာ ကလေးများမှာလည်း ငယ်ရွယ်သောကြောင့် မိဘများအတွက် မလွယ်ကူကြောင်း ပြောကြားခဲ့သည်။ မိဘများသည် မချိန်ညှိနိုင်သောကြောင့် ၂ ပတ်အပြီး အွန်လိုင်း သင်တန်းများကို ရပ်တန့်ခဲ့သည်။

(Owner of Architecture SME)

ကဏ္ဍ–၄–အကျပ်အတည်းဆိုင်ရာ စီမံခန့်ခွဲမှု (COVID-19)

COVID-19 အတွင်း ငြင်းဆိုမရနိုင်သော ဒစ်ဂျစ်တယ် နည်းပညာအသုံးပြုမှု အရှိန်မြင့်လာခြင်း–၎င်းသည် ကြာရှည်ခံနိုင်သလား။

မလေးရှားတွင် ၂၀၂၀ မတ်လမှ ဧပြီ အထိ COVID-19 အတွင်း အသွားအလာကန့်သတ်မှုများ ဆောင်ရွက်ထားချိန်တွင် WSMEs များသည် လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်ပြီး ဒစ်ဂျစ်တယ်နည်းပညာ အသုံးပြုမှုကို အရှိန်မြှင့်ရန် ဖိအားပေးခံရသည်။ လေ့လာမှုအရ WSMEs များအကြား ရွှေ့ပြောင်းလုပ်ကိုင်မှုများ၊ e-commerce platforms များ ဒစ်ဂျစ်တယ်သင်ကြားမှုများနှင့်ပတ်သက်သော လက်ခံကျင့်သုံးမှုကို တိုးတက်မှုများက သက်သေပြခဲ့သည်။ Tool ကို အသုံးပြုခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများနှင့် အသုံးမပြုသောကြောင့် ရရှိလာမည့် ထိခိုက်နစ်နာမှုများနှင့်ပတ်သက်ပြီး WSMEs များသည် ယခင်က tool ၏ တန်ဖိုးကို သံသယဖြစ်ခဲ့သည်။

ဥပမာ–F&B ကုမ္ပဏီများသည် delivery service များကို အကျပ်အတည်းကာလမတိုင်မီဆောင်ရွက်ရန် စဉ်းစားထားသော်လည်း အကျပ်အတည်းကာလအတွင်းမှသာ စတင်ဆောင်ရွက်နိုင်ခဲ့သည်။ cloud software နှင့်ပတ်သက်ပြီး ယုံကြည်မှုမရှိသော လုပ်ငန်းရှင်တစ်ဦးသည် အိမ်မှနေပြီး အလုပ်လုပ်ချိန်တွင် အချို့သတင်းအချက်အလက်များ ရရှိမှုမရှိသောကြောင့် အကျပ်အတည်းကာလအတွင်း စတင်အသုံးပြုရန် စဉ်းစားခဲ့သည်။

Crisis Management Measures Enabled Through Digitalization	No. of WSMEs That Adopted Them During The Crisis
Digital Marketing	10
Remote Work	10
Video Conferencing	6
E-Commerce (including online food ordering & delivery)	4
Digital Learning (as receivers)	2
Digital Learning (as providers)	2
Cloud Systems	1+1*

*Started seriously considering during crisis

ပုံ ၄.၂၁– အကျပ်အတည်းဆိုင်ရာ စီမံခန့်ခွဲမှုနှင့်ပတ်သက်သော ဆောင်ရွက်မှုများ လက်ခံကျင့်သုံးမှု

အချို့သော ဒစ်ဂျစ်တယ်ပလက်ဖောင်းများ၏ ကုန်ကျစရိတ်နှင့် သင့်လျော်မှုတို့နှင့်ပတ်သက်ပြီး ပြဿနာများ ဖြစ်ပေါ်နေသော်လည်း အကျပ်အတည်းကာလအတွင်း ဒစ်ဂျစ်တယ်နည်းပညာ အသုံးပြုမှုဆိုင်ရာ ပံ့ပိုးမှုမှာ အားနည်းနေခြင်း

လုပ်ငန်းရှင်များအနေဖြင့် အခြေအနေနှင့်လိုက်လျောညီထွေဖြစ်စေရန် ဖိအားပေးခံရသောကြောင့် ဒစ်ဂျစ်တယ် tools များနှင့်ပတ်သက်သော သံသယများနှင့် တိုင်ကြားချက်များသည် အကျပ်အတည်းကာလအတွင်း လျော့နည်းခဲ့သော်လည်း WSMEs များမှာ အကျပ်အတည်းဆိုင်ရာ စီမံခန့်ခွဲမှုနှင့်ပတ်သက်သော ဆောင်ရွက်ချက်အသစ်များကို ဆောင်ရွက်ခဲ့သဖြင့် ပြဿနာအနည်းငယ် ပေါ်ပေါက်ခဲ့သည်။

Challenges When Implementing New Crisis Management Measures	No. of WSMEs That Faced Such Challenges
Cost	2
Not suitable for clients	2
Lacklustre features / services of newly acquired tools	1
Existing software limitations	1
Clients' software limitations	1

ပုံ ၄.၂၂- အကျပ်အတည်းဆိုင်ရာ စီမံခန့်ခွဲမှုနှင့်ပတ်သက်သော ဆောင်ရွက်မှုများ
လက်ခံကျင့်သုံးချိန်တွင် တွေ့ကြုံရသော စိန်ခေါ်မှုများ

အကျပ်အတည်းကာလအတွင်း customers များအား ဝန်ဆောင်မှုဆက်လက်ပေးရန် delivery service များ အဖြစ်သို့ ပြောင်းလဲလုပ်ကိုင်ခဲ့သော F&B အရောင်းဆိုင်များသည် သိသာထင်ရှားသော ကော်မရှင်ခများနှင့် ထောက်ပံ့ပို့ဆောင်ရေးပြဿနာများကြောင့် ငွေကြေးနှင့်ပတ်သက်ပြီး ပိုမိုသောကရောက်ရသည်ကို မြင်တွေ့ခဲ့ရသည်။

“

မိမိတို့၏ delivery partner တစ်ဦးသည် အရောင်း၏ ၃၀ရာခိုင်နှုန်းကို အဖိုးအခယူသည်။ မှာကြားမှုပလက်ဖောင်းသည် ၁၀ရာခိုင်နှုန်းယူသော်လည်း delivery အတွက် အပိုဆောင်းအခကြေးငွေလည်းရှိသည်။ အစပိုင်းတွင် မိမိတို့သည် delivery နှင့်ပတ်သက်သော ပြဿနာများစွာရှိခဲ့သည်–အစားအစာများပျောက်ဆုံးခြင်း၊ ပို့ဆောင်သူများပျောက်ဆုံးခြင်း။ ပို့ဆောင်ပေးသူ များသည် မှာကြားမှုများစွာ လက်ခံထားသောကြောင့် နိုင်နင်းမှု မရှိပေ။ ဆုံးရှုံးမှုများကို ကြုံတွေ့ခဲ့ရသည်။

(Owner of Architecture SME)

ပြောင်းရွှေ့သွားလာနေရသော အလုပ်များဆောင်ရွက်ရာတွင် အတားအဆီးများသည် WSMEs များ၏ IT အခြေခံအဆောက်အအုံနှင့် ၎င်းတို့၏ clients များ၏ IT အခြေခံအဆောက်အအုံနှစ်မျိုးလုံး၏ software နှင့် ပတ်သက်သော ကန့်သတ်ချက်များ ဖြစ်သည်။ WSME တစ်ခု၏ အသုံးပြုနေသော software သည် cloud တွင် အလုပ်မလုပ်သောကြောင့် အချို့အရေးကြီးသော အချက်အလက်များကို မရရှိနိုင်ပေ။ အခြား WSME သည် ၎င်း၏ client မှာ လိုအပ်သော အချက်အလက်များကို ပြောင်းရွှေ့ရရှိနိုင်မှု မရှိသောကြောင့် အချို့လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်ပြီး ပြီးစီးပြည့်စုံမှု မရှိကြောင်း ပြောကြားခဲ့သည်။

အခွင့်အလမ်းများ

ကဏ္ဍ၄ရပ်တလျှောက် WSMEs များမှ လက်ခံကျင့်သုံးခဲ့သော အခွင့်အလမ်းသစ်များကို အနီးကပ် ကြည့်ရှုခြင်းဖြင့် လက်ခံကျင့်သုံးမှုနောက်ကွယ်တွင် အရေးကြီးသော စိတ်ဓါတ်လှုံ့ဆော်မှု ၂ ရပ်ရှိသည်- (၁)တွက်ခြေကိုက်မှု၊ (၂)ဝင်ငွေတိုးတက်မှု။

Pillar 1 **Access to Financing**	Pillar 2 **Access Mentoring, Networking, and Skills**	Pillar 3 **Business Processes and Management**	Pillar 4 **Crisis Management (COVID-19)**
(1/8 possible new opportunities taken)	(5/7 possible new opportunities taken	(9/11 possible new opportunities taken + 8 more)	(7 new opportunities taken)
MOST POPULAR	**MOST POPULAR**	**MOST POPULAR**	**MOST POPULAR**
Invitation Grants	E-Learning	Social Media Marketing	Digital Marketing
2 WSMEs	11 WSMEs	12 WSMEs	
			Remote Work
			10 WSMEs

ပုံ ၄.၂၃- ကဏ္ဍ၄ရပ်တွင် WSMEs များမှ လက်ခံအသုံးပြုသော ထိပ်ပိုင်းအခွင့်အလမ်းသစ်များ

အစိုးရအနေဖြင့် အဖွဲ့အစည်းများကိုပေးသော ထောက်ပံ့ကြေးသည် ထုတ်လုပ်မှုဆိုင်ရာ WSMEs ၂ ခုအတွက် အခွင့်အလမ်းသစ် ဖြစ်သည်။ သတင်းအချက်အလက်နည်းပညာ၊ ထုတ်လုပ်မှု၊ ဇီဝနည်းပညာ၊ စွမ်းအင်နှင့် စိုက်ပျိုးရေးကဏ္ဍများအတွက် ထောက်ပံ့ကြေးများနှင့်ပတ်သက်သော အစိုးရ၏ ပံ့ပိုးမှုများမှာ ပြတ်လပ်မှု မရှိခဲ့ပေ။

ထို WSMEs များသည် ၎င်းတို့၏ ထုတ်ကုန်များ ဖွံ့ဖြိုးတိုးတက်မှုနှင့် ကုန်သွယ်မှုတို့အတွက် အဆိုပါ ထောက်ပံ့ကြေးများနှင့် အတိုးမဲ့ချေးငွေများကို လက်ခံခဲ့သည်။ သို့ရာတွင် ထိုအခွင့်အလမ်းများသည် F&B အရောင်းဆိုင်၊ စာရင်းစစ်၊ ဗိသုကာ၊ ပိုင်ဆိုင်မှု စီမံခန့်ခွဲမှုနှင့် ကလေးပြုစုစောင့်ရှောက်မှုတို့ကဲ့သို့သော နည်းပညာမဟုတ်သည့် ဝန်ဆောင်မှုကဏ္ဍများ အတွက် ရှားပါးသည်။

၎င်းသည် သဘောသဘာဝတွင် အခမဲ့ သို့မဟုတ် ကုန်ကျစရိတ်အနည်းငယ်သာရှိသည့်အတွက် အွန်လိုင်းစာပေမှတဆင့် သင်ကြားပြသမှု၊ ကွန်ရက်ချိတ်ဆက်ဆောင်ရွက်မှု၊ ကျွမ်းကျင်မှုနှင့် ဒစ်ဂျစ်တယ် သင်ကြားမှုဆိုင်ရာ နယ်ပယ်များတွင် အလွန်ရေပန်း စားသည်။ လုပ်ငန်းဖြစ်စဉ်များနှင့် စီမံခန့်ခွဲမှုများ အတွက် လူမှုမီဒီယာမှ ဈေးကွက်ရှာဖွေမှု tools များ ရေပန်းစားရခြင်းမှာ တတ်နိုင်သော ဈေးနှုန်းများ ကြောင့် ဖြစ်သည်။

WSMEs အနည်းငယ်သည် မကြော်ငြာပဲ အခမဲ့ facebook နှင့် Instagram အသုံးပြုခြင်းဖြင့် လူမှု မီဒီယာမှ ဈေးကွက်ရှာဖွေမှုဆိုင်ရာ အခြေခံအဖြစ် ဆုံးပိုစ်ကို ကျင့်သုံးခဲ့သည်။ COVID-19 ကြောင့် အပြင်မထွက်ရဘဲ အိမ်မှာနေရသောကြောင့် လူမှု မီဒီယာမှ ဈေးကွက်ရှာဖွေခြင်းမှာ ရေပန်းစားလာ ခဲ့သည်။

Accounting software သည် မလေးရှားဈေးကွက် တွင် လုပ်ငန်းရှင်များအကြား ကျယ်ပြန့်စွာအသုံး ပြုခြင်းခံရသည်။ ဥပမာ-ရေပန်းစားနေသော UBS accounting software သည် ၁၉၈၈ ကတည်းက ရရှိအသုံးပြုနိုင်ခဲ့သည်။ ပြည်တွင်းတွင်ရရှိနိုင်သော HR နှင့် payroll softwares များ၏ အင်္ဂါရပ်များသည် ပြည်တွင်းအခွန်ဆိုင်ရာ စာရွက်စာတမ်းများနှင့် လိုက်လျောညီထွေဖြစ်စေနိုင်ရန်အတွက် Inland Revenue Board (LHDN) နှင့် the Employees Provident Fund (KWSP)ကဲ့သို့သော အစိုးရအေဂျင်စီ များ၏ ပံ့ပိုးမှုများလည်း ရရှိခဲ့သည်။

WSME highlight 1: Promise Earth (M) Sdn Bhd

ပုံ ၄.၂၄- Jovie Chong(ဘယ်ဘက်မှ၃ဦးမြောက်) Credit-ကမ္ဘာမြေကြီးကို သတိပေးခြင်း(M) Sdn Bhd)

ကုမ္ပဏီအမည်-Promise Earth (M) Sdn Bhd
အခန်းကဏ္ဍ-ထုတ်လုပ်မှုကဏ္ဍ(သဘာဝစွန့်ပစ်ပစ္စည်းများမှ မြေသြဇာထုတ်လုပ်ခြင်း)
ဖြေဆိုသူအမည်-Jovie Chong (တည်ထောင်သူ Mr Jeffrey Chong ၏ သမီးတော်စပ်သူ) - ဘဏ္ဍာရေး မန်နေဂျာ

ကုမ္ပဏီ၏ သမိုင်းကြောင်း

Promise Earth (M) Sdn Bhd သည် အချဉ်ဖောက်ခြင်းနှင့် မြေဆွေးဖြစ်စေခြင်း ဖြစ်စဉ်မှတဆင့် သဘာဝစွန့်ပစ်ပစ္စည်းများကို ပြုပြင်စီမံသော ဇီဝနည်းပညာကုမ္ပဏီတစ်ခု ဖြစ်သည်။

ထိုကုမ္ပဏီသည် သဘာဝပစ္စည်းများအား အချဉ်ဖောက်သည့် နည်းပညာကို အသုံးပြုပြီး အချဉ်ဖောက်ကာ ထုတ်ကုန်များကို ထုတ်လုပ်သည်။ အချဉ်ဖောက်ထားသော ထုတ်ကုန်များကို Bio-Mate အမှတ်တံဆိပ်ဖြင့် သဘာဝမြေသြဇာနှင့် တိရိစ္ဆာန်အစာများအဖြစ် ပြောင်းလဲထုတ်လုပ်ခဲ့သည်။ BIO-Mate မှအပ ကုမ္ပဏီသည် Jovie ၏ ကနဦးဆောင်ရွက်ချက်အဖြစ် Epic Treats အမှတ်တံဆိပ်ဖြင့် တိရိစာန်ဖြည့်ဆွက်စာများရောင်းချသော လုပ်ငန်းဖြစ်လာသည်။

အခွင့်အလမ်းသစ်များ ကဏ္ဍ-၁-ငွေကြေးရရှိမှု

ကုမ္ပဏီသည် Ministry of Science, Technology and Innovation (MOSTI) နှင့် Ministry of Energy, Science, Technology, Environment & Climate Change (MESTECC),တို့မှ အစိုးရငွေကြေး အသီးသီး ရရှိခဲ့သည်။ ထိုငွေကြေးများကို ၎င်းတို့၏ ထုတ်ကုန်ဖွံ့ဖြိုးတိုးတက်မှုနှင့်ပတ်သက်သော ဇီဝနည်းပညာ အသုံးပြုမှုတိုးချဲ့ရန်အတွက် အသုံးပြုသည်။

ကဏ္ဍ-၂-သင်ကြားပြသမှု၊ ကွန်ရက်ချိတ်ဆက်မှုနှင့် ကျွမ်းကျင်မှုများ

Jovie သည် ထုတ်ကုန်ဖွံ့ဖြိုးတိုးတက်မှုအတွက် Universitiy Putra Malaysia (UPM)မှ မိတ်ဖက်များနှင့် စိုက်ပျိုးရေးလုပ်ငန်းနှင့်ပတ်သက်သော အကြံပေးများဖြင့် ပူးတွဲဆောင်ရွက်ထားကြောင်း ဖော်ပြခဲ့သည်။ Jovie သည် အွန်လိုင်းဆွေးနွေးပွဲများစွာကို နားထောင်ခဲ့ကြောင်း မျှဝေခဲ့သည်။

ကဏ္ဍ-၃-လုပ်ငန်းဖြစ်စဉ်နှင့် စီမံခန့်ခွဲမှု
၎င်း၏ အချဉ်ဖောက်ခြင်းနှင့် မြေဆွေးပြုလုပ်သော စက်များ၏ မြင့်မားသောမြန်နှုန်းများကြောင့် ရောင်းဝယ်မှုလုပ်ငန်းများ အောင်မြင်ခဲ့သည်။ ထို့နောက် Promise Earth သည် ပိုမိုကျယ်ပြန့်သော အတိုင်းအတာဖြင့် ဈေးကွက်ရှာဖွေခြင်းနှင့် ရောင်းချခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး ဝယ်ယူသူများဖြင့် ချောမွေ့သောလုပ်ငန်းဆောင်ရွက်ချက်များကို ဆောင်ရွက်နိုင်ရန် UBS accounting software 2015 ကို အသုံးပြုခဲ့သည်။

ထို software သည် အရှုံးအမြတ်ဖော်ပြသော ငွေစာရင်းရှင်းတမ်းများနှင့်ပတ်သက်သည့် အစီရင်ခံစာများ ဆောင်ရွက်ရန်နှင့် ၎င်းတို့၏ ထုတ်ကုန်များ (မြေသြဇာများ၊ တိရစ္ဆာန်အစာများနှင့် အိမ်မွေးတိရစ္ဆာန်အစာများ)နှင့်ပတ်သက်ပြီး အနီးကပ်စောင့်ကြည့်ရန် ဖြစ်သည်။ Shopee နှင့် Lazada ကဲ့သို့သော အဓိကအွန်လိုင်းဈေးကွက်များနှင့် Facebook တို့မှတဆင့် consumer များစွာ ရရှိခဲ့သည်။

မှတ်ချက်-BioNexus status သည် တန်ဖိုးထပ်ပေါင်း ဇီဝနည်းပညာနှင့်/သို့မဟုတ် ဇီဝဆိုင်ရာ ဆောင်ရွက်ချက်များကို ဆောင်ရွက်သော ကုမ္ပဏီအဖြစ် အသိအမှတ်ပြုခြင်း ခံရသည်။

စိန်ခေါ်မှုများ
ကဏ္ဍ-၁-ငွေကြေးရရှိမှု- Jovie သည် အခြားငွေချေးသောနည်းလမ်းများနှင့်ပတ်သက်သည့် အသိပညာအပြည့်အဝမရှိကြောင်း ဖော်ပြခဲ့သည်။

ကဏ္ဍ-၂-သင်ကြားပြသမှု၊ ကွန်ရက်ချိတ်ဆက်မှုနှင့် ကျွမ်းကျင်မှုများ
Jovie သည် လုပ်ငန်းစီမံခန့်ခွဲမှုနှင့် ဒစ်ဂျစ်တယ်ဈေးကွက်ရှာဖွေမှုတို့အတွက် သင်ကြားပြသပေးသောသူတစ်ဦးကို တွေ့ရှိခဲ့သည်။ ၎င်းသည် ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုမှုအတွက် ပိုမိုပွင့်လင်းမှုရှိသော လူငယ်စိုက်ပျိုးရေးလုပ်ငန်းရှင်များထံမှ သင်ယူလိုခဲ့သည်။

ကဏ္ဍ-၃-လုပ်ငန်းဖြစ်စဉ်များနှင့် စီမံခန့်ခွဲမှု
စိုက်ပျိုးရေးသည် မလေးရှားတွင် ထုံးတမ်းအစဉ်အလာဖြစ်သော လုပ်ငန်းဖြစ်သည့်အတွက် မြေသြဇာများကို အရောင်းသမားများမှတဆင့် လယ်သမားများထံသို့ အများဆုံးတိုက်ရိုက်ရောင်းချခဲ့သည်။ ဝက်ဘ်ဆိုဒ်နှင့် facebook page များရှိသော်လည်း ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုသော customer နည်းသောကြောင့် အွန်လိုင်းမှရောင်းချနိုင်ရန် ပိုမိုခက်ခဲခဲ့သည်။ customer များသည် အွန်လိုင်းမှ တဆင့် ဝယ်ယူလိုကြသည်။

အမျိုးသမီးလုပ်ငန်းရှင်အဖြစ် ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုမှုသည် မည်သို့ကူညီနိုင်သနည်း။
Jovie ရင်ဆိုင်ရသော ထင်ရှားသည့် စိန်ခေါ်မှုသည် လယ်သမားကြီးများမှာ အမျိုးသားအရောင်းသမားများနှင့်သာ ပိုမိုဆက်ဆံလိုကြသည်။ သို့ရာတွင် Facebook နှင့် website များမှတဆင့် ဝယ်ယူသောနည်းလမ်းသည် ကျားမကွဲပြားမှုနှင့်ပတ်သက်ပြီး ဆက်ဆံရေးများတွင် အခက်တွေ့နေသော customer များအတွက် ပိုမိုအဆင်ပြေစေနိုင်သည်။

ထိုယဉ်ကျေးမှုသည် အမျိုးသမီးများဖြင့် ဆက်ဆံရန် ပိုမိုပွင့်လင်းမှုရှိသော ငယ်ရွယ်သည့် လယ်သမားများဖြင့် ဖြေးညင်းစွာ ပြောင်းလဲသွားမည်ကြောင်း ပြောကြားခဲ့သည်။

> “
>
> အမျိုးသမီးများအတွက် ကန့်သတ်ချက်များရှိသည်။ မိမိသည် မိမိ၏ ခင်ပွန်းနှင့် သွားပါက customer များသည် ၎င်းကိုသာ စကားပြောကြပြီး မိမိကို စကားမပြော ကြပေ။ ငယ်ရွယ်သော လယ်သမားများနှင့် ပိုမိုအဆင်ပြေသည်။
>
> (Jovie Chong)

ငယ်ရွယ်သော အမျိုးသမီးလုပ်ငန်းရှင်များအတွက် မည်သည့်အကြံပြုချက်ပေးလိုသနည်း။
Jovie သည် ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုခြင်းဖြင့် စိုက်ပျိုးရေးကဏ္ဍရှိ ရှေးဆန်သော customer များဖြင့် ဆက်ဆံချိန်တွင် ရင်ဆိုင်ရသော ကျားမခွဲခြားဆက်ဆံမှုဆိုင်ရာ အခက်အခဲများကို ကျော်လွှားစေနိုင်သောကြောင့် အမျိုးသမီးများအတွက် အကျိုးရှိသည်ဟု မြင်ခဲ့သည်။

လူကိုယ်တိုင်တွေ့ရန် မလိုလားသော customer များအား ဆက်သွယ်နိုင်ရန် ဒစ်ဂျစ်တယ်နည်းပညာက ကူညီပေးသည်။ ထို့ပြင် Shopee နှင့် Lazada ကဲ့သို့သော ဒစ်ဂျစ်တယ်စျေးကွက်များနှင့်ပတ်သက်ပြီး အရှိန်မြှင့်ပေးခြင်းသည်လည်း ပိုမိုကျယ်ပြန့်သော customer များထံ ရောက်ရှိနိုင်သည်။

WSME နှင့်ပတ်သက်သောမီးမောင်းထိုးပြသမှု– Consumer ထုတ်ကုန်များ(အမည်ဖော်ပြမထားပါ)
Company– Consumer Products (အမည်ဖော်ပြမထားပါ)
လုပ်ငန်းလုပ်သက်–၁၀နှစ်အောက်
နှစ်စဉ်ဝင်ငွေ– RM 2 to 3 Million (USD 0.5 to 1 Million)

ကုမ္ပဏီအကြောင်း
Customer စိတ်ကြိုက် ထုတ်လုပ်ထားသော ကုမ္ပဏီ၏ ထုတ်ကုန်များကို ပြည်တွင်းနှင့် နိုင်ငံတကာ စျေးကွက်နှစ်မျိုးလုံးသို့ ရောင်းချခဲ့သည်။ SE ဖြစ်သော ကုမ္ပဏီသည် အချိန်ပြည့်ဝန်ထမ်း နှင့်အချိန်ပိုင်းဝန်ထမ်း ၂၀ အောက်ရှိပြီး လုပ်ငန်းကို ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုကာ ထပ်မံတိုးချဲ့နိုင်ရန် စီစဉ်ထားသည်။

ကုမ္ပဏီ၏ အမျိုးမျိုးသော လုပ်ငန်းဆောင်ရွက်ချက်များအတွက် ဒစ်ဂျစ်တယ်နည်းပညာကို အသုံးပြုထားပြီး ထိုနည်းပညာနှင့်ပတ်သက်သော ခိုင်မာသည့် အယူအဆတစ်ရပ်ကို ဖော်ပြထားသည်။ ကုမ္ပဏီသည် ဒစ်ဂျစ်တယ်နည်းပညာများအတွက် ကုန်ကျစရိတ်များနှင့်ပတ်သက်ပြီး စီမံခန့်ခွဲနိုင်ခဲ့သည်။ ထို့ပြင် ဒစ်ဂျစ်တယ်နည်းပညာ အသွင်ကူးပြောင်းမှုဆိုင်ရာ မဟာဗျူဟာသည် တည်ရှိနေသော အခြေခံအဆောက်အအုံအား ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းပေးခဲ့သည်။

အခွင့်အလမ်းအသစ်များ ကဏ္ဍ–၁–ငွေကြေးရရှိမှု
မလေးရှား၏ ပြင်ပကုန်သွယ်မှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအဖွဲ့အစည်း(MATRADE)၏ အဖွဲ့ဝင်အဖြစ် လက်ခံရရှိသော အတွင်းပိုင်းငွေကြေးရရှိမှုနှင့် ဆုံးရှုံးမှုအတွက် ပြန်လည်ထုတ်ပေးငွေတို့အပြင် ကုမ္ပဏီသည် ၎င်း၏ ထုတ်ကုန်များဖွံ့ဖြိုးတိုးတက်မှုအတွက် ငွေကြေးရရှိရန် GoFundMe နှင့် Kickstarter ကဲ့သို့သော အဖွဲ့အစည်းများနှင့်ပတ်သက်သော ဆောင်ရွက်မှုများကိုလည်း အရှိန်မြှင့်တင်ခဲ့သည်။

ကဏ္ဍ–၂–သင်ကြားပြသမှု၊ ကွန်ရက်ချိတ်ဆက်မှုနှင့် ကျွမ်းကျင်မှုများ
လုပ်ငန်းကို ပိုမိုမြှင့်တင်ရန်ရှာဖွေရာတွင် သင်ကြားပြသမှုအစီအစဉ်များ လိုအပ်သည်။ အင်တာဗျူးများသည် အကောင်းဆုံးနည်းလမ်းများကို သင်ယူရန် အောင်မြင်မှုရရှိထားသော အဖွဲ့အစည်းများဖြင့် ဆက်သွယ်နိုင်ပြီး ဗဟုသုတမျှဝေရာတွင် အဆိုပါအစီအစဉ်များသည် အကျိုးကျေးဇူးရှိကြောင်း မျှဝေထားသည်။

ဒစ်ဂျစ်တယ်နည်းပညာသင်တန်းတက်ထားသော ကုမ္ပဏီ၏ ဝင်ငွေသည် ၉ လအတွင်း ၂၀ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့သည်။ အွန်လိုင်းဆွေးနွေးပွဲများမှတဆင့် ကျွမ်းကျင်မှုအသစ်များ၊ ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုပုံများနှင့် ဗဟုသုတမျှဝေမှုများကို ရရှိနိုင်သည်။

ကဏ္ဍ–၃–လုပ်ငန်းဖြစ်စဉ်များနှင့် စီမံခန့်ခွဲမှု
ဒစ်ဂျစ်တယ်နည်းပညာလက်ခံကျင့်သုံးမှုသည် ကုမ္ပဏီ၏ လုပ်ငန်းအသွင်ကူးပြောင်းမှုမဟာဗျူဟာနှင့် တိုးတက်မှုအစီအစဉ်တို့အတွက် အရေးကြီးသော အချက်တစ်ခု ဖြစ်သည်။ e-commerce platform သည် customer နှင့် လုပ်ငန်းနှစ်မျိုးလုံးအတွက် အဆင်ပြေစေနိုင်မည့် site ဖြစ်သော Shopify ကို မိတ်ဆက်ပေးခဲ့သည်။

Mail Chimp, Facebook နှင့် YouTube တို့ကဲ့သို့သော စျေးကွက်ရှာဖွေသော နည်းလမ်းများသည် ၎င်းတို့၏

customers များဖြင့် အသင့်တော်ဆုံးတွေ့ဆုံနိုင်ရန် ဖန်တီးထားသည်။ ကုမ္ပဏီသည် လစာနှင့် ဝန်ထမ်းများနှင့်ပတ်သက်သော စီမံခန့်ခွဲမှုအတွက် PayrollPanda ၊ ဝန်ထမ်းများနှင့်ပတ်သက်သော ကျန်းမာရေးစောင့်ရှောက်မှုများနှင့် ဆေးကုသမှုဆိုင်ရာပြေစာများနှင့်ပတ်သက်သော စီမံခန့်ခွဲမှုများအတွက် HealthMetrics ၊ပရောဂျက်စီမံခန့်ခွဲမှုများအတွက် Trello, Slack and Notion နှင့် စာရင်းများဆိုင်ရာ စီမံခန့်ခွဲမှုများနှင့် စာရင်းကိုင်ရည်ရွယ်ချက်များအတွက် ECount, TradeGecko and Xero များကို အသုံးပြုခဲ့သည်။

စိန်ခေါ်မှုများ

ကဏ္ဍ-၁-ငွေကြေးရရှိမှု

အခြားရရှိနိုင်သော အစိုးရထောက်ပံ့ကြေးများနှင့် ပတ်သက်ပြီး အသိပညာရှိသော်လည်း ကုမ္ပဏီသည် အဆိုပါရွေးချယ်မှုများသည် လျှောက်ထားရန် စောင့်ဆိုင်းချိန် ၅ လကြာပြီး ရရှိရန် အာမခံမှုမရှိသောကြောင့် မလျှောက်ထားခဲ့ပေ။

ကဏ္ဍ-၂-သင်ကြားပြသမှု၊ ကွန်ရက်ချိတ်ဆက်မှုနှင့် ကျွမ်းကျင်မှုများ

ဝန်ထမ်းများအကြား ဒစ်ဂျစ်တယ်နည်းပညာအသစ်များအသုံးပြုမှုနှင့်ပတ်သက်ပြီး ရုန်းကန်နေရဆဲဖြစ်သည်။ မလေးရှားရှိ အမျိုးသမီးများအတွက် လုပ်ငန်းရှင်ပီသသော စိတ်ဓါတ်နှင့် ဦးဆောင်မှုမရှိခြင်းတို့သည် လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်ပြီး ဒစ်ဂျစ်တယ်နည်းပညာ အသုံးပြုနိုင်ရန်အတွက် ဟန့်တားခဲ့သည်။

ကုမ္ပဏီပိုင်ရှင်အမျိုးသမီးတစ်ဦးသည် လုပ်ငန်းတည်ထောင်ခြင်းသည် တစ်ခုပြီးတစ်ခုကြုံတွေ့ရမည်ဖြစ်သော အတားအဆီးများကို ကျော်လွှားနိုင်ရန် လိုအပ်သည်ဟု ပြောကြားခဲ့သည်။

ကဏ္ဍ-၃-လုပ်ငန်းဖြစ်စဉ်များနှင့် စီမံခန့်ခွဲမှု

Shopify, Xero and TradeGecko ကဲ့သို့သော softwares များသည် စာရင်းဆိုင်ရာ စီမံခန့်ခွဲမှုများ၊ စာရင်းကိုင်နှင့် အခြားလုပ်ငန်းဖြစ်စဉ်များအတွက် ဒစ်ဂျစ်တယ်အဖြေရှာမှုများကို စီစဉ်ပေးသော်လည်း လုပ်ငန်းရှင်များသည် ထိုအပလီကေးရှင်းများကို တစ်ခါတစ်ရံတွင် အသုံးပြုရန်နှင့် ပေါင်းစည်းရန် မလွယ်ကူကြောင်း ဖော်ပြထားသည်။

ကုမ္ပဏီသည် တူညီသောစနစ်အတွင်းသို့ ကွဲပြားသော tools များကိုအသုံးပြုပြီး အချက်အလက်များကို စုစည်းရာတွင်လည်းကောင်း၊ ဖြစ်စဉ်များကို လူ၏အကူအညီမလိုပဲ ပေါင်းစည်းရာတွင်၎င်း စိန်ခေါ်မှုများကို ရင်ဆိုင်နေရသောကြောင့် ဖြစ်စဉ်၏ တစ်စိတ်တစ်ပိုင်းသည် သတင်းအချက်အလက်များကို လက်ဖြင့်ရိုက်ထည့်ရန် လိုအပ်ဆဲပင် ဖြစ်သည်။

အမျိုးသမီးလုပ်ငန်းရှင်တစ်ဦးအဖြစ် ဒစ်ဂျစ်တယ်နည်းပညာသည် သင့်အား မည်သို့ ကူညီနိုင်သနည်း။

ကုမ္ပဏီပိုင်ရှင်တစ်ဦးသည် ဒစ်ဂျစ်တယ်နည်းပညာမှာ သူမ၏ အလုပ်နှင့် ဘဝတာဝန်များဆိုင်ရာ စီမံခန့်ခွဲမှုတွင် ကြီးမားစွာ ကူညီပေးခဲ့ပြီး သူမနှင့် သူမ၏ အဖွဲ့အား အိမ်မှနေပြီး အလုပ်လုပ်နိုင်စေရန် ပံ့ပိုးမှုများ ပေးခဲ့ကြောင်း ဖော်ပြခဲ့သည်။

ငယ်ရွယ်သော အမျိုးသမီးလုပ်ငန်းရှင်များအတွက် သင်သည် မည်သည့် အကြံပြုချက်များ ပေးလိုသနည်း။

အမျိုးသမီးလုပ်ငန်းရှင်တစ်ဦးအနေဖြင့် ကျားမခွဲခြားဆက်ဆံခံရမှုများ သို့မဟုတ် ယဉ်ကျေးမှုဆိုင်ရာပုံသေအတွေးအခေါ်များကြောင့် ကွဲပြားသော ဆက်ဆံခံရမှုများ၊ အထင်သေးခံရမှုများနှင့် တွေ့ကြုံရာတွင် မိမိကိုယ်မိမိ သံသယဖြစ်စေနိုင်သော ဥပမာများစွာ ရှိသည်။ ထို့ကြောင့် လုပ်ငန်းများဆောင်ရွက်ရာတွင် စွမ်းအင်များနှင့်ပတ်သက်ပြီး ထိန်းချုပ်ဆောင်ရွက်ရန်နှင့် အားသာချက်များနှင့်ပတ်သက်ပြီး အာရုံစိုက်ရန်တို့မှာ ငယ်ရွယ်သော အမျိုးသမီးလုပ်ငန်းရှင်များအတွက် မရှိမဖြစ်အရေးကြီးသည်။

စိန်ခေါ်မှုများ

WSMEs များ၏ ပြဿနာဖြေရှင်းနည်းများအပေါ် လွှမ်းမိုးသော လုပ်ငန်းဆိုင်ရာ စိန်ခေါ်မှုများ

သုတေသနသည် ဒစ်ဂျစ်တယ်နည်းပညာမှ ယူဆောင်ပေးသော အခွင့်အလမ်းအသစ်များသည် လုပ်ငန်းဆိုင်ရာ စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန် WSMEs များအား ကူညီနိုင်ကြောင်း ယူဆသည့်အတွက် ထိုလုပ်ငန်းရှင်များမှ ရင်ဆိုင်ရသော စိန်ခေါ်မှုများနှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးရန်မှာလည်း အရေးကြီးသည်။

လုပ်ငန်းဆိုင်ရာ ကုန်ကျစရိတ်များနှင့်ပတ်သက်သော ပြဿနာများသည် ယေဘူယျအကျဆုံးဖြစ်ပြီး ပံ့ပိုးပေးသူများ၊ ဝန်ဆောင်မှုစီစဉ်ပေးသူများ၊ မ,တည်သူများ၏ tools များ နှင့် ဝန်ဆောင်မှုများနှင့်ပတ်သက်သော ပြဿနာများလည်းရှိသည်။

လုပ်ငန်းရှင်များမှ ဖော်ပြထားသော အခြားပြဿနာများမှာ အဖွဲ့ဝင်များ၊ clients များနှင့် အခြားလုပ်ငန်းများအကြားရှိ ယဉ်ကျေးမှု သို့မဟုတ် အယူအဆများနှင့်ပတ်သက်သည်။ tools များနှင့် ပတ်သက်သော ပြဿနာများကို ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုပြီး ဖြေရှင်းပေးခဲ့သော်လည်း လုပ်ငန်းဆိုင်ရာ ကုန်ကျစရိတ်နှင့် အယူအဆတို့နှင့်ပတ်သက်သော ပြဿနာများကိုမူ ဖြေရှင်းပေးနိုင်ခြင်း မရှိသေးပေ။

Most Significant Challenges Faced by WSMEs in Their Businesses

Operational Costs	Product Features/ Services	Culture/ Mindset
17/18 WSMEs	**13**/18 WSMEs	**12**/18 WSMEs

ပုံ ၄.၂၅- WSMEs များမှရင်ဆိုင်ရသော ထင်ရှားမှုအရှိဆုံး စိန်ခေါ်မှုများ

> “
>
> ထောက်ပံ့ပို့ဆောင်မှုဆိုင်ရာ စနစ်အတွက် စီစဉ်ပေးနိုင်မှု မရှိခြင်းသည် ကုန်ကျစရိတ်မှာ RM10k+ ခန့်ရှိသောကြောင့် ဖြစ်သည်။ ထိုစနစ်ကို အသုံးပြုရန် ထောင်ဂဏန်းခန့်ကုန်ကျမည်ဖြစ်ပြီး ထိန်းသိမ်းရန် လစဉ်ကြေး RM500 ကုန်ကျမည် ဖြစ်သည်။
>
> (Owner of Architecture SME)

ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုခြင်းမှ ရရှိနိုင်ခြေအများဆုံးဖြစ်သည့် အခွင့်အလမ်းသစ်များ VS WSMEs များ၏ သိသာထင်ရှားမှုအရှိဆုံး စိန်ခေါ်မှုများနှင့် ကျွမ်းကျင်မှုများ

ကဏ္ဍ၁ ငွေကြေးရရှိမှု	ကဏ္ဍ၂ သင်ကြားပြသမှု၊ ကွန်ရက်ချိတ်ဆက်မှု	ကဏ္ဍ၃ လုပ်ငန်းဖြစ်စဉ်များ	ကဏ္ဍ၄ အကျပ်အတည်းဆိုင်ရာ စီမံခန့်ခွဲမှု (COVID19)
ထိပ်ပိုင်းစိန်ခေါ်မှုများ • ကန့်သတ်ထားသော အသိပညာ(12WSMEs) • ယဉ်ကျေးမှု/အတွေးအခေါ် (7WSMEs)	ထိပ်ပိုင်းစိန်ခေါ်မှုများ • ထုတ်ကုန်အင်္ဂါရပ်များ/ ဝန်ဆောင်မှုများ(6WSMEs) • ယဉ်ကျေးမှု/အတွေးအခေါ် (5WSMEs)	ထိပ်ပိုင်းစိန်ခေါ်မှုများ • ထုတ်ကုန်အင်္ဂါရပ်များ/ ဝန်ဆောင်မှုများ(9WSMEs) • ကုန်ကျစရိတ်(8WSMEs) • ယဉ်ကျေးမှု/အတွေးအခေါ် (5WSMEs)	ထိပ်ပိုင်းစိန်ခေါ်မှုများ • ထုတ်ကုန်အင်္ဂါရပ်များ/ ဝန်ဆောင်မှုများ(4WSMEs) • ကုန်ကျစရိတ်(4WSMEs)
ထိပ်ပိုင်းစိန်ခေါ်မှုများကို ဖြေရှင်းရန် လက်ခံကျင့်သုံးထားသော အခွင့်အလမ်းသစ်များ • မရှိပါ	ထိပ်ပိုင်းစိန်ခေါ်မှုများကို ဖြေရှင်းရန် လက်ခံကျင့်သုံးထားသော အခွင့်အလမ်းသစ်များ • E-learning(11WSMEs) • အွန်လိုင်းဆွေးနွေးပွဲများ (7WSMEs)	ထိပ်ပိုင်းစိန်ခေါ်မှုများကို ဖြေရှင်းရန် လက်ခံကျင့်သုံးထားသော အခွင့်အလမ်းသစ်များ • Online payment gateway(1WSME) • Cloud software(1WSME)	ထိပ်ပိုင်းစိန်ခေါ်မှုများကို ဖြေရှင်းရန် လက်ခံကျင့်သုံးထားသော အခွင့်အလမ်းသစ်များ • Cloud software(1WSME)
• WSME များ၏ စိန်ခေါ်မှုများကို ဖြေရှင်းရန် အခွင့်အလမ်းသစ်များနှင့်ပတ်သက်ပြီး ကန့်သတ်ထားခြင်း • အတွေးအခေါ်ပြောင်းလဲမှုနှင့်အသိပညာဆိုင်ရာ တိုးတက်စေမှု	• တည်ရှိနေသောကုန်သွယ်ရေးအဖွဲ့အစည်းများမှ လမ်းညွှန်ချက်ဖြင့် ပြဿနာများကို ဖြေရှင်းရန် အခွင့်အလမ်းသစ်ဖြစ်သော e-learning ကို စီမံခန့်ခွဲခြင်း • သင်ကြားပြသမှုဆိုင်ရာ အခွင့်အလမ်းသစ်များတိုးမြှင့်ရာတွင် ယဉ်ကျေးမှု/အတွေးအခေါ်သည် အဓိကအတားအဆီးဖြစ်နေခြင်း	• ထုတ်ကုန် အင်္ဂါရပ်များ/tools များ၏ဝန်ဆောင်မှုများနှင့်ပတ်သက်သော ပြဿနာများအား ဖြေရှင်းရန် online payment gateway ကို စီမံခန့်ခွဲခြင်း • Cloud software သည် ကုန်ကျစရိတ်နှင့် အတွေးအခေါ်ဆိုင်ရာပြဿနာများကြောင့် အသုံးပြုရန် တားဆီးမှုခံရခြင်း	• ထုတ်ကုန် အင်္ဂါရပ်များ/tools များ၏ဝန်ဆောင်မှုများနှင့်ပတ်သက်သော ပြဿနာများအား ဖြေရှင်းရန် online payment gateway ကို စီမံခန့်ခွဲခြင်း • Cloud software သည် ကုန်ကျစရိတ်နှင့် အတွေးအခေါ်ဆိုင်ရာပြဿနာများကြောင့် အသုံးပြုရန် တားဆီးမှုခံရခြင်း

ပုံ ၄.၂၆– အခွင့်အလမ်းများ vs စိန်ခေါ်မှုများ

ဖုံးကွယ်နေသော ယဉ်ကျေးမှု/အယူအဆဆိုင်ရာ ပြဿနာများသည် လုပ်ငန်းဖြစ်စဉ်များနှင့် စီမံခန့်ခွဲမှုများနှင့်ပတ်သက်သော တိုးတက်မှုများကို ဟန့်တားထားခြင်း

အရေးကြီးသောကဏ္ဍ–၄ ရပ်တလျှောက် လုပ်ငန်းရှင်များမှ ရင်ဆိုင်ရသော ယေဘုယျစိန်ခေါ်မှုများကို အနီးကပ်ကြည့်ရှုပါက ထုတ်ကုန်များ၊ ဝန်ဆောင်မှုများနှင့် ရောင်းချသူများဆိုင်ရာ ပြဿနာများသည် အဖြစ်အများဆုံးပြဿနာဖြစ်သည့် ကုန်ကျစရိတ်ဆိုင်ရာပြဿနာများနောက်မှ လိုက်သည်။ သို့ရာတွင် ပိုမိုနက်နဲသော လေ့လာဆန်းစစ်မှုများအရ အယူအဆဆိုင်ရာ ပြဿနာများသည် နက်ရှိုင်းစွာအမြစ်တွယ်နေပြီး လုံလောက်စွာ ဖြေရှင်းခံရခြင်းမရှိပေ။

ထိပ်ပိုင်းစိန်ခေါ်မှု ၃ ရပ်အကြား ဆက်သွယ်မှုကို စစ်ဆေးရာတွင် ယဉ်ကျေးမှုနှင့် အယူအဆဆိုင်ရာ ပြဿနာများသည် လုပ်ငန်းဆိုင်ရာကုန်ကျစရိတ်နှင့် tools များဆိုင်ရာ ပြဿနာများ၏ ရင်းမြစ်အကြောင်းရင်းများဖြစ်ကြောင်း ဖော်ထုတ်နိုင်ခဲ့သည်။



ပုံ ၄.၂၇– စိန်ခေါ်မှုများအကြား ဆက်သွယ်မှု

ငွေချေးခြင်းကို ဆန့်ကျင်သော အယူအဆသည် လုပ်ငန်းဆိုင်ရာ ကုန်ကျစရိတ်များအတွက် ဖြေရှင်းပေးနိုင်သည့် နည်းလမ်းများနှင့်ပတ်သက်ပြီး ကန့်သတ်ထားသည်။ ထိုအယူအဆကြောင့် လုပ်ငန်းဖြစ်စဉ်ဆိုင်ရာ စိန်ခေါ်မှုများကို ဖြေရှင်းပေးနိုင်မည့် tools များဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်ပြီး ပြောင်းလဲရန်လည်း မဖြစ်နိုင်ပေ။

ထို့ပြင် ပြင်ပကျွမ်းကျင်သူများထံမှ အကြံပြုချက်များ ရှာဖွေရန် မလိုလားမှုသည် ငွေကြေးရရှိမှုများနှင့် လူ့စွမ်းအားအရင်းအမြစ်များဆိုင်ရာ စိန်ခေါ်မှု အမျိုးမျိုးကို မည်သို့ရင်ဆိုင်ရမည်နှင့်ပတ်သက်သော တစ်ဦးစီ၏ ဗဟုသုတများကို ကန့်သတ်ထားသည်။

ထို့ကြောင့် လုပ်ငန်းရှင်များနှင့် အဖွဲ့ဝင်များ၏ အယူအဆနှင့် ယဉ်ကျေးမှုတို့နှင့်ပတ်သက်ပြီး ပေါ်ပေါက်လာသော ပြဿနာများသည် ကဏ္ဍများအားလုံးရှိ အခြားပြဿနာများကို ဖြေရှင်းရာတွင် နှောင့်နှေးမှုများကို ဖြစ်ပေါ်စေနိုင်သည်။

ဒစ်ဂျစ်တယ်နည်းပညာနှင့်ပတ်သက်ပြီး အကျိုးသက်ရောက်မှုရှိသော အချက်များ အရှိန်မြှင့်တင်ပေးသော အစီအစဉ်များနှင့်ပတ်သက်ပြီး B2C ကုမ္ပဏီများအကြား ပိုမိုမြင့်မားသော ဒစ်ဂျစ်တယ်နည်းပညာလက်ခံကျင့်သုံးမှု

WSMEs များအကြား ဒစ်ဂျစ်တယ်နည်းပညာလက်ခံကျင့်သုံးမှုအဆင့်ကို အကဲဖြတ်ရန် Tools များကို အသုံးပြုမှုရှိ/မရှိဆိုသည်နှင့် မည်သည့် tools အမျိုးအစားများကို အသုံးပြုသည်ဆိုသည်တို့နှင့် ပတ်သက်ပြီး စစ်ဆေးခဲ့သည်။ WSME တစ်ခုစီ၏ ဝက်ဘ်ဆိုဒ်နှင့် ဆိုရှယ်မီဒီယာတို့နှင့်ပတ်သက်ပြီး စစ်ဆေးခဲ့သည်။

Tools များ၏ အဆင့်မြင့်မှုအစား ကွဲပြားသော လုပ်ငန်းဖြစ်စဉ်များနှင့်ပတ်သက်ပြီး လက်ခံကျင့်သုံးနေသော tool အရေအတွက်ကို အလေးပေးသည်။ ဥပမာ-ပုံနှိပ်သော ကုမ္ပဏီသည် clients များအတွက် ပိုစတာများနှင့် banners များထုတ်လုပ်ရန် ဈေးနှုန်းမြင့်မားပြီး အဆင့်မြင့်သည့် software ကို အသုံးပြုနိုင်မည် ဖြစ်သော်လည်း အတွင်းပိုင်းဖြစ်စဉ်များတွင် ဒစ်ဂျစ်တယ် tools များကို အသုံးမပြုထားသည့်အတွက် ထိုကုမ္ပဏီကို အဆင်မြင့် ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုထားသည်ဟု မသတ်မှတ်သင့်ပေ။ အခြားကုမ္ပဏီသည် accounting, HR, marketing ပရောဂျက်စီမံခန့်ခွဲမှုများနှင့် customer စီမံခန့်ခွဲမှုတို့ အပါအဝင် အမျိုးမျိုးသောအတွင်းပိုင်းနှင့် အပြင်ပိုင်းဖြစ်စဉ်များတွင် web-based နှင့် cloud applications များကို အသုံးပြုထားသည့်အတွက် အဆင့်မြင့်ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုထားသည့် ကုမ္ပဏီအဖြစ် သတ်မှတ်နိုင်သည်။

ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုမှု အဆင့်နှင့်ပတ်သက်ပြီး WSMEs ၁၈ ခုကို အမျိုးအစား ၃ မျိုး ခွဲခြားထားသည်။ (၁)အလွန်အဆင့်မြင့်ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုမှုနှင့် အဆင့်မြင့်ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုမှု၊ (၂)အလယ်အလတ်အဆင့် ဒစ်ဂျစ်တယ်နည်းပညာ အသုံးပြုမှု၊ (၃)အဆင့်နိမ့် ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုမှု



ပုံ ၄.၂၈– WSMEs ၁၈ခုအကြား ဒစ်ဂျစ်တယ်နည်းပညာလက်ခံကျင့်သုံးမှုအဆင့်

ယခုလေ့လာမှုတွင် Mes များ၏ ကန့်သတ်ထားသောအရေအတွက်ကြောင့် MEs နှင့် SEs အကြား နှိုင်းယှဉ်ချက်ကို မဆောင်ရွက်နိုင်ပေ။ သို့ရာတွင် အင်တာဗျူးခဲ့သော MEs ၂ ခု၏ ဖော်ပြချက်အရ ၎င်းတို့အနက်ဘခုသည် ဒစ်ဂျစ်တယ်နည်းပညာ အများဆုံးအသုံးပြုပြီး အခြားသူများသည် ဒစ်ဂျစ်တယ်နည်းပညာအနည်းဆုံးအသုံးပြုသည်။ ဒစ်ဂျစ်တယ်နည်းပညာအလွန်မြင့်မားစွာ အသုံးပြုသော ကုမ္ပဏီအမျိုးအစားသည် SE ဖြစ်သည်။

ဒစ်ဂျစ်တယ်နည်းပညာ အသုံးပြုမှုအဆင့်ဆိုင်ရာ ညွှန်းကိန်းသည် ကုမ္ပဏီမှ ဝန်ဆောင်မှုပေးသော customer အမျိုးအစားနှင့်သက်ဆိုင်မှုရှိသည်။ အလွန်အဆင့်မြင့်သည့် ဒစ်ဂျစ်တယ်နည်းပညာ အသုံးပြုသော WSMEs များနှင့် အဆင့်မြင့်ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုသော WSMEs ၆ ခု အနက် ၅ ခုသည် လုပ်ငန်းမှ consumer များထံသို့ ဝန်ဆောင်မှုပေးသော (B2C)လုပ်ငန်းများဖြစ်ကြောင်း တွေ့ရှိရသည်။

ဒစ်ဂျစ်တယ်နည်းပညာအများဆုံးအသုံးပြုသော WSME သည်လည်း B2C လုပ်ငန်းဖြစ်သည်။ အလယ်အလတ်ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုသော အမျိုးအစားတွင် B2C,B2B2C and B2B ကုမ္ပဏီများရောနှောနေသည်။ ဒစ်ဂျစ်တယ်နည်းပညာအနည်းငယ်သာအသုံးပြုသော အမျိုးအစားသည် B2B ကုမ္ပဏီများ ဖြစ်သည်။

B2C ကုမ္ပဏီများသည် ဒစ်ဂျစ်တယ်နည်းပညာ အများဆုံး အသုံးပြုသူများဖြစ်သောကြောင့် အဆင့်မြင့်အသုံးပြုသော ကုမ္ပဏီများ ဖြစ်သည်။



ပုံ ၄.၂၉- WSMEs ၁၈ခုအကြား ဒစ်ဂျစ်တယ်နည်းပညာ လက်ခံကျင့်သုံးမှုအဆင့်

အလွန်အဆင့်မြင့်သည့် ဒစ်ဂျစ်တယ်နည်းပညာ အသုံးပြုသော WSMEs များနှင့် အဆင့်မြင့် ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုသော WSMEs ၆ ခု အနက် ၅ ခုသည် ယခင်က လုပ်ငန်းဆိုင်ရာ လှုံ့ဆော်မှုအစီအစဉ်များနှင့် သင်ကြားပြသမှုအစီအစဉ်များတွင် ပါဝင်ခဲ့သည်။ လုပ်ငန်းရှင် ၅ ဦးလုံးသည် ဒစ်ဂျစ်တယ်နည်းပညာအများဆုံးအသုံးပြုသော ကုမ္ပဏီများတွင် ပါဝင်သည်။

ထိုအစီအစဉ်များနှင့်ပတ်သက်သော အတွေ့အကြုံများသည် လုပ်ငန်းဖြစ်စဉ်များကို တိုးတက်စေနိုင်သော ဒစ်ဂျစ်တယ် tools များ ပိုမိုအသုံးပြုနိုင်ရန်နှင့် ပိုမိုမဟာဗျူဟာကျသောနည်းလမ်းများဖြင့် လုပ်ငန်းများကို စီမံခန့်ခွဲနိုင်ရန်တို့အတွက် ရွေးချယ်ထားသောလုပ်ငန်းရှင်အဖွဲ့ကို ကူညီနိုင်သည်။



ပုံ ၄.၃၀– WSMEs ၁၈ခုအကြား လုပ်ငန်းဆိုင်ရာလှုံ့ဆော်မှုနှင့်
သင်ကြားပြသမှုများဆိုင်ရာ အစီအစဉ်များနှင့်ပတ်သက်သော အတွေ့အကြုံ

> “
>
> လှုံ့ဆော်မှုအစီအစဉ်အတွင်း မိတ်ဆက်ပေးခဲ့သော robotic automation software ကို ဝယ်ယူခဲ့သည်။ ၎င်းသည် မိမိတို့၏ ယာဉ်များသွားလာခဲ့သော ခရီးများကို မှတ်တမ်းတင်ရန် ကူညီပေးသည်။ မိမိတို့၏ ဝန်ထမ်းများသည် မှတ်တမ်းတင်ရန် အနည်းဆုံးစမိနစ်လိုအပ်သော်လည်း robot သည် ၁ မိနစ်အတွင်း ဆောင်ရွက်နိုင်သည်။
>
> (ထောက်ပံ့ပို့ဆောင်ရေး SME ပိုင်ရှင်)

၄.၅။ WSMEs များအတွက် ဒစ်ဂျစ်တယ်နည်းပညာအသွင်ကူးပြောင်းမှု၏အနာဂတ်

သင်တန်းနှင့် သင်ကြားပြသမှုအစီအစဉ်များရှိသော်လည်း SMEs များအကြား အသိပညာမရှိခြင်းနှင့် သံသယရှိမှုတို့နှင့်ပတ်သက်သော စိန်ခေါ်မှုများကို ပညာရှင်များမှ မီးမောင်းထိုးပြသခြင်း
လုပ်ငန်းရှင်များအနေဖြင့် တွေ့ကြုံရသော စိန်ခေါ်မှုများကို လျော့နည်းစေနိုင်မည့် မဟာဗျူဟာများနှင့် ပတ်သက်သော ပညာရှင် ၄ ဦးထံမှ အမြင်များနှင့် အတွေးအခေါ်များကို သိရှိနိုင်ရန် ပြဿနာများအား တင်ပြခဲ့သည်။

ကဏ္ဍ-၁-ငွေကြေးရရှိမှု



ပုံ ၄.၃၁- ကဏ္ဍ-၁နှင့်ပတ်သက်သော အဓိကအကြောင်းအရာများ

ကုမ္ပဏီများသည် ဘဏ်ချေးငွေရရှိနိုင်ရန် မစွမ်းဆောင်နိုင်သောကြောင့် အခြားချေးငွေဆိုင်ရာ နည်းလမ်းများကို မတတ်သာသည့်အဆုံး အသုံးပြုရသော်လည်း ထိုနည်းလမ်းများနှင့်ပတ်သက်ပြီး သံသယများရှိခဲ့ကြသည်။ ထိုအချက်ကိုကြည့်ခြင်းအားဖြင့် WSMEs များအကြား အခြားချေးငွေဆိုင်ရာ နည်းလမ်းများနှင့်ပတ်သက်သော ကန့်သတ်ထားသည့် အသိပညာများရှိနေကြောင်း သိရှိနိုင်သည်။

အကြံပြုချက်

အခြားချေးငွေဆိုင်ရာ နည်းလမ်းများနှင့်ပတ်သက်ပြီး WSMEs များအား အသိပညာပေးရန် ကြိုးပမ်းမှုများ ပြုလုပ်ခဲ့သော်လည်း ထိုကြိုးပမ်းမှုများသည် ကန့်သတ်ထားသော အောင်မြင်မှုသာရရှိခဲ့ပြီး ထိုနည်းလမ်းများမှ အကျိုးကျေးဇူးရရှိခဲ့သော WSMEs များ၏ အောင်မြင်မှုများကို အမျိုးသမီးဗဟိုပြုမီဒီယာများတွင် ဖော်ပြရန် အကြံပြုချက်တစ်ရပ်ကို ဖြစ်ပေါ်စေခဲ့သည်။ အခြားအတားအဆီးသည် လုပ်ငန်းရှင်များအနေဖြင့် လက်တွေ့ကျသော လုပ်ငန်းမတည်မှုနှင့်ပတ်သက်ပြီး အပြည့်အဝနားလည်နိုင်မှု မရှိခြင်းမှတဆင့် အခြေခံကျသော ဗဟုသုတဆိုင်ရာ ကွာဟချက်များကို မီးမောင်းထိုးပြသခဲ့သည်။

နားလည်သိရှိမှုမရှိခြင်းသည် SMEs များ၏ ECF နှင့် ပတ်သက်သောအမြင်ကို ဖော်ပြထားခြင်း ဖြစ်သည်။ အခြားချေးငွေရရှိမှုနည်းလမ်းများဆိုင်ရာ ပညာရှင်သည် လုပ်ငန်းမတည်ရန်အတွက် ရှယ်ယာတန်ဖိုး မည်မျှရရှိမည်ကို ဆုံးဖြတ်ရန် ၎င်းတို့အနေဖြင့် ကိုယ်ပိုင်စည်းကမ်းချက်များ ပြဋ္ဌာန်းနိုင်သည်ကို ကုမ္ပဏီအများအပြားမှ နားလည်သဘောပေါက်ခြင်း မရှိကြောင်းဖော်ပြထားသည်။ ပညာရှင်များသည် အခြားချေးငွေရရှိမှုနည်းလမ်းများနှင့်ပတ်သက်ပြီး နားလည်သိရှိမှုမရှိခြင်းမှာ SMEs များအတွက် ဒစ်ဂျစ်တယ်ငွေကြေးဆိုင်ရာ ပလက်ဖောင်းများမှ တဆင့် အရင်းအနှီးမတည်ပေးသော အစိုးရ၏ ကြိုးပမ်းမှုများကို လျော့နည်းစေကြောင်း ဖော်ပြခဲ့သည်။

ECF တွင် ၎င်းတို့၏ ကိုယ်ပိုင်စည်းကမ်းချက် သတ်မှတ်မှုများမှာ ပြောင်းလွယ်ပြင်လွယ်ဖြစ်သော်လည်း လုပ်ငန်းရှင်အများအပြားသည် ပြင်ပအဖွဲ့အစည်းသို့ ရှယ်ယာတန်ဖိုးများကို လွှဲပြောင်းပေးရန် တွန့်ဆုတ်နေကြဆဲဖြစ်သည်။

ချေးငွေဆိုင်ရာ နည်းလမ်းများတွင် ပညာရှင်များသည် ကျားမဆိုင်ရာ ပြဿနာများနှင့်ပတ်သက်ပြီး လေ့လာမှုများ မပြုခဲ့ပေ။ လက်တွေ့တွင် သမားရိုးကျငွေကြေးဆိုင်ရာ အဖွဲ့အစည်းများမှ ချေးငွေများနှင့် ထောက်ပံ့ကြေးများနှင့်ပတ်သက်သော အတည်ပြုမှုများကို Central Credit Reference Information System (CRIS) အစီရင်ခံစာကဲ့သို့သော နည်းလမ်းများမှတဆင့် ကုမ္ပဏီများဆိုင်ရာ ယုံကြည်စိတ်ချရမှုအတွက် စစ်ဆေးဆောင်ရွက်သည်။

ကဏ္ဍ-၂-သင်ကြားပြသမှု/ ကွန်ရက်ချိတ်ဆက်မှု/ ကျွမ်းကျင်မှုများ



ပုံ ၄.၃၂- ကဏ္ဍ-၂နှင့်ပတ်သက်သော
အဓိကအကြောင်းအရာများ

အကျပ်အတည်းကာလမတိုင်မီ အမျိုးသမီးများနှင့် ပတ်သက်သော အဖွဲ့အစည်းများနှင့် ဘဏ်လုပ်ငန်း/ လုပ်ငန်းဆိုင်ရာ လှုံ့ဆော်မှုအစီအစဉ်တို့မှ ပညာရှင်များသည် SMEs များအတွက် ပြင်ပသင်တန်းများကို စီစဉ်ပေးခဲ့သည်။ သင်တန်းသည် လုပ်ငန်း၊ ငွေကြေးနှင့် HR ဆိုင်ရာ စီမံခန့်ခွဲမှု၊ ပြောင်းလဲမှုဆိုင်ရာ စီမံခန့်ခွဲမှုနှင့် ဒစ်ဂျစ်တယ်ကျွမ်းကျင်မှုများနှင့်ပတ်သက်ပြီး သင်ကြားပေးခဲ့သည်။

ပြင်ပသင်တန်းများကို ကောင်းမွန်သော ဆက်သွယ်မှုများနှင့် ကွန်ရက်ချိတ်ဆက်မှုများကြောင့် ပိုမိုနှစ်သက်ကြသော်လည်း အွန်လိုင်းသင်တန်များသည် SMEs များအတွက် ကုန်ကျစရိတ်အနည်းငယ်ဖြင့် ပိုမိုလွယ်ကူစွာ ချိတ်ဆက်နိုင်စေသည်။

သို့ရာတွင် အမျိုးသမီးအဖွဲ့အစည်းမှ ပညာရှင်သည် လက်ရှိအခြေအနေတွင် လုပ်ငန်းရှင်များအား အွန်လိုင်းဆွေးနွေးပွဲများသို့ ဆွဲဆောင်နိုင်ရန်အတွက် စိန်ခေါ်မှုရှိပြီး ၎င်းတို့အား ပါဝင်စေရန်အတွက် အလွန်စိတ်ဝင်စားဖွယ်ကောင်းသော အကြောင်းပြချက်တစ်ရပ် လိုအပ်ကြောင်း မှတ်ချက်ပြုခဲ့သည်။ COVID-19 အသွားအလာကန့်သတ်မှုအမိန့် (MCO) နှင့်ပတ်သက်ပြီး ဆောင်ရွက်စဉ်အတွင်းနှင့် ဆောင်ရွက်ပြီးနောက် အွန်လိုင်းဆွေးနွေးပွဲများစွာ ရုတ်တရက် ပေါ်ပေါက်လာခဲ့သည်။

“

အွန်လိုင်းတွင် လူများကို ဆွဲဆောင်နိုင်ရန်မှာ ထိုမျှလောက် မလွယ်ကူပဲ အလွန် စိတ်ဝင်စားဖွယ်ကောင်းသည်။ အွန်လိုင်းသင်တန်း/ဆွေးနွေးပွဲများတက်ရောက်သူများသည် ထိုသို့ပါဝင်တက်ရောက်ခြင်းဖြင့် ၎င်းတို့အတွက် မည်သည့်အကျိုးကျေးဇူးများ ရနိုင်မည်ဆိုသည်ကို ခံစားမိရန်ရန် လိုအပ်သည်။ သို့သော် ယခုအခါ အသံသွင်းထားသော ဖိုင်လ်များကို အွန်လိုင်းမှတဆင့် ပေးပို့ကြသည်။ ထိုအသံဖိုင်လ်များပေးပို့မှုကို စောင့်မျှော်တတ်ကြပြီး အချိန်ရပါက ထိုအသံဖိုင်လ်များကို နားထောင်ကြသည်။ Google နှင့် တူသည်။ သတင်းအချက်အလက်များစွာရှိပြီး ဘယ်နေရာသို့သွားရမည်ကို သင့်အနေဖြင့် မသိရှိနိုင်ပေ။
(အမျိုးသမီးများအဖွဲ့အစည်းမှ ပညာရှင်)

အကြံပြုချက်

အမျိုးသမီးအဖွဲ့အစည်းမှပညာရှင်က ပိုမိုတက်ကြွသော ပါဝင်မှုနှင့် ဆက်သွယ်မှုတို့ဖြစ်ပေါ်စေရန် အွန်လိုင်းသင်တန်းများကို ပိုမိုသေးငယ်သော အရွယ်အစားနှင့် ပိုမိုရည်မှန်းချက်ထားကာ ဆောင်ရွက်သင့်ကြောင်း အကြံပြုထားသည်။ လုပ်ငန်းရှင်များကို ပြင်ပတွင် တွေ့ဆုံဆက်သွယ်ရန် ခက်ခဲသည့်အတွက် အွန်လိုင်းဆွေးနွေးပွဲများမှတဆင့် တွေ့ဆုံနိုင်ရန် အရေးကြီးသည်။

အမျိုးသမီးများနှင့်ပတ်သက်သော အဖွဲ့အစည်းများနှင့် ဘဏ်လုပ်ငန်း/လုပ်ငန်းဆိုင်ရာ လှုံ့ဆော်မှုအစီအစဉ်များမှ ပညာရှင်များသည် ပြင်ပတွင် ကွန်ရက်ချိတ်ဆက်ဆောင်ရွက်ခြင်းသည် အွန်လိုင်းတွင် ကွန်ရက်ချိတ်ဆက်ဆောင်ရွက်ခြင်းထက် သာလွန်ကြောင်း သဘောတူထားသော်လည်း အွန်လိုင်းသင်တန်းများမှာ ယခုကဲ့သို့ အကျပ်အတည်းကာလတွင် လိုအပ်သည်။

အကျပ်အတည်းကာလမတိုင်မီ ပညာရှင်များမှ ဆောင်ရွက်ခဲ့သော ပြင်ပသင်တန်းအစီအစဉ်များကို အခြေခံပြီး SMEs များအတွက် ပံ့ပိုးမှုနှင့် လမ်းညွှန်ချက်များ စီစဉ်ပေးခြင်းသည် အစီအစဉ်၏ အရေးကြီးသော အချက်ဖြစ်ကြောင်း သဘောတူထားသည်။ သမားရိုးကျလည်ပတ်နေသည့် SMEs များသည် ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုခြင်းဖြင့် အခွင့်အလမ်းအသစ်များနှင့် အကျိုးကျေးဇူးများကို ယူဆောင်ပေးနိုင်သည်ကို အပြည့်အဝ လက်မခံပေ။

“

COVID-19 ကြောင့် မိမိတို့သည် အဖွဲ့ဝင်များနှင့် ပုံမှန်တွေ့ဆုံဆွေးနွေးမှုများကို မပြုလုပ်နိုင်ပေ။ အွန်လိုင်းတွင်သာ ဆက်သွယ်ပြောဆိုနိုင်သည်။ ယခုအခါတွင် လုပ်ငန်းရှင်များသည် ဖုန်းများမှတဆင့် log in လုပ်နိုင်သည်။ မိမိတို့သည် ပြင်ပတွင် ပုံမှန်တွေ့ဆုံဆက်သွယ်နိုင်ရန် အချိန်ကြာဦးမည် ဖြစ်သည်။ ထို့ကြောင့် ဒစ်ဂျစ်တယ်နည်းပညာများကို အသုံးပြုရမည်။
(အမျိုးသမီးအသင်းမှ ပညာရှင်)

WSME အင်တာဗျူးများမှ ဖော်ပြချက်အရ အဆိုပါယူဆမှုသည် အယူအဆဆိုင်ရာ ပြဿနာများကို ဖြစ်ပေါ်စေသည်။ ထိုအယူအဆများရှိခဲ့သော်လည်း SMEs လုပ်ငန်းရှင်များသည် အွန်လိုင်းအလုပ်ရုံဆွေးနွေးပွဲများတွင် ပါဝင်တက်ရောက်နေဆဲပင်ဖြစ်သည်။ ဘဏ်လုပ်ငန်း/လုပ်ငန်းဆိုင်ရာ လှုံ့ဆော်မှုအစီအစဉ်မှ ပညာရှင်သည် သမားရိုးကျမိသားစုပိုင်လုပ်ငန်းများတွင် ပိုမိုငယ်ရွယ်သော ဦးဆောင်သူရှိမည်ဆိုပါက ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုမှုနှင့် ပတ်သက်ပြီး ပိုမိုမြန်ဆန်နိုင်ကြောင်းလည်း လေ့လာတွေ့ရှိခဲ့ရသည်။

၁၉၉၀ နှစ်များအတွင်း အမျိုးသမီးသင်ကြားပြသသူများအဖွဲ့သည် သင်ကြားပြသမှုအစီအစဉ် တစ်ရပ်ကို လျှို့ဝှက်သင်ကြားခဲ့သည်။ သို့ရာတွင် စိတ်ဝင်စားမှု တစ်ဖြည်းဖြည်း နည်းပါးလာသောကြောင့် ရပ်တန့်ခဲ့ရသည်။

သင်ကြားပြသမှုဆိုင်ရာ ဖြစ်စဉ်များကို လုပ်ငန်းရှင်များတက်ရောက်ရန် လိုအပ်သည်။ သို့ရာတွင် လုပ်ငန်းပိုင်ရှင် အများအပြားသည် ၎င်းတို့အား အောင်မြင်မှုရရှိပြီးနေသူများအဖြစ် အမြင်ခံလိုသောကြောင့် ထိုသို့တက်ရောက်သင်ကြားရန် ဝန်လေးခဲ့ကြသည်။ ထိုလေ့လာမှုကို WSME များ ထံမှ ရှာဖွေတွေ့ရှိမှုများဖြင့် ပူးပေါင်းဆောင်ရွက်ထားသည်။ ဖြေဆိုသူများက အွန်လိုင်းသင်တန်းများကို တက်ရောက်နိုင်သော်လည်း ပြင်သင်တန်းများကိုသာ တက်ရောက်ခဲ့ကြောင်း ဖြေကြားခဲ့ကြသည်။

ကဏ္ဍ-၃-လုပ်ငန်းဖြစ်စဉ်များနှင့် စီမံခန့်ခွဲမှု (ဒစ်ဂျစ်တယ်နည်းပညာအသွင်ကူးပြောင်းမှု)



ပုံ ၄.၃၃- Salient Themes on Pillar 3 ကဏ္ဍ-၃နှင့်ပတ်သက်သော အဓိကအကြောင်းအရာများ

ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုခြင်း၏ အဓိကပြဿနာသည် ကုန်ကျစရိတ်မြင့်မားမှုဖြစ်သောကြောင့် အဖွဲ့အစည်းသည် အချက်အလက်ရရှိမှုဖြစ်စဉ်နှင့် တင်ပြမှုဖြစ်စဉ်အကြား စိုးရိမ်ပူပန်မှုများနှင့်ပတ်သက်သော အဖြေရှာနည်းများပါဝင်သော အစီအစဉ်များကို စီစဉ်ပေးရန်အတွက် ပြည်တွင်းနည်းပညာအဖြေရှာမှုဆိုင်ရာ စီစဉ်သူများဖြင့် ဆောင်ရွက်ခဲ့သည်။

Back end digital solutions တွင် HR management, accounting, inventory and project management ကဲ့သို့သော အလိုအလျောက်အတွင်းပိုင်းလုပ်ငန်းဖြစ်စဉ်များပါဝင်သည်။ front end solutions တွင် marketing and e-commerce ကဲ့သို့သော customer facing channels များပါဝင်သည်။ နှစ်မျိုးလုံးကို ပေါင်းစည်းခြင်းသည် ကုမ္ပဏီများအား ၎င်းတို့၏ ဈေးကွက်ရှာဖွေမှုဆိုင်ရာ ကြိုးပမ်းမှုများအတွက် customer data ကို အသင့်တော်ဆုံးဖြစ်စေသည်။

အစိုးရနှင့် လုံ့ဆော်မှုအစီအစဉ်များမှ စီစဉ်ပေးသော ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုမှုဆိုင်ရာ ထောက်ပံ့ကြေးများ/ဆွဲဆောင်မှုများသည် ပြည်တွင်း software ရောင်းချသူများအတွက် လိုအပ်သည်။

အကြံပြုချက်

နိုင်ငံခြားမှ ရောင်းချသူများအား ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုမှု အရှိန်မြှင့်တင်နိုင်စေရန် ပြည်တွင်းရုံးများဖွင့်ပြီး ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ခွင့်ပြုရန်အတွက် အားပေးရန် ဖြစ်သည်။

> “
>
> မိမိတို့သည် အာဆီယံရှိ SMEs များကို ကူညီရန် နိုင်ငံခြားမှ နည်းပညာဆိုင်ရာ အဖြေရှာပေးသူများဖြင့် ဆောင်ရွက်နိုင်သည်။
> (ဘဏ်လုပ်ငန်း/လုပ်ငန်းဆိုင်ရာ လှုံ့ဆော်မှု အစီအစဉ်မှ ပညာရှင်)

ကုမ္ပဏီများနှင့် လုပ်ငန်းများတွင် ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုမှုမှာ ပြောင်းလဲနေကြောင်း အတည်ပြုထားသည်။ B2B ကုမ္ပဏီများသည် အတွင်းပိုင်းလုပ်ငန်းဖြစ်စဉ်များကို လူ၏ အကူအညီမလိုပဲ စက်များဖြင့် အလိုအလျောက်ဆောင်ရွက်ခြင်းနှင့်ပတ်သက်ပြီး ပိုမိုအလေးပေးထားသည်။ B2C ကုမ္ပဏီများသည် customer ရရှိနိုင်သောနည်းလမ်းများတွင် ရင်းနှီးမြှုပ်နှံထားသည်။

ကဏ္ဍ-၄-အကျပ်အတည်းဆိုင်ရာ စီမံခန့်ခွဲမှု

Salient Themes

Accelerated Rate of DIgital adoption

ပုံ ၄.၃၄- ကဏ္ဍ-၄နှင့်ပတ်သက်သော အဓိကအကြောင်းအရာများ

WSMEs အများအပြားသည် အကျပ်အတည်းမတိုင်မီက ဒစ်ဂျစ်တယ်နည်းပညာများကို များစွာအသုံးမပြုခဲ့ပေ။ ဥပမာ- F&B ကုမ္ပဏီများသည် MCO ဆောင်ရွက်သောအချိန်တွင်သာ GrabFood and Foodpanda ကဲ့သို့သော အစားအစာပို့ဆောင်သောပလက်ဖောင်းများကို အရှိန်မြှင့်ပေးသည်။

နိဂုံး

ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုရန်အတွက် ကုန်ကျစရိတ်မြင့်မားမှုဆိုင်ရာ ပြဿနာနှင့် ပတ်သက်ပြီး ကောင်းစွာ ဖြေရှင်းရန် လိုအပ်သည်။ WSME လုပ်ငန်းရှင်များသည် ဝင်ငွေပိုမိုရရှိနိုင်ရန်အတွက် ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုခြင်းကို ရင်းနှီးမြှုပ်နှံမှုအဖြစ်ထက် ပိုပြီး ကုန်ကျစရိတ်အဖြစ် မြင်နေကြောင်း ဖော်ပြခဲ့သည်။ ထိုအမြင်သည် လုပ်ငန်းများတိုးတက်မှုနှင့် ပတ်သက်ပြီး ဟန့်တားနေသော လုပ်ငန်းရှင်များအတွင်း ပုံသေဖြစ်နေသောအယူအဆမှ အရင်းခံသည်။

အကြံပေးဆွေးနွေးမှု

WSME များနှင့် ပညာရှင်များဖြင့် အင်တာဗျူးများမှ ရှာဖွေတွေ့ရှိမှုများကို ဂေဟာစနစ်တွင် အရေးကြီးသော ပါဝင်ပတ်သက်သူများအား ကိုယ်စားပြုထားသော အတွေ့အကြုံရှိသည့် ဆွေးနွေးသူ ၉ ဦး ပါဝင်သည့် ဆွေးနွေးပွဲအတွက် စုစည်းတင်ပြထားသည်။ ဆွေးနွေးသူများကို အရေးကြီးသော မူဝါဒချမှတ်သည့် အဖွဲ့အစည်းများ၊ နည်းပညာအဖွဲ့အစည်းများနှင့် လုပ်ငန်း/အမျိုးသမီးအဖွဲ့အစည်းများတွင် ၎င်းတို့၏ ဦးဆောင်မှုပေါ်တွင် အခြေခံပြီး ရွေးချယ်ထားသည်။ ဆွေးနွေးပွဲ၏ အဓိကရည်ရွယ်ချက်သည် ဒစ်ဂျစ်တယ်နည်းပညာ အသုံးပြုမှုနှင့် ပတ်သက်ပြီး WSMEs များမှ ရင်ဆိုင်နေရသော စိန်ခေါ်မှုများကို ဖြေရှင်းရန် လက်တွေ့ကျသော အဖြေရှာမှုများကို စီစဉ်ပေးရန် ဖြစ်သည်။

AJ&Smart မှ အသုံးပြုသော Lightning Decision Jam(LDJ)၏ ပြင်ဆင်ထားသောအဆိုကို ဆွေးနွေးမှုနှင့်ပတ်သက်ပြီး လမ်းညွှန်ရန် အသုံးပြုထားသည်။ ဆွေးနွေးသူများသည် WSME လုပ်ငန်းရှင်များမှ ဖော်ပြထားသော လုပ်ငန်းပြဿနာများအပါအဝင် သုတေသနရှာဖွေတွေ့ရှိမှုများနှင့်ပတ်သက်ပြီး ၃၀ မိနစ်ကြာ တင်ပြမှုကို စီစဉ်ပေးထားသည်။ ၎င်းတို့သည် ထိပ်ပိုင်းပြဿနာ ၃ ရပ်ကို ဦးစားပေးထားသည်။ အဓိကပြဿနာကို စိန်ခေါ်မှုတစ်ရပ်အဖြစ် ရွေးထုတ်ပြီး ပြန်လည်စစ်ဆေးသုံးသပ်ခဲ့သည်။ နောက်ဆုံးတွင် ဆွေးနွေးသူများသည် အဖြေရှာမှုများကို တတ်နိုင်သမျှ စီစဉ်ပေးခဲ့သည်။



ပုံ ၄.၃၅- ပြင်ဆင်ထားသော LDJ နည်းလမ်း



ပုံ ၄.၃၆- အကြံပေးဆွေးနွေးမှုဆိုင်ရာ ပရိဖိုင်း

ဒစ်ဂျစ်တယ် tools များ၊ ရင်းမြစ်များနှင့် ဝန်ဆောင်မှုများ၏ ကုန်ကျစရိတ်သည် WSMEs များအတွက် အရေးကြီးသောပြဿနာတစ်ရပ်အဖြစ် ဆွေးနွေးသူများအကြား အများဆုံးမဲအရေအတွက်ကို လက်ခံရရှိခဲ့သည်။

သို့ရာတွင် ဒစ်ဂျစ်တယ် tools များကို အဘယ်ကြောင့် ရင်းနှီးမြှုပ်နှံမှုအဖြစ်မမြင်ဘဲ ကုန်ကျစရိတ်အဖြစ်မြင်သည်နှင့်ပတ်သက်သော မေးခွန်းမေးမြန်းလာခဲ့သည်။ ဆွေးနွေးသူအချို့သည် အယူအဆဆိုင်ရာ ပြဿနာများနှင့်ပတ်သက်ပြီး အကြံပြုခဲ့သည်။ ငွေချေးခြင်းနှင့် ရှယ်ယာတန်ဖိုး မျှဝေခြင်းတို့နှင့်ပတ်သက်ပြီး ဆန့်ကျင်သော အယူအဆရှိသည့် ပြဿနာအတွက် ဒုတိယအများဆုံး မဲအရေအတွက်ကို လက်ခံရရှိခဲ့သည်။

ဆွေးနွေးသူများသည် WSMEs များအနေဖြင့် ရင်ဆိုင်ရသော အဓိကပြဿနာသည် တိုးတက်သော အယူအဆ မရှိခြင်းကြောင့် ဖြစ်ကြောင်း ဆုံးဖြတ်ခဲ့သည်။ တိုးတက်သော အယူအဆရှိခြင်းဆိုသည်မှာ ကျရှုံးမည်ကိုမကြောက်ဘဲ သင်ယူရန်၊ တိုးတက်ရန်၊ စွန့်စားရန်တို့အတွက် စဉ်ဆက်မပြတ်ရှာဖွေသော အယူအဆဖြစ်သည်။

ထိုအကြောင်းအရာသည် Stanford University မှ စိတ်ပညာရှင် Carol S. Dweck ၏ သုတေသနနှင့် ဆက်စပ်နေပြီး သူမ၏ စာအုပ်ဖြစ်သော အယူအဆ- အသစ်ဖြစ်သော စိတ်ပညာဆိုင်ရာ အောင်မြင်မှုတွင် ဖော်ပြထားသည်။

Dweck သည် တိုးတက်သောအယူအဆနှင့်ပတ်သက်ပြီး အရည်အချင်းများအား ကြိုးစားမှုနှင့် ဇွဲတို့ဖြင့် တိုးတက်အောင်လုပ်နိုင်သော ယုံကြည်မှုအဖြစ် အနက်ဖွင့်ဆိုထားသည်။ တိုးတက်သောအမြင်ရှိသူတို့သည် စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်ခြင်း၊ အတားအဆီးများနှင့်ပတ်သက်ပြီး ခံနိုင်ရည်ရှိခြင်း၊ ဝေဖန်မှုများမှ သင်ယူနိုင်ခြင်းနှင့် ၎င်းတို့၏ အောင်မြင်မှုနှင့်ပတ်သက်ပြီး လှုံ့ဆော်မှုကို ရှာဖွေနိုင်သူများဖြစ်သည်။ ရလာဒ်သည် ပဓာနမဟုတ်ပဲ ကြိုးစားလျှောက်လမ်းခဲ့သော ခရီးတွင် ရရှိခဲ့သည့် အတွေ့

အကြံမျှားနှင့် သင်ခန်းစာများသည်သာလျှင် ၎င်းတို့အတွက် ဆုလာဘ်ဖြစ်သည်။

အယူအဆဆိုင်ရာ ပြဿနာသည် အမျိုးသားများနှင့် နှိုင်းယှဉ်ပါက အမျိုးသမီးများမှ မကြာခဏ ပိုမိုတွေ့ကြုံရသည့် ကျားမဆိုင်ရာပြဿနာဟုတ်/မဟုတ် ဆိုသည်နှင့်ပတ်သက်ပြီး မေးခွန်းများကို မေးမြန်းခဲ့သည်။ အမျိုးသမီးများသည် ထုံးတမ်းစဉ်လာနှင့် ယဉ်ကျေးမှုတို့အရ ကွန်ရက်ချိတ်ဆက်ဆောင်ရွက်ရာတွင် အမျိုးသားများထက်ပိုပြီး ကန့်သတ်ချုပ်ခြယ်မှုခံကြရသည်။

US တွင် ဆောင်ရွက်ခဲ့သော သုတေသနသည် အမျိုးသားနှင့် အမျိုးသမီးတို့အကြား ယုံကြည်မှုဆိုင်ရာ ကွာဟချက်များရှိကြောင်းဖော်ပြထားပြီး အမျိုးသမီးများသည် မိမိတို့၏ ဆောင်ရွက်မှုများနှင့် ပတ်သက်သော သုံးသပ်မှုများတွင် အမျိုးသားများအောက် အဆင့်နိမ့်ကြသည်။

မလေးရှားတွင် ဆောင်ရွက်ခဲ့သော သုတေသနအရ ထိုအချက်သည် လုပ်ငန်းလုပ်ရာတွင် အမျိုးသမီးများ၏ အယူအဆအပေါ် မည်သို့အကျိုးသက်ရောက်စေနိုင်ပုံနှင့်ပတ်သက်ပြီး နားလည်စေနိုင်မည် ဖြစ်သည်။ တိုးတက်သောအယူအဆ မရှိမှုဆိုင်ရာ ပြဿနာသည် တစ်နည်းအားဖြင့် အောက်ပါစိန်ခေါ်မှုများနှင့် ပတ်သက်သည်။ WSMEs များအနေဖြင့် တိုးတက်သောအမြင်နှင့် ပတ်သက်သော အသိပညာရှိရန်နှင့် လက်ခံကျင့်သုံးရန်တို့အတွက် မည်သို့ကူညီနိုင်သနည်း။ ထိုစိန်ခေါ်မှုများအတွက် အဖြေရှာမှုများကို တတ်နိုင်သမျှေဆာင်ရွက်ပေးခြင်းဖြင့် ကူညီနိုင်သည်။

ပုံ ၄.၃၇- အကြံပေးဆွေးနွေးပွဲ(မလေးရှား)



ပုံ ၄.၃၈– အကျိုးသက်ရောက်မှုနှင့် ကြိုးပမ်းမှုဆိုင်ရာ ပုံစံ

WSME များအား တိုးတက်သောအတွေးအခေါ်ရရှိစေရန် မည်သို့ကူညီမည်နည်း။

ပညာရေး

- ခိုင်မာသောသင်ကြားမှုနှင့် ပညာရေးဆိုင်ရာ ဂေဟစနစ်
- ၎င်းကို တတိယပညာရေးစနစ်/တစ်သက်တာသင်ကြားမှုမှတဆင့် အခြေခံပညာရေး၏ တစ်စိတ်တစ်ပိုင်းဖြစ်စေရန် ပြုလုပ်ပါ။

သင်ကြားပြသမှုနှင့် ဆွေးနွေးမှု

- WSMEs များအတွက် အမျိုးသမီးနည်းပြများကို လုံ့ဆော်ပေးပါ
- အရေးကြီးသော အမြင်ရှိသည့်ဦးဆောင်သူများ
- စံပြများ
- influencers

လှုံ့ဆော်မှုအစီအစဉ်များ

- WSMEs များအတွက် ငွေကြေးဆိုင်ရာ ဆွဲဆောင်မှုများနှင့်အတူ သင်တန်းအစီအစဉ်များအတွက် အစိုးရမှ စပွန်ဆာပေးခြင်း
- လုပ်ငန်းဖွံ့ဖြိုးမှုအစီအစဉ်များ(ငွေကြေးမတည်မှု၊ သင်ကြားပြသမှု၊သင်တန်း၊အသိုက်အဝန်း)
- WSMEs များအား အတွေးအခေါ်ပြောင်းလဲပေးသော လှုံ့ဆော်မှုအစီအစဉ်များ

Digital tools များနှင့်ပတ်သက်သော အသိပညာတိုးတက်စေခြင်း

- WSMEs များအား ထိုtools များ၏ လုပ်ငန်းဆိုင်ရာ တန်ဖိုးများနှင့်ပတ်သက်ပြီး နားလည်စေရန် ကူညီပါ

ပုံ ၄.၃၉– တိုးတက်သောအယူအဆ လက်ခံကျင့်သုံးမှုနှင့်ပတ်သက်သော အဖြေရှာမှုနည်းလမ်းများ

ပညာရေးနှင့်ပတ်သက်ပြီး ပြင်ဆင်ခြင်း
အယူအဆပြောင်းလဲမှုသည် ပိုမိုကျယ်ပြန့်သော ပညာရေးစနစ်မှတဆင့် လူငယ်များထံမှ ရရှိနိုင်သော အကောင်းဆုံး အကျိုးသက်ရောက်မှု ဖြစ်သည်။ အသက်အရွယ်ကြီးလာချိန်တွင် အယူအဆများကို ပြောင်းလဲရန် ပိုမိုခက်ခဲသောကြောင့် ငယ်ရွယ်စဉ်တွင် အယူအဆများတိုးတက်ပြောင်းလဲခြင်းသည် အမြင့်မားဆုံး အကျိုးသက်ရောက်မှုများကို ဖြစ်ပေါ် စေနိုင်သည်။

သို့ရာတွင် နိုင်ငံတော်၏ နိုင်ငံရေးအပါအဝင် မူဘောင်များနှင့် အစိုးရပညာရေးဆိုင်ရာ မူဝါဒများတွင် ကျယ်ပြန့်သော ပြောင်းလဲမှုများ လိုအပ်သောကြောင့် ထိုအယူအဆပြောင်းလဲမှုဆိုင်ရာ ပြဿနာသည် အခက်ခဲဆုံးဟု ယူဆရသည်။ တိုးတက်သောအမြင်ရှိရန်အတွက် ဗဟုသုတများနှင့်ပတ်သက်ပြီး စဉ်ဆက်မပြတ် လေ့လာရန် လိုအပ်သောကြောင့် ပညာရေးဆိုင်ရာ ဂေဟစနစ်သည် တစ်သက်တာလုံး စဉ်ဆက်မပြတ် လေ့လလာသင်ကြားမှုကို ပေါင်းစည်းဆောင်ရွက်သင့်သည်။

သက်ဆိုင်ရာ အစိုးရအေဂျင်စီများနှင့် ပုဂ္ဂလိကအခန်းကဏ္ဍတို့မှ စီစဉ်ပေးသော လုပ်ငန်းဆိုင်ရာ လုံ့ဆော်မှုအစီအစဉ်
တိုးတက်သောအယူအဆကို လက်ခံကျင့်သုံးရန် အတွက် WSMEs နှင့်ပတ်သက်သော အစီအစဉ်များ ရေးဆွဲရန် မြင့်မားသော အကျိုးသက်ရောက်မှုဆိုင်ရာ အဖြေရှာမှုနှင့် အလယ်အလတ်ဖြစ်သော ကြိုးပမ်းမှု သာလျှင် လိုအပ်သည်။ WSMEs များအတွက် စီစဉ်ပေးထားသော အစိုးရရန်ပုံငွေများ/ ဆွဲဆောင်မှုများကို အသုံးပြုပြီး ကဏ္ဍနှစ်မျိုးအကြား ပူးပေါင်းဆောင်ရွက်မှုများ သို့မဟုတ် အစိုးရနှင့် ပုဂ္ဂလိကအခန်းကဏ္ဍတို့အကြား ကနဦးဆောင်ရွက်မှုများမှ တဆင့် ဆောင်ရွက်နိုင်သည်(စိမ်းပြာရောင်ထောင့်မှန်စတုဂံပုံတွင် ကြည့်ပါ)။ အဆိုပါ အစီအစဉ်များသည် သင်တန်းများတွင်သာမက ရန်ပုံငွေ/ ထောက်ပံ့ကြေးဆိုင်ရာ ပံ့ပိုးမှုများ၊ သင်ကြားပြသမှုများနှင့် ကွန်ရက်ချိတ်ဆက်မှုများနှင့်ပတ်သက်သော အသိုက်အဝန်းများတွင်လည်း ပါဝင်သင့်သည်။

လှုံ့ဆော်မှုအစီအစဉ်များကို အသုံးပြုထားသော ကုမ္ပဏီများသည် ဒစ်ဂျစ်တယ်နည်းပညာ အသုံးပြုနှုန်းအမြင့်မားဆုံးကုမ္ပဏီများဖြစ်ပြီး ၎င်းတို့၏ အယူအဆ(ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုမှုနှင့် ပတ်သက်ပြီး ကုန်ကျစရိတ်အဖြစ်ထက် ၎င်းတို့၏ လုပ်ငန်းများအတွက် အကျိုးအမြတ်ရှိစေနိုင်သော ရင်းနှီးမြှုပ်နှံမှုတစ်ရပ်အဖြစ် သတ်မှတ်ခြင်း)သည် အခြားသူများနှင့် ကွဲပြားသည်။

အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍများမှ ဆောင်ရွက်သော မလေးရှား၏ လုပ်ငန်းဆိုင်ရာ လှုံ့ဆော်မှုအစီအစဉ်များစွာ ရှိသည်။ ပုဂ္ဂလိကကဏ္ဍဆိုင်ရာ အစီအစဉ်များတွင် Alliance Bank, UOB Bank (The Finlab), Endeavour, ScaleUp Malaysia and E3 Hubs (MAD) မှ တာဝန်ရှိသူများ ပါဝင်သည်။

တည်ရှိနေသော လှုံ့ဆော်မှုအစီအစဉ်အချို့ (e.g. MAGIC, CRADLE, SITEC, Alliance Bank and ScaleUp Malaysia)သည် ၎င်းတို့အနေဖြင့် အခြားကုမ္ပဏီအမျိုးအစားများသို့ ချဲ့ထွင်ရန်သင့်/မသင့် ဆိုသည့် မေးခွန်းနှင့်ပတ်သက်ပြီး မေးမြန်းနိုင်သော အစပျိုးလုပ်ငန်းများ သို့မဟုတ် နည်းပညာကုမ္ပဏီများကို ရည်ရွယ်သည်။

> “
>
> လုပ်ငန်းဆိုင်ရာ သင်တန်းများနှင့်ပတ်သက်ပြီး သန်းပေါင်းများစွာ အသုံးပြုထားသော အစိုးရအစီအစဉ်များစွာသည် နိုင်ငံတော်အဆင့်တွင်ရှိကြသော်လည်း WSMEs များအတွက် မဟုတ်ပေ။ (အစိုးရမူဝါဒချမှတ်သူ)

သမားရိုးကျတည်ထောင်ထားသော SMEs များသည် စုစုပေါင်း SMEs အရေအတွက်တွင် ကြီးမားသော အချိုးပါဝင်ပြီး GDP တွင် အဓိကပါဝင်သောကြောင့် အဆိုပါအကြံပြုချက်သည် အရေးကြီးသော အကြံပြုချက်တစ်ရပ် ဖြစ်သည်။

ပိုမိုရင့်ကျက်မှုရှိသော အမျိုးသမီးများသည် ၎င်းတို့၏ ပညာရေး၊ ဗဟုသုတနှင့် အတွေ့အကြုံများပေါ်တွင် အခြေခံပြီး ကောင်းမွန်သော လုပ်ငန်းများကို ဆောင်ရွက်နိုင်သည်ဟု ယုံကြည်ကြသည်။

ပိုမိုလုပ်သက်နုသော vs ပိုမိုလုပ်သက်ရင့်သော အဖွဲ့အစည်းများတွင် အယူအဆများနှင့်ပတ်သက်ပြီး ပြောင်းလဲရန် ပိုမိုလွယ်ကူသောကြောင့် လှုံ့ဆော်မှု အစီအစဉ်များသည် ၁၀နှစ်အောက်သက်တမ်းရှိသော လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်သင့်သည်။ လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်ပြီး အမျိုးသား လုပ်ငန်းရှင်များထံမှလည်း လေ့လာသင်ယူနိုင်သောကြောင့် လှုံ့ဆော်မှုအစီအစဉ်များသည် WSMEs များအတွက် ကျားမရောနှောထားသင့်သည်။

ဈေးကွက်တွင် လိင်ပိုင်းဆိုင်ရာ ထိပါးစော်ကားမှုများ ရှိသောကြောင့် အမျိုးသမီးလုပ်ငန်းရှင်များသည် သင်ကြားပြသမှုခံယူနိုင်ရန် လုံခြုံစိတ်ချရသော နေရာတစ်ခုရှိရန် လိုအပ်သည်။ လှုံ့ဆော်မှုအစီအစဉ်များမှ စီစဉ်ပေးထားသော သင်ကြားပြသမှုပုံစံသည် လိင်ပိုင်းဆိုင်ရာ ထိပါးစော်ကားမှုများမှ ကင်းဝေးစေနိုင်သည်။

မီဒီယာများမှတဆင့် ထိုအစီအစဉ်များနှင့်ပတ်သက်သော အသိပညာပေးရန် အရေးကြီးသည်။ အောင်မြင်သော လုပ်ငန်းရှင်များကို စံပြအဖြစ် မီးမောင်းထိုးပြသင့်သည်။

လုပ်ငန်းအဖွဲ့အစည်းများမှ စီစဉ်ပေးသော သင်ကြားပြသမှုနှင့် ဆွေးနွေးမှုများ

WSMEs များအား အောင်မြင်သော အမျိုးသမီးများ လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးမှုများပြုလုပ်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးရမည် ဖြစ်သည်။ အကျိုးသက်ရောက်မှုများရှိစေရန်အတွက် ပုံမှန်ရေရှည်တွေ့ဆုံနိုင်ရန် စီစဉ်ပေးရမည် ဖြစ်သည်။

အချိန်ကာလများစွာ ကြာရှည်သော လှုံ့ဆော်မှု အစီအစဉ်များသည် ပိုမိုအကျိုးထိရောက်မှု ရှိနိုင်သည်။

လေ့လာမှုများ(လုပ်ငန်းများမအောင်မြင်မီနှင့် အောင်မြင်ပြီးနောက်)နှင့်ပတ်သက်ပြီး တင်ပြရန် ကနဦးဆောင်ရွက်မှုများကို လုပ်ငန်းအဖွဲ့အစည်းများ မှတဆင့် ဆောင်ရွက်ရမည် ဖြစ်သည်။

ဒစ်ဂျစ်တယ် tools များနှင့်ပတ်သက်သော အသိပညာတိုးတက်မှု

လုပ်ငန်းများတိုးတက်စေရန် အဆိုပါ tools များကို တန်ဖိုးရှိပြီး အကျိုးရှိသောအရာများအဖြစ် မြင်နိုင်ရန်အတွက် WSMEs များအား ကူညီရန်နှင့် ဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာ အသိပညာတိုးတက်ရန်တို့အတွက် ဆောင်ရွက်ရမည် ဖြစ်သည်။ ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုရန် ကြိုးပမ်းမှုများစွာ လိုအပ်သည်ဟူသော အယူအဆကို ပြောင်းလဲရမည် ဖြစ်သည်။ အချို့ကုမ္ပဏီများသည် HR cloud solutions များကို အခမဲ့ရရှိကြသော်လည်း ၎င်းတို့၏ ပုံသေအယူအဆများကြောင့် အသုံးမပြုကြကြောင်း ဖော်ပြထားသည်။

၂၀၁၅ ဧပြီတွင် GST (အစိုးရထုတ်ကုန်များနှင့် ဝန်ဆောင်မှုများဆိုင်ရာ အခွန်)နှင့် ပတ်သက်ပြီး ဆောင်ရွက်ချိန်တွင် ကုမ္ပဏီများသည် အခွန်များကို ပုံမှန်တွက်ချက်တင်သွင်းရန်အတွက် accounting softwares များကို အသုံးပြုရန် ဖိအားပေးခံရသည်။ အစိုးရသည် software ဝယ်ယူရန် ကုမ္ပဏီများအတွက် ထောက်ပံ့ငွေ RM1,000(အရင်ရောက်ရှိသူကို အရင်ဝန်ဆောင်မှုပေးသော) ကို စီစဉ်ပေးခဲ့သည်။

အရေးကြီးသောအကြံပြုချက်–WSMEs များနှင့် နည်းပညာမဟုတ်သောကဏ္ဍများအတွက် လုပ်ငန်းဆိုင်ရာ လှုံ့ဆော်မှုအစီအစဉ်များ ပိုမိုဖြစ်ပေါ်လာစေရန် ဆောင်ရွက်ပေးခြင်း

မူဝါဒချမှတ်သူများအတွက် အရေးကြီးသော အကြံပြုချက်မှာ တိုးတက်သော အယူအဆကို လက်ခံကျင့်သုံးရန် WSMEs များအား ကူညီပေးနိုင်သော လုပ်ငန်းဆိုင်ရာ လှုံ့ဆော်မှုအစီအစဉ်များနှင့် ပတ်သက်ပြီး အလေးပေးဆောင်ရွက်ရန် ဖြစ်သည်။

ထိုအစီအစဉ်များသည် နည်းပညာကုမ္ပဏီများနှင့် အစပျိုးလုပ်ငန်းများသာမက အမျိုးမျိုးသော လုပ်ငန်းများ ပါဝင်သည့် WSMEs များကိုလည်း ကန့်သတ်မထားသင့်ပေ။ ပါဝင်ရန်အတွက်

လှုံ့ဆော်မှုအဖြစ် ငွေသားပုံစံ သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုပုံစံအဖြစ် ဂုဏ်ပြုဆုပေးသင့်သော အဆိုပါ အစီအစဉ်များတွင် အမျိုးသမီးများ ပိုမို ပါဝင်နိုင်ရန် စီစဉ်ပေးထားသင့်သည်။

ထိုအစီအစဉ်များသည် ဒစ်ဂျစ်တယ်နှင့် ဈေးကွက်ရှာဖွေမှုဆိုင်ရာ အရည်အချင်းများနှင့်ပတ်သက်သော နည်းပညာသင်တန်းများကိုသာမက ဦးဆောင်မှုများ၊ လုပ်ငန်းများနှင့် တိုးတက်မှုဆိုင်ရာ မဟာဗျူဟာများနှင့် ပတ်သက်သော သင်တန်းများကိုလည်း ဦးတည်သင့်သည်။ မဟာဗျူဟာများမှာ ရှင်းလင်းမှုရှိမှသာ မှန်ကန်သော ဒစ်ဂျစ်တယ် tools များကို အသုံးပြုနိုင်မည် ဖြစ်သည်။ အောင်မြင်သောလုပ်ငန်းရှင်များကို ၎င်းတို့၏ ဘဝအကြောင်းများနှင့်ပတ်သက်ပြီး ဆွေးနွေးတင်ပြနိုင်ရန် ဆွေးနွေးပွဲများသို့ဖိတ်ခေါ်ပြီး ၎င်းတို့၏ အမြင်များ၊ လှုံ့ဆော်မှုများနှင့် အသိပညာများကို မျှဝေနိုင်ရန် ဆောင်ရွက်ပေးသင့်သည်။



ပုံ ၄.၄၀– အကြံပြုထားသော SME လှုံ့ဆော်မှုအစီအစဉ်၏ အင်္ဂါရပ်များ

ခြုံငုံကြည့်ပါက အကြံပေးဆွေးနွေးပွဲသည် WSMEs များမှ ရင်ဆိုင်နေရသော လုပ်ငန်းနှင့် ဒစ်ဂျစ်တယ် နည်းပညာဆိုင်ရာ စိန်ခေါ်မှုများအတွက် အဖြေရှာမှုများနှင့် အကြံပြုချက်များနှင့်ပတ်သက်ပြီး ဦးစားပေး ဆောင်ရွက်ရာတွင် အရေးကြီးသည်။

၄.၆။ နိဂုံး

သုတေသနသည် အောက်ပါအယူအဆဖြင့် စတင်သည်။ ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုခြင်းသည် ကျားမဆိုင်ရာ စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန် WSMEs များအတွက် အခွင့်အလမ်းသစ်များကို ပေးသည်။ သို့ရာတွင် WSMEs အငယ်စားနှင့် အလတ်စားလုပ်ငန်းတို့၏ သက်တမ်းပေါ်မူတည်ပြီး ပြောင်းလဲမှုရှိသည်။ WSMEs များနှင့် ပညာရှင်များထံမှ ရှာဖွေတွေ့ရှိခဲ့သော အခွင့်အလမ်းနှင့် စိန်ခေါ်မှုများနှင့်ပတ်သက်ပြီး ဆွေးနွေးရန်နှင့် လက်တွေ့ကျသော အဖြေရှာမှုများကို စီစဉ်နိုင်ရန်တို့အတွက် ဆွေးနွေးသူများမှ အကြံပြုပေးရမည် ဖြစ်သည်။ ပြဿနာမှာ ကဏ္ဍအားလုံးတွင် လွှမ်းမိုးထားသော ယဉ်ကျေးမှုနှင့် အယူအဆဆိုင်ရာ ပြဿနာ ဖြစ်သည်။

ပြဿနာမှာ လူမှုအဖွဲ့အစည်းနှင့်/သို့မဟုတ် ပညာရေးစနစ်တို့မှ တာဝန်ရှိသော ကျားမဆိုင်ရာ ပြဿနာတစ်ရပ်ဖြစ်နိုင်/မဖြစ်နိုင်သည်နှင့်ပတ်သက်ပြီး မေးခွန်းများ မေးမြန်းခဲ့သည်။ ထို့ကြောင့် ကာလတိုနှင့် ကာလရှည်အဖြေရှာမှုများကို စီစဉ်ပေးခဲ့သည်။

ကာလတိုအကြံပြုချက်

တိုးတက်သောအယူအဆကို လက်ခံကျင့်သုံးနိုင်ရန် တည်ရှိနေသော WSMEs များ၏ အသွင်ကူးပြောင်းမှုဆိုင်ရာ လိုအပ်ချက်နှင့်ပတ်သက်ပြီး ဖြေရှင်းပေးရန်အတွက် ဆွေးနွေးသူများသည် လုပ်ငန်းဆိုင်ရာ လှုံ့ဆော်မှုအစီအစဉ်များကို ထပ်မံမိတ်ဆက်ရန် အကြံပြုခဲ့သည်။ ၎င်းနှင့်ပတ်သက်ပြီး အထက်ပါအပိုင်းများတွင် အသေးစိတ်ဆွေးနွေးခဲ့ပြီးဖြစ်သောကြောင့် ထပ်မံအကျယ်မချဲ့တော့ပေ။

ကာလရှည်အကြံပြုချက်

ကာလရှည်အဖြေရှာမှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် အယူအဆဆိုင်ရာ ပြဿနာနှင့်ပတ်သက်ပြီး ၎င်း၏ အမြစ်ဖြစ်သော ပညာရေးစနစ်မှ စပြီး ကိုင်တွယ်ဖြေရှင်းရမည်။ ဆင်ခြင်တွေးခေါ်မှုကို အခြေမခံဘဲ အလွတ်ကျက်မှတ်ဖြေဆိုမှုကို အခြေခံသောကြောင့် နိုင်ငံ၏ ပညာရေးစနစ်သည် တီထွင်ဆန်းသစ်သော ယဉ်ကျေးမှုတစ်ရပ်သို့ မတိုးမြှင့်နိုင်သေးပေ။

အောင်မြင်မှုများနှင့်ပတ်သက်ပြီး အဆင့်မြင့်မြင့်ရရှိမှုကိုသာကြည့်ပြီး မဆုံးဖြတ်စေရန်အတွက် သေချာစေရန် ပိုမိုကောင်းမွန်သော စွမ်းဆောင်ရည်များအတွက် ခြေရာခံသောစနစ်ကို လက်ခံကျင့်သုံးရန် လိုအပ်သည်။ ထို့ကြောင့် နည်းလမ်းများကို အသုံးပြုရန် လိုအပ်ပြီး ကျောင်းသား/ကျောင်းသူများသည်လည်း ပြောင်းလဲရန် လိုအပ်သည်။

အမျိုးသားများသည် ယှဉ်ပြိုင်မှုများပြီး အမျိုးသမီးများမှာ ၎င်းတို့နှင့်ဆန့်ကျင်လျက် ပိုမို လိုက်လျောညီထွေ ပြုမူနေထိုင်တတ်ကြကာ အလျှော့ပေးလိုက်လျောလွန်းသည်ဟု မြင်ကြသောကြောင့် ပြည့်စုံမှုရှိသော အမြင်ဖြစ်စေရန် အမျိုးသမီးများအပေါ်ထားရှိသော သဘောထားကိုလည်း ပြောင်းလဲရန် လိုအပ်သည်။

ထို့ကြောင့် မကြုံစဖူး ဒစ်ဂျစ်တယ်နည်းပညာခေတ်တွင် ဖူးသစ်စလုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်ပြီး ပိုမိုကောင်းမွန်စွာ ပြင်ဆင်နိုင်ရန် ကာလတိုနှင့် ကာလရှည်အဖြေရှာမှုများနှစ်မျိုးလုံးတွင် တိုးတက်သော အယူအဆလက်ခံကျင့်သုံးရန်အတွက် WSMEs များကို အပြည့်အဝ အသွင်ကူးပြောင်းပေးရန် လိုအပ်သည်။

၄.၇။ Endnotes

145. Department of Statistics, Malaysia [DOSM]. (2020, April). *ICT Use and Access by Individuals and Households Survey Report 2019* [Dataset].

146. DOSM (2019, October). *Malaysia Digital Economy 2018* [Dataset].

147. The World Bank. (2019). *DOING BUSINESS 2019: Training for Reform, 16th Edition* [PDF File]. Retrieved on Oct 29, 2020 from: https://www.worldbank.org/content/dam/doingBusiness/media/Annual-Reports/English/DB2019-report_web-version.pdf

148. World Bank Group (2018). *Malaysia's Digital Economy, A New Driver of Development.* Washington, DC: World Bank. License: Creative Commons Attribution CC BY 3.0 IGO.

149. The ASEAN Post. (2019, May 15). *Are ASEAN's internet speeds world class?* [Online Article]. Retrieved on Oct 29, 2020 from: https://theaseanpost.com/article/are-aseans-internet-speeds-world-class#:~:text=Within%20the%20ASEAN%20region%2C%20Thailand,the%20fixed%20broadband%20category%2C%20respectively.&text=It%20is%20still%20the%20best,(23.11%20Mbps)%2C%20respectively

150. Ernst & Young [EY]. (2020, June). Take 5 for Business : Covid 19 - *Business Impact Survey,* 8(7).

151. The Star. (2020, September 11). *Malaysia has highest percentage of digital consumers in Asean* [Online Article]. Retrieved on Oct 29, 2020 from: https://www.thestar.com.my/business/business-news/2020/09/11/malaysia-has-highest-percentage-of-digital-consumers-in-asean#:~:text=KUALA%20LUMPUR%3A%20Malaysia%20is%20keeping,by%20Facebook%20and%20Bain%20%26%20Company

152. DOSM. (2020, July). *SMEs Performance 2019* [Dataset].

153. Small and Medium Enterprise Corporation Malaysia [SME Corp. Malaysia]. (2019, December). Chapter 2 - SME Developments and Outlook, *SME Annual Report 2018/2019.*

154. SME Corp. Malaysia. (n.d.). *SME Definitions* [Website]. Retrieved Oct 29, 2020 from: https://www.smecorp.gov.my/index.php/en/policies/2020-02-11-08-01-24/sme-definition

155. DOSM (2017, December). *Economic Census* 2016 [Dataset].

156. EY. (2020, June 1). *COVID-19 - a game changer for digital transformation, according to EY* [Press Release]. Retrieved on Oct 29, 2020 from: https://www.ey.com/en_my/news/2020/06/covid-19-a-game-changer-for-digital-transformation-according-to-ey

157. Tong, A. & Gong, R. (2020, October 20). The impact of COVID-19 on SME digitalisation in Malaysia, *The London School of Economics and Political Science Blog* [Online Article]. Retrieved on Oct 29, 2020 from: https://blogs.lse.ac.uk/seac/2020/10/20/the-impact-of-covid-19-on-sme-digitalisation-in-malaysia/

158. DOSM. (2019, November). S*elected Agricultural Indicators, Malaysia, 2019* [Website]. Retrieved Sep 8, 2020 from: https://www.dosm.gov.my/v1/index.php?r=column/cthemeByCat&cat=72&bul_id=Z0VTZGU1UHBUT1VJMFlpaXRRR0xpdz09

159. IPSOS Malaysia. (2018, April) *Malaysia: Top Issues Faced by Women & Misperceptions of Women Empowerment* [Online Article]. https://www.ipsos.com/en-my/malaysia-top-issues-faced-women-misperceptions-women-empowerment#:~:text=The%20top%20three%20issues%20facing%20women%20globally%20are%20sexual%20harassment,equality%20issue%20faced%20by%20women

160. Ministry of Science, Technology and Innovation [MOSTI]. (2020, April 23). MOSTI Research & Development Fund Guideline For Applicants [PDF File]. https://edana.mosti.gov.my/edana/frontend/web/guidelines/mestecc042020.pdf

161. MOSTI. (2020, April 23). International Collaboration Fund (ICF) Guideline For Applicants [PDF File]. https://edana.mosti.gov.my/edana/frontend/web/guidelines/internationalfund042020.pdf

162. MDeC. (n.d.). Global Tech Fund [Website]. Retrieved Sep 8, 2020 from: https://mdec.my/digital-economy-initiatives/global-tech-fund-gtf/

163. Malaysian Technology Development Corporation [MTDC]. (n.d.). *Types of Grants* [PDF File]. Retrieved Sep 8, 2020 from: https://www.mtdc.com.my/file/overviewgrant.pdf

164. Malaysian Bioeconomy Development Corporation (n.d.). *Bioeconomy Transformation program* [Website]. Retrieved Sep 8, 2020 from: http://www.bioeconomycorporation.my/bioeconomy-malaysia/bioeconomy-transformation-project/how-to-apply/

165. Manley, S. (2020). *Breaking down the fact and fiction of cloud vs. on-prem, TechRadar* [Online article]. Retrieved Sep 8, 2020 from: https://www.techradar.com/news/cloud-vs-a-new-on-premises

166. Leap Consulting. (n.d.) *A Guide to Cloud Security vs. On-Premise Security* [Online article]. Retrieved Sep 8, 2020 from: https://www.leapconsulting.com.au/cloud-security-vs-on-premise-services/

167. Jawatankuasa Pelaburan Dana Awam [JKPDA]. *About JKPDA* [Website]. Retrieved Sep 8, 2020 from: http://www.jkpda.gov.my/about-us/

168. Sage UBS. (n.d.). *Sage UBS* [Website]. Retrieved Sep 8, 2020 from: https://www.sage.com/en-my/products/sage-ubs/

169. Malaysian Bioeconomy Development Corporation Sdn Bhd. (n.d.). *BioNexus Status* [Website]. Retrieved Sep 8, 2020 from: http://www.bioeconomycorporation.my/bionexus-development/bionexus-status/#:~:text=BioNexus%20is%20a%20special%20status,and%2For%20life%20sciences%20activities

170. Dweck, C. S. (2006). *Mindset: The New Psychology of Success,* Random House, New York.

171. O'Donnell, E. (2020). The Confidence Gap in Work Performance Reviews between Men and Women, Wharton Stories, *The Wharton School* [Online article]. Retrieved Sep 11, 2020 from: https://www.wharton.upenn.edu/story/the-confidence-gap-in-work-performance-reviews-between-women-and-men/

172. SME Corp. Malaysia. (n.d.). *Looking at the Silver Lining* [Website]. Retrieved 13 Sep, 2020 from: https://www.smecorp.gov.my/index.php/my/resources/2015-12-21-11-03-46/entrepre-news/161-entrepre-news/tahun-2014/366-looking-at-the-silver-lining

173. Nortajuddin, A. (2020, April) *Does Malaysia have a gender stereotyping problem? The ASEAN Post* [Online article]. Retrieved Sep 13, 2020 from: https://theaseanpost.com/article/does-malaysia-have-gender-stereotyping-problem

၅။

ကမ္ဘောဒီးယားနိုင်ငံနှင့် ပတ်သက်သော လေ့လာမှု

၅.၁။ အကျဉ်းချုပ်ဖော်ပြချက်

ယခုအစီရင်ခံစာသည် ကမ္ဘောဒီးယားရှိ WSMEs များအား ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုမှုဆိုင်ရာ စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများနှင့်ပတ်သက်ပြီး မီးမောင်းထိုးပြသနိုင်ရန်နှင့် ဒစ်ဂျစ်တယ်နည်းပညာ လက်ခံကျင့်သုံးမှုနှင့်ပတ်သက်သော စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန်တို့အတွက် အကြံပြုချက်များပေးရန် ရည်ရွယ်သည်။ အချက်အလက်များကို ဆင့်ပွားသုတေသနများ၊ အမျိုးသမီး SME ပိုင်ရှင်၂၀ ဦးနှင့် ပညာရှင် ၄ ဦးတို့ဖြင့် အရည်အသွေးမီအင်တာဗျူးများနှင့် အရေးကြီးသော ပါဝင်ပတ်သက်သူ ၇ ဦးဖြင့် အကြံပေး ဆွေးနွေးပွဲများမှတဆင့် ကောက်ယူစုဆောင်းထားသည်။ ရှာဖွေတွေ့ရှိမှုများနှင့်ပတ်သက်ပြီး အောက်တွင် ဆွေးနွေးထားသော ကဏ္ဍ ၄ ရပ်ရှိ မူဘောင်များနှင့်အညီ ဆောင်ရွက်ထားသည်။

ကဏ္ဍ-၁-ငွေကြေးရရှိမှု

လုပ်ငန်းရှင်အများစုသည် ၎င်းတို့၏ ကိုယ်ပိုင်စုဆောင်းငွေနှင့် ပိုင်ဆိုင်မှုများကို လုပ်ငန်းများမတည်ရန် အသုံးပြုကြပြီး ကျန်လုပ်ငန်းရှင်များသည် ပြင်ပမှငွေကြေးရရှိမှုဆိုင်ရာ ရင်းမြစ်များ(အွန်လိုင်းမှ ငွေချေးခြင်း၊ ဘဏ်ချေးငွေ)ကို လုပ်ငန်းရင်းနှီးမြှပ်နှံမှုနှင့် တိုးချဲ့မှုတို့အတွက် အသုံးပြုကြသည်။ နည်းပညာလက်ခံကျင့်သုံး မှုသည် ငွေကြေးရရှိမှုအတွက် အရေးကြီးသော်လည်း အခြားကန့်သတ်ချက်များနှင့် ရင်းမြစ်များသည် တစ်ခါတစ်ရံတွင် WSMEs များအား ငွေကြေးရရှိရန်အတွက် ဒစ်ဂျစ်တယ်နည်းပညာ လက်ခံကျင့်သုံးမှုများနှင့် ပတ်သက်ပြီး တားဆီးထားသည်။

ကဏ္ဍ-၂-သင်ကြားပြသမှု၊ ကွန်ရက်ချိတ်ဆက်မှုနှင့် ကျွမ်းကျင်မှုများ

ဒစ်ဂျစ်တယ်နည်းပညာသည် သင်ကြားမှုနှင့် ကျွမ်းကျင်မှုများဆိုင်ရာ ဖွံ့ဖြိုးတိုးတက်စေရန် WSME လုပ်ငန်းရှင် များအတွက် အခွင့်အလမ်းများကို ဖွင့်လှစ်ပေးသည်။ သို့ရာတွင် ဒစ်ဂျစ်တယ်အခြေခံ ကွန်ရက်ချိတ်ဆက်မှုနှင့် သင်ကြားပြသမှုတို့အတွက် အချို့အတားအဆီးများ ရှိနေသည်။ ၎င်းတွင် အမျိုးသမီးများ၏ အချိန်များ၊ စွမ်းအင်များ၊ သင်ကြားပြသမှုများ၊ မျက်နှာချင်းဆိုင်သင်ကြားပြသမှုများနှင့်ပတ်သက်ပြီး ကန့်သတ်ထားသော ကျားမဆိုင်ရာ အခန်းကဏ္ဍများ ပါဝင်သည်။

ကဏ္ဍ-၃-လုပ်ငန်းဖြစ်စဉ်များနှင့် စီမံခန့်ခွဲမှုများ

WSME လုပ်ငန်းရှင်များသည် လုပ်ငန်းစီမံခန့်ခွဲမှုများ/ဖြစ်စဉ်များနှင့် နည်းပညာလက်ခံကျင့်သုံးမှုများအတွက် အမျိုးမျိုးသော ဒစ်ဂျစ်တယ် tools များကို အသုံးပြုကြသည်။ လုပ်ငန်းဖြစ်စဉ်များနှင့်ပတ်သက်ပြီး နည်းပညာ အသုံးပြုမှုအတွက် ဟန့်တားထားသော အရေးကြီးသည့် အချက်များတွင် ပုံသေဖြစ်နေသော အယူအဆများ ပါဝင်သည်။ အဆိုပါပုံသေဖြစ်နေသော အယူအဆနှင့်ပတ်သက်သော ဥပမာမှာ အထူးသဖြင့် အငယ်စား လုပ်ငန်းများတွင် ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုရန်အတွက် ငွေကြေးသုံးစွဲခြင်းကို ရင်းနှီးမြှပ်နှံမှုတစ်ရပ် အဖြစ်ထက် ကုန်ကျစရိတ်တစ်ခုအဖြစ်သာ မြင်နေခြင်း ဖြစ်သည်။

ကဏ္ဍ-၄-အကျပ်အတည်းဆိုင်ရာ စီမံခန့်ခွဲမှု(COVID-19)

အကျပ်အတည်းကာလအတွင်း WSMEs အချို့သည် ၎င်းတို့၏ ထုတ်ကုန်များအတွက် ဈေးကွက်ရှာဖွေရန်နှင့် လုပ်ငန်းများရေရှည်တည်တံ့စေရန် နည်းပညာများကို လက်ခံကျင့်သုံးခဲ့သည်။ ထိုနည်းဖြင့် ဒစ်ဂျစ်တယ် နည်းပညာသည် COVID-19 ၏ အကျိုးသက်ရောက်မှုအချို့ကို လျှော့ချရာတွင် အရေးကြီးသော အခန်းကဏ္ဍ တစ်ရပ်အဖြစ် ပါဝင်ခဲ့သည်။

ထိုရှာဖွေတွေ့ရှိမှုများနှင့်ပတ်သက်ပြီး ကြားဝင်ဆောင်ရွက်မှုဆိုင်ရာ အရေးကြီးသောနယ်ပယ် ၂ ရပ်ကို ဦးတည်ထားသော အကြံပြုချက်များကို ဖော်ဆောင်ရန် ပညာရှင်များမှ ဆွေးနွေးလေ့လာဆန်းစစ်ခဲ့သည်။

၁။ WSME ဆိုင်ရာ ဂေဟာစနစ်ကိုဖန်တီးခြင်း–WSMEs များအတွက် one-stop-portal တစ်ခုဖြစ်သော SME ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပလက်ဖောင်းကို အကောင်အထည်ဖော်မှုအပါအဝင် ကဏ္ဍနှင့်ပတ်သက်သော ဖွံ့ဖြိုးတိုးတက်မှုများကို ပံ့ပိုးရန်အတွက် သက်ဆိုင်သော မူဝါဒများနှင့် ယန္တရားများမှတဆင့် ဖန်တီးနိုင်သည်။

၂။ ဒစ်ဂျစ်တယ်စာပေတိုးမြှင့်ခြင်း–WSMEs များ၏ လိုအပ်ချက်များနှင့် အံဝင်ဂွင်ကျဖြစ်စေမည့် အစီအစဉ်များနှင့်အတူ ငွေကြေးဆိုင်ရာ စာပေနှင့် အင်္ဂလိပ်ကျွမ်းကျင်မှုများကို ၎င်းတို့၏ အလုံးစုံ ကျွမ်းကျင်မှုနှင့် တစ်ကိုယ်ရည်ဖွံ့ဖြိုးတိုးတက်မှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် တစ်ပြိုင်တည်း ဖြစ်ပေါ်စေခြင်း

၅.၂။ နိုင်ငံနောက်ခံအကြောင်းအရာ

ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုမှုနှင့် စီးပွားရေးတိုးတက်မှု

လွန်ခဲ့သောဆယ်စုနှစ် ၂ ခုမှစပြီး ကမ္ဘောဒီးယားနိုင်ငံသည် ကမ္ဘာပေါ်တွင် စီးပွားရေးတိုးတက်မှု အမြန်ဆုံးနိုင်ငံများအနက် တစ်နိုင်ငံ ဖြစ်လာသည်။ ၂၀၁၉ တွင် နှစ်စဉ်ပျှမ်းမျှ GDP တိုးတက်နှုန်း၏ ၇.၁ ရာခိုင်နှုန်းရှိခဲ့သည်။ ၂၀၁၉ တွင် အရှေ့တောင်အာရှ၏ စီးပွားရေးတိုးတက်မှုနှုန်း အမြန်ဆုံးနိုင်ငံဖြစ်ခဲ့ပြီး ၎င်းနောက်မှ ဗီယက်နမ်နိုင်ငံ ၇ ရာခိုင်နှုန်းနှင့် မြန်မာနိုင်ငံ ၆.၈ ရာခိုင်နှုန်းတို့ ကပ်လိုက်လာခဲ့သည်။ တိုးတက်မှုနှင့်ပတ်သက်ပြီး ထုတ်ကုန်တင်ပို့မှုများနှင့် ဝန်ဆောင်မှုများ(အဓိကအထည်အလိပ်) ကို ကျောထောက်နောက်ခံ ပြုထားသော်လည်း ဆောက်လုပ်ရေးနှင့် ခရီးသွားကဏ္ဍတို့သည်လည်း အရေးကြီးသော ပါဝင်သည့် ကဏ္ဍများဖြစ်သည်။

လွန်ခဲ့သောနှစ် ၂၀ ခန့်က ကမ္ဘောဒီးယားလူဦးရေသည် ၅၀ ရာခိုင်နှုန်းအထိတိုးတက်ခဲ့ပြီး ၂၀၂၀ တွင် ၁၆ သန်းနီးပါးအထိ ရောက်ရှိခဲ့သည်။ နောင်လာမည့် ၃၅ နှစ်တွင် ဆက်လက်တိုးပွားဖွယ်ရှိပြီး ၂၀၅၀ တွင် ၂၂.၅ သန်းအထိ တိုးပွားလာနိုင်သည်။ ထို့သို့လူဦးရေတိုးပွားမှုနှင့်အတူ အင်တာနက်သုံးစွဲမှုလည်း တိုးတက်လာခဲ့သည်။ ကမ္ဘောဒီးယားတွင် တိုးတက်လာသော ဒစ်ဂျစ်တယ်စီးပွားရေးနှင့် ပုဂ္ဂလိကကဏ္ဍတို့အတွက် ကြီးမားသောအလားအလာရှိသည့် ဈေးကွက်တစ်ခုတို့နှင့်ပတ်သက်ပြီး အကြံပြုခဲ့သည်။

နိုင်ငံ၏ အင်တာနက်ထိုးဖောက်မှုမှာ လျင်မြန်စွာ တိုးတက်ခဲ့သည်။ ကမ္ဘောဒီးယားတွင် ၂၀၁၉ နှင့် ၂၀၂၀ အကြား ၁.၃ သန်းတိုးတက်ခဲ့ပြီး ၂၀၂၀ ဇန်နဝါရီတွင် အင်တာနက်အသုံးပြုသူ ၉.၇ သန်းရှိခဲ့သည်။ အစီရင်ခံစာအရ ကမ္ဘောဒီးယား၏ အင်တာနက်ထိုးဖောက်မှုနှုန်းသည် ၂၀၂၀ ဇန်နဝါရီတွင် ၅၈ ရာခိုင်နှုန်းအထိရှိခဲ့သည်။ ကမ္ဘောဒီးယား၏ ဒစ်ဂျစ်တယ်အခြေခံအဆောက်အအုံသည် တိုးတက်လျက်ရှိသည်။ mobile broadband သည် mobile cellular subscription နည်းလမ်းတစ်ခုအဖြစ် ၂၀၁၅ တွင် နေထိုင်သူ ၁၀၀ လျှင် ၁၀ ဦးအောက်မှ ၂၀၁၆ တွင် ၁၂၅ ဦးအထိ တိုးတက်လာခဲ့သည်။ အင်တာနက်ချိတ်ဆက်မှုအတွက် ကုန်ကျစရိတ်နည်းပါးခြင်း၊ ကျေးလက်ဒေသများတွင် ပင်မတယ်လီဖုန်းလိုင်းများဆိုင်ရာ အခြေခံအဆောက်အအုံ မရှိခြင်းနှင့် smartphone ထိုးဖောက်မှုမှာ များစွာတိုးတက်လာခြင်းများကြောင့် ဒစ်ဂျစ်တယ်အသုံးပြုမှုနှုန်းမှာ အရှိန်မြင့်တက်လာခဲ့သည်။

ကမ္ဘောဒီးယားသည် ဒစ်ဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့်ပတ်သက်ပြီး များစွာ အလေးပေးဆောင်ရွက်ခဲ့သည်။ ဒစ်ဂျစ်တယ်နည်းပညာသည် ကမ္ဘောဒီးယား၏ သမားရိုးကျ ပို့ကုန်ဦးတည်သော ဖွံ့ဖြိုးမှုပုံစံနှင့်ပတ်သက်သော အားနည်းချက်များကို ကျော်လွှားနိုင်စေခဲ့ပြီး စီးပွားရေးတိုးတက်ရန်အတွက် လိုအပ်သော နည်းပညာတစ်ရပ်ဖြစ်လာခဲ့သည်။

သို့ရာတွင် ကမောဒီးယာသည် ၎င်း၏ အာဆီယံ အိမ်နီးချင်းနိုင်ငံများအောက် နောက်ကျကျန်နေပြီး ဒစ်ဂျစ်တယ်စီးပွားရေးအသွင်ကူးပြောင်းမှုနှင့် ပတ်သက်သော ကန့်သတ်ချက်များစွာကို ရင်ဆိုင်နေရကာ ဒစ်ဂျစ်တယ်စာပေနှုန်း၊ နည်းပညာအခြေခံအဆောက်အအုံနှင့် စည်းကမ်းထိန်းသိမ်းရေးမူဘောင်တို့နှင့်ပတ်သက်ပြီး နိမ့်ပါးသော နိုင်ငံတစ်ခုဖြစ်သည်။

ကမ္ဘောဒီးယားတော်ဝင်အစိုးရ၏ မဟာဗျူဟာမြောက်မူဘောင်သည် ဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာပါဝင်မှု၊ ဒစ်ဂျစ်တယ်ကျွမ်းကျင်မှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုနှင့် အဖွဲ့အစည်းဆိုင်ရာ စည်းမျဉ်းများနှင့်ပတ်သက်ပြီး အလေးပေးဆောင်ရွက်မှုမှတဆင့် ဒစ်ဂျစ်တယ်စီးပွားရေး၏ ဂေဟစနစ်ကို ပံ့ပိုးပေးရန် ရည်ရွယ်သည်။

စီးပွားရေးတိုးတက်မှု(ဆင်းရဲမွဲတေမှုလျှော့ချမှုနှင့်ပတ်သက်သော အောင်မြင်မှုနှင့်အတူ)သည် ရေရှည်တည်တံ့မှုရှိ/မရှိနှင့်ပတ်သက်ပြီး ရှင်းလင်းမှုမရှိသော်လည်း နိုင်ငံရေးအခြေအနေများ၏ ကြီးမားစွာ အကျိုးသက်ရောက်မှုမခံခဲ့ရပေ။

ကမ္ဘောဒီးယားနိုင်ငံ၏ လျင်မြန်သော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ရေရှည်ကြီးမားစွာ ထိခိုက်နိုင်စေနိုင်သော အချက် ၂ ချက်မှာ-

(၁) August 2020၊ တွင် everything But Arms(EBA) trade preferences ၏ နုတ်ထွက်မှု။ EBA ၏ တစ်ပိုင်းတစ်စနုတ်ထွက်မှုနှင့် EU market သို့ ကမ္ဘောဒီးယား၏ အထူးဝင်ခွင့်ရရှိမှုတို့သည် EU သို့ ကမ္ဘောဒီးယား၏ တင်ပို့မှုနှင့်ပတ်သက်သော ၂၀ ရာခိုင်နှုန်းခန့်ကို အကျိုးသက်ရောက်စေနိုင်ခဲ့သည်။ (၂) ၂၀၂၀ မတ်တွင် မမျှော်လင့်ထားသော ကမ္ဘာလုံးဆိုင်ရာ COVID-19 စတင်ဖြစ်ပွားခဲ့သည်။

ကမ္ဘောဒီးယားသည် ကူးစက်ရောဂါများနှင့် ပတ်သက်ပြီး များစွာ မတွေ့ကြုံခဲ့ရသော်လည်း COVID-19 ကြောင့် ဖြစ်ပေါ်လာသော ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးအကျပ်အတည်း၏ ပြင်းထန်စွာ ရိုက်ခတ်မှုကို ခံခဲ့ရသည်။ အကျပ်အတည်းကာလ၏ အစပိုင်းတွင် ကမ္ဘောဒီးယား၏ စီးပွားရေးတိုးတက်မှု၏ အဓိက ကဏ္ဍများဖြစ်သည့် ခရီးသွား၊ ပို့ကုန်ထုတ်လုပ်မှုနှင့် ဆောက်လုပ်ရေးကဏ္ဍများကို ရိုက်ခတ်ခံရမှုများကြောင့် ထိုကပ်ရောဂါသည် နှစ် ၃၀ အတွင်း ကမ္ဘောဒီးယား၏ ဖွံ့ဖြိုးတိုးတက်မှုကို အကြီးမားဆုံး ခြိမ်းခြောက်မှုတစ်ရပ် ဖြစ်ခဲ့ကြောင်း ကမ္ဘာ့ဘဏ်မှ မှတ်ချက်ပြုခဲ့သည်။။ ၂၀၁၉ တွင် နိုင်ငံ၏ စီးပွားရေးသည် ၇ ရာခိုင်နှုန်းတိုးတက်ခဲ့သော်လည်း ၂၀၂၀ တွင် ၅.၅ ရာခိုင်နှုန်းအထိ ဆုတ်ယုတ်သွားနိုင်သည်ဟု ခန့်မှန်းရသည်။

အစိုးရ၏ မြန်ဆန်သော ဆောင်ရွက်မှုများ၊ ပံ့ပိုးပေးသော ချက်ချင်းဆောင်ရွက်မှုများနှင့် ကာလတိုဆောင်ရွက်မှုများမှ မြှင့်တင်ပေးခဲ့သောကြောင့် ကမ္ဘောဒီးယား၏ စီးပွားရေးမှာ စက်တင်ဘာ ၂၀၂၀ တွင် အတက်ဘက်သို့ ပြန်လည်ဦးတည်ခဲ့သည့်အတွက် နောက်ပိုင်းတွင် ၄ ရာခိုင်နှုန်း ကျဆင်းနိုင်ဖွယ်ရှိသည်ဟု ခန့်မှန်းရသည်။ အဆိုပါ ခန့်မှန်းမှုများသည် ကမ္ဘောဒီးယားမှာ စီးပွားရေးဆိုင်ရာ အကျပ်အတည်းများမှ လွတ်မြောက်မှု မရှိနိုင်သေးသည်ကို ဆိုလိုခြင်းမဟုတ်သော်လည်း အချို့လေ့လာသူများမှ နိုင်ငံသည် COVID-19 နှင့် EBA နုတ်ထွက်မှု တို့နှင့်ပတ်သက်သော လူမှုရေးနှင့် စီးပွားရေးအကျိုးသက်ရောက်မှုများနှင့်ပတ်သက်ပြီး ရင်ဆိုင်နိုင်ရန်အတွက် ကောင်းစွာပြင်ဆင်ထားကြောင်း ဖော်ပြခဲ့သည်။
ထို့ပြင် COVID-19 သည် ၎င်း၏ စီးပွားရေးဆိုင်ရာ အကျိုးသက်ရောက်မှုများနှင့်ပတ်သက်ပြီး လျှော့နည်းစေရာတွင် ဒစ်ဂျစ်တယ်အစပျိုးလုပ်ငန်းများဆိုင်ရာ အခန်းကဏ္ဍ၏ အရေးပါမှုနှင့် ကမ္ဘောဒီးယား လုပ်သားထု၏ ဒစ်ဂျစ်တယ်နည်းပညာ အသုံးပြုမှုများ အပါအဝင် အပြုသဘောဆောင်သောနည်းလမ်းများဖြင့် စီးပွားရေးကို အကျိုးသက်ရောက်စေခဲ့သည်။ ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုမှုနှင့် စီးပွားရေးဆိုင်ရာ ဆောင်ရွက်မှုများနှင့်သက်ဆိုင်သော အခြားပြဿနာများနှင့်ပတ်သက်ပြီး ယခုအစီရင်ခံစာတွင် ထပ်မံစုံစမ်းထားသည်။

ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုမှုနှင့် SMEs
ရင်းနှီးငွေနှင့် ဝန်ထမ်းအရေအတွက်တို့ပေါ်တွင် အခြေခံပြီး ကမ္ဘောဒီးယားရှိ လုပ်ငန်းများကို အသေးစား၊ အငယ်စား၊ အလတ်စားနှင့် အကြီးစားလုပ်ငန်းများအဖြစ် အမျိုးအစားခွဲခြားထားသည်(ဇယား-၅.၁ တွင် ကြည့်ရန်)။

Type of Enterprise	Capital Investment	Number of Employees
Micro	Less than USD 50,000	< 10 employees
Small	USD 50,000-250,000	10-50 employees
Medium	USD 250,000-500,000	51-100 employees
Large or Macro	Over USD 500,000	Over 100 employees

ဇယား ၅.၁- SME အနက်ဖွင့်ဆိုချက်(ရင်းမြစ်-စက်မှုလက်မှုဝန်ကြီးဌာန)

စက်မှုလက်မှုဝန်ကြီးဌာန၏ နှစ်စဉ်အစီရင်ခံစာ ၂၀၁၈ အရ SMEs များသည် ကမ္ဘောဒီးယား၏ စီးပွားရေးတွင် သိသာစွာ ပါဝင်ထားပြီး အလုပ်အကိုင်၏ ၇၀ရာ ခိုင်နှုန်း၊ ကုမ္ပဏီများ၏ ၉၉.၈ ရာခိုင်နှုန်း နှင့် GDP ၏ ၅၈ ရာခိုင်နှုန်းအသီးသီးရှိကြသည်။ SMEs များသည် လုပ်သားအင်အား၏ ၁၃ ရာခိုင်နှုန်း၊ အသေးစားလုပ်ငန်းများ၏ ၅၈ ရာခိုင်နှုန်း၊ အကြီးစား လုပ်ငန်းများ၏ ၂၈ ရာခိုင်နှုန်း အသီးသီးပါဝင်ကြသည်။ အစီရင်ခံစာအရ နိုင်ငံအနှံ့အလုပ်အကိုင် အခွင့်အလမ်းများဖန်တီးပေးခြင်း၊ ဝင်ငွေနည်းပါး သူများနှင့် အားနည်းသောအသိုက်အဝန်းများအတွက် ဝင်ငွေဖန်တီးပေးခြင်းနှင့် စီးပွားရေးရေရှည်တည်တံ့ မှုကို ပံ့ပိုးပေးခြင်းစသည်တို့ကြောင့် တိုးတက် လာသော SMEs အရေအတွက်များသည် ဆင်းရဲ မွဲတေမှုလျှော့ချပေးသော ဆောင်ရွက်ချက်အစီအစဉ် များတွင် ပါဝင်ခဲ့သည်။

၂၀၁၉ IFC အစီရင်ခံစာအရ ကမ္ဘောဒီးယားရှိ အမျိုးသမီးပိုင်စီးပွားရေးလုပ်ငန်းများ(အမျိုးသားပိုင် လုပ်ငန်းများနှင့်များစွာတူသော)သည် သမားရိုးကျ မဟုတ်သော အသေးစားစီးပွားရေးလုပ်ငန်းများ ဖြစ်ကြသည်။ Cambodia Inter-censal Economic Survey (CIES)အရ အမျိုးသမီးလုပ်ငန်းရှင်များသည် ကမ္ဘောဒီးယားရှိ အသေးစားလုပ်ငန်းများ၏ ၆၂ ရာခိုင် နှုန်းကို ပိုင်ဆိုင်ကြပြီး SMEs များ၏ ၂၆ ရာခိုင်နှုန်းကို ပိုင်ဆိုင်ကြသည်။

WSMEs အများစုသည် တရားဝင်ပေါင်းစည်းထား ခြင်းမရှိသောကြောင့် IFC အစီရင်ခံစာသည် အဆိုပါ တရားမဝင်မှုနှင့်ပတ်သက်သော နောက်ကွယ်မှ အချက်များစွာကို ဖော်ပြခဲ့သည်။ အချို့လုပ်ငန်းရှင် များသည် မှတ်ပုံတင်ရန် လိုအပ်ကြောင်းကို နားမလည်ကြပေ။ အချို့သည် အခွန်မဆောင်လို ကြပေ။ အချို့သည် လုပ်ထုံးလုပ်နည်းများနှင့် ပတ်သက်သော ရှုတ်ထွေးမှုဖြစ်စဉ်များနှင့် မြင့်မား သောကုန်ကျစရိတ်တို့ဖြင့် ရှန်းကန်နေရသည်။ WSMEs များသည် တရားမဝင်လုပ်ငန်းများဖြစ် နေခြင်းမှာ တရားဝင်လုပ်ငန်းများဖြစ်လာစေရန် အတွက် ဆွဲဆောင်မှုများမရှိခြင်းကြောင့်လည်း ဖြစ်သည်။

WSMEs များသည် မှတ်ပုံမတင်ထားသော်လည်း ကမ္ဘောဒီးယား၏ ပုဂ္ဂလိကကဏ္ဍအခန်းကဏ္ဍဖွံ့ဖြိုး တိုးတက်မှုနှင့် လျင်မြန်သော စီးပွားရေးတိုးတက်မှု တို့တွင် ထင်ရှားစွာ ပါဝင်နေခဲ့သည်။ ၂၀၁၉ အစီရင်ခံ စာအရ WSMEs များ၏ ၉၀ ရာခိုင်နှုန်းမှာ ၂၀၁၈ တွင် အမြတ်များရရှိခဲ့ပြီး ၎င်းတို့သည် အခြားနိုင်ငံများထက် ပုဂ္ဂလိက ကဏ္ဍတွင် အမျိုးသမီးများ၏ ကြီးမားစွာ ပါဝင်မှုကိုလည်း ကိုယ်စားပြုကြောင်း ရှာဖွေတွေ့ရှိ ခဲ့သည်။

ဒစ်ဂျစ်တယ် နည်းပညာ အသုံးပြုမှုကြောင့် ကမ္ဘောဒီးယားရှိ WSMEs များ၏ လုပ်ငန်းဆောင်ရွက် မှုများနှင့်ပတ်သက်ပြီး လျင်မြန်စွာ ပြောင်းလဲခဲ့သည်။ ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုမှုသည် အလုပ်သမား ဈေးကွက်များ၊ ငွေကြေးဆိုင်ရာ ဈေးကွက်များနှင့် လုပ်ငန်းများတွင် အမျိုးသမီးများပိုမိုပါဝင်နိုင်စေရန် နှင့် အမျိုးသမီးလုပ်ပိုင်ခွင့်များနှင့်ပတ်သက်သော အခွင့်အလမ်းသစ်များရရှိစေရန်တို့အတွက် ဖန်တီး ပေးသည်။

သတင်းအချက်အလက်နှင့် ဆက်သွယ်မှုနည်းပညာများ(ICTs)သည် ကမ္ဘောဒီးယားရှိ ကွဲပြားသော လုပ်ငန်း အမျိုးအစားများတွင် အမျိုးသမီးများအတွက် အခွင့်အလမ်းများကို စီစဉ်ပေးသည်။ ၂၀၁၉ IFC လေ့လာမှုသည် WSMEs များမှ ရင်ဆိုင်နေရသော အတားအဆီးများကို ကျော်လွှားရာတွင် ငွေကြေးဆိုင်ရာ နည်းပညာ(fintech) နှင့် ICT တို့နှင့်ပတ်သက်သော အဖြေရှာမှုများ၏ ထင်ရှားသော အခန်းကဏ္ဍကို မီးမောင်းထိုးပြသခဲ့သည်။ ၎င်းတို့တွင် အခြေခံပညာရေးရရှိမှု၊ ကန့်သတ်ထားသော အလုပ်အကိုင်ဆိုင်ရာ အလားအလာများ၊ ဈေးကွက်နှင့် ငွေကြေးရရှိမှု၊ ကျားမဆိုင်ရာ ပုံသေအတွေးအခေါ်များနှင့် အခြားကန့်သတ်ထားသော လူမှုရေးနှင့် ယဉ်ကျေးမှု ဆိုင်ရာ စံသတ်မှတ်ချက်များ ပါဝင်သည်။ ထိုစံသတ်မှတ်ချက်များသည် အစိုးရဝန်ထမ်းများအပါအဝင် အမျိုးသားအလုပ်သမားများ သို့မဟုတ် customer များဖြင့်ဆက်ဆံရာတွင် ၎င်းတို့၏ အလုပ်ချိန်ကို ကန့်သတ်မှု ကဲ့သို့သော အမျိုးမျိုးသောနည်းလမ်းများဖြင့် အမျိုးသမီးလုပ်ငန်းရှင်များကို အကျိုးသက်ရောက်မှုရှိစေပြီး ကန့်သတ်ထားသည်။ ထိုစံသတ်မှတ်ချက်များသည် အိမ်ထောင့်တာဝန်များနှင့်ပတ်သက်ပြီး အလေးပေး ဆောင်ရွက်ရန် အမျိုးသမီးများအား သမားရိုးကျတွန်းအားပေးသော ကျားမဆိုင်ရာအခန်းကဏ္ဍများကိုလည်း လွှမ်းမိုးထားသည်။

အမျိုးသမီးများ၏ လုပ်ငန်းရှင်ဘဝနှင့် အိမ်ရှင်မဘဝ တာဝန်များနှင့် အခန်းကဏ္ဍများအကြား ရုန်းကန်နေ ရခြင်းသည် ကွန်ရက်များ၊ အဆင့်မြှင့်တင်မှုများနှင့် သင်တန်းတက်ရောက်မှုများဆိုင်ရာ အခွင့်အလမ်းများ အတွက် ၎င်းတို့၏ အချိန်များ၊ စွမ်းအင်များနှင့် လိုက်လျောညီထွေဖြစ်စေမှုများနှင့်ပတ်သကပ်ပြီး ကန့်သတ် ထားသည်။ ယခုအစီရင်ခံစာတွင် စာရေးသူများသည် ထိုအချက်များနှင့်ပတ်သက်ပြီး ထပ်မံရှာဖွေထားကာ အမျိုးသမီးလုပ်ငန်းရှင်များအတွက် ဒစ်ဂျစ်တယ်နည်းပညာ၏ အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများနှင့် ပတ်သက်ပြီး စစ်ဆေးခဲ့သည်။

၅.၃။ နည်းလမ်း

ယခုသုတေသနသည် WSME နှင့် ပညာရှင်လုပ်ငန်းရှင်များနှင့် အကြံပေးဆွေးနွေးပွဲများနှင့် အင်တာဗျူးများနှင့်ပတ်သက်သော တစ်ဆင့်ခံသုတေသနမှတဆင့် အရည်အသွေးမီ ချဉ်းကပ်မှုနည်းလမ်းတစ်ရပ်ကို အသုံးပြုထားသည်။ ကဏ္ဍ ၄ရ ပ်နှင့်ပတ်သက်သော အချက်အလက်စုဆောင်းသောဖြစ်စဉ်ကို ဆောင်ရွက်ထားသည်။

ကဏ္ဍ၁ **တစ်ဆင့်ခံ သုံးသပ်မှု**	တစ်ဆင့်ခံသုံးသပ်မှုကို နည်းပညာနှင့်ပတ်သက်သော WSMEs များ၏ ဂေဟစနစ်ကို ပံ့ပိုးပေးမှုအပါအဝင် ကမ္ဘောဒီးယားတွင် **SMEs** များ၏ စီးပွားရေး တိုးတက်မှုအခြေအနေများ၊ မူဝါဒများနှင့် ဒစ်ဂျစ်တယ်နည်းပညာ အသုံးပြုသောနည်းလမ်းများနှင့် ပတ်သက်ပြီး သိရှိနားလည်စေရန်အတွက် အချက်အလက်မကောက်ယူမီ ကြိုတင်ပြီး ဆောင်ရွက်ခဲ့သည်။ သုံးသပ်မှုသည် လုပ်ငန်းရှင်များ၊ အရေးကြီးသောပညာရှင်များနှင့် အကြံပေးအဖွဲ့များကို ရွေးချယ်ရန်အတွက် အချက်အလက်များသတ်မှတ်ရန်နှင့် သုတေသနဆိုင်ရာ မေးခွန်းများသတ်မှတ်ရန်အတွက်လည်း ကူညီပေးသည်။
ကဏ္ဍ၂ **WSME အင်တာဗျူးများ**	အခွင့်အလမ်းသစ်များနှင့် စိန်ခေါ်မှုအသစ်များနှင့်ပတ်သက်ပြီး စစ်ဆေးရန် offline နှင့် online နှစ်မျိုးလုံးမှတဆင့် WSME လုပ်ငန်းရှင်၂၀ဦးဖြင့် အင်တာဗျူးများကို ဆောင်ရွက်ခဲ့သည်။ ၁)ငွေကြေးရရှိမှု ၂)ကွန်ရက်ချိတ်ဆက်မှု၊ သင်ကြားပြသမှုနှင့် ကျွမ်းကျင်မှုများ ၃)လုပ်ငန်းစီမံခန့်ခွဲမှုနှင့် ၄)အကျပ်အတည်းစီမံခန့်ခွဲမှု
ကဏ္ဍ၃ **အရေးကြီးသော ပညာရှင်များဖြင့် အင်တာဗျူးများ**	၄ ကမ္ဘောဒီးယား၏ SMEs ဂေဟစနစ်ကို ပံ့ပိုးပေးသော သက်ဆိုင်ရာ ပါဝင်ပတ်သက်သူများအတွက် SMEs ဆိုင်ရာ ဒစ်ဂျစ်တယ်နည်းပညာ အသွင်ကူးပြောင်းမှုအား သိရှိနားလည်စေရန်နှင့် အဖြေရှာမှုများနှင့်ပတ်သက်ပြီး အကြံပြုပေးနိုင်ရန် အင်တာဗျူးရန်အလို့ငှာ ပညာရှင်များကို ရွေးချယ်ထားသည်။
ကဏ္ဍ၄ **အကြံပေး ဆွေးနွေးပွဲ**	၇ ကမ္ဘောဒီးယား၏ WSMEs များအတွက် ဂေဟစနစ်ကို ပံ့ပိုးမှုခိုင်မာအားကောင်းစေရန် အကြံပြုချက်များစီစဉ်ပေးရန်၊ ကွာဟချက်များကို ဖော်ထုတ်ရန်နှင့် ပညာရှင်အင်တာဗျူးများမှ ရှာဖွေတွေ့ရှိမှုများနှင့် WSME နှင့်ပတ်သက်သော ဝေဖန်မှုများကိုစီစဉ်ပေးရန်တို့အတွက် အကြံပေးဆွေးနွေးပွဲအဖွဲ့ဝင်များကို ရွေးချယ်ထားသည်။

အချက်အလက်စုဆောင်းမှုနှင့်ပတ်သက်သော COVID-19 ၏ အကျိုးသက်ရောက်မှုများ

COVID-19 ကြောင့် သုတေသနအဖွဲ့များသည် လုပ်ငန်းရှင်များနှင့်အင်တာဗျူးရန် စိန်ခေါ်မှုများနှင့် ရင်ဆိုင်ခဲ့ရသည်။ COVID-19 သည် အချက်အလက်စုဆောင်းမှု ဖြစ်စဉ်နှင့်ပတ်သက်ပြီးလည်း အကျိုးသက်ရောက်မှုများရှိစေခဲ့သည်။ ကျန်းမာရေးဝန်ကြီးဌာန၏ ဘေးအန္တရာယ်ကင်းရှင်းမှုနှင့် ကာကွယ်မှုဆိုင်ရာ မူဝါဒများနှင့်အညီ သတ်မှတ်အကွာအဝေးမှဆက်ဆံရန် ကန့်သတ်ချက်များကို offline interviews များဆောင်ရွက်စဉ်အတွင်း လိုက်နာကျင့်သုံးခဲ့သည်။ အင်တာဗျူးများကို Google Meet, Telegram and Zoom အွန်လိုင်းအပလီကေးရှင်းများနှင့် ဖုန်းများမှတဆင့် ဆောင်ရွက်ခဲ့သည်။

အချက်အလက်ဆိုင်ရာ လေ့လာဆန်းစစ်မှု

အချက်အလက်ဆိုင်ရာ လေ့လာဆန်းစစ်မှုတွင် သုတေသနဆိုင်ရာ မေးခွန်းများကို ဖြေဆိုရန်အတွက် အချက်အလက်များစီစဉ်ခြင်း၊ အမျိုးအစားခွဲခြင်း၊ စီမံခန့်ခွဲခြင်းနှင့် အတိုချုပ်ခြင်းဖြစ်စဉ်များ ပါဝင်သည်။ အဆင့်များတွင် အောက်ပါတို့ ပါဝင်သည်။

၁။ မှတ်တမ်းတင်ခြင်း–အင်တာဗျူးအတွင်း WSME လုပ်ငန်းရှင်များ၏ အဖြေများကို မှတ်တမ်းတင်ခြင်း

၂။ Google Online Survey – အင်တာဗျူးတွင် ကဏ္ဍတစ်ရပ်စီနှင့်ပတ်သက်သော မေးခွန်းများကို မေးမြန်းခြင်း

၃။ အချက်အလက်စီမံခန့်ခွဲမှုထည့်သွင်းခြင်းဖြေကြား အပြီး ထုတ်နှုတ်ထားသော အချက်အလက်ဖိုင်လ် အကြမ်းများကို Google Survey form မှတဆင့် ဖိုင်လ်တွဲသည်။ ထို့နောက် ဖြေဆိုမှုများအားလုံးကို excel spreadsheet တွင် ထည့်ပြီး နှစ်ခါပြန် စစ်ဆေးသည်။

၄။ ပုံများနှင့် ကိန်းဂဏန်းများ–အချက်အလက် လေ့လာဆန်းစစ်မှုနှင့်ပတ်သက်သော ပုံများနှင့် ကိန်းဂဏန်းများအား သုတေသနရှာဖွေမှုများ၏ သက်ဆိုင်ရာ ကဏ္ဍများနှင့်ပတ်သက်သော အဖြေများကို အတိုချုပ်တင်ပြရန် အသုံးပြုသည်။

၅။ အချက်အလက်ဖော်ပြမှု– သက်ဆိုင်ရာပုံများနှင့် ကိန်းဂဏန်းများကို လေ့လာမှု၏ ရလာဒ်များနှင့် ပတ်သက်ပြီး ရှင်းပြရန် အသုံးပြုသည်။

လုပ်ငန်းရှင်များနှင့်ပတ်သက်သောအကြောင်း

အပိုင်း ၁ တွင် ရှင်းပြထားသည့်အတိုင်း ယခုသုတေသနအတွက် SEs နှင့် Mes များကို ဝန်ထမ်းအရေအတွက်နှင့် ရင်းနှီးငွေတို့ပေါ်တွင်အခြေခံပြီး ခွဲခြားထားသည်။

အမျိုးသမီးလုပ်ငန်းရှင်၂၀ ဦးကို အင်တာဗျူးထားပြီး ၎င်းတို့အနက် ၁၂ ဦးသည် SEs များကို ပိုင်ဆိုင်ပြီး ၈ ဦးသည် MEs များကို ပိုင်ဆိုင်သည်။ ထိုလုပ်ငန်းများသည် ၃–၁၅ နှစ်သက်တမ်းရှိပြီး နေရာ ၃ နေရာတွင် တည်ရှိသည်–: Phnom Penh, Battambang နှင့် Siem Reap ။ SEs ၁၂ ခုအနက် ၈ ခုသည် : Phnom Penh တွင်တည်ရှိပြီး ၂ ခုစီသည် : Battambang နှင့် Siem Reap တို့တွင် အသီးသီးတည်ရှိကြသည်။ MEs ၈ ခုအနက် ၇ ခုသည် Phnom Penh တွင်တည်ရှိပြီး ၁ခုသည် Siem Reap တွင်တည်ရှိသည်။



ပုံ ၅.၁– ကုမ္ပဏီသက်တမ်းနှင့်ပတ်သက်သော အကြောင်းအရာ

လုပ်ငန်းရှင် ၁၂ ဦးသည် ပညာရှင်များအဖွဲ့အစည်း၏ အဖွဲ့ဝင်များဖြစ်ကြပြီး ၃ ဦးသည် SME အဖွဲ့အစည်း၏ အဖွဲ့ဝင်များဖြစ်ကြကာ ၉ ဦးသည် SME အဖွဲ့အစည်း နှင့် ကမ္ဘောဒီးယားအမျိုးသမီးလုပ်ငန်းရှင်များအသင်း (CWEA)မှ အဖွဲ့ဝင်များဖြစ်သည်။ ဖြေဆိုသူများသည် ၂၀ မှ ၅၀ နှစ်အတွင်းရှိသူများဖြစ်ကြပြီး အများစုမှာ ၃၁ နှစ်မှ ၄၀ နှစ်အတွင်းရှိသူများ ဖြစ်ကြသည်။ ဖြေဆိုသူ ၂ ဦးမှအပ ကျန်ရှိသူများသည် အိမ်ထောင်ရှိသူများဖြစ်ပြီး ၂ ဦးသည် ကလေးရှိသူများ ဖြစ်သည်။



ပုံ ၅.၂– လုပ်ငန်းရှင်၏ လုပ်ငန်းလုပ်သက်
နှင့်ပတ်သက်သော အကြောင်းအရာ

WSMEs လုပ်ငန်းများသည် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုကဏ္ဍများဖြစ်ပြီး ၎င်းတို့ကို ကဏ္ဍ ၉ ခု ထပ်မံခွဲခြားထားသည်–အစားအစာနှင့်အဖျော်ယမကာ (F&B)၊ သတင်းအချက်အလက်နည်းပညာ(IT)၊ ဆောက်လုပ်ရေး၊ ကျန်းမာရေးနှင့် တစ်ကိုယ်ရည် ထိန်းသိမ်းမှု၊ ကျွမ်းကျင်မှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု၊ အထည်အလိပ်၊ နှစ်သိမ့်ဆွေးနွေးမှု၊ e-commerce နှင့် ထောက်ပံ့ပို့ဆောင်ရေး။



ပုံ ၅.၃– လုပ်ငန်းရှင်များ၏ လုပ်ငန်းကဏ္ဍခွဲများ

၅.၄။ အင်တာဗျူးမှ ရှာဖွေတွေ့ရှိမှုများ

WSME လုပ်ငန်းရှင်အများစုသည် လုပ်ငန်းချဲ့ထွင်ရန်နှင့် လည်ပတ်ရန်တို့အတွက် ကိုယ်ပိုင်ငွေကြေးများကို အသုံးပြုသည်။ လုပ်ငန်းရှင်အနည်းငယ်သည် အများစုထံမှငွေချေးမှုဆိုင်ရာ အခွင့်အလမ်းများနှင့်ပတ်သက်ပြီး အသိပညာရှိကြသော်လည်း အချိန်ကန့်သတ်မှုများရှိသောကြောင့် မည်သည့်အခါတွင်မျှ အသုံးမပြုခဲ့ပေ။

WSMEs အချို့သည် ပြင်ပမှချေးငွေရရှိရန် လျှောက်ထားသော်လည်း အာမခံပစ္စည်းလိုအပ်ချက်များ၊ ရှုတ်ထွေးသော လုပ်ထုံးလုပ်နည်းများ၊ ကန့်သတ်ထားသော ငွေကြေးဆိုင်ရာ ဗဟုသုတနှင့် အခွန်ဆိုင်ရာ လိုက်နာရမည့်အချက်များသည် လုပ်ငန်းများ မ,တည်ရန်အတွက် ချေးငွေရရှိနိုင်ရန် ဒစ်ဂျစ်တယ်နည်းပညာလက်ခံကျင့်သုံးမှုနှင့်ပတ်သက်ပြီး ဟန့်တားထားသည်။

ကဏ္ဍ-၁-ငွေကြေးရရှိမှု
အင်တာဗျူးများသည် WSMEs များအနေဖြင့် ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်ချက်များအတွက် ငွေကြေးရရှိနိုင်သော အဓိကနည်းလမ်း ၃ ရပ်ကို ညွှန်ပြခဲ့သည်။ (၁)ကိုယ်ပိုင်ငွေကြေး၊ (၂)ပြင်ပမှချေးငွေများ၊ (၃)နှစ်မျိုးလုံးပေါင်းစပ်မှု

WSME အများအပြားသည် ဈေးကွက်ချဲ့ထွင်မှုအတွက် အရင်းအနှီးထည့်ရန်နှင့် နည်းပညာအသစ်များ လက်ခံကျင့်သုံးရန် သို့မဟုတ် ၎င်းတို့၏ လုပ်ငန်းအသစ်များတည်ထောင်ရန်တို့အတွက် ငွေကြေးရရှိမှုရင်းမြစ်များကို အသုံးပြုကြသည်။ လုပ်ငန်းရှင်အများစုသည် ၎င်းတို့၏ လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်၊ software applications နှင့် e-commerce များမှ တဆင့် တက်လှမ်းနိုင်ရန်တို့အတွက် ကိုယ်ပိုင်ရင်းမြစ်များကို အသုံးပြုရန် ပိုမိုနှစ်သက်ကြသည်။ ၎င်းတို့သည် အွန်လိုင်းမှငွေချေးခြင်း၊ ဘဏ်မှငွေချေးခြင်း၊ ချေးငွေဆိုင်ရာအဖွဲ့အစည်းများနှင့် ထောက်ပံ့ကြေးများ ကဲ့သို့သော ကွဲပြားသည့် ငွေကြေးရရှိမှုရင်းမြစ်ဆိုင်ရာ နည်းလမ်းများကို ရှာဖွေခဲ့ကြသည်။

Tongtin သည် ကမ္ဘောဒီးယားတွင် ရေပန်းစားနေသော ချေးငွေဆိုင်ရာ အဖွဲ့အစည်းဖြစ်သည်။

> “
>
> ပြင်ပမှချေးငွေရယူခြင်းထက် လုပ်ငန်းစတင်ရန် ကိုယ်ပိုင်ရင်းမြစ်များကို အသုံးပြုခြင်းသည် အကောင်းဆုံး ဖြစ်သည်။ မိမိတို့လုပ်ငန်းများမှ ပထမ ၂ နှစ် သို့မဟုတ် ၃ နှစ်အတွင်းရရှိသော ဝင်ငွေသည် လုပ်ငန်းဆက်လက်ရပ်တည်ရန် သို့မဟုတ် တိုးတက်ရန်တို့အတွက် ပံ့ပိုးနိုင်ခြင်းရှိ/မရှိ နှင့်ပတ်သက်ပြီး မသိရှိနိုင်ပေ။ မိမိတို့သည် ထိုအချိန်အတွင်း အတိုးများသည့် ချေးငွေရယူမှုများကို ရှောင်ကြဉ်သင့်သည်။
> (ME owner, Phnom Penh)



ပုံ ၅.၄- အသုံးပြုသော ငွေကြေးမတည်မှုဆိုင်ရာ ရင်းမြစ်များ

လုပ်ငန်းရှင်၂၀ ဦးအနက် ၁၁ ဦးသည် လုပ်ငန်းများကို မ,တည်ရန်အတွက် ကိုယ်ပိုင်ငွေကို အသုံးပြုကြပြီး စုဆောင်းငွေများ၊ မိသားစုပိုင်ဆိုင်မှုများ၊ ချေးငွေဆိုင်ရာ အဖွဲ့အစည်းများ နှင့် ဝင်ငွေဆိုင်ရာ အခြားရင်းမြစ်များကိုလည်း အသုံးပြုကြသည်။ လုပ်ငန်းရှင်အများစုသည် Tongtin ကို ၎င်းတို့၏ ဆွေမျိုးများနှင့် သူငယ်ချင်းများထံမှ ငွေကြေးပံ့ပိုးမှု နည်းလမ်းတစ်ရပ်ကဲ့သို့ပင် အသုံးပြုသည်။

ဖြေဆိုသူများသည် ထိုချေးငွေနည်းလမ်းကို ယဉ်ကျေးမှုအရ ကောင်းစွာလက်ခံထားသည်ဟု အသိအမှတ်ပြုထားသော်လည်း ၎င်းသည် ငွေချေးသူနှင့် ငွေလက်ခံရရှိသူနှစ်ဦးလုံးထံမှ ယုံကြည်မှုရရှိရန် လိုအပ်သည်။ အွန်လိုင်းမှ ချေးငွေရယူမှု နည်းလမ်းသည် သက်သေလိုအပ်သော်လည်း ထိုငွေချေးမှုနည်းလမ်းသည် ဘဏ်ချေးငွေရရှိမှုအတွက် လိုအပ်သော အာမခံပစ္စည်း မလိုအပ်ပေ။ ချေးငွေလက်ခံမည့်သူသည် တန်ဖိုးရှိသောပိုင်ဆိုင်မှုတစ်ခုကို အာမခံထားရှိရမည် ဖြစ်သည်။

ဘဏ်ချေးငွေများသည် ငွေကြေးရရှိမှုအတွက် ဒုတိယအများဆုံးရရှိနိုင်သည့်ရင်းမြစ် ဖြစ်သည်။ ဘဏ်များသည် လုပ်ငန်းတစ်ခုအတွက် ရင်းနှီးငွေရရှိနိုင်သော ကြီးမားသည့် ရင်းမြစ်ဖြစ်သောကြောင့် SE နှင့် ME လုပ်ငန်းရှင်နှစ်မျိုးလုံးအပါအဝင် WSMEs ၇ ခုသည် ဘဏ်မှ ချေးငွေရယူကြသည်။ သို့ရာတွင် ဘဏ်မှ ချေးငွေရယူမှုသည် အာမခံပစ္စည်းများနှင့် ဆက်စပ်နေသောကြောင့် လုပ်ငန်းရှင်များသည် လုပ်ငန်းဆုံးရှုံးပါက ဘဏ်တွင် အာမခံအဖြစ် ထားရှိထားသော ၎င်းတို့၏ ပိုင်ဆိုင်မှုများဆုံးရှုံးမည်နှင့် ပတ်သက်ပြီး စိုးရိမ်ပူပန်မှုများရှိကြသည်။

လုပ်ငန်းရှင်များသည် ငွေကြေးရရှိမှုအတွက် နည်းပညာအသစ်များကို လက်ခံကျင့်သုံးမှု၏ အရေးကြီးပုံနှင့်ပတ်သက်ပြီး အသိအမှတ်ပြုကြသော်လည်း ထိုနည်းပညာများအသုံးပြုရန် ငွေကြေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုအချို့လိုအပ်ကြောင်း ဖော်ပြခဲ့ကြသည်။ ထိုသို့နည်းပညာများအသုံးပြုရန် ကုန်ကျစရိတ်ရှိနိုင်သော်လည်း လုပ်ငန်းဆောင်ရွက်ချက်များ အရှိန်မြှင့်တင်ရန်နှင့် ရေရှည်တွင် အချိန်နှင့် ငွေကုန် သက်သာစေရန်တို့အတွက် ကူညီနိုင်သည်။

လုပ်ငန်းရှင်၂၀ ဦးအနက် ၁၄ ဦးသည် လုပ်ငန်းချဲ့ထွင်ရန်အတွက် ငွေကြေးရရှိမှုဆိုင်ရာ အခွင့်အလမ်းများကို အသုံးချမှုအပါအဝင် အမျိုးမျိုးသော ရည်ရွယ်ချက်များအတွက် ဒစ်ဂျစ်တယ်နည်းပညာများကို အသုံးပြုသည်။ သို့ရာတွင် ဖြေဆိုသူအများအပြားသည် ထိုနည်းပညာများနှင့်ပတ်သက်သော သတင်းအချက်အလက်မရရှိခြင်းနှင့် အာမခံပစ္စည်းဆိုင်ရာ လိုအပ်ချက်များ၏ ဝန်ထုပ်ဝန်ပိုးများကြောင့် ဒစ်ဂျစ်တယ်နည်းပညာအသစ်များကို အသုံးမပြုနိုင်ပေ။

ကဏ္ဍ-၂-သင်ကြားပြသမှု၊ ကွန်ရက်ချိတ်ဆက်မှုနှင့် ကျွမ်းကျင်မှုများ

WSME လုပ်ငန်းရှင်များအနေဖြင့် ၎င်းတို့၏ လုပ်ငန်းခရီးရှည်တွင် အတားအဆီးများကို ကျော်လွှားရာ၌ အတွေ့အကြုံများစွာ ရရှိခဲ့ကြောင်း ဖော်ပြထားသည်။ အများစုသည် သင်ကြားပြသပေးမည့်သူတစ်ဦး ရှိခြင်းဖြင့် လုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုနှင့် ရေရှည်တည်တံ့မှုတို့နှင့်ပတ်သက်ပြီး ပါဝင်ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း ဖော်ပြခဲ့သည်။

WSME လုပ်ငန်းရှင်အများစု(တစ်ဝက်ကျော်)သည် မောင်နှမများ၊ အိမ်ထောင်ဘက်များနှင့် ဆွေမျိုးများမှာ လုပ်ငန်းဆိုင်ရာ ကိစ္စများနှင့်ပတ်သက်ပြီး စိတ်ပိုင်းဆိုင်ရာနှင့် သင်ကြားပြသမှုဆိုင်ရာ ပံ့ပိုးမှုနှစ်မျိုးလုံး စီစဉ်ပေးနိုင်ကြောင်း ဖော်ပြခဲ့သည်။ လုပ်ငန်းရှင် ၂၀ အနက် ၁၃ ဦးသည် သင်ကြားပြသမှုများမှာ အလွန်အသုံးဝင်ပြီး အကြောင်းအရာ သို့မဟုတ် ပြဿနာနှင့်ပတ်သက်ပြီး အခြေခံသော တစ်ဦးချင်းစီအလိုက် သင်ကြားပြသမှု သို့မဟုတ် အဖွဲ့ငယ်အလိုက် သင်ကြားပြသမှုကို ပိုမိုနှစ်သက်ကြောင်း ဖော်ပြခဲ့သည်။ အဆိုပါကနဦးဆောင်ရွက်မှုများသည် လုပ်ငန်းဆောင်ရွက်ချက်များ၊ စီမံခန့်ခွဲမှုများနှင့် ဦးဆောင်မှုများနှင့်ပတ်သက်သော ယုံကြည်မှုနှင့် စွမ်းဆောင်ရည်များ ဖွံ့ဖြိုးတိုးတက်စေရန် ကူညီနိုင်ကြောင်း ဖော်ပြထားသည်။

အမျိုးသမီးလုပ်ငန်းရှင်များသည် CWEA၊ ကမ္ဘောဒီးယားရှိ စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း (YEAC)၁၃ခုနှင့် CEO Master Club 194 ကဲ့သို့သော အခြားလုပ်ငန်းဆိုင်ရာ ကွန်ရက်များတွင် သင်ကြားပြသမှုများနှင့်ပတ်သက်သော ပံ့ပိုးမှုများကို ရှာဖွေရရှိနိုင်သည်။

"

လုပ်ငန်းရှင်တစ်ဦးအနေဖြင့် လုပ်ငန်းဆောင်ရွက်ချက်များနှင့်ပတ်သက်ပြီး အစမှ အဆုံးအထိ စီမံခန့်ခွဲဆောင်ရွက်နိုင်ရန် ကျွမ်းကျင်မှုအမျိုးမျိုး ရှိရန် လိုအပ်သည်။ လုပ်ငန်းရှင်တိုင်းသည် ကောင်းမွန်သော အရည်အချင်းနှင့် ကျွမ်းကျင်မှုများ ရှိရန် လိုအပ်သည်။ လုပ်ငန်းရှင်များသည် ကောင်းမွန်သော စံပြပုဂ္ဂိုလ်နှင့် ဦးဆောင်သူ ဖြစ်စေနိုင်ရန်အတွက် ကျွမ်းကျင်မှုအရည်အသွေး မြှင့်တင်ရန် လိုအပ်ပြီး လုပ်ငန်းဆောင်ရွက်ရာတွင် အတွေ့အကြုံနှင့် ဗဟုသုတများ မျှဝေနိုင်မည့်သူ စရှိသည့် မိတ်ဖက် သို့မဟုတ် သင်ကြားပြသသူ တစ်ဦးရှိရန် လိုအပ်သည်။(sic)

(Ms. Viriya Lim, Managing Director of LM Lima Angkor Food, Co. Ltd.)



ပုံ ၅.၅- သင်ကြားပြသမှုနှင့်ပတ်သက်သော အခွင့်အလမ်းရရှိမှု

COVID-19 နှင့်ပတ်သက်သော အခက်အခဲအကျပ်အတည်းများကို ကျော်လွှားနိုင်ရန် မရှိမဖြစ် အရေးကြီးသည့်အတွက် ဒစ်ဂျစ်တယ်ပလက်ဖောင်းများသည် သင်ကြားမှုနှင့် ကျွမ်းကျင်မှုများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အဆင်ပြေလွယ်ကူစေရာတွင် သိသာထင်ရှားသော အခန်းကဏ္ဍတစ်ရပ်အနေဖြင့် ပါဝင်ထားသည်။ အင်တာဗျူးများအရ လုပ်ငန်းရှင်များသည် လုပ်ငန်းဆိုင်ရာ အခြေခံအချက်များ၊ စာရင်းကိုင်၊ ငွေကြေး၊ စီးပွားရေးလုပ်ငန်းများ၊ ဦးဆောင်မှုနှင့် ပံ့ပိုးမှု၊ ညှိနှိုင်းဆွေးနွေးမှုဆိုင်ရာ ကျွမ်းကျင်မှုများနှင့် သင်ကြားပြသမှုများ အပါအဝင် ကျယ်ပြန့်သော ခေါင်းစဉ်အမျိုးအစားများအတွက် အခမဲ့ဖြင့်ဖြစ်စေ၊ စပွန်ဆာဖြင့်ဖြစ်စေနှင့် အခကြေးငွေဖြင့်ဖြစ်စေ စီစဉ်ပေးထားသော e-learning အစီအစဉ်များ သို့မဟုတ် သင်တန်းများနှင့်ပတ်သက်သော အခွင့်အလမ်းများ ရရှိနိုင်ကြောင်း ဖော်ပြထားသည်။



ပုံ ၅.၆– ကျွမ်းကျင်မှုတည်ဆောက်ခြင်းနှင့်ပတ်သက်သော အခွင့်အလမ်းရရှိမှု

လုပ်ငန်းရှင်များစွာသည် ပြည့်စုံသော လုပ်ငန်းဆိုင်ရာ သင်ကြားပြသမှုအစီအစဉ်(နိုင်ငံအတွင်း သို့မဟုတ် နိုင်ငံပြင်ပ)များသည် အသုံးဝင်သော်လည်း သင်တန်းသားများ၏ တစ်ဦးချင်းအလိုက် လိုအပ်ချက်များနှင့် ကိုက်ညီစေရန် စီစဉ်ဆောင်ရွက်ပေးသင့်ကြောင်း ဖော်ပြထားသည်။ ပြည်တွင်းနှင့် နိုင်ငံတကာ ကွန်ရက်ချိတ်ဆက်မှုနှင့် ခရီးသွားလာမှုများနှင့်ပတ်သက်သော အခွင့်အလမ်းများသည် WSMEs များအနေဖြင့် အမျိုးမျိုးသော နောက်ခံအကြောင်းအရာများ အထူးသဖြင့် ၎င်းတို့၏ လုပ်ငန်းများနှင့် သက်ဆိုင်သော နည်းပညာဆိုင်ရာ ဆန်းသစ်တီထွင်မှုများနှင့်ပတ်သက်ပြီး အတွေ့အကြုံရှိပြီး ကျွမ်းကျင်သောသူများထံမှ သင်ယူနိုင်ရန်လည်း ကူညီပေးနိုင်သည်။

သို့ရာတွင် အချို့လုပ်ငန်းရှင်များသည် အတားအဆီးအချို့ကြောင့် e-learning အခွင့်အလမ်းများနှင့် ပတ်သက်ပြီး အသုံးမပြုနိုင်ပေ။ အဆိုပါအခွင့်အလမ်းများကို အသုံးမပြုနိုင်ခြင်းမှာ ကမ္ဘောဒီးယားနိုင်ငံအတွင်းနှင့် နိုင်ငံပြင်ပနှစ်မျိုးလုံးတွင် သင်ကြားပြသမှုအစီအစဉ်များနှင့်ပတ်သက်သော သတင်းအချက်အလက်များရရှိနိုင်ရန်အတွက် ကန့်သတ်ထားမှုများနှင့် လုပ်ငန်းကွန်ရက်များနှင့် အဖွဲ့အစည်းများဖြင့် ၎င်းတို့၏ ဆက်သွယ်မှုများကို ကန့်သတ်ထားမှုများကြောင့် ဖြစ်သည်။ လုပ်ငန်းရှင် ၂၀ ဦးအနက် ၄ ဦးသည် အရည်အသွေးမီ ယုံကြည်စိတ်ချရသော အခွင့်အလမ်းများ မရရှိခြင်းကို အရေးကြီးသော စိန်ခေါ်မှုတစ်ရပ်အဖြစ် ရင်ဆိုင်နေရကြောင်း ဖော်ပြခဲ့သည်။

SE လုပ်ငန်းရှင်များအတွက် e-learning နှင့်ပတ်သက်သော ကုန်ကျစရိတ်ကြီးမားခြင်းသည် ခက်ခဲသော အတားအဆီးတစ်ခု ဖြစ်သည်။ လုပ်ငန်းရှင်များသည် လုပ်ငန်းနှင့် တာဝန်များအကြားရုန်းကန်နေရသောကြောင့် သင်တန်းများတက်ရောက်ရန် သို့မဟုတ် e-learning မှသင်ယူနိုင်ရန်တို့အတွက် အချိန်နှင့် ပတ်သက်သော စိန်ခေါ်မှုများကို ရင်ဆိုင်နေရသည်။ ထို့ပြင် ကန့်သတ်ထားသော အင်္ဂလိပ်စာစွမ်းရည်နှင့် ဒစ်ဂျစ်တယ်နည်းပညာကျွမ်းကျင်မှု မရှိခြင်းတို့သည် SE လုပ်ငန်းရှင်များအတွက် စိုးရိမ်ပူပန်မှုများကို ဖြစ်ပေါ်စေခဲ့သည်။



ပုံ ၅.၇- သင်ကြားပြသမှု၊ ကွန်ရက်ချိတ်ဆက်မှုနှင့် ကျွမ်းကျင်မှုတည်ဆောက်ခြင်းတို့နှင့်ပတ်သက်သော အခွင့်အလမ်းများရရှိမှုဆိုင်ရာ အတားအဆီးများ

လုပ်ငန်းရှင်အများအပြားအတွက် ဝန်ထမ်းများနှင့်ပတ်သက်သော သင်ကြားပြသမှုနှင့် စွမ်းဆောင်ရည်တည်ဆောက်မှုတို့သည် ဦးစားပေးမှုတစ်ရပ်မဟုတ်ကြောင်း ဖော်ပြထားသည်။ လုပ်ငန်းရှင်များသည် ထိုအချက်များအစား အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်စေနိုင်ရန်အတွက် တစ်ကိုယ်ရည်ဖွံ့ဖြိုးတိုးတက်မှုပေါ်တွင် ယေဘူယျအားဖြင့် အလေးပေးထားသည်။ လုပ်ငန်းရှင်များသည် ပုံမှန်ကြားအချိန်များတွင် ၎င်းတို့၏ ကျွမ်းကျင်မှုများနှင့် ဗဟုသုတများနှင့်ပတ်သက်ပြီး အဆင့်တင်မြှင့်မှုများပြုလုပ်သင့်ကြောင်း ဖော်ပြထားသည်။ ထို့ပြင် ၎င်းတို့သည် ဝန်ထမ်းအပြောင်းအလဲနှုန်း မြင့်မားမှုများကြောင့် ဝန်ထမ်းများနှင့်ပတ်သက်သော သင်ကြားပြသမှုသင်တန်းအစီအစဉ်များတွင် ရင်းနှီးမြှုပ်နှံရန် ဝန်လေးခဲ့ကြသည်။

ကဏ္ဍ-၃-လုပ်ငန်းဖြစ်စဉ်များနှင့် စီမံခန့်ခွဲမှု

လုပ်ငန်းရှင်များအနေဖြင့် ဒစ်ဂျစ်တယ်နည်းပညာသည် ၎င်းတို့၏ လုပ်ငန်းများနှင့် အလုံးစုံဖြစ်စေသာ ဆောင်ရွက်ချက်များနှင့်ပတ်သက်ပြီး တိုးတက်စေရန် SME ပိုင်ရှင်များအား ကူညီပေးနိုင်ကြောင်း ဖော်ပြခဲ့သည်။ ဒစ်ဂျစ်တယ်နည်းပညာသည် ၎င်းတို့၏ လုပ်ငန်းများတွင် မည်သို့ပြောင်းလဲစေနိုင်ကြောင်းနှင့်ပတ်သက်ပြီး ဖြေဆိုရာတွင် လုပ်ငန်းရှင် ၂၀ အနက် ၁၀ ဦးသည် ၎င်းတို့၏ အလုံးစုံဖြစ်သော စီစဉ်ဆောင်ရွက်ချက်များကို တိုးတက်စေခဲ့ကြောင်း ဖြေဆိုခဲ့သည်။ လုပ်ငန်းရှင် ၇ ဦးသည် ပိုမိုအကျိုးထိရောက်မှုရှိပြီး ပိုမိုမြန်ဆန်သော စီမံခန့်ခွဲမှုနှင့် ဖြစ်စဉ်များအတွက် ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုခြင်းဖြင့် ကုမ္ပဏီ၏ နာမည်ဂုဏ်သတင်းကို တိုးတက်စေခဲ့ကြောင်းနှင့် customer အခြေခံတည်ဆောက်မှုနှင့် ချဲ့ထွင်မှုတို့တွင် ဒစ်ဂျစ်တယ်နည်းပညာ၏ အကျိုးသက်ရောက်မှုများရှိခဲ့ကြောင်း ဖော်ပြခဲ့သည်။

လုပ်ငန်းရှင်များသည် ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုခြင်းကြောင့် ဝန်ထမ်းများအနေဖြင့် ၎င်းတို့၏ တာဝန်များဆောင်ရွက်ရာတွင် ပိုမိုတုံ့ပြန်မှုရှိစေပြီး ဝင်ငွေတိုးတက်စေကာ ကုန်ကျစရိတ်လျှော့နည်းစေရန်လည်း ကူညီပေးနိုင်ကြောင်း မီးမောင်းထိုးပြသခဲ့သည်။ သို့ရာတွင် လုပ်ငန်းရှင်များသည် ICTs အသုံးပြုခြင်းမှာ အထူးသဖြင့် SEs များအတွက် သိသာထင်ရှားသော ကုန်ကျစရိတ်ရှိသည့်အတွက် ICTs ကိုလက်ခံကျင့်သုံးနိုင်မှုရှိ/ မရှိဆိုသည်နှင့် ၎င်းအတွက် ကုန်ကျစရိတ်မည်မျှအသုံးပြုမည်ဆိုသည်တို့နှင့်ပတ်သက်သော ဆုံးဖြတ်ချက်များချမှတ်ရာတွင် ကွဲပြားမှုများရှိခဲ့သည်။



ပုံ ၅.၈– လုပ်ငန်းများတွင် နည်းပညာအသုံးပြုခြင်းနှင့် ပတ်သက်သော အကျိုးကျေးဇူးများ

SMEs များသည် လုပ်ငန်းစီမံခန့်ခွဲမှု/ဖြစ်စဉ်များအတွက် ဒစ်ဂျစ်တယ် tools များကို အသုံးပြုခဲ့သည်။
၁) ဆက်သွယ်မှု(ကိုယ်ရေးကိုယ်တာ၊ အလုပ်နှင့် ကွန်ရက်ချိတ်ဆက်မှု)
၂) အရောင်းနှင့် ဈေးကွက်ရှာဖွေမှု
၃) ငွေကြေးနှင့်စာရင်း
၄) ပေးငွေများနှင့် ငွေကြေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများ
၅) အချက်အလက်စီမံခန့်ခွဲမှု/သိုလှောင်မှု
၆) လုပ်ငန်းဆောင်ရွက်မှုများနှင့် စီမံခန့်ခွဲမှု(အောက်တွင်)



ပုံ ၅.၉– WSME လုပ်ငန်းရှင်များမှ အသုံးပြုသော ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုမှုပုံစံများ

1 General Communication	● Social Media apps: Facebook, Telegram, Instagram, LINE, WhatsApp ● Digital Devices: Cellular Phone, Laptop, iPad
2 Sales and Marketing	● Social Media Apps: Facebook, Line, Instagram ● E-commerce: Khmum, WeMall, Personal Apps, ● Company websites ● Video, Pinterest
3 Finance & Accounting	● Fintech: BanhJi, POS, Bongloy ● Accounting Software: Peachtree, QuickBooks ● Excel, CRM system
4 Payments & Transfers	● Wing, True Money, ABA ● Money Union Transfer, e-bank transfers
5 Data Management/ Storage	● iCloud ● Google drive
6 Operation and Management	● Microsoft office: Word, Excel, PowerPoint ● Meeting: Google Meet, Zoom, Skype, Telegram, Facebook, Cellular Phone ● GitScrum, GitHub, Carrier Mapping ● Google Earth, Google Map, Google Search, GPS ● Company Apps: MyApp

ဇယား ၅.၂– လုပ်ငန်းရှင်များမှ အသုံးပြုသော ဒစ်ဂျစ်တယ်tools များ

Mes အများစုသည် Microsoft Office၊ ဒီဇိုင်းရေးဆွဲမှု၊ တည်နေရာဖော်ထုတ်မှုစနစ်များ၊ အွန်လိုင်းမှ ဆက်သွယ်မှု၊ အစည်းအဝေးများနှင့် အချက်အလက် စီမံခန့်ခွဲမှုများနှင့်ပတ်သက်သည့် software များ ကဲ့သို့သော လူသိများသည့် professional software များနှင့် လုပ်ငန်းနှင့် ထုတ်ကုန်များဆိုင်ရာ စီမံခန့်ခွဲမှုများအတွက် ဒစ်ဂျစ်တယ်နည်းပညာများကို အသုံးပြုခဲ့သည်။

SEs နှင့် Mes နှစ်မျိုးလုံးသည် ယေဘူယျအားဖြင့် Facebook, Telegram, Instagram, LINE, and WhatsAppကဲ့သို့သော လူမှုမီဒီယာအပလီကေးရှင်များအတွက် ဆယ်လူလာဖုန်း၊ လက်ပ်တော့နှင့် iPad ကဲသို့သော ဒစ်ဂျစ်တယ်toolများကို ကျယ်ပြန့်စွာ အသုံးပြုသည်။



ပုံ ၅.၁၀– WSME လုပ်ငန်းရှင်များအား COVID-19 ၏ အကျိုးသက်ရောက်မှုများ

ကဏ္ဍ-၄-အကျပ်အတည်းစီမံခန့်ခွဲမှု(COVID-19)

COVID-19 သည် နှစ်၃၀အတွင်း ကမ္ဘောဒီးယားနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့်ပတ်သက်ပြီး အကြီးမားဆုံးခြိမ်း ခြောက်မှုတစ်ရပ် ဖြစ်ခဲ့သည်။ သို့ရာတွင် ယခု အစီရင်ခံစာကို ရေးသောအချိန်တွင် အစိုးရ၏ မြန်ဆန်သောဆောင်ရွက်ချက်နှင့် အရေးပေါ်နှင့် လူမှုရေးဆိုင်ရာ ပံ့ပိုးမှုဆောင်ရွက်ချက်များသည် ကမ္ဘောဒီးယားအနေဖြင့် COVID-19 ၏ အကျိုး သက်ရောက်မှုများနှင့်ပတ်သက်ပြီး တည်ငြိမ်စွာ ရင်ဆိုင်နိုင်စေခဲ့သည်။

အစိုးရသည် ၂၀၂၀ဧပြီ ခမာနှစ်သစ်ကူးပွဲတော်အချိန် lockdown ကာလအတွင်း COVID-19 နှင့်ပတ်သက် သော အသိပညာပေးအစီအစဉ်များနှင့် လူမှုရေး ဆိုင်ရာ ကန့်သတ်ချက်များနှင့်အညီ လိုက်နာ ဆောင်ရွက်မှုအစီအစဉ်များကို ဆောင်ရွက်ခဲ့သည်။ တစ်နိုင်ငံလုံးသည် စီးပွားရေးကျဆင်းမှုကို ကြုံတွေ့ နေရပြီး ငွေကြေးအကျပ်အတည်းများပေါ်ပေါက်လာ မှုသည် လူမှုရေးဆိုင်ရာ စိုးရိမ်ပူပန်မှုများကို ဖြစ်စေခဲ့သည်။ ကပ်ရောဂါသည် အောက်ပါကဏ္ဍ ၃ ရပ်ကို အဓိကအကျိုးသက်ရောက်မှုရှိသည်။

(၁) ခရီးသွား၊

(၂) ပို့ကုန်ထုတ်လုပ်မှု၊

(၃) ဆောက်လုပ်ရေး

ထိုအရေးကြီးသော ကဏ္ဍများတွင် လုပ်ငန်းဆောင် ရွက်မှုများနှင့်ပတ်သက်ပြီး နှောင့်နှေးကြန့်ကြာမှုများ ရှိနေသော်လည်း ပံ့ပိုးပေးသော အစိုးရမူဝါဒများနှင့် ပြည်သူ့ကျန်းမာရေးဝန်ဆောင်မှုများနှင့်ပတ်သက် သော အခက်အခဲများ မရှိခြင်းကြောင့် နိုင်ငံရေး စီးပွားရေးမှာ ၂၀၂၀ နှောင်းပိုင်းတွင် ပြန်လည်ဦးမော့ လာနိုင်မည်ဟု ခန့်မှန်းရသည်။

အဆိုပါခန့်မှန်းချက်သည် WSME လုပ်ငန်းများအပေါ် COVID-19 ၏ အကျိုးသက်ရောက်မှုများအတွက် သုတေသနမှ ရှာဖွေတွေ့ရှိမှုများနှင့်ပတ်သက်ပြီး ရှင်းလင်းဖော်ပြနိုင်ခဲ့သည်။ စာရေးသူများသည် SE နှင့် ME နှစ်မျိုးလုံးမှာ COVID-19 ၏ ဆိုးရွားသော အကျိုးသက်ရောက်မှုများကို ခံစားခဲ့ရကြောင်း ရှာဖွေတွေ့ရှိခဲ့ပြီး ထိခိုက်မှုများရှိခဲ့သော လုပ်ငန်း အရေအတွက်သည် မျှော်လင့်ထားသည့် အရေအတွက်

အောက် လျော့နည်းခဲ့ကြောင်း ဖော်ပြခဲ့သည်။ လုပ်ငန်းရှင်များ၏ တစ်ဝက်(၂၀ ဦး အနက် ၁၀ ဦး) သာလျှင် ဆိုးရွားသော အကျိုးသက်ရောက်မှုများကို ခံစားခဲ့ရကြောင်း ပြောကြားခဲ့ပြီး ၂၀ ဦး အနက် ၈ ဦး (SEs ၄ ခုနှင့် MEs ၄ ခု)တို့သည် ဆိုးရွားသောအကျိုး သက်ရောက်မှုအနည်းငယ် သို့မဟုတ် လုံးဝ မခံစား ခဲ့ရကြောင်း ဖော်ပြခဲ့သည်။

COVID-19 မှ အကျိုးသက်ရောက်မှုမခံစားခဲ့ကြ ရသော ME လုပ်ငန်းရှင်၂ဦးသည် ၎င်းတို့၏ ဈေးကွက်တိုးတက်စေနိုင်ရန်နှင့် ထုတ်ကုန်နှင့် ဝန်ဆောင်မှုအသစ်များ ဖွံ့ဖြိုးတိုးတက်စေနိုင်ရန်တို့ အတွက် ကပ်ရောဂါကို အခွင့်အလမ်းတစ်ရပ်အဖြစ် မြင်သည်။ ၎င်းတို့သည် အွန်လိုင်းမှတိုက်ရိုက် customer ရရှိရန် ဒစ်ဂျစ်တယ်ဈေးကွက်ရှာဖွေမှု ပလက်ဖောင်းများကိုလည်း အသုံးပြုခဲ့သည်။

ထို SEs များသည် အကျပ်အတည်းကာလတွင် ဝယ်လိုအားများသော fast Moving Consumer Goods (FMCGs)များနှင့် IT နှင့် ICT အဖြေရှာမှုများနှင့် ပတ်သက်ပြီး စီစဉ်ဆောင်ရွက်ပေးခဲ့သည်။ ထို SE လုပ်ငန်းရှင်အချို့သည် ထိုကာလအတွင်း ရောင်းအား ၃ ဆတိုးတက်ခဲ့သော်လည်း အခြေအနေများတိုးတက် လာပြီးနောက် အရောင်းပြန်လည်ကျဆင်းခဲ့သည်။

သတ်မှတ်အကွာအဝေးမှ ပြောဆိုဆက်ဆံရန် ကန့်သတ်ချက်များကြောင့် အရောင်းဆိုင်ရာ ဆောင် ရွက်ချက်များကို ကြီးမားစွာ အကျိုးသက်ရောက်စေ ခဲ့သည်။ အထူးသဖြင့် F&B ကဏ္ဍရှိ SMEs များသည် အသိသာဆုံး အကျိုးသက်ရောက်မှုခံခဲ့ရသည်။

လုပ်ငန်းရှင်များသည် စားသုံးသူများ၏ စားသုံးမှုများ လျော့နည်းသွားသောကြောင့် ၎င်းတို့၏ ထုတ်ကုန် များမှာ သတ်မှတ်ရက်ကျော်လွန်သွားခြင်းများနှင့် ရောင်းချရန် အခြားအရောင်းဆိုင်များကို မှီခိုနေရခြင်း များကြောင့် နေ့စဉ်ရောင်းချမှုများမှ ရရှိသော ဝင်ငွေ၏ ၇၀–၉၀ ရာခိုင်နှုန်းခန့် ဆုံးရှုံးခဲ့ရကြောင်း ပြောကြားခဲ့သည်။

“

ပွဲပိုးမှုကွင်းဆက်အပါအဝင် ဝင်ငွေနှင့် ထုတ်လုပ်မှု၏ ၉၀ ရာခိုင်နှုန်းခန့်ကို ဆိုးရွားစွာ အကျိုးသက်ရောက် စေခဲ့သည်။ ပုံမှန်အချိန်များတွင် တစ်နေ့လျှင် အသားလုံး ၃၀၀–၄၀၀ ကီလိုဂရမ်ခန့် customer များကို ရောင်းချနိုင်ခဲ့သော်လည်း COVID ကာလတွင် ၂၀ကီလိုဂရမ်သာ ရောင်းချနိုင်ခဲ့သည်။

မိမိ၏ ဈေးကွက်သည် ပြည်တွင်းဈေးကွက်များ၊ ဈေးများ၊ လက်လီအရောင်းဆိုင်များ အထူးသဖြင့် ကျောင်းများကို မှီခိုနေရသည်။ ကျောင်းများအားလုံးပိတ်ထားရသဖြင့် ဝင်ငွေဆုံးရှုံးခဲ့ပြီး ဝန်ထမ်းသစ်များ ခန့်အပ်ရန် ခက်ခဲသဖြင့် ဝန်ထမ်းများကို လစာပေးနေရဆဲဖြစ်သည်။
(အသားလုံးလုပ်ငန်းပိုင်ရှင်, Siem Reap)

ပြောင်းလဲမှုများ

ယခုလေ့လာမှုသည် WSMEs များအနေဖြင့် နည်းပညာလက်ခံကျင့်သုံးမှုတွင် အလားတူစိန်ခေါ်မှုများကို ကြုံတွေ့နေရကြောင်း ဖော်ပြခဲ့သည်။ လုပ်ငန်းရှင်များမှ ဖော်ထုတ်ထားသော ဒစ်ဂျစ်တယ်နည်းပညာလက်ခံကျင့်သုံးမှုအတွက် ထိပ်ပိုင်းစိန်ခေါ်မှု ၅ ရပ်မှာ-မှန်ကန်သော နည်းပညာများကို ရှာဖွေရခြင်း၊ ဝန်ထမ်းများနှင့် ပတ်သက်သော ကျွမ်းကျင်မှုများ အသုံးပြုခြင်းနှင့် သင်ကြားပေးခြင်း၊ ဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာစာပေ/ ဗဟုသုတ၊ လုပ်ငန်းရှင်များနှင့်ပတ်သက်သော ကျွမ်းကျင်မှုများ အသုံးပြုခြင်းနှင့် သင်ကြားပေးခြင်း၊ ကုန်ကျစရိတ်မြင့်မားခြင်းနှင့် ရင်းမြစ်ကန့်သတ်ချက်များ ဖြစ်သည်။



ပုံ ၅.၁၁– WSME လုပ်ငန်းရှင်များမှ ရင်ဆိုင်ရသော စိန်ခေါ်မှုများ

WSMEs လုပ်ငန်းရှင်အချို့သည် ထုတ်ကုန်အရည်အသွေးကို ယုံကြည်မှုလျော့နည်းခြင်း၊ customer များနှင့် ပတ်သက်သော ပေးငွေလုံခြုံမှုဆိုင်ရာ ပြဿနာများ၊ သတ်မှတ်ထားသော ပေးပို့ချိန်ဆိုင်ရာ ပျက်ကွက်မှုများ၊ ထုတ်ကုန်အရည်အသွေးနှင့်ပတ်သက်သော ယုံကြည်စိတ်ချရမှုမရှိခြင်းများကဲ့သို့သော အကြောင်းပြချက်များကြောင့် e-commerce platforms များကို အသုံးပြုရန် ရည်ရွယ်ချက်မရှိကြောင်း ဖော်ပြခဲ့သည်။ လုပ်ငန်းရှင်များသည် customer များ၏ ပံ့ပိုးမှု၊ ယုံကြည်မှုနှင့် ဝယ်လိုအားနည်းပါးမှုများကြောင့် အဆိုပါနည်းပညာများတွင် ရင်းနှီးမြှုပ်နှံရန်နှင့် လက်ခံကျင့်သုံးရန် တွန့်ဆုတ်ကြသည်။

အချို့လုပ်ငန်းရှင်များသည် customer များမှာ ထုတ်ကုန်များကို မဝယ်ယူမီ ကြည့်ရှု၊ ခံစား၊ ထိတွေ့မှုပြုလုပ်လိုကြသောကြောင့် e-market များသည် customer များကို အပြည့်အဝစိတ်ကျေနပ်မှု မပေးနိုင်ကြောင်း အလေးပေး ပြောကြားခဲ့သည်။ ၎င်းသည် customer မှ ထုတ်ကုန်အရည်အသွေး အပေါ်ထားရှိသည့် သံသယနှင့်ပတ်သက်သော အထက်ပါ ပထမပြဿနာနှင့် သက်ဆိုင်သည်။ ပိုးထည်တိုက်ပိုင်ရှင်တစ်ဦးသည် customer များမှာ မဝယ်မီ ပိတ်စများကို ကြည့်ရန်ဆိုင်သို့သွားလိုကြသောကြောင့် အွန်လိုင်းမှတဆင့် ပိတ်စများကို ကြည့်ရသည်ကို စိတ်ကျေနပ်မှုမရှိကြကြောင်း ဖော်ပြခဲ့သည်။ COVID-19 သည် အသွားအလာကန့်သတ်ထားမှုကာလအတွင်း အရောင်းအဝယ်လုပ်ငန်းများအပေါ် အကျိုးသက်ရောက်မှုရှိခဲ့ပြီး ကုမ္ပဏီများအား ဒစ်ဂျစ်တယ်နည်းပညာများကို အသုံးပြုရန် စိတ်ဓါတ်လှုံ့ဆော်ပေးခဲ့သည်။

ထို့ပြင် ဒစ်ဂျစ်တယ်ပလက်ဖောင်းများသည် လုံလောက်သော ထုတ်ကုန်ဆိုင်ရာ သတင်းအချက်အလက်များ စီစဉ်ပြသထားမှု မရှိပေ။

ဒစ်ဂျစ်တယ်စာပေသည် နည်းပညာလက်ခံကျင့်သုံးမှုနှင့်ပတ်သက်သော အဓိကစိန်ခေါ်မှုတစ်ရပ်အဖြစ် ပေါ်ပေါက်လာခဲ့သည်။ ဒစ်ဂျစ်တယ်နည်းပညာသည် consumer များ၏ ဒစ်ဂျစ်တယ်ဈေးကွက်အသုံးပြုမှုနှင့်ပတ်သက်ပြီး ကန့်သတ်ထားသောကြောင့် လုပ်ငန်းရှင်အများအပြားမှ အပလီကေးရှင်းများ၏ ရှုတ်ထွေးမှုများနှင့် အင်္ဂလိပ်ဘာသာစကားစွမ်းရည် မရှိမှု(လုပ်ငန်းများတွင် အင်္ဂလိပ်ဘာသာစကားကို မကြာခဏအသုံးပြုခြင်း)တို့ကို ထင်ရှားသော ကန့်သတ်ချက်တစ်ရပ်အဖြစ် ဖော်ပြခဲ့သည်။

SE လုပ်ငန်းရှင်များသည် ၎င်းတို့၏ ကန့်သတ်ထားသော ဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာ အသိပညာနှင့် ဗဟုသုတများကြောင့် ဒစ်ဂျစ်တယ်ပလက်ဖောင်းများနှင့် ဒစ်ဂျစ်တယ် **tool** များရရှိအသုံးပြုရန်နှင့် ဒစ်ဂျစ်တယ်လုပ်ငန်းများနှင့်ပတ်သက်ပြီး နားလည်သိရှိရန်တို့အတွက် အခက်အခဲများ ရှိနိုင်သည်။ ဥပမာ– မိသားစုစီးပွားရေးပုံစံကို လက်ခံကျင့်သုံးထားသော Siem Reap နှင့် Battambang တို့တွင် အခြေစိုက်သည့် အသေးစားထုတ်လုပ်မှုလုပ်ငန်းများသည် ဒစ်ဂျစ်တယ်စာပေဆိုင်ရာ ကန့်သတ်ချက်များနှင့် အင်္ဂလိပ်ဘာသာစကားစွမ်းရည် ကန့်သတ်ချက်များနှင့်ပတ်သက်ပြီး ဖော်ပြခဲ့သည်။

WSMEs အများအပြားသည် နည်းပညာကျွမ်းကျင်မှုများမရှိခြင်းနှင့် ငွေအရင်းအနှီးဆိုင်ရာ ရင်းမြစ်များမရှိခြင်းတို့သည် နည်းပညာလက်ခံကျင့်သုံးမှုတွင် အဓိကစိန်ခေါ်မှုတစ်ရပ်ဖြစ်ကြောင်း ဖော်ပြခဲ့သည်။ ME လုပ်ငန်းရှင်အချို့သည် ၎င်းတို့၏ ဝန်ထမ်းများမှာ ငွေကြေးစီမံခန့်ခွဲရန်အတွက် software အသုံးပြုမှုများနှင့် နည်းပညာဆိုင်ရာ ဗဟုသုတနှင့် ကျွမ်းကျင်မှုများမရှိသောကြောင့် နည်းပညာပံ့ပိုးပေးသူများထံမှ ပုံမှန်ထိန်းသိမ်းပေးမှုဆိုင်ရာ ဝန်ဆောင်မှုများနှင့် နည်းပညာပံ့ပိုးမှုများကို လိုအပ်ကြောင်း ဖော်ပြခဲ့သည်။

MEs အချို့သည် နည်းပညာဆိုင်ရာ စနစ်များကို သတ်မှတ်ရန်နှင့် ဝန်ထမ်းများ၏ ဗဟုသုတနှင့် ကျွမ်းကျင်မှုများ တိုးတက်စေရန်တို့အတွက် ပြင်ပမှ နည်းပညာကျွမ်းကျင်သူများကို ခန့်အပ်ထားသည်။ MEs အချို့သည် ထုတ်ကုန်အရည်အသွေးဆိုင်ရာ စံနှုန်းပြည့်မီစေရန်နှင့် ဘေးအန္တရာယ်ကင်းရှင်းမှုဆိုင်ရာ လမ်းညွှန်ချက်များနှင့်ပတ်သက်သော လိုအပ်ချက်များ ပြည့်မီစေရန်တို့အတွက် နည်းပညာအသစ်များကို အသုံးပြုရန် တွန်းအားပေးခြင်းခံရသည်။ သို့ရာတွင် အငယ်စားလုပ်ငန်းများသည် ၎င်းတို့၏ ကန့်သတ်ထားသော ရင်းမြစ်များကြောင့် နည်းပညာများနှင့် ပတ်သက်သော tools များကို ဝယ်ယူအသုံးပြုရန် မတတ်နိုင်ပေ။

လုပ်ငန်းရှင်များသည် အောင်မြင်သူများနှင့်ပတ်သက်ပြီး လေ့လာထားမှုများနှင့် တီထွင်ဖန်တီးမှုများနှင့် ပတ်သက်သော သတင်းအချက်အလက်နှင့် ကျွမ်းကျင်မှုများ ပိုမိုဖွံ့ဖြိုးတိုးတက်စေနိုင်ရန်အတွက် လိုအပ်ချက်များနှင့်ပတ်သက်ပြီး မျှဝေထားသည်။

လုပ်ငန်းရှင်အချို့သည် သတင်းအချက်အလက်များ၊ သင်ကြားမှုရင်းမြစ်များနှင့် လုပ်ငန်းတူအဖွဲ့အစည်းများဆိုင်ရာ အွန်လိုင်းအခွင့်အလမ်းများရှိသော်လည်း ၎င်းတို့သည် အွန်လိုင်းကွန်ရက်ကို မဟာဗျူဟာမြောက်စွာ တည်ဆောက်ရန်နှင့် ဖွံ့ဖြိုးတိုးတက်ရန်တို့အတွက် လိုအပ်သော ကျွမ်းကျင်မှုများနှင့် ပတ်သက်ပြီး စိန်ခေါ်မှုများကို ရင်ဆိုင်နေရဆဲဖြစ်သည်။

လုပ်ငန်းရှင်များကို ကျားမဆိုင်ရာ စိန်ခေါ်မှုများနှင့် ပတ်သက်သော အတွေ့အကြုံများဖြင့် ခွဲခြား ထားသည်။ အများအပြားသည် ၎င်းတို့၏ ခင်ပွန်းနှင့် မိသားစုများက ၎င်းတို့၏ လုပ်ငန်းတွင် အပြည့်အဝ ပံ့ပိုးပေးပြီး ကျွမ်းကျင်မှုအသစ်များ သင်ယူနိုင်ရန်နှင့် ကွန်ရက်များ တည်ဆောက်နိုင်ရန်တို့အတွက် အားပေးကူညီကြကြောင်း ဖော်ပြခဲ့သည်။ အမျိုးသမီး လုပ်ငန်းရှင်များအနေဖြင့် စိတ်ဓါတ်လှုံ့ဆော်မှု ရရှိရန်နှင့် စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန်တို့ အတွက် မိသားစု၏ ပံ့ပိုးမှုသည် အရေးကြီးသည်။ အချို့လုပ်ငန်းရှင်များသည် မိသားစုမှာ လုပ်ငန်းထက် ပိုမိုအရေးကြီးပြီး ဦးစားပေးရမည်ဖြစ်ကြောင်း ဖော်ပြခဲ့ကြသည်။ မိသားစုပံ့ပိုးမှု အနည်းငယ်သာ တာဝန်ယူထားရပြီး လုပ်ငန်းများကိုပါ ဆောင်ရွက် နေရသောကြောင့် ကျွမ်းကျင်မှုများ သင်ယူရန်၊ လူမှု ကွန်ရက်များနှင့် အဖွဲ့အစည်းဆိုင်ရာ ဆောင်ရွက် မှုများ၊ ပွဲများ၊ သင်တန်းများတွင် ပါဝင်တက်ရောက် နိုင်ရန်တို့အတွက် အချိန်ကန့်သတ်ချက်များကို ရင်ဆိုင်နေရကြောင်း ဖော်ပြခဲ့သည်။ အမျိုးသမီး လုပ်ငန်းရှင်အချို့သည် မိသားစုများနှင့် အမျိုးသား လုပ်ဖော်ကိုင်ဖက်များက ၎င်းတို့၏ လုပ်ငန်း စွမ်းဆောင်ရည်များနှင့်ပတ်သက်ပြီး ယုံကြည်မှုမရှိ ကြသောကြောင့် သက်သေပြနိုင်ရန်အတွက် အလုပ် ပိုမိုကြိုးစားရသည်ဟု ဖော်ပြခဲ့သည်။

> “
>
> သတင်းအချက်အလက်နှင့် သင်ကြားမှု ဆိုင်ရာ ရင်းမြစ်အများစုသည် ဒစ်ဂျစ်တယ် ရင်းမြစ်များနှင့် e-learning ဆိုင်ရာ အခွင့်အလမ်း များနှင့်ပတ်သက်ပြီး ကန့်သတ်ထားသော နိုင်ငံခြားဘာသာစကားဖြင့် ဖော်ပြထားသည်။ အမျိုးသမီးလုပ်ငန်းရှင်များသည် အိမ်ရှင်မ၊ လုပ်ငန်းရှင်နှင့် ပရဟိတဆောင်ရွက်သူများအဖြစ် နေရာ ၃ နေရာကို တာဝန်ယူထားရသောကြောင့် အခြားစိန်ခေါ်မှုမှာ အချိန်ကန့်သတ်ချက် ဖြစ်သည်။
>
> (ME owner, Phnom Penh)

ရရှိသော လုပ်ငန်းရှင်များ သို့မဟုတ် မိသားစုပံ့ပိုးမှု မရရှိသော လုပ်ငန်းရှင်များသည် ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ ဖိစီးမှုမြင့်မားခြင်းများ ဖြစ်ပေါ်တတ်ကြသည်။
အခြားလုပ်ငန်းရှင်များသည် ကျားမဆိုင်ရာ ပုံသေ အတွေးအခေါ်များမှာ အဓိက စိန်ခေါ်မှုများ ဖြစ်ကြောင်း ဖော်ပြခဲ့သည်။ အမျိုးသမီးလုပ်ငန်းရှင် များသည် မိခင်နေရာသာမက သမီးနေရာလည်း



ပုံ ၅.၁၂- ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုမှုနှင့်ပတ်သက်သော ကျားမဆိုင်ရာ အခြေခံအတားအဆီးများ

အခွင့်အလမ်းများ

အကျပ်အတည်းကာလ စီမံခန့်ခွဲမှုနှင့်ပတ်သက်ပြီး တုံ့ပြန်ရာတွင် နည်းပညာနှင့် တီထွင်ဖန်တီးမှုတွင် WSMEs များ၏ ကျင့်သားရနေသော စွမ်းဆောင်ရည်သည် သိသာစွာ ပေါ်ပေါက်လာခဲ့သည်။ SEs နှင့် MEs များအားလုံးသည် ထုတ်ကုန်ဆိုင်ရာ အသွင်ကူးပြောင်းမှုများနှင့် ဒစ်ဂျစ်တယ်ဈေးကွက်ဆိုင်ရာ အခွင့်အလမ်းများနှင့်ပတ်သက်သော ရရှိနိုင်သည့် ဗဟုသုတနှင့် တစ်ဦးချင်းအလိုက် လုပ်ငန်းလိုအပ်ချက်များပေါ်တွင် အခြေခံပြီး ဒစ်ဂျစ်တယ်နည်းပညာကို အသုံးပြုခဲ့သည်။ သို့ရာတွင်အချိန်ကန့်သတ်ချက်များ၊ ကန့်သတ်ထားသောဘတ်ဂျက်နှင့် ကျွမ်းကျင်မှုများနှင့် လူမှုရေးနှင့်ယဉ်ကျေးမှုဆိုင်ရာ အတားအဆီးများသည် နည်းပညာအသစ်များနှင့်ပတ်သက်သော ပြည့်စုံသည့် လက်ခံကျင့်သုံးမှုကို ဟန့်တားထားသည်။

ဖြေဆိုသူများအကြား နည်းပညာလက်ခံကျင့်သုံးမှု အဆင့် နိမ့်ပါးမှုနှင့်ပတ်သက်သော ထင်ဟပ်မှုရှိသည်။ WSME လုပ်ငန်းရှင်၂၀ ဦး အနက် ၁၀ ဦးသည် နည်းပညာအသစ်များကို လက်ခံကျင့်သုံးခဲ့ပြီး ၁၀ ဦးသည် မည်သည့် နည်းပညာအသစ်ကိုမဆို လက်ခံကျင့်သုံးမှုမရှိပေ(၂ ဦးသည် ICT/နည်းပညာ အဖြေရှာမှုနှင့်ပတ်သက်ပြီး စီစဉ်ပေးသူများဖြစ်သောကြောင့် ထိုနည်းပညာကို လက်ခံကျင့်သုံးပြီးသားဖြစ်သည်) အကျပ်အတည်းကာလအတွင်း accounting system များ၊ online meeting application များ၊ accounting နှင့် financial software ကဲ့သို့သော software များနှင့် program များ၊ digital platform များအပါအဝင် နည်းပညာအသစ်များကို လက်ခံကျင့်သုံးခဲ့သည်။ တည်ရှိနေသော နည်းပညာများဖြင့် ဆက်လက်လုပ်ဆောင်နေသော အခြားလုပ်ငန်းရှင်တစ်ဝက်သည် ထိုနည်းလမ်းများအတိုင်း ဆောင်ရွက်ခြင်းဖြင့် ကုန်ကျစရိတ်များကို လျှော့ချနိုင်ပြီး အခက်အခဲမရှိသော လုပ်ငန်းဆောင်ရွက်ချက်များကို ဆောင်ရွက်နိုင်ခဲ့သည်။ SE နှင့် ME လုပ်ငန်းရှင်အနည်းငယ်သည် အသစ်ဖြစ်သော software များ၊ program များနှင့် ဒစ်ဂျစ်တယ်ပလက်ဖောင်းများကဲ့သို့သော နည်းပညာအသစ်များကို အသုံးပြုခဲ့သည်။

ပေါ်ပေါက်လာသော အခွင့်အလမ်းများ

- ဒစ်ဂျစ်တယ်ဖြစ်စဉ်များနှင့်ပတ်သက်သော ပိုမိုကောင်းမွန်သည့် ဗဟုသုတများနှင့် ဒစ်ဂျစ်တယ် tool များ ရရှိမှု
- E-commerce၊ ပူးပေါင်းဆောင်ရွက်သူများနှင့် consumer များနှင့်ပတ်သက်သော အခွင့်အလမ်းများ ရရှိမှု
- Fintech နှင့် professional software programs များနှင့်ပတ်သက်သော အခွင့်အလမ်းများ ရရှိမှုနှင့် အရည်အသွေးတိုးတက်မှု
- Consumer များ၏ လိုအပ်ချက်များနှင့် ကိုက်ညီစေရန် ထုတ်ကုန်အသစ်များနှင့် ဝန်ဆောင်မှုအသစ်များနှင့်ပတ်သက်ပြီး ဖွံ့ဖြိုးတိုးတက်စေခြင်း
- လုပ်ငန်း သို့မဟုတ် အသိုက်အဝန်းကို ပံ့ပိုးရန်အတွက် လူမှုရေးဆိုင်ရာ ရန်ပုံငွေရရှိမှု

ဇယား ၅.၃– COVID-19 မှ အကျိုးသက်ရောက်မှုခံရသော WSMEs များအတွက် အခွင့်အလမ်းများပေါ်ပေါက်လာမှု

ထိုနည်းပညာသည် ဆက်သွယ်မှုလွယ်ကူစေရန်၊ ဝင်ငွေအသစ်များရရှိရန်နှင့် ဗဟုသုတစုဆောင်းရန်၊ customer များ၏ လိုအပ်ချက်များနှင့်ပတ်သက်ပြီး ပြည့်မီစေရန်နှင့် ထုတ်ကုန်နှင့် ဝန်ဆောင်မှုအသစ်များဖြင့် မိတ်ဆက်ရန်တို့အတွက် ကူညီပေးနိုင်ကြောင်း လေ့လာသိရှိခဲ့ရသည့်အတွက် ဆက်သွယ်ရေး tools များကို အသုံးပြုသော WSME လုပ်ငန်းရှင်များသည် စိတ်အားထက်သန်စွာဖြင့် အလားတူဆောင်ရွက်ခဲ့ကြသည်။ အချို့ tools များကို လုပ်ငန်းအစည်းအဝေးများနှင့် ပူးပေါင်းဆောင်ရွက်မှု သို့မဟုတ် ဝန်ဆောင်မှုဆိုင်ရာ သဘောတူညီမှု စာချုပ်များ လက်မှတ်ရေးထိုးမှုများမတိုင်မီ ခါတ်ပုံများပေးပို့ရန်အတွက် ဆက်သွယ်ရေးပလက်ဖောင်းများအဖြစ် အသုံးပြုကြသည်။

အချို့လုပ်ငန်းရှင်များသည် ဆိုက်ဘာပြစ်မှု အမျိုးအစားအမျိုးမျိုးအပါအဝင် လူမှုမီဒီယာနှင့် သက်ဆိုင်သော လုံခြုံရေးဆိုင်ရာ ပြဿနာများနှင့် ပတ်သက်သည့် ၎င်းတို့၏ စိုးရိမ်ပူပန်မှုများကို ဖော်ပြခဲ့ကြသည်။ ၎င်းတို့သည် ထိုနည်းပညာများကို အသုံးမပြုမီ အကျိုးကျေးဇူးများနှင့် ကန့်သတ်ချက်များနှင့် ပတ်သက်ပြီး ပိုမိုလေ့လာရန် လိုအပ်ကြောင်း ဖော်ပြခြင်းအားဖြင့် ထိုနည်းပညာအသုံးပြုမှုနှင့် ပတ်သက်ပြီး အရေးကြီးကာ လက်တွေ့ကျသော သိရှိနားလည်မှုတစ်ရပ်ကို ပြသခဲ့သည်။ ၎င်းတို့ အနေဖြင့် ထိုသို့ဆောင်ရွက်ရန် အချိန်မရပါက နာမည်ကောင်းရရှိထားပြီး အသုံးပြုရန်လွယ်ကူကာ ရင်းနှီးကျွမ်းဝင်မှုရှိသော နည်းပညာနှင့် digital program များကို ရွေးချယ်ရန် ပိုမိုနှစ်သက်ကြသည်။

WSME နှင့်ပတ်သက်သော မီးမောင်းထိုးပြသမှု-၁-Lima Angkor Food Co., Ltd

Viriya Lim သည် ရိုးရာအစားအစာများနှင့် လက်ဆောင်ပစ္စည်းများကို နိုင်ငံတကာခရီးသွားဈေးကွက်အတွက် ထုတ်လုပ်သော ကုမ္ပဏီဖြစ်သည့် Lima Angkor Co., Ltd ၏ တွဲဖက်တည်ထောင်သူနှင့် CEO တစ်ဦးဖြစ်သည်။

သူမ၏ ထုတ်ကုန်များတွင် အရည်အသွေးမြင့်ကိတ်မုန့်များ၊ ကွတ်ကီးများနှင့် ချောကလက်များ ပါဝင်သည်။ သူမသည် အမျိုးသမီးတိုင်းအတွက် အကောင်းဆုံးရင်းနှီးမြှုပ်နှံမှုမှာ ပညာရေးဖြစ်ကြောင်း သူမ၏ အမြင်နှင့် ပတ်သက်ပြီး မျှဝေခဲ့သည်။ အမျိုးသမီးလုပ်ငန်းရှင်များသည် ပိုမိုကောင်းမွန်သော စွမ်းဆောင်ရည်နှင့် ဆုံးဖြတ်ချက်ချမှတ်မှုများ ဖြစ်ပေါ်စေရန် ကူညီနိုင်သော ဒစ်ဂျစ်တယ် tool များကို မည်သို့ရရှိမှုနှင့်ပတ်သက်ပြီး သင်ယူရန်နှင့် နည်းပညာအသစ်များကို အသုံးပြုရန် လိုအပ်သည်။

သူမအနေဖြင့် ပညာရေးနှင့် ကျွမ်းကျင်မှုများသည် လုပ်ငန်းဆိုင်ရာ၊ လူမှုကွန်ရက်ဆိုင်ရာနှင့် ကျားမဆိုင်ရာ စိန်ခေါ်မှုများနှင့်ပတ်သက်ပြီး ရင်ဆိုင်နိုင်စေရန် လိုအပ်သော အသိပညာဗဟုသုတနှင့် အရည်အသွေးတို့ကို တိုးတက်စေနိုင်ကြောင်း ဖော်ပြခဲ့သည်။

M.Lim သည် သူမ၏ ထုတ်ကုန်များမှာ အရည်အသွေးအကောင်းဆုံး ထုတ်ကုန်များအဖြစ် အသိအမှတ်ပြုခြင်း ခံထားရသည့်အတွက် နည်းပညာဆိုင်ရာ တီထွင်ဖန်တီးမှုသည် လုပ်ငန်းတိုးတက်မှုနှင့် ကောင်းမွန်သော လုပ်ငန်းဆောင်ရွက်ချက်များနှင့်ပတ်သက်ပြီး လွှမ်းမိုးရာတွင် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်နေကြောင်း ဖော်ပြခဲ့သည်။

သူမ၏ ကုမ္ပဏီသည် လုပ်ငန်းတိုးချဲ့မှုအတွက် ဆုံးဖြတ်ချက်မချမီ ထုတ်ကုန်ဆိုင်ရာ တီထွင်ဖန်တီးမှုနှင့် ကုန်ကျစရိတ်ခန့်မှန်းမှုတို့နှင့်ပတ်သက်ပြီး အဆင်ပြေလွယ်ကူစေနိုင်မည့် နည်းပညာအသစ်များကို အသုံးပြုခဲ့သည်။ ဥပမာ- ကိတ်မုန့်သည် အောင်မြင်သောထုတ်ကုန်ဆိုင်ရာ တီထွင်ဖန်တီးမှု၏ ရလာဒ်တစ်ခုဖြစ်သည်။ ကိတ်မုန့်သည် ကလေးများ၊ ဆယ်ကျော်သက်များ၊ လူငယ်များနှင့် ကော်ဖီကြိုက်သူများအတွက် ရည်ရွယ်သော LM LIMA Angkor လုပ်ငန်း၏ အကောင်းဆုံးထုတ်ကုန်များအနက်တစ်မျိုး ဖြစ်သည်။ ၎င်းကို e-market များ၊ Phnom Penh၊ Siem Reap တို့ရှိ ကော်ဖီဆိုင်များ၊ ကုန်တိုက်များနှင့် လေဆိပ်ရှိစတိုးဆိုင်များတွင် ရရှိနိုင်သည်။

WSME နှင့်ပတ်သက်သော မီးမောင်းထိုးပြသမှု– Keiy Tambanh Khmer လုပ်ငန်း

Keiy Tambanh Khmer လုပ်ငန်းသည် အထည်အလိပ်နှင့် ပိုးထည်များထုတ်လုပ်ပြီး ၎င်း၏ လုပ်ငန်းတွင် အသိုက်အဝန်းရှိ အမျိုးသမီး ၃၀၀ ကျော် ပါဝင်သည်။ ၂၀၂၀ မတ်မှ စတင်ပြီး လုပ်ငန်းသည် COVID-19 ၏ ပြင်းထန်စွာ အကျိုးသက်ရောက်မှုကို ခံခဲ့ရသဖြင့် ၎င်း၏ ထုတ်ကုန်များသည် consumer များအတွက် ဦးစားပေးထုတ်ကုန်တစ်ရပ် မဟုတ်တော့သောကြောင့် အရောင်းကျဆင်းခဲ့သည်။

တည်ထောင်သူနှင့် CEO တစ်ဦးဖြစ်သူ Sopheap Chen သည် အကျပ်အတည်းကာလအတွင်း ဒစ်ဂျစ်တယ် နည်းပညာများနှင့် tool များကို အသုံးပြုခဲ့သည်။ အထူးသဖြင့် အွန်လိုင်းမှတဆင့် customer များနှင့် ဆက်သွယ်ရန်အတွက် ဖြစ်သည်။

ထို့ပြင် ဝန်ထမ်းများအား facebook marketing ကို မည်သို့အသုံးပြုရမည်ဆိုသည်နှင့် လူမှုမီဒီယာဆိုင်ရာ ထိခိုက်ဆုံးရှုံးနိုင်မှုများနှင့်ပတ်သက်ပြီး လေ့ကျင့်သင်ကြားပေးခဲ့သည်။ Ms.chen သည် ပြည်သူလူထုအား ထိုနည်းပညာအသုံးပြုမှုဆိုင်ရာ အကျိုးကျေးဇူးများနှင့် ထိခိုက်ဆုံးရှုံးနိုင်မှုများနှစ်မျိုးလုံးနှင့်ပတ်သက်သော အသိပညာပိုမိုရရှိနိုင်ရန်အတွက် ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုမှုနှင့်ပတ်သက်ပြီး တိုးတက်စေရန် စီစဉ် ဆောင်ရွက်သင့်ကြောင်း ပြောကြားခဲ့သည်။

Facebook သည် ကုမ္ပဏီများ၏ ထုတ်ကုန်များကို ဝယ်ယူရန် consumer များ၏ သဘောထား၊ စိတ်ရင်း၊ အမူအကျင့်နှင့် ရည်ရွယ်ချက်တို့နှင့်ပတ်သက်ပြီး သိရှိနားလည်နိုင်စေရန်အတွက် အသုံးဝင်သည်။ facebook page များမှ စုဆောင်းထားသော သတင်းအချက်အလက်များကို ၎င်းတို့၏ အရောင်းမဟာဗျူဟာများအတွက် အသုံးပြုခဲ့သည်။

၅.၅။ WSMEs များအတွက် ဒစ်ဂျစ်တယ်နည်းပညာအသွင်ကူးပြောင်းမှု၏အနာဂတ်

ပညာရှင်များဖြင့် အင်တာဗျူးများ

ပညာရှင်များဖြင့် အင်တာဗျူးများသည် လူမှုနှင့် အရည်အသွေးမီသုတေသနတို့နှင့်ပတ်သက်ပြီး ရေပန်းစားသည်။ လက်တွေ့ကျသော ကျယ်ပြန့်သည့် ဗဟုသုတများ ရရှိနိုင်မှု၊ နယ်ပယ် ကျယ်ပြန့်မှုနှင့်/သို့မဟုတ် ကောင်းမွန်သော ရလာဒ်များ လျင်မြန်စွာ ရရှိမှုတို့အပါအဝင် ပညာရှင်များ၏ အင်တာဗျူးများမှ ရရှိနိုင်သော အကျိုးကျေးဇူးများစွာ ရှိသည်။ ယခုလေ့လာမှုကို WSMEs များမှ ဖော်ပြထားသော စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန်အတွက် လိုအပ်သော အဆင့်များကို ဖော်ထုတ်ပေးရန်နှင့် SME နှင့် ဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာ ဂေဟစနစ်များနှင့် ပတ်သက်သော အသိပညာပိုမိုရှိရန်တို့အတွက် ပညာရှင်များ၏ အမြင်များနှင့် WSME အင်တာဗျူးများမှ ရှာဖွေတွေ့ရှိထားသော အရေးကြီးသည့် အချက်များဖြင့် တင်ပြထားသည်။

WSMEs များဆိုင်ရာ အပိုဆောင်းအကြောင်းအရာ အချက်အလက်များနှင့် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှုများနှင့်ပတ်သက်ပြီး ရှာဖွေဖော်ထုတ်နိုင်ရန် SME များ, IT ၊ အမျိုးသမီးပိုင်စီးပွားရေးလုပ်ငန်းများ၊ မူဝါဒဆိုင်ရာ ပြဿနာများနှင့် ဒစ်ဂျစ်တယ်ငွေပေးချေမှုများနှင့်ပတ်သက်သော ကျွမ်းကျင်သူပညာရှင် ၅ ဦးအား အင်တာဗျူးခဲ့သည်။ (နောက်ဆက်တွဲ-စ တွင် အသေးစိတ်ကြည့်ရန်) ပညာရှင်များဖြင့် အင်တာဗျူးများသည် ကမ္ဘောဒီးယားရှိ WSME ဂေဟစနစ်နှင့် ပတ်သက်သော အကြောင်းအရာများနှင့် နောက်ဆုံးရရှိနိုင်မည့် သိမြင်ကြားသိမှုဗဟုသုတများနှင့် ပတ်သက်ပြီး ကူညီပေးခဲ့သည်။ ဥပမာ-စာရေးသူများအတွက် နိုင်ငံအတွင်း အမျိုးသမီးပိုင်စီးပွားရေးလုပ်ငန်းများ တိုးတက်စေရန် ရည်ရွယ်သော အစီအစဉ် ၂ ရပ်နှင့်ပတ်သက်သည့် အသေးစိတ်သတင်းအချက်အလက်များကို စီစဉ်ပေးထားသည်။

ပထမအစီအစဉ်သည် ကျားမဆိုင်ရာ တုံ့ပြန်မှုနှင့် ပတ်သက်သော လုပ်ငန်းဆိုင်ရာ ဂေဟစနစ်တစ်ခု ဖန်တီးခြင်း-အမျိုးသမီးစီးပွားရေးလုပ်ငန်းများဆိုင်ရာ ပံ့ဖော်မှု ဟုခေါ်သော ၅ နှစ်တာစီမံကိန်းတစ်ခု ဖြစ်သည်။ United Nations Economic and Social Commission for Asia and the Pacific (ESCAP), Global Affairs Canada, နှင့် the Government of Cambodia တို့မှ ပူးတွဲဆောင်ရွက်ထားသော ၂၀၁၉ ဧပြီတွင် မိတ်ဆက်ထားသည့် အဖွဲ့အစည်းများအတွက် ငွေကြေးရရှိမှုဆိုင်ရာ ယန္တရားများနှင့် ICT နှင့် ဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာ အဖြေရှာမှုနည်းလမ်းများ အသုံးပြုမှု တိုးတက်စေမှုတို့မှတဆင့် အမျိုးသမီးလုပ်ငန်းရှင်များအနေဖြင့် ရင်းနှီးငွေ ရရှိစေနိုင်ရန် ရည်ရွယ်သည်။

အခြားကနဦးဆောင်ရွက်မှုမှာ ကမ္ဘောဒီးယားရှိ အမျိုးသမီးများ၏ ငွေကြေးဆိုင်ရာ အသိပညာဗဟုသုတ တိုးတက်စေရန် ရည်ရွယ်သည့် "အမျိုးသမီးများနှင့် အမျိုးသမီးလုပ်ငန်းရှင်များအတွက် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများ တိုးမြှင့်ပေးခြင်း" ၁ နှစ်တာ အစီအစဉ်ဖြစ်သည်။ ကမ္ဘောဒီးယားနိုင်ငံတော်ဘဏ်(NBC)နှင့် Visa တို့မှ မိတ်ဆက်ပေးထားပြီး အဆိုပါပရောဂျက်သည် ဒစ်ဂျစ်တယ်ပလက်ဖောင်းများမှတဆင့် လုပ်ပိုင်ခွင့်နှင့်ပတ်သက်သော အထူးအလေးပေးဆောင်ရွက်မှုတစ်ရပ်ကို အကောင်အထည်ဖော်ပေးမည် ဖြစ်သည်။ အစီအစဉ် ၂ ရပ်လုံးသည် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများနှင့် ကမ္ဘောဒီးယားရှိ အမျိုးသမီးစီးပွားရေးလုပ်ငန်းရှင်များအား ပံ့ပိုးကူညီနိုင်မည့် ငွေကြေးနှင့် ဒစ်ဂျစ်တယ် စာပေတို့နှင့်ပတ်သက်ပြီး အရေးကြီးသည်။

Accounting software ၊ fintech application များနှင့် POS app တို့ကို အသုံးပြုခြင်းဖြင့် ငွေကြေးဆိုင်ရာ မှတ်တမ်းများထိန်းသိမ်းထားနိုင်ရန်နှင့် ချေးငွေရရှိမှုဆိုင်ရာ အခွင့်အလမ်းများ ပိုမိုရရှိနိုင်ရန်တို့အတွက် WSMEs များအား ကူညီပေးနိုင်မည် ဖြစ်သည်။ သို့ရာတွင် နည်းပညာအသစ်များအပေါ်ထားရှိသော အမျိုးသမီးများ၏ သဘောထားများနှင့် ၎င်းတို့ကို အသုံးပြုသည့်ရည်ရွယ်ချက်တို့ပေါ်တွင် မူတည်ပြီး လက်ခံကျင့်သုံးမှုနှုန်းနှင့် အဆင့်များ ပြောင်းလဲနိုင်သည်။

ပညာရှင်များသည် WSMEs များအနေဖြင့် နည်းပညာအသစ်ကို အသုံးပြုရန် ဝန်လေးနေခြင်းသည် ၎င်းတို့

၏ အယူအဆနှင့် ခိုင်မာစွာ ချိတ်ဆက်နေကြောင်း ဖော်ပြထားသည်။ ၎င်းတို့သည် နည်းပညာအသစ်များအသုံးပြုမှုအတွက် ကုန်ကျသောငွေကြေးကို ရင်းနှီးမြှုပ်နှံမှုတစ်ရပ်အဖြစ်ထက် ကုန်ကျစရိတ်တစ်ရပ်အဖြစ်သာ မြင်နေသော ၎င်းတို့၏ ပုံသေဖြစ်နေသည့် အယူအဆကြောင့် လက်ခံကျင့်သုံးရန် ဝန်လေးနေကြခြင်း ဖြစ်သည်။

ပညာရှင်များက WSMEs အများစုသည် သမားရိုးကျ မိသားစုပိုင်လုပ်ငန်းပုံစံကို ကျင့်သုံးနေကြဆဲဖြစ်ကြောင်းလည်း ဖော်ပြထားသည်။ လုပ်ငန်းပိုင်ရှင်များသည် စာရင်းကိုင်များခန့်အပ်ထားသော်လည်း ထိုပုံစံဖြင့် အလုပ်လုပ်ရသည်ကို မနှစ်သက်ကြပေ။ ကန့်သတ်ထားသော ရင်းမြစ်များကြောင့် SEs များသည် စာရင်းကိုင်နှင့် လုပ်ငန်းဆောင်ရွက်မှုများအတွက် software များဝယ်ယူရန် ငွေကြေး အပို မကုန်ကျလိုပဲ တစ်ခါတစ်ရံတွင် တရားမဝင် ခိုးယူထားသော software များကိုသာ အသုံးပြုကြသည်။

> ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုမှုသည် လုပ်ငန်းရှင်များ၏ အယူအဆများနှင့် ရရှိနိုင်သော ရင်းမြစ်များကြောင့် ကန့်သတ်ခြင်းခံရသည်။ WSME လုပ်ငန်းရှင်များသည် fintech လက်ခံကျင့်သုံးမှုနှင့် ပတ်သက်ပြီး ပြဿနာမရှိသော်လည်း အထူးသဖြင့် ကုမ္ပဏီ၏ ငွေကြေးဆိုင်ရာ ကိစ္စများဆောင်ရွက်ချိန်တွင် ဝန်ထမ်းများ၏ ကျွမ်းကျင်မှု မရှိခြင်းနှင့်ပတ်သက်သော ပြဿနာများ ရှိတတ်သည်။ ထို့ကြောင့် နည်းပညာအသုံးပြုခြင်းသည် ဝန်ထမ်းများနှင့် ပိုင်ရှင်များ၏ ပူးပေါင်းဆောင်ရွက်မှုမရှိပါက မအောင်မြင်နိုင်ပေ။
> (ME owner, Phnom Penh)

WSMEs များအနေဖြင့် နည်းပြမှုနှင့် သင်ကြားပြသမှုတို့သည် လုပ်ငန်းဆောင်ရွက်မှုများ တိုးတက်စေရန်အတွက် ဟန့်တားထားသော အတားအဆီးများကို ကျော်လွှားနိုင်ရန် ကူညီရာတွင် အလွန်အသုံးဝင်နိုင်ကြောင်း ရှာဖွေတွေ့ရှိခဲ့သည်။ ဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာ အသိပညာဗဟုသုတမရှိခြင်း၊ ဘာသာစကားကျွမ်းကျင်မှုမရှိခြင်း၊ သင်ကြားမှုဆိုင်ရာ အခွင့်အလမ်းများနှင့်ပတ်သက်သော အသိပညာမရှိခြင်းတို့ကြောင့် သင်ကြားမှုနှင့် ကျွမ်းကျင်မှုတည်ဆောက်ခြင်းဆိုင်ရာ အခွင့်အလမ်းများနှင့် ပတ်သက်ပြီး အတားအဆီးများကို ရင်ဆိုင်ခဲ့ရသည်။

ပညာရှင်များသည် အမျိုးသမီးလုပ်ငန်းရှင်များအနေဖြင့် ၎င်းတို့၏ လုပ်ငန်းနှင့် လူမှုရေး–ယဉ်ကျေးမှုဆိုင်ရာ ပတ်ဝန်းကျင်များရှိ စိန်ခေါ်မှုများကို ဖြေရှင်းနိုင်ရန်နှင့် ၎င်းတို့ကို မည်သို့ကျော်လွှားနိုင်စေရန်တို့အတွက် ကျွမ်းကျင်မှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုနှင့် သင်ကြားပြသမှုအစီအစဉ်များနှင့်ပတ်သက်ပြီး မိတ်ဆက်ပေးရန် အကြံပြုခဲ့သည်။ ထိုအစီအစဉ်များတွင် လုပ်ငန်းဆိုင်ရာ အခြေခံအကြောင်းအရာ အချက်အလက်များ၊ အစပျိုးလုပ်ငန်းများ၊ ဥပဒေဆိုင်ရာ လိုအပ်ချက်များနှင့် ကျွမ်းကျင်မှုဆိုင်ရာ အဆင့်မြှင့်တင်ခြင်းများကဲ့သို့သော ခေါင်းစဉ်များ ပါဝင်သင့်သည်။

ဒစ်ဂျစ်တယ်နည်းပညာသည် WSMEs များအား COVID ကာလအတွင်း တွေ့ကြုံခဲ့ရသော စိန်ခေါ်မှုများနှင့်ပတ်သက်ပြီး ကျော်လွှားနိုင်ရန်အတွက် ကူညီပေးခဲ့ကြောင်း ဖော်ပြထားသည်။ ထိုနည်းပညာများသည် ငွေကြေးဆိုင်ရာ စီမံခန့်ခွဲမှုနှင့် ငွေကြေးစီးဆင်းမှုဆိုင်ရာ စီမံခန့်ခွဲမှုများနှင့်ပတ်သက်ပြီး တိုးတက်စေခြင်းဖြင့် လုပ်ငန်းနှင့် ဝင်ငွေဆိုင်ရာ

တိုးတက်မှုများနှင့်ပတ်သက်သော အခွင့်အလမ်းများကိုလည်း ဖန်တီးပေးသည်။

ဒစ်ဂျစ်တယ်နည်းပညာ အသွင်ကူးပြောင်းမှုနှင့် ပတ်သက်ပြီး မိတ်ဆက်ပေးရန်အတွက် ပြင်ဆင်မှုနှင့် ရင်းမြစ်များလိုအပ်ကြောင်းနှင့် ထိုသို့မိတ်ဆက်ပေးခြင်းသည် အသေးစား၊ အငယ်စားနှင့် အလတ်စားလုပ်ငန်းများအတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်ကြောင်းကိုလည်း ဖော်ပြခဲ့သည်။

ကျားမဆိုင်ရာ အတားအဆီးများနှင့် WSME ဆိုင်ရာ စိန်ခေါ်မှုများသည် လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ စံနှုန်းများနှင့် ကျားမဆိုင်ရာ ပုံသေအတွေးအခေါ်များကြောင့် ဖြစ်ပေါ်လာရပြီး WSMEs များသည် ၎င်းတို့ကို ဖြေရှင်းနိုင်ရန်အတွက် အခွင့်အရေးတန်းတူညီမျှ ရရှိသင့်သည်။ ၎င်းတို့နှင့်ပတ်သက်ပြီး ဖြေရှင်းနိုင်ရန်အတွက် WSMes များကို ပံ့ပိုးပေးရန် ရင်းမြစ်ခွဲဝေမှုများပါဝင်သော ကျားမဆိုင်ရာ ဦးတည်သည့် မဟာဗျူဟာတစ်ရပ် လိုအပ်သည်။

အကြံပေးဆွေးနွေးပွဲ

> အကြံပေးအဖွဲ့၏ အစည်းအဝေးသည် WSME များနှင့် ပညာရှင်များဖြင့် ကနဦးအင်တာဗျူးများမှ ရလာဒ်များပေါ်တွင်အခြေခံပြီး အကြံပေးဆွေးနွေးပွဲမှ အကြံပြုချက်များရရှိနိုင်ရန်နှင့် ဆွေးနွေးမှုများ ပြုလုပ်နိုင်ရန်တို့အတွက် ရည်ရွယ်သည်။ ရည်ရွယ်ချက်မှာ SMEs များအတွက် ဒစ်ဂျစ်တယ်နည်းပညာနှင့် ပတ်သက်သော အများဆုံးအလားအလာများရရှိနိုင်စေရန်အတွက် မူဝါဒချမှတ်သူများ၊ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မိတ်ဖက်များနှင့် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများအား ကူညီပေးနိုင်မည့် သတင်းအချက်အလက်များနှင့် လမ်းညွှန်မှုများစီစဉ်ပေးရန် ဖြစ်သည်။

ထိုအစည်းအဝေးကို ကမ္ဘောဒီးယားရှိ SMEs များ ၊ ဒစ်ဂျစ်တယ်နည်းပညာ၊ အမျိုးသမီးလုပ်ငန်းရှင်များနှင့် ငွေကြေးနှင့် မူဝါဒချမှတ်မှုနယ်ပယ်များမှ ပညာရှင်များဖြင့် ဆောင်ရွက်ခဲ့သည်။ (နောက်ဆက်တွဲ-ဆတွင် အသေးစိတ်ကြည့်ရန်) အကြံပေးဆွေးနွေးပွဲသည် အောက်ပါအတိုင်း အတိုချုပ်ထားသော အရေးကြီးသည့် အချက်များကို တင်ပြထားသည်။

- နည်းပညာအသုံးပြုမှုတွင် ပါဝင်သော အချက်များသည် ဒစ်ဂျစ်တယ်နည်းပညာများကို မည်ကဲ့သို့ ပိုမိုရရှိအသုံးပြုနိုင်မှုနှင့်ပတ်သက်ပြီး ဖော်ထုတ်နိုင်ရန် မူဝါဒချမှတ်သူများကို ကူညီနိုင်သည့်အတွက် ထိုအချက်များကို ပိုမိုရှာဖွေဖော်ထုတ်နိုင်ရန် အရေးကြီးသည်။
- လုံခြုံရေးဆိုင်ရာ စိုးရိမ်ပူပန်မှုများရှိသောကြောင့် နည်းပညာအသုံးပြုရန် ဝန်လေးကြသည်။ customer များသည် ဒစ်ဂျစ်တယ်နည်းလမ်းများမှ တဆင့်ငွေပေးချေပါက ၎င်းတို့၏ ကိုယ်ရေးအချက်အလက်များနှင့် ငွေကြေးဆိုင်ရာ သတင်းအချက်အလက်များ ပေါက်ကြားမည်ကို စိုးရိမ်သောကြောင့် ဖြစ်သည်။
- ဒစ်ဂျစ်တယ်ငွေပေးချေမှုနည်းလမ်း အသုံးပြုရန် customer များအား အားပေးရန်အတွက် အဆိုပြုထားသော အဖြေရှာနည်းတစ်ရပ်မှာ customer သည် အွန်လိုင်းမှဝယ်ယူသော ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများနှင့်ပတ်သက်ပြီး မကျေနပ်မှုများရှိပါက customer ကာကွယ်မှုတစ်ရပ် ဖန်တီးပေးပြီး ငွေပြန်အမ်းပေးခြင်း ဖြစ်သည်။
- ထို့ပြင် ဒစ်ဂျစ်တယ်စာပေ၊ ဆိုက်ဘာလုံခြုံရေးနှင့် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ကြိုးပမ်းမှုများသည် ဒစ်ဂျစ်တယ်ဈေးကွက်များနှင့် ငွေပေးချေမှုများနှင့် ပတ်သက်သော အကျိုးကျေးဇူးများနှင့် ထိခိုက်ဆုံးရှုံးမှုများနှင့်ပတ်သက်ပြီး customer များအား အလင်းပြရာတွင် အရေးကြီးသည်။ ၎င်းသည် နည်းပညာအသစ်များအသုံးပြုရာတွင် ဝန်ထမ်းများနှင့် customer များနှစ်ဘက်လုံး၏ ပုံသေအတွေးခေါ်များနှင့် စိုးရိမ်ပူပန်မှုများကို ကျော်လွှားရန် ကူညီနိုင်သည်။
- ဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာ ကြိုးပမ်းမှုများသည် e-commerce platforms များအတွက် လိုအပ်သော အချက်အလက်များကို အီလက်ထရောနစ်မှတ်တမ်း

များအဖြစ်သို့ ပြောင်းလဲခြင်းကဲ့သို့သောနည်းပညာ အသုံးပြုမှုဆိုင်ရာ စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန်အတွက် SMEs များကိုကူညီနိုင်သည်။

- ဖြေရှင်းရန် အခြေခံကျသော ပြဿနာသည် WSME များနှင့်ပတ်သက်သော ငွေကြေးရရှိမှုဆိုင်ရာ ပြဿနာ ဖြစ်ပြီး ဂေဟစနစ်တွင် ပါဝင်သောအရေးကြီးသည့်ပါဝင်ပတ်သက်သူများသည်ငွေကြေးရရှိမှုများ ပိုမိုလွယ်ကူစေရန်၊ ရှုတ်ထွေးမှုနည်းစေရန်နှင့် WSME ဆိုင်ရာ ကန့်သတ်ချက်များဖြင့် အတူတကွ လုပ်ဆောင်ရန်တို့နှင့်ပတ်သက်ပြီး ဆောင်ရွက်ရန် လိုအပ်သည်။

လက်တွေ့ကျသော မူဝါဒဆိုင်ရာ အကြံပြုချက်များ

WSME များထံမှ ရှာဖွေတွေ့ရှိမှုများနှင့် ပညာရှင်များဖြင့် အင်တာဗျူးများနှင့် အကြံပေးဆွေးနွေးမှုမှ အကြံပြုချက်များကို အခြေခံပြီး WSMEs များနှင့် မူဝါဒချမှတ်သူများနှစ်ဘက်လုံးအတွက် အကြံပြုချက်များကို အောက်ပါအတိုင်း ဖော်ပြထားကာ ကြားဝင်ဆောင်ရွက်မှုဆိုင်ရာ အရေးကြီးသောနယ်ပယ် ၂ ရပ်နှင့်ပတ်သက်ပြီး အဓိကထားဆောင်ရွက်ခဲ့သည်။

WSME ဂေဟစနစ်ဖန်တီးခြင်း

၎င်းကို ဆောင်ရွက်ရန် တစ်နည်းမှာ ကမ္ဘောဒီးယားတော်ဝင်အစိုးရ၏ ကဏ္ဍများဆိုင်ရာ အစီအစဉ်များ၊ စီမံကိန်းများ၊ ပုဂ္ဂလိကအခန်းကဏ္ဍများ၊ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မိတ်ဖက်များနှင့် သက်ဆိုင်သောပါဝင်ပတ်သက်သူများအကြား ပူးပေါင်းဆောင်ရွက်မှုနှင့် မိတ်ဖက်ဆောင်ရွက်မှုတို့မှတဆင့် ကျားမဆိုင်ရာ အဆင်ပြေစေနိုင်မည့် အလုပ်ဝန်းကျင်များ၊ မူဝါဒများတိုးတက်စေခြင်းနှင့် အကောင်အထည်ဖော်ခြင်းတို့တွင် ပါဝင်ရန် ဖြစ်သည်။

နည်းပညာအသစ်များမည်သို့ရရှိအသုံးပြုမှုနှင့် အရှိန်မြှင့်တင်မှုတို့နှင့်ပတ်သက်သော အသိပညာရရှိရန်အတွက် WSMEs များ၏ သတင်းအချက်အလက်များနှင့် ရင်းမြစ်များဆိုင်ရာ အခွင့်အလမ်းရရှိမှုများ၊ သင်တန်းနှင့် သင်ကြားပြသမှုဆိုင်ရာ အခွင့်အလမ်းများရရှိမှုများ၊ လုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုများနှင့် ဖြစ်စဉ်များတိုးတက်မှုများအတွက် one-stop-portal ဖြစ်နိုင်မည့် SME ဖွံ့ဖြိုးတိုးတက်မှုပလက်ဖောင်းတစ်ခုကို ဖန်တီးရန် အဆိုပါအမျိုးမျိုးသော ပါဝင်ပတ်သက်သူများမှ အဆိုပြုထားသည်။ ထို့ကြောင့် အစိုးရများသည် ဒစ်ဂျစ်တယ်နည်းပညာအသစ်များကို အသုံးပြုနိုင်ရန်နှင့် နည်းပညာဆိုင်ရာ ပံ့ပိုးမှုများကို လက်ခံရရှိနိုင်ရန်တို့အတွက် WSMEs များကို ကူညီရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။

ဒစ်ဂျစ်တယ်ပလက်ဖောင်းနှင့်ပတ်သက်ပြီး ကောင်းမွန်သော ဥပမာတစ်ရပ်မှာ meta-hub သို့မဟုတ် SME ဗဟိုပြုပလက်ဖောင်းများအား ချိတ်ဆက်ပေးသော နေရာတစ်ခုအဖြစ် ဆောင်ရွက်ပေးသည့် Singapore's Business sans Borders (BSB) ၏ ကနဦးဆောင်ရွက်မှု ဖြစ်သည်။ SMEs များအတွက် ဝယ်ယူသူများ၊ ရောင်းချသူများ၊ ထောက်ပံ့ပို့ဆောင်မှုဆိုင်ရာ စီစဉ်ပေးသူများ၊ ငွေကြေးဆိုင်ရာနှင့် ဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာ အဖြေရှာမှုများနှင့် ပတ်သက်သော စီစဉ်ပေးသူများ၏ အရေးအတွက် ပိုမိုများပြားစေရန် စီစဉ်ဆောင်ရွက်ပေးခြင်းဖြင့် BSB သည် ပြဿနာဖြစ်နေသူများနှင့် ဖြေရှင်းပေးသူများကို ဆက်သွယ်ပေးသည်။ အဆိုပါပလက်ဖောင်းသည် ဝယ်ယူသူများနှင့် ရောင်းချသူများအား တွဲဖက်ပေးခြင်း၊ တည်ရှိနေသောနှင့် အသစ်ဖြစ်သော ဒစ်ဂျစ်တယ်ဈေးကွက်များ၊ ဒစ်ဂျစ်တယ်ပလက်ဖောင်းများနှင့် customer များဖြင့် ပိုမိုထိတွေ့စေနိုင်ခြင်းတို့နှင့်အတူ ကမ္ဘောဒီးယားရှိ WSME ဂေဟစနစ်အတွက် သိသာထင်ရှားသော ဖြည့်ဆွက်မှုတစ်ရပ် ဖြစ်သည်။

ဒစ်ဂျစ်တယ်စာပေပေါ်ပေါက်စေခြင်း

ဒစ်ဂျစ်တယ်စာပေ (ငွေကြေးဆိုင်ရာ စာပေနှင့်အတူ) သည် အင်တာဗျူးများနှင့် အကြံပေးဆွေးနွေးပွဲများမှ ပေါ်ပေါက်လာသော ဆွေးနွေးမှုဆိုင်ရာ အရေးကြီးသော နယ်ပယ်တစ်ရပ် ဖြစ်သည်။ ပညာရှင်များဖြင့် အင်တာဗျူးများတွင် မီးမောင်းထိုးပြသခဲ့သော အမျိုးသမီးလုပ်ငန်းရှင်များကို မြှင့်တင်ပေးမှုနှင့် ပတ်သက်သော စီမံကိန်းများသည် မှန်ကန်သော လမ်းကြောင်းတွင် ပါဝင်သော အဆင့်များ ဖြစ်သည်။ ဒစ်ဂျစ်တယ်စာပေနှင့် ကျွမ်းကျင်မှုဆိုင်ရာ အစီအစဉ်များသည် ပိုမိုအလေးပေးဆောင်ရွက်ရန် လိုအပ်ပြီး အချို့အဆင့်များကို ယခုနယ်ပယ်တွင် ဆောင်ရွက်ထားသည်။

ကမ္ဘောဒီးယားတွင်ရှိသော SHE Investments သည် COVID-19 မှ အကျိုးသက်ရောက်ခံရသော MSMEs များရှိ အမျိုးသမီးများအတွက် ဒစ်ဂျစ်တယ်စာပေဆိုင်ရာ ကျွမ်းကျင်မှုသင်တန်းအစီအစဉ်များကို စီစဉ်ပေးခြင်းဖြင့် ထိုကွာဟချက်ကို ဖြည့်ဆည်းနိုင်ရန်

အဆင့်မြှင့်တင်ပေးခဲ့သည်။ လူမှုလုပ်ငန်းသည် Google မှ မတည်ထားသော နိုင်ငံတကာလူငယ် လုပ်ငန်းများ၏ လျင်မြန်သော တုံ့ပြန်မှုဆိုင်ရာ ပြန်လည်နာလန်ထူမှုအစီအစဉ်ဖြင့် မိတ်ဖက်ဆောင်ရွက်ခဲ့ပြီး ဒစ်ဂျစ်တယ်ကျွမ်းကျင်မှုများနှင့်ပတ်သက်သော အသိပညာဗဟုသုတများရရှိစေရန် ခမာဘာသာစကားဖြင့် စီစဉ်ပေးထားမည် ဖြစ်သည်။

အလားတူပင် နိုင်ငံတွင်း WSMEs များနှင့်ပတ်သက်သော ဒစ်ဂျစ်တယ်စာပေဖွံ့ဖြိုးတိုးတက်စေရန် ပါဝင်ပတ်သက်သူများ ပိုမိုများပြားသင့်ပြီး ကြိုးပမ်းမှုများကိုလည်း ပေါင်းစည်းသင့်သည်။ ပုဂ္ဂလိကနှင့် လူမှုအခန်းကဏ္ဍတွင် တည်ရှိနေသော ဒစ်ဂျစ်တယ်စာပေဆိုင်ရာ ကနဦးဆောင်ရွက်ချက်များဖြင့် အတူလက်တွဲပြီး အမျိုးသမီးလုပ်ငန်းရှင်များ၏ တာဝန်ခံဖြစ်သော သက်ဆိုင်ရာ အစိုးရဌာနများသည် ပံ့ပိုးမှုများနှင့်ဝန်ေဆာင်မှုများ လုံလောက်စွာ မရရှိသော အသိုက်အဝန်းများနှင့် နယ်ပယ်များထံသို့ ထိုအစီအစဉ်များ ပိုမိုရောက်ရှိစေရန် ချဲ့ထွင်နိုင်သည်။

SHE Investment အစီအစဉ်နှင့်အလားတူပင် ဆွေးနွေးမှုများနှင့်ပတ်သက်ပြီး ဘာသာစကားကျွမ်းကျင်သော လုပ်ငန်းရှင်များအတွက် ခမာဘာသာဖြင့်သာမက အင်္ဂလိပ်ဘာသာဖြင့်လည်း စီစဉ်ပေးသင့်သည်။ ဒစ်ဂျစ်တယ်စာပေနှင့်ပတ်သက်ပြီး ရေရှည်တွင် အကျိုးထိရောက်မှုရှိစေရန်အတွက် အင်္ဂလိပ်ဘာသာစကားကျွမ်းကျင်ရန်လည်း လိုအပ်သည်။ ထို့ပြင် အစီအစဉ်များနှင့်ပတ်သက်ပြီး တည်ရှိနေသော ICT နှင့် ဒစ်ဂျစ်တယ်ပလက်ဖောင်းများကို အသုံးပြုခြင်းဖြင့် WSMEs များ၏ လိုအပ်ချက်များနှင့် အညီ သတ်မှတ်ဆောင်ရွက်သင့်သည်။ အစီရင်ခံစာတွင် ဖော်ပြထားသော အတားအဆီးများနှင့်ပတ်သက်ပြီး ကျော်လွှားနိုင်ရန်အတွက် အစီအစဉ်များကို ပိုမိုသင့်လျော်မှုရှိစေရန် ဦးစားပေးကာ စီစဉ်ဆောင်ရွက်သင့်သည်။ ဥပမာ– ပွဲများ(အွန်လိုင်းပွဲများအပါအဝင်)ကို ညနေပိုင်းများထက် နေ့အချိန်များတွင်လည်း ပြုလုပ်နိုင်သည်။

ဒစ်ဂျစ်တယ်စာပေသည် လက်ရှိသတင်းအချက်အလက်နှင့် နည်းပညာခေတ် အထူးသဖြင့် COVID နေထိုင်မှုပုံစံအသစ်တွင် အဖိုးအတန်ဆုံး အသိပညာအမျိုးအစားများအနက် တစ်ခုဖြစ်သည့်အတွက် ဒစ်ဂျစ်တယ်နည်းပညာမှ အကျိုးသက်ရောက်ခြင်းခံရသော တစ်ဦးချင်းစီနှင့် အုပ်စုများအားလုံးပါဝင်သော လူမှုအသိုက်အဝန်းတွင် အခြေခံနည်းပညာနှင့် ဗဟုသုတတို့နှင့်ပတ်သက်သော အခွင့်အလမ်းများ ရရှိသင့်သည်။

၅.၆။ နိဂုံး

နည်းပညာဆိုင်ရာ ကန့်သတ်ချက်များကြောင့် WSMEs များအကြား နည်းပညာလက်ခံကျင့်သုံးမှုနှုန်းသည် ပိုမိုနှောင့်နှေးကြန့်ကြာမှုများရှိသော်လည်း ကမ္ဘောဒီးယား၏ စီးပွားရေးတိုးတက်မှုအတွက်ရန် ထိုနည်းပညာ အသုံးပြုမှုနှင့်ပတ်သက်ပြီး ခွင့်ပြုပေးထားသည်။ ဒစ်ဂျစ်တယ်နည်းပညာများသည် WSMEs များ၏ လုပ်ငန်း များတိုးတက်စေရန် ပံပိုးကူညီမှုများပေးခဲ့ကြောင်း ဖော်ပြခဲ့သည်။ ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုခြင်းဖြင့် လုပ်ငန်းဆောင်ရွက်မှုများ၊ စီမံခန့်ခွဲမှုများ၊ ဆက်သွယ်မှုများနှင့်ပတ်သက်ပြီး ပိုမိုပွင့်လင်းမြင်သာမှုရှိစေခြင်း၊ လုပ်ငန်းဖြစ်စဉ်များ၏မြန်နှုန်းနှင့် အချက်အလက်ဆိုင်ရာ စီမံခန့်ခွဲမှုတို့နှင့်ပတ်သက်ပြီး တိုးတက်စေခြင်းတို့ကို ဖြစ်ပေါ်စေခဲ့သည်။ COVID-19 အတွင်း ထည့်သွင်းစဉ်းစားရန်အတွက် အရေးကြီးသော အချက်များဖြစ်သည့် အလုပ်သမားများနှင့်ပတ်သက်သော ကုန်ကျစရိတ်များနည်းပါးစေခြင်းနှင့် အချိန်ကုန်သက်သာစေခြင်းတို့ ကိုလည်း ဖြစ်ပေါ်ေစေခဲ့သည်။ WSMEs အများအပြား၏ အရောင်းများ၊ လုပ်ငန်းဆောင်ရွက်ချက်များနှင့် ဝင်ငွေများနှင့်ပတ်သက်ပြီး ကပ်ရောဂါ၏ အကျိုးသက်ရောက်မှုခံခဲ့ရသောကြောင့် နည်းပညာအသစ်များကို အသုံးပြုမှုသည် လုပ်ငန်းနှင့် အရောင်းဆိုင်ရာ မဟာဗျူဟာများအတွက် အခွင့်အလမ်းသစ်များဖန်တီးပေးရန်နှင့် အကျိုးသက်ရောက်မှုအချို့ကို လျော့နည်းစေရန်တို့အတွက် SMEs များကို ပံ့ပိုးကူညီပေးခဲ့သည်။

COVID-19 မဖြစ်ပွားမီ အချိန်အထိ ဒစ်ဂျစ်တယ်နည်းပညာကို ထိပ်ပိုင်းဦးစားပေးမှုတစ်ရပ်အဖြစ် ထည့်သွင်း မစဉ်းခဲ့ပေ။ ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုမှုနှင့်ပတ်သက်သည့် သိသာထင်ရှားသော အကျိုးကျေးဇူးများရှိ သော်လည်း အထူးသဖြင့် ရင်းမြစ်ကန့်သတ်ချက်များနှင့် ရင်ဆိုင်နေရသော ပိုမိုသေးငယ်သည့် လုပ်ငန်းများ အနေဖြင့် ထိုနည်းပညာကို လွယ်ကူစွာ လက်ခံကျင့်သုံးနိုင်ရန် အတွက် အတားအဆီးများရှိခဲ့သည်။ ထိုအတား အဆီးများတွင် အသိပညာများနှင့် ဒစ်ဂျစ်တယ်စာပေဆိုင်ရာ ကျွမ်းကျင်မှုများ ရရှိနိုင်မည့် အခွင့်အလမ်းများနှင့် ပတ်သက်သော ကန့်သတ်ချက်များလည်း ပါဝင်သည်။ အခြားအတားအဆီးတစ်ခုမှာ အယူအဆဆိုင်ရာ ကွာဟမှု ဖြစ်သည်။

WSMEs များအား ပံ့ပိုးပေးနိုင်ရန်အလို့ငှာ တီထွင်ဖန်တီးထားသော နည်းပညာများကို အသုံးပြုရန်နှင့် ကွဲပြား ခြားနားသော လုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှုများပေါ်ပေါက်စေရန်တို့အတွက် ဆောင်ရွက်ရာတွင် လိုအပ်ချက် တစ်ရပ်ရှိသည်။ အမျိုးသမီးလုပ်ငန်းရှင်များတွင် ကျားမအခြေပြုစိန်ခေါ်မှုဆိုင်ရာ လိုအပ်ချက်များရှိသောကြောင့် ဒစ်ဂျစ်တယ်နည်းပညာများကို အသုံးပြုမှုတိုးတက်လာခြင်းသည် SME ဂေဟစနစ်တွင် ကျားမညီမျှမှု ပိုမို ဖြစ်ပေါ်ရန် နည်းလမ်းတစ်ရပ်ကို စီစဉ်ပေးနိုင်သည်။

မှန်ကန်သော ဒစ်ဂျစ်တယ်စာပေဆိုင်ရာ သင်ကြားပြသပေးခြင်းနှင့် အရည်အသွေးမြှင့်တင်ခြင်းတို့ဖြင့် အမျိုးသမီးလုပ်ငန်းရှင်များအနေဖြင့်အမျိုးသားများအပေါ်မှီခိုမှု လျော့နည်းစေမည်ဖြစ်ပြီး သင်ကြားပြသမှု ကွန်ရက်များကို ပိုမိုကောင်းမွန်စွာ ချိတ်ဆက်နိုင်မည် ဖြစ်သည်။ ကွင်းဆင်းလေ့လာခဲ့သော အမျိုးသမီးအများ စုသည် ၎င်းတို့၏ လုပ်ငန်းများကို ထိန်းသိမ်းနိုင်ရန်အတွက် အချိန်နှင့် ကြိုးပမ်းမှုများကို ရင်းနှီးမြှုပ်နှံ ထားသည်ကို ကြည့်ခြင်းအားဖြင့် အရည်အသွေးမြှင့်တင်ရန် လိုလားမှုကို ဖော်ပြနေသည်။

ယခုအစီရင်ခံစာမှ စီစဉ်ပေးသော ရှာဖွေတွေ့ရှိမှုများနှင့် အကြံပြုချက်များသည် ကမ္ဘောဒီးယားရှိ အငယ်စား နှင့် အလတ်စားလုပ်ငန်းများကို လုပ်ကိုင်နေသော အမျိုးသမီးများအနေဖြင့် ရင်ဆိုင်ကြုံတွေ့နေရသော ကန့်သတ်ချက်များကို ကျော်လွှားနိုင်ရန်အတွက် အစိုးရ-ပုဂ္ဂလိကနှင့် ပါဝင်ပတ်သက်သူများအကြား ဆောင်ရွက်မှုများနှင့် ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုရာတွင် ကွာဟချက်များ၊ အခွင့်အလမ်းများနှင့် စိန်ခေါ် မှုများနှင့်ပတ်သက်ပြီး မီးမောင်းထိုးပြသခဲ့သည်။

၅.၇။ Endnotes

174. World Bank. (2020, April 17). *The World Bank in Cambodia – Overview* [Website]. Retrieved Sep 24, 2020 from: https://www.worldbank.org/en/country/cambodia/overview

175. Asian Development Bank [ADB]. (2020, September). *Cambodia and ADB –Economic indicators for Cambodia*. Retrieved Oct 26, 2020 from: https://www.adb.org/countries/cambodia/economy

176. Worldometer. (n.d.). *Cambodia Demographics* [Website]. Retrieved Sep 24, 2020 from: https://www.worldometers.info/demographics/cambodia-demographics/

177. Kemp, S. (2020, February 17). DIGITAL 2020: CAMBODIA, *Datareportal* [Statistics]. Retrieved Sep 24, 2020 from: https://datareportal.com/reports/digital-2020-cambodia?rq=DIGITAL%20 2020%3A%20CAMBODIA

178. Mengyu, N. (2019, December 18). Understanding digital economy in Cambodia, *Khmer Times* [Online Article]. Retrieved Sep 24, 2020 from: https://www.khmertimeskh.com/671086/understanding-digital-economy-in-cambodia/

179. Heng, P. (2018). *Embracing the Digital Economy: Policy consideration for Cambodia*, Phnom Penh: Enrich Institute.

180. Support Economic Transformation [SET]. (2019, November 4). Consultation on Cambodia's Strategic Framework for the Digital Economy. https://set.odi.org/digital-economy-consultation/

181. Bertelsmann Stiftung. (2020). BTI 2020 *Country Report - Cambodia* [PDF File]. Retrieved Oct 26, 2020 from: https://www.bti-project.org/content/en/downloads/reports/country_report_2020_KHM.pdf

182. European Commission. (2020, August 11). *Cambodia loses duty-free access to the EU market over human rights concerns* [Online Article]. Retrieved Oct 26, 2020 from: https://trade.ec.europa.eu/doclib/press/index.cfm?id=2177

183. World Bank. (2020, May 19). *COVID-19 Epidemic Poses Greatest Threat to Cambodia's Development in 30 Years: World Bank* [Press Release]. Retrieved Sep 24, 2020 from: https://www.worldbank.org/en/news/press-release/2020/05/29/covid-19-coronavirus-epidemic-poses-greatest-threat-to-cambodias-development-in-30-years-world-bank

184. Hoekstra, A.(2020, August 13). Coronavirus pushing Cambodia back into poverty, *Deutsche Welle (DW)* [Online article]. Retrieved Sep 24, 2020 from: https://www.dw.com/en/cambodia-coronavirus-poverty/a-54552715

185. ADB. (2020, September 23). *ADB Revises Cambodia's 2020 Economic Forecast Upward* [Press release]. Retrieved Oct 26, 2020 from: https://www.adb.org/news/adb-revises-cambodias-2020-economic-forecast-upward

186. Xinhua. (2020, August 28). Cambodia well prepared to cope with impacts of COVID-19, EBA's partial withdrawal: academics, *XinhuaNet* [Online Article]. Retrieved Oct 26, 2020 from: http://www.xinhuanet.com/english/2020-08/28/c_139325528.htm

187. Chhea, L. (2019). *The Current Situation of SME in Cambodia – MSME Financing* [PDF file]. Ministry of Industry and Handicraft (MIH), Phnom Penh, Cambodia. https://www.unescap.org/sites/default/files/SME%20FinancingChhea%20Layhy%202019.pdf

188. International Finance Corporation [IFC]. (2019). *Exploring the Opportunities for Women-owned SMEs in Cambodia* [PDF file]. https://openknowledge.worldbank.org/bitstream/handle/10986/32753/Exploring-the-Opportunities-for-Women-owned-SMEs-in-Cambodia.pdf?sequence=1&isAllowed=y

189. Asian Development Bank [ADB]. (2015). *Promoting Women's Economic Empowerment in Cambodia* [PDF file]. https://www.adb.org/sites/default/files/publication/156499/promoting-womens-economic-empowerment.pdf

190. Sorgner, A. & Krieger-Boden, C. (2018). Labor market opportunities for women in the digital age. *Economics: The Open-Access, Open-Assessment E-Journal,* 12 (2018-28): 1–8. http://dx.doi.org/10.5018/economics-ejournal.ja.2018-28

191. United Nations Economic and Social Commission for Asia and the Pacific [UNESCAP]. (2020). *Catalyzing Women's Entrepreneurship* [Ongoing project]. https://www.unescap.org/projects/cwe

192. For a detailed description of how Tongtin functions in Cambodia. See Sze, J.J. (2014). *Financial diaries in Cambodia,* City University of New York (CUNY) Academic Works. https://academicworks.cuny.edu/cgi/viewcontent.cgi?article=1059&context=bb_etds

193. *Young Entrepreneurs Association of Cambodia* [YEAC] - established as a volunteer-driven non-profit organization whose mandate is to empower young entrepreneurs of Cambodia to enhance youth entrepreneurship and success of youth-owned businesses by creating a platform for networking, sharing, learning, and synergizing business opportunities, thereby contributing to productive employments and economic development that build the next generation economy for Cambodia.

194. CEO Master Club is Cambodia's first business coaching and networking platform. See Kunmakara, M. (2019, September 11). CEO Master Club holds official launch, *Khmer Times* [Online Article]. Retrieved Sep 23, 2020 from: https://www.khmertimeskh.com/642006/ceo-master-club-holds-official-launch/

195. BNI provides a positive, supportive, and structured environment for the development and exchange of quality business referrals. See BNI Cambodia. (n.d.). *Why join BNI?* [Website]. Retrieved Sep 23, 2020 from: http://bnicambodia.com/en-US/whybni

196. World Bank. (2020, May 29). *Cambodia in the time of COVID-19: Economic Update, May 2020* [PDF File]. http://pubdocs.worldbank.org/en/357291590674539831/pdf/CEU-Report-May2020-Final.pdf

197. See more about Viriya Lim at: https://www.vitalvoices.org/people/viriya-lim/

198. See https://khmerangkorfood.com/shop-2

199. Bogner, A., Littig, B., & Menz, W. (2009). Introduction: Expert interviews—An introduction to a new methodological debate. In: Bogner A., Littig B., Menz W. (eds) *Interviewing Experts* (pp. 1-13). Research Methods Series. Palgrave Macmillan, London.

200. UNESCAP. (2019, April 29). *United Nations Launches Project To Boost Women's Entrepreneurship In Cambodia.* [Press release]. Retrieved Oct 26, 2020 from: https://www.unescap.org/news/united-nations-launches-project-boost-women-s-entrepreneurship-cambodia

201. Bunthoen, C. (2020, January 20). Financial literacy program launched for businesswomen, *Khmer Times* [Online Article]. Retrieved Oct 26, 2020 from: https://www.khmertimeskh.com/50682819/financial-literacy-program-launched-for-businesswomen/

202. Monetary Authority of Singapore [MAS]. (2019, November 11). *Business sans Borders achieves successful proof-of-concept to enhance SME access to trade opportunities* [Media Release]. Retrieved Oct 26, 2020 from: https://www.mas.gov.sg/news/media-releases/2019/business-sans-borders-achieves-successful-poc-to-enhance-sme-access-to-trade-opportunities#:~:text=11%20November%202019-,Business%20sans%20Borders%20achieves%20successful%20proof%2Dof%2Dconcept%20to%20enhance,Singapore%2C%2011%20November%202019%E2%80%A6&text=The%20POC%20also%20comprised%20a,of%20new%20services%20for%20SMEs.

203. Chan, S. (2020, June 29). Teaching young women digital literacy, *Khmer Times* [Online Article]. Retrieved on Oct 26, 2020 from: https://www.khmertimeskh.com/739209/teaching-young-women-digital-literacy/

နောက်ဆက်တွဲ

နောက်ဆက်တွဲ-က-အင်ဒိုနီးရှားနိုင်ငံ၏ ကျွမ်းကျင်သူပညာရှင်များနှင့် အကြံပေးဆွေးနွေးသူများ

M.Andy Zaky (ပညာရှင်ဖြင့် အင်တာဗျူး)

၎င်းသည် နည်းပညာကဏ္ဍတွင် အတွေ့အကြုံများစွာရှိသော WANTIKNAS (နိုင်ငံတော် ICT ကောင်စီ)၏ ဒုတိယအတွင်းရေးမှူးဖြစ်သည်။ ၎င်းသည် Agate International, Good News From Indonesia, KLINIKOO စသော ဒစ်ဂျစ်တယ်နည်းပညာအစပျိုးလုပ်ငန်းများ၏ နည်းပြနှင့်/သို့မဟုတ် ဘုတ်အဖွဲ့ဝင်တစ်ဦးဖြစ်သည်။ ၎င်းသည် MIKTI(အင်ဒိုနီးရှားဒစ်ဂျစ်တယ်ဖန်တီးမှုလုပ်ငန်းအသိုက်အဝန်း) ၏ အတွင်းရေးမှူးအဖြစ်လည်း လက်ရှိလုပ်ကိုင်လျှက်ရှိသည်။

Benedikta Atika (Expert Interview and Advisory Panel)

၎င်းသည် ANGIN ၏ အကျိုးသက်ရောက်မှုရှိသည့် ရင်းနှီးမြှုပ်နှံမှုများနှင့် ပတ်သက်သော ဦးဆောင်စီမံခန့်ခွဲသူတစ်ဦး ဖြစ်သည်။ လူမှုလုပ်ငန်းများနှင့် client များဖြင့် အကျိုးသက်ရောက်မှုရှိသည့် ရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်သော စီမံချက်များကို အကောင်အထည်ဖော်နိုင်ရန်အတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများနှင့်ပတ်သက်ပြီး တာဝန်ခံအဖြစ်ဆောင်ရွက်ရာတွင် လူမှုလုပ်ငန်းများ၊ အစပျိုးလုပ်ငန်းများအတွက် ငွေကြေးစီစဉ်ပေးမှု နှင့် ကျားမဆိုင်ရာဦးတည်သော ရင်းနှီးမြှုပ်နှံမှုစသောခေါင်းစဉ်အကြောင်းအရာများဖြင့် သင်တန်းများပေးခဲ့ပြီး များစွာသော သုတေသနပရောဂျက်များတွင်လည်း ပါဝင်ခဲ့သည်။ impact space သို့မပြောင်းရွှေ့မီ ၃ နှစ်ခန့်က ငွေကြေးနှင့် အရင်းအနှီးဈေးကွက်တွင် လုပ်ကိုင်ခဲ့သည်။ ၂၀၁၈ တွင် ပညာရေးဆိုင်ရာ နည်းပညာအဖွဲ့အစည်းတစ်ခုဖြစ်သော Solve Educational နှင့် ဆစ်ဒနီအခြေစိုက် သန့်ရှင်းစွမ်းအင် အစပျိုးလုပ်ငန်းဖြစ်သော Wattblock တို့ ဖြင့် အလုပ်လုပ်ကိုင်ခဲ့သည်။ DFAT ၏ Australia ရေရှည်ပညာသင်ဆုမှ ငွေကြေးထောက်ပံ့မှုဖြင့် University of New South Wales, Australia မှ လုပ်ငန်းမဟာဗျူဟာနှင့် လူမှုလုပ်ငန်းများနှင့်ပတ်သက်သော M.A ဘွဲ့ရရှိခဲ့သည်။



Mia Ariyana (Expert Interview and Advisory Panel)

ASPPUK (အငယ်စားအသေးစားလုပ်ငန်းများအား ကူညီပံ့ပိုးပေးသော အမျိုးသမီးအဖွဲ့အစည်း)၏ အမှုဆောင်ဒါရိုက်တာ၊ နည်းပြနှင့် သုတေသနပညာရှင်တစ်ဦးဖြစ်သော Mia သည် အသက်မွေးမှုဆိုင်ရာ ပြဿနာများ၊ အမျိုးသမီးများအတွက် ငွေကြေးဆိုင်ရာအဖွဲ့အစည်းများအား ခိုင်မာအားကောင်းစေမှုများ၊ ကျားမဆိုင်ရာ လေ့လာဆန်းစစ်မှုများနှင့် ဘတ်ဂျက်ခွဲဝေမှုများ၊ မျိုးဆက်ပွားကျန်းမာရေးနှင့် လိင်ပိုင်းဆိုင်ရာ အခွင့်အရေးများနှင့်ပတ်သက်သော အငယ်စားနှင့် အသေးစားလုပ်ငန်းများဆိုင်ရာ အစီအစဉ်ရေးဆွဲမှုများနှင့် မဟာဗျူဟာများ အကောင်အထည်ဖော်ရာတွင် အမျိုးသမီးများနှင့်ပတ်သက်ပြီး အလေးပေးဆောင်ရွက်ခဲ့သည်။ အမျိုးသမီးများနှင့်ပတ်သက်သော လုပ်ပိုင်ခွင့်ရရှိမှု၊ စီးပွားရေးနှင့် အပယ်ခံအုပ်စုများ၏ ဘဝများ ရေရှည်တည်တံ့မှုတို့နှင့်ပတ်သက်သော ပြဿနာများသည် ၂၀၀၀ ခုနှစ် NGO တစ်ခုတွင် စတင်လုပ်ကိုင်ခဲ့စဉ်ကတည်းက အာရုံစိုက်မိသော ပြဿနာများဖြစ်ခဲ့သည်။ သူမသည် ကမ္ဘာ့တဝန်းတွင် လျစ်လျူရှုမှုခံထားနေရဆဲဖြစ်သော အပယ်ခံအုပ်စုများအားလုံးအတွက် ပိုမိုကောင်းမွန်သော ဘဝများကို ဖန်တီးပေးနိုင်ရန် ကျားမဆိုင်ရာ တရားမျှတမှုရှိမှုနှင့် တန်းတူညီမျှဖြစ်မှုတို့နှင့်ပတ်သက်ပြီး တိုက်ခိုက်ရမည်ဟု ခိုင်မာစွာ ယုံကြည်ထားသည်။

Vivi Susanti (Expert Interview)

သူမသည် အင်ဒိုနီးရှားနိုင်ငံ၏ အမျိုးသမီးစီးပွားရေးလုပ်ငန်းများဆိုင်ရာ အဖွဲ့အစည်း (IWAPI) မှ ဗဟိုကိုယ်စားလှယ်ကောင်စီ၏ ကိုယ်စားလှယ်တစ်ဦး ဖြစ်သည်။ သူမသည် အမျိုးသမီးပိုင် စီးပွားရေးလုပ်ငန်းများနှင့် အမျိုးသမီးများနှင့်ပတ်သက်သော သင်ကြားပြသမှု နယ်ပယ်တို့တွင် နှစ်ပေါင်းများစွာ အတွေ့အကြုံရှိသောသူတစ်ဦး ဖြစ်သည်။ သူမသည် အင်ဒိုနီးရှားရှိ အမျိုးသမီးပိုင် MSMEs များ၏ ဖွံ့ဖြိုးတိုးတက်မှုများနှင့်ပတ်သက်ပြီး ပံ့ပိုးကူညီရန် IWAPI ၏ ကိုယ်စား ပြောကြားခဲ့သည်။

N/A

အမည်မဖော်လိုသော ကိုယ်စားလှယ်(ပညာရှင်ဖြင့် အင်တာဗျူး) အင်ဒိုနီးရှားရှိ MSMEs များအတွက် ဒစ်ဂျစ်တယ်နည်းပညာ အသွင်ကူးပြောင်းမှုဆိုင်ရာ အစီအစဉ်များနှင့် အမျိုးသမီးများအတွက် လုပ်ငန်းဆိုင်ရာ အစီအစဉ်များကို ဆောင်ရွက်ပေးသော နိုင်ငံမျိုးစုံပါဝင်သည့် နည်းပညာဆိုင်ရာ ကုမ္ပဏီ၏ ဦးဆောင်ဆက်ဆံရေးအရာရှိ ဖြစ်သည်။

Nilam Sari Setiono(အကြံပေးဆွေးနွေးမှု)

Nilam သည် ၂၀၀၃ တွင် တည်ထောင်ထားသော PT Baba Rafi Indonesia ၏ ပိုင်ရှင်နှင့် တည်ထောင်သူဖြစ်သည်။ လုပ်ငန်းရှင်တစ်ဦးအဖြစ် သူမသည် APEC နိုင်ငံများအကြား online နှင့် offline ဆွေးနွေးပွဲများ အကောင်းဆုံးစီစဉ်ဆောင်ရွက်ပေးနိုင်သော အမျိုးသမီးစီးပွားရေး လုပ်ငန်းရှင်ဆုစသော အမျိုးမျိုးသော ဆုများကို လက်ခံရရှိခဲ့သည်။ သူမသည် ၉ နိုင်ငံတွင် ကုမ္ပဏီခွဲ ၁ ခုမှ ၁,၃၀၀ အထိ ဖွင့်နိုင်ခဲ့နိုင်ရန်အတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ပုံများနှင့်ပတ်သက်ပြီး ဝေမျှထားသည့် စာအုပ်တစ်အုပ်ကို "အမျိုးသမီးစီးပွားရေးလုပ်ငန်းရှင်" ဟူသော အမည်ဖြင့် ထုတ်ဝေခဲ့သည်။

Wilda Yanti(အကြံပေးဆွေးနွေးမှု)

ကလေး၃ယောက်မိခင်ဖြစ်သော Wilda Yanti သည် PT ၏ တည်ထောင်သူနှင့် CEO လည်း ဖြစ်သည်။ Xaviera Global Synergy သည် ပတ်ဝန်းကျင်ဆိုင်ရာ ကဏ္ဍ၏ ကုမ္ပဏီတစ်ခုလည်း ဖြစ်သည်။ လူမှုရေးဆိုင်ရာ လုပ်ငန်းရှင်တစ်ဦးအနေဖြင့် သူမသည် စွန့်ပစ်အမှိုက်များ လျော့နည်းစေရန် ရင်းမြစ်တွင် စွန့်ပစ်အမှိုက်များဆိုင်ရာ စီမံခန့်ခွဲမှုကို ဆောင်ရွက်ခြင်းဖြင့် ထိုပြဿနာ ဖြေရှင်းမှုနှင့်ပတ်သက်ပြီး အလေးပေးဆောင်ရွက်ခဲ့သည်။သူမ၏ ကြိုးပမ်း ဆောင်ရွက်မှုများနှင့်ပတ်သက်သော ရလာဒ်အနေဖြင့် သူမသည် Femina and Ernst & Young မှ ၂၀၁၈ အတွက် အမျိုးသမီးလုပ်ငန်းရှင်ဆု ရရှိခဲ့သည်။

Hary Febriansyah(အကြံပေးဆွေးနွေးမှု)

Ph.D ဘွဲ့ရရှိထားသော Hary Febriansyah သည် ၂၀၀၆ ကတည်းက အင်ဒိုနီးရှားသမ္မတနိုင်ငံ၏ သုတေသနနှင့် အဆင့်မြင့်ပညာရေးဝန်ကြီးဌာနအောက်ရှိ School of Business and Management Institut Teknologi Bandung (SBM-ITB)၏ လက်ထောက်ပါမောက္ခတစ်ဦးဖြစ်သည်။ ထိုကာလအတွင်း Hary သည် အောက်ပါတို့အတွက် တာဝန်ယူခဲ့သည်။

(၁) စီမံခန့်ခွဲမှုဆိုင်ရာ အစီအစဉ်တွင် MBA နှင့် MSC တို့နှင့်ပတ်သက်သော သင်ကြားမှု

(၂) လုပ်ငန်းအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုနှင့်ပတ်သက်သော ပရောဂျက်များဆိုင်ရာ သုတေသန

(၃) ပြည်တွင်းအသိုက်အဝန်းများကို အကျိုးပြုသော နှစ်သိမ့်ဆွေးနွေးမှုဆိုင်ရာ ဝန်ဆောင်မှု များနှင့် သင်တန်းများပို့ချမှုများ

Hary သည် ၂၀၁၆ ကတည်းက SBM-ITB ၏ ဗဟုသုတဘဏ်တိုက်၏ ဒါရိုက်တာတစ်ဦး ဖြစ်ပြီး အင်ဒိုနီးရှားနိုင်ငံ၏ ဗဟုသုတဆိုင်ရာ စီမံခန့်ခွဲပေးသော လူမှုအသိုက်အဝန်းနှင့်ပတ်သက်သည့် လုပ်ငန်း၏ ဒုသမ္မတ ဖြစ်သည်။

Muhammad Nur (အကြံပေးဆွေးနွေးမှု)

Muhammad Nur, S.E တွင် စီးပွားရေးနှင့်ပတ်သက်သော နောက်ခံသမိုင်းကြောင်းရှိပြီး လက်ရှိတွင် အငယ်စားနှင့် အလတ်စားလုပ်ငန်းများနှင့် သမဝါယမဝန်ကြီးဌာန၏ လုပ်ငန်း ပြန်လည်ဖွဲ့စည်းမှုဆိုင်ရာ စံသတ်မှတ်ဌာန၏ အကြီးအကဲတစ်ဦး ဖြစ်သည်။ အကြံပေးဆွေးနွေးပွဲအတွင်း ၎င်းကို ဝန်ထမ်းတစ်ဦးမှ ကူညီပံ့ပိုးပေးခဲ့သည်။

Rendi Febriansyah (အကြံပေးဆွေးနွေးမှု)

Rendi Febriansyah သည် အင်ဒိုနီးရှားနိုင်ငံ၏ ဒစ်ဂျစ်တယ်နည်းပညာဖန်တီးမှုဆိုင်ရာ လုပ်ငန်းအသိုက်အဝန်း(MIKTI)၏ အထွေထွေမန်နေဂျာတစ်ဦး ဖြစ်သည်။ အကျိုးအမြတ်အတွက် မဟုတ်သော အဖွဲ့အစည်းသည် အင်ဒိုနီးရှားရှိ ဒစ်ဂျစ်တယ်နည်းပညာ ဖန်တီးမှုလုပ်ငန်းများ၏ ဖွံ့ဖြိုးတိုးတက်မှုများနှင့်ပတ်သက်ပြီး ဦးစားပေးဆောင်ရွက်သူများ အားလုံးအတွက် စုဝေးရာ နေရာတစ်ခု ဖြစ်သည်။ ထိုအဖွဲ့အစည်းသည် လုပ်ငန်းလိုအပ်ချက်များနှင့် အလျဉ်ပြတ်မှုများဆိုင်ရာ ပြဿနာများနှင့်သက်ဆိုင်သော သတင်းအချက်အလက်နည်းပညာဆိုင်ရာ စီမံခန့်ခွဲမှုနှင့် ပတ်သက်ပြီး လှုံ့ဆော်ပေးသည်။ ထိုအဖွဲ့အစည်းသည် SMEs များ အထူးသဖြင့် တီထွင်ဖန်တီးမှု ဆိုင်ရာ လုပ်ငန်းများနှင့်ပတ်သက်သော သင်ကြားပြသမှုဆိုင်ရာ အစီအစဉ်များတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့သည်။

နောက်ဆက်တွဲ-ခ-အင်ဒိုနီးရှားနိုင်ငံ၏ အချက်အလက်စုဆောင်းကောက်ယူမှုနှင့် လေ့လာဆန်းစစ်မှု

SME နှင့်ပတ်သက်သော အချက်အလက်များ

	မြန်မာ	အင်ဒိုနီးရှား	ကမ္ဘောဒီးယား	မလေးရှား
SE	လက်ကားနှင့် ဝန်ဆောင်မှု လုပ်ငန်းများအတွက် ခန့်မှန်းခြေ အမေရိကန်ဒေါ်လာ ၇၄,၀၀၀ အထိ လက်လီနှင့် အခြားလုပ်ငန်းများ အတွက် ခန့်မှန်းခြေအမေရိကန် ဒေါ်လာ ၃၇,၀၀၀ အထိ	ခန့်မှန်းခြေ အမေရိကန် ဒေါ်လာ ၂၀,၀၀၀ မှ ၁၇၀,၀၀၀ အထိ	ခန့်မှန်းခြေ အမေရိကန် ဒေါ်လာ ၂၀,၀၀၀ မှ ၁၇၀,၀၀၀ အထိအမေရိကန် ဒေါ်လာ ၅၀,၀၀၀ မှ ၂၅၀,၀၀၀ အထိ	ခန့်မှန်းခြေ အမေရိကန်ဒေါ်လာ ၇၂,၀၀၀ မှ ၇၂၀,၀၀၀ အထိ
ME	လက်ကားအတွက် ခန့်မှန်းခြေအမေရိကန်ဒေါ်လာ ၇၄,၀၀၀ မှ ၂၂၂,၀၀၀ အထိ ဝန်ဆောင်မှုအတွက် ခန့်မှန်းခြေအမေရိကန်ဒေါ်လာ ၇၄,၀၀၀ မှ ၁၄၈,၀၀၀ အထိ လက်လီနှင့် အခြားအတွက် ခန့်မှန်းခြေအမေရိကန်ဒေါ်လာ ၃၇,၀၀၀ မှ ၇၄,၀၀၀ အထိ	ခန့်မှန်းခြေ အမေရိကန်ဒေါ်လာ ၁၇၀,၀၀၀ မှ ၃.၄ သန်းအထိ	ခန့်မှန်းခြေ အမေရိကန်ဒေါ်လာ ၂၅၀,၀၀၀ မှ ၅၀၀,၀၀၀ အထိ	ခန့်မှန်းခြေ အမေရိကန်ဒေါ်လာ ၇၂၀,၀၀၀ မှ ၄.၈ သန်းအထိ

အချက်အလက်ဆိုင်ရာ လေ့လာဆန်းစစ်မှု

အဆင့်-၁-မှတ်တမ်းတင်ခြင်း အင်တာဗျူးများဆောင်ရွက်ပြီးနောက် စာရေးသူများသည် အရေးကြီးသော မှတ်တမ်းများကို word file ထဲတွင် ပြန်လည်မှတ်တမ်းတင်သည်။	**အဆင့်-၂-ကုဒ်များဖြင့် အမျိုးအစားခွဲခြင်း** စာရေးသူများသည် မှတ်တမ်းတင်ပြီးသော သတင်း အချက်အလက်များကို သက်ဆိုင်ရာ အကြောင်းအရာ ခေါင်းစဉ်များ အောက်တွင် ထည့်သွင်းနိုင်ရန် အတွက် ကုဒ်များဖြင့် အမျိုးအစား ခွဲသည်။	**အဆင့်-၃-စီစဉ်ခြင်း** ယခုပရောဂျက်တွင် ပါဝင်သော အဓိကစာရေးသူ ၂ ဦးသည် အချက်အလက်များ၏ အမျိုးအစား များနှင့် ကုဒ်များကို နှိုင်းယှဉ် စစ်ဆေးသည်။ ကဏ္ဍ ၄ ရပ်တွင် မပါဝင်သော်လည်း သိရှိထားရန် လိုအပ်သည့် သတင်းအချက်အလက် များကိုလည်း ဖော်ပြထားသည်။
အဆင့်-နံပါတ်များဖြင့် ဖော်ပြခြင်း စာရေးသူများသည် ခေါင်းစဉ်များ အောက်တွင် တူညီသော သတင်း အချက်အလက်အမျိုးအစားများကို နံပါတ်အလိုက် အပိုင်းများခွဲကာ စုစည်းဖော်ပြထားသည်။ ဥပမာ- စာရေးသူများသည် အသုံးပြုခြင်း မခံရသော ဒစ်ဂျစ်တယ် tool တစ်ခုကို ဖော်ပြရန် ၀ ကို အသုံးပြုပြီး လုပ်ငန်းရှင်များမှ အသုံးပြုသော ဒစ်ဂျစ်တယ် tool တစ်ခုကို ဖော်ပြရန် ၁ ကို အသုံးပြုသည်။	**အဆင့်-၅-အနက်ဖွင့်ဆိုခြင်း** ဖြေဆိုသူတစ်ဦးစီမှ ရရှိသော မှတ်တမ်းတစ်ခုစီမှ သတင်းအချက် အလက်များကို အကျဉ်းချုပ်ပြီး ကဏ္ဍတစ်ရပ်စီအောက်တွင် အမျိုး အစားခွဲခြားထားသည်။ Bahasa Indonesia ဘာသာစကားဖြင့် မေးမြန်း ဖြေဆိုမှုများပြုလုပ်ထားသောကြောင့် မှုရင်းအနက်မပျက်စေဘဲ ဖော်ပြ သင့်သည်။ ဥပမာ-ဖြေဆိုသူက အင်ဒိုနီးရှားဘာသာစကားဖြစ်သော terdorong ဟူသော စကားလုံးကို အပြုသဘောဆောင်သည့် သဘော ဖြင့် သုံးနှုန်းထားပါက စာရေးသူ များသည် ထိုစကားလုံး၏ အနက်နှင့် တူသောကို အင်္ဂလိပ်စကားလုံးရွေး ချယ်ရာတွင် အပြုသဘောဆောင် သည့်သဘော ဖြစ်စေရန် pushed အစား being inspired to ဟု စကားလုံးရွေးချယ်သုံးနှုန်းရန် လိုအပ်သည်။	**အဆင့်-၆-အနက်ဖွင့်ဆိုမှုများ နှင့်ပတ်သက်ပြီး ရှင်းပြခြင်း** စာရေးသူများသည် မရှင်းသော စကားလုံးများနှင့်ပတ်သက်ပြီး မေးမြန်းခဲ့ကာ မူရင်းအနက်နှင့်ကွဲ လွဲမှုမရှိစေရန် ယေဘုယျဖြစ်သော အနက်ဖွင့်ဆိုချက်များကိုသာ ဖော်ပြပေးခဲ့သည်။ ထို့ပြင် စာရေး သူများသည် ဖြေဆိုသူများထံမှ ရရှိသော သတင်းအချက်အလက် များနှင့်ပတ်သက်ပြီ တိကျမှန်ကန်စွာ ပြန်လည်အနက်ဖွင့်ဆိုနိုင်ရန်/ ဘာသာပြန်နိုင်ရန်အတွက် အချက်အလက်အမျိုးအစားများ အကြားရှိ ဆက်စပ်မှုများနှင့် ပတ်သက်ပြီးသိရှိနိုင်ရန် ကွင်းဆင်း လေ့လာမှုများ ပြုလုပ်ခဲ့သည်။

နောက်ဆက်တွဲ-ဂ-အင်ဒိုနီးရှားရှိ သက်ဆိုင်သော SME ဆိုင်ရာ သုံးသပ်မှုနှင့် ICT စည်းမျဉ်းများ

ခေါင်းစဉ်	အကြမ်းဖျင်းဖော်ပြချက်
ဘဏ်လုပ်ငန်းများနှင့်ပတ်သက်သော Law No.7/1992 and Law No.10/1998(ပြင်ဆင်ချက်)	ဘဏ်များနှင့်ပတ်သက်သော စည်းမျဉ်း
အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများနှင့်ပတ်သက်သော Law No.20/2008	MSME ကဏ္ဍကို တိုးမြှင့်ရန် အစိုးရ၏တာဝန်နှင့် MSME အနက်ဖွင့်ဆိုချက်
အာမခံအဖွဲ့အစည်းနှင့်ပတ်သက်သော Presidential Decree No.2/2008	Credit အာမခံကြေးနှင့် re အာမခံအဖွဲ့အစည်းများနှင့် ပတ်သက်သော စည်းမျဉ်း
အာမခံအဖွဲ့အစည်းများနှင့် ထပ်ဆင့်အာမခံ အဖွဲ့အစည်းများနှင့်ပတ်သက်သော စည်းမျဉ်း No.222/2008 and No.99/2011	ဘဏ္ဍာရေးဝန်ကြီးဌာန(အကြွေးအာမခံနှင့် ထပ်ဆင့် အာမခံအဖွဲ့အစည်းများနှင့်ပတ်သက်သော စည်းမျဉ်း
သမဝါယမနှင့်ပတ်သက်သော Law No.17/2012	သမဝါယမနှင့်ပတ်သက်သောစည်းမျဉ်း
ငွေကြေးအဖွဲ့အစည်းများနှင့်ပတ်သက်သော Presidential Regulation No.9/2009	ဘဏ်မဟုတ်သောငွေကြေးအဖွဲ့အစည်းများ(NBFIs) နှင့်ပတ်သက်သော စည်းမျဉ်း
အရင်းအနှီးဈေးကွက်နှင့်ပတ်သက်သော Law No.8/1996	အရင်းအနှီးဈေးကွက်နှင့်ပတ်သက်သောစည်းမျဉ်း
Bapepam-LK စည်းမျဉ်း No.IX.C.7	အရင်းအနှီးဈေးကွက်များတွင်SMEနှင့်ပတ်သက်သောအနက်
ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဝန်ကြီးဌာန ၏ စည်းမျဉ်း No.20/2016	အီလက်ထရောနစ်စနစ်များဖြင့် ကိုယ်ရေး အချက်အလက်များအား ကာကွယ်မှု
သတင်းအချက်အလက်နှင့် အီလက်ထရောနစ်ဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်သော Law No. 11/2008	အီလက်ထရောနစ်စနစ်များဖြင့် ဆက်သွယ်မှုနှင့် သတင်းအချက်အလက်ဆိုင်ရာစည်းမျဉ်း
ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဝန်ကြီးဌာန ၏ စည်းမျဉ်း No.20/2016	အီလက်ထရောနစ်စနစ် အော်ပရေတာမှတ်ပုံတင်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ
သတင်းအချက်အလက်နှင့် အီလက်ထရောနစ်ဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်သော Law No. 19/2016 as Revision of Law No. 11/2008	အီလက်ထရောနစ်စနစ်များဖြင့် ကိုယ်ရေးအချက်အလက်များအား ကာကွယ်မှု
ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဝန်ကြီးဌာန ၏စည်းမျဉ်း No.7/2019	ပေါင်းစည်းထားသောသတင်းအချက်အလက်နှင့် ဆက်သွယ် ရေးကဏ္ဍ၏ လုပ်ငန်းလိုင်စင်များဆိုင်ရာ ဝန်ဆောင်မှုများ
အီလက်ထရောနစ် လုပ်ငန်းဆောင်ရွက်မှုများနှင့် စနစ်များဆိုင်ရာ ဆောင်ရွက်မှုနှင့်ပတ်သက်သော စည်းမျဉ်း no.71/2019	အီလက်ထရောနစ်စနစ်၊ အီလက်ထရောနစ်အေးဂျင့်၊ အီ လက်ထရောနစ်လုပ်ငန်းဆောင်ရွက်မှု၊ ယုံကြည်မှုဆိုင်ရာ အတည်ပြုပေးသော အဖွဲ့အစည်းများနှင့် domain name ဆိုင်ရာ စီမံခန့်ခွဲမှုများနှင့်ပတ်သက်သော စည်းမျဉ်း

နောက်ဆက်တွဲ-ဃ-မြန်မာနိုင်ငံရှိ

အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများနှင့်ပတ်သက်သော အနက်ဖွင့်ဆိုချက်		
အမျိုးအစား	**အငယ်စား**	**အလတ်စား**
အလုပ်သမား/ဝန်ထမ်း		
(a) ထုတ်လုပ်မှု	≤ 50	> 50 ≤ 300
(b) CMP ထုတ်လုပ်မှု	≤ 300	> 300 ≤ 600
(c) လက်ကား	≤ 30	> 30 ≤ 60
(d) လက်လီ	≤ 30	> 30 ≤ 60
(e) ဝန်ဆောင်မှု	≤ 30	> 30 ≤ 100
(f) အခြား	≤ 30	> 30 ≤ 60
ရင်းနှီးငွေ(ကျပ်သန်းပေါင်း)		
(a) ထုတ်လုပ်မှု	≤ 500	> 500 ≤ 1000
(b) CMP ထုတ်လုပ်မှု	≤ 500	> 500 ≤ 1000
	Up to USD 370,370204 approx.	USD 370,370 to USD 740,740 approx.
နောက်ဆုံးနှစ်စဉ်ဝင်ငွေ(ကျပ်သန်းပေါင်း)		
(a) လက်ကား	≤ 100	> 100 ≤ 300
(b) လက်လီ	≤ 50	> 50 ≤ 100
(c) ဝန်ဆောင်မှု	≤ 100	> 100 ≤ 200
(d) အခြား	≤ 50	> 50 ≤ 100
	လက်ကားနှင့်ဝန်ဆောင်မှုလုပ်ငန်းများအတွက် USD 74,000 approx. လက်လီနှင့်အခြားလုပ်ငန်းများအတွက် USD 37,000 ခန့်	လက်ကားလုပ်ငန်းများအတွက် USD 74,000 to USD 222,000 ခန့် ဝန်ဆောင်မှုလုပ်ငန်းများအတွက် USD 74,000 to USD 148,000 ခန့် လက်လီလုပ်ငန်များနှင့် အခြားလုပ်ငန်းများအတွက် USD 37,000 to 74,000 ခန့်

ရင်းမြစ်–အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုဥပဒေ
အမေရိကန်ဒေါ်လာ ၁ ဒေါ်လျှင် တွက်ချက်နှုန်း=ငွေလဲလှယ်မှုနှုန်း ၁၃၅၀ မြန်မာကျပ်

နောက်ဆက်တွဲ-င-မြန်မာနိုင်ငံ၏ အကြံပေး ဆွေးနွေးသူများ

အကြံပေးဆွေးနွေးပွဲကို အောက်ပါလုပ်ငန်းရှင်များဖြင့် ကျင်းပခဲ့သည်။

(၁) နော်ရှိုးအိအိထွန်း သည် Nathan Associates မှ ဆောင်ရွက်သော ၄ နှစ်တာ အမေရိကန်ဒေါ်လာ ၁၉ သန်း ကုန်ကျမည့် ပရောဂျက်(၂၀၂၀-၂၀၂၃) ဖြစ်သော ရန်ကုန်အခြေစိုက် USAID ၏ ပွင့်လင်းမြင်သာမှုနှင့် ပါဝင်မှုဆိုင်ရာ တိုးတက်ရေးဆောင်ရွက်မှုအတွက် အဖွဲ့၏လက်ထောက်အကြီးအကဲတစ်ဦးအဖြစ် လက်ရှိလုပ်ကိုင်လျှက်ရှိသည်။ သူမသည် မြန်မာနိုင်ငံတွင် စီးပွားရေးဆိုင်ရာ စီမံခန့်ခွဲမှုများနှင့်ပတ်သက်ပြီး တိုးတက်စေရန်နှင့် အငြင်းပွားမှုများနှင့် တန်းတူညီမျှမရှိမှုများနှင့်ပတ်သက်သော စီးပွားရေးဆိုင်ရာဆောင်ရွက်မှုများ လျော့နည်းစေရန်တို့အတွက် အစိုးရဝန်ကြီးဌာနများ၊ ပုဂ္ဂလိကကဏ္ဍများနှင့် အရပ်ဖက်လူမှုအဖွဲ့အစည်းများအတွက် စီစဉ်ပေးသော နည်းပညာပံ့ပိုးမှုများနှင့်ပတ်သက်ပြီး စီမံခန့်ခွဲမှုများကို စီစဉ်ဆောင်ရွက်ပေးသည်။ ယခင်က သူမသည် လုပ်ငန်းများအတွက် စည်းကမ်းထိန်းသိမ်းမှုဆိုင်ရာ ဝန်းကျင်တိုးတက်စေရန်နှင့် လုပ်ငန်းများတိုးမြှင့်ပေးရန်တို့အတွက် စီးပွားရေးပြင်ဆင်မှုဆိုင်ရာ ကြိုးပမ်းချက်များဆောင်ရွက်ပေးမည့် အမေရိကန်ဒေါ်လာ ၂၃.၃ သန်းကုန်ကျမည့် ၅ နှစ်တာပရောဂျက်နှင့်ပတ်သက်သော USAID ၏ ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်မှုဆောင်ရွက်မှုအတွက် အဖွဲ့၏ လက်ထောက်အကြီးအကဲတစ်ဦးအဖြစ် ဆောင်ရွက်ခဲ့သည်။

၎င်းမတိုင်မီ သူမသည် အရှေ့တောင်အာရှတွင် နိုင်ငံမျိုးစုံမှ clients များအတွက် ဈေးကွက်ဆိုင်ရာ သုတေသန၊ မူဝါဒဆိုင်ရာလေ့လာဆန်းစစ်မှုနှင့် ပြည်သူလူထု/မီဒီယာဆက်သွယ်မှုတို့နှင့်ပတ်သက်ပြီး အထူးပြုဆောင်ရွက်သော APCO Worldwide – Singapore တွင် အကြီးတန်းအတိုင်ပင်ခံတစ်ဦးအဖြစ် ဆောင်ရွက်ခဲ့သည်။ သူမသည် ယခင်က Washington D.C ရှိ မူဝါဒဆိုင်ရာသုတေသန၊ နိုင်ငံတကာဖွံ့ဖြိုးတိုးတက်မှုနှင့် အီလက်ထရောနစ်နည်းပညာဖြင့် သတင်းထုတ်လွှင့်မှုဆိုင်ရာ နယ်ပယ်များတွင် အလုပ်လုပ်ခဲ့သည်။ သူမသည် U.S ၏ အရှေ့ပိုင် တက္ကသိုလ်မှ စီးပွားရေးဘွဲ့နှင့် Johns Hopkins University, School of Advanced International Studies (SAIS)မှ အရှေ့တောင်အာရှဆိုင်ရာ ဦးတည်ဆောင်ရွက်မှုများနှင့်ပတ်သက်သော စီးပွားရေးနှင့် နိုင်ငံတကာဆက်ဆံရေးဘွဲ့ ရရှိခဲ့သည်။

(၂) Samantha Htoon သည် လက်လီရောင်းချမှု လုပ်ငန်းများ၊ SME၊ ဘဏ်လုပ်ငန်း၊ အသေးစား ငွေကြေးနှင့် အဖွဲ့အစည်းများဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများနှင့်ပတ်သက်သော အတွေ့အကြုံများနှင့်အတူ ဘဏ်လုပ်ငန်းနှင့် ငွေကြေးဆိုင်ရာ ပညာရပ်ကို သင်ယူပြီးမြောက်ခဲ့သည်။ သူမသည် ဒစ်ဂျစ်တယ် ဘဏ်လုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုများကို အသုံးပြုနေသည့် မြန်မာနိုင်ငံ၏ ဦးဆောင်ဘဏ်တစ်ခု ဖြစ်သော ရိုးမဘဏ်တွင် ချေးငွေဌာန၏ အကြီးအကဲ တစ်ဦးအဖြစ် လက်ရှိလုပ်ကိုင်လျှက်ရှိသည်။ ယခင်က သူမသည် Proximity Finance ၏ မဟာဗျူဟာမြောက် အစီအစဉ်ရေးဆွဲမှုနှင့် လုပ်ငန်းဆောင်ရွက်မှုများဆိုင်ရာဌာနတွင် အကြီးအကဲဖြစ်ခဲ့သည်။ သူမသည် Baruch College Zicklin School of Business မှ ငွေကြေးနှင့် ရင်းနှီးမြှပ်နှံမှုဆိုင်ရာ B.A ဘွဲ့နှင့် The City University of New York မှ မဟာဗျူဟာမြောက် စီမံခန့်ခွဲမှုနှင့်ပတ်သက်သော မာစတာဘွဲ့တို့ကို ရရှိခဲ့သည်။

(၃) စိမ်းဝတ်ရည် သည် စက်မှုဝန်ကြီးဌာန၏ အတိုင်ပင်ခံနှင့် နည်းပြအသစ်တစ်ဦးအဖြစ် လုပ်ကိုင်လျှက်ရှိပြီး မြန်မာနိုင်ငံရှိ MSMEs များဖြင့် အလုပ်လုပ်ခဲ့သည်။ British Council East Asia and Mentor to ASEAN AbiNet Project ၏ ဒေသဆိုင်ရာ SE အကြံပေးအဖြစ် မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းနှင့် လူမှုရေးဆိုင်ရာ တီထွင်ဖန်တီးမှုဂေဟစနစ်ကို တိုးမြှင့်ပေးခဲ့သည်။ သူမသည် ၂၀၀၇ ကတည်းက လူငယ်များကို လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ သင်တန်းအစီအစဉ်များသင်ကြားပေးပြီး PS Business School ၏ ဒါရိုက်တာအဖြစ်လည်း ဆောင်ရွက်လျှက်ရှိသည်။သူမသည်ရန်ကုန်စီးပွားရေး တက္ကသိုလ်မှ MBA ဘွဲ့ရရှိခဲ့သည်။

(၄) ဥက္ကာမျိုး သည် ၂၀၁၅ ကတည်းက ပြည်တွင်း လူမှုဆိုင်ရာ စီးပွားရေးလုပ်ငန်းများနှင့် လူမှုရေးဆိုင်ရာ တီထွင်ဖန်တီးမှုဂေဟစနစ်တို့ကို ခိုင်မာအားကောင်း စေရန်အတွက် ရည်ရွယ်သော Impact Hub Yangon ၏ တွဲဖက်တည်ထောင်သူ ဖြစ်သည်။ Impact Hub သည် incubator programs၊ VC Meetups နှင့် အခြားနည်းပညာဆိုင်ရာ လူမှုရေးပွဲများကို ကျင်းပြပေးခဲ့ပြီး Startups နှင့် SMEs များအတွက် ခေတ်မီသော ပူးတွဲဆောင်ရွက်မှုများလုပ်ကိုင် နိုင်သည့် နေရာတစ်ခုကိုလည်း စီစဉ်ပေးခဲ့သည်။

၎င်းသည် ပြည်တွင်းလုပ်ငန်းရှင်များကို ပံ့ပိုးပေးသော အစီအစဉ်များဆောင်ရွက်နိုင်ရန်အတွက် GIZ, Friedrich Naumann Foundation, Ministry of Industry, Grab, and Ooredoo တို့ဖြင့် မိတ်ဖက် ဆောင်ရွက်ခဲ့သည်။ ၎င်းသည် MOPFI နှင့် FNF အောက်ရှိ SME ဖွံ့ဖြိုးတိုးတက်မှုအေဂျင်စီဖြင့် မိတ်ဖက်ဆောင်ရွက်ကာ မြန်မာ MSME များအတွက် ဒစ်ဂျစ်တယ်နည်းပညာ အဆင်သင့်ဖြစ်မှုအစီအစဉ် နှင့်ပတ်သက်ပြီး လက်ရှိဆောင်ရွက်လျှက်ရှိသည်။ ၎င်းသည် Curtin University of Technology မှ Computer Systems, Networking and Telecom နှင့် ပတ်သက်သော ဘွဲ့ရရှိထားသည်။

(၅) ဝတ်ရည်ချမ်း သည် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုး တိုးတက်မှုများနှင့် ပြဿနာများနှင့်ပတ်သက်ပြီးဖော် ထုတ်ပေးသည့် unorthodox နည်းလမ်းများကို အသုံးပြုသော အွန်လိုင်းတီဗီ channel တစ်ခုဖြစ် သည့် Any Rev Channel နှင့် local discount e-commerce business နှင့် GroupBuyy ဒစ်ဂျစ်တယ် လုပ်ငန်း ၂ ခုကို လုပ်ကိုင်နေသော အောင်မြင်သည့် လုပ်ငန်းရှင်တစ်ဦး ဖြစ်သည်။ တည်ထောင်သူများ အဖွဲ့အစည်းရန်ကုန် ကဲ့သို့သော အစပျိုးအဖွဲ့အစည်း များအနေဖြင့် ကြုံတွေ့ရသည့် စိန်ခေါ်မှုများနှင့် ပတ်သက်ပြီး ရင်ဆိုင်ဖြေရှင်းပေးသော တက်ကြွသည့် လူငယ်နည်းပြတစ်ဦး ဖြစ်သည်။ ရန်ကုန်စီးပွားရေး တက္ကသိုလ်မှ MPA ရရှိခဲ့ပြီး Victoria University of Wellington မှ MBA ဘွဲ့ကို ရရှိထားသည်။

(၆) Jenna Phu သည် COVID-19 အတွင်း သူမ၏ ခံနိုင်ရည်ရှိမှုနှင့် စွမ်းဆောင်ရည်တို့မှတဆင့် ရန်ကုန်အခြေစိုက်အမျိုးသမီးပိုင် အဝတ်အထည် လုပ်ငန်းဖြစ်သည့် mMD Collections ကို အောင်မြင်စွာ မိတ်ဆက်ပေးနိုင်ခဲ့သော ငယ်ရွယ်ပြီး အရည်အချင်း ရှိသည့် လုပ်ငန်းရှင်တစ်ဦး ဖြစ်သည်။ ယခင်က သူမသည် KBZSC Securities တွင် Securities Trading and Sales Department ၏ အကြီးအကဲဖြစ်ခဲ့သည်။ သူမသည် College of Wooster, USA မှ Business/ Management Economics ဖြင့် B.A ဘွဲ့ရရှိခဲ့သည်။

နောက်ဆက်တွဲ-စ-ကမ္ဘောဒီးယား၏ ပညာရှင်များဖြင့် အင်တာဗျူးများ

အမှတ်	အမည်	ရာထူး	အဖွဲ့အစည်းများ/ဝန်ကြီးဌာန	အခန်းကဏ္ဍ
1	Mr. Chhea Layhy		SME Department of MISTI	SME
2	Mr. Sim Chankiriroth	CEO, တည်ထောင်သူ	Banhji/ Fintech, YEAC	Digital Technology
3	Mr. The Chhun Hak	ညွှန်ကြားရေးမှူးချုပ်	စီးပွားရေးလုပ်ငန်းများဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု၊အမျိုးသမီး များနှင့်ပတ်သက်သောမူဝါဒ	WSME & မူဝါဒ
4	H.E Kuong Sorita	CWEA ၏ ဒု-ဥက္ကဋ္ဌ၊ SME ဆိုင်ရာ အကြံပေး	CWEA & MoWA	WSME, အမျိုးသမီးများ ဆိုင်ရာနည်းပညာ
5	Mr. Manu Rajan	CEO & မန်နေးဂျင်းဒါရိုက်တာ	Wing	ပေးငွေဆိုင်ရာ ဝန်ဆောင်မှု

နောက်ဆက်တွဲ-ဆ-ကမ္ဘောဒီးယား၏ အကြံပေးဆွေးနွေးသူများ

H.E Chhun Hak THE ညွှန်ကြားရေးမှူးချုပ် ကျားမဆိုင်ရာ တန်းတူညီမျှရှိမှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာဌာန အမျိုးသမီးရေးရာဝန်ကြီးဌာန

၎င်းသည် ကျားမဆိုင်ရာ ဆောင်ရွက်မှုများ၊ ကောင်းမွန်သော စီမံခန့်ခွဲမှုများနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများတွင် အမျိုးသမီးများနှင့်ပတ်သက်ပြီး တိုးမြှင့်ပေးမှုများအတွက် ဦးတည်သော MoWA ၏ ညှိနှိုင်းဆောင်ရွက်မှုနှင့် နည်းပညာအကြံပေးမှုဆိုင်ရာ ဦးဆောင်သူတစ်ဦး ဖြစ်သည်။ ၎င်းသည် MOWA ၏ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်မှုစင်တာ၏ တာဝန်ခံတစ်ဦးလည်းဖြစ်သည်။ ၎င်းသည် ပြည်သူ့ဆက်ဆံရေးပညာရပ်နှင့်ပတ်သက်သော မာစတာဘွဲ့နှင့် ဥပဒေဘွဲ့တို့ကို ရရှိခဲ့သည်။

Ms. Sodany TAN

ဒါရိုက်တာ ICT ဆိုင်ရာမူဝါဒဌာန

ဆက်သွယ်ရေးဝန်ကြီးဌာန(MPTC)

၎င်းသည် စာတိုက်နှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၏ ICT မူဝါဒဆိုင်ရာဌာန၏ ဒါရိုက်တာဖြစ်ပြီး နည်းပညာနှင့် ပညာရေးကဏ္ဍတို့မှတဆင့် အမျိုးသမီးများနှင့် မိန်းကလေးများ၏ လုပ်ပိုင်ခွင့်ရရှိမှုများနှင့်ပတ်သက်ပြီး ပံ့ပိုးကူညီမှုများကို ဆောင်ရွက်ခဲ့သည်။ သူမသည် အမျိုးသမီးများနှင့်ပတ်သက်သော အသိပညာနှင့် နည်းပညာနယ်ပယ်များတွင် စံနမူနာထားနိုင်မည့်သူများအား စီစဉ်ပေးရန် ရည်ရွယ်သော ဝန်ကြီးဌာန၏ နည်းပညာဆိုင်ရာ အစီအစဉ်များအတွက် ကမ္ဘောဒီးယားရှိ အမျိုးသမီးများအား အခွင့်အလမ်းများရရှိနိုင်စေရန် အစပျိုးဆောင်ရွက်ပေးခဲ့သူ ဖြစ်သည်။

Ms. Reaksmy MAK

သင်ကြားရေးဌာန၏အကြီးအကဲ

Cambodia နိုင်ငံတော်ဘဏ်၏ဥပဒေရေးရာဌာန

၎င်းသည် ကမ္ဘောဒီးယားနိုင်ငံတော်ဘဏ် ဥပဒေဌာန၏ သင်ကြာရေးဌာနခွဲမှ အကြီးအကဲဖြစ်သည်။ သူမသည် ၂၀၁၅ မှစပြီး အမျိုးသမီးများ၏ ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများနှင့်ပတ်သက်ပြီး ရရှိအသုံးပြုနိုင်မှုအပါအဝင် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများနှင့်ပတ်သက်ပြီး ရရှိအသုံးပြုနိုင်သော နယ်ပယ်များစွာတွင် ပါဝင်ခဲ့သည်။ သူမသည် ငွေကြေးဆိုင်ရာ ပညာရပ်နှင့်ပတ်သက်သော M.A ဘွဲ့ကို ရရှိခဲ့သည်။

Dr. Lykuong ENG

ဥက္ကဋ္ဌ

အမျိုးသမီးစီးပွားရေးလုပ်ငန်းရှင်များအဖွဲ့အစည်းနှင့် CamWen Cambodia

၎င်းသည် အမျိုးသမီးအဖွဲ့ဝင်၅၀၀ပါဝင်သော CWEA ကမ္ဘောဒီးယား အမျိုးသမီးစီးပွားရေးလုပ်ငန်းရှင်များအသင်း၏ ဥက္ကဋ္ဌဖြစ်သည်။ သူမသည် သွားဆရာဝန်တစ်ဦးဖြစ်ပြီး သွားနှင့်ခံတွင်းကျန်းမာရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများနှင့်ပတ်သက်ပြီး တိုးတက်စေရန် အလေးပေးသော လူမှုရေးဆောင်ရွက်ချက်များတွင် ပါဝင်ခဲ့သည်။

Mr. Chanda PEN

Co-Founder and CEO of Bongloy Payments PLC and Chairperson of Cambodia Fintech Association

၎င်းသည် နည်းပညာရှင်နှင့် လုပ်ငန်းရှင်တစ်ဦးဖြစ်သည်။ ၎င်းသည် အရှေ့တောင်အာရှရှိ Fintech ကုမ္ပဏီတစ်ခုဖြစ်သော Bongloy ၏ တွဲဖက်တည်ထောင်သူ/ CEO ဖြစ်သည်။ ၎င်းသည် Association of Banks of Cambodia (ABC), National QR Code Task Force Committee, and Cambodia Association of Finance and Technology (CAFT)တို့၏ ကောင်စီအဖွဲ့ဝင်ဖြစ်သည်။

Mr. Kamthong LEY

A Founder & CEO of PAPA Deliver

၎င်းသည် PAPA Delivery ၏ ပိုင်ရှင်တစ်ဦးဖြစ်ပြီး ကုမ္ပဏီ၏ လုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုအတွက် တာဝန်ရှိသောသူ ဖြစ်သည်။ ၎င်းသည် Cambodia, Malaysia and the United Kingdom တို့တွင် ကျင်းပခဲ့သည့် နိုင်ငံတကာပွဲများမှ ဆုများစွာရရှိထားသော ငယ်ရွယ်သည့်လုပ်ငန်းရှင်တစ်ဦး ဖြစ်သည်။ ၎င်းသည် Computer Science ဖြင့် ဘွဲ့ရရှိထားပြီး Mobile Computing ဖြင့် ဘွဲ့လွန် ဒီပလိုမာ ရရှိထားသည်။

Mr. Virak NOUN

Youth Employment Project Coordinator

UNDP Cambodia

၎င်းသည် လုပ်ငန်း ၄.၀ နှင့်ပတ်သက်သော အကြောင်းအရာများနှင့် ဒစ်ဂျစ်တယ်စီးပွားရေးများ နှင့်ပတ်သက်သော လုပ်ငန်း၊ အလုပ်အကိုင်နှင့် လူငယ်ကျွမ်းကျင်မှုများဆိုင်ရာ ပြဿနာများကို ဖြေရှင်းပေးနိုင်ရန်အတွက် ကမ္ဘောဒီးယား UNDP ၏ ပရောဂျက်တစ်ခုကို ဦးဆောင်နေသော ပရောဂျက်မန်နေဂျာတစ်ဦး ဖြစ်သည်။ ၎င်းသည် စီးပွားရေးနှင့်ပတ်သက်သော B.A ဘွဲ့၊ Development Studies နှင့်ပတ်သက်သော မာစတာဘွဲ့၊ Public Administration နှင့်ပတ်သက်သော ဒီပလိုမာဘွဲ့နှင့် Public Policy နှင့်ပတ်သက်သော မာစတာဘွဲ့များကို ရရှိထားသည်။

woomentum

KONRAD
ADENAUER
STIFTUNG